www.burmeseclassic.com



www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

လောကီပညာရသစုံမဂ္ဂဇင်း

နာယကကြီး

ဒေါက်တာ အောင်မိုင်
M.B.B.S (Ygn)
ဒ-ဘ-ဝ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
တောလားသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးဗေဒ
အယ်ဒီတာ
ကိုကိုမောင်

စာတည်းချုပ်
ဦးကျော်မိုးသိန်း၊

တာဝန်ခံစာတည်း
ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ
အောင်ဇေ(LL.B)၊ကိုစိုးဆန်း၊၊
သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ
* ဦးစံတင့်
(စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)
* ဦးသန်းအောင်ရွှေ
[ဓမ္မာစရိယ (မဟာဝဏ္ဏိဒီ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]


ဥပဒေအကြံပေး
ဦးထွန်းဝိန်
B.A(Myanmar), H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ယဉ်ကျေးဇေ

ကွန်ပျူတာစာစီ
ပိရမိ ကွန်ပျူတာစာစီလုပ်ငန်း



ထူးခြားသော ကြေးဖလားအတွင်း
အောက်ခြေမှ ဗုဒ္ဓရုပ်ပွားတော်ပုံတော်မှာ
ထူးခြားလှသည်... ☙ စာ-၂၀

ထုတ်ဝေသူ
ဦးခင်မောင်ဟင်း(ခ)ဦးကျော်မိုးသိန်း(ပ၀၇၃၃၉)
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်
၂၀၉၊ ၂၉ လမ်း ရန်ကုန်မြို့
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးကျော်မင်းနိုင်(၀၀၇၅၉) ဝိုးမော်ထွန်းပုံနှိပ်တိုက်
အမှတ် ၁၇/က ၅၆ လမ်း ၂-ရပ်ကွက်
ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကြီး ဖြန့်ချိရေး
မိသဲ့နှာစာပေ (တောင်ကြီး)
ဘင်္ဂါနီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
တေဇိုမ်းသိန်းစာပေ ၂၀၉ ၂၉ လမ်း ရန်ကုန်မြို့
ဖ- ၀၁ ၂၄၂၂၈၄

ကြော်ငြာဌာနမှူး – ကိုတင်မောင်ရွှေ
မင်္ဂလာ ဒီဇိုင်းနှင့် ကြော်ငြာလုပ်ငန်း


၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ
အမှတ် ၃၅၃
တန်ဖိုး- ၂၀၀၀ကျပ် (ဖြန့်ချိဈေး)
[နှစ်ထောင့်တစ်ရာကျပ်]
အုပ်ရေ
၁၀၀၀
ဖ-၀၁ ၂၄၂၂၈၄



F.1B. December, 2015


www.burmeseclassic.com

www.burmeseclassic.com



မဟာဗောဓိပုံစံတူစေတီတွင်း၌
လက်အုပ်ချီကာပူဇော်ဖူးမြော်လျက်နေသော
ရှင်အရဟံရုပ်တုတော်ကို ...
စာ-၁၀၀

ဂမ္ဘီရကြေးပလားများနှင့်အတူ
တွေ့ရှိရသောမောင်းမှာလည်း
ထူးခြားလှသည် ...
စာ-၁၈



## ဗေဒွဲ့ဖြိုင်းရောင်ခြည်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊
ဖမ္မူအေးတိုင်းရင်းဆေးကုခန်း ဆရာကြီးဦးသိန်းစိုး
(တဆ-၀၅၀၇၆)၏ နှလုံးလေးဖက်နာရောဂါ ကာကွယ်
စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၂၁၇

## လက္ခဏာရောင်ခြည်

ချစ်မှုရေးရာလက္ခဏာ [ဦးသော်ခင်-ဟသာတ] ၃၁
အမေးရှိ၍ အဖြေရှိခဲ့ရပါသည်
[ဆရာဦးခင်မောင်လင်း-B.Sc ရွှေဘို] ၄၇
သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၁၁၀
လက္ခဏာပဟေဠိ အဖြေညှိကြစို့
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၈၂
ပွဲစားအလုပ်နဲ့ နိုင်ငံခြားအလုပ် ဘယ်ဟာလုပ်သင့်လဲ ၁၉၁

## လမ်းညွှန်ရောင်ခြည်

ဝမ်းသခင်းမြေတော်ရာ ဘုရားဖူးခရီး [အောင်-LL,B] ၃၃
ဘုရားကုန်းရွာမှ ဆုတောင်းပြည့် မိုးကောင်းစေတီ
[ငြိမ်းသော်တာ] ၅၇
မှတ်လအိ မှတ်လအပ် တောင်ထွတ်များပေါ်
ဆံတော်ရှင် ဘုရားဖူးခရီး (၃) [အောင်-LL,B] ၆၅
သရက်မြို့ အရှေ့မြောက်စွန်မှ ဇာလီတောင်
သာသနာ့မြေသို့(၃) [ငြိမ်းသော်တာ] ၁၀၅

## အထူးတမူရောင်ခြည်

ကြေးခေါင်းလောင်း...ကြေးမောင်း...ကြေးစည်...
ကြေးဖလား ဂမ္ဘီရစွမ်းအားများ (၁) [ရွှေစိုး] ၁၇
ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့မှ မေတ္တာရှင်
တောင်သူကုန်းဆရာတော်ကြီးအား
ဖူးမြော်ကြည်ညိုခြင်း(၁) [ညီလေးငယ်-လယ်တော်] ၂၅
ဓမ္မဝိပဿနာရ ရွှေကုန်းပေါ်နှင့် ကြည်ညိုဖွယ်
ရဟန်းတော်တစ်ပါး(၂) [ငြိမ်းသော်တာ] ၇၃
မန္တလာနယ်မှ ရှင်အရဟံသိမ်တော် ပူဇော်မှုခရီး(၃)
[တန်ကောက်မွန်းတည့်သိမ်] [စံထွန်းသာ] ၉၇
ရတနာ့ဂူစေတီနှစ်ဆူနှင့် ရွှေဖျဉ်းညီနောင်
နတ်ပူဇော်ပွဲ (၂) [ငြိမ်းသော်တာ] ၁၁၃
အာစရိ နမာမိ (၁)
[ဒေါ်သုမနဝိစိတ္တ-B.Sc, H.G.P, Dip.Ed] ၁၄၂



www.burmeseclassic.com

www.burmeseclassic.com


## ကိုယ်တွေ့ရောင်ခြည်


ဖုံးပြကုန်နိုင်ဖွယ် အငြိုးနှစ်ခွအိမ်မြှောင်နဲ့
ပဋ္ဌာန်းဆက်ရှိသူ [ကောင်းမြင့်မြတ်စိန်] ၁၅၅
နတ်နှင့်နဂါး မလှည့်စားရ [ကျော်ဇင်ဖြူ] ၂၂၅
တောရောက်တောင်ရောက်ပြော၍ တောမှောက်ခဲ့ရသူ
[မောင်ကံ–တံတားရွာ] ၂၃၃
အဖြူရောင်မှန်းသောတား [ကျော်မိုးတည်] ၂၄၇
ဓေတနာမှန်ကံတရား ဓားပြတိုက်၍ရသလား
[အရပ်ဆရာသိန်း–လပွတ္တာ] ၂၅၇
မုဆိုးလက်သင်နှင့် မုဆိုးဗေဒင် [တင်ဘုန်းဝင်း] ၂၇၃

## ကျင့်စဉ်ရောင်ခြည်

သာမညဆရာတော် ညွှန်ပြတော်မူသော
ဆရာတော်နှစ်ပါးနှင့် လောကီလောကုတ်ကျင့်စဉ်များ
[ခင်ခင်ဝင်း–မောရဝတီ] ၄၁
ရုပ်ပဋ္ဌမ် နာမ်ပဋ္ဌမ် ပုတီးစိပ်ကျင့်စဉ် [မြိုင်ကြီးပျော်] ၁၀၁
ပဲခူးမြို့ လင်းရောင်ကြည် ဆရာတော်ကြီး၏
အန္တရာယ်ကင်း ခရီးသွားကျင့်စဉ်
[ဦးမင်းစံလှိုင်–အကြောဘုရင်] ၁၈၀
ဘိုးအာစရ မိန့်ကြားသော ဗုဒ္ဓါနုဿတိပွားများနည်းနှင့်
ဗုဒ္ဓပန္နက်တော်တည်နည်း(၂) [ဝိမလာသိဒ္ဓိ] ၁၈၅
အလိုတော်ဆန္ဒပြည့်ဝကြစေဖို့
ပုတီးစိပ်အဓိဋ္ဌာန်ကျင့်စဉ် [မောင်အောင်ကျော်–အိမ်မဲ] ၁၉၈

## အစီအရင်ရောင်ခြည်

အလိုတော်ပြည့်ကျောက် စီရင်နည်းနှင့် သူ့စွမ်းအင်
[မောင်မောင်ရွှေတိုး–ရေနံချောင်း] ၂၃
၁၃၇၇ခုနှစ် ဒီတန်ဆောင်မုန်းလ တိုးစနေမှာ
ကြီးလေးကြီး ပြိုင်ဘက်ကင်းစမ စီမံကြရအောင်
[အောင် (သိဒ္ဓိရာဇာ)–နဝင်းမြို့တော်] ၁၂၅
မေတ္တာထမင်း မှော်သွင်းနည်း
[အောင်မင်းကျော်–နေလဝိဇ္ဇာဂိုဏ်းတော်ကြီး] ၁၆၅
သုဇာတာ နို့ဆွမ်းတပ်ရာ၌ နို့ညှစ်နည်းသုံးမျိုးနှင့်
၁၃၇၇ခုနှစ်အတွက် အထူးယတြာ
[ငြိမ်းသော်တာ] ၁၆၉
အန္တရာယ်ကင်း လာဘ်ရွှင်စေသော သစ်ပင်စိုက်
ယတြာအစီအရင် [ဂါမဏိဇော်–ဝေဒဝိဇ္ဇာရေး စစ်ကိုင်း] ၁၉၉
ယခု မိမိရောက်ရှိနေသောနေရာဒေသမှ မိမိပြောင်းရွှေ့
လိုသော နေရာဒေသသို့ အမြန်ဆုံး ပြောင်းရွှေ့လိုသော်
[ဆရာမဒေါ်ခင်သန်းဦး–ဇန်ခါးမြေ] ၂၀၅
ခါးပိုက်နှိုက်ဘေး အေးပြီလား [ကောင်းဟိန်း–ကျွန်းသစ်] ၂၁၆


ခြေတော်ရာ ကျောက်ဆောင်ကျောက်သားပေါ်တွင်
အထွန့်ထင်ရှားပါသည့်
[illegible]… ◆ စာ-၃၈

ရတနာ့ဂူစေတီအနီး၌ မယ်ဝဏ္ဏာနန်း၌
မယ်တော်ရုပ်တုများမှ
မယ်တော်၏ ရုပ်ရပ်တုမှာ… ◆ စာ-၁၁၄






www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံတဲ့အဒါင်ချွတာ၊ ကျန်းမာစဦ်ဆေးစား
စဦးစားဝေဝန်လျှက် အလုပ်သုံးတန်လုပ်
ပါရမီဥစ္စာကို ရနိုင်သမျှအထုပ်ထုပ်

● စာ-၄၂

ဆရာတော်ဦးသာဂရစီမံခဲ့သော
ဇီဝကာရုပ်လုံးတော်မှ ထူးခြားသော
ဆေးတည်သည့်သံဆေးတာကောင်းမှာ…

● စာ-၁၃၅




□ အဂ္ဂိရတ်ရောင်ခြည် □

မဟာမြိုင်တောမှ ရသေ့ရှင်ပြောသော သံမြတ်များ
[ရဲမျိုးသူ-မောဝိမြိုင်] ၁၀၈
ပြဒါးခာတ်လုံးဖမ်းပုံ အတွေ့အကြုံအဆင့်ဆင့်
[အောင်သန့်-ပုသိမ်ကြီး] ၁၅၇
လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့နက်(ပ)
[ဦးမင်းဇော်-ရွှေနဝင်း] ၂၀၇
ဂူရွာစရိယဆရာတော်၏ တြိနေတြဓာတ်ပြကျမ်း၏
နောက်ဆုံးအပိုဒ် ဒကာမောင်ကြီးသို့ပေးသော မေတ္တာစာ
မှ ဒန်,နှာ,သုတ,ရဇတဟူသော ဓာတ်လေးပါး၏ လုပ်
ဆောင်ချက်လက်ာအချို့၏ကောက်နုတ်ချက် [ဦးဉာဏ်] ၂၂၀

✳ ဂါထာမန္တန်ရောင်ခြည် ✳

တပင်ရွှေထီးပင်နှင့် ဒွေးတိတ်မန်းဂါထာ
[နယ်လှည့်ဆေးသမားတစ်ဦး] ၁၃၄
မြွေဆိပ်ချမန္တန်တစ်ခု၏ ကောက်ကြောင်း
[ကသာသင်းမွှေး] ၁၅၃
နဖူးသင်းကျစ်ဂါထာ [မောင်ဗဟိန်း-အင်းတော်] ၁၆၃
ငွေမကုန်တဲ့ ရေယုန်ပျောက်ဂါထာတစ်ပုဒ်
[မောင်ကံ-တံတားရွာ] ၁၉၀

✳ ဆေးနည်းဗိုရောင်ခြည် ✳

သွေးဝမ်းသွားခြင်းအတွက် ဆေးနည်းနှစ်လက် [ချစ်ဆိုင်] ၆၁
ပန်းနာရောဂါအတွက် ဆေးနည်း
[အေးချမ်းအောင်-ရမည်းသင်း] ၁၅၁
ဝမ်းကိုက်ရောဂါအတွက်ဆေး [သင်းသီရိဝန်] ၂၆၄

◆ ဆေးဆေးဆေးရောင်ခြည် ◆

မိသားစုကျန်းမာရေးအတွက် တန်ဆေးလွန်ဆေး
နှိုင်းနှိုင်းချိန်ချိန်စားသောက်ရမည့် အစားအစာများ(၃)
[မြို့ ပုစွန်ချဉ်၊ ငါးချဉ်၊ ပုစွန်ဆီ] [မင်းချမ်းမြေ့-ပုသိမ်] ၁၃၁
သွေးတိုး လေငန်း အစာအိမ် ရောဂါများအတွက် ဆေးကောင်း
တစ်လက် [ဦးကျော်အေးအောင်-ပေါက်ခေါင်း] ၁၄၉
ကိုယ်တွေ့ပျောက်ခဲ့သော ဆီးရောဂါအတွက်
ဆေးတစ်ခွက် [စေတနာဆရာမောင်ကြည်-ကိုးဆောင်] ၁၅၉

⁜ ဗိဇ္ဇာပညာရောင်ခြည် ⁜

မှားပါတယ် အစ်မတော်မခြစိမ်း [ချစ်ဆိုင်] ၂၆၅
အဘိုးတလမွန်နှင့် ပိန္နဲပင်အောက်မှ မီးလုံးကြီးများ(၂)
[ဝသုန်သက်လွင်] ၂၈၉

† ထူးခြားသစ်ပင်ရောင်ခြည် †

လောကခံအဆိုးများ လျော့ပါးစေသည့်
နှင်းပန်းနေကြာဂမုန်း [ထက်မင်းကျော်စွာ] ၇၈
ဆေးဖက်ဝင် ရှားပါးသော အသားနီ မန်ကျည်းပင်
[နတ်မောက်လှမြင့်သစ်] ၂၁၁




www.burmeseclassic.com

www.burmeseclassic.com


✂ ဗဟုသုတရောင်ခြည် ✂

ပင့်ကူနက်ကြီး [ဦးသန်းစိုး–ချောင်းနက်] ၂၇၁

✝ ထူးခြားပစ္စည်းရောင်ခြည် ✝

Aသညာန် သနပ်ခါးသစ်တွင်း [သာထက်ဖော်–မကွေး] ၁၆၁

ဘဝ၏အမှတ်တရ ပုတီးတုံးများ [မျိုးသစ်] ၂၇၆

✳ ကုယုံးရောင်ခြည် ✳

အကြောနှင့်ဆရာ ဆက်စပ်ပါ မြန်စွာပျောက်ကင်းမှု [ဗူလာညောင်းကိုက်ရောဂါနှင့် အကြောပြင်ကုသခြင်း]
[ဆရာဦးလှညိမ်း–အကြောပညာရှင်၊ တံတားဦး–အင်းဝ] ၁၃၂

နဝလောကုတ္တရာ ဝိုက်းတော်ကြီး၏ မြေမှော်ပညာနှင့် အဆိပ်ကုထုံးကျမ်း(၄) [ရဲရဲထွန်း–ဟသာတ] ၂၀၉

✤ အမျိုးသမီးအမှုရောင်ခြည် ✤

အကောင်းဆုံး ကြော်ချက်ဆေး [မောင်အေးကြူ–စီးပွားရေး] ၁၅၈

သစ်တိုသီးအိုးစိမ် အနံ့မဆိုးအောင် [မဖြူ] ၃၀၁

◯ သုတေသနရောင်ခြည် ◯

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင် ဆရာတော်ကြီးများ [ပုသိမ်မြို့၊ နိကြောတစ်ရုံညောင်ပင်သာပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုတအား ဂါရဝပြု ပူဇော်ခြင်း] [သန်းပညာ] ၁၄၅

စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြဲလက်မှတ်များအကြောင်း [ဆရာကြီး ဦးအောင်မြင့်–ဥပဒေဘွဲ့] ၂၁၂

ဆောင်းပါးရှင် လွယ်ကောင်းအောင်၏ ကျည်လွဲ နငယ်ကွင်းပိတ်နှင့် လေ့လာမိသမျှ [နေဝန်းသစ်] ၂၂၂

◯ မြန်မာ့ရိုးရာဆေးပင်ဆေးမြစ်ရောင်ခြည် ◯

လေနိုင်ဆေးပင် (ကွမ်းခါး) [သာဂဒူ–ကသာမြေ] ၆၀

မြေဆိုးဘေးနှင့် မြန်မာ့ဆေးပင် လမ်းညွှန်ပါရစေ [ကိုထွန်း–မင်းလှ] ၁၇၇

✲ ထိရှုဆွဲရောင်ခြည် ✲

ရွှေပန်းပေါက်အနာအတွက် ဆေးနည်းတစ်လက် [ကိုဝင်းတင်–လယ်လှ၊ အထက်မင်းလှ] ၁၅၀

▣ ကြည်ညိုခြင်းရောင်ခြည် ▣

ထီးတော်ကွဲပြား ပေါ်ရိသတ်ဘုရား [နိုင်မင်းညို] ၉





ဆရာတော်ကြီး၏ မေတ္တာဓာတ်ကြောင့်
ဘုရားဝင်းရှိ ထားထားသော မေတ္တာရေအိုးမှ
ရေများ ပွက်ပွက်ဆူနေသည်ကို ... ➡ စာ–၂၆

မဟူရာကင်းသားကြီး၏ အားပေးမှု
ထိပ်တင်ကိုးကွယ်ကြောင်း ဖြစ်ပုံ ...
... ➡ စာ–၉၆





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်
သည်
ဝိပဿနာ
အားထုတ်ပြီ
ကပင်
သမထဘာဝနာ
တရားများကို
အားထုတ်ခဲ့သည်
အထူးခြားဆုံး
ဖြစ်ရပ်မှာ...

စာ-၈၁

ဤမြေဆေးဥကိုတူးယူကာ ဆေးဥလက်တစ်ဆစ်ခန့်နှင့်
ရွှေလေးပေးအနက်စေ့ (၅)စေ့ကို
ဝါးစားရန်ပေးလိုက်ရာ...

စာ-၁၃၄



ဤနှင်းပန်းနေကြာပင်များ
ကောင်းစွာရှင်သန်လာပါကနေအိမ်ဂေဟာအတွင်း
အိမ်တွင်းရေးသာယာစေသည်ဟု...

စာ-၃၉




**✻ အောင်မြေရောင်ခြည် ✻**

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိုးပူဇော် ဂါထာတော်များ(၃၄) [သမန်းကြည်မုဒ္ဒေါစေတီတော်]
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၈၉

**✧ ထီဗေဒရောင်ခြည် ✧**

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ထီအတွက်
ရွှေချယ်ပါ ဤဂဏန်း [ဆရာရဲထက်–သုတေသီ] ၆၂
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ထီဆုကြီးများ
ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၁၅၂

**✣ စိုက်ပျိုးရေးရောင်ခြည် ✣**

သရက်ပင် အောင်မြင်ဖြစ်ထွန်းအောင်ပျိုးနည်း
[ကိုစနေ] ၁၈၃

**✪ အင်းအိုင်ရောင်ခြည် ✪**

မေတ္တာသုတ်ထဲမှ ပီယသိဒ္ဓိ ယသောနုဘာဝတော
မေတ္တာအင်းတော်ကြီး
[ဆရာဦးစန်းယု–ခေတ်မီအာဘိဓမ္မာတောင်သာ] ၁၄၆
မောင်ပေါက်တိုင်းရဲ့ အဆောင် [ဇော်မြင့်–မြင်းခြံ] ၂၀၂

**✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎**

စတုဘုမ္မိကာငှက်တွင်းဆရာတော်ကြီး ဦးပဏ္ဍိဝအား
ဂါရဝပြုပူဇော်ခြင်း (၀) [ထက်မင်းကျော်စွာ] ၄၉
တနင်္သာရီမြို့မှ ထူးခြားဆန်းကြယ်သော သာသနာ့ရိပ်သာ
ပထမဆရာတော်ကြီး အရှင်သာဂရ [နန်းမြို့ရွှေရီ] ၈၁
ဒီပါမြေဆရာတော် အရှင်နန္ဒသီရိနှင့်
ကုသိုလ်တော်စေတီနှစ်ဆူ(၅) [ခရီးသည် သုတေသီ] ၁၂၁
ကျောက်ဖြစ်ရုပ်ကြွင်းဆရာတော်တစ်ပါး၏ ဩဝါဒနှင့်
ကျွန်ုပ်ကိုယ်တွေ့ ရတ္တန်းစင်တောင်ဆရာတော်၏
ထူးခြားလက္ခဏာတော် [ခင်စိုး–အုပ်ဖို] ၁၂၉

**✣ ထူးခြားဆန်းကြယ်ရောင်ခြည် ✣**

နာမ်လောက၏ ဖြစ်ရပ်ဆန်းကြယ်
[စိုးလင်းအောင်–မြန်အောင်] ၂၂၀
ယောသားရွာဟောင်းမှ ဖြစ်ရပ်ဆန်း [ဗိုလ်မင်း–မင်းလှ] ၂၄၉
အစွမ်းကိုယ်စီ [ဦးစိုး–မတ္တရာ] ၂၈၅
ဂမ္ဘီရဆန်သော မြွေကွင်းဆက်၏ နောက်ဆက်တွဲ
[အောင်ဆန်းလင်း–ဘီအေ] ၂၉၇

www.burmeseclassic.com


**✂ နေ့စဉ်သုံး ဘဝလမ်းညွှန်ရောင်ခြည် ✂**

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း
ပုံရိပ်ရှင်တို့၏ တံကြွမှာ *[ဟွာဂျင်းဇီ]* ၆၃

၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလအတွင်း
လာဘ်လာဘရွှင်လန်းစေဖို့ *[ထက်မင်းကျော်စွာ]* ၁၆၀

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက်
နေ့ကောင်းရက်သာ ရွေးချယ်ပါ *[သုခစုစံ–ကျိုက်လတ်]* ၁၉၂

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း *[ဆရာ ရောင်ခြည်]* ၂၁၄

**✧ မြန်မာ့ရိုးရာပညာရောင်ခြည် ✧**

ယိုးဒယားခေါ် ထိုင်းဗေဒင် တွက်နည်း ဟောနည်း
*[ကောင်းခန့်–သခွတ်မြေ၊ ဝက်လက်]* ၁၁၈

**◆ ကျန်းမာရေး ဓာတ်စာရောင်ခြည် ◆**

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ
ကျန်းမာရေးအတွက်အကြံပေးချက်များ *[ဆေးသုတေသီ]* ၅၅

**✣ ဗိဇ္ဇာအမှုရောင်ခြည် ✣**

ကျွန်ုပ်နှင့် ဆရာအရှင် ပုဂ္ဂိုလ်ထူးများ (၁)
*[အောင်ရွှေမြတ်–စစ်ကိုင်းတောင်]* ၁၃၇

ကျွန်တော်သိသော ဂမ္ဘီရပုဂ္ဂိုလ်ထူး ပစ်တိုင်းထောင်သူ
အဘကြီး (၁) *[ခင်မောင်မြင့်–ကသာ]* ၁၉၃

ဘိုးတော်သိန်းပြောပြခဲ့သော ပညာသည်အမျိုးသမီးကြီး
နှင့် စက်ပြတ်နည်းပညာ *[ရဲမျိုးသူ–ဇော်ဇိမြိုင်]* ၃၀၂

**● ဝတ္ထုတိုရောင်ခြည် ●**

တောင်ပေါ်ရွာလေးမှ ဖိုးခွက်များလှန်၍
သားငါးဟင်းများ လာစားသော မကောင်းဆိုးဝါးကောင်
*[ချို–အမရပူရ]* ၂၃၀

မှော်ဝင်နေသောရုပ်တု *[နေဇော်–နဂွဟ]* ၂၃၆

သနားစရာ နဂါးမလေး
*[ထွန်းအေးကြိုင်–ရွှေတောင်]* ၂၄၁


အစားမတော် တစ်လုတ် *[ထွန်းလင်း–ရေနံမြေ]* ၂၅၃

သဘက်ဆိုသည်မှာ *[ရှင်ရဲထွဋ်]* ၂၈၁

မောင်တစ်ထမ်း မယ်တစ်ရွက် (၁)
*[ရွှေတောင် ကြည်မောင်အေး]* ၂၉၇


၈ နှစ်ပြည့်ရောင်ခြည်မဂ္ဂဇင်း

…ပေါက်ခေတ်
ဖြစ်သည်…
ပုတွင်း၌
အလီတောင်
ဆရာတော်ကြီး၏
ရုပ်ကလာပ်တော်ကို
ထူသွင်းထားသည့်
ခေါင်းနှင့်မြေခြင်း
တို့၌…
စာ–၁၀၅ ➧



ဒေါင်းလောင်း
မှောက်၌
ငက်ဂျိ
ပြဟ္မာ
ရုပ်တုများကို
ထွင်းထု
ထားသည်မှာ…
စာ–၁၂၂ ➧




ဒီးလဲ
ကျင်းစေတယ်
အရှုရာယ်လဲ
ကင်းစေ
စေတယ်
ကြီးပွား
ချမ်းသာမှုလဲ
ပေးစွမ်း
နိုင်တယ်…
စာ–၁၆၁ ➧



www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ဘက်မုခ်ဦးကွင်း ပေါရိသတ်ဘုရားကြီး

ထီးတော်ကွဲပြား

# ပေါရိသတ်ဘုရား

နိုင်မင်းသိ



◆ ပေါရိသတ်ဆိုင်းဘုတ် ရွှေညောင်-ညောင်ရွှေ ကားလမ်းနံဘေးအနီး

[ ၁ ]

စာရေးသူ ဤဆောင်းပါးကို မတင်ပြမီ...

ရှမ်းပြည်နယ်၌ နရပတိစည်သူမင်း တည်ထားကိုးကွယ်ခဲ့သော စေတီပေါင်းမှာ စုစုပေါင်း(၄၂)ဆူရှိသည်။ သက္ကရာဇ် ၁၂၆၉ ခု၊ တပို့တွဲလဆုတ် (၁၀)ရက် ကူးယူသည်ဟု (၇)ကြောင်းပါ ပေတစ်စောင်မှာ ဖော်ပြပါရှိတဲ့ စာတမ်းကို ဖတ်ရှုလေ့လာပြီးနောက် ရှမ်းပြည်နယ်အတွင်း ညောင်ရွှေမြို့နယ်ဘက် အလည်တစ်ခေါက် ရောက်ခဲ့စဉ်မှာ နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စေတီဘုရားပေါင်း (၄၂)ဆူစာရင်းမှာပါရှိတဲ့ "**ပေါရိသတ်**"ဘုရားဆီ သွားရောက်ဖူးမြော်ကန်တော့လို့ လက်လှမ်းမီသိရှိခဲ့ရသမျှ စိတ်ဝင်စားစရာ အချက်အလက်တွေကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများထံ ဗဟုသုတတစ်ခုအဖြစ် စုစည်းတင်ပြလိုက်ပါတယ်။

ပေါရိသတ်မွေတော် ဘုရားကြီးရဲ့ တည်ရှိရာနေရာကတော့ ညောင်ရွှေမြို့နယ် တိလောစခန်းကြီး ကျေးရွာအုပ်စု ပေါရိသတ်ရွာမှာ ဖြစ်ပါတယ်။ စာမှာတော့ "**ဗောဓိသတ်**"လို့ တွင်ခဲ့

www.burmeseclassic.com




◆ အရှေ့ဘက်မှ ဖူးမြော်ရသည့် ပေါရိသတ်ဘုရား။



◆ ဘုရားကြီး တစ်ဖက်တစ်ချက်ရှိ မတ်ရပ်ဆင်းတုတော်

◆ သေသပ်လှပသည့် စေတီတန်းနှင့်ဘုရား။



◆ ဘုရားကြီးလက်ဝဲဘက်မှ ရှင်ဥပဂုတ်




ပေမယ့်လက်ရှိမှာတော့ "**ပေါရိသတ်**" လို့သာ သုံးနှုန်းကြတယ်။

ယခင် ရှမ်းကိုးပြည်ထောင်လို့ခေါ်တဲ့ မောကိုးပြည်မှာ တစ်ပြည်ဖြစ်ခဲ့ဖူးတဲ့ "**ကောသမ္ဘီ**"ပြည်ကြီးဟာ ညောင်ရွှေမြို့တော်ဖြစ်ခဲ့ပြီး ယခု မြို့မြောက်ဘက်ဆီက ဗောဓိသတ်ဘုရား အနီးမှာ တည်ရှိခဲ့တာပါ။

အဆိုပါ ကောသမ္ဘီကို ရှမ်းတိုင်းရင်းသားဘာသာဖြင့် "**ကောက်ဆံပြီ**" ဟု ဆိုတယ်။ "**မောင်နှမသုံးယောက် တစ်လှည့်စီ အခွန်ကောက်ရသော မြို့**" ဟု ဆိုတယ်။ ထိုကောက်ဆံပြီကို နောင်တွင် ကောသမ္ဘီရေးသားခြင်း ဖြစ်သည်ဟု "**ဆရာတော်အရှင်တိလောကသာရ**" မှ မိန့်ဆိုခဲ့ဖူးပါတယ်။

အဲဒီပထမမြို့တော် ကောသမ္ဘီမြို့ကြီး ဆုတ်ယုတ်ပျက်ပြားသွားပြီး နောက် မိုင်းသောက်နဲ့ သလဲဦးနှင့်ရွာ

www.burmeseclassic.com



◆ ကျောင်းအတွင်းရှိ ပေါ်ရိသတ် ပင်မဘုရားကြီး

◆ ဘုရားကြီး လက်ယာဘက်မှ ရှင်သီဝလိ



ကြားအင်းရှေပြင်ပေါ်မှာ "**ရမ္မာဝတီ**" ဆိုတဲ့အမည်နဲ့ ဒုတိယမြို့တော် တည်ခဲ့တယ်လို့ စာမှာပါရှိတယ်။

ပေါ်ရိသတ်ဘုရားကို ထပ်မံလို့ ရှမ်းတိုင်းရင်းသားလို **ပေါ်ရစပ်(ဖျာပတ်ဘုရား)**လို့ သိရပြန်တယ်။ ရာဇဝင်အရ ကောသမ္ဗီပြည်မင်းကြီးမှာ သားတော်တစ်ပါးနဲ့ သမီးတော်နှစ်ပါး ပေါင်းသုံးပါးရှိခဲ့တယ်လို့ ဆိုပါတယ်။

တစ်နေ့ အငယ်ဆုံး သမီးထွေးမှာ ကုသလို့မပျောက်နိုင်တဲ့ နူနာရောဂါကြီးစွဲကပ်တော့ ဖခင်ဘုရင်ကြီးက ကောသမ္ဗီပြည်ကနေနှင်ထုတ်လိုက်တယ်။

အဲဒီမှာ ရှမ်းမင်းသမီးလေးရဲ့ဆရာဖြစ်သူက ယခင် နန်းဆရာချောင်း ယခု နန်းသီတာချောင်း(စာချစ်သူတို့ ညောင်ရွှေလမ်းခွဲကနေ လာရင် နန်းသီတာချောင်းနဲ့ နန်းသီတာတံတားကို တွေ့ရမှာပါ)မှာ ရေဆင်းချိုးခိုင်းတော့ မကြာခင် ကာလတစ်ခုမှာပဲ ရှမ်းမင်းသမီးလေးမှာ စွဲကပ်နေတဲ့ နူနာရောဂါဟာ ပျောက်ကင်းခဲ့ရတယ်လို့ဆိုတယ်။


ဒါကြောင့် ရှမ်းမင်းသမီးလေးနန်းရဲ့ ဆရာညွှန်ပြတဲ့ချောင်းမို့ "နန်းဆရာချောင်း" အဲဒီကနေ ကာလရွေ့လာတော့ အခုလက်ရှိ "နန်းသီတာချောင်း" လို့ တွင်နေကြောင်း သိရပြန်တယ်။

တစ်နေ့မှာ အရွယ်လွန်လာတဲ့ ဘုရင်ကြီးက ထီးနန်းလွှဲဖို့ အကြောင်းဖန်လာတာနဲ့ မင်းသားမင်းသမီးသုံးဦးကို သင့်တင့်လျောက်ပတ်တဲ့ အရပ်တွေမှာ ဘုရားအပြိုင်တည်ကြဖို့နဲ့ အဲဒီဘုရားတည်ပြိုင်ပွဲမှာ ပထမဦးဆုံး ဘုရားတည်လို့ ပြီးသူကို နန်းအပ်မယ်လို့ မိန့်ပါတယ်။ ဒါနဲ့ပဲ မင်းသားက




www.burmeseclassic.com

www.burmeseclassic.com




◆ ကျောင်းတော်ရာအလယ်မှ ဘုရားကြီးဆင်းတုတော် "ရွှေရုံ"

◆ ဘုရားကြီး အရှေ့ဘက်ကပ်ရပ် နဂါးရုံဘုရား



◆ အရှေ့တောင်ဘက်ရှိ သိကြားမင်းနှင့် နတ်မင်းကြီးလေးပါး





◆ ယိုးဒယား(ထိုင်း)မင်း တည်ခဲ့သော
မှန်မပါသည့်
ငြိမ်းချမ်းရေးစေတီ

ယခု စခန်းကြီးဘုရား၊ ဒုတိယမင်းသမီးက တောင်လေးလုံးအနီးက ဘုရားနဲ့ အထွေးဆုံး မင်းသမီးက ယခု ပေါ်ရိသတ်အရပ် သုံးခုမှာ အပြိုင်အဆိုင် တည်ကြတယ်လို့ ဆိုတယ်။

အဲဒီမှာ အစ်ကိုဖြစ်သူက အုတ်သရိုးနဲ့ အခိုင်အခံ့ တည်နေလေတော့ တော်တော်နဲ့ မပြီးဘူး ဖြစ်နေတယ်။ အဲဒီမှာ အငယ်ဆုံး ရှမ်းမင်းသမီးနဲ့ ဒုတိယမင်းသမီးက သူတို့တည်တဲ့ ဘုရားတွေကို ဖျာကြမ်းတွေယူလို့ စေတီပုံသဏ္ဍာန် အကြမ်းတည်၊ ထုံးသင်္ကန်းကပ်လိုက်တော့ အလျင်ပြီးသူများဆိုပြီး အနိုင်ရလို့ တိုင်းပြည် အုပ်ချုပ် မင်းလုပ်ခဲ့ရတယ်။ အဲဒီမှာ ရှမ်းလို (ပေါ်ရာစပ်–ဖျာ)ဖျာပတ်တည် သည့်ဘုရားမို့ **"ပေါ်ရာစပ်"**ဘုရားမှ **"ပေါ်ရိသတ်"**ဘုရားလို့ ကူးပြောင်း ခဲ့ကြောင်း သိရပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



◆ ယိုးဒယား(ထိုင်း)မင်း ဆင်လှူခဲ့သည့် ငြိမ်းချမ်းရေးစေတီ



◆ စေတီလုံးပေါ်မှ ထီးတော် ယိုးဒယား(ထိုင်း)လက်ရာ



◆ ဒုတိယမြောက် ယိုးဒယား(ထိုင်း)မင်း တည်ခဲ့သော ထီးတော်မူကွဲစေတီ

[ ၂ ]


ဘုရားသမိုင်းလို့ဆိုရာမှာ ဘုရားစေတီသမိုင်းသီးသန့်နဲ့ တည်ထားကိုးကွယ်ခဲ့တဲ့ မင်းအဆက်ဆက်တို့ရဲ့ သမိုင်းဟာ အများအားဖြင့် ဆက်နွှယ်ပတ်သက်မှု မကင်းတာကို တွေ့ရပါတယ်။

အခုလဲ ဘုရားစေတီသမိုင်းကို ရှေးမြန်မာမင်းများ တည်ထား၊ ပြုပြင်မွမ်းမံကိုးကွယ်မှု အထောက်အထားကိုပဲ အဓိက အားထားလို့ ရေးသားရခြင်းပါ။

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်ထဲက နာမည်ကျော်ကြား တန်ခိုးကြီးဘုရားဖြစ်တဲ့ **ဖောင်တော်ဦးအပါအဝင်၊ အလိုတော်ပေါက်ဘုရား၊ အင်းတိမ်ဘုရား** စသဖြင့် နာမည်ကျော်ကြားတဲ့ အထူးထူးသော များပြားလှသည့် ဘုရားများစွာမှ ယခု "ပေါ်ရိသတ်" ဘုရားမှာလဲ ကျမ်းအဆူဆူ စာအုပ်ပုံမှာ အများဆုံး မြင်တွေ့ရတဲ့ ဘုရားတစ်ဆူ ဖြစ်ပါတယ်။

အရှေ့ဘက်ရှိ ဈေးပေါ်ကလောင်ကြီး ▶

◆ ရာဇဝင်လာ "တာယော" ချောင်း








www.burmeseclassic.com

www.burmeseclassic.com






◆ ထီးတော်မတင်ရသည့် စေတီ(၃)ဆူ

ပုံစံကွဲ ထီးတော် ◆

◆ မြို့တော်ဟောင်းဝင်ထိ လှမ်းမျှော်ကြည့်နေဟန် ခြင်္သေ့ကြီး (၂)ကောင်



သက္ကရာဇ် ၁၁၁၄ ခုနှစ်၊ အေဒီ ၁၇၅၂ စာကြောင်း(၈)ကြောင်းပါ မှုရင်းသတ်ပုံအရ အလောင်းမင်းတရားကြီး နိုင်ငံထူထောင်မှု ပြုစအချိန် ညောင်ရွှေမြို့ မြောက်ဘက် (၄)မိုင်အကွာတွင် ဗောဓိသတ်ခေါ် ပေါရိသတ်စေတီရှိတယ်။

လွန်ခဲ့သောနှစ်ပေါင်း ၂၃၃ နှစ်က အနီးအနားရှိ ရှမ်းရွာ မြန်မာတို့ စုပေါင်းလျက် စေတီထီးတင်ပွဲလုပ်ခဲ့တယ်။ ကုသိုလ်မှတ်တမ်းစာကို ဘုရားထီးအောက်ခံ ကြေးခွေကြီးတွင် ရေးသားခဲ့တယ်။

ထီးခံ ကြေးခွေကြီးကို ညောင်ရွှေမြို့၊ ရတနာမာန်အောင် ဘုရားပြတိုက်၊ မြောက်ဘက်မုခ်၊ အနောက်ခြမ်း၊ မှန်ခန်းငယ်တစ်ခုနဲ့ ပြထားတယ်လို့ အထောက်အထား တစ်ခုရှိကြောင်း မှတ်သားရပါတယ်။

[ ၃ ]

နဂ္ဂတ္တာရောင်ခြည်မဂ္ဂဇင်း စာချစ်သူများ လာရောက်မည်ဆိုပါက **ရွှေညောင်–ညောင်ရွှေသွား ကားလမ်းနံဘေး၌ တည်ရှိပြီး ရွှေညောင်မှ တောင်ဘက်သို့ လမ်းခွဲအတိုင်း (၃)မိုင်နဲ့ ညောင်ရွှေမြို့မှလာလျှင် (၄)မိုင်ခန့်သာကွာဝေးတာဖြစ်ပါတယ်။**

တောင်ဘက်မုခ်ဦးကြီးမှ ဝင်ရောက်ဖူးမြော်နိုင်မည်ဖြစ်ပြီး ဘုရားဝ[င်] အပြင်မှ လေးထောင့်စပ်စပ် ညီညာ[...] လှပတဲ့ စောင်းတန်းများနဲ့ အတွင်း[...] အရံစေတီပေါင်း (၇၈)ဆူ ဝိုင်းရံထား[...] တဲ့ ဘုရားကို ဖူးမြော်ရမှာပါ။

အရှေ့ဘက် ဘုရားပရိဝုဏ်အပြ[င်] ရေကန်အလည်မှ ရေများစွာနဲ့ နဂါး[...] ဘုရားကို ဝင်ရောက်ဖူးမြော်လိုက်[...] ကို စိတ်ကြည်နူးချမ်းမြေ့ကြမယ်ဆို[...] စာရေးသူ ကြိုတင်လို့ သတင်းကော[င်း] ပါးထားပါရစေ။

ဘုရား အရှေ့ဘက်မုခ်မှ ကျော[င်း] ဝင်းအတွင်း ဝင်ဝင်ချင်းမှာပင် တင့်တ[...] လှစွာဖြင့် သမိုင်းဝင် ပေါရိသတ်ဘုရား[း] ကြီးကို ပူဇော်ကန်တော့နိုင်ပြီး လက်[...] ဘက် အတွင်းနံရံပေါ်က ရှင်သီ[...] ကိုယ်တော်၊ လက်ယာဘက် နံရံပေါ်[...] ရှင်ဥပဂုတ် ကိုယ်တော်ကြီးများကို[...] တစ်ပါတည်း ဖူးတွေ့ရမှာ ဖြစ်တယ်[...]

အပြင်ဘက်ကနေ လက်ယာ[...] ဖူးမြော်မည်ဆိုပါက အနောက်[...] အုပ်စိုးတော်မူတဲ့ ဝိရူပက္ခနတ်မင်းကြီး[...]



www.burmeseclassic.com

www.burmeseclassic.com



ခေတ်နောင်းလက်ရာနှင့်ဆင်းတုတော်(၁)



ပုဂံခေတ်ဦး ရှေးလက်ရာ

မြောက်အရပ်မှ ကုဝေရနတ်မင်း၊ အလယ်၌ သိကြားမင်း၊ အရှေ့အရပ်မှ ဓတရဋ္ဌနတ်မင်းနဲ့ တောင်အရပ်မှ ဝိရူဠကနတ်မင်းကြီးများကို မြင်တွေ့ကြရမှာပါ။

ရှေ့ မနီးမဝေးမှာပဲ အလောင်းမင်းတရားကြီးလက်ထက် ယိုးဒယား(ထိုင်း)ကို သိမ်းပိုက်ပြီးကာလ နောက်ပိုင်း ထိုင်းဘုရင်နဲ့ ချစ်ကြည်ရေးယူပြီး ထိုင်းဘုရင်ကိုယ်တော်တိုင် ငြိမ်းချမ်းရေးအထိမ်းအမှတ်အဖြစ် လာရောက်တည်ထားခဲ့တဲ့စေတီသုံးဆူကိုပါ ဖူးတွေ့ရပါတယ်။

ယိုးဒယားမင်းတည်ခဲ့တဲ့ ဘုရားစေတော်တွေနဲ့ အလောင်းမင်းတရားကြီးတည်ခဲ့တဲ့ ထီးတော်တွေ မတူတာကို ထူးခြားစွာ ဖူးမြင်ရမှာပါ။

တစ်ဖန် ယိုးဒယား(ထိုင်း)ကပဲ တည်ထားခဲ့တဲ့ မှန်တစ်ခုမှမပါရှိတဲ့ ကာလအခေါ် စေတီလုံးတစ်ဆူကိုလဲ ထူးခြားစွာ ဖူးတွေ့ရခြင်းဟာတစ်ချိန်က မြန်မာနဲ့ ထိုင်းတို့ရဲ့ ကူးလူးဆက်ဆံမှုဟာစာရေးသူတို့ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ သမိုင်းပြယုဂ်တစ်ခုအဖြစ် ပြသနိုင်တာပါပဲ။

ပုဂံခေတ်နှောင်းပိုင်း လက်ရာနဲ့ ရှေးဘုရား ဆင်းတုတော်နှစ်ဆူကို စေတီလုံးမြောက်ဘက် အရှေ့အရပ်ဘက် မုခ်နှစ်ခုထဲမှာ ပုံသဏ္ဌာန်ကွဲပြားစွာနဲ့ ထပ်မံဖူးတွေ့ရမှာ ဖြစ်ပါတယ်။

အရှေ့တောင်ထောင့် တစ်နေရာမှာတော့ ၁၂၅၃ ခုနှစ်၊ တန်ခူးလဆန်း (၈)ရက် နေ့စွဲပါ အရှည်တစ်ထောင့်ထွာ၊ အဝအကျယ် အချင်းတစ်တောင်ရှိတဲ့ ရှေးခေါင်းလောင်းကို ခေါင်းလောင်းစာများနဲ့တကွမြင်ကြရပါဦးမယ်။

သံသရာတစ်လျှောက် ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်များရဲ့ အဖို့ဘာဂများကို ရှိရှိသမျှ သတ္တဝါတွေအတွက် ရည်စူးလို့ ခေတ်အဆက်ဆက်တီးပြီး အမျှပေးဝေခဲ့ကြဟန် တူပါတယ်။

ခေါင်းလောင်းမှာ ထွင်းထုထားတဲ့ စာတန်းတော်တော်များများကို စာရေးသူ ဖတ်ရှုမလေ့လာနိုင်ခဲ့ပါ။ သိမှတ်သမျှ တွက်ချက်ကြည့်ရာ ခေါင်းလောင်းတော်ရဲ့သက်တမ်းမှာ နှစ်ပေါင်း (၁၂၃)နှစ်ခန့် ရှိပြီဆိုတာကိုတော့ သိခဲ့ရပါတယ်။

ဘုရားကြီးရဲ့ အရှေ့ဘက်မှာတော့ ဆင်တောင်တန်းများကို မြင်တွေ့နိုင်ပြီး အနောက်ဘက်မှာတော့ အချို့ ဒဏ္ဍာရီဆန်သော အဆိုများအတိုင်း မြောက်ဘက် မောလီဖက်(ယခု-တာယော)အထိ ကျယ်ပြန့်လှတဲ့ လွင်ပြင်ကြီးဘက် စောင်းငဲ့ကြည့် လွမ်းမောနေဟန်ရှိတဲ့ ခေတ်သစ်လက်ရာမြောက် ခြင်္သေ့ကြီးနှစ်ကောင်ကို မောလီဖက်(တာယော)ချောင်း နံဘေးမှာ တွေ့ကြရမှာပါ။

အဲဒီဒဏ္ဍာရီထဲမှ မောလီဖက်(တာယော)တစ်ဝိုက် အနီးအနားမှာ မြို့ရိုးများဖြင့် ဝိုင်းရံထားသော ရှေးမြို့တော်ကြီး ရှိခဲ့ဖူးတဲ့ အထောက်အထားများကို စာရေးသူကိုယ်တိုင် တွေ့ရှိခဲ့ပါတယ်။

သို့သော် အဆိုပါ မြို့တော်ကြီးမှာ ရှမ်းတိုင်းရင်းသားတို့ရဲ့ မြို့တော်ကြီး တစ်ခု ဟုတ်/မဟုတ်ကိုတော့ လေ့လာရဦးမယ်လို့ ဆိုပါတယ်။

အဆိုပါ ရှေးဟောင်းနယ်မြေမှ တူးဖော်ရရှိသော မြေဆေးတံနဲ့ မြေအိုးများမှာ ထူးခြားသော ဝိသေသ လက္ခဏာ ဖြစ်ကြောင်းကိုတော့ သုတေသီအချို့က အတည်ပြုပါတယ်။

ထိုရှေးဟောင်းပစ္စည်းမှာ သက်တမ်းကြာမြင့်မှုနဲ့ အမည်းရောင်အဖြစ် တွေ့ရသော်လဲ ရှေးနယ်ခံ လက်မှုပညာရှင်များက ငွေသတ္တုတစ်မျိုးဖြင့် ရောစပ်ပြုပြင် အသုံးပြုခဲ့ကြောင်း မှတ်သားခဲ့ရပြီး သမိုင်းဝင် ပေါ်ရိသတ်ဘုရားကြီးကို သွားရောက် ဖူးမြော်ကန်တော့၍ မြင်မြင်သမျှကို လေ့လာမှတ်တမ်းတင်လို့ ပြန်လည် ရေးသားဖော်ပြခြင်းအားဖြင့်ရှုတဲ့ စာချစ်သူများ အတိုင်းအတာတစ်ခုခန့် ကျေနပ်မည်ဆိုလျှင်ပင် စာရေးသူ ကျွန်တော့်အတွက် ထပ်မံရေးသားဦးမယ့် ဆောင်းပါးများအတွက် အားဆေးတစ်လက် ဖြစ်ပါကြောင်းကို လေးစားစွာတင်ပြရင်းဖြင့်…

**နိုင်မင်းညို**



www.burmeseclassic.com

www.burmeseclassic.com


# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြွင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ



မှတ်ပုံတင် ၀၀၀၆ (ပိုင်) ၀၁၂၄၇၃ လိုင်စင် ၁၁၇၈

အမှတ်တံဆိပ်

တစဝက (စာနယ်ဇင်း) ၀၂၀/၀၆၁၄

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"

"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"

"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"

"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"

"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"

"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "

"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီး . . .

"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြွင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . တ သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက် တဲ့ ***အင်ကြွင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"

"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"

" ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစား ချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . . "

" ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖ များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...

" ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ "

" ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြွင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက် နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြွင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .** "

ပင်ရင်း **'ဝင်း'** ဆေးတိုက်

ဖုန်း – ၀၁ ၅၉၀၅၅၈

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်

၃/၁၁၀/ဝေဠုဝန်အိမ်ယာ

၈/တောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း – ၀၉ ၇၃၁၃၃၄၁၁၊ ၀၉ ၅၁၉၈၀၁၃၊ ၀၉ ၃၁၅၅၅၁၅၅




www.burmeseclassic.com

www.burmeseclassic.com

ကြေးခေါင်းလောင်း...ကြေးမောင်း...

# ကြေးစည်...ကြေးပလား...

ရွှေစိုး

ဂန္ဓီရစ္စမ်းအားများ (၁)

ဂန္ဓီရတို့သည် နက်နဲလှသည့်အပြင် လွန်စွာမှပင် သိပ်သည်း ကျစ်လစ်လှ၏။

သို့သော် ယုံကြည်မှုနှင့် ပတ်သက်နေသော၊ ကိုးကွယ်မှုနှင့် ပတ်သက်နေသော အကြောင်းအရာတိုင်း၊ ဝတ္ထုပစ္စည်းတိုင်း၌ ဂန္ဓီရဟု အလွယ်ခေါ်ဝေါ်သုံးစွဲနေသော "သတ္တိအရှိန်"များ ရှိနေကြသည်ချည်းဖြစ်၏။

ထို့ကြောင့်လည်း လူသားတို့သည် ယုံကြည်မှု၊ ကိုးကွယ်မှုတို့နှင့် ပတ်သက်နေသော အကြောင်းအရာ ဝတ္ထုပစ္စည်းများ၏ ဂန္ဓီရတန်ခိုးရှိသော သတ္တိရှိန်စော်ကို ခံစားနေရခြင်းဖြစ်ပြီး ထိုတန်ခိုးရှိန်ဝါတို့က လွန်စွာနက်နဲသိပ်သည်းလှသည်။

သို့ဖြစ်၍ ထိုအကြောင်းအရာ ဝတ္ထုပစ္စည်းတို့၏ တန်ခိုးရှိန်ဝါ အကျိုးကျေးဇူးကို အတွင်းကျကျ လေးလေးနက်နက် မသိကြ၊ အသုံးမပြုတတ်ကြသူတို့က များလှသည်ဖြစ်၍ ယင်းတို့ကို ဂန္ဓီရဟု ခြုံငုံရစ်ပတ် သမုတ်လိုက်ခြင်းဖြစ်၏။

ထိုသို့ အတွင်းကျကျ လေးလေးနက်နက် မသိကြသူများထဲတွင် ရွှေစိုးလည်း တစ်ယောက် အပါအဝင် ဖြစ်ပါ၏။ သို့ဖြစ်၍ သိနိုင်သမျှ သိထားလျှင် ကောင်းပေမည်ဟု အတွေးပေါက်မိသည့် နေ့မှစ၍ သိနိုင်သမျှ သိအောင် ကြိုးပမ်းရင်း လှမ်းမီသမျှ မေးမြန်းရှာဖွေလေ့လာစူးစမ်းခဲ့ပါသည်။



◆ သာယာသံစဉ်ဖလားတစ်လုံး

ထို့အတူ မိမိမေးမြန်းသမျှကို မညည်းမညူ ဖြေကြားပေးသော ဆရာအရှင်မြတ်ကြီးများ၊ ရဟန်းပညာရှိ၊ လူပညာရှိအရှင်မြတ်ကြီးများ၊ ကူညီရှာဖွေညွှန်ပြပေးသူများ၊ စူးစမ်းလေ့လာခွင့်ပြုသူများ အားလုံးကို ကျေးဇူးဆပ်သော အနေဖြင့် မိမိကဲ့သို့ပင် စူးစမ်းလေ့လာသူများ၊ ဗဟုသုတ ပွားလိုသူများကိုလည်း မိမိသိထားသမျှ ပြန်လည်၍ ဝေငှမိပြန်၏။

ယခုလည်း **၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလထုတ်၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ဆောင်းပါးရှင် (ဆရာ) နိုင်မင်းညို၏ "ဂန္ဓီရဖလားတစ်လုံး"** ဆောင်းပါးနှင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာတည်းချုပ်၏ မေတ္တာရပ်ခံ

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၁၇



www.burmeseclassic.com

www.burmeseclassic.com



◆ ယောင်း

◆ ဥုံ မဏိပဒ္မေဟုံ

ཨོཾ་མ་ཎི་པདྨེ་ཧཱུྃ

ခြင်းကို ဖတ်လိုက်ရပါသည်။

သို့ဖြစ်၍ ရွှေစိုးကိုယ်တိုင်ရော မေးမြန်းလေ့လာမှုရော၊ စူးစမ်းမှုများကိုပါ စာတွေ့ ကိုယ်တွေ့ ပြုခဲ့ဖူးသည့် ကြေးခေါင်းလောင်း၊ ကြေးမောင်း၊ ကြေးစည်၊ ကြေးဖလားတို့၏ ဂမ္ဘီရ စွမ်းအားများနှင့် ယင်းတို့၏ သမိုင်းကြောင်းအချို့ကို ပြန်လည်သတိရမိပြီး မှတ်ထားသော မှတ်စုများကို ပြန်၍ ဖတ်ကြည့်မိပါသည်။

ထို ရွှေစိုး စပ်မိစုမိသမျှ အကြားအမြင် အမှတ်များထဲမှ အထက်ပါ **"ဂမ္ဘီရဖလားတစ်လုံး"** ဆောင်းပါးပါ ဗဟုသုတများကို ထပ်မံ၍ အားဖြည့်ကာ ဝေငှလိုပါသည်။

ရွှေစိုးသည့် ဆရာနိုင်မင်းညို အဆိုအတိုင်း ဖော်ပြရမည့် "ဂမ္ဘီရဖလား" များကို ကိုယ်တိုင် စူးစမ်းလေ့လာဖူးပါသည်။

ရွှေစိုးသည် ဘန်ကောက်မြို့ရှိ ကွမ်ယင်မယ်တော် ကျောင်းကြီးသို့ မကြာခဏရောက်ကာ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းများကို ပြုလုပ်လေ့





www.burmeseclassic.com

www.burmeseclassic.com

ရှိပါသည်။

ထို **"ကွမ်အင်ပေါ်ဒီသတ်"**ဟု ယိုးဒယား(ထိုင်း)အသံဖြင့် ခေါ်ကြသော ကွမ်ယင်မယ်တော်၏ ကျောင်းကိုမှ ရောက်ရခြင်းမှာ ကျောင်းကြီးကလည်း ကြီး၊ လူကနည်းနည်း၊ မြန်မာနိုင်ငံမှ ရှု ဆင်းတုတော်ကြီးများကလည်း ကုဋ္ဋိ ကျောင်းကြီးတစ်ကျောင်း သီးသန့်ဖြင့် ကိန်းဝပ်တော်မူနေခြင်းတို့ ကြောင့် ဖြစ်ပါသည်။

ထိုကျောင်းတော်မှ ကျောင်းထိုင် ဆရာတော်ကြီးကလည်း ရွှေစိုးတို့ မြန်မာနိုင်ငံမှ ရွှေတိဂုံစေတီတော်မြတ် ကြီးကို အဓိဋ္ဌာန်ဖြင့် အဖူးအမြော် ရောက်ခဲ့ဖူး၍လည်း ရွှေစိုး ကျေနပ် သော ပီတိရှိနေသည်ကလည်း အစွဲ တစ်ခုအနေဖြင့် ဤကျောင်းတော်သို့ ရောက်ရန် တွန်းပို့နေခြင်းလည်း အကြောင်းတစ်ခုဖြစ်ဟန် တူပါသည်။

လွန်ခဲ့သော ငါးနှစ်ကာလအတွင်း မှတစ်ခုသော တနင်္ဂနွေနေ့တစ်နေ့ဖြစ် ၏။

ရွှေစိုးသည် ထုံးစံအတိုင်း ထိုကွမ် ယင်မယ်တော်ကျောင်းကြီးသို့ ပုတီးစိပ် ရန် ရောက်ခဲ့ပါသည်။ ပုတီးစိပ်ပြီး၍ ကျောင်းဝင်းအတွင်းရှိ လှပဆန်းကြယ် သော ရုပ်တုများကို လှည့်ပတ်ကြည့်ရှု နေစဉ် တစ်နေရာတွင် တရုတ်ဘုန်းကြီး အိုကြီးတစ်ပါးနှင့် တွေ့ပါသည်။

ဘုန်းကြီးအိုကြီးဟု ဆိုရခြင်းမှာ ခါးသွယ်,နားသွယ်များ ချိုင့်ခွက်နေခြင်း၊ နှာခေါင်းကြီးက တရုတ်လူမျိုးတို့၏ နှာခေါင်းနှင့်မတူ ထူးခြားစွာ ပေါ်လွင် ပြီး ငှက်တစ်ကောင်၏ နှုတ်သီးပမာ ကောက်နေခြင်း၊ မျက်တွင်းနှစ်ဖက် လုံးကလည်း အတွင်းသို့ နက်စွာ ချိုင့်ဝင်နေပြီး မျက်ခုံးမွေး,နှုတ်ခမ်းမွေး,



◆ သံစဉ်သာသည့် ကြေးဖလားတစ်လုံး

◆ သံစဉ်သာသည့် ကြေးဖလားတစ်လုံး




မုတ်ဆိတ်မွေးများက ဖြူဆွတ်ပြီး ရှည်လျားနေခြင်းတို့ကြောင့် ဖြစ်၏။ ကိုယ်ကာယမှာလည်း အရိုးပေါ် အရေ တင်သည်ဟု ဆိုရမလောက် ပိန်လှီနေ ပါသည်။

ဤလက္ခဏာ အသွင်သဏ္ဌာန် အားလုံးက အဘိုးကြီးကို ပို၍အိုနေစေ ခြင်းဖြစ်၏။ ရွှေစိုးက ရုပ်တုများကို ကြည့်နေရာမှ နောက်တစ်နေရာ ပြောင်း၍ ကြည့်လိုက်ဦးမည်ဟူသော အတွေးဖြင့် နောက်အလှည့်တွင် ပြုံးခနဲ မျက်နှာချင်းဆိုင် ဆုံမိရာမှ အထိတ်တလန့်ဖြင့် ဖူးလိုက်ရသည့် သဏ္ဌာန်တော်ကို ဖော်ပြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



◆ ကြေးပလာအတွင်း အောက်ခြေမှ ဗုဒ္ဓရုပ်ပွားတော်ပုံ

ရွှေစိုးကသာ ထိတ်ခနဲ လန့်သွားသည်။ ဘုန်းတော်ကြီးကတော့ ပြုံး၍ ရွှေစိုးကို ကြည့်နေ၏။ ဘုန်းတော်ကြီးက ပြုံး၍ကြည့်နေသော်လည်း ရွှေစိုးက ဘုန်းတော်ကြီးကို ပြန်၍ ပြုံးမပြမိဘဲ အံ့သြစွာ ပြန်ကြည့်မိ၏။

အဘယ်ကြောင့်ဆိုသော် ဘုန်းတော်ကြီး၏ အတွင်းသို့ နက်ချိုင့်စွာ ဝင်နေသော မျက်တွင်းခွက်ခွက် နှစ်ခုထဲမှ မျက်စိနက်ဆန်များသည် သေးငယ်ပြီး မဟူရာသားကျအောင် နက်ပြောင်စူးရှနေသောကြောင့်ဖြစ်၏။

ထို့ပြင် လွန်စွာ အသက်ကြီးသော အသွင်ကို ဆောင်နေပါသော်လည်း ဇရာ၏သင်္ကေတတစ်ခုဖြစ်သော ခါးကုန်းခြင်း လုံးဝမရှိဘဲ ဖြောင့်မတ်နေခြင်းကိုလည်း ရွှေစိုး အံ့သြမိ၏။

ဤသို့ ခဏမျှ မှင်တက်နေမိရာမှ ပြန်လည် သတိဝင်လာပြီး ထို တရုတ်ဘုန်းတော်ကြီးကို ရွှေစိုးက လက်အုပ်ချီကာ ယိုးဒယား(ထိုင်း)ဘာသာဖြင့် **"နမ(စ်)ကန်လုံဖော့" (ဦးတင်ပါသည်ဘုရား)**ဟု မတ်တတ်အနေ အထားမှပင် ကန်တော့လိုက်မိ၏။

ထိုအခါ ဘုန်းတော်ကြီးက ရွှေစိုးကို ဆုပေးတော်မူ၍ ရပ်လျက်ပင်**"သာဓု"** ခေါ်ရ၏။ ရွှေစိုးက သာဓုခေါ်ပြီးနောက် အိတ်ထဲမှ ဘတ်ငွေငါးဆယ်တန် တစ်ရွက်ကို ထိုဘုန်းတော်ကြီးအား ဆက်ကပ်လိုက်ပါသည်။

ထိုအခါ ဘုန်းတော်ကြီးက လက်ကာ၍ ငြင်းတော်မူပြီး ရွှေစိုးအား ကျောင်းဝင်းထဲရှိ ထိုင်ခုံရှိရာ တစ်နေရာသို့ ခေါ်သွားလေသည်။ ထူးဆန်းဖွယ် များကို စိတ်ဝင်စားတတ်သော ရွှေစိုး ကလည်း မငြင်းမိဘဲ လိုက်သွားခဲ့မိလေ သည်။

တရုတ်ဘုန်းတော်ကြီးသည် ထိုင်ခုံ ပေါ်တွင် ထိုင်လိုက်စဉ် ရွှေစိုးက မထိုင် ဘဲ ရပ်နေသောကြောင့် ရွှေစိုးကို သူ့ နံဘေးတွင် ဝင်ထိုင်ရန် ထိုင်းဘာသာ ဖြင့် ပြောပါသည်။ ထိုင်းမဟုတ်သဖြင့် မပီသဘဲ အလွန်ဝဲပါသည်။

ရွှေစိုးက ကျေးဇူးတင်ကြောင်းပြော ပြီး ခပ်ယို့ယို့ ဝင်ထိုင်လိုက်ပါသည်။ ရွှေစိုး ထိုင်မိပြီးသည်နှင့် ဘုန်းတော် ကြီးသည် ဘေးအိတ်ကြီးထဲမှ တစ် တစ်ခုကို ထုတ်လိုက်ပြီး ရွှေစိုးအား ပြလေသည်။

တရုတ်ဘုန်းတော်ကြီးက ရွှေစိုး ရှေ့သို့ ထိုး၍ပြလာသည့် အရာ

www.burmeseclassic.com

အုန်းမှုတ်ခွက်တစ်ခုဟု ရွှေစိုးထင်မိ၏။ ထို့ကြောင့် ဘုန်းတော်ကြီးက ရွှေစိုးထံမှ အလှူခံနေသည်ဟုလည်း တွေးလိုက်မိ၏။

ရွှေစိုး တွေးတောနေစဉ်မှာပင် တရုတ်ဘုန်းတော်ကြီးက သူ၏ လက်ဖဝါးပြင်ပေါ်တွင် ထိုခွက်နှင့်တူသော အရာကိုတင်ပြီး ရွှေစိုးအား ပြလေသည်။ ထိုအခါမှ ရွှေစိုး သေသေချာချာကြည့်မိ၏။

ဤအရာကား ခွက်တော့ခွက်ပင်။ သို့သော် သာမန်ခွက်မျိုးကား မဟုတ်၊ အနီရင့်ရင့်၊ အဝါရင့်ရင့်နှင့် အနက်ရောင်တို့ ရောယှက်စွာဖြင့် နီညိုရင့်ရင့်ဘက် လုနေသည့် ကြေးညိုရောင်ခွက်တစ်ခု ဖြစ်၏။

ရွှေစိုးက တရုတ်ဘုန်းတော်ကြီးထံတွင် ခွင့်တောင်းပြီး ယူကြည့်မိ၏။

ကြေးနီညိုရင့် အရောင်ရှိသော ထိုခွက်မှာ ကိုင်မိလိုက်သည်နှင့် ထူးခြားသော ထိတွေ့မှုကို ခံစားလိုက်ရ၏။ ကြေးသား၏ မာကျောမှုနှင့်အတူ နူးအိအိ ဖောဗ္ဗအာရုံကိုလည်း ခံစားမိ၏။

ကြေးသားတို့၏ ကြမ်းတမ်းတင်းမာခက်ထန်မှုအသွင်နှင့်အတူ ညီညွတ်ချောမွေ့သော အမြင်ကိုလည်း ခံစားလိုက်ရ၏။

ဆန့်ကျင်ဘက် သဘောများကို တစ်ပြိုင်တည်း ခံစားလိုက်ခြင်းဖြစ်၏။ ထို့မှဖြင့်ပင် ထူးဆန်းသော ကြေးခွက်တစ်လုံးဟု ရွှေစိုး ယေဘုယျ သိလိုက်မိ၏။

ထို့နောက် ထို ထူးဆန်းသော ကြေးခွက်လေးကို လှည့်ပတ်ပြီး စူးစမ်းမိပြန်၏။ ထိုကြေးခွက်တွင် အရေးအကြောင်း ခပ်မှိန်မှိန် ခုနစ်ရစ်ကို တွေ့ရ၏။ ထို့ပြင် အိန္ဒိယဘာသာ



◆ သံစဉ်သာသည့် ကြေးလောတစ်လုံး အနီးကပ်မြင်ကွင်း

စာလုံးများနှင့် ဆင်ဆင်တူသည့် စာတန်းကိုလည်း တွေ့ရ၏။

ထို့နောက် ထိုကြေးခွက်လေး၏ အတွင်းအပြင် ဖင်ပြန်ခေါင်းပြန် စူးစမ်းလိုက်ပြန်၏။ ကြေးခွက်လေး၏ အတွင်းဘက်တွင် ဟိန္ဒူလူမျိုးတို့၏ သင်္ကေတ(အရဟံ)ပုံစံမျိုးကို တွေ့ရပြီး ကြေးခွက်၏ အောက်ခြေဖင်ဘက်တွင် ဝါးကျစ်လိမ်အင်းကွက်လိုလို၊ တရုတ်ကြိုးထုံးအကွက်မျိုးလိုလို လိမ်ယှက်နေသော မုန့်ကြိုးလိမ်ကွက် တစ်ခုကိုလည်း တွေ့ရ၏။

အရွယ်အစားမှာ အလတ်စား အုန်းသီးတစ်လုံး၏ အတွင်းသားအုန်းမှုတ်ခွက်ခြမ်းခန့်ရှိ၏။ အလေး ချိန်အတန်စီးနင့်၏။ ထွေထွေထူးထူး တန်ဆာဆင်ထားခြင်း မရှိသော်လည်း အထိအတွေ့နှင့် အမြင်အာရုံ၌ ခံစားရချက် ထူးသဖြင့် ရွှေစိုး၏ စိတ်ထဲတွင် လိုချင်စိတ်ပင် ပေါ်ခဲ့မိ၏။

ရွှေစိုး၏ စူးစမ်းမှုများကို စိုက်ကြည့်နေသော ထို တရုတ်ဘုန်းတော်ကြီးက ရွှေစိုး၏ လိုချင်နေသောစိတ် ဖြစ်ပေါ်လာခြင်းကို သိလိုက်သည့်အလား ရွှေစိုး၏လက်ထဲမှ ထိုကြေးခွက်လေးကို ဆတ်ခနဲ ပြန်ယူလိုက်၏။

ရွှေစိုး၏ စိတ်ထဲတွင် နည်းနည်းဒေါသ ဖြစ်မိ၏။ တရုတ်ဘုန်းတော်ကြီးသည် ထိုကြေးခွက်လေးကို လက်ဝါးပြင်ပေါ် အပြန့်သား အနေအထားဖြင့် တင်လိုက်ပြီး သူ၏မျက်စိကို စုံမှိတ်ကာ သူ့လက်ထဲမှ ကုလားကွမ်းယာဆိုင်မှ ကွမ်းကို ထုံးသုတ်သော သစ်သားကျည်ပွေ့သေးသေးလေးဖြင့် ထိုခွက်ကို ဖွဖွလေး တစ်ချက်ခေါက်လိုက်၏။

ထို့နောက် ထို သစ်သားလက်ခတ်လေးဖြင့် ကြေးခွက်၏ နှုတ်ခမ်းသား တစ်လျှောက် ဖွဖွလေး ပွတ်ကာပတ်နေ၏။ တစ်ပတ်မျှ ပတ်မိသောအခါ ထိုကြေးခွက်လေးမှ တိုးညင်းသော

www.burmeseclassic.com



◆ သာယာသံစဥ် ပလာကြီးများ

ကြေးစည်သံလေး ထွက်လာ၏။

ထိုကြေးစည်သံလေးက ညင်းညင်းလေးမြည်နေရာမှ တဖြည်းဖြည်းကျယ်လောင်လာ၏။ တရုတ်ဘုန်းတော်ကြီး၏ မှိတ်ထားသည့် မျက်စိအစုံမှာလည်း ထိုကြေးစည်သံလေးနှင့်အတူ တဖြည်းဖြည်းချင်း ပွင့်ဟလာ၏။

တရုတ်ဘုန်းတော်ကြီး၏ မျက်လုံးအစုံ ပြည့်စုံစွာ ပွင့်လာသောအခါတွင် ကြေးခွက်ကလေးမှ ထွက်ပေါ်နေသော ကြေးစည်သံလေးမှာလည်း ပို၍ကျယ်လောင်လာရုံမျှမက ကြေးစည်သံမှာ ဝဲလှည့်သလို လှည့်၍ ကတော့ထိုးပြီး အထက်ကောင်းကင်ဘက်သို့ တက်နေသည်ဟု ခံစားရ၏။

တရုတ် ဘုန်းတော်ကြီးကလည်း ရွှေစိုး ထင်သလို ထင်၍လားမသိ။ အထက်ကောင်းကင်ဆီသို့ မော့ကြည့်ရင်း နှုတ်ဖျားမှ "ဥုံ"ခံကာ ဂါထာတစ်ပုဒ်ကို ရွတ်နေ၏။

ရွှေစိုးသည် ထိုမြင်ကွင်းများကို ကြည့်နေရင်းမှ ကြေးခွက်လေးနှင့် လက်ခတ်တံလေးထံသို့ မျက်စိရောအာရုံရော ပြန်ရောက်မိ၏။ တရုတ်ဘုန်းတော်ကြီးသည် ထိုကြေးခွက်ကို သူ၏လက်ခတ်တံဖြင့် မထိဘဲ ကြေးခွက်၏ နှုတ်ခမ်းသားအပေါ် အတန်ငယ် အကွာမှနေ၍ ရစ်ပတ်နေသည်ကို မြင်လိုက်ရ၏။

ထိုသို့ ကြေးခွက်နှင့် လက်ခတ်တံတို့ လုံးဝ မထိဘဲ အကွာမှ ရစ်ပတ်ပေးနေရုံမျှဖြင့် ထိုကြေးခွက်မှ အသံသည် ကြေးစည်ငယ်သံ မရပ်တမ်းဆက်တိုက်ပေါ်နေသည်ကို ရွှေစိုး အံ့ဩစွာ တွေ့မြင်ရလေသည်။

ထိုထူးဆန်းသောမြင်ကွင်းကို အလွန်စပ်စုတတ်သော ရွှေစိုးက မေးမြန်းမည်အပြုတွင် ထို တရုတ်ဘုန်းတော်ကြီးက ရွှေစိုးကို လက်ကာပြပြီး ရွှေစိုး၏လက်ကို ဆွဲယူလိုက်သည်။

ထို့နောက် သူ လုပ်သလိုပင် လက်ခတ်တံလေးကိုကိုင်လျက် ကြေးခွက်၏ပတ်လည် နှုတ်ခမ်းသားကို လက်တံဖြင့် မထိစေဘဲ အပေါ်ကွာမှ လှည့်ပတ်ရစ်ပတ်စေပြီး လိုရာဆုတစ်ခုတည်းကို ခုနစ်ကြိမ် ဆန္ဒပြုရန် ခိုင်းလေသည်။

ရွှေစိုးလည်း ထိုစဉ်အခါက ရွှေစိုး ကြုံတွေ့နေရသည့် အခက်အခဲတစ်ခုကို ပြေလည်စေရန် ဆုတောင်းခဲ့ပါ၏။ တိုက်ဆိုင်သည်ဟု စာဖတ်သူ ဆိုချင်ပါကဆိုပါ။ ရွှေစိုးရင်ဆိုင်နေရသည့် ထိုအခက်အခဲသည် ယခုနှစ်တွင် ပြေလည်ခဲ့ပါကြောင်းကို ရွှေစိုးဝန်ခံပါသည်။

ရွှေစိုး ဆုတောင်းပြီးနောက် ထိုတရုတ်ဘုန်းတော်ကြီးသည် ထိုကြေးခွက်သေးကို သူ၏ လွယ်အိတ်ကြီးထဲ ထိုးထည့်ပြီး ရွှေစိုးအား နှုတ်ပင်မဆက်ဘဲ သုတ်ခနဲ ထသွားလေတော့သည်။

ရွှေစိုးသည်လည်း မှင်တက်မိကာ ထိုထိုင်ခုံပေါ်တွင် ထိုင်လျက်ပင် ကျန်ခဲ့ပါသည်။ သတိရ၍ ကျောင်းတွင်း၊ ကျောင်းပေါ်၊ ကျောင်းအပြင် အနှံ့ ထိုတရုတ်ဘုန်းတော်ကြီးကို ရှာရာ မတွေ့တော့ပါ။

ကျောင်းတော်အတွင်း၌ နံ့သာတိုင်၊ အလင်းတိုင် စသည့် လှူဖွယ်များ ရောင်းနေသည့် တရုတ်မယ်သီလရှင်များကို မေးကြည့်ရာ တရုတ်ဘုန်းကြီး တစ်ပါး စောစောက ထွက်သွားသည်ကို မြင်လိုက်ကြောင်းထက်ပို၍ မပြောနိုင်ကြပါ။

ထို့ကြောင့် ရွှေစိုး၏ ခေါင်းထဲတွင် ကြေးခွက်ပဟေဠိ၊ တရုတ်ဘုန်းကြီး ပဟေဠိတို့ဖြင့် ပြည့်ကျပ်စွာ ကျန်ခဲ့ရပါသည်။

ထို့နေ့ နောက်ပိုင်းမှစ၍ ထိုကြေးခွက်မျိုးအကြောင်းတို့ကို ကွမ်းယင်ကျောင်းတော်တွင် လည်းကောင်း၊ အခြားဘာသာရေး လိုက်စားသူတိုင်းမိတ်ဆွေများထံတွင် လည်းကောင်း၊ အင်တာနက် ကွန်ယက်များတွင် လည်းကောင်း ရွှေစိုး ရှာဖွေကာ မှတ်တမ်းပြုထားမိခဲ့ပါသည်။

ထို့ပြင် ထိုကြေးခွက်မျိုးကို ဝယ်ယူရရှိနိုင်သည့် နေရာကိုပါ စုံစမ်းရရှိခဲ့ပေသည်။ ရွှေစိုး မှတ်ထားသမျှလေးထဲမှအချို့ကိုကောက်နုတ်ဖော်ပြပါမည်။

ရှေ့လ ဆက်ဖတ်ပါရန်

ရွှေစိုး



www.burmeseclassic.com

www.burmeseclassic.com

# အလိုတော်ပြည့်ကျောက်

## စီရင်နည်းနှင့် သူ့စွမ်းအင်



**"သီတာဂုတ်ကျောက်"** ဆိုတာ အလွန်ရှားပါးပြီး တန်ဖိုး ကြီးမား သလောက် စီရင်ဆောင်ထားသူ အပေါင်းတို့မှာလဲ တန်ဖိုးပင် ဖြတ်လို့ ရနိုင်လောက်တဲ့ အကျိုးထူးတရား တွေကို ရရှိကြပါတယ်။

ဒါကြောင့် ရှေးတုန်းက နားလည်တဲ့ ကျောက်သမားကြီးတွေဟာ ဒီကျောက် ကိုရပြီဆိုရင် ဆက်မတူးတော့ဘဲ ကျောက်တွင်းကို ပိတ်ပစ်လိုက်ကြပါ တယ်။

အဲ...သူ့ကို သေချာစီရင်ပြီး အိမ်မှာ ထားကြတော့တယ်။ သူက အတွင်းထဲ မှာ **စာပါးစပ်ကလေးပါတယ်**။ အဲဒီ စာပါးစပ်ကလေးက ဂေါ်လိုပဲ ရှည်မျော မျောနဲ့ အဖြူရောင်ကလေး။

အဲဒီပါးစပ်ကလေးက စာငယ်လေး သူ့မိခင်ထံ အစာတောင်းသလို ပါးစပ် ကလေးကို ဟစိ...ဟစိလုပ်ပြီး ကျောက်အတွင်းထဲမှာ ပတ်ပြေးပြီး နေတတ်တယ်။

အဲဒီလို အစာတောင်းပြီဆိုရင်တော့ သူ့အတွက် အစာဖြစ်တဲ့ ရွှေ-ငွေ- ကျောက်သံပတ္တမြားတွေဟာ အလိုလို ရောက်လာလိမ့်မယ်။

တစ်ခုတော့ရှိတယ် သူက တခြား ကျောက်တွေလို မလှဘူး။ ချထားတဲ့ အခါ မည်းပြီး ညိုပုပ်ပုပ် ဖြစ်နေတတ် ပြီး ကောက်ကိုင်ကြည့်တဲ့အခါ ဖြစ်ကြန့်ကြန့် နေရောင်ကို ထောင်ကြည့် တဲ့အခါမှာ ပြည်ပုပ်ရောင် စိမ်းပုပ်ပုပ်၊ ဒါကြောင့် အမြင်မှာ မက်မောလောက် တဲ့ကျောက် မဟုတ်ပါဘူး။

သူ့ကို...

'သီတာဂုတ်၊ ပြည်ပုပ်ရောင်၊ နဝရတ်အချုပ် သီတာဂုတ်'

အဲဒီလို မှတ်သားကြသလို...

ပြည်ပုပ်အရောင်

စာပါးစပ်နဲ့

ကျောက်မြတ်ကိုတဲ့ ရအောင်ရှာ။

ရရှိပြီးလျှင် စီရင်လိုက်ကွယ့်အများ စီးပွားတက်မှာ၊ လွန်သေချာ။

လို့လဲ စပ်ဆိုထားတာ တွေ့ရပါ တယ်။

ဒါပေမယ့် ခုခေတ် ကျောက်လောက မှာတော့ **ဂေါ်မိတ်ကိုပဲ သီတာဂုတ် ကျောက်**အဖြစ်နဲ့ အရောင်းအဝယ် ဖြစ်နေကြတာပါ။

တကယ်တမ်း ပြောရရင် သီတာ ဂုတ်ကျောက်ကို ပိုင်ဆိုင်ထားသူ ကိုယ် တိုင်တောင် ဒါကို သီတာဂုတ်ကျောက် လို့ မသိတာတွေလဲ ရှိပါတယ်။

သိတယ်ဆိုပြန်တော့လဲ သူ့ကို အသုံးမချတတ်ဘဲ ဖြစ်နေတတ်ပြန် ပါတယ်။

ခု စနစ်တကျ စီရင်အသုံးချနည်း ကို ဖော်ပြလိုက်ပါတယ်။

၁။ ဆီမီး (၉) တိုင်
၂။ ပန်းဖြူ (၉) ပွင့်
၃။ ပန်းနီ (၉) ပွင့်
၄။ အောင်သပြေ (၉) ညွန့်
၅။ နံ့သာတိုင် (၉) တိုင်
၆။ သစ်သီး (၉) မျိုး
၇။ ရေချမ်း (၉) ခွက်
၈။ ဆွမ်း (၉) ဆုပ်
၉။ ထီးဖြူ (၉) လက်

**[မှတ်ချက်။ ။ မိမိမွေးနေ့ မနက် (၉)နာရီတိတိ၌ တင်ရန်။]**

ကျောက်ကို ရွှေရည်ငွေရည် တရော်ကင်ပွန်းနဲ့ဆေး၊ မိမိခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်၊ အမျိုးသားဖြစ်ပါက ညာလက် လက်ခလယ်နဲ့ လက်တစ်ဆစ်တိုင်းပြီး ငွေကြုတ်လုပ်၊ အမြင့်ကို လက် တစ်ဆစ်ကွက်တိ ပိုမလုပ်ရ၊ အကျယ် ကို လိုအပ်သလို ပြုလုပ်နိုင်သည်။

အမျိုးသမီးဖြစ်က ဘယ်လက် လက်ခလယ်နဲ့ လက်တစ်ဆစ်တိုင်း ငွေကြုတ်လုပ်...

အထက်ပါ အစီအရင်အတိုင်း သေချာစွာပြုလုပ်ပြီး ဘုရားကိုတင်လှူ၊ ငါးပါးသီလခံ၊ ဂုဏ်တော်(၉)ပတ်စိပ်၊ လိုရာဆု(၉)မျိုးကို ဘုရားရှင်ထံ သစ္စာ ဆို၍တောင်း။

စီရင်သည့်နေ့သည် **မိမိမွေးနေ့**လဲ ဖြစ်ရမည်။ **ရက်ရာဇာနေ့လဲ** ဖြစ်ရ မည်။ ထို့အပြင် **လပြည့်နေ့**ဖြစ်ပါက ပို၍ အကျိုးထူးမည်။

ဘုရားရှင်အား ကပ်လှူပြီးသည့်နေ့ မှစ၍ ကျောက်ထည့်ထားသည့်ကြုတ် အား (လုံး၀)ဖွင့်မကြည့်ရ။ အထူး သတိပြုပါ။

နေ့စဉ်မနက်တိုင်း လိုရာဆု(၉)မျိုး ကို တောင်းပါ။ စတင်စီရင်သည့်နေ့ တွင် တောင်းသည့်ဆု (၉)မျိုးအတိုင်း သာ တောင်းရမည်။ အပြောင်းအလဲ မလုပ်ရ။

***လိုရာဆန္ဒ ပြည့်ဝကြပါစေ...***

**မောင်မောင်ရွှေတိုး**
***(ရေနံချောင်း)***



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"တိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ဝင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေးထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"တိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ တိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မထုန်မှုလွန်တဲ့သူများ၊ (၂) သဘာဝမဟုတ်သောဟဿမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုတ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန့်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

**ဆေးထုတ်လုပ်ပင်ရင်း**
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၅၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

**ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန**
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့မှ

# မေတ္တာရှင် တောင်သူကုန်း ဆရာတော်ကြီး

သီလေးငယ်
(လယ်တော်)

အား ဖူးမြော်ကြည်ညိုခြင်း (၁)

၇-၄-၂၀၁၄ ရက်နေ့၌ စာရေးသူမှာ **ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ် အတွင်းတွင်ရှိသော မက်သဘော်ကျေးရွာသို့** အလုပ်ကိစ္စဖြင့် သွားရောက်ခဲ့ပါသည်။ မက်သဘော်ကျေးရွာမှာ ရပ်စောက်မြို့နယ်၊ အင်တောမြို့နယ်ခွဲ ကျောက်ဂူမြို့ ကျေးရွာအုပ်စုထဲတွင် တည်ရှိပါသည်။

စာရေးသူ၏အလုပ်မှာ NGOအလုပ်ဖြစ်ပြီး တောင်သူများအား လယ်ယာသုံးပစ္စည်းများကို အရစ်ကျ ရောင်းချပေးခြင်း ဖြစ်ပါသည်။ စာရေးသူသခုတစ်ခေါက် ရောက်ရှိချိန်မှာ ငွေကောက်ယူရန်ဖြစ်၏။

ပထမအကြိမ် စာရေးသူ မက်သဘော်ရွာသို့ ရောက်ရှိစဉ်က တောင်သူကုန်းရွာနေ မက်သဘော် အ.မ.က ကျောင်းအုပ်ဆရာမကြီးက သူတို့၏ တောင်သူကုန်းရွာဦးကျောင်း ဆရာတော်ကြီးအကြောင်း စာရေးပေးရန် စာရေးသူအား တောင်းဆို၏။

တောင်သူကုန်းရွာ ဆရာတော်ကြီး၏ ထူးခြားသောဖြစ်ရပ်များကို ပြောပြ၍ စာရေးသူကျွန်ုပ်မှာ စာရေးချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်မိခဲ့ပါသည်။

သို့ပါသော်လည်း ပထမအခေါက်ခရီးစဉ်၌ အချိန်မရ၍ မသွားဖြစ်ခဲ့ပါ။ စိတ်လျှော့၍သာ နေရပ်ဖြစ်သော




▲ မေတ္တာရှင် တောင်သူကုန်း ဆရာတော်ကြီး၏ ပုံတော်



www.burmeseclassic.com

www.burmeseclassic.com





▲ ဆရာတော်ကြီးတရားကျင့်ရာ တောင်သူကုန်းရွာသင်္ချိုင်းတောမှ စေတီအဝေးမြင်ကွင်း

◄ ဆရာတော်ကြီး တရားကျင့်ရာ တောင်သူကုန်းရွာ သင်္ချိုင်းတောမှ စေတီအနီးကပ်မြင်ကွင်း

ရပ်စောက်မြို့သို့ ပြန်လာခဲ့ရ၏။

ဤသို့လျှင် ယခုလို ဒုတိယအခေါက် ခရီးစဉ်၌ ရောက်အောင်သွားပြီး မှတ်တမ်းယူကာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ ရေးသား ကုသိုလ်ယူခွင့်ရခဲ့ပါသည်။

တောင်သူကုန်းရွာသို့ ရောက်ပြီး တောင်သူကုန်းရွာနေ အ.မ.က မက်သဘော်ရွာ ကျောင်းအုပ်ဆရာမကြီး အိမ်သို့ သွားရောက်ခဲ့ပါသည်။ ဆရာမက စာရေးသူအား အားရဝမ်းသာ ဆီးကြို၍ ဆရာတော်ကြီး၏ ကျောင်းသို့ လိုက်ပို့ပေးပါသည်။

စာရေးသူ သွားရောက်စဉ် ဆရာတော်ကြီးမှာ ကျောင်းရှေ့ ဝရန်တာပေါ်တွင် လေညင်းခံရင်း ထိုင်တော်မူနေသည်။

စာရေးသူအား တွေ့တွေ့ချင်း ထမင်းသုံးဆောင်ပြီးမှ ပြန်ဖို့ မိန့်၏။ ဤသို့ ကျောင်းသို့လာသူတိုင်းကို ထမင်းသုံးဆောင်ပြီးမှ ပြန်ဖို့ အမြဲမိန့်ကြားနေကြဖြစ်သည်ဟု ရွာခံများက ပြောပြကြပါသည်။

စာရေးသူနည်းတူ ဆရာတော်ကြီးအား လာရောက် ဖူးမြော်ကြသူများ များစွာ ရောက်ရှိနေကြပါသည်။ တချို့မှာလည်း ကျောင်းထဲဝယ် ထမင်းသုံးဆောင်နေကြသည်။ စာရေးသူသည်လည်း နေ့လယ် မွန်းလွဲချိန်ရောက်နေပြီဖြစ်၍ နေ့လယ်စာ ဝင်ရောက်စားခဲ့ပါသည်။

နေ့လယ်စာ စားသောက်ပြီး ရွာခံများနှင့် ဆရာတော်ကျောင်းမှ တခြားဆရာတော်များက ဆရာတော်၏ ထေရုပ္ပတ္တိနှင့် ထူးခြားသော တန်ခိုးတော်ဖြစ်စဉ်များအကြောင်းကို စာရေးသူအား ပြောပြကြပါသည်။

စာရေးသူသည်လည်း စာဖြင့် မှတ်တမ်းယူသည်က တချို့၊ ဖုန်းဖြင့် အသံသွင်းယူသည်က တချို့ဖြင့် မှတ်တမ်းများရယူကာ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိနှင့် ထူးခြားဖြစ်စဉ်များအကြောင်းကို ဉာဏ်မီသလောက် ရေးသား တင်ပြလိုက်ရပါသည်။

ဆရာတော်ကြီး၏ ဘွဲ့တော်မှာ **ဘဒ္ဒန္တသာရကဖြစ်ပြီး ၁၂၉၀ ပြည့်နှစ်၊ ကဆုန်လဆုတ်(၉)ရက်၊ သောကြာနေ့တွင် ခမည်းတော် ကျောင်းဒကာကြီး ဦးဖိုးစုံနှင့် ကျောင်းအစ်မကြီး ဒေါ်လှထွန်းတို့က** ဖွားမြင်တော်မူခဲ့ပါသည်။

မွေးချင်း(၅)ယောက်တွင် ဒုတိယသားတော်ဖြစ်ပြီး ငယ်နာမည်မှာ မောင်သာမွှေး ဖြစ်ပါသည်။ ဇနေတိုင်းရင်းသားဖြစ်ပြီး တောင်ထိပ်ရွာသားဖြစ်၏။ **သက်တော်(၈၅)နှစ်ဖြစ်၍ ဝါတော်(သိက္ခာတော်) (၄၂)ဝါ** ဖြစ်ပါသည်။

ဆရာတော်ကြီး၏မွေးရပ် တောင်ထိပ်ရွာသည်ကား ရပ်စောက်မြို့၊ အင်တောမြို့နယ်ခွဲအတွင်းတွင် တည်ရှိ၍ ဆရာတော်ယခု သီတင်းသုံးရာ တောင်သူကုန်းရွာနှင့် နီးပါသည်။


ထိုနေရာတစ်ဝိုက်၌ တောင်ထိပ်၊ တောင်သူကုန်း၊ စံပါယ်ကုန်း၊ ဆီဆုံ ဂနိုင် ဟူသော ရွာများတည်ရှိပြီး ထိုရွာလေး ရွာပေါင်းကို ကျောက်အိုးလေးရွာဟု ခေါ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com





ကျောင်းဝင်းအတွင်းမှ တရားဆန်းကျင်းပရာ ယောဂီအဆောင် မြင်လည်ပြုပြင်မွမ်းမံထားသော ကျောင်းဝင်းထဲမှ စေတီငယ်

အင်တောမြို့မှ လာမည်ဆိုပါက အင်တောမြို့ အလွန်မြောက်ဘက် (၉) မိုင်ကျော်အကွာတွင် ထိုရွာသို့ ရောက်နိုင်မည် ဖြစ်ပေသည်။

ထိုရွာလေးရွာမှာ စီတန်းနေပြီး တောင်ဘက်အစတွင် တောင်ထိပ်ရွာဖြစ်ပြီး မြောက်ဘက်အစွန်တွင် ဆီဆုံနိုင်ရွာဖြစ်ပါသည်၊ တောင်သူကုန်းရွာနှင့် စံပါယ်ကုန်းရွာမှာ အလယ်တွင်ရှိပြီး မျက်နှာချင်းဆိုင်ဖြစ်၍ လမ်းဘေး တစ်ဖက်တစ်ချက်တွင် ရှိပါသည်။

ထိုလမ်းမှာ ရပ်စောက်မြို့မှ နောင်ချိုမြို့သို့ ဖောက်ထားသောလမ်း ဖြစ်ပါ၏။ စာရေးသူတို့ ရပ်စောက်မြို့မှ သွားမည်ဆိုပါက လမ်း၏ ဘယ်ဘက်ခြမ်းမှာ တောင်သူကုန်းရွာဖြစ်ပြီး ညာဘက်ခြမ်းမှာ စံပါယ်ကုန်းရွာ ဖြစ်ပါသည်။

ထိုရွာသို့ အဝင်၌ လှပသော ညောင်ပင်ကြီးများကို တွေ့မြင်ရမည်ဖြစ်ပေသည်။ ထိုရွာ နှစ်ရွာအစတွင် အရိပ်အာဝါသကောင်းသော ညောင်ပင်ကြီးများ များစွာ ပေါက်ရောက်နေ၏။

ဆရာတော်ကြီး၏ ကျောင်းဝင်းကိုလည်း ညောင်ပင်ကြီးများက လှပစွာ ဝန်းရံထားပါသည်။ တောင်သူကုန်းရွာနှင့် ရပ်စောက်မြို့မှာ (၄၂)မိုင်ကျော်မျှ ဝေးကွာပါသည်။

ဆရာတော်မှာ ဓနုတိုင်းရင်းသားဖြစ်သည်နှင့်အညီ ထိုရွာသားများ အားလုံးမှာလည်း ဓနုတိုင်းရင်းသားများဖြစ်ကြ၏။

ဆရာတော်ကြီးမှာ အသက်(၁၅)နှစ်အရွယ်တွင် ကိုရင်ဝတ် ရှင်သာမဏေပြုခဲ့ပြီး စံပါယ်ကုန်းရွာ ဆရာတော် ဦးဉာဏိန္ဒထံတွင် သင်ပုန်းကြီးကုန် သင်ယူ၍ ဆုံးမစာများ သင်ယူခဲ့ပါသည်။

ဆရာတော်ကြီး သင်ပေးခဲ့သော ပစ္စဝေက္ခဏာ(၄)ပါး၊ လိင်(၁၀)ပါး၊ ဒဏ်(၁၀)ပါး၊ သေခိယ(၇၅)ပါး၊ ခန္ဓကဝတ်(၁၄)ပါး၊ ပရိတ်ကြီး(၁၁)သုတ်များအား သင်ယူတတ်မြောက်ခဲ့ပါသည်။

ကိုရင်ဘဝဖြင့် (၇)ဝါနေခဲ့ပြီး ရှင်လူထွက်ကာ မိဘနှစ်ပါးအား အလုပ်ကြွေးပြုခဲ့ပါသည်။ ထို့နောက် မယ်တော်ကြီး ကွယ်လွန်ပြီးချိန် ၁၃၃၃ ခုနှစ်၊ ကဆုန်လဆန်းပိုင်း၌ စံပါယ်ကုန်းကျောင်းဆရာတော် ဦးကလျာဏထံ ဖခမည်းတော် ရှင်ဘဦးဖိုးစုံ ပစ္စယာနုဂ္ဂဟခံယူပြီး ဒုတိယ ရှင်သာမဏေပြုခဲ့ပြန်ပါသည်။

ထို့နောက် ၁၃၃၃ ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၉)ရက်နေ့ နံနက်(၉)နာရီ (၃၀)မိနစ်အချိန်၌တောင်သူကုန်းကျောင်း ခဏ္ဍသိမ်တော်တွင် တစ်ဖက်ရွာမှ ကုန်းလွန်းဆရာတော်ကြီး ဦးဇဝနက ဥပဇ္ဈာယ်ပြု ရဟန်းဖြစ်ခဲ့ပါသည်။

ရဟန်းဖြစ်ပြီး စံပါယ်ကုန်း ဆရာတော် ဦးကလျာဏထံ ဝိနည်း(၄)စောင်သင်ယူ၍ ၁၃၃၃ ခုနှစ်၊ ဝါခေါင်လဆန်းတွင် တောင်သူကုန်းရွာမှ ဒါယကာ, ဒါယိကာမများ ပင့်ဆောင်မှုဖြင့် တောင်သူကုန်းရွာဦးကျောင်း၌ ကျောင်းထိုင်ဆရာတော် ပြုတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် ရဟန်းဖြစ်ပြီးနောက် ဝိနည်းတော်နှင့်အညီ နေထိုင်ကျင့်ဆောင်၍ တရားအားထုတ်ခဲ့ပါသည်။

ဆရာတော်ကြီးသည် တရားအား



www.burmeseclassic.com

www.burmeseclassic.com





▲ ဆရာတော်ကြီး၏ ဖယောင်းရုပ်တု

◀ ဆရာတော်ကြီးအား အနီးကပ်ပြုစုပေးသော ခန်းစေဆရာတော်ဦးပညာနန္ဒ

ထုတ်ရာ တောထဲ၊ ဂူများနှင့် သချိုင်းများ၌ သွားရောက် အားထုတ်လေ့ရှိ၏။ တောင်သူကုန်းရွာသချိုင်း၌လည်း အမြဲတရားသွားရောက် အားထုတ်နေကြဖြစ်သည်။

**ယခုအခါ ဆရာတော်ကြီး တရားသွားအားထုတ်ရာသချိုင်း၌ စေတီတစ်ဆူ တည်ထားတော်မူပါသည်။**

ဆရာတော်ကြီးသည် ရဟန်းဖြစ်ပြီး တရားသွားအားထုတ်ရာ တောများမှာ ထိုစဉ်က သားရဲတိရစ္ဆာန်များနှင့် ဓားပြသူပုန်များ လွှမ်းစွာပေါ်များ၏။ လွန်ခဲ့သည့် နှစ်ပေါင်း(၃၀)ကျော် ဖြစ်သော ထိုစဉ်က ထိုတောင်သူကုန်းရွာတစ်ကြောမှာ ရောင်စုံသူပုန်များ ခေတ်ထနေသော ကာလ ဖြစ်ပါသည်။

မည်သူမျှ အပြင်မထွက်ရဲသော အချိန်၌ ဆရာတော်ကြီးမှာ ထိုသူပုန်များ ပုန်းခိုနေထိုင်နေသော တောထဲသို့ တရား အားထုတ်သွားနေကြ ဖြစ်ပါသည်။ တစ်ခေါက်သွားလျှင် (၄၊ ၅) ရက်မျှ ကြာတတ်ပါသည်။

**တောထဲ၌ ဆွမ်း၊ ကွမ်းမဟုန်မည်ကို ရွာသားများက စိုးရိမ်ခဲ့ကြသော်လည်း ဆရာတော်ကြီးမှာ မည်မျှပင် အချိန် အတော်ကြာ တရားအားထုတ်သွား ရောက်သောကာမှ ပြန်လာချိန်၌ အားအင် ချည့်နဲ့ ပိန်ချုံးနေခြင်း အလျှင်းမရှိခဲ့ပါပေ။**

ထိုအချိန်ကမူ တောင်သူကုန်းရွာမှာ တောင်ပေါ်တွင်ရှိသည်နှင့်အညီ အလွန်ရေရှားပါး၏။ ဆရာတော်ကြီးမှာ နေ့စဉ်နေ့တိုင်းရွာနှင့် (၁)မိုင်ကျော်မျှဝေးသော ကျောက်အိုးတောင်ချောင်းသို့ ရေသပ္ပာယ်၍ သွားတတ်၏။

ဆရာတော် ရေသပ္ပာယ်ရန် သွားရာလမ်းတွင် ကျီးတစ်ကောင်က ဆရာတော်၏ ပခုံးထက်ဝယ် အမြဲလိုက်တတ်သည်ဟု ရွာသားများက ပြောပြကြပါသည်။ ဆရာတော်ကြီးအား လိုက်လံ စောင့်ရှောက်နေသည့်ပုံစံဖြစ်သည်။

ဆရာတော်ကြီးမှာ ထို (၁)မိုင်ကျော်မျှဝေးသောနေရာသို့ ရေသပ္ပာယ်သွားရာတွင် (၁၅)မိနစ်လောက်ဖြင့်သာ ပြန်ရောက်လာတတ်၏။

ကြမ်းတမ်းသော တောလမ်းခရီးဖြစ်သော်လည်း ဆရာတော်ကြီး ပြန်ရောက်လာချိန်၌ ချွေးပင် စို့မနေပါ။

ဆရာတော်ကြီးသည် ဈာန်ရ ရဟန်း တော်ဖြစ်သည်ဟု ရွာသားများက ဆိုကြပါသည်။

ဆရာတော်ကြီးမှာ နံနက်အချိန်မှစ၍ ယနေ့အချိန်ထိ ကျောင်းပတ်ဝန်းကျင် မြေကွက်လပ်များတွင် ရွာသားများနှင့် ညှိနှိုင်းတိုင်ပင်၍ စားပင်၊ သီးပင်များ စိုက်တတ်၏။

နှစ်စဉ်နှစ်တိုင်း ဆရာတော်ကြီး၏ စိုက်ပျိုးသီးနှံများဖြင့် ရပ်နီးရပ်ဝေး လာရောက်ကြသော ဧည့်သည်တော် များအား ကျွေးမွေးရာ၌ စေးနှဲခြင်း အလျှင်းမရှိပါ။ ဆရာတော်ကြီး၌ လောဘ၊ ဒေါသ၊ မောဟ ကင်းစင်လေ ၏။

ထို့ပြင် ဆရာတော်ကြီးမှာ ဒကာ ဒကာမများ ကပ်လှူသော နဝက မှ များကို ကိုင်တွယ်ခြင်းမရှိပါ။ တစ် ကျောင်းတည်းနေ ဆရာတော်တစ်ပါး ကိုင်တွယ် သိမ်းဆည်းပေးရ၏။ ထို များကိုလည်း မိမိအကျိုးအတွက် မသုံး စွဲဘဲ ဘုရားကျောင်းကန် ဆောက်လုပ် ခြင်း၊ ကျေးရွာစာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်းများ ဆောင်ရွက် လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အစက တောင်သူကုန်းရွာမှာ အိမ်ခြေ(၃၀)ကျော်မျှသာရှိသော ရွာလေးတစ်ရွာဖြစ်ပါသည်။ ရွာသားများမှာ စာသင်ကျောင်းလည်း မရှိသဖြင့် ပညာမတတ်၊ ခေတ်နောက်ကျခဲ့ပါသည်။

မည်မျှပင် ခေတ်နောက်ကျသနည်းဆိုသော် ဆရာတော်ကြီး တောင်သူကုန်းရွာတွင် သီတင်းသုံးစ ယခင်က ရွာသားများမှာ အိုးခွက်ပန်းကန်များပင် မသုံးစွဲတတ်ပါ။ ငါးကျည်တောက်များ၊ မြေအိုးမြေခွက်များကိုသာ သုံးစွဲတတ်သည်အထိ ခေတ်နောက်ကျခဲ့၏။

ဆရာတော်ကြီး၏ ဆုံးမလမ်းညွှန်သြဝါဒပေးမှုကြောင့် ယခုအခါ တောင်သူကုန်းရွာမှာ အိမ်ခြေ(၂၀၀)ကျော်ရှိပြီး ရေ၊ မီးအပြည့်အစုံရသော ရွာကြီးတစ်ရွာဖြစ်နေလေပြီ။ အားလုံးမှာ ဆရာတော်ကြီး၏ ကျေးဇူးတော်ကြောင့်ဖြစ်သည်ဟု ရွာသားများက ပြောကြပါသည်။

ဆရာတော်ကြီးမှာ ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ သက်တော်(၇၆)နှစ်အချိန်၌ ကျန်းမာရေးမကောင်းသဖြင့် မန္တလေးမြို့သို့ ဆေးကုသမှုခံယူရန် သွားရောက်ခဲ့ပါသည်။


မန္တလေးမြို့သို့ ရောက်သောအခါ မန္တလေးမြို့ အထူးမြို့ခတ်ခွဲခန်း၌ ဆရာတော်အား စမ်းသပ်ကြည့်ရာ အနိုးကင်ဆာ ဖြစ်သည်ဟု အဖြေရ၏။ ထို့နောက် ဆရာတော်ကြီးအား အလွန်ဆုံး (၆)လသာခံတော့မည်ဟု ပြောလာခဲ့သည်။

တစ်ရွာလုံးမှာ ဆရာတော်ကြီးအတွက် စိတ်မကောင်းနိုင်ကြဘဲ ရှိနေကြသည်။ သို့သော် ဆရာတော်ကြီးမှာ တရားဖြင့် ရောဂါကို ကုသခဲ့ရာ **ယခုသက်တော်(၈၅)နှစ် အရွယ်ထိ ကျန်းမာ သက်ရှင်နေဆဲဖြစ်၏။**



▲ ဆရာတော်တစ်ပါးတည်း တရားအားထုတ်ရာ မနောသုခကျောင်းတိုက်

▼ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအား မှတ်သားထားသော စာအုပ်



ယခုအသက်အရွယ်ထိ မျက်မှန်တပ်စရာမလိုဘဲ တရားစာအုပ်များ ဖတ်နေဆဲ ဖြစ်သည်။ နားထိုင်းခြင်းလည်းမရှိဘဲ သာမန်အသံဖြင့်သာ ကြားနိုင်သေး၏။

ဆရာတော်ကြီးမှာ အိပ်စက်ချိန် အလွန်နည်းသူ ဖြစ်ပါသည်။ ညစဉ် ညတိုင်း (၁)နာရီလောက်သာ အိပ်တတ်ပါသည်။ ည နှစ်နာရီအချိန်လောက်၌ ဘုရားစင်၌ ဘုရားထ ရှိခိုးပြီး မနက်မိုးလင်းသည် အချိန်ထိ ဝေနေယျသတ္တဝါများအား မေတ္တာပို့ပေး၏။

**ဆရာတော်ကြီး၏ မေတ္တာဓာတ်ကြောင့် ဘုရားစင်ရှေ့မှ ထားထားသော မေတ္တာရေအိုးမှ ရေများ ပွက်ပွက်ဆူနေခဲ့သည်ကို ရွာသားများက အံ့ဩဖွယ် တွေ့ရှိခဲ့ရသည်ဟု စာရေးသူအား ပြောပြကြပါသည်။**

ဆရာတော်ကြီးအား ဖူးမြော်ရန် လာရောက်ကြသူတိုင်းမှာ ဆရာတော်ကြီး၏ မေတ္တာရေအား တောင်းယူသွားတတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



◆ တရားသူ သိလိုသည်များအား ပြောပြနေသော ဆရာမနှင့်ရွာသားတစ်ဦး

ဆရာတော်ကြီး၏ မေတ္တာရေမှာ ပယောဂများ၊ အနာရောဂါများကို ပျောက်ကင်းစေသည့်အပြင် အနည်းငယ် သောက်ပေးပါက ကျန်းမာသည်ဟု ဒေသခံများက ပြောကြပါသည်။

ထို့ပြင် ဆရာတော်ကြီးမှာ ဆွမ်းစားချိန်ကို (၁၀း၃၀)နာရီကျော်သွားပါက လုံးဝမသုံးတော့ပေ။ ဆွမ်းစားရာမှာလည်း အနည်းငယ်သာ ဘုဉ်းပေးတတ်၏။ ဤသို့ အအိပ်အစားနည်းသော်လည်း အသားအရေ စိုပြည်ဝဖြိုးလျက် ရှိပါသည်။

ထို့ပြင် ဆရာတော်ကြီးမှာ မလိုစကား မပြောတတ်ပါ။ တပည့်လက်သား ဒါယကာ၊ ဒါယိကာမများကို...

'လောဘ၊ ဒေါသ၊ မောဟထားရင် မိမိကိုယ်ကို ဒုက္ခပေးနေတာပဲ၊ ဒါကြောင့် ဒုက္ခရောက်စေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေကို ဖျောက်ဖျက်ကြပါ'

ဟု အမြဲ သွန်သင် ဆုံးမသြဝါဒပေးတတ်၏။

ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ တစ်ခုသော နေ့တစ်နေ့၌ ဆရာတော်ကြီးမှာ ရွာသားများအား အစည်းအဝေးခေါ်၍ ရွာလမ်းများကို ပြင်ခိုင်း၏။ ရွာလယ်လမ်းမရှိ ဝါးငုတ်များကို တူးစေပါသည်။ ရွာလမ်းကို (၅)ရက်အတွင်း ကောင်းမွန်အောင် ပြင်ခိုင်းလေသည်။

ရွာသားများမှာ ဆရာတော်ကြီး (၅)ရက်အတွင်း ရွာလမ်းကောင်းအောင် ပြင်ခိုင်းခြင်းအတွက် နားမလည်နိုင်ခဲ့ကြပါ။

ဤသို့လျှင် ရွာလမ်းပြင်ပြီးချိန် (၅)ရက်မြောက်သောနေ့၌ မန္တလေးမြို့ ဒကာ၊ ဒကာမများ ဆရာတော်ကြီးအား ဖူးမြော်ကြရန် ကားဖြင့် အစီအရီ ရောက်ရှိလာခဲ့ကြလေသည်။

ဆရာတော်ကြီးမှာ ရှေ့ဖြစ်မည့် နိမိတ်ကို ကြိုသိနေသည့်အလား ဖြစ်နေ၍ ရွာသားများမှာ အံ့သြမဆုံးဖြစ်ခဲ့ကြလေသည်။

မန္တလေးမှ ဒါယကာ၊ ဒါယိကာမများ ဆရာတော်ကြီးအား လာရောက်ဖူးမြော်ဖြစ်ခဲ့ကြပုံမှာ ထိုမန္တလေးမှ ဒကာ၊ ဒကာမမိသားစုတို့သည် နေ့စဉ်နေ့တိုင်း ဘုရားဝတ်တက် အာနာပါန တရားရှုမှတ်ချိန်တိုင်း ဆရာတော်ကြီး၏ ပုံရိပ်တော်ကို အာရုံထဲ၌ ဖူးတွေ့နေရ၏။

ရှေ့လ ဆက်ဖတ်ပါရန်

**ညီလေးငယ်(လယ်တော်)**

## စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

# ချစ်မှုရေးရာ

လက္ခဏာ



ကြည့်ပါ။

◎ နှလုံးလမ်းကြောင်းသည် မျဉ်းနှစ်ကြောင်းထပ်သကဲ့သို့ ဖြစ်နေတယ်။ (၁)

ဒါကတော့...

နှလုံးသားရေးရာ အချစ်ရေးအချစ်ရာနဲ့ ပတ်သက်ပြီး အချစ်ကြီးပေမယ့် ချစ်ကံခေစေတဲ့အကြောင်းပါပဲ။

**◎ ကံလမ်းကြောင်းသည် နှလုံးလမ်းကြောင့် ရပ်တန့်နေပြီး ကံလမ်းတစ်ကြောင်းကတော့ ဦးခေါင်းလမ်းကြောင်းမှာ ရပ်တန့်နေပါတယ်။ (၂) (၃)**

ဒါကတော့...

နှလုံးသားရေးရာမှာ ဆုံးဖြတ်ချက်မှားယွင်းစေတဲ့ သင်္ကေတမျိုးပါပဲ။ ကဲ ဒါကြောင့်...

ဆင်ကန်းတောတိုး အချစ်မျိုးလို့ ဆိုရမှာပါပဲ။

**ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ**

ဦးသော်ခင် (ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com



• • • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အထွားမပိုတဲ့ • • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၉၁၀ YR ၀၀၀၉၉၇]*
*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

သမားအို
လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၉ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဆီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**
အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




ဝမ်းသခင်းခြေတော်ရာတောင်ထိပ် ကျောက်ဆောင်ပေါ်ရှိ စေတီတော်နှင့် ခြေတော်ရာ တန်ဆောင်းပုံ

# ဝမ်းသခင်းခြေတော်ရာ

## ဘုရားဖူးခရီး

ဖြောင့်စေ (LL.B)

**ကရင်ပြည်နယ် မိကရင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ၊** ကပ္ပိယကျောင်းသား မောင်ကျော်လှနှင့် ကျွန်ုပ်စာရေးသူတို့သည် (၂၉-၄-၂၀၁၅)ရက်နေ့ မွန်းလွဲပိုင်းတွင် **ကျိုက်မွတ်လအိ**ဆံတော်ရှင်တောင်ထိပ်ဘုရားဖူးခရီးမှ ပြန်လာကြပါသည်။ ထိုခရီးမှ အပြန်တွင် **မြဝတီမြို့ တောရတိုက်ကျောင်း၊ တိုက်အုပ်ဆရာတော် ဦးသောဘိတ ကျောင်းဆောင်တွင်** ခေတ္တအနားယူပြီး မွန်းလွဲ(၃)နာရီခန့်တွင် မြဝတီမြို့မှ မဲဆောက်မြို့ (ထိုင်းနိုင်ငံ)ဘက်သို့ သွားရောက်ရန်၊ သောင်ရင်းမြစ် ကူးတို့ဆိပ်သို့ ဆင်းခဲ့ကြပါသည်။

သောင်ရင်းမြစ်ကို စက်လှေဖြင့် (၃)မိနစ်ခန့်သာ မောင်းရသည်။ ထိုင်းနိုင်ငံဘက် တပ်မဟာဆိပ်သို့ ရောက်ကြ၏။

ဆရာတော်ဦးဝဏ္ဏိတ၏ တူမတော်စပ်သူ မနော်မု (မယ်တော်ရွာတွင် နေထိုင်သူ)ထံသို့ ကြိုတင်ဖုန်းဆက်ထားသဖြင့် သူမ၏ခင်ပွန်းက ကိုယ်ပိုင်ကားဖြင့် လာကြိုနေသည်။

နော်မုက မိကရင်ကျေးရွာသူဖြစ်ပြီး၊ သူမ၏ခင်ပွန်းမှာ ကော့ကရိတ်မြို့နယ် ဒေါ်လန်းရွာသားဖြစ်ကြောင်း သိရသည်။

ကျွန်ုပ်တို့ကို လာကြိုသော ကိုယ်ပိုင်ကားမောင်းသူမှာလည်း မွန်ပြည်နယ်၊ တောင်စွန်းရွာဇာတိ အမျိုးသားလူငယ်တစ်ဦးဖြစ်၏။

ထိုင်းနိုင်ငံမဲဆောက်မြို့တွင် မြန်မာနိုင်ငံ ရွှေ့ပြောင်း အခြေချနေထိုင်သူ သုံးပုံနှစ်ပုံခန့်ရှိကြောင်း သိရသည်။

တပ်မဟာရွာဆိပ်ကမ်းမှ ကတ္တရာမော်တော်ကားလမ်းအတိုင်း မြောက်ဘက်သို့ (၁၅)မိနစ်ခန့်မောင်းပြီး ဝမ်းသခင်းရွာ ခြေတော်ရာတောင်ခြေသို့





www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိသည်။

ဒေသခံများ၏အသံထွက်မှာ **"ဝမ်းစကင်း"**ဖြစ်သည်။ ထိုင်းစကားမှာ မွန်စကားကဲ့သို့ **"သ"**အသံမရှိပါ။ **"သ"**ကို **"စ"**ဟုသာ အသံထွက်ကြသည်။

ခြေတော်ရာတောင်ခြေတွင် ဘုန်းတော်ကြီးကျောင်း ပရိဝုဏ်ရှိသည်။ ဈေးဆိုင်နှင့် အရိပ်ရအပင်များလည်း ရှိသည်။

ခြေတော်ရာတောင်ဝန်းကျင် လမ်းညွှန်မြေပုံလည်းရှိသည်။ ထိုင်းဘာသာနှင့် ရေးထားသောကြောင့် ကျွန်ုပ်တို့ မကြည့်တတ်ပါ။

ခြေတော်ရာတောင်၏ အနောက်ဘက်မှာ သောင်ရင်းမြစ်ရှိသည်။ ခြေတော်ရာတောင်၏ တောင်ဘက်ခြမ်းမှာ တောင်တက်လမ်းအစရှိသည်။


တောင်တက်လမ်းမှာ အင်္ဂတေလှေကားထစ်များ ပြုလုပ်ထားသည်။ တောင်တက်လမ်းအစ၏ အရှေ့ဘက်အနီးတွင် နဂါးစောင်းတန်းရှည်နှင့် ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်(၁)ဆူကို ဖူးတွေ့ရ၏။

ခြေတော်ရာ တောင်တက်လမ်းမှာ အနည်းငယ်မတ်သဖြင့် နားနားပြီး တက်ကြရသည်။ မွန်းလွဲ (၃)နာရီ၊ (၄၅)မိနစ်တွင် တောင်ခြေမှ စတင်တက်ရာ (၄)နာရီတိတိတွင် တောင်တက်လမ်းဘေး၌ ဘုရားလိုဏ်ဂူတစ်ဂူကို တွေ့ရှိရသည်။


လိုဏ်ဂူဝမှာ အရှေ့ဘက်သို့လှည့်သည်။ လိုဏ်ဂူဝတည့်တည့် လူသွားလမ်းရှေ့ တောင်စောင်းတွင် နားနေဇရပ်ငယ်တစ်ဆောင်ရှိသည်။ လိုဏ်ဂူဝမှာ အကျယ်(၅)ပေခန့်၊ အမြင့်(၁၅)ပေခန့်ရှိသည်။ အတွင်းမှာ


▲ ဝမ်းသခင်းခြေတော်ရာတောင်ထိပ်ရှိ စေတီတော်နှင့် ရုပ်ပွားတော် ရုပ်တုတော်များ

▼ ဝမ်းသခင်းခြေတော်ရာတောင်ထိပ်ရှိ ရတနာပုံ စံကျောင်းတော်



▼ ဝမ်းသခင်းခြေတော်ရာတောင်ထိပ်ရှိ နားနေဇရပ်








www.burmeseclassic.com


www.burmeseclassic.com



◆ ဝမ်းသခင်းခြေတော်ရာတောင်ထိပ် နားနေဇရပ်တွင်း၌ ပူဇော်ခံထားသော ရုပ်ပွားတော်များ



◆ ဝမ်းသခင်းခြေတော်ရာ တောင်တက်လမ်းတစ်ဝက်ရှိ လိုဏ်ဂူဝရုပ်ပွားတော်ပလ္လင်အနီးမှ ပန်းရောင်နှင့် အပြာရောင် ဝတ်စုံများ ဝတ်ဆင်ထားသော အမျိုးသမီးရုပ်တုများ



◄ ဝမ်းသခင်းခြေတော်ရာ တောင်တက်လမ်းတစ်ဝက်ရှိ လိုဏ်ဂူအတွင်းပိုင်း အမှောင်ထု

အနည်းငယ် ပိုကျယ်သည်။

ထိုလိုဏ်ဂူတွင်းမှာ ကြွေပြားများခင်းထားသဖြင့် အေးမြနေသည်။ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပူဇော်ခံထားသည်။

ထူးခြားချက်မှာ ဘုရားပလ္လင်အောက်ခြေဘယ်ညာတွင် အပြာရောင်ဝတ်စုံနှင့် အမျိုးသမီးတစ်ဦး၊ ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးပုံ ရုပ်တုများတွေ့ရသည်။ ကျွန်ုပ်တို့အား ရှင်းပြနိုင်သူမရှိသဖြင့် ထိုရုပ်တုများအကြောင်း မသိခဲ့ရပါ။

ဗုဒ္ဓရုပ်ပွားတော်၏ ကျောနောက်မှာ လိုဏ်ဂူအမှောင်ခန်း တွေ့ရသည်။ ကျွန်ုပ်တို့မှာ ဓာတ်မီးပါမသွားသဖြင့် အမှောင်ဂူထဲသို့လည်း မဝင်ခဲ့ရပေ။ လိုဏ်ဂူထဲရှိ ဗုဒ္ဓရုပ်ပွားတော်ကို ရှိခိုးဦးချပြီး ဂူပြင်ထွက်၍ တောင်ထိပ်ပေါ် ဆက်တက်ကြသည်။

(၁၀)မိနစ်ခန့် ဆက်တက်ပြီး ခြေတော်ရာတောင်ထိပ်ပေါ်သို့ ရောက်ကြ၏။ တောင်ထိပ်တွင် နားနေဇရပ်ကြီးတစ်ဆောင်ရှိကြောင်း တွေ့ရသည်။

ထိုဇရပ်တွင် ဗုဒ္ဓရုပ်ပွားတော်များ ပူဇော်ခံထားသည်။ ခေတ္တမျှထိုင်နားရင်း ဗုဒ္ဓရုပ်ပွားတော်များကို ရှိခိုးဦးချ ပူဇော်ကြ၏။

နားနေဇရပ်နှင့် မျက်နှာချင်းဆိုင်တွင် ကျောက်ဆောင်ကျောက်တုံးများပေါ်၌ ရှင်သီဝလိရဟန္တာရုပ်တုတော်၊ ဗုဒ္ဓမြတ်စွာဘုရား ရုပ်တုတော်နှင့် စေတီတော်တစ်ဆူကို ဖူးတွေ့ရသည်။

ထိုစေတီတော်သို့ အတက်လမ်းနှင့် အာရုံခံတန်ဆောင်းလည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစေတီတော်၏ အနီးကပ်လျက်မှာ မြဲဘုရားတစ်ဆူ ပူဇော်ခံထားသည့် ကျောင်းတစ်ဆောင်ရှိ၏။ **"ရတနာပုံ စံကျောင်း"**ဟု ဆိုင်းဘုတ်ရေးထိုးထားသည်။

ဤကျောင်းတော်ကို ကရင်ပြည်နယ်၊ ဘားအံမြို့မှ ကျောက်ကလပ်ဆရာတော်ကြီး ဦးဆောင်လှူဒါန်းထားကြောင်း မှတ်တမ်းရေးထိုးထားသည်။

အမှန်တော့ ဤခြေတော်ရာတောင်ရှိ သာသနိက အဆောက်အအုံများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ အားလုံးကို မြန်မာနိုင်ငံမှ မဲဆောက်တွင် လာရောက်နေထိုင်လုပ်ကိုင်ကြသော မြန်မာနိုင်ငံဖွား ဗုဒ္ဓဘာသာဝင်များက လှူဒါန်းသာသနာပြုကြခြင်း ဖြစ်ကြောင်း သိရသည်။

**သာမညဆရာတော်ကြီးသည် ဤခြေတော်ရာတောင်တွင် သီတင်းသုံး တရားအားထုတ်ခဲ့ဖူးကြောင်း လည်း သိရသည်။**

နားနေဇရပ်အနီး တောင်တက်လမ်းအဆုံးထိပ်အစွန်းတွင် ခြေတော်ရာ ကျောက်ဆောင်ကြီးရှိသည်။ ကျောက်ဆောင်ထိပ်မှာ စေတီတော်တစ်ဆူရှိပြီး လက်တန်းပါသော အင်္ဂတေ လှေကားထစ်များဖြင့် ကျောက်ဆောင်ပေါ် တက်ရသည်။ ပေ(၃၀)ခန့်သာမြင့်သည်။


စေတီတော်အနီးမှာ ကျောင်းဆောင်ငယ်တစ်ခုရှိပြီး အင်္ဂတေကြာပွင့်ကြီးသဏ္ဌာန် ပတ်ကာထားသောနေရာမှာဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်၏ ခြေတော်ရာရှိသောနေရာဖြစ်သည်။

ငုံ့၍ ဖူးမြော်လိုက်သောအခါ **ရွှေ**



ဝမ်းသခင်ခြေတော်ရာတောင် လိုဏ်ဂူတွင်း ပူဇော်ခံထားသော ဗုဒ္ဓရုပ်ပွားတော်

ဝမ်းသခင်ခြေတော်ရာ တောင်တက်လမ်းတစ်ဝက်ရှိ လိုဏ်ဂူ





ဝမ်းသခင်ခြေတော်ရာ တောင်တက်လမ်းအစ အင်္ဂတေလှေကားထစ်များ





www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသခင်းခြေတော်ရာ တောင်တက်လမ်းအဆုံးအနီးရှိ နဂါးခေါင်းတန်းနှင့် ရုပ်ပွားတော်



ဝမ်းသခင်းခြေတော်ရာရှိသောနေရာ

...ထားသော **ဘယ်ဘက်ခြေတော် ...တစ်ဆူကို** ဖူးမြင်ရပါသည်။

...ကျောက်ဆောင် ကျောက်သားပေါ် ...တွင် အလွန်ထင်ရှားပါသည်။ လူတို့ ...ထုပြုလုပ်သည်နှင့် မတူပါ။ **...တော်ရာမှာ မြန်မာပြည် မြဝတီ ...ဘက်သို့ ခြေဦးလှည့်ထား၏။ ...တော်ရာ၏ အလျားမှာ (၂)ပေ ...အကျယ်မှာ (၁)ပေခန့်ရှိသည်။**

...ကဲ့သို့ ခြေတော်ရာမျိုး၊ မြဝတီ ...သက်နီးညီနောင်ရွာ ဝေ့ရှမ်း ...တောင်တွင်လည်း တစ်ဆူရှိကြောင်း သိခဲ့ရသည်။

ခြေတော်ရာတောင်နှင့် ခြေတော်ရာသမိုင်းကို စုံစမ်းမေးမြန်းရန် ဒေသခံများ တစ်ဦးမှ မတွေ့ရှိရပါ။ လိုက်ပို့သူများကလည်း မဲဆောက်တွင် နေထိုင်သော်လည်း ဤခြေတော်ရာတောင်သို့ ပထမဆုံးအကြိမ် ရောက်ဖူးသူများသာဖြစ်ကြ၍ သူတို့လည်း မသိပါ။

ဂေါတမ မြတ်စွာဘုရားရှင်သည် ဝါတော်(၈)ဝါရပြီးသောအခါ ဘိုးတော်အဥ္စနမင်းကြီး ဖြိုကြွင်းသက္ကရာဇ်(၁၁၁)ခုနှစ်၊ ပေါမန္တဆောင်းဥတုဌ ရာမညတိုင်းနှင့် ယောနကတိုင်းတို့ကို ရဟန္တာပေါင်း(၅၀၀)နှင့် ဒေသစာရီ ဖြန့်ချီတော်မူခဲ့သည်။

တရုတ်ပြည် မာလကမြို့၊ သောက္ကဒ၊ သီအယုဒ္ဓယ၊ ဒွါရာဝတီ ယိုးဒယားပြည်၊ ထားဝယ်မြို့၊ ကွမ်ထားလောင်းစသည်တို့မှတစ်ဆင့် အိမ်ခြေပေါင်း(၅၀၁)အိမ်ရှိသော **"ကွမ်ဘရဲ့ဖတိုင်" (သဲမြေရွာ)**၊ ယခု မြဝတီမြို့သို့ရောက်ရှိပြီး မြို့စားသုမနမင်းနှင့် ရွာသူရွာသား၊ မြို့သူမြို့သားတို့က ဆွမ်းကျွေး လှူဒါန်းကြသည်။

မြတ်စွာဘုရားကလည်း တရားဓမ္မဟောကြားတော်မူခဲ့သည်။ ထို့နောက်မှ ယောနကတိုင်း၊ ကြင်းမိုင်းအရပ်သို့ ဆက်လက် ကြွသွားကြောင်း၊ မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်စာအုပ်တွင် ဖတ်ရှုခဲ့ရဖူးပါသည်။

ထိုသမိုင်း အထောက်အထားအရဆိုလျှင် ဤဒေသသို့ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်နှင့် ရဟန္တာ(၅၀၀)ကြွရောက်တော်မူခဲ့သည်ဖြစ်၍ ယခုကျွန်ုပ်တို့ဖူးမြင်ရသည့် ဝမ်းသခင်းခြေတော်ရာမှာ **ဗုဒ္ဓမြတ်စွာဘုရား၏ခြေတော်ရာ (သို့မဟုတ်) ရဟန္တာတစ်ပါးပါး၏ခြေတော်ရာ ဖြစ်နိုင်ပါသည်။**


**မြဝတီဒေသခံ စာရေးဆရာတို့မှ ဤ ဝမ်းသခင်းခြေတော်ရာ၏ သမိုင်းကြောင်းနှင့်တကွ ယခု ဖြစ်ပေါ်တိုးတက်မှုများကို စုံစမ်းမေးမြန်းပြီး၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတိုက်သို့ ဆောင်းပါးပေးပို့ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။**

ဝမ်းသခင်း ခြေတော်ရာတောင်မှာ




www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသခင်ခြေတော်ရာတောင်ထိပ်ရှိ တွေ့ရှိထားသော ဂေါတမမြတ်စွာဘုရား၏ ဝဲဘက်ခြေတော်ရာ




တန်ခူးလသင်္ကြန်ရက်များတွင် အ…
စည်ကားကြောင်း သိခဲ့ရသည်။
အကြောင်းအမျိုးမျိုးဖြင့် …
ပြည်နယ်၊ ဘားအံဒေသသို့ …
ရောက်ကြသူများအနေဖြင့် **ဘား…**
**မြို့မှ မြဝတီမြို့သို့** အချိန်(၃)…
ခန့်မျှနှင့် မောင်းနှင်နိုင်သော …
ကရိတ်–မြဝတီ မော်တော်ကား…
သစ်ကြီးမှတစ်ဆင့် ထိုင်း…
မဲဆောက်မြို့နယ်၊ ဝမ်းသခင်းခြေ…
ရာကို နေ့ချင်းပြန်ဘုရားဖူး …
ရောက်နိုင်ကြစေရန် လမ်း…
ဖော်ပြပေးလိုက်ရပါသည်။ …
ကရိတ်မြို့မှ မြဝတီမြို့သို့ …
(၃၀)မျှသာ ကားမောင်းရပါသည်…

***စေတနာမှန်လျှင် ကံကောင်း…***

**အောင်ဇ (LL.B)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ...ကျန်းမာ အသက်တစ်ရာ ကျင့်ကြံ ...ိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ ...ရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ...သော အသံရှင်ကြောင့် ရေးလက်စ ...ကို အသာချထားပြီး ပြန်လည် ခရီးဦး ...နှုတ်ဆက်လိုက်သည်။

'...ညော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ...အချိန်တွေ့တွေ့ တက်ကြွလန်းဆန်း ...ရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး ...အခု စာရေးဆရာကြီးကို အကူအညီ ...တောင်းချင်လို့ဗျ'

'...ပြောလေ ကိုမျိုးမြင့်'

'...ဒီလိုဗျ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ ...မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိ ...ရင် အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ ...နည်းနည်းလေးကြာကြာ ထိုင်မိတာ ...ရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည် ...ဘူး။ နောက်ကြောတက်၊ ဖက်ကြောထိုးလာတယ်။ အမြဲ ...လို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ...မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ ...ရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာ ...တောင်းတာ'

'...သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ...လေး သုံးဆောင်ပါဦး'

...ပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီး ...ကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေ သူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့ တခြား ဝ,ဝလာတယ်။ ဖက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထ လေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေး ရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်း မာဘူး ဖြစ်နေခဲ့တာပါဗျာ'

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နဲ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြော ထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက် အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့၊ ခေါင်းကိုက်ခြင်း၊ မျက်ခုံး၊ မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်၊ သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်း ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက် ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ် ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး ဝမ်း၊ လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်း တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာ ဖယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်း မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့် ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အ ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိ အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအ အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် ''စကြာ မျက်စိကြည် အကြောပြေဆေး''ကို ပြေးဝယ်လိုက်ဦးမယ်

မင်ရင်း--မြန်မာ့စျေးရေး

**စကြာမင်း**

**တိုင်းရင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး

သွန္နာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်

ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၉၄၁



www.burmeseclassic.com

www.burmeseclassic.com

# သာမညဆရာတော် ညွှန်ပြတော်မူသော

## ဆရာတော်နှစ်ပါးနှင့် လောကီလောကုတ် ကျင့်စဉ်များ

ခင်ခင်ဝင်း (မော်ရဝတီ)



သာမညတောင်တော်ထိပ်မှ မြတ်စောညီနောင်စေတီနှစ်ဆူ အထိတ်တစ်လုံးသင်္ကန်း(၃)ထိုးနှင့် သာမညတောင်တော်သို့ ကြွရောက် သာသနာပြုသည်



**၁၃၄၅ ခုနှစ်၊** တပေါင်းလပြည့်နေ့ ဖြစ်ပါသည်။ သာမညတောင်တော်ရှိ သာမညဆရာတော်ကြီးထံတော်ပါးသို့ ကျွန်မတို့တစ်စု ပထမဦးဆုံးအကြိမ် သွားရောက် ဖူးမြော်ပူဇော်ကြခြင်း ဖြစ်သည်။

'ဆရာတော်တစ်ပါး ပေါ်နေတယ်။ လောကီသိဒ္ဓိပေါက်နေတယ် ပြောကြတယ်။ ဆရာတော်ရဲ့ မေတ္တာဓာတ်ကို ခံယူပြီးရင် စီးပွားရေး ကျန်းမာရေး အားလုံး အဆင်ပြေတယ်တဲ့'

မော်လမြိုင်မြို့ ဈေးကြီးတစ်ခွင်မှာ သတင်းပျံ့နေသည်။ ဘာသာရေးနှင့် ပတ်သက်၍ ထူးခြားသတင်းရလျှင် ဦးဦးဖျားဖျားသွားတတ်သော ကျွန်မတို့တစ်စုက တပေါင်းလပြည့်နေ့ အရောက်သွားရန် ချိန်းဆိုလိုက်ကြပါသည်။


ကျွန်မတို့တစ်စု ဆိုသော်လည်း (၄) ဦးတည်းပါ။ မုဒုံမြို့ သိမ်ကျောင်းရှေ့ စိန်ပွဲစား ဒေါ်မလေးနှင့် ညီမ မအေးမြင့်၊ မော်လမြိုင်မြို့မှ ကျွန်မခင်ခင်ဝင်းနှင့် သမီးလေး ဖြိုးဖြိုးအိတို့ ဖြစ်ပါသည်။

'သွားတဲ့နေ့ကစပြီး သက်သတ်လွတ်စား သွားကြနော်'

သွားရောက်ဖူးပြီးသွားသူက ညွှန် ကြားသည်။ ကျွန်မတို့ကလည်း လိုက်နာကြပါသည်။ လွန်ခဲ့သော (၃၂) နှစ်က ပထမဦးဆုံး သက်သတ်လွတ်

www.burmeseclassic.com





▲ ကျွဲဦးဆရာတော်ကြီးထံ
လှူဒါန်းသော လေယာဉ်ပုံစံမှ
ဆရာတော်တစ်ပါး ရှာမွေ့ကြွပုံ ပုံတော်
◄ မရမ်းဆရာတော်ကြီး
ဘဒ္ဒန္တဝိမလာစာရ ဘွဲ့တံဆိပ်ယူစဉ်

စားဖြစ်သောနေ့ ဖြစ်ပါသည်။

ဖြစ်ပါ့မလားဟု စိုးရိမ်မိသော်လည်း ကြည်လင်အေးငြိမ်း ပြုံးရိပ်ဆင်ထားသော မျက်နှာတော်ကို ဖူးမြော်ပြီးစဉ် မှာပင် သတ်လွတ်တင်မက မီးလွတ်ပင် စားနိုင်သွားလေပြီ။

ဆရာတော်ကြီး၏ မေတ္တာစာတ်နှင့် ဘုန်းတော်ဂုဏ်တော်များက ဤမျှ စွမ်းနိုင်သလို အေးငြိမ်းချမ်းသာသော ပီတိကို လက်တွေ့ ခံစားခဲ့ကြရပါသည်။

သစ်သား ကျောင်းငယ်လေး အောက်မှာ အနီးပတ်ဝန်းကျင်ရွာများက လာရောက် လှူထားကြသော ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ဘူးသီး၊ ခရမ်းသီး အစရှိသည်များကို အစုံအပုံ လိုက် တွေ့ကြရသည်။

ထိုမှစ၍ အပတ်စဉ် ကျွန်မတို့ (၄)ဦးသည် စနေနေ့သွား သာမညတောင်တော်တွင် တစ်ညအိပ်၊ တနင်္ဂနွေနေ့ မော်လမြိုင်သို့ပြန်၊ နိစ္စဓူဝ ဖြစ်ခဲ့ကြပါသည်။

ထိုစဉ်က တောင်ပေါ်တက်သည့် ကားလမ်းလည်း မရှိသေးပါ။ တောင်ပေါ်တက်သော မြေနီလမ်းကလေးသာ ရှိပါသည်။ တောင်ခြေတွင် အိမ်လေးသေးသေးများ အနည်းငယ်သာ ရှိသေးသည်။

သက်တော်(၇၀)နှစ် ရှိပြီဖြစ်သော ဆရာတော်သည် သီလ၊ သမာဓိ အကျင့်စရဏပိုင်းတို့၏ အားကောင်း ဂုဏ်သတင်းကြောင့် တစ်ခါဖူးမြော်ပြီး လျှင် ထပ်ကာထပ်ကာ သွားရောက် ချင်စိတ် ဖြစ်ပေါ်စေပါသည်။

အသက်(၆၀)ပြည့် မွေးနေ့မှစ၍
သက်ပယ်ဆွမ်းကို ဘုန်းပေးသည်

**၁၃၃၄ ခုနှစ်၊ ဝါဆိုလဆန်း(၆) ရက်နေ့** ဆရာတော်၏ သက်တော် (၆၀)ပြည့်မွေးနေ့ အလှူပွဲမှ စတင်၍ သက်ပယ်ဆွမ်းကို ဘုဉ်းပေးခဲ့ပါသည်။

သက်သတ်လွတ် စားသုံးခြင်းသည် ဘုရားဟော မဟုတ်သော်လည်း သတ္တဝါတို့ကို မေတ္တာထက်ရော



www.burmeseclassic.com

www.burmeseclassic.com



သာမညကျောင်းဆရာတော် - အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိနယ အရှင်သူမြတ်ကြီး၏ လက္ခဏာတော်မြတ်



▲ ကျောင်းထွက်ခေါ်ချင်သော အရာပေါ်သို့ သာမညဆရာတော်၏ လက်ဝဲတော်ဖြင့် ရိုက်၍ ကျောင်းထွက်ပါစေ ဆုတောင်းရန် သာမညဆရာတော် မိန့်ခဲ့ပါသည်

◀ ဓာရေးသူကိုးကွယ်ထားသော သာမညဆရာတော်ဦးဝိနယ၏ ဓာတ်ခွက်ပုံတော်ကြီး

နာသထောက်ထားမှု၊ မေတ္တာဘာဝနာ ပွားများမှုတွင် မေတ္တာစေတနာကို ပိုမို ထက်သန်ပြည့်စုံစေသည် ဖြစ်၍ ဆရာတော်ကြီး လက်ကိုင်ပြု ဩဝါဒ ပေးခဲ့ပါသည်။

သော ဘိက္ခဝေ သတ္တော သုလဘာ ရူပေါ ယောနမာတာပိတု ဘူတပုဗ္ဗော ဣမိနာ ဒီဃေန အဒ္ဓုနာ။

*(ဒိဂါနဝဂ္ဂ သံယုတ်၊ အနမတဂ္ဂသုတ်)*

တွင် ပြဆိုချက်ကို မြန်မာပြန်လျှင်…

**"ဤလောကရှိ သတ္တဝါတို့တွင် မိဘ နှင့် ဆွေမျိုး၊ မတော်စပ်ခဲ့ဘူးသော သတ္တဝါဟူ၍ မရှိ"**

သို့ကြောင့် အဆွေအမျိုးဖြစ်သော သတ္တဝါအချင်းချင်း တစ်ဦးပေါ် တစ်ဦး မေတ္တာထားကြပါ။ မညှင်းဆဲကြပါနဲ့။ သတ်ဖြတ်ကြပါနဲ့။ မိမိအသက်ကို ချစ်သလို၊ သူ့အသက်ကို လဲချစ်ပါ။

အသက်သတ်လွတ် စားသုံးခြင်းဟာ အကျိုး(၃)မျိုးလှူပြီး ဖြစ်တယ်။

၁။ မိမိအစာအာဟာရအတွက် သက်သက်နဲ့ သတ္တဝါအပေါင်းတို့ကို ဘေးဒုက္ခကင်းဝေးစေတဲ့ အဘယဒါနအလှူ။

၂။ မိမိအစာဟာရအတွက် သက်သက်နဲ့ အသက်သေစေမှု မရှိတဲ့ ဇီဝိတဒါနအလှူ။

၃။ သတ္တဝါတို့ကို အချိန်မစေ့မီ သေကျေခြင်း မရောက်စေသဖြင့် အကာလမရဏအလှူ တို့ကို လှူပြီးဖြစ်တယ်"

ဆရာတော်ကြီးအား သွားရောက် ပူဇော်ပြီး ရာသက်ပန် သက်သတ်လွတ် အဓိဋ္ဌာန်ဝင်သွားသူ ကျွန်မ၏ မိတ်ဆွေ (၂)ဦး ရှိပါသည်။

၁။ **ဒေါ်လှရီ**(ဘုရားသုံးဆူမြို့၊ မြန်မာ သစ်သားပန်းပုဆိုင်။)

၂။ **ဒေါ်ချိုအေး** (ရုံပိုင်းအလုပ်ပြင်ဆိုင်၊ မော်လမြိုင်မြို့။)တို့ ဖြစ်ကြပါသည်။

ကျွန်မတို့ကတော့ (၉)၊ (၁၈)၊ (၂၇)၊ (၃၆)၊ (၄၅)၊ (၅၄)၊ (၆၃)၊ (၇၂)၊ (၈၁)၊ (၉၀)၊ (၉၉)၊ (၁၀၈)ရက် သက်သတ်လွတ် အဓိဋ္ဌာန်တင်၍ စားသုံးကျင့်ကြံခဲ့ပါသည်။

---

ဆရာတော်ကြီး သင်ပေးသော

---

လောကီလောကုတ်ကျင့်စဉ်များ

---

အပတ်စဉ်မပျက် သွားရောက် ပူဇော် လှူဒါန်းခဲ့ကြသော ဝိရိယများကြောင့် ဆရာတော်ကြီးနှင့် ကျွန်မတို့သည် မိဘနှင့် သားသမီးလို၊ ဆရာနှင့် ဒကာလို ရင်းနှီးလေးစား ကြည်ညို ခဲ့ကြပါသည်။

အပတ်စဉ် ကျင့်စဉ်တစ်ခု၊ မှတ်သားဆုံးမဩဝါဒတစ်ခု အလှူဒါနတစ်ခု စသည်ဖြင့် အမြဲရရှိစေခဲ့ပါသည်။

ဆရာတော်ကြီးကိုယ်တိုင် လက်နှင့် ဖျော်၍တိုက်သော ဆေးကိုလည်း သောက်ခဲ့ရဖူးပါသည်။

ကျွန်မတို့ သိဒ္ဓိတင်ချင်သော အရောင်းအဝယ်ပစ္စည်းများ၊ အဆောင်ပစ္စည်းများကို ဆရာတော်ကြီး ကိုယ်တိုင် လက်ဖြင့် ကိုင်၍ တင်ပေး ရွတ်ဖတ်ပေးပါသည်။

အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော်ကိုးပါးကို အလယ်ချက်မဟုတ်ဖြစ်သော လောကဝိဒူ ဂုဏ်တော်ကို အစ ပြု၍ ကျန်ဂုဏ်တော်များကို ထက်အောက်ကွန်ချာ အင်းဆန်သွင်းထားသောဂါထာကို ဆောင်ထားစေခြင်း



www.burmeseclassic.com

www.burmeseclassic.com

ရွှတ်ဖတ်စေခြင်း၊ ပုတီးစိပ်စေခြင်း တို့ကို ပြုလုပ်စေပြီး...

လိုတရ အောင်မြင်ပြီးမြောက် ချမ်းသာစေကာ အရှေ့တွင် **သီရိ၊ သီရိ"** ဟု နှစ်ခေါက်ရွှတ်ဆို ပုတီးစိပ်ပါဟု မိန့်တော်မူပါသည်။ (၂)ခေါက် ရွှတ် (၁၀၈)ရပါသည်။

သီရိ

လော၊ သု

သု၊ လော၊ ပု၊

ပု၊ လော၊ သု၊ ဝိ

ဝိ၊ သု၊ လော၊ ပု၊ သ

သ၊ ပု၊ လော၊ သု၊ ဝိ၊ သံ

သံ၊ ဝိ၊ သု၊ လော၊ ပု၊ သ၊ ဗု

ဗု၊ သ၊ ပု၊ လော၊ သု၊ ဝိ၊ သံ၊ အ

အ၊ သံ၊ ဝိ၊ သု၊ လော၊ ပု၊ သ၊ ဗု၊ ဘ

ဘ၊ ဗု၊ သ၊ ပု၊ လော၊ သု၊ ဝိ၊ သံ၊ အ

**အ** = အရဟံ

**သံ** = သမ္မာသမ္ဗုဒ္ဓေါ

**ဝိ** = ဝိဇ္ဇာစရဏသမ္ပန္နော

**သု** = သုဂတော

**လော** = လောကဝိဒူ

**ပု** = အနုတ္တရောပုရိသဒမ္မသာရထိ

**သ** = သတ္ထာဒေဝမနုဿာနံ

**ဗု** = ဗုဒ္ဓေါ

**ဘ** = ဘဂဝါ

ဆရာတော်ကြီးကိုယ်တိုင် ကျင့်ကြံပွားများခဲ့သော ဂုဏ်တော်ဗုဒ္ဓါနုဿတိဘာဝနာဖြစ်ကြောင်း မိန့်ကြားသဖြင့် ကျွန်မတို့ နှုတ်တိုက် ရွှတ်ဆို ပုတီးစိပ်ပွားများကြပါသည်။

## မလာကြနဲ့တော့လို့ မိန့်တော်မူခြင်း

ဆရာတော်ကြီး၏ ဂုဏ်တော်များကြောင့် ကြိတ်ကြိတ်တိုး စည်ကားတော့မည်ကို ဆရာတော်ကြီးက ကြိုတင်သိနိုင်လေပြီ။ ကျွန်မတို့မှာ သိပ်မစည်ကားမီ ပူဇော်ခွင့်ကြုံလိုက်သဖြင့်



▲ အဘိဓမ္မာဂုရုမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိနယအရှင်မြတ်ကြီး [ကျောင်းထွက်လျှင်သော ပစ္စည်းကိုပါ ပြောဆိုရမည့် အရေးကြီးစကားများကို ဆရာတော်သိစေနိုင်ပြောပေးပါဟု သာမညဆရာတော်မှသင်ပေးခဲ့ပါသည်]

သာ စိတ်တိုင်းကျ ဆရာတော်ကြီးကို ပူဇော်ခွင့်ရကြခြင်း ဖြစ်သည်။

မသွားရောက်နိုင်ကြသော မိတ်ဆွေများအတွက် သင်္ကန်းကိုယ်စား ကပ်ပေးခြင်း၊ လှူပေးခြင်းများကို ကျွန်မတို့အဖွဲ့က ဥပသကာ ပြုပေးခဲ့ကြသည်။

'နင်တို့ မလာကြနဲ့တော့'

ဆရာတော်ကြီး၏ မိန့်ကြားချက်ကို ပထမတော့ အံ့ဩဝမ်းနည်းမိကြသည်။ သာမညဆရာတော်ကြီး လမ်းညွှန်တော်မူသည်။

'ဒီအစား ကျွဲခြံဆရာတော်ကြီးကို သွား... ဖူးကြ။ မရမ်းဆရာတော်ကြီးကို သွားဖူး... ထူးခြားတဲ့ ဆရာတော်ကြီးတွေပဲ။

ပစ္စည်းတွေ အရောင်းအဝယ်ကောင်း... ရင်တော့ ဓာတ်ပုံထဲက ဆရာတော်ရဲ့ ... နဲ့ပြော၊ လက်ဖဝါးနဲ့ရိုက်'

ဟု ညွှန်ကြား မိန့်တော်မူလေသည်။

ကျွန်မတို့ မကြာမကြာ သာ... တောင်သို့ သွားရောက်ကြသ... ဆရာတော်ကြီးနားကပ်ဖို့နေနေသ... အဝေးက လက်အုပ်ချီမိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com





● စာရေးသူဆောင်ထားသော သာမညဆရာတော် ဦးဝိနယ၏ ကြေးလော်ကက်အဆောင်ပုံ

◀ ကျွဲခြံဆရာတော်ကြီး အရှင်အာစာရမဟာထေရ်

မြန်မာနိုင်ငံတစ်နိုင်ငံလုံးက ဝင်လာမစဲသော ဘုရားဖူးတို့အား တစ်နေ့တစ်နေ့ ဆန်တင်း(၁၀၀)ခန့် ကျွေးမွေးချက်ပြုတ်လှူနေသည်။

ကျွန်မတို့ကို မလာနဲ့တော့လို့ပြောတာ ဒီအကြောင်းများကြောင့် ဖြစ်ပေမည်။ သာမညဆရာတော်ကြီး လမ်းညွှန်တော်မူသော **ကျွဲခြံဆရာတော်ကြီး အရှင်အာစာရ မဟာထေရ်**အား သွားရောက်ဖူးမြော်ကြသည်။

ကျွဲခြံဆရာတော်ကြီး၏ ထူးခြားဂုဏ်သတင်းများကြောင့် သာမညဆရာတော်ကြီးကိုကျေးဇူးတင်ရပါသည်။

ကျွန်မတို့အဖွဲ့ တစ်လတစ်ခါ ကျွဲခြံဆရာတော်ကြီးထံ လေယာဉ်ပျံပေါ်မှ ဆရာတော်တစ်ပါး ရှာန်ပျံကြွနေပုံဟု ဆိုကြသော ပုံတော်ကို တစ်ယောက်ပုံ(၅၀)စီကူး၍ သွားလှူကြမြဲ ဖြစ်သည်။

အပေါင်မြို့မှ စိန်ရတနာကုန်သည် အပေါင်မအေး၏ သမီးငြိမ်းငြိမ်းက ဆရာတော်ကြီးထံမှ ဝိပဿနာတရားအမြဲဝင်ခြင်း၊ မိဘများကလည်း ဆရာတော်ကြီး၏ ဒကာရင်းများဖြစ်ကြသည့် အားလျော်စွာ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော ကျွန်မတို့ကို ကျွဲခြံဆရာတော်ကြီး၏ ဂုဏ်သတင်းများကို အမြဲ ပြောပြကြသဖြင့် ကျွန်မတို့အဖွဲ့လည်း အားတက်ရပါသည်။

တစ်နေ့သောအခါ ကျွဲခြံဆရာတော်ကြီးက မိန့်တော်မူပါသည်။

'ခန္ဓာဝန်ကြီးကို မထိန်းနိုင်တော့ဘူး'

ဆရာတော်ကြီးက ကြမ်းပြင်မှာ ခင်းထားသော အိပ်ရာပေါ်တွင် ထိုင်နေတော်မူသည်။ ကြည့်တော့လည်း ဘာမျှ မဖြစ်သလိုပါပဲ။

ဆရာတော်ကြီးကို ဖူးမြော်လှူဒါန်းပြီး မော်လမြိုင်သို့ အပြန်ခရီးတွင် အတူပါလာသော **အေးသီပွံ့မအေး (သီပွံ့ရတနာ ရောင်းဝယ်ရေး)**က ပြောသည်။

'ဆရာတော်ကြီး မိန့်ကြားချက်ကထူးနေတယ်'

'ကျွန်မလဲ စိတ်ထဲ လေးနေတယ်။ ဝမ်းနည်းနေသလို ခံစားရတယ်'

နှစ်ယောက်သား၏ အတွေးက ထုတ်မပြောဝံ့သော်လည်း အမှန်ဖြစ်သွားပါသည်။ ထိုနေ့က ဖူးမြော်လိုက်ရသည်မှာ နောက်ဆုံးပင်။

**၁၃၅၆ ခုနှစ်၊ ဝါဆိုလဆန်း(၁၄)ရက်**နေ့တွင် ခန္ဓာဝန်ကို စွန့်လွှတ်တော်မူခဲ့လေပြီ။ ကျွဲခြံဆရာတော်ကြီး၏ ဈာပနမီးပူဇော်ရာသို့ ကျွန်မတို့အဖွဲ့ သွားရောက်ဖူးမြော်ကြပါသည်။

ဝေဠုဝန်နိကာယ(ဆဋ္ဌ)သာသနာပိုင်

မရမ်းဆရာတော် ဘဒ္ဒန္တဝိမလာစာရ

သာမညဆရာတော်ကြီး လမ်းညွှန်တော်မူသည့်အတိုင်း **မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ မရမ်းရွာ(ကွမ်သဲရွာအနီး) စမ်းချောင်းတိုက်**သို့ ရေတစ်တန်၊ ကုန်းတစ်တန် သွားဖူးကြပါသည်။

သွားရေးလာရေး ခက်ခဲသဖြင့် ကျွဲခြံဆရာတော်ကြီးထံ နှစ်ခေါက်၊ မရမ်းဆရာတော်ကြီးထံ တစ်ခေါက်နှုန်းဖြင့် သွားကြသည်။

ငယ်ဖြူ ဆရာတော်ကြီးဖြစ်ပြီး ရဟန်း(၁၀)ဝါမှစ၍ စာချဆရာတော်ဖြစ်သည်။ ဂန္ထဓုရ၊ ဝိပဿနာဓုရ(၂)ပါးလုံး ထမ်းဆောင်ရန် မရမ်းရွာသို့ ၁၂၉၁ ခုနှစ်တွင် ကြွရောက်တော်မူလာသည်။ ဤနေရာသည် ဘုန်းတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဦးသီလ စခန်းချရာဌာနဖြစ်ကြောင်းသိ၍ ဖြစ်သည်။

စာပေကျမ်းဂန်များ ပို့ချ၍ ပိဋကတ်ကျွမ်းကျင်သော တပည့်များ၊ များစွာပေါ်ပေါက်လာလေသည်။ မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလ စာမေးပွဲကြီး၏ အာဒိကမ္မိကနာယက၊ သထုံမြို့ ဝေဠုဝန်ကိုဏ်း ဝိနည်းစာမေးပွဲကြီး၏ ဩဝါဒစရိယ ဖြစ်တော်မူသည်။

စာပေပို့ချခြင်း၊ တရားဟောခြင်း၊ ဝေဠုဝန်ကိုဏ်းကြီးကို တာဝန်ယူဆောင်ရွက်ရင်း စာပေကျမ်းဂန်များ ရေးသားတော်မူသည်။ တပည့်များအတွက် **"အလင်္ကာရ နိဿယသစ်ကျမ်း"** ကိုလည်း ပြုစုတော်မူပါသည်။

ယယ်စဉ်ကပင် အေးချမ်းစွာ သီတင်းသုံးလေ့ရှိပြီး ဝိနည်းသိက္ခာပုဒ်အား မကျိုးပေါက်အောင် ဂရုစိုက် ပြုကျင့်တော်မူသည်။

**ပစ္စည်းလာဘ်လာဘများ မက်မောခြင်းမရှိ၊ ဗုဒ္ဓသာသနာကို အမြဲတမ်း ပွားများရန်နှင့် ဘာဝနာကမ္မဋ္ဌာန်းများ ကိုယ်တိုင်လည်း အားထုတ်သည်။ တပည့်အကာများအားလည်း တိုက်တွန်းသည်။**

ဆရာတော်ကြီး၏ သီလဂုဏ်၊ ပညာဂုဏ်၊ ဘာဝနာဂုဏ်များကြောင့် မြို့နယ်ပေါင်းစုံမှာ နေ့စဉ် ကြည်ညိုဖူးမြော်ခဲ့ကြသည်။

အမြင့်ဆုံး ဘွဲ့တံဆိပ်တော်ဖြစ်သော **အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်**ကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် အလှူခံတော်မူသည်။

'ဆရာတော်ကြီး ကျိန်းစက်တော်မူနေရင်အိပ်ရာနဲ့ တစ်တောင်လောက် လေထဲမှာ ခန္ဓာကိုယ်နဲ့အိပ်ရာ လွတ်နေတယ်'

ကျွန်မတို့ကို တပည့်ဒကာတစ်ယောက်က ပြောပြသည်။ ဖူးခွင့်ရအောင်၊ လှူခွင့်ရအောင် သာမညဆရာမတော်ကြီး၏ ညွှန်ပြမှုကြောင့်ပင် ဖြစ်ပါသည်။

- ❖ ပြည့်စုံတဲ့အခါ ချွေတာ၊
- ❖ ကျန်းမာစဉ်ခါ ဆေးစား။
- ❖ စဉ်းစားဝေဖန်လျက် အလုပ်သုံးတန်လုပ်၊
- ❖ ပါရမီဉာဏ်ကို ရနိုင်သမျှ အထုပ်ထုပ်။

ဟူသော ဩဝါဒကို အကျဉ်းချုပ်ဆုံးမလေ့ ရှိပါသည်။

နောက်ပိုင်းတွင် ဆရာတော်ကြီးသည် စကားသိပ်မပြောတော့ပါ။ ပဝါအဖြူလေးတစ်ထည်၏ ထောင့်စွန်းများကို လှည့်ပတ်ကိုင်၍ အာရုံပြုနေတတ်ပါသည်။

**၁၃၅၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၃)ရက်နေ့တွင်** ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။ ဆရာတော်ကြီး၏ ရုပ်ကလာပ်ပနေပူဇော်ပွဲသို့ ကျွန်မတို့တစ်စုသွားရောက် ပူဇော်ခဲ့ပါသည်။

ကွဲခြံဆရာတော်ကြီးနှင့် မရှေးမနှောင်းပင် ဖြစ်ပါသည်။ **သက်တော် (၉၅)၊ ဝါတော်(၇၅)ဝါ ဖြစ်သည်။**

သာမည ဆရာတော်ကြီးသည် ကျွန်မတို့အား သံသရာလည်နေသရွေ့ ပါရမီမွေ့စေရန် ညွှန်ပြပေးခဲ့သော လမ်းညွှန်မှုများက ကျေးဇူးကြီးလှပါဘိ။

ကွဲခြံဆရာတော်ကြီးနှင့် မရမ်းဆရာတော်ကြီးတို့ ခန္ဓာဝန်စွန့်ပြီး (၉)နှစ်အကြာ ၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း(၆)ရက်နေ့ နံနက်(၉)နာရီတွင် တစ်ဘဝခန္ဓာကို စွန့်တော်မူလေသည်။ **သက်တော်(၉၃)နှစ်၊ ဝါတော် (၆၃)ဝါ ဖြစ်ပါသည်။**

ကျွန်မတို့အဖို့တော့ ဆရာတော်ကြီး လမ်းညွှန်ခဲ့သည်များကို ယနေ့တိုင် လိုက်နာကျင့်သုံးလျက် ရှိကြောင်း ဤဆောင်းပါးဖြင့် လျှောက်ထားရေးသား ပူဇော်လိုက်ရပါသည်။

**ခင်ခင်ဝင်း(မောရဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

# အမေးရှိရင်

အဖြေရှိခဲ့ရပါသည်




ထူးထူးချွန်ချွန် အောင်မြင်နိုင်ပုံမလား။ ကြည့်ပါ။

- **ရည်ရွယ်ချက် လမ်းကြောင်း**ကို ကြာသပတေးဂြိုဟ်ခုံတွင် တွေ့ရတယ်။ **(က)**

ဒါကတော့...

ရည်ရွယ်ချက်ထားရှိခြင်းနဲ့ ရည်ရွယ်ချက်အတိုင်း ပြီးမြောက်စေတဲ့ ဆံနှုပြည့် အမှတ်အသားတစ်ခုပါ။

- ကြာသပတေးဂြိုဟ်နဲ့ စနေဂြိုဟ်ခုံကြားတွင် **ညောင်ရွက်သဏ္ဌာန်** တွေ့ရတယ်။ **(ခ)**

ဒါကတော့...

စိတ်ချမ်းသာမှုရရှိခြင်းနဲ့ ကံအခွင့်အလမ်းကောင်း ကြုံခြင်းကိုပြတဲ့ အမှတ်အသားပါ။

- ဉာဏ်လမ်းပေါ်မှာ **သရဖူ(၃)ခု** ထင်ရှားနေပါတယ်။ **(ဂ)**

ဒါကတော့...

ဂုဏ်ထူးရရှိခြင်းနဲ့ ထူးချွန်စွာ အောင်မြင်ခြင်းရဲ့ အမှတ်အသားပါ။

- **ကွေးညွတ်သော ဉာဏ်လမ်းကြောင်း**ကို တွေ့ရတယ်။ **(ဃ)**

ဒါကတော့...

ဝိဇ္ဇာဘာသာရပ်များနဲ့ အကျိုးဖြစ်ထွန်းမယ့် အမှတ်အသားပါပဲ။

ကဲ...ဒါဆိုရင်...

အဖြေက ရှင်းလောက်ပါပြီ။

**သာယာချမ်းမြေ့ပါစေ။**

**ဆရာဦးခင်မောင်လင်း** *(B.Sc၊ ရွှေဘို)*
*(လက္ခဏာ-မဟာဘုတ်သုတေသီ)*



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တံဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ဖင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းစာစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၁၂

မုံရွာဆရာမိုး -ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)




www.burmeseclassic.com

www.burmeseclassic.com

စတုဘုမ္မိကငှက်တွင်း ဆရာတော်ကြီး

# ဦးပဏ္ဏဝ

အား ဂါရဝပြုပူဇော်ခြင်း (၁)

ထက်မြင့်ကျော်စွာ

စာတည်းချုပ်၏ တာဝန်ပေးချက်အရ သထုံမြို့၊ စတုဘုမ္မိက ငှက်တွင်းကျောင်းတိုက်သို့ သွားရောက်ကာ ငှက်တွင်းဂိုဏ်းကို စတင်ထူထောင်ခဲ့သော ဆရာတော်ဦးပဏ္ဏဝ၏ အရိုးတော်ဓာတ်စေတီအား ဂါရဝပြုလျက် စတုဘုမ္မိကငှက်တွင်းဂိုဏ်း ဖြစ်ပေါ်လာပုံကို လေ့လာဖြစ်ခဲ့သည်။

သထုံမြို့၏ အဓိကရ စေတီကြီးတစ်ဆူဖြစ်သော ရွှေစာရံစေတီတော်၏ မြောက်ဘက်အနီး ရွှေစာရံဘုရားလမ်းပေါ်တွင် **"ပါရမီမင်္ဂလာလောကုတ္တရာ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်း"** ဟူသော အမည်းတင်ထားသည့် ကျောင်းအဝင်မုခ်ဦးကို တွေ့ရ၏။

ကျောင်းဝင်းအတွင်း၌ လုပ်ငန်းခွင်ဝင်နေကြသော ပန်းရန်သမားများကို မေးမြန်းရာ ကျောင်းထိုင်ဆရာတော်ရှိရာသို့ ရှာဖွေ ပို့ဆောင်ပေးကြသည်။

သို့ဖြစ်၍ **လက်ရှိဆရာတော်ဦးတိက္ခဉာဏအား** ဖူးတွေ့ရာတွင် ထိုအပ်သမျှကို အားတက်သရော ကူညီ ရှင်းပြပေးတော်မူလေသည်။

## မူလဆရာတော် ထေရုပ္ပတ္တိအကျဉ်း

မူလ ဆရာတော်ဦးပဏ္ဏဝ ခေါင်းလျာ မောင်မြသီးကို မြန်မာသက္ကရာဇ် ၁၁၉၃ ခုနှစ်၊ ပထမဝါဆိုလဆန်း(၇)ရက်၊ ကြာသပတေးနေ့ နံနက်ပိုင်းတွင် ရွှေဘိုမြို့နေ ဦးမောင်မောင်လေး၊ ဒေါ်ခင်ငြိမ်းတို့မှာ ဖွားမြင်ခဲ့သည်။

ဦးမောင်မောင်လေး၏ ဖခင်မှာ မြို့စာစာပေနယ်၌ ထင်ရှားသော မြို့ဝန်ကြီးဦးစဖြစ်၍ ဒေါ်ခင်ငြိမ်း၏ အဘိုးကြွယ်ဝကား **"ကျောက်တလုံး"** ဝန်နှင့် **"မင်းကွန်း"** ကင်းတို့ကို






◆ မူလငှက်တွင်းဆရာတော်ဦးပဏ္ဏဝ ရုပ်ထုတော်

www.burmeseclassic.com




◆ မှလက်ဘက်တွင်ဆရာတော်ကြီး၏ အရိုးဓာတ်စေတီ

တာဝန်ယူရသော **"ကင်းဝန်ကြီး"** ဖြစ်လေသည်။

အသက်(၆)နှစ်အရွယ်တွင် ရွှေဘိုမြို့ စရစ်ကျောင်းတိုက် ဆရာတော် ဦးကောဏ္ဍညထံ စာသင်သည်။ ဉာဏ်ကောင်း၍ (၇)နှစ်အရွယ်တွင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်းနှင့်တကွ နက္ခတ်၊ ဗေဒင်၊ ဆေးကျမ်း၊ ဓာတ်ကျမ်းတို့ကို အဓိပ္ပါယ်ထွင်းဖောက် တတ်မြောက်ခဲ့သည်။

ရွှေဘိုမြို့နန်းတွင် ဘကြီးတော်မင်းမှ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်း တို့ အဆက်ဆက်ပြောင်းကာ မင်းတုန်းမင်း နန်းစံ(၁၀)လအကြာ ၁၂၁၄ ခုနှစ်၊ ဝါဆိုလဆန်း(၁၄)ရက်နေ့တွင် မောင်မြသီးသည် စရစ်ကျောင်း ခဏ္ဍသိမ်၌ ဦးကောဏ္ဍညအား ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ရောက်ရှိလျက် ဦးပဏ္ဍဝဘွဲ့မည်တွင်၏။

ရဟန်းဖြစ်ပြီးနောက် **ပါဠိ၊ သက္ကတ စာပေများနှင့် ဆေးကျမ်း** စသော လောကီရေးရာစာပေများကို စနစ်တကျ သင်ယူကာ (၅)ဝါအရတွင် ဆရာတော်ဦးအဂ္ဂဓမ္မထံ၌ စာချဘုန်းကြီးအဖြစ် တာဝန်ယူရ၏။

မင်းတုန်းမင်းသည် မန္တလေးမြို့ တည်ဆောက်ပြီးနောက် သင်္ဖာကျောင်းကို ဦးအဂ္ဂဓမ္မအား လှူဒါန်းရာ၌ ဦးပဏ္ဍဝလည်း သင်္ဖာတိုက်၏ ပထမစာချဘုန်းကြီး ဖြစ်လာသည်။

ရဟန်းဝါ(၁၅)ဝါအရ တစ်နေ့တွင် သင်္ဖာဆရာတော်၏ တာဝန်ပေးချက်အရ နန်းတွင်းသို့ဝင်ကာ မင်းနှင့် မှူးမတ်တို့ကို တရားဟောရ၏။

ထိုအခါ မြတ်ဗုဒ္ဓ၏ သတိပဋ္ဌာန်တရားသည် ငြိမ်းအေးစေ၍ စိုးရိမ်သောကကို ပြေပျောက်စေနိုင်၏။ ဘေးအပေါင်းချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ပို့ဆောင်ပေးတတ်၏။ သံသရာ၌ အဖန်ဖန်အထပ်ထပ် ကျင်လည်ခဲ့ကြ၍ ဝဋ်ဆင်းရဲအမျိုးမျိုးကို ကြုံတွေ့ ခံစားခဲ့ရပြီ။

သို့ဖြစ်၍ သာသနာနှင့် ကြုံခိုက် သတိပဋ္ဌာန်တရားကိုသာ အားထုတ်သင့်ကြောင်း အကျယ်တဝင့် ဟောကြားပါသည်။

ထိုအခါ မင်းတုန်းမင်း သဘောကျ၍ ပစ္စည်းလေးပါး ဒါယကာခံယူ၍ ဦးပဏ္ဍဝအား **"ပညာဒီပ ကဝိဓဇ ဒိသာပါမောက္ခ တိပိဋက လင်္ကာရ"** ဟူသော ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းလေသည်။


**ဘွဲ့တံဆိပ်တော်များ သမိုင်းတွင် ဤဘွဲ့တံဆိပ်တော်သည် ငှက်တွင်း ဆရာတော်ဦးပဏ္ဍဝ တစ်ပါးတည်းသာ ဆက်ကပ်ခြင်းခံရသည့် ဘွဲ့တံဆိပ်ဖြစ်သည် ဆိုလေ၏။**





www.burmeseclassic.com

www.burmeseclassic.com





▲ သထုံမြို့ တောတွင်းကျောင်းတိုက် မုခ်ဦး

◀ ထေရုပ္ပတ္တိကျောက်စာ

ထိုနှစ် ၁၂၂၉ ခုနှစ်တွင်ပင် ဦးပဏ္ဍဝသည် သင်္ဂဇာဆရာတော်ထံ ခွင့်ပန်၍ မင်းဝံတောင်သို့ ကြွကာ အာစာရီ တောရဆောက်တည်တော်မူသည်။

မင်းဝံတောင်တန်းရှိ ပုစဉ်းထိုးငှက်များ တူးဆွထားသဖြင့် တွင်းကြီးတွင်းငယ် ဖြစ်ပေါ်နေသော တောင်ခါးပန်းလိုဏ်ဂူအတွင်း သီတင်းသုံးကာ တမ္မဋ္ဌာန်းဆောက်တည်သည်။

သို့ဖြစ်၍ အဆိုပါနေရာကို ငှက်တွင်းချောင်ဟု ခေါ်ကြသည်။ ငှက်တွင်းချောင်တွင် သုံးနှစ်သုံးမိုး အားထုတ်သီတင်းသုံးခဲ့ရာ ကြေးမြင့်မိဖုရားနှင့် မင်းတုန်းမင်းသမီးတော်ကြီး ထိပ်တင်စုမင်းသမီးတို့က ကျောင်းဆောက်လုပ်လှူဒါန်းကြ၏။

ငှက်တွင်းချောင်တွင် ယခင်က သင်္ဂဇာဆရာတော်ဦးအဂ္ဂဓမ္မ၊ ယင်းနောက် ဦးကောဏ္ဍညတို့ သီတင်းသုံးခဲ့ဖူးရာ ဦးပဏ္ဍဝသည် ငှက်တွင်းချောင်၌ သီတင်းသုံးသည့် တတိယမြောက် ရဟန်းတော်ဖြစ်သည်။

ဦးပဏ္ဍဝသည် ငှက်တွင်းချောင်၌ (၁၅)နှစ်တိုင်အောင် သီတင်းသုံးကာ သတိပဋ္ဌာန်ကျင့်စဉ်တရားများ ဟောပြောညွှန်ပြခဲ့သဖြင့် ငှက်တွင်းဆရာတော်ဟု လူသိများကြသည်။

၁၂၄၄ ခုနှစ်၌ စစ်ကိုင်းတောင် အဘယာရာမ ပြန့်ကြီးချောင်သို့ ပြောင်းရွှေ့သီတင်းသုံး၏။ ၁၂၄၈ ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်နေ့တွင် ရောဝတီမြစ်ကြောင်းအတိုင်း အောက်ပြည်သို့ စုန်သည်။

လှေပေါ်၌ ဝါဆို၍ အဆင်ပြေရာမြို့ရွာများ တက်ရောက်ကာ ဆွမ်းခံဘုဉ်းပေးသည်။ သတိပဋ္ဌာန်ကျင့်စဉ်တရားများ ဟောကြားပေးသည်။ ဆရာတော် ဟောသည့်တရားကို နှစ်သက်သူများရှိသကဲ့သို့ မနှစ်သက်သူများလည်း ရှိလေသည်။

၁၂၄၈ ခုနှစ်မကုန်မီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့၊ အရှေ့ပိုင်းရပ်ရှိ **''လယ်ပေါ်''ကျောင်း**သို့ ရောက်ရှိသည်။ လယ်ပေါ်ကျောင်းဆရာတော်ဦးဥက္ကဋ္ဌသည် သင်္ဂဇာဆရာတော်အား ပရိယတ်၊ ပဋိပတ် စွယ်စုံတတ်ကျွမ်းသော ဘုန်းကြီးတစ်ပါး စေလွှတ်ပေးပါရန် လျှောက်ထားခဲ့ဖူးသည်ဖြစ်ရာ သင်္ဂဇာဆရာတော်က ဦးပဏ္ဍဝအား အောက်ပြည်သို့ ရောက်လျှင် လယ်ပေါ်ကျောင်းသို့ ဝင် ရောက်ပါရန် မိန့်မှာသောကြောင့် ဖြစ်သည်။

ဦးဥက္ကဋ္ဌသည်က ဝမ်းမြောက်စွာကြိုဆို၍ လယ်ပေါ်ကျောင်းတွင် စာဝါပို့ချပေးစေသည်။ ဦးပဏ္ဍဝသည် စာဝါပို့ချလျက် သတိပဋ္ဌာန်ကျင့်စဉ်တရားကိုလည်း ဟောကြားရာတွင် ငှက်တွင်းဆရာတော်ဦးပဏ္ဍဝ၏ ကျင့်စဉ်အဖြစ် လူသိများလာသည်။

၁၂၅၀ ပြည့်နှစ်တွင် လယ်ပေါ်ကျောင်း ပဓာန နာယက ဆရာတော် ဦးဥက္ကဋ္ဌ ပျံလွန်တော်မူသဖြင့် ဦးပဏ္ဍဝက ပဓာန နာယက ဆရာတော်အဖြစ် တာဝန်ယူရသည်။

လယ်ပေါ်ကျောင်းသည် သံဃာ



www.burmeseclassic.com

www.burmeseclassic.com




◆ မူလဆရာတော် အရိုးဓာတ်စေတီ ယခင်ဓာတ်ပုံ

အင်အား လွန်စွာကောင်း၍ ကျောင်းတိုက်ခွဲများ မြို့ရွာအနှံ့ ရှိ၏။ ပဝါရဏာဂိုဏ်းဝင် ကျောင်းပေါင်း(၃၀၀)ကျော်ရှိ၍ လယ်ပေါ်ဂိုဏ်းဟု ထင်ရှား၏။

ဦးပဏ္ဍဝက ဘုန်းကြီးပျံပွဲ၊ ရှင်ပြုရဟန်းခံပွဲများ၌ ပွဲလမ်းသဘင်၊ အပျော်အပါး ထည့်သွင်းလျက် ပကာသနနှင့် ဆက်နွှယ်မှုကို ရှောင်ကြဉ်သင့်ကြောင်း၊ ဘုရားပူဇနီယပွဲဟူ၍ ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းကို စွန့်ပယ်သင့်ကြောင်း အကြံပြုရာတွင် နှစ်သက်သူနှင့် ကန့်ကွက်သူဟု နှစ်စုကွဲသွား၏။

## ငှက်တွင်းသတိပဋ္ဌာန်ဂိုဏ်းအစ

ဤသို့ သဘောထားကွဲနေရာမှ ကွမ်းခြံကုန်းမြို့နေ ဒေါ်ကြီးကြီးက လယ်ပေါ်ကျောင်းနှင့် ချောင်းတစ်ခုခြားသော ဥယျာဉ်ခြံကို သာသနာမြေအဖြစ် လှူဒါန်းကာ ကျောင်းဆောက်ပေးရာ ၁၂၅၀ ပြည့်နှစ်တွင်ပင် ဆရာတော်ဦးပဏ္ဍဝနှင့် ဆရာတော်၏ကျင့်စဉ်ကို နှစ်သက်ကြသော တပည့်သံဃာများ ပြောင်းရွှေ့သီတင်းသုံးကြသည်။

ယင်းကျောင်းကို "**ပါရမီစံကျောင်းတိုက်**"ဟု အမည်ပေးသည်။ ထိုအချိန်မှ၍ ဆရာတော်ဦးပဏ္ဍဝ ဦးဆောင်သော သံဃာအဖွဲ့သည် ဂိုဏ်းတစ်ခုအဖြစ် သီးသန့်ထွက်ပေါ်လာ၏။

ငှက်တွင်းဆရာတော်ကို အစွဲပြု၍ "**ငှက်တွင်းဂိုဏ်း**"ဟု လည်းကောင်း၊ တပည့်ဒါယကာများမှာ အာဇီဝဋ္ဌမကသီလကို အမြဲကျင့်သုံး ထိန်းသိမ်းကြသဖြင့် "**အာဇီဝဋ္ဌမကဂိုဏ်း**"ဟု လည်းကောင်း၊ သတိပဋ္ဌာန်တရားကို မပြတ်ပွားများရသဖြင့် "**သတိပဋ္ဌာန်ဂိုဏ်း**"ဟု လည်းကောင်း ခေါ်တွင်ကြသည်။

တတိယဂဏာဓိပတိ (ဂိုဏ်းချုပ်) ဆရာတော်ဖြစ်သော **နံ့ယော ဆရာတော်ဦးဇာဂရ** လက်ထက်မှစ၍ "**စတုဘုမ္မိကဂိုဏ်း**"ဟုလည်း ခေါ် တွင်ကြလေသည်။ ***(စတုဘုမ္မိက ဟု ခေါ်ဝေါ်ရခြင်း၏ အကြောင်းရင်းကို မသိရှိရချေ။)***

## စတုဘုမ္မိကကျောင်းများ

ဆရာတော်ဦးပဏ္ဍဝသည် ၁၂၅ ခုနှစ်မှစ၍ ၁၂၇၂ ခုနှစ် ပျံလွန်တော် သည်အထိ နှစ်(၂၀)ကျော်ကာ အတွင်း အမြို့မြို့အနယ်နယ်သို့ လှည့် လည်ကြွရောက်၍ စတုဘုမ္မိက ငှက် တွင်း သတိပဋ္ဌာန်ကျင့်စဉ်တရားများ ဟောကြားခဲ့ရာ ရဟန်း၊ လူတပည့် သာဝကများစွာနှင့် စတုဘုမ္မိက ကျောင်းများစွာ ပေါ်ထွက်ခဲ့သည်။

ထို့ကြောင့် ယခုအခါ စတုဘုမ္မိ နိကာယကျောင်းများအနေဖြင့် **နိုင်ငံ**



www.burmeseclassic.com

www.burmeseclassic.com

**တိုင်းဒေသကြီးအတွင်း** သန်လျင်မြို့နယ်၊ သာကေတမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သုံးခွမြို့နယ်၊ လှည်းကူးမြို့နယ်၊ ဒေါပုံမြို့နယ်၊ တွံတေးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ သယ်န်းကျွန်းမြို့နယ်၊ တာမွေမြို့နယ်၊ ဒဂုံ...တန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံတောင်ပိုင်းမြို့နယ်နှင့် ခရမ်းမြို့နယ်တို့တွင် **(၂၅) ကျောင်း...**

**မန္တလေးတိုင်း ဒေသကြီးအတွင်း** အောင်မြေသာဇံ၊ အမရပူရ၊ မတ္တရာ၊ မြစ်သား၊ ပြင်ဦးလွင် စသည့် မြို့နယ်များတွင် **(၂၁)ကျောင်း။**

**မွန်ပြည်နယ်** သထုံ၊ မော်လမြိုင်၊ ချောင်းဆုံမြို့နယ်များအတွင်း **(၃) ကျောင်း။**

ဧရာဝတီတိုင်း ဒေသကြီးအတွင်း အအရဲ၊ ပုသိမ်၊ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ...န်းတနော်၊ ကျုံပျော်၊ ရေကြည်၊ ...ဿာတ၊ ဇလွန်၊ မြောင်းမြ၊ ငပုတော၊ ...ဆယ်မမြို့နယ်များတွင် **(၄၆) ကျောင်း။**

**ပဲခူးတိုင်း ဒေသကြီးအတွင်း** တောင်ငူ၊ ပြည်၊ လက်ပံတန်း၊ နတ္တလင်း၊ ...င်းလှ၊ ဝက်ထီးကန်၊ ပေါင်းတလည်၊ ရွှေတောင်၊ ပေါက်ခေါင်း၊ အုတ်ဖို၊ ...ကုန်း၊ ပန်းတောင်း၊ ပဲခူး၊ ကျောက်ကြီး၊ ဖြူး၊ ကျောက်တံခါးမြို့များတွင် **(၂၅)ကျောင်း။**

**စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း** စစ်ကိုင်း၊ ကောလင်း၊ ရွှေဘို၊ မြင်းမူ၊ ...ဦး၊ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်များ...၌ **(၂၂)ကျောင်း။**

**မကွေးတိုင်း ဒေသကြီးအတွင်း** ...ချောင်း၊ ပွင့်ဖြူ၊ ရေစကြို၊ တောင်တွင်းကြီးမြို့များ၌ **(၆)ကျောင်း။**

**ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့**တွင် **(၁)ကျောင်း။**


**ရှမ်းပြည်နယ်၊** တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ သီပေါမြို့များ၌ **(၆)ကျောင်း။**

**ကရင်ပြည်နယ်၊** ဘားအံမြို့နယ်၌ **(၄)ကျောင်း။**

**တနင်္သာရီတိုင်းဒေသကြီး** ပုလောမြို့နယ်တွင် **(၁)ကျောင်း။**

စုစုပေါင်း ကျောင်း(၁၆၀)ရှိသည်။ **၁၃၇၂ ခုနှစ်တွင် ပြုစုသော** စာရင်းဖြစ်၍ စာရင်း၌ မပါဝင်သော ပျောက်ကွယ်သွားသည့် စတုဘုမ္မိကကျောင်းများလည်း ရှိခဲ့သည်။

ဥပမာ ဆရာတော်ကြီး သထုံသို့ မကြွမီ နောက်ဆုံး သီတင်းသုံးခဲ့သည့် ရန်ကုန်မြို့ သရက်တောကျောင်းတိုက်တွင်းရှိ စတုဘုမ္မိကကျောင်း၊ အာဇာနည်ကုန်း စတုဘုမ္မိကကျောင်း၊ သုံးခွမြို့နယ်၊ နံ့ယောရွာ စတုဘုမ္မိကကျောင်း၊ မန္တလေးဘုရားကြီး အရှေ့မြောက်ထောင့်ရှိ စတုဘုမ္မိက သောတာပန်ကျောင်းတို့မှာ ထင်ရှားကြလေသည်။




အရိုးခေတ်ဆေတီအနီး တူးဖော်လက်စ မြင်ကွင်း

ဂဏာဓိပတိဆရာတော်များ

၁။ **ပထမဂဏာဓိပတိ**=ပညာဒီပ ကဝိဓဇ ဒီသာပါမောက္ခ တိပိဋကာ လင်္ကာရဌ**က်တွင်းဆရာတော်ကြီး အရှင်ပဏ္ဍဝ (၁၁၉၃–၁၂၇၂)**

၂။ **ဒုတိယဂဏာဓိပတိ= ကွမ်းခြံကုန်း ဆရာတော်ဦးဇောတ (၁၂၂၁–၁၃၀၆)**

၃။ **တတိယဂဏာဓိပတိ= နံ့ယော ဆရာတော်ဦးဇာဂရ (၁၂၆၂–၁၃၃၁)**

၄။ **စတုတ္ထဂဏာဓိပတိ=** နိုင်ငံတော်ဩဝါဒါစရိယ၊ ဒုတိယကွမ်းခြံကုန်း ဆရာတော် **ဦးအာသဘ(၁၂၇၃–၁၃၄၉)**


၅။ **ပဉ္စမဂဏာဓိပတိ=** နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇ ဓမ္မာစရိယ **ဗိုလ်ချုပ်ဆရာတော် အရှင်ဣန္ဒကာဘိဝံ (၁၂၈၃–၁၃၇၃)**

၆။ **ဆဋ္ဌမဂဏာဓိပတိ=** မူလဓမ္မာစရိယ၊ မဟာဓမ္မကထိက၊ ဗဟုဇနဲ



www.burmeseclassic.com

www.burmeseclassic.com




◆ [illegible]

ဟိတရေ၊ **အရှင်သုန္ဒရ၊** စတုဘုမ္မိကကျောင်း၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ တောင်ငူမြို့(၁၂၉၁- ) တို့ ဖြစ်ကြသည်ဟု သိမှတ်ရ၏။

## ဆရာတော်ကြီး၏ နောက်ဆုံးခရီး

ငှက်တွင်းဆရာတော် ဦးပဏ္ဍဝသည် မြို့ရွာအနှံ့ လှည့်လည်၍ စတုဘုမ္မိက သတိပဋ္ဌာန်ကျင့်စဉ်များ ဟောကြား ပြသပေးတော်မူကာ သက်တော်(ရ၉)နှစ်အရွယ်တွင် သထုံမြို့မှ ဦး"စောယုပောက်" စသည့် ဒါယကာများ ပင့်ဖိတ်သဖြင့် ရန်ကုန်၊ သရက်တောကျောင်းတိုက် စတုဘုမ္မိက ကျောင်းတွင် သီတင်းသုံးနေရာမှ ၁၂၇၂ ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်နေ့တွင် သထုံသို့ ကြွတော်မူသည်။

တပည့်များဖြစ်ကြသော ကွမ်းခြံကုန်း ဆရာတော်ဦးဇောတ၊ ရေစကြို ဆရာတော် ဦးသောမ၊ ဘောက်ထော် ဆရာတော် ဦးအရိယဝံသ၊ ထန်းတပင် ဆရာတော်ဦးတိဿ၊ သံယုတ်ဆရာတော် ဦးနန္ဒမာလာ၊ ဟသ်ာတ-အဒါး ဆရာတော်ဦးဝေပုလ္လ၊ တော်ကမယ်

ဆရာတော်ဦးသုမနတို့ စုံလင်စွာ ခြံ
လျက် ကြွတော်မူခြင်းဖြစ်သည်။ ယခ
ခရီးစဉ်များတွင် ဤသို့ တပည့်ကြီးမျ
စုံလင်စွာ ပါဝင်ခြင်း မရှိပေ။

သထုံမြို့၊ ရွှေစာရံစေတီဝင်းအတွင်
ရှိ ဒေါ်သက်နှင့် ဒေါ်ကြီးတို့ ဆော
လှူသည့် **"ထန်းနှစ်ပင်အုတ်
ကျောင်း"**တွင် ဝါဆိုလျက် တပည့်ကြ
များနှင့်အတူ စတုဘုမ္မိကကျင့်စ
တရားကို နေ့မအား ညမအား ဟေ
ကြားသည်။

**၁၂၇၂ ခုနှစ်၊ သီတင်းကျွတ်လထ
(၁၀)ရက် နံနက် အရုဏ်မတက်မီအချိ
တွင် ထန်းနှစ်ပင်အုတ်ကျောင်း
သပိတ်လုံးမောက်ရာခန့်ရှိသည့် အလ
တန်းကြီး ထွက်ပေါ်လာကာ ထန်း
နှစ်ပင်ကို ဖြတ်သန်း၍ ရွှေစာရံစေ
တီတော်အား လက်ယာရစ် သုံးပ
လှည့်ပြီးနောက် ပျောက်ကွယ်သွားသ**

ထိုအခြင်းအရာကို မြင်လိုက်သေ
တပည့်ဒကာများက ထန်းနှစ်ပ
ကျောင်းသို့ အပြေးသွားကြည့်ကြ
အိပ်ရာထက်တွင် လဲလျောင်းလျ
ခန္ဓာဝန်ချတော်မူပြီးသည့် ဆရာတေ
ကို ဖူးတွေ့ရ၏။ မည်သည့်ရော
ဝေဒနာကိုမျှ မခံစားရဘဲ ပျံလွန်တေ
မူခြင်း ဖြစ်သည်။

ရုပ်ကလာပ်တော်ကို (၆)လ ပူဇေ
ထားရာ ဆေးထိုးပြုပြင်မှုမရှိသော်လည
အနံ့ထွက်ခြင်း၊ ပုပ်ပျက်ခြင်း မရှိပေ

၁၂၇၂ ခုနှစ်၊ တပေါင်းလဆုတ်(
ရက်နေ့တွင် အန္တိမဈာပနသဘ
ကျင်းပကာ အရိုးတော်ဓာတ်များ
ရွှေစာရံစေတီဝင်း အပြင်ဘက်၊ တေ
ကုန်းထိပ်တွင် အရိုးအိုးစေတီတည်
ကိုးကွယ်ထားကြ၏။

ရှေ့လ ဆက်ဖတ်ပါရန်

**ထက်မင်းခကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

# ကျန်းမာရေးအတွက်

### အကြံပေးချက်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင်...

✦ **မိဿရာသီဖွား (မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာများကို အားပြုစားသုံးသင့်၍ ပထဝီဓာတ်စာများကို လျှော့ပေါ့ ရှောင်ကြဉ်သင့်ပါသည်။

**အာပေါဓာတ်စာ။** ။ ရေမြွေသား၊ ကျွဲသား၊ ကြံ့သား၊ ရေကြက်သား၊ ဝက်သား (သုံးထပ်)၊ ခရု လိပ်၊ ကဏန်း၊ ကနုကမာ၊ ချိုင်း၊ ဘဲ၊ ငန်း၊ ငါးလင်ပန်း၊ ငါးပတ်၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ၊ ကဘီလူး၊ ကသပေါင်၊ ကသပိုး၊ ငါးသလဲထိုး၊ ဖားသား၊

ငှက်ပျောသီး၊ ဆီးချိုသီး၊ လိမ္မော်သီး၊ ရှောက်သီး၊ သရက်သီး၊ ဘူးသီး၊ သခွားသီး၊ ကျောက်ဖရုံသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ သီး၊ ပုံလုံသီး၊ သဘောသီးနုး၊ ဗီးကြမ်း ပျော၊ ကနဖော့၊ မန်ကျည်းသီးစိမ်း၊ ပတူ၊ အောင်မဲညို၊ ခဝဲ၊ သပွတ်၊ တ်သီး၊

ကြက်သွန်နီ၊ ကြံရည်၊ ကျောက်ပွင့် ရေ တော်ပဲ၊ တော်သလင်းဖူး၊ ဂေါ်ဖီထုပ်၊ ဆိတ်ဖူး၊ မုန့်ညင်းဖြူ၊ ပုန်းရည်ကြီး၊ ရည်၊ ဖလံတောင်ဝှေး။

**ထဝီဓာတ်စာ။** ။ ကြက်သား၊ ချိုးသား၊ ခါသား၊ ချေ၊ သမင်၊ ဆတ်၊ ဆိတ်သား၊ ဝက်ပေါင်သား၊ အမဲ သား၊ ဖွတ်၊ ပုတတ်၊ လင်းမြွေ၊ ကြီးမြွေ၊ ငါးခူ၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ စင်စပ်၊

ငါးသလောက်၊ ငါးရှဉ့်၊ ငါးမြွေထိုး၊ ဆိတ်နို့၊ ကျွဲနို့၊ ထောပတ်၊ ပိန်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ဥသျှစ်၊ မာလကာ၊ ဒူးရင်း၊ မန်ကျည်းမှည့်၊ မုန်လာဥ၊ ကောက်ညှင်း၊ ရွှေဖရုံ မြပဲ၊ ပဲလွန်း၊ ပဲကြီး၊ အုန်းသီး၊ သီး၊ စားတော်ပဲ၊ ဒန့်သလွန်။

✦ **ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို အားပြု စားသုံး၍ ဝါယောဓာတ်စာများကို ရှောင်ကြဉ်သင့်သည်။

**တေဇောဓာတ်စာ** ။ ။ မြွေပွေးသား၊ သားကောက်သား၊ ငါးပြေမ၊ ငါးဖမ်းမ၊ ကဘီလူး၊ ကကတစ်၊ ငါးကြင်း၊ သလောက်၊ ကြောင်၊ ကြွက်၊ ရှဉ့်သား၊ သီး၊ ရဲယိုသီး၊ ရဲယိုရွက်၊ သဘော ဩဇာသီး၊ စောင်းလျားသီး၊ မရန်း ရာသီး၊ ရှောက်ချဉ်သီး၊ ဆီးသီး (ချဉ်)၊ ကနစိုးသီး၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဥ၊ မှို၊ မျှစ်၊ ကြက်သွန်ဖြူ၊ ချင်း၊ ပိတ်ချင်း၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ ကရဝေး သစ်ကြပိုး၊ လေးညှင်း၊

ပတဲကော၊ ပင်စိမ်း၊ ဒန့်သလွန်ရွက်၊ တောင်သလဲရွက်၊ ပေါက်ပန်းဖြူ၊ ကြိတ်မှန်ရွက်၊ လဲလူရွက်၊ ဝါရွက်၊ ချဉ်ပေါင်ရွက်၊ ကင်ပွန်းရွက်၊ ကြာဟင်း၊ ကုက္ကိုရွက်၊ သက်ရင်း၊ ကနဒိုငုံ၊ ထန်းရည်၊ ဝဥ၊ အင်ဥ၊ ပိလောပီနံဥ။

**ဝါယောဓာတ်စာ** ။ ။ ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ ကကတစ်၊ ကြက်ဥ၊ ဘဲဥ၊ လိပ်ဥ၊ ငှက်ဥ၊ ကင်ပွန်းရွက်၊ မာလာဖူး၊ ပုတတ်စာ၊ သရက်ကင်းဖူး၊ ခွေးတောက်ရွက်၊ သပွတ်ခါး၊ ကြောင်လျှာသီး၊ ဆေးပုလဲ၊ ဆင်တုံးမနွယ်၊ သဘောသီးရင့်၊ တမာရွက်၊ ယင်းပြား၊ လက်ဖက်၊

ရှားစောင်းခါး၊ ကန့်ဂလာ၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက်၊ သခွတ်ပွင့်၊ လက်ပံပွင့်၊ ဆူးပုပ်ရွက်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ စပါးလင်၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ ထန်းလျက်၊ မုန်ညင်းခါး။

✦ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အားပြုစားသုံး၍ အာပေါဓာတ်စာကို လျှော့ပေါ့ ရှောင်ကြဉ်ပါ။

✦ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာကို အားပြုစားသုံး၍ တေဇောဓာတ်စာများ လျှော့ပေါ့ ရှောင်ကြဉ်သင့်သည်။



✦ **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာကို အားပြုစားသုံး၍ ပထဝီဓာတ်စာများကို လျှော့ပေါ့ ရှောင်ကြဉ်ပါ။

✦ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို အားပြု၍ ဝါယောဓာတ်စာကို လျှော့ပေါ့ စားသုံးပါ။

✦ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အားပြုစားသုံး၍ အာပေါဓာတ်စာများကို လျှော့ပေါ့ ရှောင်ကြဉ်ပါ။

✦ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာကို အားပြုစားသုံး၍ တေဇောဓာတ်စာများကို လျှော့ပေါ့စားသုံးပါ။

✦ **ဓနုရာသီဖွား(နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာများကို အားပြုစားသုံး၍ ပထဝီဓာတ်စာများကို လျှော့ပေါ့ ရှောင်ကြဉ်ပါ။

✦ **မကာရရာသီဖွား (ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို အားပြုစားသုံး၍ ဝါယောဓာတ်စာများကို လျှော့ပေါ့ စားသုံးပါ။

✦ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်မှ ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေးသူ)**တို့သည် ပထဝီဓာတ်စာကို အားပြုစားသုံး၍ အာပေါဓာတ်စာများကို လျှော့ပေါ့ ရှောင်ကြဉ်ပါ။

✦ **မိန်ရာသီ(ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ် ၂၀ရက်အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာများကို အားပြုစားသုံး၍ တေဇောဓာတ်စာများကို လျှော့ပေါ့ စားသုံးပါ။

*အာရောဂျဆုလာဘ်နှင့် ပြည့်ဝကြပါစေ။*

**ဆေးသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

‘ဒေါ့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ’

‘အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ’

‘ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ’

‘ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ’

‘ဆေးတွေ မသုံးစွဲဘူးလား’

‘သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရဲ’

‘ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ‘‘အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ’’ ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ၊ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ’

‘ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ’

‘ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား, နှလုံးအား, သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား, ဆန္ဒအား, အကြောအား, ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်’

‘ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

စကြာမင်း

အမှတ်တံဆိပ်

အားတိုးဆေး မှီဝဲပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀၇၁၁ YR ၀၀၆၀၂၄)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း)
၅၃/၀၅၁၃

သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူး
ပြောပြောနေတော့ ခက်တယ်ဗျ’

‘မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည် လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သ ပြေးပြီးဝယ်ပေတော့’

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွ တဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အား တိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေ စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာ မင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ် ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့

ဆရာမြင့်
စကြာမင်း တိုင်းရင်းဆေးတိုက်
အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သုနန္ဒာမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၂၅၃

ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကုန်းရွာမှ ဆုတောင်းပြည့်

# မိုးကောင်းစေတီ

ဖြူဧသော်တာ

'ဆရာကြီး ဘုရားကုန်းရွာဘက် ကို ကိစ္စလေးရှိလို့ လိုက်ခဲ့မလား'

'ကောင်းတာပေါ့ လူလေး'

သာစည်ရွာသို့ အလည်ရောက်စဉ် မောင်ထွန်းလင်းအောင်က အနီးရှိ ဘုရားကုန်းရွာသို့ သွားရန် ဖိတ်ခေါ်ခြင်း ဖြစ်သည်။ စာရေးဆရာပေမို့ "ဆရာ"ခေါ်ရာမှ မိဘနှင့် အသက်အရွယ်တန်းတူ ဖြစ်သောကြောင့် "ကြီး"တစ်လုံးတိုးကာ "ဆရာကြီး" ဟုခေါ်ခြင်း ဖြစ်ပါသည်။

ဘုရားကုန်းကျေးရွာမှာ သာစည်ရွာမှ တစ်မိုင်ခန့်သာကွာဝေး၍ ဘုရားကုန်းမှ နှစ်မိုင်ခန့် ဆက်သွားပါက အင်္ဂလိပ်မြန်မာစစ်ပွဲတွင် အဓိက ခံတပ်ဖြစ်ခဲ့သည့် **"ကွေ့ချောင်း"** ခံတပ်သို့ ရောက်လေသည်။

ဘုရားကုန်းကျေးရွာကား တောင်ကုန်း ချိုင့်ဝှမ်းများပြားသော မြေနေရာ၌ ရွာတည်ထားခြင်းဖြစ်သည်။

မောင်ထွန်းလင်းအောင်က အိမ်ဆိုင်တစ်ဆိုင်ရှေ့၌ ဆိုင်ကယ်ရပ်ကာ "အိမ်ကမှာတာကလေး လုပ်ပေးလိုက်ဦးမယ်"ဆိုလျက် ဆိုင်ထဲသို့ ဝင်သွားပါသည်။

ဆိုင်ပြင်မြေကွက်လပ်တွင် စောင့်ဆိုင်းနေစဉ်အတွင်း ဝဲယာရှုခင်းကို မော့လာကြည့်ရာ တောင်ကုန်းမြင့်တစ်ခုအထက်၌ ရွှေတဝင်းဝင်းနှင့် စေတီတစ်ဆူကို ဖူးတွေ့ရ၏။ အနီးရှိ ဘုရားကုန်းရွာသူတစ်ဦး (ဒေါ်ငွေးညွန့်



ဆုတောင်းပြည့် မိုးကောင်းစေတီ

ဟု အမည်ရှိကြောင်း သိရ၏။)ကို မေးမြန်းကြည့်ရာက...


**"ဆုတောင်းပြည့် မိုးကောင်း စေတီ"**ဟု ဘွဲ့မည်ရှိ၍ မူလ ဒါယကာမှာ အမယ်အိုကြီးတစ်ဦး ဖြစ်ကြောင်း သိရသည်။

ယခင်က ဤကုန်းထိပ်တွင် ကိုးတောင်ပြည့်စေတီတစ်ဆူ ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ခြေမှမြင်ရသော ဆုတောင်းပြည့် မိုးကောင်းစေတီ

ထိုအမယ်အိုသည် မိုးလေမှန်ကန်ကောင်းမွန်၍ စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်ပါက အဆိုပါစေတီငယ်အား စေတီကြီးတစ်ဆူအဖြစ် ပူဇော်မည်ဟု အဓိဋ္ဌာန်ပြုခဲ့သည်။

ထိုမှ သုံးနှစ်တိုင်အောင် မိုးကောင်း (မိုးလေမှန်ကန်)၍ စိုက်ပျိုးလုပ်ကိုင်သော ပဲနှမ်းများအောင်မြင်သဖြင့် ကိုးတောင်ပြည့်စေတီကို ငုံကာ ဤစေတီကြီးကို ပူဇော်ခဲ့ကြောင်း သိရ၏။

ပိုမိုသိရှိလိုပါက ကျေးရွာလူကြီးများထံတွင် စုံစမ်းကြည့်ရန်လည်း အကြံပြုလေသည်။

မိုးကောင်း၍ ဆုတောင်းပြည့်ခဲ့သော ထိုစေတီ၏ ဖြစ်စဉ်တော်ကို သိရှိရန် ဘုရားကုန်းရွာသား ဦးကျော်မြင့်၊ ဦးသောင်းလွင် စသူတို့အား တွေ့ဆုံမေးမြန်းကြည့်ရာ ဤသို့သိရ၏။

## ဆုတောင်းပြည့် မိုးကောင်းစေတီ

ဘုရားကုန်းကျေးရွာ ဝန်းကျင်သည် ရှေးဘုရင်များလက်ထက်က ဘုရားစေတီတော် ကိန်းဝပ်တော်မူခဲ့သဖြင့် ဘုရားကုန်းဟု ခေါ်တွင်ခြင်းဖြစ်သည်။

တောင်ကုန်းချိုင့်ဝှမ်း ထူပြော၍ ထွန်ယက်လုပ်ကိုင်ကြသူများ အနက် ရှေးလက်ဝတ်ရတနာအချို့ ကောက်ရသည့် ကံထူးရှင်များလည်း ရှိခဲ့သည်။

အများဆုံး တွေ့ရသည်ကား **"လကြေး"**ကျောက်များ ဖြစ်သည်။ တောင်ကမူစွန်းများတွင် တူးဆွပါက (အထူ)ထု စပါးတစ်ထောက်မှ သုံး, လေးလက်မအထိရှိသော လကြေးချပ်လွှာများ ထွက်ရှိသည်။

ထို **"လကြေး"**ကျောက်များကို မီးဖုတ်ကာ နောက်ကျိနေသော ရေအိုး၌ ထည့်လိုက်ပါက ရေများ ကြည်လင်သွားစေသည်။

ယာခင်းများတွင် မိုးနည်းပါးသောအခါ လကြေးမှုန့်များ ကြဲပက်ထား ပေးခြင်းဖြင့် အစိုဓာတ် ထိန်းပေး သည်။

ပန်းအိုး၊ မြေအိုးများတွင် လကြေးမှုန့်ဖြူးထားပေးပါက ထိုပန်းထိုအပင်မှာ ကြာရှည်ခံ၍ မညှိုးမနွမ်းဘဲရှိကြောင်း သိရ၏။

ဘုရားကုန်းဟု ခေါ်သော်လည်း ကုန်းဘောင်ခေတ်နှောင်းကာလအထိ လူနေအိမ်ခြေမရှိသော သဘာဝ မြေရိုင်း ဖြစ်ခဲ့သည်။

စာဆိုအမတ်ကြီး "ဝက်မစွပ် နဝဒေး"သည် မင်းဒဏ်သင့်သော အခါ ဤဘုရားကုန်း၌ နေထိုင်ကွန်း ခဲ့ရသည်။


ရတနာပုံနေပြည်တော် တည်ပြီး၍





www.burmeseclassic.com

www.burmeseclassic.com



◆ အနောက်ဘက်တောင်ကုန်းမှ ဖောင်တော်ဦးစေတီ

(၁၅)နှစ်အကြာ ၁၂၃၆ ခုနှစ် ခန့်တွင် နိုးသာပြည့်၊ ဖိုးချင်းနှင့် ဖိုးမှည့် သူငယ်ချင်းသုံးဦးက အိုးအိမ်တည်ဆောက်နေထိုင်ကြရာမှ **''ဘုရားကုန်း''**ရွာ တောင်ပေါ်ပေါက်လာခဲ့သည်။

ယင်းကာလတွင် တောင်ကုန်းထက်၌ ကိုးတောင်ပြည့်စေတီငယ်တည်ရှိပြီး ဖြစ်သည်။ ၁၂၄၂ ခုနှစ်တွင်မှ **''မယ်အေးသာ''**အမည်ရှိ အမယ်အိုက အဓိဋ္ဌာန်အောင် စီးပွားတိုးတက်ဖြစ်ထွန်းသောကြောင့် ရှိရင်း ကိုးတောင်ပြည့်စေတီကိုငုံကာ ဆုတောင်းပြည့်မိုးကောင်းစေတီအဖြစ် တည်ထားပူဇော်ခဲ့ခြင်းဖြစ်သည်။ မယ်အေးသာက မ,တည်၍ ရွာသားအများ စုပေါင်းကောင်းမှုပြုကြောင်း သိရ၏။

## မိုးကောင်းခြင်း သာဓက

စေတီတော်အား သံဃာတော်များ ဖိတ်ပင့်ဆိုပြီးသော ဝါဆိုလပြည့်ကျော် ရက်များ၌ ပူဇနီယပွဲတော် ကျင်းပပူဇော်လေ့ရှိကြသည်။

တစ်ခုသောနှစ်တွင် ဝါဆိုလပြည့်ကျော်ပြီဖြစ်သော်လည်း မိုးအရိပ်အရောင် မမြင်ရပေ။

မိုးကောင်းစေတီအား မိုးမကောင်းတော့ပြီဟူ၍ ကျင်းပချိန်တန်သော်လည်း ပူဇနီယပွဲတော် ကျင်းပခြင်း မပြုရန် ဆုံးဖြတ်ကြသည်။

ထိုညတွင်ပင် မိုးသဲသဲမဲမဲရွာသွန်းလေရာ ရှိသမျှအုတ်ကန်များ ပြည့်လျှံသွားတော့သည်။

သို့ဖြစ်လေရာ နောက်တစ်နေ့တွင်ပင် ရှင်တော်မြတ်ဘုရားနှင့် သမ္မာဒေဝတို့အား ရှိခိုးတောင်းပန်၍ ပူဇနီယပွဲတော်ကို အစဉ်အလာမပျက် ကျင်းပကြလေသည်။

စေတီတော်ပူဇနီယပွဲနေ့ နောက်ဆုံးနေ့တွင် ဝန်းကျင်ကျောင်းများရှိ သံဃာတော်များကို ပင့်ဖိတ်ကာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပလေ့ရှိသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပြီးသည်နှင့် တစ်ပြိုင်နက် မိုးရွာမြဲဖြစ်ကြောင်း ပြောပြကြသည်။

## ဖူးမြော်ရစဉ်

ယင်းနောက်တွင် စေတီ ကိန်းဝပ်တော်မူရာ တောင်ကုန်းထက်သို့ တက်ရောက်ဖူးမြော်သည်။ စေတီတော်မှာ လေးထောင့်ပစ္စယံ သုံးဆင့်ခံ၍ အထက်၌ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။

အနီးတွင် အုတ်တိုက်ဓမ္မာရုံတစ်ဆောင်ရှိ၍ အတွင်း၌ ကျောက်ဖြူသားတင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးသုံးဆူ ပူဇော်ထားသည်။ ဓမ္မာရုံနံဘေး မြေကွက်လပ်အစွန်းတွင် ''ဇာတ်စင်''ကို တွေ့ရ၏။ အင်္ဂတေခင်း၍ သံတန်းများဖြင့် အခိုင်အမာပြုလုပ်ထားသော ဇာတ်စင်ဖြစ်သည်။

ဓမ္မာရုံနှင့်ကပ်လျက်၌ ထည်ဝါလှသော နှစ်ထပ်အုတ်ကျောင်းကိုလည်း တွေ့ရ၏။ ဤသာသနိက အဆောက်အအုံများက စေတီတော်အား ပူဇော်ကုသိုလ်ပြုကြသည့် ဒါယကာပရိသတ်အင်အား ကောင်းမွန်တောင့်တင်းလှသည့် ပြယုဂ်ဟု ယူဆမိသည်။

ထိုမှ အနောက်ဘက် မလှမ်းမကမ်းရှိ တောင်ကုန်းထက်တွင် ဖောင်တော်ဦးစေတီကို လှမ်း၍ ဖူးမြင်ရသည်။ အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်စဉ် ဖောင်တော်ဆိုက်ရာနေရာ၌ အထိမ်းအမှတ်ပြု တည်ထားသည့် စေတီဖြစ်သည်ဆို၏။

ဆုတောင်းပြည့် မိုးကောင်းစေတီနှင့် စပ်လျဉ်းသမျှ ဝေနေယျအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**(မကွေးမြို့နယ် မြင်ကွန်းကျေးရွာအုပ်စု ဘုရားကုန်းရွာသူရွာသားတို့အား ကျေးဇူးအထူးတင်ရှိပါသည်။)**

ငြိမ်းသော်တာ



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် လွန်ခဲ့သော တစ်နှစ်ကျော်အချိန်က လေဖြတ်သော ရောဂါ ဖြစ်သွားသဖြင့် ကိုယ်တစ်ခြမ်း မလှုပ်နိုင်ဘဲ လူကောင်းပကတိမှ ဝေဒနာရှင်အဖြစ်သို့ ရောက်ရှိသွားခဲ့ပါသည်။

ယခင်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဆေးဆောင်းပါးများ အချိန်ရသလို ရေးသားပေးပို့ခဲ့သော စာရေးသားသော ဆေးဝါသနာရှင် ဖြစ်ခဲ့သည်။ ယခု ကျန်းမာရေး ပြန်ကောင်းသွားပြီး ညာလက်ချောင်းများကို အသုံးချနိုင်ပြီ ဖြစ်သောကြောင့် ဝါသနာအရ စာရေးဖြစ်သွားပြီ ဖြစ်ပါသည်။

လေဖြတ်သည့် ဝေဒနာသည်လည်း အလွန်ဆိုးသည်။ လေဖြတ်ခံရသော ဝေဒနာရှင်များသည် ဝေဒနာကို ဆိုရွားစွာ ခံစားခဲ့ရပါက ဒုက္ခိတဘဝနှင့်မခြား ဖြစ်ကြရသည်။

လေဖြတ်ခြင်းဝေဒနာ မဖြစ်ရလေအောင် သတိထား ရှောင်ကြဉ်ရမည့် နည်းလမ်းများကို ပညာရှင်များနှင့် ကိုယ်တွေ့ အတွေ့အကြုံရှိသူများထံမှာမေးပြီး လိုက်နာရှောင်ကြဉ်ရမည်။

လူ၏ အသက်တစ်ချောင်းသည် အသက်ရှင် ကျန်းမာသောအခါများ၌ ဘာမှ မဖြစ်နိုင်သလို ပျော်ရွှင်ကြည်နူးစရာအပြည့် ရှိသည်ဟု ထင်ရသည်။ တကယ်တမ်း ကျန်းမာရေး ဆိုးဝါးစွာ ဖြစ်သွားလို့ကတော့ လူဖြစ်ရပြီး အသက်ရှင်နေထိုင်ရသော ကာလများက ကောင်းစားခဲ့သည့် ပျော်ရွှင်မှုအားလုံး တစ်ထိုင်ရာတည်းနှင့် ပျောက်ပျက်သွားရတော့သည်။

ယခု စာရေးသူ ဖော်ပြမည့် ဆေးပင်သည်လည်း လူများအတွက် တစ်စိတ်တစ်ပိုင်း အထောက်အကူ ရနိုင်မည်ဟု မျှော်လင့်ပါသည်။

စာရေးသူ လေဖြတ်ရောဂါ ဖြစ်သွားတော့ ကိုယ်တစ်ခြမ်း မလှုပ်ရှား



ကွမ်းခါးဆေးပင်

# လေနိုင်ဆေးပင် (ကွမ်းခါး)

နိုင်ဘဲ ဖြစ်သွားရသည်။ ပါးစပ်ထဲမှ သွားရည်များ မထိန်းနိုင်ဘဲ အလိုလို ကျနေသည်။

အစားစာဆိုလျှင် လုံးဝ မစားနိုင်တော့ဘဲ စားလို့ရမည်ဟု ထင်ပြီး စားကြည့်တော့ ဝမ်းထဲသို့ မကျဘဲ အပြင်သို့သာ သီးပြီး ပြန်ထွက်သွားသည်။

ထိုသို့ဖြစ်သော ဝေဒနာကို တဖြည်းဖြည်း ပြန်ကောင်းလာအောင် အခြားကုနည်းများနှင့် **ကွမ်းခါးဆေးမြစ်တို့ကို ရေသောက်သလို သောက်ပြီး၊ ရက်အတော်ကြာ သုံးဆောင်ကြည့်ရာ လေခံနေသော ဝမ်းတွင်း... လေများသည် အလိုလို** ပျော... သွားကာ ယခု စာရေးသူ စားလိုသော... အစာများ လူကောင်းလို စားနိုင်ခဲ့... သည်။

စာရေးသူကိုယ်တွေ့ ဆေးပ... ကွမ်းခါး ဖြစ်သည့်အကြောင်း ရေးသာ... ရပါသည်။ **ဆေးမြစ်ကို ပြုတ်သော... ရသည်ဖြစ်၍ လွယ်ကူသော မြစ်ဆ... ပြီး လေနိုင်ဆေး ဖြစ်ပါသည်။**

သာဂဒူး(ကသာမြေ)

ဆေးသုတေသီ တိုင်းရင်းဆေးပညာရှင်များသို့...

ယခု ကွမ်းခါးဆေးပင်မှာ ကသာမြို့ ပတ်ဝန်းကျင်မှ အခေါ်အဝေါ်ဖြစ်သည်... အခြားအရပ်ဒေသများတွင် မည်သို့ ခေါ်ဝေါ်သတ်မှတ်သည်ကို ရေးသားပေး... ကြပါရန် ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိ...**

*စာတည်း...*

*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*



www.burmeseclassic.com

www.burmeseclassic.com

# သွေးဝမ်းသွားခြင်းအတွက်

ချွစ်ခိုင်

ဆေးနည်းနှစ်လက်



တစ်နေ့တွင် ကျွန်ုပ် တာဝန်ထမ်းဆောင်ရာ အလုပ်ရုံထဲသို့ သွားရန် ပြင်ဆင်နေချိန် ဇနီးသည် ဒေါ်မိုးမိုးအေးက မီးကွင်းဂမုန်းတွေ့လျှင် အရွက်(၆)ရွက်လောက် ခူးခဲ့ရန် မှာပါသည်။

ကျွန်ုပ်က "ဘာလုပ်ဖို့လဲ"ဟု မေးသောအခါ သူ့မှာ သွေးဝမ်းသွားနေကြောင်း၊ မီးကွင်းဂမုန်း(၃)ရွက်အား ကြက်ဥ(၁)လုံးနှင့်ကြော်ပြီး စားပါက ပျောက်ကင်းကြောင်း၊ ကြော်သည့်အခါ ကြက်သွန်နီ(၁)တစ်လုံး, ဆားအသင့်အတင့်ထည့်ပြီး ကြော်ရမှာဖြစ်ကြောင်း၊ ငံပြာရည် မသုံးရပါကြောင်း...

ဖြစ်နိုင်လျှင် တစ်ခါတည်း ကုန်အောင်စားရမည်ဖြစ်ကြောင်း၊ ရောဂါနုလျှင် တစ်ခါစားရုံနှင့် ပျောက်ကင်းပြီး ရောဂါရင့်လျှင် နောက်တစ်ရက် ဆက်ပြီးစားရန် လိုအပ်ကြောင်း၊ အများဆုံး သုံးရက်အပြင် မစားရဘဲ ပျောက်ကင်းနေကျ ဖြစ်ပါကြောင်း... သို့ဖြစ်၍ ခူးယူခဲ့ရန် မှာကြားပါတော့သည်။

မီးကွင်းဂမုန်းမှာ လူသိများပါသည်။ အရွက်မှာ နာနတ်ရွက်နှင့်တူပြီး အရွက်၏ အောက်ဘက်က အရောင်မှာ ကြက်သွေးရောင် ဖြစ်ပါသည်။

အပေါ်ဘက်တွင်မူ အစိမ်းရောင်ဖြစ်ပါသည်။ အချို့သော နေအိမ်များတွင် ပန်းအလှပင်အဖြစ် စိုက်ပျိုးကြပါသည်။

အဆိုပါ မီးကွင်းဂမုန်းပင်သည် ကျွန်ုပ် တာဝန်ထမ်းဆောင်လျက်ရှိသော အလုပ်ရုံနှင့် ကားလမ်းကလေးသာ ခြားထားသော ပစ္စည်းချောထိန်းသူ့နေ အလုပ်ရုံတွင်ရှိကြောင်း ကျွန်ုပ်က သိပါသည်။

သို့ဖြစ်၍ ထိုအလုပ်ရုံသို့သွားပြီး မီးကွင်းဂမုန်း၏ အရွက်(၆)ရွက်အား တောင်းယူကြည့်ရာ သူတို့ကလည်း လိုလိုလားလားဖြင့် ပေးကြပါသည်။

ကျွန်ုပ်က အရွက်(၆)ရွက်လောက်ကို ဖြတ်ယူပြီးသောအခါ သူတို့ဆီက ငှားလာသော ဓားအား သွားပြန်ပေးရင်း ကျေးဇူးတင်စကားပြောလေရာ ထိုအလုပ်ရုံ၏ အလုပ်ရုံစုမှူး အဆင့်ရှိ အလုပ်ရုံတာဝန်ခံ ဦးအေးဝင်းမှ...

'ကျေးဇူးတင်စရာ မလိုပါဘူး။ အချင်းချင်းတွေပဲဟာ။ ဒါနဲ့ နေပါဦးဗျ၊ ဒီအရွက်ကြီး ယူပြီး ဘာလုပ်ဖို့လဲဗျ'

ဟု မေးလေသည်။ ထိုအခါ ကျွန်ုပ်က ကျွန်ုပ်၏ ဇနီးသည်မှာ သွေးဝမ်းသွားနေကြောင်း၊ သို့ဖြစ်၍ ဆေးအဖြစ် ကြက်ဥနှင့် ကြော်စားရမှာဖြစ်ကြောင်း ကြော်စားပုံ ကြော်စားနည်းများကိုပါ အသေးစိတ် ရှင်းပြလိုက်ရာ ဦးအေးဝင်းက...

'အေးဗျာ... ကျွန်တော်တို့က ပန်းအလှပင်အဖြစ် စိုက်ထားတာဗျ၊ ဆေးဖက်ဝင်မှန်း မသိပါဘူး။

ကဲဗျာ... ပြောလက်စ စကားနဲ့ ကျွန်တော်လဲ ကျွန်တော် သိထားတဲ့ သွေးဝမ်းသွားရောဂါ ပျောက်ကင်းစေနိုင်တဲ့ ဆေးနည်းတစ်မျိုးကို ပြောလိုက်ပါရစေ၊ စာတွေ့မဟုတ်ဘူးဗျ၊ ငါတွေ့လို့ပဲ ပြောပါရစေ။

ကျွန်တော်ကိုယ်တိုင်လဲ ဖြစ်ခဲ့ဖူးတယ်။ ဒီဆေးကို ဖော်ပြီးလဲ စားခဲ့ဖူးတယ်။ ပြီးတော့ ကျွန်တော့်သူငယ်ချင်းအရာရှိ အင်ဂျင်နီယာတစ်ယောက်ရဲ့ ဇနီး။ အဲဒီ သူ့ဇနီးက ဟိုအရင်က တောင့်တောင့်ဖြောင့်ဖြောင့် လှတပတကြီးဗျ။

တစ်နေ့ ကျွန်တော် သူတို့အိမ်ကို အလည်ရောက်သွားတော့ အဲဒီ အမျိုးသမီးက ပိန်လိမ်ခြောက်ကပ်ပြီး အသားအရေတွေလဲ ပိုးဟပ်ဖြူလို ဖြစ်နေတော့တယ်။ တကယ့် သူအိုသူနာပုံကြီးကို ပေါက်နေတော့တာပါပဲဗျာ။ တကယ်ကို မယုံနိုင်စရာပါ။

အဲဒါနဲ့ ကျွန်တော် သူ့ရဲ့ ရောဂါဇာစ်မြစ်ကို မေးကြည့်တော့ သွေးဝမ်းသွားနေတာတဲ့။ ငွေကြေး တတ်နိုင်တဲ့ သူတွေပဲဗျာ။ ဆေးရုံဆေးခန်းတွေ မသွားဘဲ ရှိမလား၊ ဒါပေမယ့် ဘယ်လိုကုကု ကုသလို့ မရလို့ ဒီအတိုင်းပဲ ဖြစ်နေရတာပါတဲ့။

အဲဒီအခါမှာတော့ ကျွန်တော်လဲ ကျွန်တော့်ရဲ့ ပွဲတိုင်းကျော် ဆေးနည်းတစ်မျိုးကို ပြောပြပေးလိုက်တယ်။ ပွဲတိုင်းကျော်ဆိုတာက ဆေးရဲ့ နာမည်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါဘူး။ ဒီရောဂါ ဖြစ်ကြတဲ့ သူတိုင်းကို ဒီဆေးနည်းနဲ့ ကုသလို့ လူတိုင်း ပျောက်ကင်းချမ်းသာရာ ရခဲ့တဲ့အတွက် ကျွန်တော်က တင်စားပြီး ပြောတာပါ။

ယောက်ျား၊ မိန်းမတွေမှာ ဖြစ်တတ်တဲ့ သွေးဝမ်းရောဂါတွေအပြင် မိန်းမတွေမှာသာ ဖြစ်တတ်တဲ့ မီးယပ်ဝမ်းတို့၊ မီးတွင်းထဲ သွေးသွန်တာတို့ပါ ကုစားနိုင်ပါတယ်။

**ဆေးနည်းကတော့ လင်းမြွေ အသားပါပဲ။** လင်းမြွေတွေဟာ အရောင်ကိုလိုက်ပြီး လင်းဝါရယ်၊ လင်းနက်ရယ်၊ ရိုးရိုးလင်းမြွေရယ် ဆိုပြီး ရှိကြတယ်။ ဘယ်လို လင်းမြွေကိုပဲရရပါ အားလုံးဟာ အခုပြောတဲ့ သွေးဝမ်းရောဂါအတွက် အသုံးပြုနိုင်ပါတယ်။ ဒါပေမယ့် လင်းဝါက ပိုပြီး ဆေးစွမ်းထက်ပါတယ်။

အခု ပြောခဲ့တဲ့ လင်းမြွေသား ရပြီဆိုတာနဲ့ အရေခွံကို ဆုတ်ပြီး အတုံး အတုံးကလေးတွေ ပြုလုပ်ရတယ်။ ပြီးရင် နူးနပ်လာတဲ့ အထိ ရေခန်းပြုတ်ရတယ်။ ပြုတ်ပြီး ပြန်ဆယ်၊ ပြန်ဆယ်ပြီးတော့ အရိုးတွေ ဘာတွေ နွှင်ပေါ့။ မနွှင်လဲ ရတော့ ရပါတယ်။ ပြီးရင် ကြက်သွန် အဖြူ၊ အနီတွေနဲ့ ထုထောင်းပြီး ဆီသတ်ပေါ့။ ဆီသတ်တဲ့နေရာမှာ **ငရုတ်သီး၊ ချင်းတွေ ထည့်မသုံးရဘူး။** ချက်တဲ့အခါမှာ **ငံပြာရည်မသုံးရဘူး။ဆားပဲသုံးရမယ်။**

အဲဒါကို ဆီပြန်ချက်ပြီး တဝတပြဲ စားရမယ်ဗျ။ ချွေတာပြီး မစားရဘူး။ ထမင်းနဲ့ စားမယ်ဆိုရင် ထမင်းနည်းနည်း၊ ဟင်း(ဆေး)များများ စားရမယ်။

အဲဒီလိုသာ စားလိုက်လို့ကတော့ ဆေးရဲ့ ဆေးခန်းက လက်မခံတော့တဲ့ သွေးဝမ်းရောဂါသည်တွေတောင်ဒီဆေးနည်းနဲ့ ပျောက်ကင်းနေကြတယ်ဗျ။

အဲ... ခုနက ကျွန်တော် ပြောခဲ့တဲ့ သူငယ်ချင်းရဲ့ ဇနီးသည်လဲ . ဒီဆေးနည်းနဲ့ ရက်ပိုင်းအတွင်း ပျောက်ကင်းချမ်းသာခဲ့ရတယ်ဗျ'

ဟု ရှည်လျားစွာဖြင့် ရှင်းပြပြီး စကားကို အဆုံးသတ်လိုက်ပါတော့သည်။

ထိုအခါမှ ကျွန်ုပ်မှ...

'နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ ထည့်ရေးလိုက်မယ်ဗျာ'

ဟု ပြောလိုက်သောအခါ အလုပ်... တာဝန်ခံ ဦးအေးဝင်းက...

'ရေစမ်းပါဗျာ... သွေးဝမ်းသွား... ရောဂါဆိုတာ အသက်အန္တရာယ်အ... ရှိနိုင်တယ်ဗျ။ ကိုယ်ပေးလိုက်... ဆေးနည်းကြောင့် လူတစ်ဖက်သား... ရောဂါဝေဒနာတွေ သက်သာပျော်... ကင်း ချမ်းသာရာ ရသွားတယ်ဆို... ပြောပြပေးတဲ့ ကျွန်တော်လဲ ကုသို... ရတယ်။ ရေးပြပေးတဲ့ ခင်ဗျား... ကုသိုလ်ရတယ်။

မဂ္ဂဇင်းမှာ ဖော်ပြပေးတဲ့ တာဝန်... သူတွေပါ အားလုံး ကုသိုလ်ရသွားတော့... တာပဲဗျို့။ ဒါကြောင့် ရေးသာ ရေး...

**[ဆေးနည်း ပြောပြပေးသော... အလုပ်ရုံစုမှူး ဦးအေးဝင်း(တာဝန်... ပစ္စည်းချောထိန်းဌာန ကစစ(၁... ဆင်တဲ့နှင့် စာရေးသူ၏ဇနီးဒေါ်မိုး... အေးတို့အား အထူးကျေးဇူး တင်ရှိ... ကြောင်း...]**

***ရှင်လန်းချမ်းမြေ့ကြပါစေ။***

**ချစ်ဆိုင်**

## ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ



## အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၂၃ |
| **ဒီဇင်ဘာလ** | + ၁၂ |
| **ခုနှစ်** | ၂၀၁၅ |
| | ၂၃၅၀ = ၁၁ = ၁ |

**အကြိမ်၊ လ၊ ခုနှစ်**များအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၁)ဂဏန်းရသည်။ သို့ဖြစ်၍ **၁၊ ၂၊ ၃၊ ၆** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၁၊ ၃၊ ၆** ဂဏန်းများ ဦးစားပေးပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၂...၁ | ၃...၁ | ၆...၁ |
| ၁...၂ | ၂...၂ | ၃...၂ | ၆...၂ |
| ၁...၃ | ၂...၃ | ၃...၃ | ၆...၃ |
| ၁...၆ | ၂...၆ | ၃...၆ | ၆...၆ |
| ၁...၉ | ၂...၉ | ၃...၉ | ၆...၉ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် **၁၊ ၃၊ ၆** ဂဏန်းများ ဦးစားပေးရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**" ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၁+၂+၂+၀+၁+၅)=၁၁=၂ ဂဏန်းမှာ ပို၍ အားကောင်းလှသည်။ သို့ဖြစ်၍...

**စ... ဆုံး**

၁... ၁၊၂၃၊၆

၂... ၂၊၃၊၆၊၁

၃... ၃၊၆၊၁၊၂

၆... ၆၊၁၊၂၊၃



ဤလတွင် **တနင်္ဂနွေနှင့် တနင်္လာ...** သားသမီးများ ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ဒေသရှိ ဘုရားတစ်... ဆူ၏ ရင်ပြင်တော်ကို (၃)ရက်တိတိ သ... ရှင်းရေးပြုလုပ်ပေးပါ။

နေ့စဉ် မိမိမွေးနံ့အရပ်ထောင့်တွင် ... အသက်ထက် တစ်ခွက်ပို၍ မြတ်စွာဘုရား... ကို ရည်မှန်း၍ ရေလှူဒါန်းပေးပါ။ တ... နိုင်ပါက သက်စေ့ဆီမီးတိုင်လှူဒါန်းပေး...

အထက်ပါအစီအရင်ပြီးပါက မိမိတို့အိ... ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို(၃)ဦး... အား ဆေးဝါးအာဟာရ လှူဒါန်းပေး... ပြီးမှ ထီကံစမ်းကြရန်ဖြစ်ပါသည်။

အထူးဂဏန်း

✦ ၁၃၆၁၁၂ ✦ ၂၃၁၁၆၂ ✦ ၂၁၂၆၁...

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက် (သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

ORGANIC PRODUCTS
FROM KANDARAWADDY ORGANIC HERB FARM

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၂/၂၀၁၂တဆထလ/တိုး(၁၀၂၄)

ပင်ရင်း ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက် အမှတ်-၇၄၁၊ နေသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်
မရန်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၀၉ ၅၁၄၀၃၈၉၊ ၀၉ ၄၂၀၀၀၇၀၈၅




## ကြက်လည်ဆံ ဆီးဆေးပြား

**အပြား ၁၀၀ပါ ဖူးကြီး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)






## ကြက်လည်ဆံ ဆီးဆေးပြား

**အပြား ၄၀ပါ ဖူးငယ်**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)







## မင်းမကိုင်ရ

**သွေးချို ဆီးချိုကျဆေး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012254(0916)






## ရင်ငြိမ်းအေး

**နှလုံးဆေး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012014(0516)



ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၆၇/၀၆၁၃



www.burmeseclassic.com

www.burmeseclassic.com

# မွတ်လအိ မွတ်လအာပ်

တောင်ထွတ်များပေါ် ဆံတော်ရှင် ဘုရားဖူးခရီး (၃)

ဌေးကြော (LL.B)

**ယခင်လမှ အဆက်**

ကိုယ့်ရှေ့မှ ဘုရားဖူးအဆက်ဆက် ထိုနေရာတွင် ရေလဲပြုလုပ်ရန် ကန်းများ၊ ပုဆိုးများ၊ ထဘီများ ဆင်သင့် ထားပေးသဖြင့် အဆင် လှပါသည်။


'ခေါင်းလျှော် ရေချိုးပြီးမှ ဘုရားဖူးတက်ပါ' ဟူသော စာလုံးများကို အင်္ဂတေ ကန်တွင် ထွင်းထားသည်။

ထို့ပြင် ဆိုင်းဘုတ်ငယ် တစ်ခုဖြင့် ည်း မြန်မာဘာသာ၊ ကရင်ဘာသာ ဖြင့် သတိပေးချက် တွေ့ရှိရသည်။ နှိပ်တို့ ဘုရားဖူးကားနှစ်စီးမှ လာသူများလည်း အားလုံး မျက်နှာ သစ် ခေါင်းလျှော်၊ ခြေလက်ဆေး ပြုကြသည်။ ရေမှာ ရေခဲရေတမျှ စက်လှပါသည်။

ကျွန်ုပ်တို့ရှေ့ရှိ ဘုရားဖူးကားများ ဘားအံမြို့ ဖွဲ့ကပင်တောင်ခြေရှိ အင်ကြင်းတစ်ထောင် ကျောင်း ရာတော် ဦးသုတ ဦးဆောင်လာပြီး ဘုရားဖူး အမျိုးသား၊ အမျိုးသမီး ပေါင်း (၈)ယောက်ခန့် ပါဝင်သည်။

ကျွန်ုပ်တို့ ဘုရားဖူးနှစ်ဖွဲ့စလုံးက တ်တရ ဓာတ်ပုံများ ရိုက်ကြသည်။ ကင်ပွန်းစခန်းမှာ ဝါးတောမရှိဘဲ င်ကြီးများသာ အုပ်ဆိုင်းနေ ည်း တောကင်ပွန်းပင်ကြီးများ ပေါ သဖြင့် ကင်ပွန်းစခန်းဟု ခေါ်တွင် ကြောင်း သိရသည်။

ညနေ (၅)နာရီ (၄၅)မိနစ်တွင် ဘုရားဖူးကားနှစ်စီး ခရီးဆက်ကြရာ



▲ မွတ်လအိထံတော်ရှင်ဘုရားကို (၂၈-၄-၂၀၁၅)ညဘက်(၈)နာရီခန့် တွင် ဓာတ်ပုံရိုက်(အနီးကပ်)

ကျွန်ုပ်တို့ကားက ရှေ့မှထွက်ခဲ့သည်။ အကွေ့အကောက် အတက်အဆင်း ကြမ်းတမ်းလှ၍ ဘုရား တယူရသည်။

ကျိုက်ထီးရိုးဘုရားသို့ မော်တော် ကားဖြင့် အကြိမ်ပေါင်းစွာ အတက် အဆင်း လုပ်ခဲ့ဖူးသလို ဘီးလင်းမြို့ အနီးရှိ မဲလံဆံတော်ရှင်တောင်သို့ လည်းကောင်း၊ ပေါင်မြို့အနီးရှိ



www.burmeseclassic.com

www.burmeseclassic.com

နွားလပို့စေတီတောင်သို့ လည်းကောင်း တောင်တက်ကားဖြင့် အကြိမ်ကြိမ် တက်ဖူးခဲ့ပါသည်။

ဤ မွတ်လအိတောင်တက်ကား လမ်းက ခရီးအဝေးဆုံး အကွေ့အကောက် အတက်အဆင်း အများဆုံး၊ တောအနက်ဆုံး ဖြစ်ပါသည်။ ညနေ (၆)နာရီ (၁၅)မိနစ်တွင် တောင်ထိပ် ကားရပ်နားစခန်းသို့ ရောက်ရှိသည်။

ကားရပ်နားစခန်းတွင် လမ်းပြင်ရန်ထားသော ဘတ်ဖိုးကားကြီးတစ်စီးနှင့် အလုပ်သမားတန်းလျားတစ်ဆောင်ကို ပထမဆုံး တွေ့ရသည်။

ထိုနေရာအနီးမှာ အိမ်သာတွဲများ ရှိသည်။ ထိုနေရာအထက်မှာ ကျောက်တုံးသုံးလုံးဆင့်ပေါ်၌ စေတီငယ်တစ်ဆူကို ဖူးတွေ့ရသည်။

"စိတ်အေးချမ်းသာစေတီ"

"ကြိုဆိုပါ လာတ်လာတပွင့်

ဆုတောင်းပြည့်ဘုရား"

ဟူသော စာတန်းများ ရေးထားသည်။

ထိုစေတီငယ်နှင့် ကပ်လျက်တွင် ဆွမ်းစားကျောင်းရှိ၏။ ထိုဆွမ်းစားကျောင်းနှင့် မျက်နှာချင်းဆိုင်လမ်းတစ်ဖက်မှာ အလှူခံမဏ္ဍပ်နှင့် သောက်ရေအိုးစင်ရှိသည်။

ကျွန်ုပ်လည်း မော်တော်ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း သောက်ရေအိုးစင်သို့သွားပြီး ရေတစ်ခွက်ခပ်သောက်လိုက်ရာ ရေခဲတမျှ အေးမြပြီး အမောအပန်း ပြေသွားတော့သည်။

ကျွန်ုပ်တို့ ကားရပ်ထားသော နေရာအနီးမှာ အစိမ်းရောင် ကြွေပြားများ ကပ်ထားသည့် တစ်ဝက်တစ်ပျက် ဆောက်လက်စ အဆောက်အအုံကြီး တစ်လုံးကို တွေ့ရသည်။



▲ နံနက်ခင်းမြူနှင်းများ အုံ့ဆိုင်းနေစဉ် မွတ်လအိဘုရားတောင်ကို ကင်မရာဖြင့် အနီးကပ် ဆွဲရိုက်ထားပုံ

▼ မွတ်လအိဘုရားတောင် ယဉ်ရပ်နားစခန်းမှ တောင်ထွတ်စေတီပေါ်တက်ရသော လူသွားလမ်းအစနေရာ



မြိုင်ကြီးငူဆရာတော်၏ တပည့်များ အလှူခံပြီး ဆောက်လုပ်နေသော ဓမ္မာရုံကြီးဖြစ်ကြောင်း၊ မွတ်လအိတောင်သို့ ဘုရားဖူးလာကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ ညအိပ်တည်းခိုရန်ဖြစ်ကြောင်း ကားဒရိုင်ဘာက ပြောပြသည်။

ဓမ္မာရုံအတွင်းမှာ အခန်းများရှိပြီး ရဟန်းသံဃာတော်များ သီးသန့်၊ အမျိုးသားများအတွက် သီးသန့်၊ အမျိုးသမီးများအတွက် သီးသ[illegible] ခွဲခြားထားသည်။

ထိုအခန်းများတွင် ထိုင်းနိုင်ငံ[illegible] ပလတ်စတစ်ဖျာများ၊ ခေါင်းအုံး[illegible] အိပ်ရာခင်းများ၊ ခြုံစောင်[illegible] အမြောက်အမြား ထားရှိသည်။ ဘု[illegible] ဖူးညှော်သည် အနည်းဆုံး တ[illegible] လောက်အတွက် ပြည့်စုံပါသည်[illegible]

ထိုဓမ္မာရုံကြီး၏ အရှေ့ဘ[illegible] လည်း အဆောက်အအုံ ဆောက်[illegible]

www.burmeseclassic.com

ဆဲ ဇရပ်တစ်ဆောင်ရှိသည်။ ထို အဆောင်မှာလည်း ဘုရားဖူး ဧည့်သည်များ ညအိပ်ညဉ့်နေ တည်းခို ရန်အတွက် **ရွှေကုက္ကိုလ်မြိုင်ဆရာတော်**၏ တပည့်များက အလှူခံ၍ ဆောက်လုပ်နေသော ဓမ္မာရုံဖြစ် ကြောင်း သိရသည်။

ထိုဓမ္မာရုံများတွင်လည်း ဖျာများ၊ အိပ်ရာခင်းများ၊ ခေါင်းအုံးများ၊ စောင် များ ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်တို့ အတွက် အနည်းဆုံး (၃၀)ဦးစာမက ပြည့်စုံနေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ဘုရားဖူးများအတွက် အဆင်ပြေလှ ပေသည်။

ဓမ္မာရုံ ဆောက်လက်စ အဆောက် အအုံကြီးနှစ်ခုနှင့် ပေ(၅၀)ခန့်အကွာ တွင် အင်္ဂတေရေလှောင်ကန်ကြီး ရေအပြည့်ရှိသည်။ ရေခပ်ချိုးရန် သားခွက်များ၊ ရေလဲများ၊ ဆပ်ပြာ များလည်း အဆင်သင့်ရှိသည်။

ထိုရေကန်မှာ ရဟန်းသံဃာများနှင့် အမျိုးသားများ ရေချိုးခြင်း၊ မျက်နှာ သစ်ခြင်း၊ ခြေလက်ဆေးခြင်း ပြုရ ကြောင်း ကားဒရိုင်ဘာက လိုက်ပြ သည်။

အနည်းဆုံး ပေခြောက်ထောင် ကျော်မြင့်သော ဤ မွတ်လအိတောင် ပေါ်မှာ ရေပြည့်လျှံ ပေါ်များနေသည်မှာ အံ့သြဖွယ် ဖြစ်ပါသည်။ ရေကို လက် ဖြင့်ကိုင်ကြည့်ရာ ရေခဲရေလို အေးစက် နေသဖြင့် ရေချိုးရန် မဆိုထားနှင့် မျက်နှာသစ်ရန်ပင် အတော် စဉ်းစားရ သည်။


ညနေ(၆)နာရီကျော် အချိန်ဖြစ်၍ နှင်းမှုန်တွေ များစွာ ကျလာသည်။ ညသီဥတု အလွန်အေးမြလှ၏။

အနွေးထည်ဝတ်ပြီး ဦးထုပ်ပါ ဆောင်းလိုက်ရသည်။ နွေရာသီမှာပင်



ကမ္ဘာ့ရင်ရသေ့ကျောင်းဆောင်တွင်း မွေတော်ထားသော ရှင်ရသေ့ရုပ်တု

မွတ်လအိတုဂူတော်ထွက် အတက်လမ်းအစမှ အံတိုး (ကမ္ဘာ့ရင်ရသေ့)ကျောင်း



ဤမျှအေးမြပါက ဆောင်းရာသီ၊ မိုးရာသီတို့တွင် ကျွန်ုပ်တို့ တောင်ပေါ် မှာ ညအိပ်နိုင်မည် မထင်ပေ။

ရေကန်နှင့် ပေ(၅၀)ခန့်အကွာတွင် သွပ်မိုးအစိမ်းရောင် အဆောက်အအုံ တစ်ခုရှိသည်။ အဆောက်အအုံ အတွင်းမှာ ကျောက်လုံးကြီးနှင့် ရုပ်တု များရှိသည်။

'အဲဒီ ဘိုးဘိုး(ကျောက်လုံးကြီး)ကျောင်းပဲ။ လင်မယားစုံတွဲတွေ ဒီနေရာမှာလာပြီး မောင်နှမလို နေပါ့မယ်လို့ အပ်နှံကတိပေးရ တယ်။ ပြီးတော့ ဘုရားတောင်ထွတ်ပေါ်ကို မတက်ခင် ဒီနေရာမှာ ဘေးရန်ကင်းဖို့ အတိုးကာကွယ်ပေးဖို့ မိမိကိုယ်ကို အပ်နှံ ဆုတောင်းကြရတယ်'

ကျွန်ုပ်တို့၏ ကားဒရိုင်ဘာက အတွေ့အကြုံများသူပီပီ ကျွန်ုပ်ကို လိုက်ပြရင်း သိသင့်သည်များကို ပြော ပြပေးခြင်း ဖြစ်သည်။

မိကရင်ကျောင်း ဆရာတော်နှင့် မြဝတီတောရတိုက်ကျောင်း တိုက်အုပ် ဆရာတော်တို့နှစ်ပါးက သိမ် အဆောက်အအုံတွင် သီတင်းသုံး

www.burmeseclassic.com

နေထိုင်သော မြို့ကြီးဌေးဆရာတော်က တာဝန်ချထားပေးသည့် မွတ်လအိ တောင်ကျောင်း ဆရာတော်လေးထံ သို့ သွားရောက်တွေ့ဆုံရင်း ညအိပ် တည်းခိုရေးကိစ္စ သတင်းများ ပို့နေပါ သည်။

ထိုဆရာတော်လေးမှာ (၅)ဝါသာ ရှိသေးပြီး စကားနည်းကြောင်း ကား ဒရိုင်ဘာက ပြောပြသည်။ အချိန်မှာ ည(၇)နာရီရှိပြီ။

'ကဲ ညဘက် ဘုရားတက်ဖူးရအောင် မိုးချုပ်နေပြီ၊ လက်နှိပ်ဓာတ်မီးတွေ ယူလာကြ'

ကျွန်ုပ်တို့ ဘုရားဖူးအဖွဲ့ ဆရာ တော်(၂)ပါးနှင့် လူဒကာ(၂)ဦး ဓာတ်မီးကိုယ်စီဖြင့် ဘုရားဖူးလမ်း အတိုင်း သွားကြစဉ် နောက်က ဘုရား ဖူးကားတစ်စီး ကားရပ်နားစခန်းသို့ ဆိုက်ရောက်လာသည်။

ကားရပ်နားစခန်းမှ ဘုရားစေတီ ရှိရာ တောင်ထွတ်သို့ အသွားလမ်းမှာ အချို့နေရာ မြေသား၊ အချို့နေရာမှာ အင်္ဂတေအနည်းငယ်ဖြင့် လှေကားထစ် လုပ်ပေးထားသည်။ လမ်းအကျယ်မှာ (၆)ပေခန့်ရှိ၍ အတက်များသာဖြစ် သည်။ အချို့နေရာမှာ လမ်းနှစ်ခွ လုပ်ပေးထားသည်။

လမ်းတစ်ခွက မတ်မတ်တက်ရပြီး နောက်လမ်းတစ်ခွမှာ ပြေလျှောလျှော ကွေ့ပတ် ပြုလုပ်ပေးထားခြင်းဖြစ် သည်။ မှောင်နေသဖြင့် ဘေးဘယ်ညာ ဘာမှ မမြင်ရပါ။

နှင်းမြူများကြောင့် အေးစိမ့်နေသလို လေတဟူးဟူး တိုက်ခတ်နေ၍ ပိုအေး ပါသည်။ ကျွန်ုပ်တို့(၄)ဦးထဲမှာ တောရ ကျောင်း တိုက်အုပ်ဆရာတော် ဦးသောဘိတသာလျှင် ဤဘုရားသို့ ငယ်စဉ်က တစ်ခေါက်သာ ရောက်ဖူး



◆ မွတ်လအိဘုရားတောင်သိမ်တော်

◆ မွတ်လအိဘုရားတောင်ထွတ်သို့ အတက်လမ်းဘေးတစ်နေရာရှိ ထိုင်နားရန် သစ်သားခုံတန်း။



သဖြင့် ရှေ့မှ ဦးဆောင်သွားပါသည်။

ကျန်(၃)ဦးကတော့ ယခုမှ ပထမ အကြိမ် ရောက်ဖူးကြခြင်းဖြစ်၍ နောက်မှ လိုက်ကြရသည်။ နားလိုက် တက်လိုက်နှင့် သွားကြရာ (၇)နာရီ (၉)မိနစ်ခန့်တွင် တောင်ကုန်းထိပ်၌ စေတီငယ်တစ်ဆူကို ဖူးတွေ့ကြရ သည်။ ရင်ပြင်ကို အင်္ဂတေ ခင်းထား ပြီး အကာအရံ မရှိပါ။ ဉာဏ်တော်(၉) တောင်မျှသာ ရှိမည်ထင်သည်။

'ဒီစေတီတော်က အမျိုးသမီး ဒကာမတွေ သီလရှင်တွေ ဖူးရတဲ့ စေတီပေါ့။ ဒေသခံ တွေကတော့ လွယ်လွယ်ကူကူပဲ ...
ဘုရားလို့ ခေါ်ကြတယ်'

မြဝတီတောရ တိုက်အုပ်ဆ... တော်က ရှင်းပြသည်။ ကျွန်ုပ်တို့... လုံး ထိုစေတီရင်ပြင်တွင်ထိုင်၍ ... ရင်း ခေတ္တ အမောဖြေကြသည်။

ထို့နောက် ဆက်တက်ကြ... သည်။ အတက် တော်တော်... သဖြင့် မကြာခဏ ထိုင်နားကြရသ... အင်္ဂတေလှေကားထစ်များရှိ၍ ... တော့သည်။ ည(၇)နာရီ (၂၀)မိ... မွတ်လအိတောင်ထွတ် ...တော်...



www.burmeseclassic.com

www.burmeseclassic.com





◄ မွတ်လအိဘုရားတောင်ထွတ် အတက်လမ်းအစ ကျောက်လုံးကြီးအနီးရှိ ထိုင်နေသော ဝိဇ္ဇာရုပ်တု

◄ မွတ်လအိဘုရားတောင်ထွတ် တက်လမ်းအစ ကျောက်လုံးကြီးအနီးမှ တောင်ဇရာထမ်းဝိဇ္ဇာဇော်ဂျီရုပ်တု

စေတီရင်ပြင်သို့ ရောက်ရှိကြသည်။

ဘုရားရင်ပြင်တော်မှာ အင်္ဂတေခင်းထားသည်။ အကာအရံမရှိပါ။ အင်္ဂတေအုတ် (၃,၄)လုံး ထပ်၍ စီထားခြင်းသာရှိသည်။

ရင်ပြင်တော်ပတ်လည်မှာ ဆိုလာပြားနှင့် မီးလင်းသော မီးမောင်းငယ်များ (၄,၅)လုံးခန့် ရှိသော်လည်း အချို့မှာ မီးမလင်းသဖြင့် စေတီတော်ကို ခပ်မှောင်မှောင်ပင် ဖူးမြင်ရသည်။ ဘုန်းတော် (၁၁)တောင်ခန့် ရှိမည်ဟု ထင်ရပါသည်။

'ဒီစေတီတော်ကို ဒေသခံတွေက ယောက်ျားဘုရားလို့ ခေါ်ကြတယ်။ ဘယ်အမျိုးသမီးမှ ဒီဘုရားရင်ပြင်ဘက်ကို လာဖူးလို့မရဘူး။ အမျိုးသားတွေသာ လာဖူးလို့ရတယ်။

ဟိုအောက်က မိန်းမဘုရားက ခြေတစ်လှမ်းတောင် ကျော်လာခွင့်မရှိဘူး။ မလိုက်နာရင် ချက်ချင်း လေကြီးမိုးကြီးကျတယ်'

မြဝတီတောရတိုက်ကျောင်း တိုက်အုပ်ဆရာတော်မှ ရှင်းပြသည်။ ကျွန်ုပ်တို့အားလုံး ရင်ပြင်ပတ်လည်တွင် နေရာယူပြီး ဦးချရှိခိုးခြင်း၊ ပရိတ်တော်၊ ပဋ္ဌာန်းတော်များ ရွတ်ပွားပူဇော်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှဝေခြင်းများ ပြုကြပါသည်။

'ဒီတောင်ပေါ် အတက်လမ်းမှာ ဒူးတွေ တုန်တယ်။ တစ်ခါတလေ ပူးခန့် မိုက်ခန့် တောင် ဖြစ်ချင်တယ်'

ဆရာတော်နှစ်ပါးက ထိုသို့ ပြောကြသည်။ တစ်နေ့ကုန် ခရီးကြမ်းကို မော်တော်ကားတွင် ထိုင်စီးခဲ့ကြရပြီး ယခုလို မမြင်မစမ်းတွင် တောင်ထွတ်ပေါ် ခြေကျင်တက်ရသဖြင့် ကျွန်ုပ်လည်း အသည်းတုန်အူတုန် ဖြစ်ရသည်။ သို့သော် ဘုရားတန်ခိုးတော်ကြောင့် အန္တရာယ် မဖြစ်ကြပါ။

'မိုးကောင်းကင်ကို မော့ကြည့်ပါဦး။ ကြယ်တွေက နီးနီးလေးပဲ။ လက်နဲ့ လှမ်းဆွဲရင် မီတော့မလောက် ထင်ရတယ်'

ကျွန်ုပ်က ပြောလိုက်သဖြင့် အားလုံး ကောင်းကင်ပေါ် မော့ကြည့်လိုက်ကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်နေပြီး တိတ်ဆိတ်လွန်းလှသည်။ လေတဟူးဟူးနှင့် အေးစိမ့်နေသည်။ မိမိတို့ကိုယ် ကောင်းကင်ပေါ် ရောက်နေသလို ခံစားရသည်။

'တာဝတိံသာနတ်ပြည်ကို အရှင်လတ်လတ် ရောက်နေသလိုပါပဲ'

'လူဖြစ်ရကျိုး နပ်သွားပြီ'

'နတ်သား၊ နတ်သမီးတွေ စကားပြောသံတောင် ကြားနေရသလို ထင်ရတယ်'

ကျွန်ုပ်တို့ ကိုယ်စီ ခံစားချက်များကို ပြောနေမိကြသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင် သက်ရှိထင်ရှားရှိစဉ်က ကပ္ပရသေ့ကြီးကို ချီးမြှင့်ခဲ့သော ဆံတော်ကို ဌာပနာပြီး တည်ထားသော စေတီတော်ဖြစ်၍ **"မွတ်လအိဆံတော်ရှင်ဘုရား"** ဟု ထင်ရှားကျော်ကြားရခြင်း ဖြစ်ပေသည်။ အနှစ်နှစ် အလလက ရောက်ဖူးချင်သော နေရာကို ယခု ရောက်ဖူးလေပြီ။

'ကဲ ပြန်ဆင်းကြမယ်၊ မနက်စောစောမှ တစ်ခါ ပြန်တက်ဖူးကြတာပေါ့'

မိကရင်ဆရာတော် ဦးဝဏ္ဏိတမှ



www.burmeseclassic.com

www.burmeseclassic.com



◆ သံပိုက်လုံးကို မ,ယူရသော ဘုရားဖူး အမျိုးသမီးတစ်ဦး

◆ သံပိုက်လုံးကို မ,ယူရသော ဘုရားဖူး အမျိုးသမီးတစ်ဦး



နှိုးဆော်၍ ပြန်ဆင်းခဲ့ကြသည်။ ညအိပ်ရပ်နားစခန်းသို့ (၁၅)မိနစ်ခန့်မျှနှင့် ရောက်ကြသည်။ အဆင်းမှာ တော်တော် မြန်ပါသည်။

'ဆွမ်းစားဇရပ်မှာ သက်လွတ် မုန့်တီနဲ့ မုန့်တီသုပ် သွားစားကြပါဦး'

ဓမ္မာရုံသို့ရောက်သည်နှင့် ကားဒရိုင်ဘာ မောင်ကာစီ (ခ) အောင်မျိုးချစ်က လာဖိတ်သဖြင့် ဆွမ်းစားဇရပ်သို့ ကျွန်ုပ်နှင့် မောင်ကျော်လှ လိုက်သွားပြီး မုန့်တီဟင်းရည်နှင့် မုန့်တီသုပ်တို့ကို စားကြသည်။

သက်လွတ်ဖြစ်သော်လည်း စား၍ အလွန် ကောင်းပါသည်။ ဗိုက်ဆာနေသောအချိန်ဖြစ်၍ အလွန် မြိန်ပါသည်။

'ဒီမှာ လက်ဖက်ရည်၊ ကော်ဖီ သောက်ကြဦး၊ လက်ဖက်ရည်ကြမ်းလဲသောက်ကြ၊ မုန့်တွေလဲ ကြိုက်ရာစားကြ။ ဒီမှာ ဘာမှ အားနာစရာ မရှိဘူး'

ဆွမ်းစားဇရပ်တွင် မြိုင်ဌူကြီးဆရာတော်၏ တပည့် ဦးပဥ္ဇင်း ဦးဝိသာရနှင့် ရသေ့ဦးခန္တီတို့က ဖော်ရွေစွာ ဧည့်ဝတ်ပြုကြသည်။

ကျွန်ုပ်တို့လည်း ကော်ဖီသောက်၊ လက်ဖက်ရည်ကြမ်းလည်း သောက်၊ မုန့်ပုံးထဲက မုန့်တွေလည်း ယူစားသဖြင့် ဗိုက်ပြည့်သွားသည်။

'အကာတို့ကို မွတ်လအိဆေးမြစ်စုံ စိမ်ရည် တိုက်လိုက်ဦး။ အညောင်းအညာအကိုက်အခဲတွေပျောက်ပြီး လန်းဆန်းသွားအောင်'

ဦးပဥ္ဇင်း ဝိသာရမှ ပြောလိုက်သဖြင့် ရသေ့ကြီးဦးခန္တီက ကျွန်ုပ်တို့ကို ဆေးမြစ်စိမ်ရည်တစ်ခွက်စီ ခပ်ပေးသည်။ ကျွန်ုပ်တို့ သောက်လိုက်ကြ၏။ **ချိုချဉ်ငံခါးပြင်းရှ**အရသာ ရှိပါသည်။

ဆေးမြစ်စုံကို လူတစ်ဖက်လောက် ပလတ်စတစ်ပုံးကြီးဖြင့် စိမ်ထားခြင်းဖြစ်သည်။

မွတ်လအိတောင်ထိပ်တွင် ပေါက်သော ဆေးဖက်ဝင်အပင်တို့၏ ပဉ္စငါးပါးကို ခုတ်စဉ်းပြီး ထန်းလျက်နှင့် ရေကျက်အေး ထည့်စိမ်ထားခြင်းဖြစ်ကြောင်း ရသေ့ဦးခန္တီမှ ရှင်းပြပါသည်။

ဦးခန္တီမှာ အသက်(၆၃)နှစ်ရှိပြီး ဤတောင်တွင် (၁၃)နှစ်ကြာပြီဟု သိရသည်။ ရသေ့ဝတ်ဖြင့် (၁)ဝါမျှသာ ရှိသေးကြောင်း ပြောပြသည်။

ထိုဦးရသေ့၏ ဇာတိမှာ လှိုင်းဘွဲ့မြို့နယ်၊ တောင်ကလေးရွာဖြစ်ပြီး ဦးပဥ္ဇင်းဝိသာရမှာ အသက်(၄၅)နှစ် ရဟန်းဝတ်တာ မကြာသေး၊ ဖွဲ့ကပင်တောင်ခြေ၊ ဖာနန်ရွာဇာတိဖြစ်ကြောင်း သိရှိရသည်။ အလွန်ဖော်ရွေသူများ ဖြစ်ကြသည်။

---

ရှေ့လဆက်ဖတ်ပါရန်

အောင်ဇ (LL.B)



www.burmeseclassic.com

www.burmeseclassic.com

# အသက်ကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ပါ လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် အကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို မှောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တွေလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ထပ်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. .။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ တွေတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်း ညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်”

“ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ”

“ဟုတ်ပါ့ဗျာ. . .”




“အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ”

“ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ”

“မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ”

“ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ် ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူ လာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူ အပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေ ချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေ မွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေး မသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုး များ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက် ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူ နာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ ဆီးအောင့် ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ မှည့်ခြောက်ထွက်ခြင်း၊ သွေးခေတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလို အပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အ ကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွ စေပါတယ်”

“ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ”

“မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်း ဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မပြ သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်” **(ဝမ်းနုတ် ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ် တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်)**

“ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေး တဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ”

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း။

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁



www.burmeseclassic.com

www.burmeseclassic.com



● တောင်သို့စေတီ

မြိုးသော်တာ

# ဇမ္ဗူဝိဟာရ ရွှေကုန်းပေါ်မှ

ကြည်ညိုဖွယ် ရဟန်းတော်တစ်ပါး (၂)

**ယခင်လမှ အဆက်**

'တောင်သမိုင်းကြောင်းကော ကြား ...ဖတ်ဖူးသလား'

'တောင်သမိုင်းကတော့ တောင်ရှေ့ ...ကာ ဦးပြေအေးက သေသေချာချာ ...ပြောနိုင်ပါတယ်။ အသီးအနှံသီမ်းချိန် ...တော့ အိမ်မှာပဲ ရှိပါလိမ့်မယ်။ ဒီက ...ဘီပုထိုး သာသနိကအဆောက် ...အအုံတွေကို စောင့်ရှောက်တဲ့ ဂေါပက ...အဖွဲ့ဝင်လဲဖြစ်လို့ သွားမေးသင့်တယ်။ ...ကနေ သိပ်မဝေးလှပါဘူး'

...သို့ဖြစ်၍ သုံးမိုင်ခန့်အကွာရှိ တောင်ရှေ့ရွာသို့ သွားကာ ဦးပြေအေးနှင့် တွေ့ဆုံ မေးမြန်းဖြစ်ခဲ့သည်။

'စာတွေ့တော့ မဟုတ်ပါဘူး။ မိဘ ဘိုးဘွားတွေ လက်ဆင့်ကမ်း ပြောကြတာပါ။ ရှေးတုန်းက အားအင်ပြည့်ဝတဲ့ နွားကြီးတစ်ကောင်ရှိတယ်။ နွားတွေက သူသွားရာ နောက်က လိုက်ပြီး အစာရှာစားကြရသတဲ့။

အခု နန်းမြင့်တောင်ဆိုတာ နွားပြင်းတောင်လို့ ခေါ်ပါတယ်။ နွားကြီးက တခြားနေရာတွေမှာ ကျက်စားပေမယ့် ဒီတောင်ကြီးပေါ်ကို လုံးဝတက်ရောက်ခြင်းမရှိဘူးတဲ့။

လူတွေဝိုင်းအုံခြောက်လှန့်ပြီး မောင်းပေမယ့် ဒီတောင်ကို လုံးဝ မတက်လို့ နွားကြီးတောင်မှ တက်ဖို့ပျင်းတဲ့တောင်ဆိုပြီး နွားပျင်းတောင် ခေါ်တာလို့ ဆိုပါတယ်။ နောက်တော့ "နွားပြင်း" တောင်ဖြစ်လာတယ်။

ဒီနွားကြီးဟာ ခွာယက်ပြီး တွန့်လိုက်ရင် နွားတွေအားလုံး စုဝေးလာကြတယ်။ နွားထိန်း၊ နွားမင်းကြီးလို့ ဆိုကြတယ်။ သူသေသွားတော့ ဂူကလေးထဲမှာ မြှုပ်နှံသဂြိုဟ်ပြီး နွားပြင်းဂူလို့



▲ အောင်သိဒ္ဓိစေတီလိုဏ်မှ ရုပ်ပွားတော် နှင့် ဖူးညှပ်ပါတကျောက်ဆုတ်

ခေါ်ကြတယ်။ နွားပြင်းတောင်ရဲ့ တောင်ဘက်မှာ ရှိပါတယ်။

နွားပြင်းတောင်ပေါ်မှာ ပုဂံခေတ် ဘုရင်တစ်ပါးလာပြီး စေတီယံတစ်ဆူ တည်ခဲ့ဖူးသတဲ့။ တောင်ထက်ဝက် လောက်မှာ **"မောင်းမငို"** အတက်ဆို တာရှိတယ်။ ဘုရင်စေတီ တည်တုန်း က မောင်းမတွေ မတက်နိုင်လို့ ထိုင်ငို ရတဲ့နေရာတဲ့။

အင်္ဂလိပ်ခေတ်လောက်မှာ ဝိနည်း လေးစားတဲ့ စာတတ်ဆရာတော် ဦးဝိလာသ ကြွရောက်ပြီး စာသင်တိုက် ဖွင့်တယ်။ သံဃာအပါး(၄၀)၊ သီလရှင် (၄၀)ကျော်လောက် စာဝါသင်ယူကြ တယ်။ ဝိနည်းလေးစားတဲ့ ဆရာတော် ဖြစ်လို့ သီလရှင်ဆိုရင် (၃)ယောက်နဲ့ အထက်လာမှ ကန့်လန့်ကာ သုံးထပ် ကာပြီး စာချပေးတယ်လို့ ဆိုပါတယ်။

ဦးဝိလာသနောက် ဆက်ခံတဲ့
ဦးဇာဂရဟာ ပခုက္ကူ ရွှေကူတိုက်က
ကျောင်းထိုင်ဖို့ ကြွသွားတော့ တဖြည်း
ဖြည်းနဲ့ စာသင်တိုက် ပျက်သွားတယ်
အဲဒီထဲက သီလရှင်ဒေါ်ဝကြီးဆိုတာ
ကျွန်တော်တို့ မီလိုက်သေးတယ်။ သူ
က သံဃာတွေကိုတောင် ပြန်ပြီး စာ
ချပေးနိုင်တယ်။

လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က ထင်
တယ်။ နွားပြင်းရွာသား ဦးထွန်းအောင်
ဆိုတာ တောထွက်ရဟန်းဝတ်ပြီး
နွားပြင်းတောင်မှာနေတော့ **နန်းမြင့်
တောင်**လို့ နာမည်ပြောင်းလိုက်တယ်
တောင်ခြေက နွားပြင်းရွာကိုလည်း
**"နန်းမြင့်"**ရွာလို့ ပြောင်းလဲခေါ်ဝေါ်
ကြပါတယ်။ နွားပြင်းတောင်ခေါ် နန်း
မြင့်တောင်က မြင်းခြံမြို့နယ်ထဲမှာ ရှိပြီး
နွားပြင်း(နန်းမြင့်)ရွာက တောင်သာ
မြို့နယ်ထဲမှာ ပါဝင်ပါတယ်။

အခုလို မောင်ရင်ပေါ်ချောက်က
ဆရာတော်ဦးစီးပြီး မွမ်းမံပြုပြင်တဲ့အခါ
သာသနိက အဆောက်အအုံတွေလည်း
တိုးတက်ပြီး ယုန်ထောင်၊ တောလိုက်
အကုသိုလ်အမှုတွေလဲ ပပျောက်သွား
တယ်။ သစ်တောပြုန်းတီးမှုလဲ လျော့
ပါးလာလို့ သိပ်ကို ကောင်းပါတယ်

ဦးပြေဒေါ်အေးက သူသိသမျှ ပြော
သည်ကို မှတ်သားပြီးနောက် နန်းမြင့်
တောင်ခြေသို့ ပြန်လာခဲ့သည်။ တော
တက်ကားလမ်း ဖောက်လုပ်နေမှု မ
သေးသဖြင့် စောင်းတန်းလှေကားမှ
တက်ရောက်ကြည့်ညိုခဲ့သည်။


တောင်ခြေ စောင်းတန်းဦးတွင်
**"ဓမ္မဝိဟာရ ရွှေကုန်းပေါ်"** ဟူသော
ဆိုင်းဘုတ်ကို တွေ့ရသည်။ တော
တက်လှေကားကို အင်္ဂတေအချော
ကာ ဘေးနှစ်ဖက်နှစ်ချက်တွင် နား
ရန် ထိုင်ခုံများလည်း ပြုလုပ်ထားသ

www.burmeseclassic.com



◆ မတ်ရပ်တော်အနီးမှ တောင်ခြေရှုခင်း

◆ ဂူကျွမ်းကျောင်းကလေး



တွေ့ရသည်။

မတ်စောက်သော အချိုးအကွေ့များ ွင် နောက်မှီပါ အုတ်ခုံများ ထားရှိလေ အမြင့်ကြောက်သူများအတွက် စိတ် က်သာရာရစေ၍ အကာအရံသဖွယ် ည်း ဖြစ်သောကြောင့် ကောင်းမွန်လှ သာ အစီအစဉ်ဖြစ်သည်။

အမြင့် သုံးပုံတစ်ပုံခန့်တွင် စေတီ ယ်တစ်ဆူနှင့် အုတ်တိုက်ကျောင်း စ်ဆောင်တွေ့ရသည်။ **"နှန်းမြင့် ဆောင်လတ် ဓမ္မဝိဟာရ ရွှေကုန်း ပါကျောင်းတိုက်"**ဟူသော ကမ္ပည်း နှင့်အတူ **"ငါသည် မုချသေရမည်။ အချိန်ပိုင်းသာ လိုသည်။ ထိ.သိ. ဘတိ"**ဟူသည့် စွန်းလွန်းဝိပဿနာ ဆောင်ပုဒ်ကိုလည်း တွေ့မြင်ရသည်။


ကျောင်းတိုက်မှာ သော့ခတ်လျက် ရှိကာ သီတင်းသုံးရဟန်း အပြင်သို့ ထွက်ကြွနေဟန်ရှိသည်။ အနီးရှိ ရေ ကန်တွင် ၁၃၂၅ ခုနှစ် လှူဒါန်းကြောင်း ကမ္ပည်းစာ တွေ့ရလေရာ ဦးပြေအေး ပြောပြသည့် စာသင်တိုက် တည်ရှိစဉ် က ကောင်းမှုအလှူဖြစ်သည်ဟု ယူဆ ရသည်။

ထိုမှအထက် တောင့်ချိုးကွေ့ အထက်တွင် ဦးဝါယမအား အမှူးထား လှူဒါန်းထားသော နဂါးရုံရုပ်ပွားတော် စံပယ်တော်မူသည်။ ထိုမှအတက်တွင် **"မောင်းမငိုအတက်"** ဟူသော ကမ္ပည်းနှင့်အတူ အနည်းငယ် မတ်




www.burmeseclassic.com

www.burmeseclassic.com



● သာသနာပြုရဟန်းတော် အရှင်ဝိသုဒ္ဓ

● တောင်ပေါ်မှ မိုးရာလျှောက်ကန်



စောက်လာသည်ကို တွေ့ရသည်။

အနီးတွင် နားနေရန် သွပ်မိုးဇရပ် တစ်ဆောင်ရှိသည်။ လမ်းအကွေ့ချိုး ဖြစ်သောကြောင့် တောင်လယ် ရွှေကုန်းပေါ်ကျောင်းနှင့် အောက်ခြေကို စီးမိုး မြင်တွေ့နိုင်လေသည်။

ထိုမှအထက် တောင်စောင်းတစ်ခုတွင် **"ဝိဇ္ဇာဂူ"**ကို မြင်ရသည်။ ကျောက်တုံးများ ကာရံထားသော မြေလိုဏ်ဂူငယ်နှင့် ကမ္မဋ္ဌာန်းထိုင်ရန် နေရာအခင်းတစ်ခု ရှိသည်။ ဝိဇ္ဇာဂူနှင့် မနီးမဝေးရှိ သစ်ပင်ရိပ်မှ ဝါးအခင်း ကလေးကား တိတ်ဆိတ်အေးချမ်းလှသော ရုက္ခမူကျောင်းကလေး ဖြစ်လေသည်။

ထိုတောင်စောင်းထိပ် ကမူတွင် အောင်သိဒ္ဓိစေတီကို အရှေ့လှည့်မုခ်နှင့် ဖူးမြော်ရသည်။ မုခ်တွင်းရုပ်ပွားတော် အနီး၌ ဗျည်းအက္ခရာတစ်ဝက်ကျော် ပါဝင်သည့် ကျောက်အုတ်ပိုင်းတစ်ခု တွေ့ရသည်။ အပြည့်အစုံ စုဆောင်းရရှိပါက သမိုင်းဖြစ်စဉ်တစ်ခုခုကို ညွှန်းဆိုဖော်ပြနိုင်မည်ဟု တွေးဆရလေသည်။

ဆင်ခြေလျှောကုန်းစောင်းမှ တန်းလေ့ကားဆီသို့ ပြန်လာသော ရုပ်တော်မူရုပ်ပွားတော်ကြီးကို သည်။ ရှေ့သို့ လက်ညှိုးညွှန်ထား



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ဗျာဒိတ်ပေးရုပ်ပွားတော်ဟုလည်း ခေါ်ကြသည်။ ရုပ်ပွားစေတီများ၏ အလှူရှင်မှတ်တမ်းတွင် သက်တော်ရှည်ဆရာတော်ဦးဝါယမကို အမှူးထားလှူဒါန်းကြောင်း ကမ္ပည်းစာများ တွေ့ရလေသည်။

ရုပ်တော်မူရုပ်ပွားတော်မှ စောင်းတန်းလှေကားအတိုင်းတက်၍ အသက်ရှူမြန်စပြုချိန်တွင် ရေကန်ကြီးတစ်ခုကို မြင်ရသည်။ မိုးရေလှောင်ရေကန်ဖြစ်သည်။ ကန်နံဘေးတွင် မောင်နှမဖြစ်ဟန်ရှိသော ကလေးနှစ်ယောက်ထိုင်နေကြသည်။

ဤနန်းမြင့်တောင်သို့ သတိပဋ္ဌာန်ဆရာတော်ဦးလောကတိဿသည် ကြွရောက်၍ သာသနာပြုခဲ့ဖူးသည်။ ဆရာတော် ဦးလောကတိဿသည် ရတနာသိဂီကျောင်း၌ သီတင်းသုံးနေစဉ် (၁၃၁၆ ခုနှစ်ခန့်က ဖြစ်သည်။) အိပ်မက်ကဲ့သို့ အာရုံတွင် ပေါ်လာသည်။

နန်းမြင့်တောင်ပေါ်သို့ တက်သွားရာတောင်ထိပ်အလယ်သို့ ရောက်သွားသောအခါ အသက်(၁၅)နှစ်၊ (၁၆)နှစ်ခန့်အရွယ် မောင်နှမနှစ်ဦးကို တွေ့ရ၍ ကလေးများက ဝတ်ပြည့် ကန်တော့ကြသည်။ ဆရာတော်က...

'မင်းတို့ ဒီမှာရှိကြသကိုး။ ချမ်းသာစွာနေကြပေါ့။ နောင်သာသနာပြုတဲ့အခါ မင်းတို့လဲ ပါဝင်ပြီး ဝိုင်းဝန်းကူညီကြပေါ့'

ဟု ဆို၍ သရဏဂုံချပေးလိုက်သည်။

နောင်တွင် ၁၃၂၃ ခုနှစ်၌ နန်းမြင့်တောင် အရှေ့ဘက်အခြေ ဓမ္မိသာရကုန်းတော်၌ စေတီတော်များ တည်ဆောက် ပူဇော်ဖြစ်ခဲ့လေသည်။ **(မြတ်ထေရ်မွန်၏ ဘဝဖြစ်စဉ် စာမျက်နှာ ၃၁၊ ၃၂)**



တောင်ရှေ့ရွာသား ဦးမြေအေး

ဆရာတော်ဦးလောကတိဿ တွေ့ခဲ့သော မောင်နှမမှာ ဘုမ္မိရတ်များဖြစ်ဟန်တူပါသည်။ ယခုတွေ့ရသော မောင်နှမမှာ အေးလှသော ရာသီဥတုမှ ကာကွယ်နိုင်ရန် လမ်းဘေး၌ စုပုံရောင်းချသော တန်ဖိုးနည်း အနွေးထည်များ ဝတ်ဆင်ထားလျက် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေဟန်ရှိသည်။

အတန်ကြာသော် ထင်းစည်းရွက်လာသည့် အသက်(၄၀)ကျော် အမျိုးသမီးတစ်ဦးရောက်လာသည်။ ကလေးများ၏ မိခင်ဖြစ်၍ ထင်းခွေရန် လာကြကြောင်း သိရသည်။

'ဒီရေကန်က နာမည်ဘယ်လိုခေါ်သလဲ'

'နာမည်တော့ မသိပါဘူး။ ရှေးကတည်းက ရှိခဲ့တာ။ မိုးရေတွေစုထားပြီး တောင်ပေါ်မှာနေတဲ့ ဦးပဉ္စင်းကိုရင်တွေ သုံးကြတယ်'

'ရေက နောက်ကျိနေပါလား။ သုံးလို့ ဖြစ်ပါ့မလား'

'အခု မသုံးတာ နှစ်,နှစ်ရှိပြီ။ မောင်ရင်ပေါ် ဆရာတော်ကြီးက အောက်ကနေ ရေတင်လို့ရအောင် လုပ်ပေးထားတယ်'

ထင်းခွေလာသည့်မိသားစု ပြန်ဆင်းသွားပြီးနောက် နေလုံးသည်လည်း တောင်ထိပ်တွင် မေးတင်စပြုနေရာ တောင်ခြေသို့ ပြန်ဆင်းခဲ့လေသည်။

လောကဓံလှိုင်းဂယက်တွင် နိမ့်တစ်ခါ မြင့်တစ်လှည့်ရှိခဲ့သော နန်းမြင့်တောင်ခေါ် နွားပြင်းတောင် သာသနာမြေသည် ပဋိပတ်အကျင့်မြတ်ကို အားစိုက်ကြိုးပမ်းကြကုန်သော သံဃာတော်များ၏ လုံ့လဉဿဟဖြင့် ပြန်လည်ပွင့်လင်းလာကာ အေးချမ်းဆိတ်ငြိမ်စွာဖြင့် ဓမ္မသုခ ရှာဖွေလိုသူတို့အတွက်သာမက အပန်းဖြေ အနားယူလိုသူများအတွက်လည်း သာယာလှသောနေရာ ဖြစ်လေသည်။


**မြင်းခြံ–တောင်သာ ကားလမ်းနံဘေး မဝေးလှသော နေရာတွင်ရှိ၍ စောင်းတန်းလှေကားအတက်မှာလည်း များစွာ မမြင့်လှသဖြင့်** ခရီးကြုံလျှင် ဝင်ရောက်နားခို ကြည်ညိုသင့်လှပေသည်။

**ငြိမ်းသော်တာ**



www.burmeseclassic.com

www.burmeseclassic.com



နံနက်သစာသစာအချိန် ပွင့်အာစ နှင်းပန်းနေကြာပွင့်များ

ထက်မင်းကျော်စွာ

လောကစံအဆိုးများ လျော့ပါးစေသည့်

# နှင်းပန်းနေကြာဂမုန်း

နှင်းပန်းမျိုးနွယ်ဝင်ဖြစ်၍ ကြက်သွန်နီကဲ့သို့ အမြစ်ဥ၊ ပင်စည်ရှိသည်။ မြေအောက်ပင်စည် ဖြစ်သည်။ ကြက်သွန်မြိတ်ပမာ ရွက်လုံး၊ ရိုးတံရှည်များ ဝေဆာစွာ ထွက်ပေါ်သည်။

နွေရာသီအကုန် ကာလတိုင်အောင် ရေအနည်းငယ်မျှရရုံဖြင့် စိမ်းလန်းစွာ ရှိ၏။ မိုးဦးကာလ၊ သင်္ကြန်အလွန်ရက်(၃၀)(ခရစ်ပြက္ခဒိန် ဖွန်လ ၁၆–ရက်ဝန်းကျင်)တွင် ရွက်တံထိပ်ဖျားမှအပွင့်ကလေးများပွင့်လာကြသည်။

အပွင့်မှာ (၂)လက်မခန့်ရှိ၍ အဖြူရောင် ပွင့်ဖတ်(၆)ခုစီ ဝန်းရံကာ ဝတ်ဆံများမှာ နီဝါရောင်ရှိ၏။ ပွင့်ချပ်ထင်ရှားခြင်း မရှိပါ။

[illegible]

ထူးခြားသည်ကား တစ်ညလုံး အိပ်မောကျ(ပွင့်ဖတ်များ တင်းရင်းစွာ စုငုံခြင်း)နေကာ နံနက် အလင်းရောင်ရသောအခါ အနည်းငယ် ပွင့်အာလာသည်။ နေရောင်(အလင်းရောင်) ပြည့်ဝစွာ ကျရောက်သော နံနက်(၉)နာရီခန့်မှညနေ(၃)နာရီခန့်အထိကာလအတွင်း အစွမ်းကုန် ပွင့်အာကြသည်။

နေကျ (နေရောင်အားနည်းသွားခြင်း)သွားသော မွန်းလွဲ(၃)နာရီနောက်ပိုင်းတွင် ပြန်လည် စုငုံကာ မှောင်ရီပျိုးသော် လုံးဝ တင်းရင်းစွာ စုငုံသွားလေသည်။


နေကြာပန်းပမာ နေရောင်ကိုလိုက်၍ ပွင့်အာလေ့ရှိသဖြင့် နှင်းပန်းနေကြာဟု ခေါ်တွင်ခြင်း ဖြစ်သည်။ အပွင့်မှာ သိသာရုံ သင်းသင်းမွှေး၍ ရနံ့စူးရှခြင်း မရှိပါ။

ယင်းသည် ပွင့်တစ်လှည့် ငုံတစ်လှည့်ဖြင့် ခုနစ်ရက် တစ်ပတ်မျှ ကြာ သောအခါ တဖြည်းဖြည်း ညှိုးခြော ကြွေကျသွားလေသည်။

နှင်းပန်းနေကြာတို့သည် တစ်ကြိမ် လျှင် (၁၀)ပွင့်ခန့်မျှ တွေ့ရတတ်သည် သက်တမ်းပြည့်၍ ကြွေသွားသောအခါ အသစ်ပွင့်လာသော အငုံအပွင့်များ ကြောင့် ပန်းအိုးတွင်းရှိ အရွက်ရိုးတံ ကုန်သည်အထိ အပွင့်များကို ကြာရှည် စွာ မြင်တွေ့နိုင်၏။

နှင်းပန်းနေကြာဂမုန်းကို နေအိမ်

www.burmeseclassic.com



နှင်းပန်းနေကြာပွင့် အပေါ်စီးမြင်ကွင်း

[illegible]ကျက်နာစာတွင် အဆောင်ပြု စိုက်ပျိုး[illegible]တတ်ကြသည်။ သန့်စင်သော မြေတွင် [illegible]ကပျိုး၍ အောက်ပါ ဂါထာ(၁၀၈)အုပ် [illegible]တ်ထားသော ရွှေရည်ငွေရည်ကို [illegible]ဆောင်းပေးရသည်။ နေ့ရက် အချိန် [illegible]ခါမရွေး စိုက်ပျိုးနိုင်သည်။

[illegible]ရန်ဂါထာ

'[illegible]ဣဿ လောကမ္မေဟိ၊ စိတ္တံ ယဿ န [illegible]မ္ပတိ၊ အ,သောကံ ဝိ,ရဇံ ခေမံ'

ထို့နောက်တွင် နေ့စဉ် အထက်ပါ [illegible]ထာဖြင့် သန့်ရှင်းသော ရေကို (၃၇) [illegible]မ်း နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် [illegible]ဆောင်းပေးရသည်။ ရေများစွာ မလို[illegible]န်းအိုးတွင်း မြေကြီးစိုသည် ဆိုရုံမျှ [illegible]သာ လိုအပ်ပါသည်။

နှင်းပန်းနေကြာပင်များ ကောင်းစွာ [illegible]သန်လာပါက နေအိမ်ဂေဟာ [illegible]တွင်း အိမ်တွင်းရေး သာယာစေ[illegible]သည်။

လောကဓံအဆိုးများ ကြုံဆုံရပါက လည်း နှင်းပန်းနေကြာပွင့်များ ပွင့်လန်း ဝေဆာလာသောအခါ ထိုအဆိုးတရား များကို တဖြည်းဖြည်း လျော့ပါး ပပျောက်စေလေသည်။

လောကဓမ္မတာအရ လာဘ်လာဘ နည်းပါးခြင်း၊ ဒုက္ခများပြားခြင်း စသည် လောကဓံအဆိုးများ ကြုံရ သောအခါ **"နေလာနှင်းပျောက်"** ဆိုထုံးဖြင့် အားတင်းကျော်ဖြတ်လေ့ ရှိကြ၏။

နေရောင်လာသောအခါ နှင်းများ ပျောက်ကွယ်၍ နွေးထွေးသော ဘဝ အခြေအနေသို့ ရောက်တော့မည်ဟု အားပေးခြင်း ဖြစ်သည်။

နှင်းပန်းနေကြာတို့မှာ နေရောင် အလင်းရောင် အားကောင်းစွာ ရရှိ သော အချိန်ကာလတွင် အစွမ်းကုန် ပွင့်အာကြသဖြင့် နှင်းပျောက်ခြင်း နိမိတ်ကိုဆောင်၏။

အခြွေအရံ နည်းပါး ကဲ့ရဲ့ခံရခြင်း စသည့် လောကဓံအဆိုးများ ကြုံရ သောအခါ **"ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်"**ဟူ၍ မိမိကိုယ်ကို အားပေးလေ့ ရှိကြ၏။

နှင်းပန်းနေကြာပွင့်များ၏ သက် တမ်းသည် ခုနစ်ရက်တာမျှသာ ရှိကြ လေရာ ကံကောင်းခြင်းတရားတို့ အတွက် သင့်မြတ်သော နိမိတ်ကို ဆောင်လေသည်။

နှင်းပန်းနေကြာ ဂမုန်းပင်များကို မွန်ပြည်နယ်၊ ပေါင်မြို့မ၊ ကဒုံစီး ရပ်ကွက်၊ စကားဝါချောင်ရှိ ဦးအောင် မြတ်တိုး၊ ဒေါ်နွယ်နီအေးတို့၏ နေအိမ်မျက်နှာစာတွင် ကောင်းစွာ ပွားစည်းလျက် ရှိသည်ကို မှတ်တမ်းပြု ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။

( ထက်မင်းကျော်စွာ )



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်–၃/၂၀၀၄၊
တဆထလ (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။




အလေးအနက် မထားမိရိုးအမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သိတန်ညဏ ဝိရောဓိပစ္စယ
ကြောင့် ဖြစ်လာရခြင်းပါ။ အချိ
အဆိမ့် အဆီးအစေးများသော
အစာအာဟာရများ လွန်ကျူးစွာ
စားသုံးခြင်း၊ အရက်အမျိုးမျိုး
ဆေးလိပ်၊ စီးကရက်တို့ သောက်
သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း
ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှု
ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြ
ရေချိုးခြင်း၊ ပန်ကာလေ၊ ေ
အေးစက်တို့တွင် နေထိုင်မှုမျာ
ခြင်း စတဲ့ အကြောင်းအချက်မျာ
ဟာ နှလုံးရောဂါ ဖြစ်ပွားလာ
ခြင်းရဲ့ အဓိကအချက်များ ဖြစ်
တယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့
ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရော
တွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြော
ကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း
အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ
လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအား
နည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံး
အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသ
ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး က
ငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝ
လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်း
ပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြော
မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွ
တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်
ပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတ
ကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်–(၁၉၂)၊ ဇေယျာ(ဂ)လမ်း၊ (ည)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၂၅၀၀၁
**မြောင်းမြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

တနင်္သာရီမြို့မှ ထူးခြားဆန်းကြယ်သော သာသနာ့ရိပ်သာ
ပထမဆရာတော်ကြီး

# အရှင်သာဂရ

နန်းမြို့ရွှေရီ

မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ထူးခြားဆန်းကြယ်သော ဆရာတော်ကြီးများအကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် လစဉ် ဖတ်ရှုရသဖြင့် စာရေးသူ အပါအဝင် စာရှုသူများ ကုသိုလ်တရား များစွာ ရရှိပါသည်။

စာရေးသူလည်း ဆရာတော်ကြီးများ၏ သမိုင်းခြေရာများကို မပျောက်ပျက်သွားအောင် ထိန်းသိမ်းလိုသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ စာတည်းချုပ်စေတနာကို လွန်စွာ လေးစားခဲ့ရပါသည်။

စာရေးသူမှာ လက်လှမ်းမီရာ ထူးခြားဆန်းကြယ်ခဲ့သော ဆရာတော်ကြီးများ၏ ပုံရိပ်များကို စွမ်းနိုင်သမျှ စုစည်းကာ စာမူပေးပို့ခြင်းဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့် တာဝန်ကျေခွင့်ရသည်ကို များစွာ အားရမိပါသည်။

တနင်္သာရီမြို့သည် မြန်မာနိုင်ငံတွင် တောင်ဖျားဒေသဖြစ်ပြီး ထိုင်းနိုင်ငံနှင့် (၁၅၉)မိုင်ခန့် နယ်မြေချင်း ထိစပ်နေသော မြို့နယ်တစ်ခု ဖြစ်ပါသည်။ ရှေးတနင်္သာရီမြို့တော်ဟောင်း အတွင်းတွင် တနင်္သာရီမြို့သစ် ပြန်လည်တည်ထားပြီး ဘာသာ သာသနာ လွန်စွာ ထွန်းကားခဲ့ပါသည်။

တနင်္သာရီအုတ်မြို့ရိုးကြီး၏ တောင်ဘက် သာဂရတံခါးတွင် မဟာစည် သာသနာ့ရိပ်သာ ရှိပါသည်။ **ယင်းရိပ်သာကို ပထမ တည်ထောင်သော ဆရာတော်ကြီးမှာ ထူးခြားသော အရှင်သာဂရ ဖြစ်ပါသည်။**

ဆရာတော်ကြီးကို ခမည်းတော် ဦးစစ်အင်၊ မယ်တော် ဒေါ်ငွေရုံတို့မှ **၁၂၇၄ ခုနှစ်တွင်** တနင်္သာရီမြို့နယ်၊ လယ်သစ်ကျေးရွာတွင် မွေးဖွားခဲ့သည့် သားကြီးသြရသ ဖြစ်ပါသည်။ မွေးချင်းများမှာ ညီတော် ဦးဉာဏ၊ ညီမဖြစ်သူ



◆ တနင်္သာရီမြို့ သာသနာ့ရိပ်သာ
ပထမဆရာတော် ဗျာန်ဖာဘိညာဉ်ရ
ဆရာတော် အရှင်သာဂရ



www.burmeseclassic.com

www.burmeseclassic.com





◄ တနင်္သာရီမြို့ သာသနာ့ရိပ်သာ ပဓာနဆရာတော်
ဆရာတော်ဦးသာဂရ၏တပည့်ရင်း ယခုဆရာတော် ဦးတေဇဝံသက
ဆရာတော်ဦးသာဂရအကြောင်း ပြောပြသည်ကို စာရေးသူမှ မှတ်တမ်းယူစဉ်
သက်တော်(၉၅)နှစ်ရှိ ဆရာတော်ဦးသာဂရ၏ ညီမတော်အငယ်ဆုံး
သီလရှင်ကြီး ဒေါ်ထူးရှိန်ဓာတ်ပုံ ►

ဒေါ်ကြည်၊ ဒေါ်ညာနှင့် သီလရှင်လေး ဒေါ်ထူးရှိန်တို့ ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ငယ်စဉ်ကပင် အတိတ်ထူး၊ နိမိတ်ထူးများဖြင့် မွေးဖွားလာသူ ဖြစ်ပါသည်။

လယ်သစ်ရွာ ဆိုသည်မှာလည်း တနင်္သာရီမြို့နယ်၏ ရှေးဟောင်း နဂါးလှေကြီးများကို ထိန်းသိမ်းထားသည့် သမိုင်းဝင် ထိန်မြို့ဟောင်းအနီးမှ ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ ယင်းမြို့ဟောင်းအနီးတွင် ရမ္မာဝတီ၊ မောင်းတီး၊ ထောင့်ကွာ စသော မြို့ဟောင်းကြီးများလည်း ရှိသည်။

ဆရာတော်သည် ရဟန်းပြုသည်မှ တနင်္သာရီရိုးမအလယ် သမန္တကူဋ စက်တော်ရာတောင်ကြီးရှိ ဂူထဲတွင် နှစ်ပေါင်းများစွာ တရားကျင့်ကြံပါသည်။ တောဆင်ကြီးများ မြွေဆိုးကြီးများဖြင့် အန္တရာယ် လွန်စွာ များပြားလှပါသည်။

ထိုတောကြီးထဲတွင် ဆရာတော်အနီးမှ အနီးကပ် ပွတ်တိုက်ဖြတ်သန်းသွားသော စပါးကြီးမြွေကြောင့် တရားထိုင်နေသော ဆရာတော်ပင် အရှေ့သို့ ကိုင်းသွားပြီး မြွေဝမ်းဗိုက်သားကြီးများက ဆရာတော့်ကျောပေါ် တအိအိ ဖြတ်သန်းသွားသော်လည်း တရားထိုင် မပျက်ခဲ့ကြောင်း သိရှိရပါသည်။

ဆရာတော် တရားအားထုတ်ရာမှ တောင်ခြေအထိသည် နှစ်မိုင်ကျော်ခန့် ဆင်းမှ ဆွမ်းခံရာ လယ်တောင်ယာရွာသို့ ရောက်ပါသည်။ ကြမ်းတမ်းသော မိုးရာသီတွင် တောင်ခြေအားလုံး မြစ်ရေကြီး၍ လူအများ ဝါးဖောင်တို့ဖြင့် ရက်(၄၀)ကြာ နေရသော ကာလတွင် ဆရာတော်မှာ စရဏအားကြောင့် ဆွမ်းမပြတ်လပ်ခဲ့ပါ။

ဆရာတော်သည် ခြေတော်ရာ တောင်ကလာပ်တွင် သမထ ဘာဝနာ ကျင့်ကြံစဉ်က ယင်းနေရာမှ အရှေ့ဘက် (၁၅)မိုင်ခန့် ဝေးကွာသော သကျက်ရွာနှင့် အနောက်ဘက် မိုင်(၂၀)ခန့် ဝေးသော လယ်သစ်ရွာသားတို့ တနင်္သာရီမြို့ စာရေးသူမိခင်ပိုင် ကုန်စုံဆိုင်တွင် ဈေးဝယ်ရင်း လယ်သစ်သူမှ နံနက်ခင်းက ဦးသာဂ[ရ]အား ဆွမ်းလောင်းလှူခဲ့ကြောင်း ပြောပြသည်။

ထိုသို့ ပြောဆိုရင်းမှ သကျက်သူမှလည်း မိမိလည်း နံနက်ဘက်တွင်ပင် ဆရာတော်ကို အရုဏ်ဆွမ်း လောင်းလှူခဲ့ပါကြောင်း ပြောဆိုငြင်းခုံသည်ကို ကြုံဖူးပါကြောင်း စာရေးသူ၏မိခင်က ဆိုပါသည်။

ကျောက်ဂူများ၌သာ တရားအားထုတ်ခဲ့သော ဆရာတော်သည် တနင်္သာရီအောက်ကင်းအရပ် ဓား[သွေး]သွေးချောင်း လှိုဏ်ကြီးထဲတွင် တောင်မြေကို လိုဏ်ဂူတူးပြီး တစ်ဝါခန့် တရားအားထုတ်ကြောင်း လိုဏ်ဂူတူး၍ ကုသိုလ်ပြုခဲ့ဖူးသူ ဖိုးအောင်ကွန်း[မှ] ပြောပြပါသည်။

အဆိုပါ ဓားသွေးချောင်း၌ တော[ဆင်]ဆင်အုပ်ကြီးများ သောင်းကျန်းလှ[ပါ]သည်။ တစ်ခါတစ်ရံ ဓားသွေးချော[င်း] တနင်္သာရီမြစ်နံဘေးတွင် လ[ှ]အောင်[ေ]




www.burmeseclassic.com

www.burmeseclassic.com





◆ ဆရာတော်ဦးသာဂရ သီတင်းသုံးခဲ့သည့် ကျောင်းဆောင်ကြီး

◀ ဆရာတော်ဦးသာဂရအကြောင်းအား ဦးထွန်းရီ+ဒေါ်အင်ဒမ ဇနီးမောင်နှံမှ သတိတရ ပြောပြနေစဉ်

သော ခနိဖောင်များကို ဆင်များ အုပ်လိုက် လာရောက် စားသောက်ကြ ပါသည်။

ဆင်သံများကြားလျှင် မုဆိုးကြီး များပင် အလျင်အမြန် လေအောက် အရပ်သို့ ကွင်းရှောင်ပြေးလေ့ ရှိသော် လည်း ဆရာတော်မှာ တောသွေးချောင်း ၊ တနင်္သာရီမြို့တွင်းမှ (၃)မိုင်ခန့် အထိလျှောက်ကာ နေ့စဉ်မပျက် ဆွမ်းခံ ကြွပါသည်။

ဆရာတော်သည် ခြေတော်ရာ၊ ဓာတ်ကမ်း၊ တောသွေးချောင်းတို့တွင် သီတင်းသုံးနေစဉ် မိုးတွင်းအခါ အငမ်း ရ သွေးစုပ်တတ်သော ကျွတ်သတ္တဝါ များက ဆရာတော်၏ ခြေထောက်တွင် တွယ်ရစ်ကာ ဝိုင်းဝန်းသွေးစုပ်၍ သွေးဖောင်းနေသည်ကို တွေ့သော ဦးအောင်ကွန်းမှ ကျွတ်များကို ခွာချပေး မည် လျှောက်ထားရာ ဆရာတော်မှ…

'နေပါစေ ဒီတိုင်းနေပါ။ သူတို့ဝမ်းတစ်လုံး ပြည့်သွားရင် သူတို့ဟာသူတို့ ကွာကျသွား ကြလိမ့်မည်'

ဟု ဆရာတော်က မိန့်ကြားဖူးသည် ကို ဦးအောင်ကွန်းမှ ပြောပြပါသည်။

တနင်္သာရီမြို့နယ်သည် ထိုစဉ်အခါ က ရောင်စုံသောင်းကျန်းသူများ ပြည့် နှက်နေသည့် အမည်းရောင်နယ်မြေ ဖြစ်၍ မြို့သူမြို့သားများမှာ ကျီးလန့် စာစား ဖြစ်နေပါသည်။ ဆရာတော် သည် တနင်္သာရီမြို့ တစ်မြို့လုံးရှိ အိမ်အားလုံးမှ ချည်လုံးတစ်လုံးစီကို အလှူခံပါသည်။

**ပြီးလျှင် မြို့ရိုးကြီးလေးဖက်ကို ပရိတ်ချည်ပတ်၍ မြို့ရိုးလေးထောင့်မှ ပရိတ်ချည်ကို မြို့အလယ်ဗဟိုရှိ ရှင်မအောင်သာ ကျောက်တိုင်ကြီးထိ ဆွဲယူကာ ယင်းနေတ်နန်းမှ သံဃာတော် များအား ပဋ္ဌာန်းပြီး သုံးရက်တိုင်တိုင် ပရိတ်ရွတ်ကြပါသည်။**

**မြို့ကို စောင့်ရှောက်သူ ရှင်မအောင် သာအား ပါဠိမြန်မာ ပရိတ်တန်ခိုးဖြင့် မြို့သူမြို့သားများကို မှဲ့တစ်ပေါက် မစွန်းရအောင် မေတ္တာတရားဖြင့် ကာကွယ်ခဲ့ပူပါသည်။**

ဆရာတော်၏ တပည့်တစ်ဦးဖြစ်ခဲ့ သော **ဦးငွေပို၊ အသက်(၆၇)နှစ် အား** စာရေးသူတို့ တွေ့ဆုံရန် တနင်္သာရီမြို့၊ မင်္ဂလာငယ်လမ်းသို့ သွားရောက် ခဲ့ပါသည်။ ဦးငွေပိုးက ပြောပြသည်မှာ…

သူ (၁၀)နှစ်သားခန့်ကတည်းက ဆရာ တော်ထံတွင် ကျောင်းသားအဖြစ် နေခဲ့ ကြောင်း၊ ဆရာတော်မှာ မဟာစည် နည်းနာနိဿယများအား အားမထုတ်ခင် ကပင် သမထဘာဝနာများ ကျင့်ကြံအား ထုတ်ခဲ့ပါသည်။

ယင်းအထဲတွင် အထူးခြားဆုံး ဖြစ်ရပ် သုံးခုမှာ တနင်္သာရီမြစ်တစ်ဖက်ကမ်း မရင်း ကြီးရွာသို့ သွားရာတွင် ပေ(၁၀၀၀)ခန့် ကျယ်သော တနင်္သာရီမြစ်အား ဖြတ်ကူး ရန် လောင်းလှေမရှိ၍ ဆရာတော်မှ


"ဒကာငယ်. ဆရာတော်နောက်က သင်္ကန်းစကိုကိုင်ပြီး မျက်စိမှိတ်ကာ ဘုရား အာရုံပြုထား"

ဟု ပြောသဖြင့် မောင်ငွေပိုးမှ ဘုရားအာရုံပြုနေစဉ် လူမှာ လေထဲ တွင် တလွင့်လွင့် ဖြစ်နေသလိုမျိုး ခံစားရသဖြင့် မျက်စိလည်း မဖွင့်ရဲဘဲ ဘုရားကိုသာ အာရုံပြုပြီး နေရပါသည်။ အချိန်ငါးမိနစ်တောင် မကြာပါ။ ဒကာ ငယ် မျက်စိဖွင့်လို့ရပြီလို့ ဆရာတော်မှ အမိန့်ရှိလိုက်သောအခါ မရင်းကြီးရွာ



www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော်ဦးသာဂရ တရားအားထုတ်သည့် ဂူအဆုံးတစ်နေရာ



ဆရာတော်ဦးသာဂရ တရားအားထုတ်ရာ ပေ(၅၀)အရှည်
(၇)ပေ အကျယ်ရှိသည့် ဂူပေါက်ဝ ◆

ရောက်နေပြီ ဖြစ်ပါသည်။

တစ်ကြိမ်မှာက တနင်္သာရီရိပ်သာမှ ကိစ္စအရေးပေါ်၍ ကမ္ဘလိုင်းရွာသို့ ကြွချိခြင်းမှာလည်း ဤကဲ့သို့ပင် ဖြစ်ပါသည်။ တတိယအကြိမ်မှာတော့ တနင်္သာရီမြို့မှ မိုင်(၉၀)ခန့် ကွာဝေးသော ပရာချွတ်မြို့မှ ပင့်ဆောင်ဖိတ်ထားခဲ့သဖြင့် ကြွစဉ်မှာလည်း ဤကဲ့သို့ပင် ကြွသွားခြင်းဖြစ်ပါသည်။

ထိုင်းနိုင်ငံသားများမှာ များစွာ ကြည်ညိုပင့်ဖိတ်ကြသော်လည်း ထိုနေရာ၌ သီတင်းသုံးနေထိုင်ခြင်း မပြုဘဲ တနင်္သာရီမြို့ သာသနာ့ရိပ်သာသို့သာ ပြန်ကြွလာခဲ့ပါသည်။

နောက်ပိုင်းတွင် မဟာစည်ဆရာတော်ကြီးထံ တရားစခန်း ဝါတွင်း (၃)လအားထုတ်ခြင်း၊ အိန္ဒိယ, သီဟိုဠ်(သီရိလင်္ကာ)ကျွန်းများသို့ ဘုရားဖူးကြွခြင်းများ ပြုလုပ်ပြီး ဝိပဿနာတရားကိုသာ အထူးရှုမှတ်နေသည်ကိုသာ တွေ့ရပါကြောင်း ဦးငွေပိုးမှ ပြောပြပါသည်။

ဆရာတော်၏ ပစ္စည်းလေးပါး ဒကာ,ဒကာမများဖြစ်သော တနင်္သာရီမြို့၊ ချောင်းငယ်ရပ်ကွက်၊ ကမ်းနားလမ်းရှိ **ဘိုးထွန်းရီ (၈၄)နှစ်၊ ဘွားအင်မေ(၈၅)နှစ် ဇနီးမောင်နှံ**အား စာရေးသူတို့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဘွားအင်မေမှာ စာရေးသူ၏ ကွယ်လွန်သူ မိခင်ကြီး ဒေါ်သန်း၏ ယောဂီဟောင်းတစ်ဦးဖြစ်ပြီး စာရေးသူနှင့်လည်း ရင်းနှီးကျွမ်းဝင်သူ ဖြစ်ပါသည်။

ဘွားအင်မေမှာ ဆရာတော်ထံတွင် သီလရှင်ဝတ်ရန် ပိန္နဲခေါက် မဆိုးသေးသော ပိတ်ဖြူ(၂)အုပ်ကို သိမ်းထားသော်လည်း မိခင်၊ ဖခင်များ ခွင့်မပြုသဖြင့် ရက်ရှည်တရားစခန်းသာ ဝင်ခဲ့ရသူ ဖြစ်ပါသည်။

ဆရာတော်၏ တရားအားထုတ်မှုမှာ မိမိမြင်တွေ့ရသည့် အချိန်တိုင်း ရှုမှတ်နေသည်ကိုသာ တွေ့ရပါသည်။ ဆွမ်းခံချိန်မှာ ဆွမ်းခံပြီး ရရှိလာသော ဆွမ်းဘောဇဉ်အားလုံးကို သပိတ်ထဲ၌ပင် ရောနှောကာ ပတ္တပိဏ်ဆွမ်း သုံးပါသည်။

ဝတ္ထုငွေကြေးများ ကိုင်စွဲခြ[...] မရှိပါ။ ဆွမ်းစားပြီး ဆရာတော်[...] ချမ်းခုတင်ဟုခေါ်သော ထိုင်ရာ[...] တရားထိုင်လိုက်လျှင် ညနေ နေဝင်[...] နီးမှ ထပါသည်။

တစ်နေ့ ဘွားအင်မေမှ ယင်းနေ[...] အား ဆရာတော် ဆွမ်းခံကြွစဉ် သ[...] ရှင်းရေး ပြုလုပ်ရန် သင်ဖြူးဖျာအ[...] ခွာကြည့်ရာ ယင်းနေရာမှ ကြမ်းပိုး[...] အမြောက်အမြား တွေ့ရ၍ ယ[...] ပြောရင်း ကြက်သီးမွေးညင်း ထ[...] သေးသည်။

ခြေတော်ရာတောင် (၂၄၂[...] အမြင့်၌ တရားပြနေစဉ် ဆရာတော်[...] သွေးဝမ်းသွား၍ တနင်္သာရီမြို့[...] ဆရာဝန်ကြီး ဒေါက်တာထွန်း[...] အောင်နှင့် တနင်္သာရီမြို့သူကြီး[...] ဆေးရုံကိုသွားရန်ပင့်ရာ တရား[...] ရက်မပြည့်သေး၍ မကြွပါ။ [...] စခန်းရက်ပြည့်မှ ကြွလာပြီး [...]



www.burmeseclassic.com

www.burmeseclassic.com





▲ တနင်္သာရီမြို့ သာသနာ့ရိပ်သာမှ ရှေးသိမ်ပန်းကန်ပုံစံ

◀ တနင်္သာရီမြို့ သာသနာ့ရိပ်သာကျောင်းမှ ရှေးဟောင်းကျောက်သားသိမ် သမုတ်တိုင်ကြီး

သိမ် သမုတ်သိမ်၌ ဆေးကုသခံယူ တော်မူပါသည်။

ဆရာတော် သွေးအားနည်း၍ သွေးသွင်းရန် ပြုလုပ်စဉ် ဆရာတော်မှ ကာမတို့သွေးနှင့် အခြား မအပ်စပ် သောသွေးများ သွင်းလျှင် အာပတ် သင့်မည်စိုး၍ ခွင့်ပြုတော်မမူဘဲ သွေး အားတိုးစေသည့် သစ်ဥ,သစ်ဖု, ဆေးဝါး,ဓာတ်စာများကိုသာ အပ်စပ် စွာ ဘုဉ်းပေးတော်မူခဲ့ပါသည်။

**ဆရာတော်၏ တူမဖြစ်သော ဒေါ်ထူးမြသင်က** ပြောပြသည်မှာ ဆရာတော်သည် ရှေးတနင်္သာရီမင်း များအား သီဟိုဠ်(သီရိလင်္ကာ)မင်းတို့ မှလက်ဆောင်ပြု၍ ပူဇော်အပ်သော တနင်္သာရီမြို့ အရှေ့ဘက်ကမ်း ဗောဓိ ပင်ကြီးအနီးတွင် တောရဆောက်တည် တရားအားထုတ်နေသည်။

**ဆုဝင် ချမ်း ကထုန်လပြည့်နေ့တွင် ပင်ဗောဓိပင်ကြီးက အရောင်များ ပြထွက်ပြီး ကွမ်းသီးလုံးခန့် အလင်း လုံးကြီးများမှာ ဗောဓိပင် အခက်များမှ တလက်လက် ပြာ ထွက်နေသည်ကို တနင်္သာရီ တစ်မြို့နယ်လုံး ယင်းလပြည့်ကျော်(၃) ရက်နေ့အထိ ဖူးမြော်ရကြောင်း ပြောပြ ပါသည်။**

ဆရာတော်၏ သီလ၊ သမာဓိဂုဏ် တို့ကြောင့် တနင်္သာရီမြို့ပိုင် ဦးအောင် သန်းမှ ဆရာတော်ရှိရာ ဗောဓိကမ်းသို့ လာရောက်ပြီး တနင်္သာရီမြို့နယ်တွင် မဟာစည်သာသနာ့ရိပ်သာ ထူထောင် ရန် ဆရာတော်အား ရွေးချယ်လျှောက် ထားသဖြင့် ယင်းနှစ်ဝါဝင်အမီ မဟာ စည်ဆရာတော်ကြီးရှိရာ ရန်ကုန်မြို့၊ ကုက္ကိုင်းမဟာဌာနချုပ်သို့ ကြွတော်မူခဲ့ ပါသည်။

ယင်းနောက် တနင်္သာရီမြို့ သာသနာ့ရိပ်သာအား မဟာစည် ဌာနခွဲအဖြစ် ဖွင့်လှစ်တရားပြခဲ့ရာ တနင်္သာရီမြို့နယ်၊ မြိတ်မြို့နယ်များမှ ယောဂီများ တရားအားထုတ်ကြပါ သည်။

ဆရာတော်ကြီး၏ အကြောင်းကို ပြည့်ပြည့်စုံစုံသိရန်အတွက် ဆရာ တော်ကြီး၏ တပည့်ရင်းတစ်ဦး ဖြစ်ခဲ့ သော **တနင်္သာရီမြို့၊ သာသနာ့ရိပ် သာလမ်းရှိ မဟာစည်သာသနာ့ ရိပ်သာဆရာတော် ဦးတေဇဝံသ** ထံသို့ စာရေးသူတို့ သွားရောက်ခဲ့ကြ ပြီး ဆရာတော်ကြီး သီတင်းသုံးအား ထုတ်ခဲ့သည့် နေရာများကို ဓာတ်ပုံရိုက် ကြပါသည်။


ဆရာတော်ကြီး အကြောင်းကို လက်ရှိဆရာတော် အရှင်တေဇဝံသ (၇၈)နှစ်မှ မိန့်ကြားတော်မူသည်မှာ ဆရာတော်ကြီးသည် တနင်္သာရီသမိုင်း နှင့် ဓလေ့ရိုးရာများကို ဖော်ထုတ်ထိန်း သိမ်းတတ်အောင် လမ်းညွှန်ခဲ့သည့် နာယကဆရာတော်ကြီးတစ်ပါး ဖြစ် ကြောင်း၊ ဆရာတော်ကြီးကျေးဇူးကြောင့် လယ်သစ်ကျောင်းကြီး မြကြီးနောင် နဂါးလှေတော်မှတစ်ဆင့် တနင်္သာရီ ရိုးရာဓလေ့များကို ပြန်လည်စုစည်း ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း ပြောပြပါ သည်။

ဆရာတော်ကြီးသည် **တနင်္သာရီ တိုင်းဒေသကြီးရှိ စက်တော်ရာ**




www.burmeseclassic.com

www.burmeseclassic.com




ဆရာတော်ဦးသာဂရ အုတ်ဂူဗိမာန်မှ မှတ်တမ်းစာ



**သုံးဆူအနက်မှ တိမ်မြုပ်နေသော သမန္တကုဋ္ဋ စက်တော်ရာကိုလည်း ဖော်ထုတ်မွမ်းမံခဲ့ပါသည်။** တနင်္သာရီ ဂဝံပတိသိုက်ခန်းနှင့် တနင်္သာရီ ရေးဟောင်းမြို့နေရာ၌ **"အိမ်ရာ တစ်ခု ရွှေတစ်ကြက်ဥမက တန်ဖိုး မြင့်ပြီး ကြက်ပျံမကျ စည်ကားမည်။ မောတောင်တောကြီး၌ နယ်စပ် ကုန်သွယ်ရေးစခန်းကြီး ဖြစ်မည်"** စသည်ဖြင့် တဘောင်ဇော်ပုံစံများကို တရားအားထုတ်သည့် အစဉ်၌ မြွက်ကြားစဉ်က ကြည်ညိုသူများပင် ဖြစ်နိုင်ပါ့မလားဟု သံသယစိတ်လေးများ ဝင်ခဲ့သော်လည်း ယခုအခါ ဖြစ်ပေါ်လာပြီဖြစ်၍ ယုံကြည်ရလေပြီဟု ဆရာတော်မှ မိန့်ကြားပါသည်။

ဆရာတော်ကြီးသည် စက်တော်ရာ ဘုရားပွဲ၌ မိမိအား တောင်ခြေ၌ ပဋ္ဌာန်းရွတ်ခြင်း၊ ဆုပေးခြင်းကို တာဝန်ပေးပြီး ဆရာတော်ကြီးက (၂၄၂၄)ပေ မြင့်သော တောင်ထိပ်စက်တော်ရာတွင် သီတင်းသုံးနေပါသည်။

တောင်ထိပ်မှ တောင်ခြေအထိမူ ခက်ခဲပင်ပန်းသော လမ်းတစ်ကြောင်း သာရှိ၍ အကွေ့အကောက်ဖြင့် နှစ်မိုင်မျှ ရှည်လျားပါသည်။ ထူးခြားသည်မှာ မိမိလည်း အလုပ်ချိန်တွင် ရဟန်းငယ်ပီပီ နားနေရန် နေရာမှ ထသည်နှင့် ဆရာတော်ကြီး မိမိအနား ရောက်နေသည်မှာ အမြဲတိုက်ဆိုင်လွန်းလှပါသည်။

ပို၍ ထူးခြားသည်မှာ တောင်တက်လမ်း၌ ဘုရားတည်ရန် အုတ်သယ်နေကြသူများစွာ ရှိသော်လည်း တောင်တက်လမ်း၌ ဆရာတော်ကို မတွေ့မမြင်ဘဲ တောင်ခြေရောက်ရှိနေခြင်း၊ တောင်ထိပ်ခြေတော်ရာတွင် သီတင်းသုံး တရားအားထုတ်နေသည်ကို တွေ့မြင်ရခြင်း ဖြစ်ပါသည်။

ဆရာတော်သည် လျောင်းအိပ်ခြင်းကို မိမိ မမြင်တွေ့ခဲ့ဘူးကြောင်း အရှင်တေဇဝံသမှ ပြောပြပါသည်။ ညဘက်များတွင် ဆရာတော့်အဆောင်ဘက်သို့ ပုံမှန် သွား၍ အကဲခတ်ကြည့်ရှုရာ ဆရာတော်မှာ တရားရှုမှတ်နေသည်ကိုသာ တွေ့ရကြောင်း ပြောပြပါသည်။

ဘိုးထွန်းရီ၊ ဘွားအင်မေတို့ အိမ်၌ တစ်ညတာ အိပ်စက်ရန် အခွင့်ကြုံသဖြင့် ဆရာတော်အတွက် ပြင်ဆင်ပေးခဲ့သော်လည်း တရားတစ်ထိုင်တည်းဖြင့် နံနက်အရုဏ်တက်သွ... ကြောင်း ဘိုးထွန်းရီ၊ ဘွားအင်မေ... ဖနီးမောင်နှံမှ ပြောပြကြပါသည်။

ဆရာတော်ကြီးသည် ကျင့်စဉ်မျ... တစ်နေ့လုံး တစ်ညလုံး တရားအ... ထုတ် နေထိုင်မှုတို့မှာ အလွန်... ဝီရိယဖွဲ့လုံ့လကြီးမြတ်ပါကြောင်း။ ယ... ဆရာတော်၏ တပည့်သားမြေးမျ... သီတင်းသုံး ကျောင်းထိုင်နေကြသေ... ဤသာသနာ့ရိပ်သာ ခြေတော်... တောရ လယ်သစ်ကျောင်းကြ... သာရဖုံနှင့် ကုသိနာရုံမှ ဆရာတေ... များမှ လိုက်နာရန် ကြိုးစားနေ... သော်လည်း ယင်းဖွဲ့လုံ့လမျိုးကို ... နိုင်ပါ။

မိမိသည်ပင် ဆရာတော်ကြီး ... အား ကျောင်းအပ်ပြီး တစ်နှစ် တ... ကြိမ် သီတင်းလာသုံးလျှင် တစ်ချိန်... တရားရှုမှတ်နေရ၊ တရားထိုင်နေ... သည်ကို ဟိုစဉ်အခါက မ... ကြောက်ရွံ့မိသည်အထိပင် ဖြစ်ခဲ့သည်...



www.burmeseclassic.com

www.burmeseclassic.com

ကို ရယ်မောရ၍ အမိန့်ရှိပြီး ဆရာတော် ကြီးအကြောင်းကို မပျောက်ပျက်ဘဲ ...တ်တမ်းတင်ရေးသားပြီး နက္ခတ္တ ...ရာင်ခြည်မဂ္ဂဇင်းသို့ ပို့ဖြစ်အောင် ...ပေးရန် အမိန့်ရှိပါသည်။

ဆရာတော်ကြီးသည် တနင်္သာရီမြို့ ...သနာ့ရိပ်သာတွင် ရဟန်းရှင်၊ ...ယောဂီများကို အောင်မြင်စွာ တရား ...သခဲ့သည့်အပြင် တနင်္သာရီမြို့နယ် ...သရှင်အမှုဆောင်အဖွဲ့ ဖြစ်ပေါ်လာ ...အတွက်လည်း ဦးစီးနာယက ပြု ...တော်မူခဲ့ပါသည်။

တနင်္သာရီမြို့တွင် တရားပြနေသော ...ရာတော်ဦးသာဂရထံ မြိတ်မြို့မှ ...များသည်လည်း ရက်ရှည်လ ...များ တရားစခန်းလာဝင်ကြပါသည်။

ထို့နောက် မြိတ်မြို့ ကုသိနာရုံ ...ကျောင်း၌လည်း တရားစခန်း ဖွင့်လှစ် ...ပါရန် အကြိမ်ကြိမ် လျှောက်ထား ...ခြင်း ကုသိနာရုံသို့ ကြွပြီး နှစ်ရှည် ...ရားစခန်း ဖွင့်လှစ်ပြီး စူဠာမဏိ ...စေတီတော်ကြီးကိုလည်း တည်ထား ...တော်မူပါသည်။

...၃၄၈ ခုနှစ် ဝါထွက်ရန် နှစ်ပတ်လို ...ဆရာတော်မှ ပုံမှန် တရားစခန်း ...ပြသနေသော်လည်း ယင်းနှစ် ...ဒင်းကျွတ်လဆန်း (၁)ရက်နေ့ ...တွင် တရားပောပွဲ၌ ဆရာတော် ...မိန့်ကြားလွှန်တော်မူလျှင် **ကုသိနာရုံ** **...ရရာမကျောင်း၏ ဉာဘက်** **...ဆောင့်၌ အုတ်ဂူသွင်းရန်နှင့်** **...ကောင်းတော်အား မည်သည့်** **...ပါးမှ မစီရင်ရန်** ဒကာ၊ဒကာမ ...များ မှာကြားသဖြင့် မယုံကြည် ...ဘက်အောင် အံ့သြကြပါသည်။

**...သော် ယင်းနှစ်ထဲတွင် ဆရာ ...ဆောင်အနီးတွင် ထူးဆန်း ...များ တွေ့ရခြင်း၊ ကျောင်း** **ဆောင်ခေါ်တွင် အလင်းတန်းများ အတက်အဆင်းရှိခြင်း၊ ဖျော့ကြိုင် သော ရနံ့များ၊ ကျောင်းဝင်းအတွင်း သင်းပျံ့ နေခြင်း စသည်တို့နှင့် ချိတ်ဆက်စဉ်းစား မိကြပြီး ဆရာတော်သည် မလိုအပ်ဘဲ မိန့်တော်မူမည်မဟုတ်ဟု သဘောပေါက် မိကြပါသည်။**



◆ မြိတ်မြို့ ကုသိနာရုံ ပရိနိဗ္ဗာန်ပြုသိမ်း ဘုရားရှင်အား
ဆရာစီတက ပြုစုသန်း ပန်းမှု

ဆရာတော်ကြီးသည် ယင်း နေ့လယ်ဘက်တွင် တရားအားထုတ် ရင်း ပျံလွန်တော်မူသည်ကိုပင် တရား ရှုမှတ်နေသည်ဟုပင် အနီးရှိ ဒကာ ကြီးက မှတ်ထင်နေကြရသည်အထိ ခန္ဓာကိုယ်တွင်းမှ ဖြစ်ပေါ်လာသော ဝေဒနာများကို လွန်စွာ သည်းခံရှုမှတ် ဖွဲလုံ့လဝီရိယ ကြီးမားတော်မူပါသည်။

ကုသိနာရုံ ပရိနိဗ္ဗာန်ရုပ်ပွားတော် ကြီး ခြေရင်းဘက်မှ သစ်ပင်များမှ အခါမဟုတ် ပန်းများ ပွင့်ဖူးလာကြ သည်ကို တွေ့ရမှ ဒကာ,ဒကာမများ သည် ဉာဏ်ထူးဉာဏ်မြတ်ကို ရရှိ တော်မူသော ရှေးဆရာတော်ကြီးများ ၏ ထေရုပ္ပတ္တိအတိုင်းပင် ဆရာတော် ကြီး၏ ဖြစ်စဉ်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြည်ညိုရတော့သည်။

ဆရာတော်၏ ဥတုဇရုပ်မှာ လေးရက်မြောက်သည်အထိ ပျော့ ပျောင်းနေပြီး မပုပ်သိုးသော်လည်း ပိုမို စိတ်ချစေရန် မြို့နယ်ဆရာဝန်ကြီး မှ ဆေးတစ်လုံးထိုးသည်တွင် ဥတုဇရုပ် မှ သွေးစိမ်းရှင်ရှင် တစ်ထွာအမြင့်ခန့် အထိ ပန်းထွက်လာပါသည်။

သို့နှင့် ဆရာတော် မိန့်မှာခဲ့သည့် အတိုင်းသာ အလောင်းတော်ကြီးကို လည်း အဂ္ဂိမစျာပနပြုလုပ်၍ ဓာတ် တော်ရလျှင် ဝိုင်းယူကြမည့် အစီအစဉ် ကို ဖျက်ကာ စံကျောင်းတော်ဉာဘက် ထောင့်၌ အုတ်ပြာသာဒ် တည်ဆောက် ပြီး ဂူသွင်းတော်မူလိုက်ကြပါသည်။

ဆရာတော်၏ နောက်ဆုံးပူဇော်ပွဲ ကြီးကို မြိတ်မြို့၊ တနင်္သာရီမြို့များမှ ဒကာ,ဒကာမများဖြင့် လွန်စွာပင် စည်ကားခဲ့ကြောင်း ပြောပြကြပါသည်။ ယခုတိုင် ဆရာတော်၏ အုတ်ပြာသာဒ် ဂူတော်သို့ စိတ်ဝင်စား ကြည်ညိုချင်သူ များ ရှိသော်လည်း ဆရာတော် မိန့်မှာ



www.burmeseclassic.com

www.burmeseclassic.com






ရီပို– ကျားရတနာဆေးသည်
တရုတ်ပြည် ရှေးခေတ် ကေရာဇ်မင်း

နန်းတွင်းတွင် အသုံးပြုသော
ဆေးတော်မြတ်ဖြစ်သည်။







# 龍鳳寶

## ရီပို– အမျိုးသားအားဆေး
## ကျားရတနာဆေး

**မြန်မာတိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။**

နဂါးဖာမထီရတနာ (လုံဖုန့်ပေါင်)

(ယောက်ျားသုံးအဆင့်မြင့်အားဆေး) မှတ်ပုံတင်အမှတ် TMR-009365 (1014)

**ရီပို– ကျားရတနာဆေး (မူလအမည်၊ နဂါးကျားအားမာန်ဆေးလုံး)သည် တရုတ်ပြည် ရှေးခေတ်ကေရာဇ်မင်း နန်းတွင်း အသုံးပြုသော ဆေးတော်မြတ်ဖြစ်သည်။ ၎င်းသည် ဘုရင်မှ မောင်းမမိဿံများ၊ ချောမောလှပသည့် မိဖုရားတို့နှင့် ကာမပျော်ပါးရာ သီးသန့်အသုံးချရန် ဖြစ်သည်။**

**ဤလျှို့ဝှက်ဆေးနည်းသည် ယနေ့အထိ စဉ်ဆက်မပြတ် ဆက်ခံလာသည်မှာ အနှစ်(၄၀၀)ကျော်ရှိပြီ ဖြစ်ပြီး၊ လူ့လောက၏ နတ်သ ဆေးဟု တင်စားခြင်းခံရပေသည်။ ဤဆေးကို ရေရှည်မှီဝဲသုံးစွဲပါက အသက်ရှည်၍ အစဉ်နုပျိုစေပါမည်။ မန်ချူးမင်းဆက် ကေ ချန်လုံသည် ကာမစည်းစိမ်ပျော်စံ၍ အသက်(၈၉)နှစ်အထိ နေထိုင်နိုင်ခဲ့ခြင်းမှာ ရီပို–ကျားရတနာဆေးကို ရေရှည်မှီဝဲသုံးစွဲခြင်းကြော ဖြစ်သည်။**

**အဓိကကုသမှု ။ ယောက်ျား ကျောက်ကပ်အားချို့တဲ့၍ သုက်ရည်နည်းခြင်း၊ ပန်းညှိုး၍ မထိန်းနိုင်ဘဲ သုက်လွှတ်စောခြင်း**

**အာနိသင် ။ ကာမရာဂစိတ် ပိုစေ၍ နုပျိုလာစေမည်။ ကျောက်ကပ်အားပေး၍ လူသန်စွမ်းကာ အသက်ရှည်စေသည်။**

**ဖြန့်ချိရေး– ဦးမြင့်ဆွေ၏သားများ–** မြန်မာဆေးမျိုးစုံဆိုင်၊ C-264(D)ရုံ၊ မြေအောက်ထပ်၊ သိမ်ကြီးဈေး။ ဖုန်း–၂၅၄၃၂၅၊ ၇၀၉၇၉၈။ ❖ဆိုင်အမှ ဈေးကြီး၊ မော်လမြိုင်မြို့။ ဖုန်း ၀၃၂–၂၃၁၁၄။ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တန်း၊ ပြည်မြို့။ ဖုန်း–၂၁၂၆၂။ ❖မဥ္စူရီမြန်မာဆေ (၂၉)လမ်းနှင့်(၈၄)လမ်းထောင့်၊ မန္တလေး။ ❖မြနန္ဒာဆေးဆိုင်–အမှတ်(၁၀)၊မင်းလမ်း၊ ဗိုင်းဂနိုင်းတောင်၊ ပဲခူးမြို့။ ဖုန်း–၂၂၁၀၆။ ❖မောင်မျိုးဆေ ၄၅/ကျောင်းလမ်း၊ မြောက်ဥက္ကလာ။❖ကန့်ကော်ရုံ၊ အမှတ်(၈၁/၈၂/၈၃)၊လားရှိုးမြို့မဈေး။ ဖုန်း–၀၈၂–၂၂၁၁၆။ ❖နေလကြယ်ဆေးတိုက်–(၆)လမ်း၊ တော ဖုန်း–၀၅၄–၂၁၈၃၉။❖အခန်း(၈) အဝေးပြေးဂိတ်ဝင်း၊ ကင်မလင်းကျွန်း၊ ပုသိမ်မြို့။ဖုန်း–၂၁၄၂၁။ ❖ကိုသိန်းရွှေ–အမှတ်(၁၈၇)၊ရွှေပြည်သာဈေး။ ❖ရွှေစွန့်ညိုစတိုး–ဒေါ်ခင်စန်းရီ(၃၁/အေ)၊ ကုန်သည်လမ်း၊ပုသိမ်မြို့။ ဖုန်း–၂၁၇၁၅။ ❖ရောစံ–အမှတ်(၅၂/၈) ကုန်သည်လမ်း၊ ပုသိမ်မြို့။ ❖ဇော်ထွန်းဦး– ဦးကြီးခမ်းလော်လမ်း၊ ဦးကြီးခမ်း၊ တောင်ကြီးမြို့။ ဖုန်း–၀၈၁–၂၃၀၂၅။ ❖မြတ်မွန်ဆေးဆိုင်၊ မြစ်ကြီးနား။ ဖုန်း–၀၇၄–၂၂၅၉၄။ ❖ဝါးခယ်မမြို့ အမှတ် ဈေးရုံ(၈)၊ဈေးရပ်ကွက်–ဦးကျော်လင်း။ ❖အမှတ်(၁၂၂)၊ရာဇာလမ်း၊ ပိန်းကန်ရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း–၂၄၄၃၀၄။ ❖စကား ဆေးပစ္စည်းဆိုင်–အမှတ်(၇)၊ မြင်းခြံမြို့။ ဖုန်း –၂၁၄၄၁။❖Topကုန်မာဆိုင်– လားရှိုးလမ်း(နာရီစင်အနီး) ပြင်ဦးလွင်မြို့။ ဖုန်း–၀၈၅– ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တ ည်မြို့။ ဖုန်း–၂၁၂၆၂၊ ၀၈၅–၂၁၂၅၆။ ❖ဦးစိန်သန်း+ဒေါ်နီနီဝင်း–ဆေးပဒေသာ၊ ရတနာမာရ် စိတ္တသုခဂေဟာ၊ ရတနာမာရ်တောင်ဘုရားအနီး၊ မိတ္ထီလာမြို့–ဖုန်း၂၁၃၉၂။ ဦးအောင်မြင့်နှင့်သားသမီးများ(ဆေးပစ္စည်းဆိုင်)အမှတ် (မ/၁၂၂) တောင်ဘက်လမ်း၊ အရှေ့ပြင်ရပ်၊ မိတ္ထီလာ–ဖုန်း–၂၂၀၄၂။ တက်နေဝန်းမြန်မာ့ဆေးလုပ်ငန်း–ဈေးအရှေ့ဘက်၊ နေပြည်တော်လမ်း၊ စစ်ကိုင်း၊ဖုန်း–၀၇၂– ထွန်းသောင်စတိုး–ဖုန်း–၂၁၆၉၇၊ ဆောင်းဟေမာန်ဆေးပစ္စည်း မြို့မ ၆၃၊ အင်းဝဘဏ်ရှေ့၊ မြစ်ကြီးနား။ ဖုန်း–၂၂၁၀၆။❖ပျဉ်းမနားမြို့၊ ပွဲကတော် အမှတ်(၁၁၁)၊ (၇)လမ်း၊ မင်္ဂလာရပ်ကွက်–ဦးထင်ဦး+ဒေါ်မြသန်း။ ❖ဦးကျော် ကွန်ပျူတာဆိုင်–ဗိုလ်ချုပ်လမ်း၊ ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့။ ဖုန်း– ပဲခူးတိုင်း၊ သာယာဝတီမြို့၊ ဈေးအတွင်း–ဒို့ညီနောင်ဆေးဆိုင်။ ❖ .ကရုဏာဆေးဆိုင်–၃၂/အားကားဒေါင့်၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့။ ဖုန်း– ၂၂၇၃၂။❖ရောထွန်းစတိုး(မြန်မာ့ဆေးမျိုးစုံနှင့်အလှကုန်ဆိုင်)ရုံ(၁)၊ လိုင်း(အေ)၊❖ဆိုင်အမှတ်–(၂၈)ဈေးကြီး၊ မော်လမြိုင်မြို့။ ဖုန်း–၀၃၂–၂၃၁၁၄။ ❖ (ဆေးတိုက်) ထုံတိုလ်စိမ်း၊ ဆိပ်ငယ်ရပ်၊ မြိတ်မြို့။ ဖုန်း–၀၃၆–၄၁၆၀၄။

**ပင်ရင်းဖြန့်ချိရေး –ရီပိုဆေးတိုက်အမှတ်(၁၄)၊ ပထမထပ်၊ ထီးတန်း(၂)လမ်း၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးအနီး၊ ဟုမ်းလင်မှတ် ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၃၀ ၉၈၆၀၆၊ ၀၉–၅၀၅ ၈၁၀၈၊ ၀၉–၄၂၀၀ ၁၈၇၂၁၊ ၀၉–၇၉၄**




www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

## ၏ အောင်မြေနှင့် ရှိခိုးပူဇော်ဂါထာတော်များ (၃၄)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

### သမန်းကြည်းမုဋ္ဌောစေတီတော်

နမောတဿ ဘဂဝတော အရဟ
တော သမ္မာသမ္ဗုဒ္ဓဿ။

*[၃-ကြိမ် ရွတ်ဆိုပါ။]*

ကာရိတံ ဓမ္မာသောကေန၊
သမန်မုဋ္ဌော သဓာတုကံ။
သမ္ဗုဒ္ဓေ ပသန္နော ဟုတွာ၊
ဝန္ဒာမိ သိရသာဒရံ။

...ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| ...ံ | = | ဓမ်မံ |
| ...ဋ္ဌော | = | မုတ်ထော |
| ...မ္ဗုဒ္ဓေ | = | သမ်ဗုတ်ဓေ |
| ...သန္နော | = | ပသန်နော |
| ...ုတွာ | = | ဟုတ်တဝါ |
| ...န္ဒာမိ | = | ဝန်ဒါမိ |

...ာပြန်

**...မ္မသောကေန၊** သီရိဓမ္မာသောက
... အာသောကရာဇာမင်းမြတ်သည်။

**...ာရိတံ၊** ကိုးကွယ် တည်ထားအပ်
...သော။


**...ဓါတုကံ၊** ဓာတ်တော်မွေတော်
...နှင့်တကွဖြစ်သော။

**သမန်မုဋ္ဌော၊** သမန်မုဋ္ဌောစေတီ
...ခွဲ ချီသော စေတီတော်မြတ်ကို။

**...မ္ဗုဒ္ဓေ၊** သဗ္ဗညုတဉာဏ်ရှင်
...ရှင်ထံပါး၌။

**...တံ၊** "......"ဟု နာမသမုတ်
...နိုင်သည်။

**...ချက်** ။ ။ **"......"နေရာတွင်
...ဆိုကန်တော့သူ၏အမည် ထည့်
...**



သမန်းကြည်းမုဋ္ဌောစေတီတော်နှင့် အောင်မြေနေရာ

**ပသန္နော၊** သဒ္ဓါရွှန်းစို လွန်ကြည်ညို
လှသည်။

**ဟုတွာ၊** ဖြစ်ပါသောကြောင့်။

**သိရသာ၊** ဦးခေါင်းရတနာ မြတ်
အင်္ဂါအားဖြင့်။

**အာဒရံ၊** လေးစားကြည်ညို ရှိသေ
လှစွာ။

**ဝန္ဒာမိ၊** ရှိခိုးဦးချ ကန်တော့ပါ၏





www.burmeseclassic.com

www.burmeseclassic.com



◆ ဝိဇ္ဇာအောင်မြင်စေတီတော်အား ရှုမြင်ရပုံ



◆ သားပန်စေတီတော်အား ရှုမြင်ရပုံ

ဘုရား။

**ဘုရားတည်နှစ်**

သက္ကရာဇ် ၂၂၄ ခုနှစ်။

**ဘုရားဒါယကာ**

သီရိဓမ္မာသောက "အာသောကရာဇာ"မင်းမြတ်။

**တည်နေရာ**

စစ်ကိုင်းမြို့ ရောဝတီမြစ်အနီး ပြည်သူ့အားကစားကွင်း၏ တောင်ဘက်။

**ပွဲတော်ရက်**

နှစ်စဉ် နယုန်လဆန်း (၈)ရက်နေ့။

**အောင်မြေ**

သမန်းကြည်းမုဋ္ဌောစေတီ၏ အရှေ့လှည့်မုခ်ရှေ့။

**အဆောင့်အရှောက်**

နဂါးမယ်တော်ကြီး။

**ထူးခြားချက်**

သမန်းကြည်း မုဋ္ဌောစေတီတော် တည်ရှိရာကုန်းတော်မှာ စစ်ကိုင်းမြို့ သမိုင်းဝင်ဖြစ်သော ကုန်း(၉)ကုန်းတွင် တစ်ကုန်းဖြစ်သည့် သမန်းကြည်း ကုန်းတော် ဖြစ်လေသည်။

သမိုင်းဝင် ကုန်း(၉)ကုန်းဆိုသည်မှာ စစ်ကိုင်းမြို့တွင် **အတွင်း(၉)ကုန်း၊ အပြင်(၉)ကုန်း**ဟူ၍ မှတ်တမ်းရှိလေသည်။ သမန်းကြည်းမုဋ္ဌောစေတီတော် တည်ရှိသောကုန်းမှာ အပြင်(၉)ကုန်းတွင် ပါဝင်လေသည်။

**အပြင်ကုန်း (၉)ကုန်း**

၁။ ရန်အောင်မြင်ကုန်း
၂။ သားပန်ကုန်း
၃။ ငပိုးကုန်း
၄။ ပေါ်ဦးသွေးကုန်း
၅။ သမန်းကြည်းကုန်း
၆။ မဲရှိုင်းကုန်း
၇။ ပိတောက်တင်းကုန်း
၈။ ကြက်တိုက်ကုန်း
၉။ ယုန်သေကုန်း

တို့ ဖြစ်လေသည်။

ထို့အတူ စစ်ကိုင်းမြို့ သမိုင်း… ကျောင်း(၉)ကျောင်းတွင်လည်း တစ်ပါးအ… အဝင် ဖြစ်လေသည်။ ကျောင်းဟူသေ… ဝေါဟာရမှာ နေရာဌာန ကျဉ်းမြော… ခြင်း၊ ကျောင်းချိုင့်နေရာဖြစ်ခြင်းတို့… ကိုယ်စားပြုထားပါသည်။

**ကျောင်း (၉)ကျောင်း**

၁။ ကန်တော်ကျောင်း
၂။ ဆဒ္ဒန်ကျောင်း
၃။ သမန်ကျောင်း
၄။ ဆပ်ပြာကျောင်း




www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ဖီလာစကြာစေတီတော်အား မှုမြင်ရပုံ



◆ ကိုးနဝင်းစေတီတော်မြတ်အား မှုမြင်ရပုံ

သက်ပန်ကျင်း
သဗ္ဗတိုးကျင်း
နေရမ္မာကျင်း
ဗုဒ္ဓမကျင်း
သစ်တုံကျင်း
တို့ ဖြစ်လေသည်။

ထို့အတူ စစ်ကိုင်းမြို့သမိုင်းဝင် အပြင်မှဋ္ဌော(၉)ဆူနှင့် အတွင်းမှဋ္ဌော (၉)ဆူဟူ၍ စစ်ကိုင်းမြို့၏ သမိုင်းဝင် မှဋ္ဌောစေတီ (၁၈)ဆူ တည်ရှိလေသည်။

အပြင်မှဋ္ဌော (၉)ဆူ
၁။ ထီးလင်းကြီးမှဋ္ဌော
၂။ ဒုံကင်းမှဋ္ဌော
၃။ သမန်ကြည်မှဋ္ဌော
၄။ ရွှေအောင်မြင်ခေါ် ဂုဏ်မြတ်နားမှဋ္ဌော
၅။ သာမန်မှဋ္ဌော
၆။ ပတ္တမြားစေတီမှဋ္ဌော
၇။ ဘုရားလှမှဋ္ဌော
၈။ ရှာထောင်မှဋ္ဌော
၉။ ပဲပုံတောင်မှဋ္ဌော

အားဖြင့် အပြင်မှဋ္ဌော(၉)ဆူဖြစ်လေသည်။ စစ်ကိုင်းစာဆိုတော်ကြီး ညောင်ပင်သာဦးပုည၏ မှတ်တမ်းတင်ထားသော တေးထပ်လင်္ကာကို စစ်ကိုင်း သာသနာဝင်ကျမ်း၌ ပါရှိပါသည်။

ထို့အတူ အတွင်းအပြင် ကုန်း(၉) ကုန်းသမိုင်းကိုလည်း ညောင်ပင်သာ ဦးပုညက ရေးသားဖွဲ့ မှတ်တမ်းတင်ထားကြောင်း သိရပါသည်။

သမန်ကြည်မှဋ္ဌော စေတီတော် မြတ်ကြီးသည်ကား ခေတ်အဆက်ဆက်မှ ယနေ့ထိတိုင်အောင် ဘွဲ့မည်တော် (၄)မျိုးဖြင့် ကျော်ကြားထင်ရှားခဲ့လေသည်။

ဘွဲ့အမည်လေးမျိုး
၁။ သမန်းကြည်းမှဋ္ဌော
၂။ သမန်မှဋ္ဌော
၃။ သပန်မှဋ္ဌော
၄။ သဘန်မှဋ္ဌော

ဟူ၍ ခေါ်ဝေါ်လျက် ရှိကြလေသည်။

ဤကုန်းတော်ကြီးတွင် သမန်းကြည်းကျောင်းတော်ကြီးသည်လည်း စေတီတော်နှင့်အတူ အပါအဝင်ဖြစ်လေသည်။

သမန်းကြည်း ကျောင်းတော်ကြီးမှာ **“မိဖုရား ရွှေတောင်မယ်”၏ ကျောက်စာ**ဖြစ်သည့် (ကျောက်စာ/၄က)တွင် သဒ္ဓါသီလ တူမျှကြသော

www.burmeseclassic.com



◆ အဘာယံ သင်္ကေတာ်ရှည်စေတီတော်ကို
ကြည်ညိုဖွယ် မြင်တွေ့ရပုံ



◆ နဂါးမယ်တော်ကြီးစေတီတော်အား ဖူးမြင်ရပုံ

◆ အရုံအတွင်းမှ ရှေးဟောင်းရုပ်ပွားတော်များကို ဖူးတွေ့ရပုံ



◆ သာယာနက်ဆောင်စေမြဲတံခွန်တိုင်



◆ ဝင်းကိုင်ငါးမြို့သင့်ဝင် သမန်းကျွင်းနေရာ






www.burmeseclassic.com

www.burmeseclassic.com






◆ ရှေးဟောင်း၊ သမန်းကြည်းရုပ်ပွားတော်အား ဖူးမြော်ရပုံ

◆ သမန်းကြည်းမုဋ္ဌောစေတီတော်မြတ်အား ပြုပြင်စောင့်ရှောက်ခဲ့သော သမန်းကြည်းဆရာတော်ကြီး ဦးဝေမာစာရအား ဖူးတွေ့ရပုံ


◆ ရှေးဟောင်းပေါ်တော်မူ ရုပ်ပွားတော်တစ်ဆူ

◆ သမန်းကြည်းမုဋ္ဌောစေတီတော် ရင်ပြင်မှ နတ်ညောင်ပင်နှင့် အဓိဋ္ဌာန်နေရာထူး



◆ သမန်းကြည်းမုဋ္ဌောစေတီအကြောင်း မှတ်သားဖွယ်ရာများပြောပြသော ဆရာတော်







www.burmeseclassic.com

www.burmeseclassic.com





◆ သမန်းကြည်ကျန်းရပ်ပြင်အနီးမှ
ဆောင့်ရှောက်နေကြသော သမန်ကျန်းသိုက်နန်းရှင်များ
◆ ရှေးဟောင်း ဝိဇ္ဇာအောင်မြင် ရုပ်ပွားတော်မြတ်အား ဖူးမြင်ရပုံ

"**မဟာသမန်ဇနီးမောင်နှံ**" တစ်စုက ကျောင်းတော်ကြီး (၃)ကျောင်း ဤကုန်းတော်တွင် ဆောက်လုပ်လှူဒါန်းကြောင်း ပါရှိလေသည်။

အလွန်ကျော်ကြား ထင်ရှားသော ဒါယကာများဖြစ်သောကြောင့် မဟာသမန်ကျောင်းဟု ခေါ်တွင်ခဲ့ကြလေသည်။

နောင်သောအခါ၌ မဟာဖြုတ်၍ အတိုအကောက် သမန်ကျောင်း၊ သမန်မုဋ္ဌောဟူ၍ ခေါ်ဝေါ်ကြလေတော့သည်။

သမန်ကုန်းတော်ကို ကျွန်ုပ်တို့၏ အညာဒေသအလျောက် ကုန်းမှန်သမျှကို ကြည်းကုန်းဟူ၍ ခေါ်လေ့ရှိသောကြောင့် ယခုအခါကာလတွင် သမန်းကြည်းကျောင်း၊ သမန်းကြည်းကုန်း၊ သမန်းကြည်းမုဋ္ဌောဟူ၍သာ တွင်နေလေတော့သည်။

ယနေ့အချိန်တွင် "**ဆရာတော်ကြီး ဦးခေမာစာရ**"က ပြုပြင်စောင့်ရှောက်လျက်ရှိနေလေပြီ။

တိုက်တာ အဆောက်အဦးနှင့်တကွ အထူးတိုးတက် ပွင့်လန်းလျက် သာသနာပြုသူများ၊ ဘုရားဖူးများ၊ အဓိဋ္ဌာန်ရှင်များဖြင့် စည်ကားနေလေသည်။

ရှေးအခါက မူလ မဟာသမန်ဇနီးမောင်နှံ လှူဒါန်းသွားသော ကျောင်းဟောင်းကြီး၏ ကျောင်းဟောင်းနေရာတွင် "**မကွရာမင်းသားကြီး၏ သားတော် ထိပ်တင်ကိုယ်တော်ကြီး**" သီတင်းသုံးရန်အတွက် "**အဘအောင်မင်းခေါင်**"**ကိုယ်တိုင်** ပန္နက်ရိုက်ပေးသွားသော ကျောင်းဖြစ်ကြောင်း **ဆရာကြီး သမြူးမြသောင်း**က စစ်ကိုင်း၊ မင်းဝံတောင်တန်းရှိ ဘုရားစေတီများသမိုင်းတွင် ဖော်ပြထားလေသည်။

ယင်းကျောင်းတော်ကြီးမှာ အဓိဋ္ဌာန်နေရာထူးဖြစ်သောကြောင့် လည်းကောင်း၊ ဓာတ်ပန္နက်ချရာ နေရာထူးဖြစ်သည့် "**ကိုးနဝင်းစေတီတက်**"၏ အောင်မြေနေရာနေရာမှန် ဖြစ်လေသည်။

ကိုးနဝင်းစေတီတော်မှာ သက္ကရာဇ် ၁၃၂၇ ခုနှစ်က ကျောင်းထိုင်ဆရာတော် အရှင်စန္ဒိမာက အာရုံအရ တည်ထား ကိုးကွယ်ခဲ့သည်ဟု မှတ်သားရပါ သည်။

ဤသမန်းကြည်းကုန်းတော်ကြီးတွင် အရံစေတီတော်အဖြစ် ပါဝင်သော "**သားပန်စေတီတော်**"မှာ အလှူ ဒကာ သီရိဓမ္မာသောကမင်းကြီး၏ ကုသိုလ်တော် မဟုတ်ပါ။

ရှေးအခါက စစ်ကိုင်းမြို့တွင် သားပန်ဘုရား၊ သားပန်စေတီဟူ၍ တစ်ဆူတည်းသာ တည်ရှိခဲ့လေသည်။

**မူလ သားပန်စေတီတော်မှာ စစ်ကိုင်း မြို့၏ သမိုင်းဝင် အမြင်မှတ္တာ (၈)ဆူတွင် တစ်ဆူအပါအဝင်ဖြစ်ပါ သည်။**

မူလဒကာမှာလည်း သီရိဓမ္မာ သောကမင်းမြတ်၏ ကောင်းမှုတော် ဖြစ်လေ၏။ တည်ရှိနေရာမှာ ထုပ်၊ စေတီတော်ကြီး၏ တောင်ဘက် လက်ခုတ်ပင် ကျောင်းဝင်းအတွင်း တည်ရှိလေရာ သမိုင်းဝင်ဖြစ်လေ သည်။

ခေတ်ကာလ၏ ကျော်ဖြတ်မှု၊ ရာ ဥတု၏ ရိုက်ခတ်မှု၊ ပြုပြင်ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



● ကျောင်းမင်းသားကြီးမင်းသားတော် ထိပ်တင်ကိုယ်တော်ကြီး သီတင်းသုံးရန် အတွက် "အာဘာအောင်မင်းခေါင်" ကိုယ်တိုင် ပန့်ရိုက်ပေးသွားသော ကျောင်းတော်




သမန်းကြည်းမုဋ္ဌောစေတီတော်၏ သမိုင်းကျောက်စာ ▶

မ်းမံမှု နည်းပါးသောကြောင့် ပျက်စီး ယိုယွင်းလျက်ရှိလေ၏။

**မူလစေတီတော်မှာ စစ်ကိုင်းတောင် ကို မြသိမ် (၃၀)စေတီကဲ့သို့ သား ပန်ကျ၍ အထူး ကျော်စောခဲ့လေသည်။**

ထူပါရုံဘုရားဒကာ "**နရပတိမင်း ကြီး၏ မိဖုရားငယ်**" တစ်ဦးက သားပန်စေတီတော်တွင် အဓိဋ္ဌာန် င် သားဆုပန်လေရာ အကယ်ပင် င် သားရတနာ ထွန်းပေါက်ဖွား မြောက် ရရှိသဖြင့် ထိုမိဖုရားငယ်က အသစ်မွမ်းမံ ဖြည့်ဆည်း ကိုးကွယ်ခဲ့ လေသည်။

ယနေ့တိုင်အောင် သားပန်စေတီ ၏ သားပန်မုဋ္ဌောဟူ၍ စစ်ကိုင်းမြို့တွင် င်ရှားခဲ့လေသည်။ ယခုကာလတွင် မူလသားပန်စေတီ ကွယ်ပျောက်လုနီး ီးအချိန်ဖြစ်သောကြောင့် လည်း ကောင်း...

သမန်းကြည်ကုန်းတော်တွင် တည် ရှိသော သမန်းကြည်စေတီမှာလည်း သီရိမှာသောကမင်းကြီး၏ ကုသိုလ် တော်ဖြစ်လေရာ မူလသားပန်မုဋ္ဌော စေတီ ပျက်စီးပြိုကွဲသွားသောကြောင့် သမန်းကြည်းကုန်းတော်တွင် စေတီပွားအဖြစ် တည်ထား ကိုးကွယ်ထားဟန် တူလေသည်။

သမန်းကြည်း မုဋ္ဌောစေတီတော်၏ ပုံဟန်မှာ အရှေ့အရပ် မှန်ဦးလှည့်ဖြစ် လေသည်။ သမန်းကြည်းကုန်းတော် ကြီး၏ အဓိကနေရာတွင် တည်ရှိလေ ၏။

အုတ်ဖိနပ်အမြင့်ပေါ်တွင် ပစ္စယံ(၃) ဆင့်တက်၍ အထက်ဆုံးပစ္စယံ၏ ထောင့်များတွင် အရံစေတီများဖြင့် တန်ဆာဆင်ထားပါသည်။

ခေါင်းလောင်းမှောက်တွင် ဘီလူး မင်းကြီး(၄)ဦးက စောင့်ရှောက်နေဟန် ပုံများဖြင့် ခြံရံထားလေသည်။

ခါးပန်းစည်း၏အထက်၌ စက်ပန်း ပိုင်းနှင့် ဓာတ်စမျှားကို ကနုတ်ပန်းများ အားဖြင့် စီမံထားရှိသည်ကို မြင်တွေ့နိုင် လေ၏။

ဖောင်းရစ်မှာ ကိုးဆင့်ဖြစ်၍ နဝင်း ဓာတ်ဖြင့် ပူဇော်ထားပြီးလျှင် ကြာ မှောက်ကြာလန်တို့ဖြင့် ရွှေထီးတော် အထွဋ်တင်ထားလေသည်။

သမန်းကြည်းမုဋ္ဌောစေတီကား အထူး အားထုတ်ရမည့် နေရာထူးလေသည်။

သားပန်စေတီတော်၌ လည်းကောင်း။

ဝိဇ္ဇာအောင်မြေစေတီတော်၌ လည်းကောင်း။

ဟောဇိနေလ စကြာစေတီတော်၌ လည်း ကောင်း ·

အတဲယ သက်တော်ရှည် စေတီတော်၌ လည်းကောင်း။

ကိုးနဝင်း ရွှေစေတီတော်၌ လည်းကောင်း။

နဂါးယယ်တော်ကြီး စေတီတော်တွင် လည်းကောင်း။

နတ်ရဲညောင်ပင်ကြီးတွင် လည်းကောင်း။

သမန်းကြည်းကုန်း သိုက်နန်းရှင်များ၏ အဆောင်တို့တွင် လည်းကောင်း

မိမိတို့အလိုရှိရာ ကိစ္စ၊ ဆန္ဒ၊ ပဋ္ဌာန်း ဆက်အားဖြင့် သွားရောက်အဓိဋ္ဌာန်ဝင် အားထုတ်ရမည့် "**ဝိဇ္ဇာစည်း အောင်မြေ**"ဖြစ်ပါကြောင်း လမ်းညွှန် လိုက်ရပါသည်။

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး

(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၅)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း,နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'သြော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဖက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဖက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက် မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက် ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင် အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်း နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ် သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်း ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ် ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက် ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲ ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေး ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေး ကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာ ကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆ အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူ နဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အ သမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာ အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြ အကြံပြုပါရစေ'

ဆရာမြင့်
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သင်္ဘာမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁


ဦးဇော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com





◆ ကန်ကောက်ရွာ မွန်းတည့်သိမ် အဝင်မုခ်ဦး

◀ ကန်ကောက်ရွာ
မွန်းတည့်သိမ်လမ်းညွှန် ဆိုင်းဘုတ်

စံလွန်းသာ

မန္တလာနယ်မှ

# ရှင်အရဟံသိမ်တော်

ပူဇော်မှုခရီး (၃)

ယခင်လမှအဆက်

ကန်ကောက်

မွန်းတည့်သိမ်

တက်ကုန်းရွာမှ ရှေ့သို့ အနည်း (၁၀ မိနစ်ခန့်) ခရီးဆက်ခြင်းဖြင့် ပြင်ဦးလွင်မြို့ ဒွေးလမ်းမကြီး ရောက်လေသည်။

ကြောင့် ရှင်အရဟံနေထွက်သိမ် သည့်လမ်းကို ညွှန်ရပါက မြို့ ရေတံခွန်တောင်လမ်းခွဲမှ လွင်မြို့သွား ဒွေးလမ်းအတိုင်း ကာ **"လက်ကောင်း"ရွာ** ကိုတွင် လက်ယာဘက်လမ်းခွဲ သွားရောက်နိုင်သည်။ လမ်းချောဖြစ်၍ ပို၍ ခရီးတွင် သက်သောင့်သက်သာ ရှိပါလိမ့်

တည့်သိမ်သို့ သွားရန် ပြင်ဦး လွင်မြို့၊ မန္တလေးလမ်းအတိုင်း စုန်ဆင်းလာကာ ရေတံခွန်တောင်လမ်းခွဲ အရောက်တွင် မြောက်ဘက်သို့ မောင်းနှင်ရသည်။

(၃၅)လမ်း အရှေ့ဘက်အဆုံးနှင့် မဝေးလှသော နေရာ၊ လမ်း၏ တောင်ဘက် လမ်းချိုးကွေ့အနီးတွင် **သိမ်တော်သို့ လမ်းညွှန်ဆိုင်းဘုတ်**ကို တွေ့ရ၏။

ဆိုင်းဘုတ်အနီး လမ်းချိုးကလေး အဆုံးတွင် **ထည်ဝါသော မုခ်ဦးနှင့် ရှင်အရဟံ မွန်းတည့်သိမ်တော်** ဟူသော ကမ္ပည်းစာတန်း တည်ရှိလေသည်။

မုခ်ဦးကို ဖြတ်ကျော်ဝင်ရောက်သည်နှင့် လက်ဝဲဘက်၊ အရှေ့ဘက်၌ **ဘုံ(၅)ဆင့် အမိုးပြာသာဒ်နှင့် သိမ်တော်ကို** အနောက်သို့ မျက်နှာလှည့်လျက် တွေ့ရသည်။ အတွင်း၌ ရတနာဘုံခေတ်လက်ရာ တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ စံပယ်တော်မူသည်။

သိမ်တော်၏ အမိုးမျက်နှာကြက်တွင် လှပသော သစ်ထွင်းကနုတ်များနှင့် တန်ဆာဆင်ထားသည့် **ကျိုက်တင်**ကို တွေ့ရသည်။ ရတနာပုံခေတ် ပန်းပုလက်ရာအဆင့်အတန်းကို ဖော်ပြနေသော ရှေးလက်ရာတစ်ခုဖြစ်သည်။

သိမ်ဝန်းကျင် နိမိတ်တိုင်များကို ပြည့်စုံထင်ရှားစွာ မြင်တွေ့ရသည်။ ရှင်အရဟံရုပ်တုကို သိမ်တွင်း၌ မတွေ့ရ






www.burmeseclassic.com

www.burmeseclassic.com




ကန်ကောက်ရွာ မှန်တည့်သိမ်

ကန်ကောက်ရွာ
မှန်တည့်သိမ်ရှိမိတ်တိုင်များ



ကန်ကောက်ရွာ မှန်တည့်
သိမ်မျက်နှာကြက်မှ
ကျိုက်တခို







www.burmeseclassic.com

www.burmeseclassic.com



◆ ကန်တောက်ရွာ မွန်းတည့်သိမ်တွင်း ရုပ်ပွားတော်



◆ သိမ်အနီးမှ မဟာဗောဓိစေတီ

သိမ်အဝင် စောင်းတန်းနဖူးစည်း ...၌ "ရဟန္တာမထေရ်မြတ် ရှင်အရဟံ ...မှတ်တော်မူခဲ့သည့် မွန်းတည့် ...သိမ်တော်" ဟူ၍ မှတ်တမ်းပြုထား ...သည်။

...စောင်းတန်း မြောက်ဘက်တွင် **...ဗောဓိပုံစံတူ စေတီတစ်ဆူ ...ဝင်တော်မူကာ** အတွင်း၌ ...ကိုအုပ်ချီကာ ပုဆစ်ဒူးတုပ် ပူဇော် ...သော **ရှင်အရဟံရုပ်တု**ကို တွေ့မြင် ...သည်။

### အဓိဋ္ဌာန်ပြု ပူဇော်ခြင်း

...မွန်းတည့်ချိန်သည် ပွင့်လင်းသော ...ခင်းကာလ၊ ကောင်းကင်တွင် နေ အမြင့်ဆုံးနေရာ ထိပ်တည့်ရပ်သို့ ရောက်ရှိချိန်ဖြစ်သည်။ ဤမွန်းတည့် သိမ်တွင် မွန်းတည့်ချိန်၌ ဘာဝနာ ကုသိုလ်ပြုရခြင်းကြောင့် မြင့်မားသော ဘဝနေမှုအဆင့်အတန်းကို မျှော်လင့် နိုင်သည်။ ရာထူးဌာနန္တရတိုးတက်ရေး အတွက် ဆုပန်ပြည့်ဝနိုင်သည်။

ရင်ဆိုင်နေရသော အမှုတပေါင်များ တရားနည်းလမ်းတကျ ပြီးစီးနိုင်သည်။ ရောဂါဝေဒနာ ခံစားနေရသူများ အတွက် အမြင့်ဆုံးကာလသို့ ရောက် ဖြစ်၍ ဝေဒနာမှ လွန်မြောက်နိုင်သည်။

**(ရောဂါကျွမ်းနေပါက ဝဋ်ဒုက္ခမှ ကျွတ်လွတ်၍ ဘဝတစ်ပါးသို့ ကူး ပြောင်းမည်။ အာဂန္တုဝေဒနာ ဖြစ်ပါ က သက်သာပျောက်ကင်းသွားနိုင် သည်။)**

စာသင်သား ကျောင်းသူကျောင်း သားများအတွက် အထူးချွန်ဆုံး အခြေ အနေကို မျှော်မှန်းနိုင်ကြပေသည်။

**အနောက်သို့ မျက်နှာလှည့်သော သိမ်တော်ဖြစ်သောကြောင့်** မွန်း တည့်ပြီးနောက်ပိုင်း နေဝင်သည့်တိုင် နေရောင်ကို ကောင်းစွာ ရရှိ၏။ ထို့ ကြောင့် ရေရှည်မျှော်လင့်ရသော လုပ်ငန်းများအတွက် အခြေအနေ ကောင်းကို ဖန်တီးပေးနိုင်၏။

လျောင်းတော်မူ ရုပ်ပွားတော်များ တွင် အနောက်သို့ ဦးခေါင်းပြုသော လျောင်းတော်မူကို နေရဟန်လျောင်း တော်မူဟု ခေါ်ဝေါ်ကြသည်။ အဂ္ဂမဟာ ပဏ္ဍိတ ပခုက္ကူဆရာတော် ဘဒ္ဒန္တဝံသ



www.burmeseclassic.com

www.burmeseclassic.com



မဟာဗောဓိစေတီတွင်းမှ
ရှင်အရဟံရုပ်တုတော်

ထေရ်က သုဂတောပုဒ်ကို **သုဂတော-နန်းခေမံ နေရဗာန်သို့ ကောင်းကြွသွားတော်မူသော မြတ်စွာဘုရား"** ဟူ၍အနက် ပြန်တော်မူခဲ့သည်။

နေရဗာန်သည် နိဝါနပုဒ်နှင့် အလားတူသော နိရဝါနပုဒ်မှ ပြောင်းလွဲလာခဲ့သော ပါဠိသက် ဝေါဟာရဖြစ်သည်။ **ဝါန**-တဏှာမှ၊ **နိရ**-ကင်းခြင်း၊ မရှိခြင်း၊ တဏှာကင်းရာ ဖြစ်သော **နိဗ္ဗာန်ကို နေရဗာန်**ဆိုခြင်းဖြစ်၏။

နိဗ္ဗာန်ကို အာရုံပြုလျက် သမာပတ်ဝင်စားနေသော ပုံတော်ကို နေရဗာန်ပုံတော်ဟု ဆိုခြင်းဖြစ်ပါသည်။ ***[မောင်အောင်မြင့်(ညောင်ဦး)၏ ဂေါတမမြတ်စွာဘုရားမုဒြာစေတီသမိုင်း၊စ၊ ၁၂၀]***

ထို့ကြောင့် အနောက်သို့ မျက်နှာလှည့်သော ဤသိမ်တော် (မြတ်စွာဘုရားရှင်ရွှေတော်)၌ ဘာဝနာကုသိုလ်

ပြုရခြင်းကြောင့် လောကုတ္တရာဥစ္စာ... ဆိုအပ်သော တရားထူးရခြင်း အ... ဖြစ်စေသည်။

ကာလကိန်းအရ နေမွန်းတ... အချိန်သည် နေ့သခင်၏ အမြစ်နှံ့ပြ... ပိုင်ဆိုင်သောကာလ စတင်သည်ဖြ... ကူညီထောက်ပံ့မှုရရှိခြင်း၊ အ... ကောင်းမွန်ခြင်း အကျိုးကို မျှော်... နိုင်၏။

**မွန်းတည့်ချိန်၊ နေ့ခင်း(၁၂)နာ... ဖြစ်လေရာ** ပွင့်လင်းမြင်သာ... အမြစ်ကြိုဟ်စိုးမိုးခြင်းဖြစ်၏။ ပရိသ... အများ ထောက်ခံမှုကို လိုလား... မီဒီယာသမားများ၊ အနုပညာရှင်... မဲဆွယ်စည်းရုံးသူများ၊ အရောင်း... တင်ရေးသမားများအတွက် အထူး... အကျိုးများစေနိုင်ပေသည်။

အထူးပြု ပူဇော်ခြင်း

ကန်ကောက် မွန်းတည့်သိမ်... **အင်္ဂါနေ့ နေ့လည်(၁၂)နာရီမှ ... နာရီခွဲအချိန်အတွင်း** ဒါန၊ သီ... ဘာဝနာ ကုသိုလ်ပြုခြင်းဖြင့် တန... ပရိယာယ်ဆိုင်ရာ ချစ်သူခင်သူ... နှစ်ချောင်း၊ အလှူပွဲ၊ မင်္ဂလာပွဲ၊ ... ကြောင်၊ ကျောက်၊ ကား၊ ခါး... ခေါင်း စသည်တို့နှင့် ပတ်သက်... ကိစ္စရပ်များတွင် အောင်မြင်မှု ရ... ကြသည်။

သိမ်တော်တည်အရပ်မှာ တန... နှစ်ထပ် **"ကန်ကောက်"**ပညတ်... ခြင်းကြောင့်ဖြစ်လေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

စံထွန်းသာ



www.burmeseclassic.com

www.burmeseclassic.com



မြင့်ကြီးဖျော်

ဘိုးဘိုးအောင်၏

# ရုပ်ပဋ္ဌမံ နာမ်ပဋ္ဌမံ

ပုတီးစိပ်ကျင့်စဉ်

ဘိုးဘိုးအောင်၏ ရုပ်ပဋ္ဌမံ နာမ်ပဋ္ဌမံ ပုတီးစိပ်ကျင့်စဉ်ကို မဖော်ပြမီ ဘိုးဘိုးအောင်၏ အကြောင်းအရာအချို့မှ အနည်းငယ်ကို တင်ပြလိုပါသည်။

## အထင်ရှားဆုံး ထွက်ရပ်ပေါက်ပုဂ္ဂိုလ်

ပထမံဘိုးဘိုးအောင်ဟု ထင်ရှားသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးကား မြန်မာနိုင်ငံမှ ထွက်ရပ်ပေါက် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များအနက် ထင်ရှားသောပုဂ္ဂိုလ်ကြီး ဖြစ်သည်။

စစ်မဖြစ်မီက ထင်ရှားသော ဘိုးဘိုးအောင်သီချင်း၊ ဝ,တစ်လုံးသီချင်းစသည်များသည် ဘိုးဘိုးအောင်ကို ဖွဲ့ဆိုထားသော သီချင်းများဖြစ်သည်။

အမျိုးသားပညာဝန် ဦးဖိုးကျား၏ မြန်မာ့ဂုဏ်ရည် စာအုပ်တွင်လည်း ဘိုးဘိုးအောင်အကြောင်းကို ထူးဆန်းအံ့သြဖွယ်ရာ ပြဆိုထားရာ စိတ်ဝင်စားစရာ ကောင်းလှပေသည်။

စစ်ကြိုခေတ်က ရုပ်သေးသဘင်များတွင်လည်း စကြာရေချဇာတ်ဟူ၍ စကြာမင်းခေါ် ညောင်ရမ်းမင်းသားအား ရေချကွပ်မျက်သည့်ဇာတ်လမ်းကို တောရွာတစ်ခွင်တွင် ပြသသည်။ နောက်ဆုံး စကြာမင်းကို ဘိုးဘိုးအောင်က ကယ်သွားခန်းကို ထည့်သွင်း၍ ဇာတ်လမ်းအဖြစ် ကပြသည်။

ထို့ကြောင့် မြန်မာ့သဘင် ထုံးစံအတိုင်း သတ်၍သေသည်နှင့် မဆုံးဘဲ ပြန်၍ရှင်သည့်ဇာတ်ကို ကပြနိုင်ခဲ့သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံအရပ်ရပ် ကျေးလက်တောရွာအထိ ဘိုးဘိုးအောင်ကို မကြားဘူးသူ မရှိအောင် ပျံ့နှံ့ကျော်ကြားခဲ့သည်။

## ဘိုးဘိုးအောင်သည် ဒဏ္ဍာရီမဟုတ်

ထုံးစံအတိုင်းပင် ဘိုးဘိုးအောင်အကြောင်း ပြောကြဆိုကြဖန် များလာသောအခါ ဘိုးဘိုးအောင်ကို ဒဏ္ဍာရီလို မြင်လာကြသည်။ သာမန်လူတို့ မစွမ်းသော တန်ခိုးကဒ္ဓိပါဒ်ကိုကြည့်ပြီး ဘိုးဘိုးအောင် သာမန်လူသားတစ်ယောက်မှ ပေါက်ဖွားခြင်းမဟုတ်သော မိုးကျရွှေကိုယ်လို ထင်လာကြသည်။

ထို့ကြောင့်လည်း ဘိုးဘိုးအောင်ကို ဒဏ္ဍာရီတန်ခိုးရှင် လူစွမ်းကောင်းအဖြစ် ယူဆချင်လာကြသည်။ စင်စစ် ဘိုးဘိုးအောင်မှာ တန်ခိုးရှင်၊ သိဒ္ဓိရှင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်မှာ မှန်ပါသည်။

သို့ရာတွင် လူ့လောကထဲမှ သူလိုကိုယ်လို မိနှင့်ဖနှင့် ဆွေနှင့်မျိုးနှင့် ပေါက်ဖွားလာရာမှ ထူးမြတ်စွာ သိဒ္ဓိပေါက်ခဲ့ခြင်းဖြစ်ကြောင်း စာပေနှင့်တကွ လာပါသည်။

ဘိုးဘိုးအောင်အကြောင်းနှင့် ပတ်သက်၍ ဘိုးဘိုးအောင်ကိုယ်တိုင် ရေးစပ်ခဲ့သော ဆွေမျိုးလင်္ကာတွင်လည်း ဤသို့ တွေ့ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com

'ညီရင်းနှမ၊ ပေါင်းဖော်တို့
ဒုက္ခသုခံ၊ နှစ်တန်ယှက်ထွေး
ဈေးသူဈေး ပွဲသူပွဲကြ
သဟာယစုံစီ၊ အားလုံးပင် ရှိကြသေးရဲ့
ကုသိုလ်ကံဖူးတဲ့၊ မောင်မင်းအောင်မှာ
ဝေးခေါင်အေသ၊ မွန်တလိုင်းတို့ တိုင်းရှည့်
အလယ်ပြိုင်ငယ်၊ ဂျင်ကလယ်တွင်
မဖွယ်စတိုက်၊ လေ့ထိုးလိုက်၍
လူမိုက်လူညစ်၊ ဒုက္ခကြီးဖြစ်နေရှာပေါ့
စင်စစ်မှတ်ရိုက်၊ အကုသိုလ်အလွန်များသူကို
ဘုရားတောင် မကယ်နိုင်ဘူး
မျှော်ရှုယ်ဆင်ခြင်၊ ကုသိုလ်ထောက်ပင့်
ကျိုးပေးချိန်သင့်တော့မှ ဆွဲမြှင့်၍တင်တော့မည်
တောဝင်ကာ ထွက်ရပ်လမ်းနှင့်
ထက်မြတ်ငြိမ်း ပုဂ္ဂိုလ်ဖြစ်ပေမယ့်
ဇောဝသီ၊ လောကီကိုမပစ်နိုင်လို့
သံယောဇဉ်အချိတ်အလုပ်တွေနှင့်
စိတ်ညစ်ဖို့ ကြုံရသေးတော့တယ်...'

ဟူ၍ ဖွဲ့ဆို ရေးသားထားသည်ကို တွေ့ရှိရသည်။

ဤလင်္ကာကို ကြည့်ခြင်းအားဖြင့် ဘိုးဘိုးအောင်သည် ညီရင်းအစ်ကိုပင် ဖြစ်လင့်ကစား အကုသိုလ်များသူကို မကယ်တင်နိုင်၊ ကုသိုလ်ထောက်ပင့်၍ အကျိုးပေးချိန်သင့်မှသာ ကူညီနိုင်မည် ဖြစ်ကြောင်း ဖော်ထုတ်ရေးသားခဲ့သည်ကို သတိပြုသင့်ပေသည်။

ဘိုးဘိုးအောင်သည် သိဒ္ဓိစခန်းကို လျှောက်လှမ်းနေစဉ် ကာလအတွင်း မိမိလိုရာကိစ္စ မပြီးမြောက်သေးသဖြင့် ဘုန်းကြီးကျောင်းသားအဖြစ် ကျောင်းတွင်ကပ်နေပြီး အခါအခွင့်ကို စောင့်စားရင်း အောက်ပါကဗျာကို မြည်တမ်းလေ့ရှိ၏။

အရပ်လျှောက်၍ မွှေနှောက်လည်လည်
အတည်မကျ၊ ဗာဟီရလိုက်
မိုက်လေစွဟု၊ မောဟချိတ်ငင်
အရှုပ်များထင်ကြတယ်၊ လိုအင်အရေး
သိဒ္ဓိပေါက်၍ မမြောက်သေးတော့
ရိဆွေးဗလချ၊ ဖျင်ပိုင်းကိုဝတ်
ရွတ်လို့ဂါထာ၊ ခပ်နာနာနှင့်
ကြမ္မာကံခေ၊ ကျောင်းမှာပင် နေရတယ်
အခြေဆိုးပါဘိတော့တယ်...

ဤသို့ဖြင့် ဘိုးဘိုးအောင်သည် ဘဝသံသရာ၏ ဝဋ်ဆင်းရဲဒုက္ခများကို သံဝေဂယူ၍ မိမိ မျှော်မှန်းထားသော အရိယာသိဒ္ဓိစခန်းကို မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားကျင့်ကြံ အားထုတ်ခဲ့ရာ ပေါက်မြောက်အောင်မြင်ခြင်းသို့ ရောက်ရှိခဲ့ပါတော့သည်။

ဘိုးဘိုးအောင်၏ ရုပ်ပဌမံ နာမ်ပဌမံ ကျင့်စဉ်မှာ ဂုဏ်တော်(၉)ပါးကို သိဒ္ဓိတပ်၍ ဘုရားတန်ခိုးကြီးတွင် ဂြိုဟ်သက်အလိုက် ပွားများသည့်ကျင့်စဉ် ဖြစ်ပါသည်။ ကျင့်ဆောင်ပုံမှာ ဘုရားတန်ခိုးကြီး တစ်ဆူဆူတွင် သွားရောက်ကျင့်ဆောင်ရမည် ဖြစ်ပါသည်။

ဂုဏ်တော်(၉)ပါး ဆိုသည်မှာ အရဟံသိဒ္ဓိ(မှ)ဘဂဝါသိဒ္ဓိအထိ ဂုဏ်တော်(၉)ပါးလုံးကို အစဉ်အတိုင်း ပွားများရမည် ဖြစ်ပါသည်။

ပထမဦးစွာ ဘုရားတန်ခိုးကြီးတစ်ဆူဆူသို့သွားရောက်၍ **ဗုဒ္ဓဟူးအရပ်**မှ စတင်ကျင့်ဆောင်ရမည် ဖြစ်ပါသည်။ ဗုဒ္ဓဟူးအရပ်သို့ ရောက်သောအခါ ဦးသုံးကြိမ် ချပါ။

ပြီးလျှင် လက်အုပ်ချီပြီး ဘုရားကို လက်ယာရစ် တစ်ပတ်လှည့် ပူဇော်ပါ။ ပြီးလျှင် ဗုဒ္ဓဟူးအရပ်သို့ ပြန်ဝင်၍ ဦးသုံးကြိမ်ချပြီး ပရိကံပြု၊ အဓိဋ္ဌာန်ပြု၍ စိပ်ပွားရပါမည်။

ပရိကံပြု၊ အဓိဋ္ဌာန်ပြုရမည် ဆိုသည်မှာ ပဌမံ(၂၇)ကြိမ် အတွက်ကို ဆိုလိုပါသည်။

ပထမဦးစွာ **"အရဟံသိဒ္ဓိ"**ကို ဗုဒ္ဓဟူးဂြိုဟ်သက်အရ (၁၇)ပတ်စိပ်ပါ။

ထို့နောက် လက်ယာရစ် တစ်ပတ်လှည့်ပြီး **(ကုလား)မိတ်ဖက်ဖြစ်သော တနင်္လာအရပ်ကနေ ဘုရားသို့ မျက်နှာမူပြီး (၁၅)ပတ်**စိပ်ပါ။

ထို့နောက် လက်ယာရစ် တစ်ပတ်လှည့်ပြီး **အင်္ဂါထောင့်**သို့ဝင်ပြီး ဘုရားဘက်သို့ မျက်နှာမူ၍ (၈)ပတ်စိပ်။ လက်ယာရစ်တစ်ပတ်လှည့်**သောကြာအရပ်**ဝင် (၂၁)ပတ်စိပ်။

လက်ယာရစ်လှည့် **စနေထောင့်**ဝင် (၁၀)ပတ်စိပ်၊ လက်ယာရစ် တစ်ပတ်လှည့် **ရာဟုထောင့်**ဝင် (၁၂)ပတ်စိပ်ပါ။ လက်ယာရစ်တစ်ပတ်လှည့် **တနင်္ဂနွေထောင့်**ဝင် (၆)ပတ်စိပ်။

လက်ယာရစ် တစ်ပတ်လှည့် **ကြာသပတေးအရပ်**ဝင် (၁၉)ပတ်စိပ်။

ဤကဲ့သို့ **"ကုလား၊ ဆွေသားမှ နောင်ရင်း၊ အောင်ပ"**မိတ်ဖက်အရပ်ရှစ်မျက်နှာ(၁၀၈)ပတ် စိပ်ပြီးသွားလျှင် နောက်ဆုံး ကြာသပတေးအရပ်မှ တစ်ပတ် လက်ယာရစ်လှည့်ပြီး ဗုဒ္ဓဟူးအရပ်ဝင်၊ ဘုရားဦးသုံးကြိမ်ချပြီး တစ်ပတ်လက်အုပ်ချီ လက်ယာရစ်လှည့်ပြီး ဗုဒ္ဓဟူးအရပ်သို့ အလယ်တည့်တည့်ဝင် **("ဂြိုဟ်ရှစ်ပါးတို့၏ အလယ်ကို ဆိုလိုသည်")**။ ပြီးလျှင် အရှေ့အရပ် မျက်နှာမူ၍ (၁၀၈)ပတ်၊ (၁၀၈)နဝင်း ပြီးအောင်စိပ်ပါ။

ဤကဲ့သို့ စိပ်လျှင် **"အရဟံသိဒ္ဓိ"** အတွက် **ရုပ်ပဌမံ**ပြီးပါသည်။ ကျန်ဂုဏ်တော်(၈)ပါးကို အထက်ပါအတိုင်း ဆက်လက် ပွားများသောအခါ ဂုဏ်တော်(၉)ပါးဖြစ်၍ (၉)ရက်ဖြစ်၏။ ဤ(၉)ရက်ပြီးမြောက်ပါက ရုပ်ပဌမံ တစ်ကြိမ် ပြီးမြောက်အောင်မြင်ပါသည်။

ဤကဲ့သို့ (၂၇)ကြိမ် စိပ်ပွားပြီးပါက ရုပ်ပဌမံပြီးတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပဋ္ဌမ်ပြီးလျှင် **နာမ်ပဋ္ဌမ်ကို** စိပ်ရပါမည်။ **နာမ်ပဋ္ဌမ် စိပ်နည်းမှာ**...

**"အဇ္ဈတ္တ၊ ဂဗ္ဘေ၊ စရေ၊ ဝံသေ"** ဓာတ်ကြီးလေးပါးအရ ဖြစ်ပါသည်။ ကျင့်ဆောင်ပုံမှာလည်းရုပ်ပဋ္ဌမ်အတိုင်း ပင် ဖြစ်ပါသည်။

ရုပ်ပဋ္ဌမ်ကဲ့သို့ပင် ဗုဒ္ဓဟူးအရပ်မှ ဝင်ပြီး လက်ယာရစ် ဦးတိုက်တစ်ပတ်လှည့်၊ ဗုဒ္ဓဟူးအရပ်မှ ထိုင်လျက် ဘုရားဘက်မျက်နှာမူ၍ ဗုဒ္ဓဟူးဂြိုဟ်သက်အရ (၁၇)ပတ်စိပ်။

လက်ယာတစ်ပတ်လှည့်**သောကြာအရပ်**ဝင်၍ (၂၁)ပတ်စိပ်၊ တစ်ပတ်လှည့် **အင်္ဂါထောင့်ဝင် (၈)ပတ်စိပ်၊** တစ်ပတ်လှည့် **ရာဟုထောင့်ဝင် (၁၂) ပတ်စိပ်၊** တစ်ပတ်လှည့် တနင်္လာဝင် (၁၅)ပတ်စိပ်၊ တစ်ပတ်လှည့် ကြာသပတေးထောင့်ဝင် (၁၉)ပတ်စိပ်။

တစ်ပတ်လှည့် တနင်္ဂနွေထောင့် ဝင် (၆)ပတ်စိပ်၊ တစ်ပတ်လှည့် စနေထောင့်ဝင် (၁၀)ပတ်စိပ်။

တစ်ပတ်လှည့် ဗုဒ္ဓဟူးအရပ်ဝင် အလယ်တည့်တည့် အရှေ့ဘက်မျက်နှာမူထိုင် (၁၀၈)ပတ်စိပ်။

ဤကဲ့သို့ ရုပ်ပဋ္ဌမ်အတိုင်း (၂၇)ကြိမ် စိပ်ပွားပြီးပါက **နာမ်ပဋ္ဌမ် ပြီးတော့၏။**

ပထမဦးစွာ ရုပ်ပဋ္ဌမ် (၂၇)ကြိမ်၊ နာမ်ပဋ္ဌမ် (၂၇)ကြိမ် ပြီးမြောက်အောင်မြင်ပါက ပဋ္ဌမ်အောင်ခြင်း ရပါသည်။

**မှတ်ချက်။ ။ လက်ယာရစ် လှည့်ဆိုင်း လှည့်တိုင်း လက်အုပ်ချီ လှည့်ရမည်ကို သတိပြုပါ။ ပုတီးစိပ်မည့်ဂြိုဟ်ခွင်အရပ်ရောက်ပါကဦး(၃)ကြိမ်ချပြီး စိပ်ရပါမည်။**

ပထမဦးစွာ ဗုဒ္ဓဟူးဂြိုဟ်ခွင် စိပ်တည်းက ပရိက်ပြု၊ အဓိဋ္ဌာန်ပြု



ထားရပါမည်။ (၂၇)ကြိမ် ပြီးမြောက်အောင်မြင်ပြီးတိုင်း နားနေနိုင်ပါသည်။

ပထမဦးစွာ ရုပ်ပဋ္ဌမ် (၂၇)ကြိမ်၊ နာမ်ပဋ္ဌမ် (၂၇)ကြိမ် ပြီးစီးအောင်မြင်သွားပါက ဆက်လက်၍ အဓိဋ္ဌာန်ဝင်ရန်မှာ...

**ပဋ္ဌမ်ရုပ်နာမ်(၂)ပါးတွဲ၍ တစ်နေ့တည်း ပြီးစီးအောင် စိပ်ရပါမည်။** အချိန်ယူရန်မှာနံနက်အရုဏ်ရုပ်ပဋ္ဌမ်၊ ညနေဆည်းဆာ နာမ်ပဋ္ဌမ်တွဲ၍ တစ်နေ့တည်းပြီးစီးအောင် စိပ်ရပါမည်။

ဤကဲ့သို့ (၂)ပါးတွဲ၍ (၂၇)ကြိမ် ပြီးစီးအောင် စိပ်ပွားပါ။ ဥပမာ၊ နံနက်အရုဏ် အရဟံသိဒ္ဓိ (ရုပ်ပဋ္ဌမ်)၊ ညနေဆည်းဆာ အရဟံသိဒ္ဓိ (နာမ်ပဋ္ဌမ်) ကျန်ဂုဏ်တော်ရှစ်ပါးကိုလည်း ဤအတိုင်းဂုဏ်တော်(၉)ပါးဖြစ်၍(၉)ရက် တစ်ကြိမ် ဤကဲ့သို့ စိပ်ရမည်ကိုမမေ့ပါနှင့်။ (၂၇)ကြိမ် ပြီးစီးအောင်မြင်အောင် စိပ်ရပါမည်။

ထို့နောက် ဆက်လက်၍ **ညလမွန်းတည့် ရုပ်ပဋ္ဌမ်၊ နေ့နေမွန်းတည့် နာမ်ပဋ္ဌမ်၊ ဤအချိန်နှစ်ပါးတွဲ၍** အထက်ပါအတိုင်း (၂၇)ကြိမ်ပြီးစီးအောင်မြင်အောင် စိပ်ရပါမည်။

ထို့နောက် ဆက်လက်၍ နံနက်(၆)နာရီ ရုပ်ပဋ္ဌမ်၊ ညနေ(၆)နာရီ နာမ်ပဋ္ဌမ် ဤကဲ့သို့ နှစ်ပါးတွဲ၍ ဘုရားဝါတော်အရ(၄၅)ကြိမ် စိပ်ပွားရပါမည်။ **(အထက်ပါ (၃)ဆင့်တွင်တစ်ဆင့်ပြီးပါက ခေတ္တနားနေနိုင်ပါသည်။ တစ်ဆင့်နှင့် တစ်ဆင့်အကြားကို ဆိုလိုပါသည်။)**

ဤအဆင့်သည် ထွက်ရမည့်အဆင့် ဖြစ်ပါသည်။ သက်သတ်လွတ်စား၊ သစ်သီးစား၊ (၉)ပါးသီလစောင့်ပြီး စိပ်ရပါမည်။ ပါရမီအလတ်စားရှိသူတို့ ဤအဆင့်နှင့်ပင် ထွက်နိုင်ပါသည်။

ပါရမီထက်သူတို့မှာ ရှေ့အချိန်နှစ်ပါးပြီးလျှင် ထွက်နိုင်ပါသည်။ ပါရမီမှန်မှန်ရှိသူတို့မှာ ဘုရားသက်တော်အရ (၈)ကြိမ်ထပ်တိုး၍ ရုပ်ပဋ္ဌမ်၊ နာမ်ပဋ္ဌမ် တွဲပြီးစိပ်ပါက ပေါက်မြောက်နိုင်ပါသည်။

"ယောဂ်ျာဗီရိယဇနက္က" ဆိုသည့်အတိုင်း မရမနေ ကြိုးစားကြည့်ကြကုန်လော့...။

မှတ်ချက်။ ။ ဘုရားရှင်၏ သက်တော်မှာ (၈၀)ဖြစ်သော်လည်း နဝင်းဆိုက်အောင် (၁)ခုတိုးခြင်း ဖြစ်သည်။

**"နိဋ္ဌိတံ"**

**မြိုင်ကြီးပျော်**

**ကျမ်းကိုး**

○ ဘိုးဘိုးအောင်နှင့်ကျင့်စဉ်

○ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ဘုရားကြီး၏ သိဒ္ဓိမဟိဒ္ဓိမန္တန် ဝိဇ္ဇာ ထွက်လမ်းကျမ်းအတွဲ(၃)။



www.burmeseclassic.com

www.burmeseclassic.com

► ကြော်ငြာဆောင်းပါး ◄

မှတ်ပုံတင် - ၀၁၁၄၄၀၁၀၇၃၁ လိုင်စင် ၇၊၂၀၁၁၊ တအအလတိုး (၁၃၁၂)

## နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုဆောင်

"ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး"

"ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့ အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ"

"နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး"

"နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓေပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ"

"ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ"

"ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့"

"ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ်"

"ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ်"

"သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး"




"သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်"

"ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ"

"ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ ရူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့"

"ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ"

"အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်–(၅၂/၃၅၆)ဗေဒါလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း၀၁–၆၉၁၀၇၉၊ ၀၉–၅၁၀၈၆၃၂

**ဖြောင်းဖြ ဖောင်ယဉ်တင့်**



www.burmeseclassic.com


www.burmeseclassic.com

သရက်မြို့ အရှေ့မြောက်စွန်းမှ

# ဇာလီတောင် သာသနာမြေသို့ (၃)

ငြိမ်းသော်တာ

**ယခင်လမှ အဆက်**



ပေါက်စေတီ

နဂါး၏ ပါးပျဉ်းကို အထူးပြု အသား ...၍ ထုလုပ်ထားကာ အုန်း၊ ငှက်ပျော ...န်တော့ပွဲများကိုလည်း တွေ့ရ၏။

ဘုရားရှင် သတ္တသတ္တဟ စံပယ် ...တော်မူရာ မုစလိန္ဒာသတ္တာဟကို ...ည်စူးပူဇော်သကဲ့သို့ အစောင့် ...ရှောက် နတ်နဂါးကိုလည်း ပူဇော် ...ဟန်တူသည်။

...ဝန်းကျင်၌ **အမေရေယဉ်** စသည့် ...စောင့်အရှောက်ပုဂ္ဂိုလ်များ ကွန်း ...ဆောင်တို့အပြင် တောင်ပိုင်ဘိုးဘိုးကြီး ...ကွန်းဆောင်တို့ကိုလည်း တွေ့ရ၏။

"**တောင်ပိုင် ဘိုးဘိုးကြီး**" ဟူ ...သော ကမ္ပည်းနှင့် အဘိုးမှာ ဤ ...ကွန်းတော်ကို စောင့်ရှောက်သော ...ဘိုးကို ရည်ညွှန်းခြင်းဖြစ်နိုင်၍ "**ဇာလီတောင်ပိုင်ဘိုးဘိုး**"ဟူသော ...ကမ္ပည်းပါ အဘိုးကား ဇာလီတောင် ...တစ်ခုလုံးကို စောင့်ရှောက်သည့် အဘိုး ...ဖြစ်သည်ဟု ယူဆဖွယ်ရှိပေသည်။ **...ဘိုးကြီးရုပ်တုနှစ်ခု မြင်တွေ့ခဲ့ ...သောကြောင့် ဖြစ်သည်။**

ဤနေရာတွင် ဆရာတော်ကြီး၏ ...သာသနာပြုလုပ်ငန်း၌ ကူညီပေးခဲ့ ...သည့် အစောင့်အရှောက် ပုဂ္ဂိုလ်တို့ ...အတွက် ရည်စူးကာ ကွန်းဆောင် ပြု ...လုပ်ပေးထားသည်ဟု ခန့်မှန်းရပေ ...သည်။

...သို့ဖြစ်လေရာ ဇာလီတောင် ဆရာ ...တော်၏ သာသနာပြုလုပ်ငန်းတွင် ပါဝင်ကူညီပေးကြသော ပုဂ္ဂိုလ်များ အားလုံးသို့ မေတ္တာပို့သ အမျှပေးဝေခဲ့လေသည်။

## ပေါက်စေတီ

ယင်းနောက်တွင် နောက်ဆုံး ပူဇော်မှုအဖြစ် ပေါက်စေတီအား သွားရောက်ဖူးမြော်ကြသည်။ ဇာလီတောင်ဆရာတော်ကြီး၏ ဗိမာန်ဖြစ်သည်။

"**ပေါက်စေတီ**"ဟူသော ကမ္ပည်းနှင့်လိုက်ဖွဲ့ကာ လိုဏ်အထက်၌ ရှစ်မြှောင့်ပုံပေါင်းမိုးနှင့် လိုဏ်တစ်ထပ် တင်ထားသည်။

ဝန်းကျင်၌ ကိန္နရီနတ်သမီး၊ ဝိဇ္ဇာမယ် စသည့် ရုပ်တုများ ရံထား၏။ ပေါင်းမိုးအထက်တွင် ထီးငါးဆင့်နှင့်

www.burmeseclassic.com






◆ နဂါးရုံရုပ်ပွားတော်

ဆရာတော် မတ်ရပ်ရုပ်တု ▶

◆ ဆရာတော်၏ အုတ်ဂူ



ချရားသီး အထွတ်တင်ထားသည်။

အောက်လိုဏ် အတွင်း၌ကား တောင်ဝှေးကိုင်ထားသော ဆရာတော်၏ မတ်ရပ်ရုပ်တုကို ဖူးတွေ့ရ၏။ ရုပ်တုရှေ့တွင် ဆရာတော်၏ ရုပ်ကလာပ်ကို ဂူသွင်းထားသည်။

ခေါင်းရင်းနှင့် ခြေရင်းတို့၌ ကျပ်လုံးခန့် အပေါက်ဖောက်ထားသည်။ ထိုအပေါက်မှ မည်သည့်အနံ့ကိုမျှ ရှူရှိုက်ရခြင်း မရှိသည်ကို ကြုံတွေ့ရ၏။

ပါရမီကျင့်စဉ်လမ်းမှ ဆရာတော်ကြီးများ ခန္ဓာဝန်ချသောအခါ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို မီးရှို့ခြင်း၊ ရေမျှောခြင်းမပြုဘဲ ဂူသွင်းကာ ခေါင်းရင်းနှင့် ခြေရင်း၌ ဤသို့ အပေါက်များ ဖောက်ထားသည်ကို တွေ့ခဲ့ရ၏။

**အနီးဆုံးဥပမာအနေဖြင့် ဇာလီတောင် အနီးရှိ ပဌာန်းမြားစေတီဝါးကျောင်း ဆရာတော် ဦးရာဇိန္ဒ၏ ရုပ်ကလာပ်တော်ကို မြေအောက်ထက်၌ ဤသို့သောပုံစံဖြင့် ဂူသွင်းပူဇော်ထားသည်။**

ဝါးကျောင်းဆရာတော်သည် ဇာလီတောင် ဆရာတော်ထက် နှစ်နှစ်နီးပါး သက်တော်ကြီး၍ (၂)ဝါကြီး မြင့်ပါသည်။ **ဆုကြီးပန် (ဘုရားဆုပန်)**ဖြ… ကြောင်း မိန့်တော်မူခဲ့သည်။

ဇာလီတောင် ဆရာတော်ကြီ… သည်လည်း ဆုကြီးပန်ဖြစ်ကြော… တပည့်ဒါယကာများအား ထုတ်ဖေ… မြွက်ကြားခဲ့ကြောင်း သိရပေသည်…

**(ဆရာတော်နှစ်ပါးသည် ကျော… ဝိဟာရချင်း မဝေးလှ၊ သက်တော… ဝါတော်လည်း မတိမ်းမယိမ်း… လျက် ဘုရားဆုပန်သည်ချင်း တူ… ကြသော်လည်း နှစ်ပါးရင်း… ဆက်ဆံမှုမှတ်တမ်း အထော… အထားကိုမူ မတွေ့ရှိခဲ့ချေ။)**

ဇာလီတောင် ဆရာတော… ဦးသုမင်္ဂလသာမိသည် ၁၃၄၉ ခု… တန်ဆောင်မုန်းလဆန်း (၃)ရက်(… ၁၀–၁၉၈၇)စနေနေ့တွင် ဘဝနတ်… ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် တ… ဒါယကာတို့အား…

'ဝါးပါးသီလသည် မူလ လော…





www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ပိုင်းဘိုးဘိုးရုပ်တု



ဇာလီတောင်ပိုင်းဘိုးဘိုးရုပ်တု ◆

◆ အဖေမရာပယ်၍ ကွန်းဆောင်



၍ သရဏဂုံသည် အတည်တကျဖြစ် ည်။ ထို့ကြောင့် သရဏဂုံတည်၍ ငါးပါး ကို စွဲမြဲစွာ စောင့်ထိန်းကြရန် ၁၉၅၆ ကပင်စတင်၍ မိန့်မှာတော်မူလေ့ရှိ ည်ဟု သိရ၏။

ဤသို့ မိန့်မှာလေ့ရှိသဖြင့် တပည့်ဒါယကာများအနက် တစ်နေ့လျှင် သရဏဂုံ တစ်ထောင်ပြည့်အောင် စိပ်ပွားသူများလည်း ရှိခဲ့သည်ဆို၏'

ယင်းကဲ့သို့ နှလုံးသွင်းစိပ်ပွားမှုသည် **မိမိ၏ ကိုယ်စိတ်၊ သမာဓိကို ကျစ်လျစ်အောင် ကျင့်ကြံ အားထုတ်ခြင်းဖြစ်သည်။**

သမာဓိတရား ပိုမိုအားကောင်းလာအောင် ကျင့်ကြံအားထုတ်ခြင်းဖြင့် **ဓာတ်စကားပြောပြီး တောမရောက်၊ တောင်မရောက်သူများ၏ စကားကို နားမထောင်ဘဲ ခွဲခြားသိလျက် မှန်ရာလမ်းကို လျှောက်လှမ်းနိုင်မည်ဟု** မိန့်တော်မူလေသည်။ အပြောထက်အလုပ်၊ လက်တွေ့ကို အာရုံစိုက်လုပ်ဆောင်စေခြင်း ဖြစ်သည်။

ဆရာတော်ကို ယုံကြည်ကိုးစားစွာ ဆည်းကပ်ကြသော ဒါယကာတို့သည် သာမန်အသိဉာဏ်နှင့်မမီ ထူးဆန်းအံ့ဖွယ် ဖြစ်ရပ်များကို လက်တွေ့မျက်မြင် ကြုံတွေ့ကြရကာ ယနေ့တိုင်ပင်လျှင် ကိုးကွယ်ဆည်းကပ်မြဲဖြစ်သည်ဟု သိရပေသည်။

သို့ဖြစ်လေရာ မြန်မာ့သာသနာဝင်တွင် ရဟန်းထူးတစ်ပါးဖြစ်ခဲ့သည့် ဇာလီတောင် ဆရာတော်ဦးသုမင်္ဂလသာမိ၏ ဗိမာန်တော်နှင့် ဇာလီတောင်သာသနာမြေသို့ အခါအခွင့်ကြုံလျှင် သွားရောက်လေ့လာ ကြည်ညိုနိုင်ကြစေရန်တိုက်တွန်း တင်ပြလိုက်ရပါသည်။

ဇာလီတောင်ဆရာတော်နှင့် ပတ်သက်၍ ကြားသိရသမျှ ပြောပြကူညီပေးကြသော သရက်မြို့မှ မိတ်ဆွေများကို ကျေးဇူးတင်ပါသည်။

**ငြိမ်းသော်တာ**

**နဂ္ဂျမ္မာရောင်ခြည်မဂ္ဂဇင်း ဩဂု**

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓာရီဝိဇ္ဇာမိုရ်ိတို့ကား ဆေးအတတ်၊ အင်းအတတ်၊ စမအတတ်၊ ပြဒါးအတတ်တို့ကို နတ်တို့အလား စွမ်းရည်သတ္တိ ပြည့်စုံစွာ တတ်လေသည်ဟုလယ်တီဆရာတော်ကြီး၏ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းတွင် ဖော်ပြလေသည်။

ဂန္ဓာရီတို့၏ ဝိဇ္ဇာပညာမှာ သံဆိုလျှင် သံအကြောင်းများစွာ နားလည်သိမှတ်ရသည်ဟု ဆရာအရှင်တို့က ဆို၏။

ဆရာရှင်ရသေ့ဆိုသည်က ပညာဒီပရသေ့မြတ်ပင် ဖြစ်လေသည်။ ဆရာရသေ့မှ..

'သံဆိုရာဝယ်၊ ငါဟာ ကျမ်းကို မမှီဘူး။ ငါ့ရဲ့ အသိနဲ့ အတတ်တွေကို ဆရာမြတ်တို့ လက်တွေ့ပြခဲ့တယ်။ လက်တွေ့ဆန်တော့ ငါယုံတယ်။ ဆရာမြတ်တို့သင်တဲ့ လမ်းအတိုင်း ငါလိုက်တယ်။ သံမှာ အမျိုးမျိုး အပြားပြားရှိတယ်။ အနုလောမာ စီရင်နိုင်တဲ့ သံ(၅)မျိုးကို ငါပြောမယ် မှတ်လော့ အကာယ်'



ရဲဘိုးသူ (မောင်မြိုင်)

မဟာမြိုင်တောမှ

# ရသေ့ရှင်ပြောသော သံမြတ်များ

### ရေဇယ်သံ

ရေညှိအတက်လို့ပြောရင်ရေဇယ်သံလို့ သဘောပေါက်ရတယ်။ ထိုသံဟာ ရောဂါမျိုးစုံကိုနိုင်တယ်။ ရေမှာနေတယ်။ ထိုက်သူထံ ရောက်တတ်တယ်။ အရည်ပျော်လွယ်တယ်။

မှိုလိုမပေါက် ရေမနောက်တဲ့ အထင်အရှားနေရာကတော့ ပင်လယ်အောက်မှာသာဖြစ်တယ်။ ငါးအလွန်လိုက်လို့ **"ငါးလိုက်သံ"** လို့လဲ ခေါ်ပြီး ရေမှုဆိုးလူသားများ ရှာကြတယ်။

**ရောရောနှောနှော မဟုတ်တဲ့ ရေဇယ်သံဟာ ရှေးအိန္ဒိယပိုက်ဆံနဲ့ မြန်မာနိုင်ငံ ယခင်ထုတ် (၈)ပဲသံ ငွေစေ့တွေပဲပေါ့။**

အမျိုးမျိုးအပြားပြား နတ်နဂါးတို့ စောင့်တယ်။ ယုတ်သူထံမနေ၊ မြတ်သူထံ၌သာနေတယ်။ ကျော်ကြားလှသဖြင့် ကုသိုလ်ရှင်သံအဖြစ် ဝိဇ္ဇာမိုရ်တို့အပြုံး ပြာနုတော် သုံးခွင့်ရလို့ အဓိပတိသံရယ်လို့ ဝိဇ္ဇာတို့ ခေါ်ကြတယ်။

အမျိုးအမည် ဂုဏ်သတင်းကြီးလို့ ရှားပါးသံ၊ သိဒ္ဓိသံ၊ အရှင်သခင်သံ၊ ဘုရင်သံ၊ ပညာသံ၊ အထက်သံအဖြစ် ဝိဇ္ဇာကိစ္စကို ပြီးမြောက်စေတယ်။

### မိဿာသံ

အရောင်ဖြူတယ်၊ အဆ... တယ်၊ စွဲမက်ဖွယ်လဲ ရှိပြန်... အိမ်ရိုက်သံနဲ့လဲ တူတယ်။ ... တင့်တယ်ပေမယ့် ဉာဏ်ပည... မှသာ ဝိဇ္ဇာကိစ္စ ပြီးမြောက်နိုင်...

ထိုသံကို ဝက်ဘာချောင်း... (သို့မဟုတ်) မဟာမြိုင်တောမှ ... ဖြစ်တယ်။ အရိပ်ရိပ်အ... အဆင်းအလွန်လှတယ်။ ... မကြီးလေနှင့် ဘဝင်မြင့်... မရောက် ထွက်ရပ်ကို... မပြီး...



www.burmeseclassic.com

www.burmeseclassic.com



သောသံသာ ဖြစ်ပေတယ်။

ထိုသံကို မှားလို့ဆောင်မူ မျိုးဆက်ကို တုံးစေတယ်။ စိတ်ကို ''အ''စေ တယ်။ ''မ''တို့ ဖျက်ဆီးမှုကိုခံရတယ်။ အဲဒီသံဟာ ချင်းတွင်းမြစ်မှာလဲ ရနိုင်တယ်။

**လိပ်ပြာသံ**

**(ကလပ်သံ၊ မဏ္ဍိုင်သံ၊ ခြသံ)**

အသားစင်းတယ်၊ သစ်သားနဲ့ တူတယ်။ ဗဟိုနေရာမှာသာ အနှစ်ရှိတယ်။ ထိုအရာက ခြတို့၏ မျိုးရင်းအမှန် လိပ်ပြာသံသာဖြစ်လေတယ်။

အဆင်းမလှ ခက်ရင်းခွနဲ့တူတယ်။ အသိနည်းသူအတွက် လိုက်မမီအောင် အရောင်ထွက်တယ်။ စုန်းအလွန်ကြောက်သော သံလဲဖြစ်တယ်။

**''မြောက်မှာမနေ တောင်မှာနေဆိုတဲ့ စကားအရ''** ခြတောင်ပို့လို့ မှတ်ရတယ်။ ခြသံကို ဆန်းစစ်ရာတွင် မဏ္ဍိုင်သံနှင့် အကာသံဟာ ကွာလှတယ်။

ခြသံရှိတဲ့နေရာမှာ ခြကောင်မရှိ၊ အဆင်းမလှ၊ ခြတောင်မှန်သော်လဲ သက်တံ့ရောင်စုံထွက်ခြင်းက ရှိပြန်တယ်။

တွေ့ရှိလိုချင်ပါက သစ္စာဆိုတောင်းယူပါလျှင် မပေးမရှိ ပေးတတ်ပါတယ်။

ကံကောင်းသူအဖို့ အလွန်ရှားပါးတဲ့ ကလပ်သံအနှစ် ညိုမည်းရောင်အကြောထနေတဲ့အနှစ် ဥကလပ်လုံးကို မဏ္ဍိုင်အထက်မှာ ရနိုင်တယ်။ **ထိုအရာက သဘာဝတရားရဲ့ ပြဒါးရှင်အစစ်သာ ဖြစ်လေသည်။**

**သစ်ချသံ**

ပျဉ်းမနား၊ ရေဆင်းအရပ်မှာ တည်ရှိတယ်။ တဘောင်ရှိတယ်။ **''သစ်ချမှန်က အရောတဝင် လူတို့ကားမခင်တွယ်''**၊ ထိုသံက ပယောဂကိုနိုင်တယ်၊ သစ္စာကြီးတယ်၊ ရောဂါထူသူကို ပျောက်ကင်းစေတယ်။ ကြိတ်ကြေအသွင် ရှိတယ်။

သစ်ချသံဆိုသဖြင့် သစ်ချသီးအသွင် ဆောင်တယ်။ ထိုသံ၏ နေရပ်အမှန်က သစ်ချပင်အောက်တွင်ဖြစ်တယ်။

သစ်ချသီးကို နေပူလှန်း၊ သစ်ချအဆီနဲ့ သံခတ်ရောနေတဲ့သံ ဖြစ်လေတယ်။ ပညာအသိ မျက်စိရှိက သိနိုင်တယ်။ တစ်နည်းကား ရေဆင်းဆည်အဖျားရှိ သံတို့ကို သံလိုက်နှင့်ကောက်၍ယူ အနှစ်ချရန်ကား **သစ်ချဆံသာဖြစ်တယ်။** အနှစ်သားဟာ ဖြူတယ်၊ ထိုသံဟာ သစ်ချသံပဲဖြစ်တယ်။

**ကျွန်းနက်သံ**

ကျွန်းနက်ဟာ ရှားပါးတယ်လို့ မဆိုနိုင်ပါဘူး။ ဝိဇ္ဇာဓရအတတ်ဟာ ထင်ရှားခြင်းမရှိသော်လဲ အရာခပ်သိမ်းကို ပြည့်စုံစေတယ်။

ကျွန်းနက်ဟာ သဘာဝသတ္တိလွန်ကဲမှု ရှိနေတာပဲ။ ရေနံမြေနဲ့ ဆက်စပ်နေတဲ့ တောတောင်တွေမှာ ပေါက်တတ်တယ်။

**ဥပမာ** ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေနံမြေဒေသများ၊ ကမ်းလွန်ရေနံမြေနဲ့ ဆက်စပ်နေတဲ့ တောတွေမှာ ရှိတတ်တယ်။

သံထုတ်ယူခြင်း ပြုလိုပါက လွယ်လွယ်ကူကူ မီးရှို့လိုက်ရင် အုတ်နီခဲ အမှုန့် (အနီ)ပြာကို ရတယ်။

အဲဒီ ပြာတွေဟာ သံလိုက်နေတော့တယ်။ မီးရှို့ရင် အနံ့အငွေ့ဟာ ရေနံနဲ့ သစ်ပင် ရောစပ်တဲ့ အနံ့ပဲပေါ့။

သံမှုန့်ကို မှိုဖြူနဲ့ စရ နယ်ရတယ်။ ပြီးလျှင် ရေဆေး၊ လက်ချားနဲ့ လုံမှာကျို၊ ရွှံ့ပုပ်နဲ့ ခံရည်လောင်းရတယ်။ ဝက်ဆီနဲ့ပါ ခံရည်အဖြစ် လောင်းရတယ်။

ဓာတ်ပညာမှာ မီးအသိပညာဟာ လွန်စွာ အရေးကြီးတော့ မီးလတ်ကို သုံးရတယ်။ အရောင်မတောက် မည်းပုပ်ပုပ်အသွင် ဆောင်ပါတယ်။

ဝိဇ္ဇာရှင်တို့က ဝိဇ္ဇာမျက်စိနဲ့ တူလို့ သံမျက်စိလို့လဲ ခေါ်တယ်။ ကျွန်းဖိုသံ၊ လက်ခတ်သံလို့လဲ မှတ်ကြပါတယ်။ ထိုသံဟာ အကြားအမြင်ရခြင်း၊ ထီဆုတို့ အကြိမ်ကြိမ် ပေါက်သလို အကျိုးပေးလှပါတယ်။

စမ်းသပ်လိုမှု ဆားနဲ့အတူ ရောကာစိမ်က အလိပ်လိပ် အထွေးထွေး အရိပ်တို့ တက်ပါတယ်။ အဲဒါတွေဟာ အထင်အရှား သံ(၅)ပါပဲ ဒကာငယ်'

ထူးခြားသော သံများအကြောင်းအား ဆရာရှင်ပညာဒီပ မိန့်ကြားမှုများကို ဝါသနာအရ လေ့လာမှုတို့ ဗဟုသုတရဖွယ် ရေးသားတင်ပြအပ်ပါသည်။

**ရဲမျိုးသူ** *(မောဝိမြိုင်)*




www.burmeseclassic.com

www.burmeseclassic.com

# သူ

## ဘယ်လိုလူစားလဲ




ကြည့်ပါ။

**❂ အသက်လမ်းကြောင်းနဲ့ ဉာဏ်လမ်းကြောင်း ပူးကပ်နေပါတယ်။ (က)**

ဒါကတော့...

ချိတုံချတုံဖြစ်ခြင်း၊ စိုးရိမ်ကြောင့်ကြမှုများစေခြင်း၊ ဆုံးဖြတ်ချက်ပိုင်ပိုင် မချနိုင်ခြင်းစသည်တို့ပါပဲ။

**❂ ဉာဏ်လမ်းကြောင်းသည် အ[…] သဏ္ဌာန်ဖြင့်** အခုံးသတ်ထား[…]တယ်။ **(ခ)**

ဒါကတော့...



စိတ်နှလုံး[…]
နှစ်ခြိုက်[…]
တွေဝေခြင်း၊ ဒွိဟာစိတ်များခြင်း[…]
သံသယစိတ် များစေခြင်းတို့ပါ[…]
ကဲ...ဒါဆိုရင်...

သူ... ဘယ်လိုလူစား[…]
ဆိုတာ သိနိုင်လောက်ပါပြီ[…]

***အေးပါစေ အောင်ပါစေ။***

**သံန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံ ရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "သြော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရော ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေ အတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေး ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါ ဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေး ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီ ပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေး စားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစား နေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့် ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှု ကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှု အရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါ သည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင် ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါ ရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်း ကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါ များအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာ မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါး လိုက်ပါသည်။

**ဦးအိုက်စံ (လား...**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(၁၁/၃၆၀)၊ သုနန္ဒာ(က)လမ်း ၅/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁၆၉၁၀၉၁၊ ၀၉၇၃၂ ၄၇၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(၁၂/၉)၊ ဘူတာလမ်း ရပ်ကွက်-၁၀၊ လားရှိုးမြို့။**
**ဖုန်း-၀၈၂ ၂၆၂၂၁၊ ၀၉၄၇၃ ၂၂၂၁၃။**

www.burmeseclassic.com



◆ ဒေါ်ဝဏ္ဏနန်းတွင်း ရုပ်တုများ

ရတနာဂူစေတီနှစ်ဆူနှင့်

# ရွှေဖျဉ်းညီနောင်နတ် ပူဇော်ပွဲ (၂)

ပြည်သော်တာ

ယခင်လမှ အဆက်

**အထက်နန်း**

...ရပူရ–စစ်ကိုင်း ကားလမ်းနှင့် ...ကားလမ်းဆုံရာအနီးတွင် ရှိသည်။ ...နှစ် အတန်ကြာကာလက ...ရပူရတွင် ရေကြီး ရေလွှမ်းသဖြင့် ...တည်ရာ ရတနာဂူစေတီ ကုန်း ...သည့်လည်း ရေလွှမ်းမိုးခြင်း ...

...ကြောင့် ယင်းနှစ်တွင် ရေလွတ် ...ပြောင်း၍ ပူဇော်ပွဲကျင်းပခဲ့သည်။ နောင်နှစ်များတွင် မူလနန်း၌ပင် ပြန်လည် ကျင်းပပူဇော်ကြသည်။

နောင်းလူများက ရေလွှမ်းသည့်နှစ်တွင် ပူဇော်ဖူးသည့်နေရာ၌ နတ်နန်းဆောက်လျက် ပူဇော်ပသမှုများ ပြုလုပ်ကြသဖြင့် အထက်နန်းဟု ခေါ်တွင်၏။

**၃။ အောက်နန်း**

အောက်ဘက်၊ ချောင်းကမ်းနဖူး မင်းကြီးစွာစော်ကဲကောင်းမှု ရတနာဂူစေတီအနီး၌ ရှိ၏။ ရာဇဝတ်ဘေးသင့်၍ တစ်သက်တစ်ကျွန်းပြစ်ဒဏ် ချမှတ်ခံရသည့် ဦးရာမအမည်ရှိ ပုဏ္ဏားလူမျိုးတစ်ဦးသည် ရွှေဖျဉ်းညီနောင်အား အပြစ်ဒဏ်မှ ကင်းလွတ်ရန် ကူညီပေးပါဟု တောင်းပန်သည်။

အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရပါက နန်းဆောက်၍ ပူဇော်ပသပါမည့်အကြောင်း အာမဝန္တခံယူ ကတိပေး၏။ မကြာမီတွင် နိုင်ငံတော်အစိုးရမှ သာသနာ့အောင်ပွဲ အထိမ်းအမှတ် (ဆဋ္ဌမသင်္ဂါယနာတင်ပွဲဟု မှန်းဆကြ





www.burmeseclassic.com

www.burmeseclassic.com





← ဒေါ်ဝဏ္ဏနန်း

မယ်ဝဏ္ဏမူလရုပ်တု →

၏။)အဖြစ် လွှတ်ငြိမ်းသာခွင့်ပေးရာတွင် ဦးရာမလည်း လွှတ်မြောက်လာခဲ့သည်။

**ထို့ကြောင့် မင်းကြီးရွာစော်ကဲ ကောင်းမှုရတနာစေတီ၏ အနောက်မြောက်ထောင့်ယွန်းယွန်း၊ မယ်ဝဏ္ဏ (သားတော်များ သတင်းကြား၍) မြေ ၌ လှဲလျောင်းသောနေရာအနီးတွင် ရွှေဖျဉ်း ညီနောင်နတ်နန်းကို ခမ်းနားစွာ ထောက်လုပ်မှုတော်ခဲ့သည်။ ထို့ကြောင့် အောက်နန်း သို့မဟုတ် ဦးရာမနန်းဟု လည်းခေါ်ကြလေသည်။**

***(ရှင်းလင်းပြောပြပေးကြသည့် မွှာ သောကမင်းကောင်းမှု ရတနာဂူစေတီ ဂေါပကအဖွဲ့လူကြီးများအား ကျေးဇူး အထူးတင်ရှိပါသည်။)***

## နန်းဆောင်တွင်းဝယ်

အလယ်နန်းခေါ် မူလနန်းဆောင်တွင်း ဝင်ရောက် ကြည့်သောအခါ နန်းထိန်းဒေါ်လှဲ့က ကောင်းစွာ ကြိုဆို ရှင်းပြပေးသည်။ အသက်(၉၀)ရှိသည့်တိုင် သွားမကျိုး၊ မျက်စိမမှုန်၊ နား မထိုင်းသေးပါ။

'မျိုးနွယ်ဆက် အစဉ်အလာ အမွေခံ ထိန်းသိမ်းတဲ့အနေနဲ့ နန်းထိန်းအလုပ်ကို လုပ်ကိုင်ပါတယ်။ အနှစ်ငါးပါးဂုဏ်ကျေးဇူးကို အမြဲထာဝရ ဦးထိပ်ထားပြီး ဘယ်သောအခါမှ မမေ့မလျော့ခဲ့ပါဘူး'


ဟု ဆို၏။


ဒေါ်လှဲ့ဦးဆောင်၍ ခန်းဆောင်အတွင်း ရုပ်တုများကို လေ့လာသ[...] ရွှေဖျဉ်းကြီးနတ်မှာ အောက်ခံပလ္လ[...] ပေါ်တွင် လက်ယာဒူးထောင်၊ လ[...] ဒူးလှဲ၊ ယာလက် ဓားထမ်း၊ ဝဲလ[...] ပေါင်ကို ထောက်၊ မောင်းနားတော[...] လက်ကောက်တန်ဆာနှင့်ရှိ၍ ရွှေ[...] ငယ်နတ်မှာ အထက်ပုံအတိုင်း သ[...] တွင် အနည်းငယ်နိမ့်၍ ထုလုပ်ရ[...] ဟူ၍ နတ်လေ့မှတ်တမ်း၌ ဖော်ပြ[...] သည်။



www.burmeseclassic.com

www.burmeseclassic.com





◆ ချိုးတော်သုံးသည့် ထေယာဉ်

အရှေ့ဘက်လိုက် အာရုံခံ တန်ဆောင်းတွင်း ▶

မြင်တွေ့ရသည်မှာ ခြုပဝါ အထပ် ဆက်ကပ်ထားကြသဖြင့် မောက် နှင်းပေါ်ရမျှ မြင်ရ၏။ လက်ဝဲဘက် တုမှာ အနည်းငယ်နိမ့်သဖြင့် ရွှေဖျဥ်း ယ်နတ်ဟု မှန်းဆရ၏။

**သူတို့၏ ဖြစ်စဉ်ကား…**

ဒွိကွဲရာနယ်မှ ဗျတ်ဝိ၊ ဗျတ္တ ညီ ောင်နှစ်ဦးသည် ပင်လယ်တွင် ဘော်ပျက်ကာ သထုံသို့ ဆိုက်ရောက် ခြင်းဆရာရသေ့ထံ ခိုလှုံကြ၏။ ဆရာ သေ့ချစ်မြတ်နိုး၍ ကောင်းစွာ စောင့် ရှောက်ထား၏။

ထိုစဉ် ဇော်ဂျီဖိုလ်ဝင်သား စားမိကြ သဖြင့် ဆင်ပြောင်ကြီးပမာ အားမာန် ကြ၏။ သို့ဖြစ်ရာ၌ သထုံဘုရင်က နန်းကို စိုးရိမ်သဖြင့် ညီနောင်အား စေသည်။ အစ်ကိုဗျတ်ဝိမှာ မယား အိပ်နေခိုက် ဖမ်းမိ၍ အသက်ခံရ၏။

ညီဗျတ္တသည် ပုဂံသို့ ထွက်ပြေးကာ နော်ရထာမင်းထံ ခိုလှုံခစား၏။ ပုပ္ပါး တောင်သို့ တစ်နေ့(၁၀)ခေါက်စေ၍ ပန်းယူခိုင်းရာ စွမ်းနိုင်သဖြင့် နှင့် သဘောကျ ချီးမြှောက်၏။

ထိုစဉ်ကာလ ပုပ္ပါးတောင်မှ ဘီလူးမ မယ်ဝဏ္ဏသည် ရှေးကပြုဖူးသောကံ စေ့စပ်သဖြင့် ဗျတ္တအား တပ်မက်ကာ လူယောင်ဆောင်၍ ရည်ငံကြ၏။

သားနှစ်ဦးမွေးပြီးနောက် ဘုရင်အား ဆက်ရာ ရွှေဖျဥ်းကြီး၊ ရွှေဖျဥ်းငယ်ဟု သမုတ်၍ ပုဏ္ဏားသားတစ်ဦးကို မွေးမြူ စေ၏။ ယင်းအား ရွှေဖျဥ်းညီနောင်က အဘိုးဟု ခေါ်ကြ၏။

တစ်ချိန်တွင် တောင်ပြုံးအရပ် ဘုရားတည်ရာ၌ ရွှေဖျဥ်းညီနောင်တို့ တာဝန်ကျသော အုတ်နှစ်ချပ် လစ်လပ် သဖြင့် ဆုံးမစေရာ မနာလိုသော အမတ်တို့က အဆုံးစီရင်လိုက်ကြ သည်။

ထိုအခါ ရွှေဖျဥ်းညီနောင်ကို ဘုရင့် အမိန့်အရ မွေးမြူရသော ပုဏ္ဏားသား ကိုလည်း ကွပ်မျက်ကြသည်။

မန္တလေးအရပ်တွင် အသတ်ခံရ သဖြင့် မန္တလေးဘိုးတော်ဟု ခေါ်၏။ ထို့အတူ ယင်း၏နှမ **"ရှင်ကွ"** သည် လည်း ကွပ်မျက်ခြင်းခံရသဖြင့် မန္တလေး ဘိုးတော်နတ်၊ ရှင်ကွနတ်ဟူ၍ ပူဇော် ပသခြင်းခံရသော အပြင်(၃၇)မင်း စာရင်းဝင်နတ်များ ဖြစ်လာကြလေ သည်။

## တောင်သမန်ကျော်

ရွှေဖျဥ်းညီနောင် နတ်ရုပ်များ၏ လက်ဝဲဘက်တွင် မြင်းစီးထားသည့် ဦးမင်းကျော်နတ်ရုပ်ရှိသည်။ မင်းနှစ်ပါး ဟု ခေါ်ကြသည့် ရွှေဖျဥ်းညီနောင်နှင့်စု **"ပုခန်းအဖေကြီး"** ဟု ခေါ်သည့် ဦးမင်းကျော်ကိုပါ တွဲဖက် ပသလေ့ရှိ ကြသည်။ အပြင်(၃၇)မင်း နတ်စာရင်း တွင် မပါရှိသော်လည်း ထင်ရှားသည့် ဦးမင်းကျော်နတ်သည် မူးယစ်ခြင်း၊ လောင်းကစားခြင်း စသည်ဖြင့် အပျော်အပါး ဝါသနာထုံသည်။

အသက်ပေးစတမ်း ကြက်တိုက်ရာ မှ ဝိညာဉ်နတ်၍ နတ်စိမ်းဖြစ်ရသည် ဆို၏။ ကျော်လေးကျော်ဟူ၍ ထင်ရှား ၏။

ပူဇော်ပသခံရမှုအရ ခွဲခြားခြင်းဖြစ် ဟန် ရှိသည်။ လူအများဆုံး ပသပူဇော် ခြင်းခံရသည့် ဒေသလေးခု ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



▲ အခြောက်ခြမ်းအောင်၍ လှူသော မယ်ဝဏ္ဏ ရုပ်တု



▲ သင်မလေး ခင်မသာရုပ်တု

၁။ **ကူနီကျော်**(ဦးမင်းကျော်၏ မူလနန်း ဟု ဆို၏။ ရေစကြိုမြို့နယ် ပုခန်းငယ်ရွာ၏ ချောင်းတစ်ဖက်ကမ်း ကူနီနေဝန်းရွာတွင် ရှိ၏။)

၂။ **ပုခန်းကျော်** (ရေစကြိုမြို့နယ်၊ ပုခန်းကြီးကျေးရွာတွင် ရှိ၏။)

၃။ **တောင်သမန်ကျော်** (အမရပူရမြို့နယ်၊ ဤနတ်နန်းဖြစ်သည်။)

၄။ **ဖီးတောကျော်** (မုံရွာအနောက်၊ ရောဝတီတစ်ဖက်ကမ်း၊ ရေယာဉ် မယ်တော်နန်းအနီး၌ ရှိ၏) တို့ဖြစ်ကြောင်း သိရှိရပေသည်။)

ထူးခြားသည်ကား ရွှေဖျဉ်းညီနောင်၏ မိခင်မယ်ဝဏ္ဏနန်းကို အနီးတွင် တွေ့ရ၏။ သို့သော် ဖခင်ဖြစ်သူ သူရဲကောင်းဗျတ္တ၏နန်းနှင့် ဦးဗျတ္တအား ပူဇော်ပသခြင်းကို မတွေ့ရပါ။

အချို့သူတို့၏ ထင်မြင်ချက်ကား ဦးဗျတ္တသည် ရှင်အရဟံ၏ လမ်းညွှန်ဆုံးမမှုကို ခံယူရသဖြင့် သောတာပန်အဖြစ်သို့ ရောက်ရှိကာ နတ်စိမ်းစာရင်းတွင် မပါဝင်ဟု ဆိုကြလေသည်။

ပသပုံများ...

## အကြိုထောက် ပူဇော်ပွဲ

နှစ်စဉ် နယုန်လဆန်း(၁၃)ရက်၊ (၁၄)ရက်နေ့များတွင် အကြိုထောက် ပူဇော်ပသရသည်။ မင်းနှစ်ပါး၏ မယ်တော် မယ်ဝဏ္ဏာပုပ္ပါးမှလာ၍ တောင်ပြုံးသို့သွားရန် ဤနေရာ၌ ကွန်းထောက်ရပ်နားခြင်း အထိမ်းအမှတ်အဖြစ် အကြိုထောက် ပူဇော်ခြင်းဖြစ်၏။

ကောက်ညှင်းပေါင်းနှင့် ငါး[illegible] ထည့်ထားသော ပန်းကန်(၅)[illegible] သကြားစွက်ထားသော အုန်းရည်[illegible] ခွက်တို့ဖြင့် ပုပ္ပါးမယ်တော်(မယ်[illegible] အား ပသရသည်။

## နှုတ်ဆက်ပွဲ

တော်သလင်းလဆန်း (၅)[illegible] တွင် တောင်ပြုံးပွဲသိမ်းအပြန် ဤ[illegible] နှုတ်ဆက်၍ ပူဇော်ပသလေ့ရှိကြ[illegible]

မွန်းလွဲ(၃)နာရီခန့်တွင် စား[illegible] အကြိုပွဲအဖြစ် မင်းသုံးပါး (ဦးမင်း[illegible] နှင့် ရွှေဖျဉ်းညီနောင်)တို့အား [illegible] ပေါင်(အကြော်)သုံးခု၊ အ[illegible] ပုလင်း၊ အချိုရည်(၃)ပုလင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



◆ အောက်နန်းမှ လှေဆိပ်



နန်းထိန်း ဒေါ်လှဲ ◆

(၃)လိပ် ဆက်ကပ်ရသည်။

ညနေစောင်းသောအခါ ထမင်းဖြူ၊ ကြက်သားဟင်း၊ သရက်ချဉ်သုပ်၊ ငါးပိချက်တို့နှင့်အတူ ဆေးပေါ့လိပ် (သနပ်ဖက်လိပ်ခေါ် ဖက်စိမ်းလိပ်) (၅)လိပ်တို့ဖြင့် ဆက်ရသည်။

ထိုသို့ ဆက်ကပ်ပြီး၍ နေဝင်စ၊ ညနေ(၆)နာရီခန့်တွင် အနောက်ဘက်လယ်ကွင်းပြင်သို့သွားကာ ထမင်းတစ်ပြည်ချက်နှင့် အမဲသားဟင်း တစ်ပိဿာတို့ချ၍ မင်းသုံးပါး၏ နောက်လိုက်နောက်ပါ အစေအပါး သရဲတစ္ဆေအားလုံးသို့ ခေါ်ယူ ကျွေးမွေးရလေသည်။

စားသောက်ပြီးချိန်ခန့်တွင် "**တစ္ဆေ၊ သရဲ၊ နောက်လိုက် အစေအပါး အားလုံးတို့ ဝလင်အောင် စားသောက်ကြပါ၊ ရပ်ရွာနေသူများအား အနှောင့်အယှက် မပေးကြပါနဲ့**"လို့ ကြေညာပြီး စည်း(၇)တန်သားပြီးမှ ရွာကို ပြန်လာကြရတယ်။

ဒီ နတ်ဆက်ကန်တော့ပွဲကိုတော့ တောင်ပြုံးပွဲဝင်နွဲကြတဲ့ ဆယ်နှစ်ပွဲဈေးသည်ကအစ နတ်ကတော်၊ ကနားစီးနတ်ထိန်း၊ နန်းထိန်းအားလုံး ဝင်ရောက်ပူဇော်လေ့ ရှိကြပါတယ်။

## ပင်မပွဲတော်

ရတနာဂူဘုရား ပူဇနီယပွဲတော်ကာလဖြစ်သော တော်သလင်းလပြည့်ကျော်(၈)ရက်နေ့မှ လကွယ်နေ့အထိ ကာလတွင်ကား (ရွှေဖျဉ်းညီနောင်)မင်းနှစ်ပါးအား အဓိကရ ပူဇော်ပွဲကြီးကို ကျင်းပကြသည်။ နန်းထိန်းဒေါ်လှဲက ဤသို့ ပြောပြလေသည်။

'ပွဲတော်အစရက်ဖြစ်တဲ့ ဝါခေါင်လပြည့်ကျော်(၈)ရက်နေ့မှာ "ချိုးတော်သုံးပွဲ" စတင်ပါတယ်။ မင်းနှစ်ပါးနဲ့ ပုခန်းအဖေကြီး (ရုပ်တုတို့)က ဝေါယာဉ်ပေါ် ပင့်ရပါတယ်'

နတ်နန်းအတွင်း၌ ထိုဝေါယာဉ်ကို အစဉ်အမြဲထားရှိသည်။

'လူပျိုတော် ဝေါယာဉ်ထမ်းအဖွဲ့က ရှေ့နောက် နှစ်ယောက်စီ အလှည့်ကျထမ်းပြီး ပထမဆုံးဘုရား(ရတနာဂူစေတီ)ကို ဦးတိုက်ပါတယ်။ ပြီးတဲ့နောက် ရပ်ရွာတွင်းလှည့်လည် အပူဇော်ခံတယ်။

ရပ်ရွာတွင်း လှည့်လည်ပြီးလို့ နန်းရှေ့ ပြန်ရောက်တဲ့အခါ ချိုးတော်သုံးပါတယ်။ ရေချိုးပေးရတာပေါ့ကွယ်။ ဟိုးအရင်တုန်းကတော့ ဖောင်နဲ့ပင့်ပြီး ချောင်းရိုးအတိုင်း စုန်လို့(ဒုဌဝတီ)မြစ်ဆိပ်အထိ သွားရတယ်။ နောက်ပိုင်းကာလတွေမှာ နန်းရှေ့မှာပဲ ချိုးတော်သုံးပါတယ်'

'နောက်နေ့တွေ ကျတော့ကော အမေကြီး'

နောက်နေ့တွေကျတော့ (ထမင်းဟင်း)ပွဲတော်ဆက်တာက နတ်ဆက်ပွဲအတိုင်းပါပဲ၊ ပွဲတော်ကာလဆိုတော့ ကိုးထား **(ကိစ္စတစ်ရပ်ရပ်ကို အောင်မြင်ဖြစ်ထွန်းစေရန် ကြိုတင်လျှောက်ထား၍ အောင်မြင်လာပါကမည်ကဲ့သို့ ပူဇော်ပသပါမည်ဟု ကတိစကားပြုထားခြင်း)**တဲ့အတိုင်း အောင်မြင်တဲ့သူတွေက ခြုပဝါ၊ ဗောင်းတော်ဝတ်လဲတော်အမျိုးမျိုးပေါ့လေ ဆက်ကြတယ်။

ရွှေလ ဆက်ဖတ်ပါရန်

## ငြိမ်းသော်တာ

နဂ္ဂဗ္ဗာရောင်ခြည်မဂ္ဂဇင်း ...ရ

www.burmeseclassic.com

www.burmeseclassic.com

ထိုးဒယားခေါ်

# ထိုင်းဗေဒင်

# တွက်နည်း

ဟောနည်း

ကောင်းခန့် (သခွတ်မြေ) ဝက်လက်



ကမ္ဘာပေါ်တွင် နေထိုင်ကြသော လူမျိုးတိုင်းပင် ရိုးရာနတ်၊ ရိုးရာဗေဒင် စသည်တို့ကို အများစုအားဖြင့် ယုံကြည်စွဲလမ်းမှု ရှိကြ၏။

ထို့ကြောင့်ပင် လူမျိုးတိုင်း၌ နတ်ဆရာ၊ နတ်ကတော်၊ ဗေဒင်ဆရာ စသဖြင့် ရှိကြ၏။ မေးမြန်းတတ်ကြ၏။

ယခုတစ်ပတ်တွင် စာရေးသူအနေနှင့် ထိုင်းရိုးရာ ဗေဒင်တွက်နည်းထဲမှ အလွယ်ဆုံးနည်းအဖြစ် နက္ခတ်ဖွားအတွက် အဟောနည်းတို့ကို ဗေဒဝါသနာရှင်တို့အတွက် ဗဟုသုတရရှိကြစေရန် ရှာဖွေ ရေးသားလိုက်ရပါသည်။

တွက်နည်းမှာ လွယ်ပါသည်။

တွက်လိုသူ၏ ကောဇာမွေးသက္ကရာဇ်ကို တည်ပါ။ (၁)ခုနုတ်ပြီး (၁၂)နှင့်စားပါ။ အကြွင်းဂဏန်းကို ကြည့်ပြီး ကျရောက်ရာ အဖွားနက္ခတ်အဟောအတိုင်း ဟောပါ။ မဟာဘုတ်အဟောကဲ့သို့ မှန်ကန်မှုကို တွေ့ရပါမည်။

အောက်တွင် ရေးပြထားသော အဟောနက္ခတ်အတိုင်း ကြည့်ပါ။

**သတိပြုရန်မှာ** (၀)သုညကြွင်းကို ၁၂ ဟု ယူပါသည်။

* * *

ဘုရားဒကာနက္ခတ်နှင့် မွေးဖွားသူဖြစ်သဖြင့် ထန်းပင်ဖွားဆိုသည့်အတိုင်း နွေ့၊မိုး၊ဆောင်း ရာသီမရွေး ကြံ့ကြံ့ခိုင်ခိုင်သူဖြစ်ခြင်း...

မိမိသည် အမြင့်၌နေသည်ဖြစ်စေ၊ အနိမ့်၌နေသည်ဖြစ်စေ မာနကြီးခြင်း၊ ဘဝမြင့်တတ်ခြင်း၊ အောက်ကျမခံတတ်ခြင်း စသည်တို့ကြောင့် ဘဝအောင်မြင်မှုအတွက် မိမိအထက်ပုဂ္ဂိုလ်များထံ ကပ်သော်လည်း အကျိုးမရှိတတ်ပေ။

မိမိစွမ်းအားနှင့် ကိုယ့်ထူးကိုယ်ချွန် လုပ်ကိုင်မှသာ အောင်မြင်မှု ရတတ်၏။

၂။ **၂–ခုကြွင်းလျှင်...** အုန်းပင်ဖွား ကျောင်းဒကာနက္ခတ် ဖြစ်သဖြင့် မိမိထက် ရာထူးကြီးသူ၊ အဆင့်

အပေါင်းအသင်းများကို ခင်တွယ်ခြင်း၊ အနစ်နာခံတတ်ခြင်း၊ ကျေးဇူး သိတတ်ခြင်းတို့နှင့်ပြည့်စုံသူဖြစ်ပါသည်

၃။ **၃–ခုကြွင်းလျှင်...** ကသစ်ပင်ဖွား ဘီလူးနက္ခတ်နှင့်ယှဉ်သူ ဖြစ်သဖြင့် ဒေါသကြီးတတ်ခြင်း၊ သူတစ်ပါး ကို အပြစ်မြင်တတ်ခြင်း၊ အစား အသောက်ကြီးခြင်း၊ ရာထူးကြီး သူနှင့် ဆက်နွယ်၍ အောင်မြင်မှု ရှိခြင်း...

ဩဇာအာဏာစက်ပြင်းသူ ဖြစ် မည်။ စကားပြောဆို ဆက်ဆံရေး မပြေပြစ်၍ တစ်ခါတစ်ရံ မိမိအပေါ် အထင်လွဲမှု ဖြစ်တတ်ပါသည်။

၄။ **၄–ခုကြွင်းလျှင်...** လက်ပံပင်ဖွား နတ်သမီးနက္ခတ်နှင့် ယှဉ်သဖြင့်

| အကြွင်း | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အဖွား | ထန်းပင် | အုန်းပင် | ကသစ်ပင် | လက်ပံပင် | သက်နိုးပင် | ဇောဇိပင် | ငုက်ပျောပင် | ကသစ်ပင် | ပိန္နဲပင် | သဘော်ဝါနိုးပင် | ကြာဖက်ဆောင်းပင် | ပလ္လင်း |
| နက္ခတ် | ဘုရားဒကာ | ကျောင်းဒကာ | ဘီလူး | နတ်သမီး | ဇော်ဂျီ | ဘုရားဒကာ | တောထွက်ခွန်း | ရက္ခိုး | ဟန်မာန် | သဗ္ဗောဒေဝသိကြား | ဒိသာပါမောက် | ပြဟ္မာမင်း |

တွက်လိုသူ မိမိ၏ အကြွင်းအတိုင်း အထက်ပါဇယားတွင် ကြည့်ပါ။

ကျရောက်ရာ အဖွားနက္ခတ် အတိုင်း အဟောတို့ကို အောက်တွင် ကြည့်ပြီး ဟောနိုင်ပါသည်။

၁။ **၁–ခုကြွင်းလျှင်...** ထန်းပင်ဖွား

မြင့်သူများနှင့် အကျိုးမပြုပေ။

လယ်ယာ ဥယျာဉ်ခြံမြေတို့နှင့် အကျိုးပြုခြင်း၊ ကူးသန်းရောင်းဝယ်ကုန်သည်အလုပ်နှင့် အကျိုးပြုခြင်း၊ စဉ်းစားဉာဏ်ပညာပြည့်စုံခြင်း၊ စိတ်သဘော ဖြောင့်မတ်တည်ကြည်ခြင်း...

လက်ပံပင်ကဲ့သို့ တစ်ခါတစ်ရံ အနှစ်သာရ မရှိတတ်ပေ။ မိမိ ဥစ္စာပစ္စည်း ပြည့်စုံနေသည့်အခါ ၌ ခင်မင်ပေါင်းသင်းသူများ ဝိုင်း ဝိုင်းလည်နေသော်လည်း ဆင်း ဒုက္ခ တွေ့လျှင်တော့ မည်သူ



www.burmeseclassic.com

www.burmeseclassic.com

အကူအညီမှ မရတတ်ပေ။

မိမိပစ္စည်းကို နှမြောခြင်းမရှိ ပေးကမ်းမှုကို ဆင်ခြင်၍ ပေးသင့်သူကိုပေးပါ။ ကျွေးသင့်သူကိုကျွေး၍ တိုင်းထွာဆင်ခြင်မည် ဆိုပါက သင့်တော်သူ ဖြစ်ပါသည်။

၅။ **၅–ခုကြွင်းလျှင်...** သက်န်းပင်ဖွား ဇော်ကျိနက္ခတ်နှင့် ယှဉ်သူဖြစ်သဖြင့် အမှုထမ်း ဖြစ်ပါက ရာထူးကြီးရရှိပြီး အထွတ်အထိပ်ရောက်နိုင်ပါသည်။ အများ၏ အားကိုးအရေးထားခြင်း ခံရမည်။

ပင်ပန်းဆင်းရဲသော အလုပ်ကို လုပ်နိုင်လိမ့်မည် မဟုတ်ပေ။ ပင်ကိုစိတ်ထားကောင်းသော်လည်း လောဘဒေါသကြီးတတ်၍ မိမိကိုယ်ကို ထိန်းချုပ်ပါ။

ဇာတိဂုဏ်၊ ဩဇာဂုဏ်၊ ပညာဂုဏ် ပြည့်စုံခြင်း အလှူဒါနပြုရာ၌ ရက်ရောတတ်ခြင်းတို့နှင့် ပြည့်စုံပါမည်။

၆။ **၆–ခုကြွင်းလျှင်...** ဗောဓိပင်ဖွား ဘုရားဒကာနက္ခတ်နှင့် ယှဉ်ဖွားသဖြင့် ဆွေမျိုးတို့နှင့် အကျိုးပြုခြင်း ဆွေမျိုးတို့ကို ဦးဆောင်မှု ပြုတတ်ခြင်း၊ ကူးသန်းရောင်းဝယ်အလုပ်နှင့် အကျိုးပြုခြင်း...

လယ်ယာလုပ်ငန်း လယ်ယာထွက်ကုန်ပစ္စည်းနှင့် အကျိုးပြုခြင်း၊ အုပ်ချုပ်သူများနှင့်မူ လုံးဝ အကျိုးမဖြစ်ပါ။ မိမိကလည်း အရေးမစိုက်တတ်ပါ။

၇။ **၇–ခုကြွင်းလျှင်...** ငှက်ပျောပင်ဖွား တောထွက်ခန်းနက္ခတ်နှင့် ယှဉ်သဖြင့် သဘောဖြူ အူစင်းသူ ဖြစ်မည်။ စိတ်နေစိတ်ထားကောင်း၍ နှမြောတွန့်တိုခြင်း မရှိသဖြင့် သာပေါင်းညာစားများနှင့် ဝိုင်းဝိုင်းလည်၍ နေတတ်ပါသည်။

သူတစ်ပါးကို ပေးကမ်းမှုနှင့် အကုန်အကျ များနေတတ်ပါသည်။ မိမိလိုသောအခါကျလျှင်မူ ထိုသူတို့ထံမှ လုံးဝ တုံ့ပြန်ရနိုင်မှု မရှိတတ်ပါ။ မည်သူ့ကိုမှ တရားလွန် ယုံကြည်မှု မထားပါနှင့်။

၈။ **၈–ခုကြွင်းလျှင်...** ကသစ်ပင်ဖွား ရက္ခစိုးနက္ခတ်နှင့် ယှဉ်သဖြင့် အရောင်းအဝယ် အကျိုးပြုခြင်း၊ လယ်ယာနှင့် အကျိုးပြုခြင်း မရှိ မရှား အမျိုးအစားတွင် ဖြစ်နေတတ်ပါသည်။

ရာထူးကြီး ဂုဏ်ကြီးသူတို့ထံမှ အကျိုးမရတတ်၊ မိမိကိုယ်ကို အားကိုးခြင်းနှင့်သာ မိမိအတွက် အကောင်းဆုံးဖြစ်၏။ သူတစ်ပါးအကျိုး မိမိအကျိုးကို မျှတနားလည်တတ်ခြင်း၊ အမျိုးဇာတိကောင်းမွန်သူ၊ သမာဓိနိုင်မြဲသူ ဖြစ်မည်။

၉။ **၉–ခုကြွင်းလျှင်...** ပိန္နဲပင်ဖွား ဖြစ်ပြီး ဟနုမာန်နက္ခတ်နှင့်ယှဉ်သဖြင့် မိမိအထက်လူကြီး ရာထူးကြီးမားသူတို့ကို မှီခိုရမည်။ ဥပဒေကျွမ်းကျင်၍ အမှုအခင်းတို့ကို လိုက်လံဆောင်ရွက်ပါက အောင်မြင်မှုရမည်။

သူများအတွက် ဆောင်ရွက်ပေးသော်လည်း မိမိအတွက် ကြုံပါက ကူညီမည့်သူ မရှိပါ။ ဟနုမာန်နက္ခတ်ဖြစ်သဖြင့် ရဲရင့်သော ခေါင်းဆောင်ကောင်းဖြစ်မည်။

၁၀။ **၁၀–ခုကြွင်းလျှင်...** သဘော်ဝါနီပင်ဖွားဖြစ်ပြီး သင်္ကြာဒေဝသိကြားနက္ခတ်နှင့် ယှဉ်သဖြင့် အများတကာ၏ ကြည်ညိုလေးစားသူ၊ အုပ်ချုပ်သူဖြစ်၏။

ကုန်သည်လုပ်ငန်း၊ လယ်ယာလုပ်ငန်းတို့တွင် အကျိုးပေးပြီး ဆရာဝန် သမားတော် အဖြစ်၌လည်း အကျိုးပြုပါသည်။ သူတစ်ပါးကို အားမကိုးဘဲ ကိုယ့်ထူးကိုယ်ချွန် ကြိုးစားရမည်။

၁၁။ **၁၁–ခုကြွင်းလျှင်...** ကြာဖက်ဆောင်းဖွားဖြစ်ပြီး ဒိသာပါမောက်နက္ခတ်နှင့် ယှဉ်ဖွားသူဖြစ်၏။ တရားဓမ္မရှိ၍ အကျင့်သီလကောင်းမွန်၏။

အုပ်ချုပ်သူ့ရာထူးရှိသူထံတွင် မှီခိုပါက မကြာမီမှာပင် အထွတ်အထိပ်ရောက်မည်။

စကားများများ မပြောတတ်ပါ။ လိုရင်းတိုရှင်းသာ ပြောတတ်၏။ အစားအသောက်ဘက်တွင် ရှိသလိုကြုံသလို စားသောက်နိုင်၏။

အိပ်ရာနေရာ၌လည်း မည်သို့ပင် အိပ်ရပါစေ အိပ်ပျော်လွယ်၏။ ဆေးဝါးဘက်တွင်လည်း ဆေးလိုက်၍ ဆေးစွမ်းထက်သူဖြစ်မည်။

၁၂။ **၁၂–ခုကြွင်းလျှင်...** ပလ္လင်ခံဖွား ဖြစ်၍ ဗြဟ္မဒတ်မင်းနက္ခတ်ဖြစ်သဖြင့် အရာရာ ရဲဝံ့၍ ကိုယ်ကျိုးစွန့်တတ်သူ ဖြစ်မည်။

ကုန်သွယ်ရေးနှင့် ဆိုင်သည့်ဌာနများတွင် အမှုထမ်းပါက ကောင်းမွန်ပါမည်။ ရာဇဝတ်ဘေး၊ လက်နက်ဘေး၊ ရန်အသွယ်သွယ်ဘေးက လွတ်သူဖြစ်သည်။

လယ်ယာလုပ်နှင့် အကျိုးမပေးနိုင်။ နိုင်ငံ့ဝန်ထမ်းနှင့်သာ သင့်တော်ပါသည်။

**(အထက် ၁၂–နှင့် စားရာ၌ ၀–သုညကြွင်းကို ၁၂ ကြွင်းဟု ယူပါ။)**

အထက်ပါ တွက်နည်းသည် တွက်ရာတွင် လွယ်ကူပြီး အနီးစပ်ဆုံး မှန်ကန်ကြောင်းကို သင်ကိုယ်တိုင် တွေ့ရပါလိမ့်မည်။

***သူနက္ခတ္တံ ကောင်းသော နက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ။***

**ကောင်းခန့် (*သခွတ်မြေ*)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

# ဒီပါမြေ ဆရာတော်

အရှင်နန္ဒသီရိနှင့် ကုသိုလ်တော် စေတီနှစ်ဆူ (၅)

ချိုးသည်ဘုံဝေဘာသီ

## ယခင်လမှ အဆက်


...ကြောင့် ထူပါရုံပြတိုက်တွင်းရှိ ...အစီအရင်မှာ ဒီပါမြေဆရာတော် ...ချီးမြှင့်ခဲ့သော စုတ်ပွင့် လာဘ်ပွင့် ...အင်းတော် အမှန်ပင်ဖြစ်သည်ဟု ...ယုံပြကြသည်။

...အဆိုပါ စမအင်းကို မုန်ပေါ်တွင် ...ညို့ကောင်း၊ ကြော်ငြာပေါ်တွင် ...ညို့ကောင်း၊ အိမ်ခါးပန်းတွင် ...ညို့ကောင်း မှန်ကူကွက်ပုံအတွင်း ...ဆန်သွင်း၍ စီးပွားလာဘ်ဘ ...ဆောင်အဖြစ် ထားရှိအသုံးပြုနိုင် ...ကြောင်း သိရသည်။

...အက်အခဲ ပြဿနာ ပေါ်ပေါက်ပါ ...စမအင်းတော်ရှေ့တွင် ကြေးဖလား ...ကြေးဖွန်းဖြင့်ခေါက်၍ အဓိဋ္ဌာန်ပြု ...တောင်းနိုင်သည်ဟု ဆို၏။ မြန်မာ့ ...ပညာသဘောအရ အင်းသချာဖြင့် ...သွင်းကာပို၍ အကျိုးရှိနိုင်သည်ဆို၏။

* * *





## အင်းသချာ ရေးသွင်းထားပုံ


မြန်မာ့အင်းသုတေသီများနှင့် မြန်မာ ...ပညာရှင်အချို့ကလည်း ဤသို့ ...ယုံသပ်ကြသည်။

ဤ စမအင်းတော်ကြီးသည် ...စစ်ကိုင်းမြို့အတွက် စီရင်ထားသည့် အစီအရင် ဖြစ်သည်။

စစ်ကိုင်းသည် အင်္ဂါနံသင့်အမည် ဖြစ်သည်။ အင်္ဂါ၏ ဆခိုနံ တနင်္ဂနွေကို အလယ်မှာ သန္တေတည်၍ စီရင်ရသည်။ စီရင်ပုံမှာ တနင်္ဂနွေ နေမင်းအားအကောင်းဆုံးအချိန်ကို အစင်အကြယ် ယူရသည်။

တနင်္ဂနွေဂြိုဟ်ဥစ်ရာသီ၊ သာယနမိဿရာသီဝင်ချိန် မဟာဝိသုဝမဏ္ဍလကာလ တန်ခူးလတွင် အဿဝဏီနက္ခတ်ပေါ် ဖြတ်သန်းချိန်၏ တနင်္ဂနွေနေ့မှာလည်းကောင်း၊ ဥတ္တရဒိဂ်ဆုံး ဖြတ်သန်းချိန် ဝါဆိုလ အသလိဿနက္ခတ်ပေါ် အရောက် တနင်္ဂနွေနေ့ တစ်နေ့မှာလည်းကောင်း၊ ဒက္ခိဏာဒိဂ် ဖြတ်သန်းချိန် ပြာသိုလ ဓနသိဒ္ဓိနက္ခတ်ပေါ်

www.burmeseclassic.com




▲ မင်းသားကြီးစေတီ




▲ မင်းသားကြီးစေတီတွင်းမှ မတ်ရပ်တော်

▼ ဇော်ဂျီ ဗြဟ္မာရုပ်များအနီးကပ် မြင်ကွင်း




▼ ဒီပါဠိမြေသရာတော်ရှိမြင်ခဲ့သည့် ကြည့်မှန်နှင့် စာအော်





www.burmeseclassic.com

www.burmeseclassic.com



◆ ခေါင်းလောင်းမှောက်နှင့် အထက်ဝန်းကျင်


◆ ဘုံကျော်





www.burmeseclassic.com

www.burmeseclassic.com



◆ မြတ်ကိုက်တွင်းမှ ပန်းချီကား၊ ဒီပါဧမြဆရာတော်နှင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကျော်များ

အရောက် တနင်္ဂနွေနေ့ တစ်နေ့မှာလည်းကောင်း စီရင်ရမည်ဖြစ်သည်။

**စီရင်ရန်မှာ** အဆိုပါ တနင်္ဂနွေနေ့၏ နံနက် (၈)နာရီမှ(၉)နာရီအတွင်း အင်္ဂါနဝင်းပေါ်ချိန်မှာ လည်းကောင်း၊ စတုမဟာရာဇ် လောကပါလနတ်တို့ကို ပွဲစုံကျင်း၍ ဘုရားမုခ်လိုဏ်အတွင်း အရှေ့သို့လှည့်၍ စီရင်မည်။ စီရင်နေချိန်၌ စီရင်ရာ ပစ္စည်းများကို လေမတိုက်စေရန် သတိထားရမည်။

သိဒ္ဓိတင် အသက်သွင်းလျှင် မြောက်အရပ်သို့ လှည့်၍ သိဒ္ဓိတင် အသက်သွင်းရသည်။ ဆောင်ရွက်သူ၏ ကျင့်ဆောင်ပွားများအပ်သော ပါရမီ သီလ ကောင်းသလောက်၊ ပညာ နက်သလောက် အကျိုးထူး အမှန်ပင်ပေးစေသည့် စုတ်ပွင့်လာဘ်ပွင့် စမ အစီအရင်တော်ကြီးဖြစ်သည်။ ***(ဆရာမျိုးသူရ(စစ်ကိုင်း)၏ ထူပါရုံဘုရားသမိုင်း စာမျက်နှာ ၁၃၃ မှ ၁၃၆ထိ)***

ဆရာတော်ရုပ်တုအနီး နံရံထက်တွင် ဒီပါဧမြဆရာတော်ကြီးနှင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကျော်များပုံကို ထူပါရုံစေတီနောက်ခံပြု ရေးဆွဲထားသည်။ တရားဟောပလ္လင်ပေါ်တွင် ဒီပါဧမြဆရာတော်ထိုင်၍ အနီးတွင် အဘအောင်မင်းခေါင်၊ လေးညှင်းရောင်ဝတ်စုံနှင့် လေးညှင်းရောင် တဘက်သိုင်းထားသူတစ်ဦးတို့ကို တွေ့ရလေသည်။

ဒီပါဧမြဆရာတော် အရှင်နန္ဒ... ပြုပြင်တည်ဆောက်ခဲ့သည့် စစ်ကိုင်း... ကုသိုလ်တော် စေတီနှစ်ဆူ... သွားရောက် လေ့လာကြည့်ရှုခဲ့ရာ... ဆရာတော် ကျင့်ကြံအားထုတ်... တရားထူး ပေါက်မြောက်ပုံတို့ကို ... ရှိခဲ့ရပေ။

(လက်ရှိ)စတုတ္ထ ဒီပါဧမြ... တော် ဦးတေဇက ဗုဒ္ဓါနုဿတိကမ္မ... (ဘုရားရှင်၏ ဂုဏ်တော်များကို ပွား... ပူဇော်ခြင်း)ကို အမြဲမပြတ် နှလုံး... အားထုတ်တော်မူ၍ တပည့်များ... လည်း တိုက်တွန်းတော်မူခဲ့သည်...

သာမဏေများကိုပင်လျှင် "အ... ဗုဒ္ဓါဘဂဝါ" ဟူ၍ (ပုတီးစိပ်)... ထုတ်ကြရန် တိုက်တွန်းမိန့်မှာ... သည်ဟု မိန့်ကြားသည်။

ဒီပါဧမြချောင် စတင်ထူ... သည့် ၁၃၀၂ ခုနှစ်တွင် ဆရာတော်... ဦးနန္ဒာသီရိအား ထွက်ရပ်ပေါက်... တော်ဟု ခေါ်ဝေါ်ကြကာ မည်သို့... တရားထူး ရရှိခဲ့သည်ကိုမူ မသိ... ဟု ဆိုသည်။

သို့သော်လည်း ၁၃၂၄ ... ၁၃၄၅ ခုနှစ်အထိ (၂၁)နှစ်တာ... အသစ်တစ်ဖန် ပြုပြင် တည်ဆော... ခဲ့သော စေတီကြီး(၁၄)ဆူနှင့် ... ထီးတင်ခဲ့သည့် ကရင်ပြည်... ကယားပြည်နယ်၊ မန္တလေး၊ အ... စစ်ကိုင်းဒေသများမှ စေတီ... များစွာ ရှိသည့်အပြင် ပျံလွန်... သောအခါ ရုပ်ကလာပ်တော် ... မပျက် ဖူးတွေ့ရသဖြင့် ထူးခြား... သာသနာပြု ဆရာတော်ကြီး... အဖြစ် ရှိသေလေးမြတ်စွာ ပူဇော်... လိုက်ရပေသည်။

**ခရီးသည်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့က ကျွန်ုပ်သည် လက်ကိုင်ဖုန်းကင်မရာနှင့် ရိုက်ကူးခဲ့သော ဓာတ်ပုံများကို ပြန်လည်ကြည့်ရှုနေမိပါသည်။

ထိုအချိန်မှာပင် ညှော်သည်ရောက်ရှိလာ၍ ဓာတ်ပုံများ ကြည့်နေရာမှ နားလိုက်ရပါတော့သည်။

'ဆရာ ဘာတွေ ကြည့်နေတာလဲ'

ဟု မေးရင်းဖြင့် ဝင်လာသူမှာ တပည့်ဖြစ်သူ မောင်စောလှမြင့် ဖြစ်ပါသည်။

'ဗိသနိုးမြို့ဟောင်းနဲ့ စမတောင် ခရီးသွားစဉ်က မှတ်တမ်းတင်ထားခဲ့တဲ့ ဓာတ်ပုံတွေကို ပြန်ကြည့်နေတာပါ'

ဟု ပြန်ပြောလိုက်ရပါသည်။

နောက် တစ်ဆက်တည်းပင်...

'ကိစ္စအထူးပါသလား'

ဟု မေးလိုက်သောအခါတွင် တပည့်မှ အောက်ပါအတိုင်း ပြောပြလေသည်။

'ကြိုကြိုတင်တင် လာပြောတာ တာပါဆရာ၊ **လာမယ့် တန်ဆောင်မုန်းလမှာ ကိုးစနေ ကြုံတာကို ပြက္ခဒိန်မှာ တွေ့ရလို့ပါ။** ကျွန်တော်တို့အတွက် ဘာများ စီမံပေးမှာလဲ ဆရာ၊ ကျင့်စဉ်ရော ပေးပါဦး'

ဟု ပြောဆို တောင်းခံလေတော့သည်။

ဟုတ်ပါသည် ကောဇာသက္ကရာဇ် **၁၃ရရခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၉)ရက်သည် စနေနေ့ ဖြစ်ပါသည်။ (ခရစ်နှစ် အလိုအရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၅)ရက်)** ဖြစ်ပါသည်။

ကောဇာနှစ် ၁၃ရရ ခုနှစ်ကို အက္ခရာနှင့် ပြောင်းပြီး အရကောက်လျှင် **"အစွမ်းထက်နိုင်"**ဟု ရပါသည်။

၁၃ရရ ခုနှစ်၊ ဒီတန်ဆောင်မုန်းလ ကိုးစနေမှာ

# ကြီးလေးကြီး ပြိုင်ဘက်ကင်းစမ

စီမံကြရအောင်

ဆောင်း (သိဒ္ဓိရာဇာ) နဝင်းမြို့တော်

ခရစ်နှစ် ၂၀၁၅ ခုနှစ်ကို အက္ခရာနှင့် ပြောင်းလဲ၍ အရကောက်ရမည်ဆိုလျှင် **"ကြီးထွားအောင်မြင်"**ဟု ရမည် ဖြစ်ပါသည်။ နှစ်အလိုအားဖြင့် ဂမ္ဘီရဆန်သောနှစ် ဖြစ်နေပါသည်။

ဝိဇ္ဇာရေဂမ္ဘီရ ပညာအနေဖြင့် ***အစွမ်းထက်နိုင်၊ *ကြီးပွားအောင်မြင်နိုင်သောနှစ်တွင်** တူလျှင်သာရမည်ဟု မိမိကိုယ်ကို အားကိုးယုံကြည်ကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ဖြစ်ကြသော ခုနှစ်နေ့သားသမီးတို့အနေဖြင့် အခါကောင်း ကြုံတုန်းမှာ အမိအရယူပြီး ကျင့်စဉ်အဓိဋ္ဌာန်တစ်ခုနှင့် ဂမ္ဘီရအဆောင်တစ်ခု စီမံသင့်ပါသည်။

သို့နှင့် ကျွန်ုပ်၏ တပည့်ကို ကျင့်စဉ်နှင့် အဆောင်ပေးမည်ဟု ကတိပေးလိုက်ပါသည်။

ကျွန်ုပ်၏ တပည့်ကဲ့သို့ လွန်စွာမှ ရှားပါးသည့် နှစ်ကောင်း၊ လကောင်း၊ အခါကောင်းတွင် ကျင့်စဉ်အဓိဋ္ဌာန်ဝင်ခြင်းနှင့် တွဲဖက်စီမံရသော အဆောင်တစ်ခု ပိုင်ဆိုင်လိုကြလျှင် စီမံဆောင်ရွက်နိုင်ကြရန်အတွက် အောက်တွင် ရေးသား ဖော်ပြလိုက်ပါသည်။

ဦးစွာပထမ အဆင့်ဆင့် စီမံရမည့် စမအကြောင်းကို ရှင်းပြပါမည်။ စမ၏ အမည်မှာ **"ကြီးလေးကြီးပြိုင်ဘက်ကင်းစမ ဖိုမ"**ဟု မည်ရပါသည်။

ထိုစမများတွင် ထောင့်လေးထောင့်တွင်မူ **စ ဓ ဗ ဝ** ဓာတ်စမများနှင့် ထောင့်ချုပ်ထားရှိပါသည်။

စမသည်းခြေတွင် ***က ဃ ဏ ဠ** တို့ဖြစ်သော ကြီးလေးကြီးစမဖြင့် ဆင့်ထားပါသည်။

**အဖို့,စမတွင်မူ "ဌ"**ကို လက်ယာရစ် တင်ထားပြီး နဝင်းအညွန့်တင်ထားပါသည်။ ဘေးအပေါ်မှ လက်ယာရစ် **"ပြိုင်ဘက်ကင်းစေ၊ ကြီးမြင့်ခြင်းအားလုံး ငါဖြစ်စေ"**ဟု ရေးသားပါရှိပါသည်။

**စမ,အမ**တွင် ထောင့်လေးထောင့်တွင် **စ ဓ ဗ ဝ** ဓာတ်စမဖြင့် ထောင့်ချုပ်ထားခြင်း၊ စမသည်းခြေတွင် ***က ဃ ဏ ဠ**တို့ ဆင့်၍ ထားရှိပါသည်။

ကိုယ်ထည်မှာ **"ဍ"**ကို လက်ဝဲရစ် တင်ထားပြီး **နဝင်းအညွန့်** တည်ထားရှိပါသည်။

အပြင်ဘက်ထိပ်မှ စာတန်းသည် **"အားလုံးကို အောင်စေ၊ တိုးတက်ခြင်းများစွာနှင့် ချမ်းသာကိုရစေ"**ဟု ပါရှိပါသည်။

ထူးထူးခြားခြား စမများထဲ တစ်မူထူးခြားသည့် စမများ ဖြစ်ပါသည်။ အောက်တွင် စမများကို ဖော်ပြထားပါသည်။


* * *



www.burmeseclassic.com

www.burmeseclassic.com

ကြီးလေးကြီးပြိုင်ဘက်ကင်းစမ ဖို,မ



စမအဖို

စမအမ

ထိုစမများ၏ ဂုဏ်သတ္တိတို့မှာ ပညာရေး၊ စီးပွားရေး အလုပ်အကိုင်တို့တွင် မကောင်းကြံစည်ခြင်း အဖျက်အဆီးများစွာတို့ဖြင့် တိုက်ခိုက်သော်လည်း အောင်နိုင်စေပါသည်။

ထို စမအဆောင် စီမံခြင်းနှင့်အတူ ကျင့်စဉ်အဓိဋ္ဌာန်တစ်ခုကို ဝင်ရမည် ဖြစ်ပါသည်။ နဝင်းပြတ်ကျင့်စဉ် အဓိဋ္ဌာန်ဖြစ်ပါသည်။ အဓိဋ္ဌာန်ကာလမှာ (၉)ရက်သာဖြစ်၍ အတိုဆုံး အဓိဋ္ဌာန်တစ်ခုလည်း ဖြစ်ပါသည်။

စမများကို မိမိကိုယ်တိုင် မစီမံနိုင်ပါက မိတ္တူဆိုင်တွင် စိတ်ကြိုက်အရွယ် ကူးယူပါ။ နောက် စမ(၂)လုံးကို ကျောချင်းကပ်ထားပြီး ပလတ်စတစ် လောင်းရန် ဖြစ်ပါသည်။

ကျင့်စဉ်အဓိဋ္ဌာန်ဝင်ရမည့် ဂါထာ သုံးပုဒ်မှာမူ ***ပုဗ္ဗဏှသုတ်ပရိတ်တော်**မှလာသော ပထမဂါထာများဖြစ်ကြပါသည်။ ထိုဂါထာသုံးပုဒ်ကို နေ့စဉ် (၁၀၈)လုံးပုတီးကုံးဖြင့် ပုတီး(၃)ပတ် စိပ်ရပါမည်။

ပုတီးစိပ်ရန်မှာ ဂါထာတစ်ပုဒ်ပုတီး တစ်လုံးချစနစ်ဖြင့် တစ်ဂါထာ ပုတီး တစ်ပတ်နှုန်းစိပ်ရန် ဖြစ်ပါသည်။

ဂါထာတော်များ

✦ ယံ ဒု,န္နိမိတ္တံ အဝ,မင်္ဂလ္လ,
ယောစာ,မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပ,ဂ္ဂဟော ဒု,ဿုပိနံ အ,ကန္တံ၊
ဗုဒ္ဓါ နုဘာဝေန ဝိနာသ, မေန္တု။

✦ ယံ ဒု,န္နိမိတ္တံ အဝ,မင်္ဂလ္လ,
ယောစာ,မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပ,ဂ္ဂဟော ဒု,ဿုပိနံ အ,ကန္တံ၊
ဓမ္မာ နုဘာဝေန ဝိနာသ, မေန္တု။

✦ ယံ ဒု,န္နိမိတ္တံ အဝ,မင်္ဂလ္လ,
ယောစာ,မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပ,ဂ္ဂဟော ဒု,ဿုပိနံ အ,ကန္တံ၊
သံဃာ နုဘာဝေန ဝိနာသ, မေန္တု။

အဓိဋ္ဌာန်ဆောင်ရွက်ပုံ

**၁။ရက်ရွေးချယ်ခြင်းနှင့် ကာလ သတ်မှတ်ရခြင်း**

❖ တနင်္ဆောင်မုန်းလဆုတ် (၉)ရက် စနေနေ့မှ စတင်ပါ။

❖ တနင်္ဆောင်မုန်းလဆုတ် (၁၃) ရက် တနင်္လာနေ့အထိ (၉)ရက် ဖြစ်သည်။

**၂။ဦးစွာစီမံထားရန်မှာ**

❖ စမများကို ပန်းကန်ပြားတွင် ထည့်ထားပါ။

**၃။အဓိဋ္ဌာန်ကာလ (၉)ရက်တွင် နေ့စဉ် ဆောင်ရွက်ရန်**

❖ ဝိဇ္ဇာလေးပါး, သိဒ္ဓိရှင်, မဟိဒ္ဓိရှင် ဆရာတော်ကြီးများ၊ စတုလောကပါလနတ်မင်းကြီးများ၊ သိကြား မင်းနှင့် ပါရမီဖြည့်ဖက်များ၊ အမြဲ လိုက်လံကူညီနေကြသည့် ပုဂ္ဂိုလ် များအား ပင့်ဖိတ်ထားရန်၊

❖ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုမွန်တောင်းခံခြင်း၊ မေတ္တာပို့သ ခြင်း၊

❖ ဂါထာတော်များ ပုတီးစိပ်ခြင်း၊

❖ သစ္စာပြုပြီး ဆုတောင်းခံခြင်း၊ ဝေနေယျတို့အား မေတ္တာပို့သ ခြင်း၊ ကုသိုလ်အမျှ ပေးဝေခြင်းတို့ ပြုလုပ်ပါ။

❖ ပင့်ဖိတ်ထားသူများအား နေရာ ဌာနကို ပြန်ပို့ပါ။

မကျိုးမပေါက် မပျောက်မကြား လေအောင်၊ အဓိဋ္ဌာန်ကိုအောင်မြင် အောင် ဆောင်ရွက်နိုင်သူသည် သိဒ္ဓိ အထူးကို မုချရရှိမည် ဖြစ်ပါသည်။ ဆရာသခင်တို့၏ ဆုံးမသြဝါဒစကား တစ်ခုကိုလည်း အသိပေးပါမည်။

အဓိဋ္ဌာန်ကာလ (၉)ရက်တွင် *မေတ္တာသုတ်ကို အချိန်ရတိုင်း ရွတ် ပွားရမည်ဟု ဆိုပါသည်။

အဓိဋ္ဌာန်အောင်မြင်၍ အကျိုးထူး သူများအနေဖြင့် မိခင်၊ ဖခင်တို့အား မပြတ်ပူဇော် ကန်တော့ရမည်ဟု မိန့် ဆိုထားကြောင်းကိုလည်း အသိပေး လိုက်ရပါသည်။

***ကောင်းမှုကိစ္စမှန်သမျှ လိုလား တောင့်တတိုင်း ရရှိပြည့်စုံကြပါစေ။***

**အောင်(သိဒ္ဓိရာဇာ) နဝင်းမြို့တော်**

မှီငြမ်း

★သီရိမင်္ဂလာပရိတ်ဝတ်ရွတ်စဉ်

★အင်းစမကျမ်းဟောင်း(လက်ရေး)



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင် ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံ့ခဲနေတယ် ဆရာ။ ဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံ့နေမယ်၊ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံးလေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် ကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ဆိုတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက ဒီလေကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ဆိုတဲ့ ခတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ ...လေးအပင်သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဘူး ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေတာ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ ...ည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ...ကိုက်တာ၊ ခေါင်းအုံ့တာ၊ ဇက်ကြောတက်၊ နောက်ကြော ...တာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ် ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ် လွင်နေတော့ အများက သတိထားမိကြတယ်ဗျ။ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကာ...



www.burmeseclassic.com

www.burmeseclassic.com

# ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(တနယ်ဇင်း)(၁၁၂/၁၂၂၂)

"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်တို လည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းက တော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင် ကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက် ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချု ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အ အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ် ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ် ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများ ခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြော ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ် အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါ ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုမျ ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန် ပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ် ဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲ ခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက် ပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတ **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံ နိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ အောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါ ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုခမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၇



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဖြစ်ရုပ်ကြွင်း ဆရာတော်တစ်ပါး၏ ဩဝါဒနှင့် ကျွန်ုပ်ကိုယ်တွေ့

# ရှကြန်းဝင်တောင် ဆရာတော်ပေါ်

ထူးခြားလက္ခဏာတော်

ဥမ္မိုး (အုပ်ဖို)



ကျောက်ဖြစ်ရုပ်ကြွင်း ဆရာတော်၏ ဗိမာန်တည်နေရာ **အုပ်ဖိုမြို့နယ်၊ ိုးသည်ကုန်း တာဆုံအနီး သရက်ပင်ကံကျေးရွာ ရွှေဘုန်းပွင့်ကျောင်း** နေရာတွင် တည်ရှိပါသည်။

ယခုမှ နောက် နှစ်(၅၀)ခန့်က ထို သရက်ပင်ကံရွာ ရွှေဘုန်းပွင့်တစ်ပါး ကျောင်းတွင် ဆရာတော် ဦးသီဟ သီတင်းသုံးနေခဲ့ဖူးပါသည်။

စာရေးသူ အထက်တန်းကျောင်း သားဘဝ ကျောင်းပိတ်ရက်များတွင် ဆရာတော့်ကျောင်းသို့ သွားရောက် ည်ပတ်ခြင်း၊ ဆရာတော်၏ စာအုပ် င်မှ ကပ္ပလက်ာရအဖွင့်ကျမ်း၊ ဝိဇ္ဇာ ကျမ်းများ၊ အခြားစာပေများ မှတ် သားလေ့လာရင်း နက္ခတ်ပညာ အခြေခံကို သင်ယူရင်း အချိန်ကို အသုံးချခဲ့ရာ ဆရာတော်မှာ ပညာ ရမိ စိတ်ရှည်စွာ သင်ကြားပေးလေ့ ရှိပါသည်။

ဆရာတော်၏ ဥပဓိရုပ်မှာ အသား အရေ အလွန်နူးညံ့ပြီး ရွှေဝါရောင်ရှိပြီး အတွင်းက အကြောစိမ်းများ တွေ့မြင် ရသည်ထိ အသားအရေမှာ ထူးခြား ကြည်လင်ပါသည်။

ဆရာတော်၏ စရဏမှာ ညစဉ် ထိုင်ကြီး(၁၁)သုတ်ကို ရွတ်ဖတ်ပူဇော် နေသည်ကို တွေ့ရပါသည်။

ကျွန်တော်နှင့် တွေ့ဆုံစဉ်မှာ ဆရာ တော်၏ သက်တော်မှာ (၆၅–၇၀)ခန့် ရှိသည်ဟု ခန့်မှန်းရပါသည်။ ရံခါ မင်းလှ ဆုံအနီးမှ သာဓမ္မောဓရဆရာတော် ထံသို့ ကြွလေ့ရှိပါသည်။ သာသနာရေး တရားဓမ္မ များ ဆွေးနွေးလေ့ ရှိပါ သည်။ ကျွန်တော် တစ်ခေါက် ဆရာတော်နှင့်အတူ လိုက်ခဲ့ ဖူးပါသည်။

ဆရာတော်ထံမှ ရွှေရောင် ဓာတ်လုံး တွေ့ရပါသည်။ ယခင်က ဖိုထိုးခဲ့ဖူးပုံ ရှိပါ သည်။ ဆရာတော်၏ စာအုပ်စင်မှ မှတ်တမ်းများ ထဲတွင် အဂ္ဂိရတ်စာပေ မှတ်တမ်းများ တွေ့ရပါသည်။ ဆရာတော်က မန္တန် ဝိဇ္ဇာအကြောင်း မိန့်လေ့ရှိပါသည်။ ဆရာတော်သည် မန္တန်ဝိဇ္ဇာလမ်းကို စိတ်ဝင်စားပုံရပါသည်။

နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာ အကြောင်း တစ်ကြိမ် မိန့်ဖူးပါသည်။

'ဒကာ ဝိပဿနာတရားဆိုတာ(ဆရာတော်၏ရှေ့က စားပွဲပေါ်မှာ ထွန်းထားသော ဆီမီးတိုင်ကို ညွှန်ပြ၍) ဆီမီးတိုင်က နာမ ပညတ်ကွ၊ မီးရဲ့ပူတဲ့သဘောက ပရမတ်ကွ၊ အဲဒီ ပူသဘောရုပ်ကို ဉာဏ်မျက်လုံးနဲ့သာ မြင်သိခံစားနိုင်တယ်။ အဲဒါ ဝိပဿနာ သဘောပဲကွ'

ဟု အမိန့်ရှိရာ စာရေးသူ သဘော ပေါက်မိပါသည်။ မမေ့နိုင်သော ဩဝါဒ အမှတ်တရ ဖြစ်ပါသည်။

ဆရာတော်က စာရေးသူအား လူငယ်တစ်ယောက်ဖြစ်လျက် ဂမ္ဘီရ ပညာနှင့် ဘုန်းကြီးရဟန်းကို ခင်မင် ကြည်ညိုခြင်းသည် ပါရမီရှိသူအဖြစ် အမိန့်ရှိဖူးပါသည်။ စိတ်ဓာတ်မြင့်မြင့် ထားဖို့ မိန့်ကြားလေ့ရှိပါသည်။

ရံခါ သထုံသို့ နိက္ခမတောထွက်ဖို့ စိတ်ကူးလေ့ရှိပါသည်။ ဆရာတော်၏ နိက္ခမဝိတက်မှာ စာရေးသူပါ ပါဝင် လိုက်ပါစေလိုသော မိန့်ကြားမှုများ ရှိပါသည်။

ရွာမှာ ပရိတ်အသင်း ရှိပါသည်။ ဆရာတော့်အား အလွန်လေးစား ကြည်ညို၍ ကြောက်ရွံ့ရှိသေကြပါ သည်။ ဆရာတော်မှာ အလွန်တည် ကြည်၍ ရွတ်ဖတ်မှုများလျှင် မာမာ ပြတ်ပြတ် မိန့်ကြားလေ့ ရှိပါသည်။

တစ်ပါးတည်း ကေစာရ သီတင်းသုံး ရခြင်းကို ဓူတင်အကျင့်ဖြင့် အလွန်





www.burmeseclassic.com

www.burmeseclassic.com

မွေ့လျော်ပုံရပါသည်။

ဆရာတော် ကျောင်းတွင်းနေရခြင်းက ဆရာတော်၏ မေတ္တာဓာတ်ကြောင့် စာရေးသူ၏စိတ်ကို ငြိမ်းချမ်းသော စိတ်ခံစားမှု ရရှိနေ၍ စာရေးသူ ပြောနေခြင်း ဖြစ်ပါသည်။

ဆရာတော်၏ ညီဖြစ်သူနှင့် ညီ၏ ဇနီးတို့က ဆွမ်းကပ်ပါသည်။ ဆွမ်းကို ရောင့်ရဲခြိုးခြံစွာ သုံးဆောင်ပါသည်။ အသား၊ငါး ဘုဉ်းပေးပုံမရပါ။ ငါးခြောက်ထောင်းကြော်၊ ပဲငါးပိ စသည်တို့ကို သာ တွေ့ရပြီး ဟင်းချို၊ တို့စရာ၊ ငါးပိရည် စသည်ကို ဘုဉ်းပေးလေ့မရှိပါ။


ရေနွေးကြမ်းလောက်သာ ဘုဉ်းပေး၍ အလွန်ရောင့်ရဲစွာ ဘုဉ်းပေးသုံးဆောင်သည်ကို တွေ့ရပါသည်။

**(ရက္ကန်းစင်တောင် ဆရာတော်နှင့်တွေ့ဆုံရပုံကို ဆက်လက် ဖော်ပြပါမည်။)**

ကျောင်းပိတ်ရက်မှာ ဆရာတော်ထံ အုပ်ဖိုမြို့မှ အိုးသည်ကုန်း တာဆုံ သရက်ပင်ကံရွာ ဆရာတော် သီတင်းသုံးရာ ရွှေဘုန်းပွင့်ကျောင်းသို့ အမှတ်မထင် ရောက်ရှိသွားရာ ဆရာတော် သာသနာပွဲ ကျင်းပနေသော ကာလ ကြုံကြိုက်နေပါသည်။ ဆိုင်းဝိုင်းနှင့် ကန်တော့ပွဲများ အခမ်းအနားတစ်ခု ဖြစ်ပါသည်။

စာရေးသူ ညနေပိုင်း ကျောင်းရောက်ပြီး အရုဏ်တက်ချိန်တွင် ဆရာတော့်ကျောင်းပေါ်သို့ တက်သွားသောအခါ ရက္ကန်းစင်တောင် ဆရာတော်နှင့် ဆရာတော် ဦးသီဟတို့ အရုဏ်ဆွမ်း ဘုဉ်းပေးနေသည်ကို အမှတ်မထင် ဖူးတွေ့ရပါသည်။

ရက္ကန်းစင်တောင် ဆရာတော်ကို အုပ်ဖိုမြို့ (၃)လမ်းတွင် ဖူးတွေ့ဖူးပါ




ရက္ကန်းစင်တောင်ဆရာတော်၏လက္ခဏာ

သည်။ ဓာတ်ပုံမှ ပုံတော်အတိုင်းဖြစ်၍ အရပ်တော်မှာ မရှည်လွန်း မပုလွန်းပါ။ ပိန်ပိန်ပါးပါး သွားလာ လှုပ်ရှားမှု အလွန် သွက်လက်ပေါ့ပါးပါသည်။

သက်နီးကို ပုံတော်မှာအတိုင်း ခြုံထား၍ အတွင်းခန္ဓာကိုယ် ပိန်သည်၊ ဝသည်ကို မပြောနိုင်သော်လည်း ပေါ့ပေါ့ပါးပါး သွက်လက်ပုံအရ ပိန်ပိန်ပါးပါး ရှိမည်ဟု ခန့်မှန်းရပါသည်။

ကျွန်တော်၏ ဆရာတော်ကား မည်သို့ မိန့်သည်မသိ။ ရက္ကန်းစင်တောင် ဆရာတော်က ကျွန်တော့်အား ဆွမ်းပွဲမှ စောင်းငဲ့ကြည့်ပြီး ဆွမ်းပွဲသို့ လာရန် ခေါ်ပါသည်။

စာရေးသူသည် ရှိသေစွာ ချဉ်းကပ်သွားရာ ထိုအခါ ဆရာတော်က သူ၏ လက်ဖဝါးကို စာရေးသူအားပြ၍ **“ဘာထူးသလဲ”**ဟု မေးပါသည်။

စာရေးသူလည်း ဆရာတော်၏ လက်ကိုကြည့်ရာ လက်ချောင်းတိုင်းမှ လက်ဆစ်နှစ်ခုကြား အလယ်မှာ လက်ရစ်တွေ ပိုနေကြောင်း ပြန်လည် လျှောက်ထားပါသည်။ စာရေးသူလည်း မိမိလက်ဖဝါးကို ပြန်ကြည့်နေမိရာ ဆရာတော်မှ **“မင်းမှာ ရှိသလား”**ဟုမိန့်ရာ စာရေးသူ[က] ညာလက်မတွင် တစ်ရစ်ပိုရှိ[နေ] ကြောင်း ပြန်လည်ဖြေကြားပါသည်။

ထိုအခါ ဆရာတော်က ဆွမ်းပွဲ[မှ] ကောက်ညှင်းပေါင်းတစ်ပွဲကို စာရေးသူ[ကို] အား ချ၍ကျွေးပါသည်။

ဆရာတော်၏ ထူးခြားသိသာလွ[ယ်] မြင်လွယ်သည့် လက္ခဏာကို စိတ်ဝ[င်] စားစွာ ကြည့်ရမိ၍ အခြား အာယ[တန]လမ်း၊ ဉာဏလေခလမ်းတို့ကို သတိမထားလိုက်မိပါ။

ကျွန်တော် မြင်တွေ့လိုက်ရသော ပုဂ္ဂိုလ်ထူးတစ်ပါး၏ ထူးခြားလက္ခဏာ အား ရေးသားဖော်ပြအပ်ပါသည်။

ကျောက်ဖြစ်ရုပ်ကြွင်း ဆရာတော်ကို မင်းလှမြို့ တပည့်များက ဂူဗိမာန်မှာ ပူဇော်ထားပါသည်။ ဂူဗိမာန်၏ မျက်စောင်းထိုးအိမ်တွင် ဆရာတော်၏ တူမ မခင်နန်းဆွေတစ်ဦးသာ ဆရာတော်၏ မျိုးနွယ်မှ ကျန်ရှိပါသည်။

**ခရီးကြုံ၍ ဖူးမြင်လိုလျှင်** အိုးသည်ကုန်း တာဆုံမှ ဆင်း၍ ဆိုက်ကားနှင့် သွားရောက်နိုင်ပါသည်။ စာရေးသူ နောက်(၅-နှစ်ခန့်က) တစ်ခေါက် ရောက်၍ ဆရာတော် ရုပ်ကလာပ်ကို ကန်တော့ရပါသည်။ ကင်မရာမပါ ဖုန်းမပါသွား၍ ဓာတ်ပုံနှင့်တကွ မဖော်ပြနိုင်ခြင်းကို ခွင့်လွှတ်ပါ[။] ပုဂ္ဂိုလ်ထူးများကို ကြည်ညိုနိုင်[ရန်] ဖော်ပြအပ်ပါသည်။

ဃမ်းညွှန်

**ရန်ကုန်-ပြည်လမ်း၊ အုပ်ဖိုမြို့ အိုးသည်ကုန်း(တာဆုံ) သရက်ပင်ကံရွာ။**

**ခင်စိုး (အုပ်ဖို)**





www.burmeseclassic.com

မိသားစု

# ကျန်းမာရေး အတွက်

## တန်ဆေး လွန်ဘေး နိုင်းနှိုင်းချိန်ချိန် စားသောက်ရမည့် အစားအစာများ (၃)

မင်းချမ်းမြေ့ (ပုသိမ်)



### မှို ပုစွန်ချဉ်၊ ငါးချဉ်၊ ပုစွန်ဆီ

ယခုတစ်ပတ်တွင် စာရေးသူတို့မြန်မာထမင်းဝိုင်းများတွင် ရာသီချိန်ခါသင့် တစ်ပြိုင်နက်တည်း ပေါ်ထွက်လာတတ်ကြသော စားသောက်ဖွယ်ရာဟင်းလျာများထဲတွင် (၂)မျိုး၊ (၃)မျိုး အတူတွဲဖက်၍ စားသုံးမိခဲ့ကြလျှင်...

ကျန်းမာရေးကို ထိခိုက်စေပြီး အသက်အန္တရာယ်အထိပါ ဖြစ်ပေါ်စေတတ်သည့် အတူတကွ တွဲဖက်၍ စားသုံးသင့်သော ဟင်းလျာများအကြောင်းကို အသိပေး တင်ပြပါမည်။

ထိုဟင်းလျာများသည် သူ့ချည်းပဲ **တစ်မျိုးတည်းသာ တော်သင့်ရုံ စားသုံးလျှင် ပြဿနာ မရှိလှသော်လည်း** (၂)မျိုး၊ (၃)မျိုး တစ်ပြိုင်နက်တည်း တွဲဖက်၍ စားသုံးမိခဲ့လျှင်တော့ အန္တရာယ်ကြီးလှပါသည်။

**"တစ်နှစ်တစ်ခါ ပေါ်လို့လာ... ဒီလည်းမင်းလောင်း ထီးဖြူဆောင်း"** ဟု စကားထာ စကားအဖြစ် တည်ရှိခဲ့သော သဘာဝမှိုသည် တစ်နှစ်မှာ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း(ဆောင်းဦးပေါက်)ဟူ၍ (၃)ကြိမ် ပေါ်ထွက်လာတတ်သည်။

ယခုလို ဆောင်းဦးပေါက် ရာသီတွင် နောက်ဆုံးအသုတ် ပေါ်ထွက်လာသော မှိုမှာ များပြားစွာ ထွက်ရှိတတ်သလို စား၍လည်း ခံတွင်းတွေ့လှပါသည်။

ထို့ကြောင့် အိမ်တိုင်းနီးပါး မှိုဟင်းလျာကို ချက်ပြုတ်၍ စားသောက်တတ်ကြပါသည်။

ထိုနည်းတူ ယခုရာသီမှာ **ပုစွန်ချဉ်၊ ငါးချဉ်**တို့မှာလည်း ရာသီစာအဖြစ် လှိုင်လှိုင်ကြီး ပေါ်ထွက်လာပြီး မြန်မာတို့အကြိုက် (Favourite)ဖေးဖရိတ်စာဖြစ်၍ **ပုစွန်ချဉ်၊ ငါးချဉ်**တို့ကိုလည်း မလွတ်တမ်း စားသောက်ကြပြန်တော့သည်။

သည်ရာသီမှာပဲ စားမြိန်ဖွယ်ရာ နောက်တစ်မျိုးဖြစ်သော **လပွတ္တာ နယ်ထွက်ပုစွန်ဆီ**ကလည်း မြို့ရွာနယ်ကျော် အော်ဟစ်ပြီး နယ်လှည့်ရောင်းချကြလေရာ...

ပုစွန်ဆီအော်သံ ကြားရရုံဖြင့် မစားရ မနေနိုင်လောက်အောင် ပုစွန်ဆီ၏ ချိုဆိမ့်မွှေးမြသော အရသာကလည်း မြန်မာ့လျှာအရသာကို စွဲမက်စေပါသောကြောင့် ထမင်းဝိုင်းတွင် ပုစွန်ဆီပုလင်းကလည်း စားကောင်းသောက်ဖွယ်ရာအဖြစ် နေရာယူထားတတ်ကြပေသည်။

ဤသို့ဖြင့် မိသားစုတစ်စု၏ ထမင်းဝိုင်းတွင် ရာသီပေါ် နှုတ်မြိန်ဟင်းလျာ **မှို၊ ပုစွန်ချဉ်၊ ငါးချဉ်နဲ့ ပုစွန်ဆီ** ဟင်းလျာတို့ (၃,၄)မျိုး စုံလင်စွာနှင့် အားရပါးရ တဝကြီး စားသောက်ကြမည်ဆိုခဲ့လျှင်**ကျန်းမာရေးအတွက်ကိုးနန်းသော စိုးရိမ်ဖွယ်ရာ ဖြစ်ပေတော့မည်။**

အကြောင်းမှာ မှိုသည် သဘာဝအားဖြင့် **ရာသီဥတုဝိရောဓိပြိုင် ဖြစ်ပေါ်စေသည့် အချိန်ကာလမျိုးတွင်သာ** မြေကြီးထဲမှ ထိုးထွက်လာရသော အပင်မျိုးဖြစ်သည်။

သို့ဖြစ်၍ စားသုံးသူ၏ ဓာတ်ခံကျန်းမာရေးအခြေခံကို မူတည်၍ သွေးကို တက်စေပြီး ရုပ်ခန္ဓာကိုယ်တွင် လေးလံထိုင်းမှိုင်းမှုကို ဖြစ်စေ၍ အားအင်ကို ပေးစေသည်ဟု တိုင်းရင်းဆေးကျမ်းများတွင် ပြဆိုထားပေသည်။

ထို့ကြောင့် ပင်ကို **သွေးတိုး၊ ဆီးချို၊ နှလုံး၊ လေငန်း အခံရှိသူများ စားသုံးရန် မသင့်တော်ပါ။** ထိုနည်းတူ ပုစွန်ချဉ်၊ ငါးချဉ်တို့သည်လည်း သား၊ ငါးအစိမ်းကို အချဉ်တည်၍ ဖြစ်ပေါ်လာသော **ပရိုတိန်း**(Protein)ဓာတ်များကို အစာအိမ် ဝမ်းမီး၏ ချက်လုပ်မှုကို အားနည်းစေ၍ ကြေကျက်ခဲသော အစာမျိုးစာရင်းတွင် ပါဝင်နေသည်


စာမျက်နှာ (၁၃?) သို့

www.burmeseclassic.com

# အကြောနှင့်ဆရာ သက်ဝေပါ

ဆရာဦးလှသိန်း
(အကြောပညာရှင်)
[တံတားဦး အင်...

မြန်စွာပျောက်ကင်းမှု

## ဒူလာညောင်းကိုက်ရောဂါနှင့် အကြောပြင်ကုသခြင်း

ကျွန်တော် မန္တလေးမြို့ ၃၈ လမ်း၊ ၈၂ × ၈၃ လမ်းကြား ဆေးခန်းဖွင့်လျက်ရှိရာ ကျွန်တော်၏ဆေးခန်းသို့ အသက်(၆၀)ကျော် အမျိုးသားတစ်ဦး ရောက်ရှိလာပြီး...

'ဆရာ ကျွန်တော် တစ်ကိုယ်လုံး မလှုပ်ချင်၊ မကိုင်ချင် လမ်းသွားရတာလဲ ယိုင်တီယိုင်တိုင် ဖြစ်နေလို့ ဆရာ့ထံ လာရောက် ပြသခြင်း ဖြစ်ပါတယ်'

လို့ ပြောတော့ ကျွန်တော်မှ...

'ခင်ဗျားကို ဘယ်သူက လမ်းညွှန်လိုက်တာလဲ'


မေးရာ လူနာမှ...

'ဘယ်သူကမှ လမ်းမညွှန်ပါဘူး။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဆရာရဲ့ အကြောပညာဆောင်းပါးတွေ ဖတ်ပြီး အခုလို လိုက်လာရခြင်း ဖြစ်ပါတယ်'


လို့ ရှင်းပြပါတယ်။

ကျွန်တော်ကလဲ စာဖတ်ပရိသတ် ဆိုရင် အလွန် ကူသပေးချင်တာလို့ ပြောပြီး ဝေဒနာရှင်အား ခင်ဗျား ဘာဖြစ်တာလဲမေးတော့...

'ဆရာရယ် ကျွန်တော် လမ်းသွားရင်လဲ တုန်ချည့်တုန်ချည့်နဲ့ ခြေထောက်တွေကထုံ၊ လက်တွေက မသယ်ချင်၊ လူတစ်ကိုယ်လုံး နုံးချည့်နေတာပဲ။ ကျွန်တော် ဆေးခန်းတွေလဲ စုံပါပြီ။ ဆေးထိုးရင်လဲ ခဏပဲ သက်သာတာပဲ။ ဒါပေမယ့် အခုလို အကြောပြင်တာကတော့ ဆရာက




၁။ ပါဒရက်ဇဟိုကြောကြီး
၂။ ပထဝီကြောသွယ်
၃။ ပထဝီသွေးအိမ်ကြော
၄။ ပထဝီကြောကြီး
၅။ ပထဝီအစကြော




၁။ သလုံးမိုးနိုကြော

ပထမဦးဆုံးပဲ'

လို့ ပြောတော့ ကျွန်တော်မှ...

'ခင်ဗျား ရောဂါဝေဒနာ အမှန် ပျောက်ကင်း သက်သာမှာပါ။ ဆရာတွေပေးတဲ့ ဆေးကိုလဲ စားရမယ်၊ ကျွန်တော့်ဆီကိုလဲ အကြောပြင်ရမယ်။

ဥပမာပေါ့ဗျာ တံမြက်စည်းနဲ့ လှည်းလို့မရတဲ့ အမှိုက်ပုံ၊ ပထမဦးဆုံး ထွန်ခြစ် (သို့မဟုတ်) တွန်းခုံလို ဟာ... အရင်တွန်းပြီးမှ တံမြက်စည်းနဲ့ လှ... ရမှာပေါ့။ ကျွန်တော်တို့ အကြောပ... က ထွန်ခြစ်နဲ့ တွန်းခုံလို သဘော... ပါ။ ဆေးဆရာကတော့ တံမြက်စ... တူတယ်။ အကုန် ကင်းကင်းရှင်း... ဆေးစားမှ ပျောက်ကင်းမယ်'

လို့ ပြောပြီး အကြောပြုပြင်... ပါတယ်။

အကြော ပြုပြင်ပေးပြီး... ဝေဒနာရှင်မှ...

'ဆရာ ကျွန်တော် ဘာ...ရာ...



www.burmeseclassic.com

www.burmeseclassic.com

လို့ မေးတော့...

'ခင်ဗျားရောဂါကတော့ လေမျိုး (၁၀)ထဲက **"ဒူလာညောင်းကိုက်" ရောဂါလို့** မှတ်ပါ။ အာယုဗ္ဗေဒသိရော ထောက်ကျမ်းအလိုရ **"ဂိထသီစ"** ကိုယ် ကာယရဲ့ အောက်ပိုင်းမှာဖြစ်တဲ့ ခါး၊ တင်ပါး၊ ပေါင်၊ ဒူး၊ ခြေဖမိုးတို့ကို ထောင့်ခိုင်စေတယ်။ ထိုခိုက်မိရင်လဲ အလွန် နာကျင်စေတယ်'

လို့ ရှင်းပြပြီး...

'ခင်ဗျား ကျွန်တော့်ထံကို အနည်းဆုံး (၅)ခါ လာရောက် အကြောပြုပြင် ရမယ်'

လို့ ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။

အဲဒီ ဝေဒနာရှင်က မပျက်မကွက် (၅)ကြိမ်မြောက် လာရောက် ပြုပြင်တော့...

'ခင်ဗျားဝေဒနာ သက်သာပျောက်ကင်းသလား'

လို့ ကျွန်တော်က မေးရာ...

'ဆရာရယ် လူကိုလဲ ကြည့်ပါ။ မူကိုလဲ ကြည့်ပါ။ လူကတော့ တက်ကြွလန်းဆန်းပြီး မူကတော့ သွက်လက်နေတာပဲ။ ဒါကြောင့် ကျွန်တော့်လိုဖြစ်တဲ့ ရောဂါဝေဒနာရှင်တွေ ပျောက်ကင်းသက်သာအောင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက တင်ပြပေးပါ'

လို့ ပြောသဖြင့် ဝါသနာရှင်များ၊ ဝေဒနာရှင်များ သက်သာပျောက်ကင်းသည့် အကြောပြင်ကွက်များကိုလဲ ရုပ်ပုံကားချပ်နဲ့တကွ ဖော်ပြလိုက်ပါတယ်။

**၁။ ပါဒရက်ဗဟိုကြောကြီး** ။ ။ ဒူးဆစ်အောက်တွင်ရှိသော ပါဒရက်ဗဟိုကြောကြီးကို ပျော့ပျောင်းလာသည်အထိ ဖိဖိပြီး ဖွပေးပါ။

**၂။ ပထဝီကြောသွယ်** ။ ။ ဖိဖိပြီး ခတ်ပေးပါ။

**၃။ ပထဝီသွေးအိမ်ကြော** ။ ။ ဖိဖိပြီး ပွတ်ချေပေးပါ။

**၄။ ပထဝီကြောကြီး** ။ ။ ဖိဖိပြီး နှိပ်ပေးပါ။

**၅။ ပထဝီအစကြော** ။ ။ ဖိဖိပြီး ဖွပေးပါ။

**၆။ သလုံးမိုးခိုကြော** ။ ။ ယင်းအကြောကို ဖိဖိပြီး နှိပ်ပေးပါ။

မှတ်ချက်

**ဝေဒနာရှင်အား ပါဒရက် ဗဟိုကြောကြီးကို နှိပ်သောအခါ ခြေထောက်ကို အတွင်းသို့ အနည်းငယ်စောင်းပြီး တံတောင်ဖြင့် ငြိမ်သက်စွာ ဖိထားပြီး ဖွပေးပါ။**

**ဝေဒနာရှင်အား ခြေထောက်မှစ၍ တစ်ကိုယ်လုံး (၄၅)မိနစ်ခန့် အကြောဖြေပေးပါ။ ယင်းအတိုင်း ပြုလုပ်လျှင် ညောင်းခြင်း၊ ကိုက်ခြင်း၊ ထုံခြင်း၊ ကျဉ်ခြင်း၊ လေးခြင်း စသော ဒူလာရောဂါ မုန်သမျှ ပျောက်ကင်းချမ်းသာကြောင်း တင်ပြလိုက်ပါသည်။**

ဆရာဦးလှညီမိန်း(*အကြောပညာရှင်*)
[တံတားဦး၊ အင်း၀]

စာမျက်နှာ (၁၃၁)မှ အဆက်

သို့ဖြစ်၍ အထက်ပါ မှိုဟင်းလျာနှင့် တစ်ပြိုင်တည်း တွဲ၍ စားသောက်မိခဲ့သော် ဝမ်းမီး၏ ပြုပြင်ခြေချက်မှုကို မပြုနိုင်ဘဲ အစာအဆိပ်သင့်နိုင်သည့် အနေအထားမျိုးကို ဖြစ်စေနိုင်ပါသည်။

ဤသို့ ရှုပ်ထွေးပတ်ဖွဲ့၍ ဝမ်းမီးကောင်းစွာ မခြေချက်နိုင်သော အခြေအနေမှာ ချိုဆိမ့်ဓာတ်နှင့် အဆီအနှစ် ကြွယ်ဝနေသည့် ပုစွန်ဆီကိုပါ ထပ်၍ စားသုံးလိုက်မည်ဆိုလျှင်...

**[ပုစွန်ဆီစစ်စစ်သည် သာမန်လူများ စားသုံးလိုက်လျှင် ရုပ်ကို လေးလံ၍ သွေးတွင်းအဆီ ကိုလက်စထရော (Cholestrol) တက်စေ၍ သွေးချိုဓာတ်ကို တက်စေသည့် အစားအစာမျိုးဖြစ်သည်။]**

သွေးတိုး၊ နှလုံး၊ သွေးချို၊ ဆီးချို၊ လေငန်းရောဂါ အခံရှိသူများဆိုလျှင် ထမင်းဝိုင်းမှာ တစ်ထိုင်တည်းနှင့် ပွဲပြီးသွားစေနိုင်သည်အထိ အန္တရာယ်ကြီးလှပါသည်။

သို့ဖြစ်၍ စာရေးသူတို့၏ ရွှေမြန်မာများ လွန်စွာ ခုံမင်နှစ်သက်စွာ စားသုံးတတ်ကြသော အထက်ပါ **မှို၊ ပုစွန်ချဉ်၊ ငါးချဉ်၊ ပုစွန်ဆီ** စသော ဟင်းလျာ(၄)မျိုးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တွဲဖက်၍ စားသုံးရန် မသင့်ပါကြောင်း...

ကျန်းမာ အသက်ရှည်ရေးအတွက် **"အစားမတော်တဲ့ ထမင်းတစ်လုတ်၊ ဟင်းတစ်လုတ်"** မဖြစ်စေရန်၊ တန်ဆေးလွန်ဘေး နှိုင်းနှိုင်းချိန်ချိန် စားသောက်တတ်ကြစေရန် စေတနာတရားဖြင့် တင်ပြလိုက်ပါသည်။


မင်းချမ်းမြေ့(*ပုသိမ်*)



www.burmeseclassic.com

www.burmeseclassic.com





◆ တပင်ရွှေထီးပွင့်

◆ တပင်ရွှေထီးပင်

တပင်ရွှေထီးပင်နှင့်

# သွေးတိတ်မန်းဂါထာ

◆ အ.လ.က(၂) ညစောင့်ဝန်ထမ်း ဦးမြတ်စံ

မကွေးမြို့သို့ ရောက်ရှိခဲ့စဉ် ၂၀၁၀ ပြည့်နှစ်ခန့်က မြို့လယ်ကားဂိတ်အနီး နေထိုင်သော ဦးမြတ်စံနှင့် ရင်းနှီးခင်မင်ခဲ့ရသည်။ ထိုစဉ်က မဲထီးလမ်းရှိ အမှတ်(၂)၊ အလယ်တန်းကျောင်းတွင် ညစောင့်တာဝန် ထမ်းဆောင်နေသူဖြစ်သည်။

ကျောင်းနှင့်မနီးမဝေးတွင် ကိန်းဝပ်တော်မူသော ဗောဓိတစ်ထောင်စေတီအား လိုက်လံပို့ဆောင်ပေးရာ စေတီရင်ပြင်တံတိုင်းထောင့်ရှိ တပင်ရွှေထီးခေါ် ကြွပ်ဆတ်ပင်များကို ညွှန်ပြလျက် သူသိထားသော သွေးတိတ်နည်းကို ဒါနပြုခဲ့သည်။

တစ်စုံတစ်ခုနှင့် ထိရှသဖြင့် သွေးယိုထွက်ကျနေပါလျှင် တပင်ရွှေထီးအပွင့်မှ ပွင့်ဖတ်ခုနစ်ဖတ်ကို ခြေမွကာ ဒဏ်ရာပေါ်သို့ အုံပေးရသည်။ ထိုသို့ အုံပေးစဉ် အသက်အောင့်လျက် အောက်ပါဂါထာကို သုံးခေါက်တိတိ



ရွတ်ဖတ်ပေးရသည်ဟု သိရသည်

'ဉ္စ အဝသုဿတု တေသရီရေမ်ဿ

ဟိတံ'

မိမိကိုယ်တိုင်ဖြစ်လျှင် "တေသ

ရေ"အစား "မေသရီရေ"

ပြောင်းလဲရွတ်ဆိုရကြောင်း မှတ်သ

ရသည်။

**အပွင့် ပွင့်ချိန် မဟုတ်လျှ**

**အရွက်ခုနစ်ရွက်အား ခြေမွ၍ အုံ**

**ရသည်။**

**(ဦးမြတ်စံအား သတိရကျေး**

**တင်စွာဖြင့်...)**

**နယ်လှည့်ဆေးသမားတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၈၇)မှ အဆက်



◆ ဆရာတော်ဦးသာဂရ စီးခဲ့သော စီတကရုပ်လုံးတော်မှ ထူးခြားသော ဆေးတည့်သည့် သံဆေးတဂေါင်း

…ကြောင့် စိတ်ကူးရန်ပင် မဝံ့သင့်…ကြောင်း ပြောပြကြပါသည်။

ဆရာတော်ကြီးဦးသာဂရ သာသနာ…အကြောင်းအရာများ၊ သမိုင်းယဉ်…မှုဖော်ထုတ်ပေးမှုများ၊ ကျင့်စဉ်…င်န်းများ၊ ထူးခြားသော ကိုယ်တွေ့…ကို ပြောပြကြသည့် ရဟန်းရှင်လူ…၏ ပြောကြားချက် များစွာကို…ောင်းပါးတစ်ပုဒ်အနေဖြင့် ရေးသား…ည်ဖြစ်၍ အပြည့်အစုံ မပါဝင်နိုင်…ည်ကို ပြောကြားပေးသည့် သိမ်သူ…န်းရှင်လူ၊ ဒကာ,ဒကာမကြီးများ…ွတ်ကြစေလိုပြီး အခါအခွင့်သင့်… ထပ်မံစုဆောင်းပြီး စာအုပ်…ုပ်အဖြစ် ပြည့်ပြည့်စုံစုံ ထပ်မံ ကြိုးစားပါမည်ဟု နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် တောင်းပန်ပါသည်။

ယခုလို ရေးသားပူဇော်ရခြင်းသည် ပင်လျှင် ထူးခြားသော ဆရာတော် အကြောင်းကို မှတ်တမ်းတင်ထားပြီး ဖြစ်၍ လွန်စွာ ဝမ်းမြောက်ရပါသည်။

စာရှုသူများသည်လည်း ဤဆောင်းပါးကိုဖတ်၍ သမထ၊ ဝိပဿနာ အားထုတ်ကြသော ကျင့်စဉ်များ၌ စိတ်အားတက်စရာ ဖြစ်ပါစေရန် စိတ်ရည်သန်၍ ရေးသားပူဇော်လိုက်ရပါသည်။

**နန်းမြို့ရွှေရီ**

ကျမ်းကိုး

တနင်္သာရီမြို့နယ် သမန္တကုဋ္ဌ ခြေတော်ရာတောင်သမိုင်း(နောင်စိုးရီ)။

တွေ့ဆုံမေးမြန်းခဲ့သည့် ဆရာတော်များ

၁။ **အရှင်ပညာဒီပမဟာထေရ် (၉၈) နှစ်** – ချောင်းကြီးကျောင်းတိုက်၊ တနင်္သာရီမြို့။

၂။ **အရှင်တေဇဝံသ** – သာသနာ့ရိပ်သာ ဆရာတော်၊ တနင်္သာရီမြို့။

၃။ **အရှင်ဝိသုဒ္ဓ** – လယ်သစ်ကျောင်းကြီးဆရာတော်။


တွေ့ဆုံမေးမြန်းခဲ့သော လူပုဂ္ဂိုလ်များ

ဦးအောင်ကွန်၊ ဦးထွန်းရီ၊ ဦးငွေပိုး၊ ဦးရွှေသိုင်း၊ ဒေါ်ထူးမြသင်၊ ဒေါ်အင်မေ။



www.burmeseclassic.com

www.burmeseclassic.com



▲ ဒီပဲယင်းဆရာတော်ကြီးအား ဇက်လှေကိစ္စ ဆောင်ရွက်ပြီးနောက် ပင်လယ်ထိပ်ကမ်း တစ်နေရာတွင် ဖူးမြင်ရပုံ

ကျွန်ုပ်နှင့်

အောင်ရွှေမြတ် (စစ်ကိုင်းတောင်).

# ဆရာအရှင်ပုဂ္ဂိုလ်ထူးများ (၁)

## ဒီပဲယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ

၁၉၈၂ ခုနှစ်၊ ဧပြီလတွင် ကိုဝင်းသောင်၊ ကိုခင်မော်၊ ရွှေမြသာနှင့် ကျွန်ုပ်တို့သည် ရွှေမုဋ္ဌောစေတီ ပဌာန်းပွဲပြီးစီး၍ အဘအောင်မင်းခေါင် **စတုဘုမ္မိကအောင်မြေစေတီ**၌ စကားလက်ဆုံကျလျက် ရှိကြလေ၏။

ထိုစဉ် သူငယ်ချင်း ကိုစိန်မောင် ရောက်ရှိလာလေ၏။ သူနှင့်အတူ ဆာဒူးကြီးတစ်ဦးနှင့် ဦးပေါင်းအညိုဖြင့် ရသေ့ကြီးတစ်ဦး ပါရှိပါသည်။ ကိုစိန်မောင်က မိတ်ဆက်ပေးပါလေ၏။

ဆာဒူးကြီးမှာ **ရာမာနရံပီလေး**ဟု သိရလေ၏။ **ရသေ့ကြီးမှာ ဦးဥတ္တမသိဒ္ဓိ**ဟု ခေါ်ပါကြောင်း ပြောပြလေ၏။ ယင်းတို့မှာ ဂန္ဓာရီပုဂ္ဂိုလ်များ ဖြစ်ကြ၍ ကိုယ့်နည်းကိုယ်ဟန်ဖြင့် တောတောင်စခန်းအနှံ့ သွားလာအားထုတ်နေကြောင်း ဆက်လက်ပြောဆိုပါသည်။

ဆာဒူးကြီးမှာ တုတ်သိုင်းပညာ အလွန်တတ်ကျွမ်းသောကြောင့် ဟိန္ဒူတုတ်သိုင်းပညာကို မိမိအိမ်တွင် သင်ပေးလျက်ရှိသောကြောင့် သင်ယူလိုလျှင် အိမ်ကို လာရောက်ရန်လည်း လမ်းခင်းပေးလေ၏။

ဆာဒူးကြီးမှာ ယခင်က သန်လျင်မြို့တွင် နေထိုင်လျက် ဦးနန္ဒာဆာမိ ဆိုသော ညီတစ်ဦးလည်း ရှိလေရာ ရုပ်ချင်းအလွန်တူသောကြောင့် တုတ်သိုင်းသင်ယူသော တပည့်များမှာ မည်သူကမျှ အကြီးနှင့်အငယ် ခွဲမရဟု ပြောလေ၏။

ထိုဆာဒူးကြီးမှာ ကိုစိန်မောင်၏ အိမ်ဝင်းအတွင်း စနေထောင့်တွင် ဂူကြီးတစ်ဂူတူး၍ ဂူအောင်းကျင့်စဉ် အားထုတ်နေလေရာ နွားနို့နှင့် ငှက်ပျောသီးကို စားသုံးပါသည်။

ရသေ့ကြီး ဦးဥတ္တမသိဒ္ဓိမှာ အင်းဝမြို့ ဘီလူးညီနောင် ခုနစ်ဖော်စေတီ အနီးရှိ ထန်းကလက်တဲကျောင်းဖြင့် ကျင့်ကြံအားထုတ်နေလေသည်။

ခုနစ်ရက်သားသမီးများ၏ လူမှုရေးကိစ္စ၊ စီးပွားရေးကိစ္စတို့အား အလှူ



www.burmeseclassic.com

www.burmeseclassic.com





◄ ပုပ္ပါးမြို့ ဆည်ပေါက်တောင်ကုန်းပေါ်မှ ဆရာတော်ကြီး၏ တဲကျောင်းတော်အား တွေ့မြင်ရပုံ

◄ စစ်ကိုင်းတောင်ရိုး တောလယ်တစ်နေရာမှ ဒီပဲယင်းဆရာတော်ကြီးနှင့် အောင်ချွန်မြတ်

အညီပေးလျက်ရှိသောကြောင့် တစ်နေ့ တခြား ညှော်ပရိသတ် များပြားလာသောကြောင့် တဲကျောင်းအား ပစ်ထားကြောင်း သိရလေ၏။

တစ်နေ့သောအခါ အဘအောင်မင်းခေါင်၏ လမ်းညွှန်ချက်ဖြင့် မြစ်သားမြို့ရှိ တစ်ခုသော သုသာန်သို့ ပြောင်းရွှေ့သွားလေ၏။

မြစ်သားသုသာန်ရှိ ကုလားကျောင်းငယ်ကလေး၌ ကျင့်စဉ်ကိစ္စတစ်ခု ပေါက်မြောက်အောင်သောအခါ ညှော်ပရိသတ်များ အလွန်များပြားလာသောကြောင့် ရဟန်းဘဝသို့ ကူးပြောင်းသွားလေသည်။

## တောင်ဖီလာဆရာတော်ကြီးထံ ရောက်ရှိခြင်း

ရဟန်းဝတ်ဖြင့် **တောင်ဖီလာဆရာတော်ကြီး ဦးဝိလာသထံပါး**တွင် (၃)နှစ်ကြာအောင် နည်းနာခံယူနေခဲ့လေ၏။

တောင်ဖီလာ၌ ခန်းနေအဖြစ် နေထိုင်ခဲ့စဉ် မည်သည့် ညှော်ပရိသတ်နှင့်မျှ အကျွမ်းတဝင် မနေထိုင်ဘဲ ဆရာတော်ကြီး၏ နည်းနာလမ်းညွှန်ချက်များကိုသာ ဦးထိပ်ထား ကြိုးစားအားထုတ်နေခဲ့လေ၏။

တောင်ဖီလာ ဆရာတော်ကြီးထံမှ အင်္ဂရတ်ပညာ၊ မန္တန်ပညာများကို အသက်သတ်လွတ်စားသုံး၍ ခရီးပေါက်ခဲ့ကြောင်း သိရလေသည်။ လေးဝါရှိသောအခါ ကျောက်ဆည်မြို့ ဓာတ်တော်တောင်၊ ပျော်ဘွယ်မြို့နယ် လေသာတောင်နှင့် ကန့်ဘလူမြို့နယ် ပုံတောင်တို့တွင် အားထုတ်လေ၏။

ထို့နောက် **တော(၉)တော၊ တောင်(၉)တောင်၊ ဂူကြီး(၉)ဂူ၊ နတ်ရဲသစ်ပင်ကြီး(၉)ပင်၊ ကျောင်းပျက်,ဇရပ်ပျက်(၉)ခု၊ တောင်ရိုးဘုန်းကြီးသုသာန်(၉)ခု၊ တောင်ခြေဘုန်းကြီးသုသာန်(၉)ခုနှင့် လူသုသာန်(၉)ခုတို့၌** အထူးကြိုးစားအားထုတ်ခဲ့လေသည်။

တောတောင်စခန်း နေရာပေါင်းများစွာတွင် ရောင့်ရဲတင်းတိမ်စွာ ကျင့်ကြံ အားထုတ်ခဲ့ပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့ စက်ကြီးကွင်းအရှေ့ဘက် သုသာန် ဟောင်းနေရာတွင် သီတင်းသုံးနေထိုင်လေ၏။

စစ်ကိုင်းမြို့သို့ ရောက်ရှိပါက တပည့်ရင်းဖြစ်သူ ကိုစိန်မောင်၏ အိမ်တွင် ရက်ပေါင်းများစွာ နေထိုင် ကျိန်းစက်၍ လူအများ၏ အကျိုးစီးပွားကိစ္စများကို ဆောင်ရွက်လေ့ ရှိပါသည်။

ကျွန်ုပ်၏အိမ်၌ ရံဖန်ရံခါ အိပ်စက်သော်လည်း တစ်ညထက်မပိုပါ။ ကျွန်ုပ်ကလည်း အိမ်မှာ ဖင်မမြဲပါ။

ကိုစိန်မောင်အား **သုသာန်ကျင့်စဉ်**ကို ကိုယ်တော်တိုင် ပြီးဆုံးသည့်တိုင်အောင် လိုက်ပါကြီးကြပ်ဆောင်ရွက် ချီးမြှင့်ခဲ့ပါသည်။

သုသာန်ကျင့်စဉ်မှာ သုသာန်တစ်ခုလျှင် (၉)ညဖြင့် သုသာန်(၉)ခုပြည့်အောင် ရက်ပျက်မရှိ အားထုတ်ရခြင်းဖြစ်ပါသည်။ (၉)သုသာန်ဖြစ်ခြင်းကြောင့် (၈၁)ရက် ဖြစ်လေရာ ...






www.burmeseclassic.com

www.burmeseclassic.com



◄ ပုပ္ပါးမြို့ ဆည်ပေါက်တောင်ကုန်းမှ ဆရာတော်ကြီး၏ ကျောင်းသိမ်ကို နောက်ကြောမှ မြင်တွေ့ရပုံ



ဒီပဲယင်းမြို့ရှိ အဘိဓာရာမအနီးမှ အောင်မင်္ဂလာစေတီ ထီးတော်တင် အပြီးတွင် နတ်ရဲမန်ကျည်းပင်ကြီးမှ ငွေစက္ကူအိတ်များ ထွက်ကျလာပုံ (ဆရာတော်ကြီးအား မြေပေါ်တွင် ဖူးမြင်နိုင်ပါသည်။) ►

အတွင်း အသက်သတ်လွတ် စားသုံးရခြင်းလည်း ဖြစ်လေ၏။

ကျွန်ုပ်မှာ ငယ်စဉ်ကပင် ကြောက်ရွံ့တတ်သော်လည်း ယင်းကျင့်စဉ်ကို ချီးမြှင့်ပေးပါရန် လျှောက်ထားခဲ့ပါသည်။ ဆရာတော်ကြီးက...

'ကိုအောင်နဲ့ သုသာန်ကျင့်စဉ်က အဆင်ပြေမှာ မဟုတ်ဘူး။ မိကျောင်းတက်ဆရာတော်ကြီးရဲ့ ကျင့်စဉ်ကိုပဲ အားထုတ်ပါ'

ဟု အမိန့်ရှိ၍ လက်မခံခဲ့ပါ။

ကျွန်ုပ်ကလည်း မနေပါ။ မိကျောင်းတက်ဆရာတော်ကြီး၏ ကျင့်စဉ်ကိုလည်း ရရှိ၍ သုသာန်ကျင့်စဉ်ကိုလည်း တွယ်ကပ်တောင်းဆိုလေ၏။

'အရှင်ဘုရားနဲ့ ကိုစိန်မောင် ပါနေမှတော့ မကြောက်ပါဘူးဘုရား'

ဟု လျှောက်သောအခါ ဒီပဲယင်းဆရာတော်ကြီးက...

'ကဲ ဒီလိုဖြင့်ရင်တော့ သုသာန်ကျင့်စဉ်ကို တစ်သုသာန်မှာ အဝင်တစ်ည၊ အထွက်တစ်ည လိုက်ပါအားထုတ်ပါ'

ဟု လိုက်ပါခွင့် ရရှိခဲ့လေတော့သည်။

ထို့ကြောင့် ကျွန်ုပ်သည် စစ်ကိုင်းမြို့တွင်းမြို့ပြင်၌ရှိသော အောက်ပါသုသာန်များတွင် တစ်သုသာန် (၂) ရက်နှုန်းဖြင့် (၁၈)ရက် ခံစားခွင့်ရရှိခြင်း ဖြစ်ပါ၏။

၁။ မရှိဏာသုသာန်***(ယခု လူနေရပ်ကွက်ဖြစ်သွားပါပြီ။)***

၂။ ပုဏ္ဏားသုသာန်***(မရှိတော့ပါ။)***

၃။ နာနတ်တောသုသာန်***(ယခု သီတဂူဆေးရုံတော် ဖြစ်သွားပါပြီ။)***

၄။ ဆင်ဖြူကန်သုသာန်***(ယခု ကိုးကန့်ကျောင်း) ဓနကရာမကျောင်း။***

၅။ ညောင်ကုပ်ကားသုသာန် ***(အသုံးပြုနေဆဲ)***

၆။ ဘုန်းကြီးသုသာန် ***(ဖျက်သိမ်းပြီး) တောင်ရိုး။***

၇။ ထန်းသုံးပင်သုသာန် ***(မြေမြှုပ်ခွင့်မပြု၊ မီးသဂြိုဟ်ခွင့်ပေးထား)***

၈။ ယုံဖြူသုသာန်***(ယခု အသုံးပြုဆဲ)***

၉။ အသေးတန်းသုသာန်***(အသုံးပြုဆဲ)***

ထိုသုသာန်(၉)ခု၌ အားထုတ်မှုများကို အသေးစိတ် မှတ်တမ်းတင်ထားခဲ့သော်လည်း ဤဆောင်းပါးတွင် မဖော်ပြတော့ပါ။

ကျွန်ုပ်အား မိကျောင်းတက်ဆရာတော်ကြီး၏ ကျင့်စဉ်ကိုသာ ချီးမြှင့်ခဲ့လေရာ ထိုကျင့်စဉ်တော်ကြီးမှာ ဒီပဲယင်းဆရာတော်ကြီး ဦးဉတ္တမသိဒ္ဓိကိုယ်တိုင် ပထမဆုံးကျင့်ကြံအားထုတ်အောင်မြင်ခဲ့သော ကျင့်စဉ်တော်ကြီး ဖြစ်ပါသည်။

ထိုကျင့်စဉ်တော်ကြီးမှာ မိကျောင်းတက် ဆရာတော်ကြီး ပေါက်မြောက်အောင်ပြီးနောက် ဆရာတော်ကြီး၏ တူအရင်း ဦးဘတင်အား ချီးမြှင့်ခဲ့လေ၏။ ဦးဘတင်မှာ ကျင့်စဉ်တော်ကို ပြီးမြောက်အောင်မြင်နိုင်ခြင်း မရှိခဲ့ပါ။

မိကျောင်းတက် ဆရာတော်ကြီး ထွက်ရပ်ပြုသွားသောကြောင့် ယင်းကျင့်စဉ်တော်ကို ဂမ္ဘီရမိတ်ဆွေဖြစ်

www.burmeseclassic.com





◆ ဒီပဲယင်းဆရာတော်ကြီးနှင့်တပည့် ဆောင်ရွှေမြတ်-စစ်ကိုင်းတောင် တို့အား ပုပ္ပါးတောင် ဆည်မြောက် ကျောင်းသင်္ခမ်း၌ အမှတ်တရပုံ

◆ ပုပ္ပါးမြို့ အနောက်ဘက်ရှိ ဆည်ခြေက်ကျောင်းမှ မြင်တွေ့ရသော ပုပ္ပါးတောင်ကလပ်

BURMESE CLASSIC

သော **ဦးအောင်ကြည်(ဦးဥတ္တမသိဒ္ဓိ)** အား တတိယမြောက် ဆက်ခံသူအဖြစ် ပေးအပ်ခဲ့လေရာ ဦးဥတ္တမသိဒ္ဓိသည် လူဝတ်ကြောင်ဖြင့် ကိစ္စတစ်ခု ပြီးစီး အောင်မြင်လေ၏။

စတုတ္ထမြောက် ဆက်ခံရရှိသူမှာ ကျွန်ုပ်ကိုယ်တိုင် ဖြစ်ပါသည်။ ထို ကျင့်စဉ်တော်ကြီးမှာ ပြီးဆုံးအောင်မြင် ရန်အတွက် (၈)နှစ်၊ (၇)လ၊ (၁၁)ရက် အထိ (စုစုပေါင်း ကိုးနှစ်နီးပါး) မပျက် မကွက် ကျင့်ကြံအားထုတ်ရမည် ဖြစ်ပါ သည်။

## ဆရာတော်ကြီး၏ လူ့ဘဝ

ဆရာတော်ကြီး၏ မိဘအမည်များ ကို မသိခဲ့ရပါ။ နှစ်ပေါင်းများစွာ အတူ တကွ နေခဲ့ရပါသော်လည်း အခွင့် အရေး မရရှိခဲ့ပါ။

ဆရာတော်ကြီး မွေးနေ့မှာ **သက္ကရာဇ် ၁၂၉၀ ပြည့်နှစ်၊ ကဆုန် လဆန်း(၄)ရက် တနင်္ဂနွေနေ့** ၂.၄.၁၉၂၈–၂.၇.၂၀၁၂) **သက်တော်(၈၅)နှစ်၊ ဝါတော် (၄၀)ဝါ ဖြစ်ပါသည်။**

ဆရာတော်ကြီးအား မန္တလေးတိုင်း ဒေသကြီး၊ အမရပူရမြို့နယ်၊ ဥယျာဉ် တော်ကျေးရွာတွင် ဖွားမြင်ခဲ့၍ တောင် သူလယ်သမားအဖြစ် အသက်မွေး ကျောင်းခဲ့လေသည်။ သားသမီး မိသားစုများ ရှိပါသော်လည်း မေးမြန်း ခွင့် မကြုံခဲ့ပါ။

ကိုစိန်မောင်၏ နေအိမ်တွင် ခေတ္တ သီတင်းသုံးခိုက် ခမည်းတော် ကွယ်လွန်ကြောင်း သိရသော်လည်း ပြန်ကြွသွားခြင်း မရှိပါ။

ကျောက်ဆည်မြို့နယ်၊ တောင်သူ လယ်သမား အစည်းအရုံးဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်နေစဉ် ပါတီဝင် တစ်ဦး၏ ဓားခုတ်မှုတွင် လူသေမှု ဖြစ်ပေါ်ခဲ့လေ၏။

သေဆုံးသူမှာ ဆရာတော်ကြီး၏ သားချင်းတော်စပ်သူ ဖြစ်လေ၏။ သို့ရာတွင် ဓားခုတ်သူ ပါတီဝင်၏ဘက် မှ မှန်ကန်သည်ဟု ဆုံးဖြတ်၍ ကူညီ ဆောင်ရွက်ပေးသောကြောင့် လွှတ် မြောက်သွားလေ၏။

ထိုကာလတွင် မိကျောင်းတက် ဆရာတော်ကြီး၏ ကျင့်စဉ်တော်ကို အားထုတ်နေခိုက်ဖြစ်၍ မကြာမီမှာပင် နိုင်ငံရေးကိစ္စ၊ မိသားစုကိစ္စများကို စွန့်ပယ်ပြီး ရသေ့ဝတ်ဖြင့် အပြီးအပိုင် ဂမ္ဘီရလမ်း လျှောက်လှမ်းတော်မူခဲ့ သည်။

ကိုစိန်မောင်နှင့် ကျွန်ုပ်အား ကျင့်စဉ် ချီးမြှင့်ပြီးနောက် စေတီပဟောင်းများကို ပြုပြင်ခြင်း၊ ထီးတော်သစ် တင်လှူခြင်း များ ပြုလုပ်နေလေ၏။

## အောင်သိဒ္ဓိစေတီတော်အတွက် အင်းတော်များ

ဆရာတော်ကြီးသည် ကိုစိန်မောင် အား သုသာန်ကျင့်စဉ် ပြီးဆုံးစေပြီး နောက်တစ်နေ့တွင် ပုပ္ပါးသို့ ကြွသွား လေရာ (၂)လနီးပါးကြာမှ ပြန်ရောက် လာလေ၏။

စစ်ကိုင်း ရောက်နေခိုက်မှာပင် ကျွန်ုပ်နှင့် မောင်ခင်မော်အား အင်



www.burmeseclassic.com

www.burmeseclassic.com



• (ဝဲမှယာသို့) မောင်သိန်းဟန်(ထုံ)ဦးထွန်းမြတ်သာ(ထုံ)၊ ဦးအောင်ထွန်းမြတ်(ဆရာတော်ကြီး)၊ ဦးတင်မောင်(ထုံ)၊ ဦးစိုးမောင်(ထုံ) တို့အား အတူတကွ တွေ့ရပုံ

...င်း(၂၇၀၀၀)ချပ် စီရင်ခိုင်းပါသည်။

* * *

| | |
|---|---|
| **ကျွန်ုပ်က အင်းပေါင်း** | =၁၈၀၀၀ |
| **မောင်ခင်မော်မှ** | = ၉၀၀၀ |
| **စုစုပေါင်း** | =၂၇၀၀၀ ဖြစ်ပါသည်။ |
| **ဆရာတော်ကြီးမှ** | =၅၇၀၀၀ |
| **စုစုပေါင်းအင်းတော်** | =၈၄၀၀၀ |

...အား ကိုစိန်မောင်၏အိမ်တွင် သိဒ္ဓိ ...ခြင်း၊ အင်းသက်သွင်းခြင်းများကို ...င်း၍ ဆောင်ရွက်တော်မူပါသည်။ ...အင်းတော်ကြီးများကို အောင်သိဒ္ဓိ ...တီတော်တွင် ဌာပနာမည် ဖြစ်လေ ...။

...ဆရာတော်ကြီး စီရင်ထားသော ...င်းများကို ကြည့်ရှုပူဇော်ခွင့် မရပါ။ ...ုပ် စီရင်ခဲ့သော အင်းတော်ကြီး ...များမှာ...

...။ ကျောင်းတက်ဆရာတော်ကြီး၏ (၃)ခု ...အင်း၊ (၄)ခုစားအင်း၊ (၅)ခုစားအင်း၊ (၆)ခုစားအင်း၊ (၇)ခုစား အင်းတော်ကြီး များ။

...။ ဆရာ...ဂုံအင်းများ။

...။ ...တကအင်းများ။

၄။ စမ္ပာနဝ အဝင်အင်း,အထွက်အင်းများ။

၅။ ခုနစ်နေ့သား အဆောင်အင်းများ။

၆။ ဗျည်း(၃၃)လုံးအင်းတော်ကြီးများ။

၇။ သရ(၁၂)လုံး အဝင်,အထွက်အင်းများ။

၈။ ပရိတ်တော်အင်းများ, စဝေပဝအင်းများ, ငုသညခအင်းများ။

၉။ မိုက်တန်းကျော်အင်းများ။

၁၀။ ဂဠုန်ပုတ်သင်ကိုက်အင်းများ။

၁၁။ ကြီးလေးကြီးထောင့်နေအင်းများ။

၁၂။ မိတ်နံ့ဂြိုဟ်တက်အင်း, ဂြိုဟ်ဆုတ်အင်းများ ဖြစ်လေသည်။

✤ တလားကြီးအင်းများကိုမူ ဆရာတော်ကြီးက ပယ်တော်မူပါသည်။

မောင်ခင်မော် စီရင်သော အင်းများမှာ ဗားမဲ့ဆရာတော်ကြီး၏ **ဗားမဲ့ဘာသာအင်း**များသာ ဖြစ်သောကြောင့် ကျွန်ုပ် နားလည်နိုင်စွမ်း မရှိသော အင်းတော်များ ဖြစ်ပါသည်။

ဌာပနာပွဲ မပြုလုပ်မီ (၃)ရက်အလိုတွင် သမ္ဗုဒ္ဓေအင်းတော်ကြီးများကို ရထားပြေး လက်ယာရစ် စီရင်ခိုင်းပါသည်။ အုတ်မြစ်စီသော ရတနာအုပ်များကို ဆရာတော်ကြီးကိုယ်တိုင် အင်းအစီအရင်များ ဆောင်ရွက်လေ၏။

## အောင်သိဒ္ဓိစေတီအတွက် အဂ္ဂိရတ်ပစ္စည်းများ

လုပ်ရတ်ပုဂ္ဂိုလ်များ၊ ပါရမီရှင် များ၊ သုတေသီများနှင့် ဝါသနာရှင်များ အတွက် အရောင်စုံ၊ အရွယ်အစားမျိုးစုံ ဖြစ်သည့် ဓာတ်သား၊ ဓာတ်လုံးများမှာ...

၁။ ဒီပဲယင်းဆရာတော်ကြီး၏ သွပ်လုံး, သံလုံး, ရေဇယ်သံလုံးများ, ခြသံများ, ပြဒါးလုံးများ, ဘော်သားလုံးများ၊ ကြေးဖြူ,ကြေးဝါ,ကြေးနီနှင့် ကြေးနက်လုံးများ၊

၂။ ဗောဓိတစ်ထောင် ဆရာတော်ကြီး၏ ဓာတ်လုံးများ၊

၃။ အလုံဓာတ်ဆရာကြီး၏ ဓာတ်လုံးများ၊

၄။ မောင်ခင်မော်၏ ဓာတ်လုံးများ၊

၅။ အခြားသော လုပ်ရတ်ဆရာများ၏ ဓာတ်လုံးများ၊

၆။ ဓာတ်တော်တောင်မှ ရရှိသော ဓာတ်သားများ၊

၇။ ဆွမ်းလုံးချောင်းမှ ရရှိသော ဓာတ်သားများ၊

၈။ ပုပ္ပါးတောင်မကြီးမှ ရရှိသော ဓာတ်သားများ၊

၉။ လုပ်ရတ်ဆိုင်ရာ ဓာတ်ဖက်, ဆေးဖက်(၂၇)မျိုးတို့ ပါဝင်ပါသည်။

ယင်းပစ္စည်းများကို အဖုံးအပိတ်ပါသော ယွန်းခွက်များဖြင့် ထည့်သွင်းဌာပနာထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မန္တန်ပညာရှင်များ၊ ပါရမီရှင်များ

အကျိုးအတွက်

၁။ဗားမဲ့ကျမ်းအတွဲ(၁,၂,၃)၊
၂။လောကီအင်္ဂုတ္တိုရ်မန္တန်ကျမ်း၊
၃။ပရိတ်တော်စာအုပ်များ၊
၄။ဂါထာတော်မျိုးစုံ၊
၅။ကဝေသာရကျမ်း၊
၆။ဆုတောင်းမျိုးစုံစာအုပ်များ၊
၇။ဝေဒဆိုင်ရာကျမ်းများ၊
၈။အင်းပညာသိုက်ကျမ်းများ (လောကီအင်္ဂုတ္တိုရ်အင်းကျမ်း)
၉။လောကီအင်္ဂုတ္တိုရ်ဆေးကျမ်းများကို ဌာပနာထားပါသည်။

အောင်မြေနှင့် ဓာတ်တော်များ

၁။ဗုဒ္ဓဂါယာမှ အောင်မြေများ၊ မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများမှ အောင်မြေများ၊
၂။နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များ၊
၃။အင်းဝဓာတ်တော်များ၊
၄။တကောင်းဓာတ်တော်များ၊
၅။ဇေယျာအောင်မြေ ဓာတ်တော်များ၊
၆။ပုပ္ပါးမှဓာတ်တော်များ၊
၇။ပုဂ္ဂိုလ်ထူးများ အသုံးပြုခဲ့သည့် ပုတီးများ၊
၈။ဆရာအရှင်များ ကိုင်ဆောင်ခဲ့သော တောင်ဝှေးများ၊
၉။ခုနစ်ရက်သားသမီးအတွက် စီရင်ထားသော နေ့နံအလိုက် ပုတီးများနှင့် အဆောင်လက်ဖွဲ့များ၊ ခါးလှည့်ကြိုးများကိုလည်း ထည့်သွင်းဌာပနာထားပါသည်။

စေတီတော်၏ အတွင်းအပြင်တစ်ဆူလုံးအား ရောင်ခြည်တော်များ ရရှိအပြီး စကြဲကြွတော်မူဟန် မတ်ရပ်ပုံတော် ရုပ်ကြွများဖြင့် မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီးကဲ့သို့ နေရာမလတ် စီမံ



လှည်းကူးမြို့နယ် နားကန်ကော်ဆံတော်ဦးကျောက် ဒီပဲယင်းဆရာတော်ကြီးမှ ဖောင်တော်ဆန် အဓိဋ္ဌာန်ကာင်းအောင် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးပုံတော် ပြုလုပ်၍ ပေးအပ်ပူဇော်ပုံ

တည်ထားတော်မူပါသည်။

စေတီတော်ပုံဟန်မှာ မြင်းမိုရ်တောင်ကဲ့သို့ ထုရှည်လုံးပေါ်တွင် ရွှေထီးတော်အထွတ်တင်၍ ဖိနပ်တော်၏အောက်ခြေတွင် အတွင်းလိုဏ်တစ်ခု ပြုလုပ်ထားရှိပါသည်။

လိုဏ်အတွင်း မိမိတို့ကျင့်ကြံအားထုတ်သော အင်း၊ ဆေး၊ မန္တန်၊ ဓာတ်၊ ပညာများ စသော ကိစ္စရပ်များအတွက် အဓိဋ္ဌာန်တင်ဆောင်ရွက်ရန် သိဒ္ဓိတင်ရန်နှင့် ဈာန်၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါးဖြင့် အားထုတ်နိုင်အောင် ပြုလုပ်ထားရှိပါသည်။

ပွဲတော်ရက်မှာ တပေါင်းလပြည့်နေ့ဖြစ်သော်လည်း ဒေသခံများ၏ ဆန္ဒကိုလိုက်လျော၍ တပေါင်းလဆန်း (၁၁) ရက်မှ စတင်ပြီး ကျင်းပကြပါသည်။

ပွဲတော်ကြီးတွင် သံဃာ့ဒါနဆွမ်းကြီးလောင်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများဖြင့် လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲများအဖြစ် သာစည်ခိုင်

ဇာတ်ပွဲ၊ မျက်လှည့်ပွဲ၊ နွားအလှ...
နှင့် လှည်းပြိုင်ပွဲများဖြင့် လည်းကော...
တစ်မြို့နယ်လုံးတွင် အစည်ကား...
ဖြစ်လေ၏။

ပွဲတော်ရက်အတွင်း ပွဲခင်းထဲ...
တောအရက်ဆိုင်များ မှိုလို...
အောင်ပင် အပြိုင်အဆိုင် ...
နေကြသော်လည်း ရမ်းကားဆူ...
ရန်ဖြစ်ခြင်း လုံးဝ မရှိသော...
ထူးခြားမှု ဖြစ်လေသည်။

ဒီပဲယင်းဆရာတော်ကြီး ဦး...
သိဒ္ဓိသည် အောင်သိဒ္ဓိစေတီတော်...
ကြီးအား ပါရမီရှင်များအတွက် ...
နှစ်သက်ရာ ကျင့်စဉ်စခန်း တက်...
အောင်မြင်ရေးအတွက် တည်...
တော်မူပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်

နှင့် ကျေးဇူးရှင် ဆရာတော်ကြီးများ



◆ ပုသိမ်မြို့ နိုကြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင် တိုက်
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိသုတ

ပုသိမ်မြို့၊ နိုကြောဓာရုံညောင်ပင်သာ
ပရိယတ္တိစာသင်တိုက်
ဆရာတော် အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တ ဝိသုတအား
ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်သည် **၁၃၀၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၆) ရက်နေ့တွင်** ဖွားမြင်ရာ (၆) ကြွင်း မဟာဘုတ် ပိုင်ရှင် ဖြစ်ပါတယ်။

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

၆–ကြွင်း မဟာဘုတ်

**၆–ကြွင်းမဟာဘုတ်အရ...**

**၂–လာဂြိုဟ်သည် မရဏအိမ်၌ ရပ်တည်နေသဖြင့်...**

* ငွေကြေးများစွာ ရရှိတတ်ခြင်း။
* ရပ်နီးရပ်ဝေးကသူများက ပို၍ ကြည်ညိုခြင်း။
* ငွေကြေးကို မမက်မောတတ်ခြင်း။
* ခရီးမကြာခဏ ကြွရခြင်းတို့ပါပဲ။

တစ်ဖန်...

**၆–ကြာဂြိုဟ်သည် ဘင်္ဂအိမ်၌ ရပ်တည်နေသဖြင့်...**

* အာဝဇ္ဇန်း ကောင်းခြင်း။
* ရပ်ဝေးဒေသသို့ ခရီးမကြာခဏ ကြွရခြင်း။
* စကားနည်းပါးသော်လည်း မတီးမပြည် တီးမှပြည်ဆိုသည့် သဘောမျိုး ရှိခြင်း။
* ဗြိုးခြံ ချွေတာတတ်ခြင်းတို့ပါပဲ။

**၄–ဟူးဂြိုဟ်သည် ရာဇအိမ်၌ ရပ်တည်နေသဖြင့်...**

* လာဘ်ကောင်း လာဘ်မြတ်များ ရရှိခြင်း။
* မင်းစိုးရာဇာများရဲ့ ကိုးကွယ်မှုကို ခံယူရခြင်း။
* ဘွဲ့ထူး ဂုဏ်ထူးများ ရခြင်းတို့ပါပဲ။

**စနေဂြိုဟ်သည် ပုတိအိမ်၌ ရပ်တည်နေသဖြင့်...**

* မွေးရပ်မြေတွင် မကြီးပွားတတ်ခြင်း။
* ရပ်ဝေးဒေသများနှင့် အကျိုးပေးခြင်း။
* ရပ်ဝေးမှ ဒကာ ဒကာမများရဲ့ အကူအညီ အထောက်အပံ့ကိုရခြင်း။
* ရပ်ဝေးနိုင်ငံခြားခရီး ကြွရခြင်း။
* ထီပေါက်တတ်ခြင်း။
* ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်များ ရရှိခြင်း. စသည်တို့ပါပဲ။

***အေးပါစေ အောင်ပါစေ၊***

သန်းပညာ





www.burmeseclassic.com

www.burmeseclassic.com

### မေတ္တသုတ်ထဲမှ ဝီယသိဒ္ဓိ ယဿာနုဘာဝတော

# မေတ္တာအင်းတော်ကြီး

သရက်ဦးစန်းယု
(ခေတ်မီအဘိဓမ္မာတောင်သာ)
တိုင်းရင်းဆေး၊ ဝါးခယ်မမြို့၊
ကံကွင်း



အင်းပညာရပ်၏ (၉၉)ရာနှုန်းနီးပါးသည် မြတ်စွာဘုရား၏ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကို အများအားဖြင့် ထည့်သွင်းစီရင်လာသည်ကိုသာ တွေ့မြင်ရဖူးပါသည်။

သိဒ္ဓိ(၁၀)ပါး ပြီးမြောက်အောင်မြင်စေသော အင်းများ၊ အင်းမစများ ရှိသကဲ့သို့ သိဒ္ဓိအစွမ်း တစ်ပါး,နှစ်ပါးသာ အောင်မြင်စေသော အင်းများ၊ အင်းစမများလည်း ရှိကြပါသည်။

ဤအထဲတွင် လူတိုင်းနီးပါးကလေးအရွယ်မှစ၍ လူကြီးများအဆုံး ကြားဖူးနာဝရှိသော ဗုဒ္ဓအာဏာစက်တော်မှာ မေတ္တသုတ်လာ ပရိတ်တော်ထဲမှ **"ယဿာနုဘာဝတော"** ဆိုလျှင် မရရှိကြသူ အလွန်နည်းပါးပါလိမ့်မည်။

ဗုဒ္ဓစာပေကို လေ့လာလိုက်စားသူတိုင်း မေတ္တသုတ်ပရိတ်တော်၏ အစဆုံးဖြစ်သည့် " ယဿာ နုဘာဝတော ယက္ခာ နေ၀ ဒဿေန္တိ ဘီသနံ"အစရှိသော ဂါထာကို အလွတ် နှုတ်တိုက်ရရှိကြသည်။

ထိုသို့ ရရှိကြသလို အကျိုးပေးရာတွင်လည်း အမျိုးမျိုး ကွဲပြားခြားနားလှသည်။ ယဿာနုဘာဝတော အစရှိသော မေတ္တသုတ်ပရိတ်တော် အစသည် စောင်ခြုံလျှင်မလုံ၊ မေတ္တာခြုံမှလုံသည် ဆိုရိုးစကား ရှိသကဲ့သို့ မေတ္တာတရားကို အခြေခံသော ဂါထာဖြစ်၍ လူ,နတ်,ဗြဟ္မာ,တိရစ္ဆာန်ဆိုးစသော သတ္တဝါအပေါင်းတို့ကို ချစ်ခင်နှစ်သက်စေပြီး လူဆိုး၊ နတ်ဆိုး၊ တိရစ္ဆာန်ဆိုး ဘေးအပေါင်းမှ ကင်းဝေးစေသော ဂါထာပရိတ်တော်မြတ်ဖြစ်သည်။

**မှတ်ချက် ။ ။ ပရိတ်တော်အကျယ်သိလိုပါက ပရိတ်ကြီးစာအုပ်များတွင် ကြည့်ရှုနိုင်ပါသည်။**

ထို့ကြောင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်များ ရှေးဟောင်း ဂမ္ဘီရအတတ်ပညာများ ဗဟုသုတများ တိုးပွားစေရန်အတွက် ရေးသားဖော်ထုတ် တင်ပြရခြင်း ဖြစ်ပါသည်။

ယဿာနုဘာဝတောအင်း စီရင်အသုံးပြုရာတွင် ရက်ထူးရက်မြတ် **အမြိတ္တစုတ်နှင့် နက္ခတ်အဝင်နေ့မှာ** စီရင်ရွေးချယ်ပြီး ရေချိုးသန့်စင်ကာ သန့်ရှင်းစင်ကြယ်သော အဝတ်အထည်များ ဝတ်ဆင်၍ ဘုရားရှင်အား ဆီမီးတိုင်၊ အမွှေးတိုင်၊ သောက်တော်ရေချမ်း ကပ်လှူပူဇော်ပြီး ငါးပါးသီလကို ခံယူဆောက်တည်၍ ပွဲ(၁၆)ပွဲ ပြင်ဆင်လှူဒါန်းရမည် ဖြစ်ပါသည်။

**ပွဲပြင်ဆင်ရန်မှာ...**

၁။ ဘုရားအတွက်တစ်ပွဲ၊
၂။ ဆရာအတွက်တစ်ပွဲ၊
၃။ အဖအတွက်တစ်ပွဲ၊
၄။ အမိအတွက်တစ်ပွဲ၊
၅။ သူရဿတီနတ်တစ်ပွဲ၊
၆။ စန္ဒီနတ်တစ်ပွဲ၊
၇။ ပရမီသွာနတ်အတွက်တစ်ပွဲ၊
၈။ မဟာပိန္နဲနတ်တစ်ပွဲ၊
၉။ ဈောရမန္တ နတ်တစ်ပွဲ၊
၁၀။ ရုက္ခစိုးနတ်တစ်ပွဲ၊
၁၁။ ဘုမ္မစိုးနတ်တစ်ပွဲ၊
၁၂။ အာကာသစိုးနတ်တစ်ပွဲ၊
၁၃။ အိမ်ရှေ့နတ်တစ်ပွဲ၊
၁၄။ သိကြားမင်းတစ်ပွဲ၊
၁၅။ ဗြဟ္မာမင်းတစ်ပွဲ၊
၁၆။ အင်းစီရင်သူ (ဝါ) မိမိစားရန်အတွက်တစ်

ယင်း(၁၆)ပွဲအသီးသီးကို ပသတင်လှူပူဇော်ရပါမည်။

ပွဲ(၁၆)ပွဲ တင်လှူပြီးလျှင် ဘုရားရှေ့ တော်တွင် ငါးပါးသီလခံယူ ဆောက် တည်ပြီး မေတ္တာဘာဝနာ ပို့သရပါ မည်။

ငါးပါးသီလ ဆောက်တည်ပြီးချိန် မှာ ယဿာနုဘာဝတောအင်းကို ပေရွက်မှာဖြစ်စေ၊ မိုင်းကိုင်စက္ကူမှာ ဖြစ်စေ အင်းကျိုးအင်းကန်း မရှိရအော အောင် အင်းကို ရေးသားစီရင်၍ သောအခါ အင်းကို မီးရှို့ပြာချ နှံ့သာငါးပါးရည်တွင်ဖျော်၍ သစ





www.burmeseclassic.com

www.burmeseclassic.com

ဇာတန်းကို ဘုရားရှေ့တော်မှာဆို၍ အင်းကို သောက်ပေးရပါမည်။

**သစ္စာဆိုရန် ပြောဆိုရန် စာတန်းမှာ...**


"အကျွန်ုပ်သည် ငါးပါးသီလကို အသက်ထက်ဆုံး ဆောက်တည် ထိန်းသိမ်းပါ၏ ဘုရား။ ထိုသစ္စာ မှန်ပါသရွေ့ စောင့်လေမြဲစွာ၊ တည်ပါသမျှ ကာလအတွင်း နတ်ခပင်းကို၊ နိုင်နင်းပါစေ၊ ဒေဝါမာဃ၊ ပီယပီယာ နတ်များစွာလည်း ချစ်စွာပီတိ ရှိပါစေသော်။

တောနေတောင်နတ်၊ သစ်ပင်စောင့်မျိုး ဘုမ္မစိုး၊ ရုက္ခစိုး နတ်အမျိုးနှင့် တန်ခိုးကြီးမား အာကာသစိုး အမျိုးများစွာ၊ ပီယာသိနေဟာ မိတ်နှင့်သား၊ ကဲ့အလားသို့ ချစ်ပွားစေတနာ၊ မေတ္တာမျှဝေ၊ တထွေလူမှာ၊ များတကာနှင့် ရာဇာမင်းမှ၊ တောင်ညာစသည် ဒေဝဒေဝီ သူရဿတီ၊ စန္ဒီစန္နာ၊ ဇောဇာလျှမ်းပတ်၊ အိမ်ရှေ့နတ်က၊ နတ်မျှပြုပ္ပာ၊ ကိုယ်တိုင်လာ၍၊ စေတနာကောင်းမှု တောင်းသောဆုကို၊ ယခုမကြာ ပြည့်စေသတည်း။

နတ်များတကာ ချစ်ပါစေသတည်း။ ငါ့စကားကို၊ လူများတကာ၊ နားမှာမသွေ ထောင်စေသတည်း။ ငါလိုသမျှ စိတ်ဆန္ဒကို၊ တောင့်တမသွေ၊ ပြီးစေသတည်း။

သူရဿတီနတ်များ၊ ခုနစ်ပါးတို့၊ ထင်ရှားကိုယ်၌၊ ထိုက်သည်မျက်မှောက်၊ ရောက်စေသတည်း။ သူ့စံပမင်း၊ ကျော်စောထင်ရှား နတ်ငါးပါးလည်း၊ ငါ့အားနေ့ညမပြတ်၊ စောင်မစေသတည်း။ ငါလိုသမျှ စိတ်ဆန္ဒကို၊ ဇောဇကျော်ဟိုး ရုက္ခစိုးလည်း မြတ်နိုးစုံမက်၊ လွန်နှစ်သက်၍၊ ဆုမြတ်တောင်းပေတည်း။ ပေးချမှုချ ရစေသတည်း။ ကြီးထိပ်သံခြေကျင်း နှောင်းအိမ်လွှင်းလည်း တွင်းလောင်ကပ်ဖိ၊ ထွက်နိုင်ပါစေသည်း"

**၅) သစ္စာအဓိဋ္ဌာန်စာတန်း**ကို ဘုရားရှေ့မှာ ဖတ်ပြီးသည့်အချိန်မှာ နိုင်းကိုင်စက္ကူတွင်* ပြာချထားသော အင်းပြာကို အင်းဆန်ဖြစ်သည့် '**ယဿာနုဘာဝတော (ပ) ဒိဝမတန္တိတော**' အင်းဆန်ဂါထာဖြင့် (၃၇)အုပ်မန်း၍ အင်းကို နံ့သာရည်ငါးပါးနှင့်ဖျော်၍ သောက်ပါလေ။



အင်းကို သောက်သည့်နေ့မှစ၍ မေတ္တာသုတ်ပရိတ်တော်ကို နံနက်(၁)ခေါက်၊ ညပိုင်း(၁)ခေါက် နေ့စဉ်ရွတ်ဖတ်ပူဇော်၍ သတ္တဝါအားလုံးတွေကို မေတ္တာဘာဝနာပို့သပါ။

**အင်း၏ အစွမ်းသိဒ္ဓိကတော့** သဗ္ဗသိဒ္ဓိအကုန်လုံး ပြီးစီးနိုင်သည် ဆိုပါသည်။ (ဝါ) ပီယသိဒ္ဓိပြီး၏။

**ယဿာနုဘာဝတော အင်း၏ အကျိုးသိဒ္ဓိစွမ်းအင်လင်္ကာမှာ...**

အင်းစောင့်အတိုင်း၊ မြင်းသွားမြင်းသေ၊ မှန်အောင်ချလေ၊ မျိုးလေးပါးတို့၊ မှတ်သားစဉ်လာ၊ ထားခဲ့မှာသည်၊ အက္ခရာအကျော် ပရိတ်တော်ကို၊ နောင်သောလူများ၊ အမျိုးသားတို့၊ ယုံမှားမရှိ၊ မှတ်ကြသိလော၊

ကြီးဘိတန်ခိုး၊ အလျှိုးမဆွ၊ လွန်ပိုင်သ၏။ ပြီးလှသိဒ္ဓိ၊ ကိတ္တိတည်ကြည်၊ အာဏာတည်၍၊ များသည့်ခန၊ ကြွယ်ဝဥစ္စာ၊ လာဘ်လာဘတည်း၊ ဝင်လာမစဲ၊ တသဲသဲတည်း။

အမြဲကေန်၊ နေ့တိုင်းမှန်၏၊ သုခချမ်းသာ၊ များစွာခြွေရံ၊ ပီတိလျှံ၍၊ တစ်ဖန်မကွာ၊ ဝင်လာကြကုန်၊ လူထိုမျှလည်း၊ ဆိုကြမလွဲ၊ ကျော်သံသီတင်း၊ ကြီးခြင်းကျက်သရေ၊ တက်သစ်နေသို့၊ ဘုန်းဝေညွန့်လမ်း၊ လသစ်ဆန်းသို့၊ ပွင့်လန်းမျက်နှာ၊ ကရုဏာနှင့်၊ ပီယာပုံပွား၊ လူအမည်လည်း၊ သနားစုံမက်၊ လွန်နှစ်သက်၍၊ အထက်မြင့်စွာ၊ နတ်ဒေဝါတို့၊ မာတာပီတာ၊ မိဘအသွင်၊ လွန်ချစ်ခင်၏။

သစ်ပင်မြိုင်မြိုင်၊ စောင့်တိုင်းမြဲစွာ၊ ရုက္ခာနတ်များ၊ သနားချစ်ခင်၊ သား၏သွင်သို့၊ ကြည်လင်လေးမြတ်၊ နေ့တိုင်းကြပ်၏။ မပြတ်စောင်မ၊ ဘုမ္မဒေဝါ၊ နတ်တကာနှင့်၊ မြေမှာစောင့်ခြင်း၊ နတ်ရှင်မင်းလည်း၊ သားရင်းပမာ၊ မြဲမြဲစွာလျှင်၊ မေတ္တာချစ်ထုံး၊ နှလုံးချစ်ကြည်၊ ချစ်သည့်စေတနာ၊ ကြီးလှစွာ၍၊ မြေမှာနံ့ထား၊ ဥစ္စာများကို၊ ပြပြားကုန်လေ၊ ပေးတုံပေးအံ၊

နတ်ဒေဝါပေါင်း၊ ကောင်းရာပင်သို့၊ ပီယာသိန္ဓေ၊ ပွားထွေကရုဏာ၊ ချစ်မေတ္တာနှင့်၊ တစ်ရာ့တစ်ပါး၊ လူမျိုးများသို့၊ သားကြားရင်သွေး၊ သားမြေးပမာ၊ ကြင်နာစုံမက်၊ လွန်နှစ်သက်၏။

စက်ပရိတ်တော်၊ တေဇော်တန်ခိုး၊ အနာမျိုးလည်း၊ ကိုးဆယ့်ခြောက်ပါး၊ များသည့်ရန်ဘေး၊ ကင်းဝေးပယ်ခွာ၊ လွန်ချမ်းသာသည်၊ မြတ်စွာဘုရားရှင်၊ မိန့်ခွန်းတည်း။

**အထူးအားဖြင့်** ယဿာနုဘာဝတော အင်းကို စီရင်ရာတွင် အင်း၏ စည်းကမ်းအရ အင်းကျိုးခြင်း၊ အင်းကန်းခြင်း၊ အင်းပေါက်ခြင်းများ မရှိအောင် စီရင်ရပါမည်။ အင်းချစီရင်ခြင်းကိစ္စ မကျွမ်းကျင်သေးပါက ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ "မြန်မာ့အင်းပညာ(၁)" ဆရာစော (အင်းတစ်ထောင်)၏ ဆောင်းပါးတွင် နည်းယူ၍ အင်းကို စီရင်နိုင်ပါသည်။

ယခု ယဿာနုဘာဝတောအင်းမှာ (ဝ)ဗျည်းအက္ခရာ ပါရှိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အင်းဆန် (ဝ)ဗျည်းသွင်းခဲ့လျှင် လက်ယာရစ်၍ (ဝ)ဗျည်းအက္ခရာကို ရေးသွင်းပါလေ။ **လက်ာ** "(ဝ)ဗျည်း သဖွယ် သုညငယ်ကို လွယ်မည်မထင်နှင့်" အဓိပ္ပါယ်မှာ (ဝ)ဗျည်းကို လက်ယာရစ် ရေးရမည်။ (ဝ)သုညကို လက်ဝဲရေးသားရပါမည်။

(ဝ)ဗျည်းရေးသားပုံ


* * *——————→


(ဝ)သုညရေးသားပုံ

* * *——————→

* * *

ရေမြေလေမီး ဓာတ်ကြီးလေးပါး တို့ဖြင့် ပြုပြင်လေသော ဤခန္ဓာကိုယ်ကြီး၏ အာယုဝဍ္ဎနလက်မွန်ကား ပီယသိဒ္ဓိ(လူနှတ်ချစ်ခင်မှုဟာ) အရေးကြီးဆုံး မူလဘူတဖြစ်လေသည်ဟု မုချမှတ်ပါ။




ပီယသိဒ္ဓ (လူနှတ်တိရစ္ဆာန်ချစ်ခင် မှုလည်း အနှောင့်အယှက် အဖျက် အဆီး ကင်းဝေးမည် ဖြစ်ပါသည်။ ဖျက်ဆီးသောရန်သူ မရှိသောအခါ ဓနသိဒ္ဓိ (ပစ္စည်းဥစ္စာပြီးကြောင်း)ကို စီရင်ရပါမည်။

ဓနသိဒ္ဓိ ပစ္စည်းဥစ္စာ ကြွယ်ဝပြီး မြောက်မှုလည်း အလိုအတိုင်း ဖြည့် စွမ်းနိုင်သောအခါမှာ ကာယသိဒ္ဓိကို ဆက်ပြီးစီရင်ရမည် ဖြစ်ပါသည်။

ကာယသိဒ္ဓိ ပြီးမြောက်အောင်မြင် မှုလည်း အာယုဝဍ္ဎနအသက်ရှည်ခြင်း

ယသာနုဘာဝတောအင်းဆန်ဂါထာ

| | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ယ | သာ | နု | ဘာ | ဝ | တော | ယ | ကွာ | နေ | ဝ | ဒ | ဿ | နှိ | ဘီ | သ | နံ | ယ | ပို | စေ | ဝိ | နု | ယု | ဥ | နော္တ | ရ | တ္တိ | နှိ | ဝ | မ | တ | နှိ | တော |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၀ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ |

**(အားလုံးပေါင်း ၃၂ ကောဋ္ဌာသကမ္မဋ္ဌာန်းနှင့် တူညီ၏)**

အင်းအမ အင်းဆန်သွင်းပြီးပုံ

| | | | | | |
|---|---|---|---|---|---|
| | ယ | ကွာ | သ | ဝ | |
| နှိ | ဘီ | နှိ | သာ | နေ | နံ |
| ဝိ | ယ | တော | မ | နော္တ | နု |
| နှိ | တ | နု | တ္တိ | ယ | ဝ |
| တော | စေ | ဿ | ဥ | ဘာ | ရ |
| | ယု | ဝ | ပို | ဒ | |

အင်းအမ အင်းဆန်သွင်းရန်နံပါတ်စဉ်ဇယားအင်း

| | | | | | |
|---|---|---|---|---|---|
| | ၁ | ၈ | ၁၅ | ၂၈ | |
| ၃၁ | ၁၄ | ၂၇ | ၂ | ၉ | ၁၆ |
| ၂၀ | ၇ | (၃၂) | ၂၉ | ၂၄ | ၃ |
| ၁၃ | ၃၀ | ၂၁ | ၂၆ | ၁၇ | ၁၀ |
| ၆ | ၁၉ | ၁၂ | ၂၃ | ၄ | ၂၅ |
| | ၂၂ | ၅ | ၁၈ | ၁၁ | |

အင်းအဖို အင်းဆန်သွင်းပြီးပုံ

| | | | | | |
|---|---|---|---|---|---|
| | တော | ရ | ပို | ဝ | |
| သာ | စေ | တော | နှိ | နော္တ | ယ |
| နှိ | တ္တိ | ယ | ဘာ | နေ | တ |
| ဝိ | နု | ဿ | ယ | နံ | ဥ |
| နှိ | ဘီ | နု | ဝ | မ | ကွာ |
| | ဒ | ဝ | သ | ယု | |

အင်းအဖို အင်းဆန်သွင်းရန်နံပါတ်စဉ်ဇယားအင်း

| | | | | | |
|---|---|---|---|---|---|
| | (၃၂) | ၂၅ | ၁၈ | ၅ | |
| ၂ | ၁၉ | ၆ | ၃၁ | ၂၄ | ၁၇ |
| ၁၃ | ၂၆ | ၁ | ၄ | ၉ | ၃၀ |
| ၂၀ | ၃ | ၁၂ | ၇ | ၁၆ | ၂၃ |
| ၂၇ | ၁၄ | ၂၁ | ၁၀ | ၂၉ | ၈ |
| | ၁၁ | ၂၈ | ၁၅ | ၂၂ | |

အမှုကိစ္စကို စီရင်ပြီး အလိုရှိတိုင်း ပြီးမြောက်လေရာ၏။ ယသာနုဘာဝတော မေတ္တာဝင်ပီယသိဒ္ဓိအင်းသည် အစွမ်းထက်မှု အနိမ့်အမြင့် ပါဝင် တိုင်းတာရပါလိမ့်မည်။

ထိုအတိုင်းအတာတို့တွင် အရေး ကြီးဆုံးက **ငါးပါးသီလလုံခြုံ** ပထမအရေးကြီးဆုံး ဖြစ်ပါသည်။ ငါးပါးသီလနှင့် ပြည့်စုံပါက အထက် ဖော်ပြခဲ့သော အင်း၏ အကျိုးကျေး များကို ခံစားရမည် ဖြစ်ပါသည်။

လူသိနည်းသော မေတ္တာသုတ် ပီယသိဒ္ဓိ ယသာနုဘာဝတော မေ အင်းအကြောင်းကို မြန်မာတို့၏ နယ်မှ လက်ဆောင် ဗဟုသုတ အဖြစ် မေတ္တာရှေ့ထား၍ ရေး တင်ပြလိုက်ပါသည်။

**ဆရာဦးစန်းယု**

***(ခေတ်မီအဘိဓမ္မာတောင်သာ***

**တိုင်းရင်းဆေး ဝါးခယ်မမြို့ ...**



www.burmeseclassic.com

www.burmeseclassic.com

"**အသက်ကြီး–ဆင်စီး**"ဟူသော စကားရှိ၏။ အဓိပ္ပါယ်မှာ အသက်ကြီးလာလျှင် ဆင်တုံးမနွယ်ဆေးကို သုံးဆေးတစ်လက်အဖြစ် အမြဲသုံးရန်ဖြစ်၏။

လူတိုင်းပင် အသက်အရွယ်ကြီးရင့်သောအခါ သွေးတိုးရောဂါ၊ လေငန်းရောဂါ အဖြစ်များကြ၏။

ယခုခေတ်တွင်ကား အသက်ကြီးများသာမဟုတ် အသက် (၄၀) ကျော် လူလတ်ပိုင်းအရွယ်များတွင် သွေးတိုးရောဂါ ဖြစ်သူများရှိ၏။

အချို့မှာ ငယ်ငယ်ရွယ်ရွယ်နှင့် လေဖြတ်ခံရသဖြင့် လက်တစ်ဖက် မရခြင်း၊ ပါးရွဲ့ခြင်း စသည့် ဝေဒနာ ခံစားကြရလေသည်။

ယခုဖော်ပြမည့် **ဆင်တုံးမနွယ် ဖျော်ရည်**ကို အမြဲ သောက်သုံးပါက သွေးတိုးနှင့် လေငန်းရောဂါများ မဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ခြင်း၊ ... ကော်အတန် ရောဂါခံစားနေရသူ အတွက်လည်း ယင်းဆေးကို သောက်သုံးပါက ရောဂါပျောက် နိုင်ခြင်းအကျိုးများကို ခံစားရ ... ဖြစ်ပါသည်။

ယင်းဆေးသည် သွေးတိုးလေငန်း ... ကိုသာမက **အစာအိမ်ရောဂါ၊ ... ထိုးလေအောင့်ရောဂါ** ခံစား ... သူများလည်း အမြဲ စွဲသောက်က ... ကင်းစေပါသည်။

ဆင်တုံးမနွယ်သည် မြေနေရာမရွေး ... တတ်သော နွယ်ပင်တစ်မျိုးဖြစ် ... မိမိတို့မြို့ရွာတွင် ယင်းအပင်ကို ... သူများအား စုံစမ်းရှာဖွေပါက ... ယ်တကူ ရရှိနိုင်မည် ဖြစ်ပါသည်။

**ဆင်တုံးမနွယ်အဖိုပင်**နှင့် အမပင် ... မျိုးရှိသည်။ အဖိုပင်မှာ အသား ... ပြီး နွယ်တွင် အဖုကလေးများ



ဦးကျော်ဖြိုးအောင်
(ပေါက်ခေါင်း)

# သွေးတိုး လေငန်း အစာအိမ် ရောဂါများအတွက်

## ဆေးကောင်းတစ်လက်

ပါရှိသည်။

**အမပင်၏နွယ်မှာမူ** အဖုကလေး များမပါဘဲ စင်းလုံးချောဖြစ်၏။ အဖိုပင်ထက်လည်း ပို၍ ပျော့ပျောင်း၏။ အချို့က ယင်းအမပင်ကို "**ဆင်သစ်မနွယ်**"ဟုလည်း ခေါ်ကြ၏။

**ဆင်တုံးမနွယ်ဖျော်ရည် ဆေးဖော်စပ်နည်းမှာ**...

ဆင်တုံးမနွယ်ကို ဓားပြတ်ပြတ်ဖြင့် ပါးပါး လှီးပါ။ ထို့နောက် ဘာလီပုလင်း သို့မဟုတ် ရမ်ပုလင်းကြီးထဲသို့ ဓားဖြင့် လှီးဖြတ်ထား သော ဆင်တုံးမနွယ်အချပ်ကလေးများကို ပုလင်းတစ်ဝက်ခန့်ထည့်ပါ။

ပြီးလျှင် ထန်းလျက် (၂၅)ကျပ်သားခန့်ကို ထုထောင်းခြေမွပြီး ရေသန့်သန့်ဖြင့်ဖျော်ပါ။ ထန်းလျက်ထဲတွင် အမှိုက်သရိုက်များ ပါလာတတ်၍ ရေစစ်ဖြင့်စစ်ပြီး ဆင်တုံးမနွယ် ထည့်ထားသော ပုလင်းထဲသို့ ပြည့်အောင် ထည့်ရမည်။

ထို့နောက် ပုလင်းဖုံးကို သေချာပိတ်၍ နေရောင်ထဲတွင် (၇)ရက်ခန့် နေလှန်းထား ရမည်။ ဆေးရည်ကို နေရောင်ဖြင့် ချက်ခြင်း ဖြစ်သည်။

အချို့က ထန်းလျက်ရည်ကို မီးဖြင့် ကျိုချက်၍ ထည့်တတ်ကြသည်။ ထိုသို့ ကျိုချက်ခြင်း မပြုရပါ။ ဆေးရည်ကို နေရောင်ဖြင့် ချက်ချင်းသည်သာ နည်းလမ်းမှန်ကန်သည်။

ဆေးပုလင်းများကို နေရောင်တွင် လှန်းထားသောအခါ ပုလင်းထဲမှ စီပေါင်းကလေးများ အပေါ်သို့ လုတက် နေသည်ကို တွေ့ရမည်။

(၇)ရက်ခန့် နေလှန်းပြီးသောအခါ သောက်သုံးရန် အသင့်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

ဆင်တုံးမနွယ်ဖျော်ရည်ဆေးကို ရရှိပြီး ဖြစ်ပါသည်။

**ဆေးသောက်သုံးနည်းမှာ** အရက်ချင်သောပက်ခွက်ဖြင့် တစ်ပက်ခန့်ကို နေ့စဉ် ည၊ နံနက်ခွဲ၍ ထမင်းစားခါနီး သောက်ပါ။ များလျှင်လည်း အန္တရာယ် မဖြစ်စေပါ။

အရက်ချင်သော ပက်ခွက်မရှိလျှင် ဝီစကီပုလင်းအဖုံးဖြင့် နံနက်တစ်ဖုံး၊ ညတစ်ဖုံး ချင်၍ သောက်နိုင်သည်။

ရိုးရိုး ဘာလီပုလင်းအဖုံးဆိုလျှင် တစ်ခါသောက် နှစ်ဖုံးခန့်သောက်ပါ။ ဆေးအရသာမှာ အနည်းငယ် ခါးသည်။ အခါးကြောက်လျှင် ဆေးသောက်ပြီး ရေထပ်သောက်နိုင်သည်။

ဆေးသောက်၍ ပုလင်းထဲမှာ ဆေးအတော်အတန် လျော့သွားလျှင် သောက်ရေထပ်ဖြည့် နေထပ်လှန်းပေးပါ။ ဤကဲ့သို့ နေလှန်းလိုက် သောက်လိုက် လုပ်၍ ရပါသည်။

**နေလှန်းသည့်အခါ ပုလင်းထဲမှာ စီပေါင်းကလေးများ အထက်သို့ အလုအယက် ပြေးတက်နေသေးလျှင် ဆေးအာနိသင်ရှိသည် ဖြစ်ပါသည်။**

အခါးဓာတ်လုံးဝကုန်၍ နေလှန်းသည့်အခါတွင် စီပေါင်းများ အထက်သို့တက်ခြင်း မရှိတော့လျှင် ဆေးအာနိသင်ကုန်၍ အသစ်တစ်ပုလင်း ထပ်၍ ဖော်စပ်ရပါမည်။ ဆေးတစ်ပုလင်းလျှင် တစ်လခန့်သောက်ရပါသည်။

ဆင်တုံးမနွယ်ကို အမှုန့်ပြု၍ ထန်းလျက်ဖြင့်လုံးကာ အခြောက်လှန်းပြီး ဆင်တုံးမနွယ်ဆေးလုံးကလေးများလည်း ပြုလုပ်၍ ရပါသည်။

သို့ရာတွင် ဆင်တုံးမနွယ်ဖျော်ရည်လောက် အာနိသင်မထက်မြက်ဟု ယူဆပါသည်။

ဆင်တုံးမနွယ် ဖျော်ရည်မှာ နေရောင်ဖြင့်ချက်ခြင်းဖြစ်၍နေ... ခြည်ထဲမှ စွမ်းအင်များကို အများ... စုပ်ယူ ထိန်းသိမ်းနိုင်ပါသည်။

ဤ ဆင်တုံးမနွယ်ဖျော်ရည်ဆေး... သည် သွေးတိုး၊ လေငန်း၊ လေ... လေအောင့်ရောဂါများပျောက်ကင်း... သည်သာမက အစာခြေချက်မှု... ကောင်းခြင်း၊ လေလိုက်ခြင်း၊ မျ... အမြင်ဓာတ် ကြည်လင်စေ... စသည့် အကျိုးများလည်း ရ... သဖြင့် အရွယ်မရွေး သောက်သုံး... သော ဆေးဖြစ်ကြောင်း တင်ပြလို... ပါသည်။

*သဗ္ဗေသတ္တာ အဝေရာ ဟောန္တု*

**ဦးကျော်အေးအောင်**
*(ပေါက်ခေါင်း)*

# နွားပခုံးပေါက်



## နွားအတွက် ဆေးနည်းတစ်လက်

ကျွန်တော်တို့ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထား လုပ်ကိုင်နေရသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများနှင့်အတူ နေပူမရှောင် မိုးရွာမရှောင် ဒိုးတူပေါင်ဖက်သွားလာ လုပ်ရှားနေရသော ခိုင်းနွားကြီးများသည် ကျွန်တော်တို့၏ ကျေးဇူးရှင်များဆိုလျှင်လည်း မမှားနိုင်ပါ။ ထို ခိုင်းနွားကြီးများသည်လည်း ကျွန်တော်တို့ လူသားများနည်းတူ တစ်ခါတစ်ရံ မကျန်းမမာ ဒဏ်ရာအနာတရ ဖြစ်တတ်ကြပါသည်။

အထူးသဖြင့် ကြိုထယ်ရေးပြင်ကာလ၊ မိုးဦးကျ မိုးမနူးမနပ်ရွာသော အချိန်ကာလများတွင် ထွန်ရေးငင်မိလျှင် ခိုင်းနွားကြီးများသည် ပခုံးပေါက်နာ အဖြစ်များကြပါသည်။

ထိုသို့ **နွားပခုံးပေါက်နာ** ဖြစ်ပြီဆိုလျှင်...

'ဖွတ် ဝမ်းတွင်းမှ အဆီပြားကို ထုတ်ယူပြီး ပုလင်းသေးသေးထဲထည့်၍ နေပူမှာ လှမ်းပေးရပါမည်။

ထိုသို့နေပူမှာ လှမ်းလိုက်လျှင် ဖွတ်၏အဆီများ ပျော်လာပါလိမ့်မည်။ ထိုဖွတ်ဆီနှင့် ဆတူ ပျားရည်ကို ရောစပ်ပြီး တံပိုး ခိုင်းနွားများ၏ ပခုံး... တစ်နေ့တစ်ကြိမ်လိမ်းပေးပါ'

ထိုသို့ ဆောင်ရွက်ခဲ့ပါက နွားပခုံးပေါက်နာ သက်သာပျောက်ကင်းနိုင်ပါကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတ်... ဘဝတူ တောင်သူလယ်သမားကြီးများအား မျှဝေ တင်ပြပေးလိုက်ရပါသည်။

*သတ္တဝါအများ ကျန်းမာ ချမ်းသာကြပါစေ။*


**ကိုဝင်းတင် (လယ်လှ) အထက်မင်းလှ**



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက်



## ဆုကြီးများ ဆွတ်ခူးနိုင်ဖို့



ဒီဇင်ဘာလတွင် ထီဆုကြီးများနှင့် နီးစပ်ကံထူးနိုင်ကြစေရန်အတွက် **၂၊ ၁၊ ၉၊ ၃** ဂဏန်းခြေများကို **ဂ၊ ဠ၊ ဗ၊ အ** အက္ခရာ များနှင့် တွဲဖက်ကံစမ်းပါ။

ဂဏန်းပူး ဂဏန်းထပ်များကို ရွေးချယ်လိုလျှင် **၂၊ ၁၊ ၉၊ ၃** နှစ်လုံးထက် ပိုမို ပါဝင်သော ထီလက်မှတ်ကို ရှာဖွေပါ။

ယခုလ ကောဇာဂြိုဟ်ခွင် အနေအထားအရ ကံထူးနိုင်သူတို့မှာ တနင်္ဂနွေသားသမီး၊ အင်္ဂါသားသမီးနှင့် ကြာသပတေးသားသမီးတို့ ဖြစ်ကြသည်။

မွေးလရာသီအရ ကံအခွင့်အလမ်းများကို အသုံးပြုလိုပါက အောက်တွင် ကြည့်ပါ။

* * *

**မိဿရာသီ(မတ် ၂၁ မှ ဧပြီ ၂၀ အတွင်း)**ဖွားသူတို့သည် (၃)ဂဏန်း၊ ပန်းရောင်၊ တောင်အရပ်၊ တနင်္လာနေ့၊ သန္တာကျောက်တို့က ကံလာဘ် ပွင့်လင်း စေလိမ့်မည်။ ခါးသောအရသာကို စားသုံး၍ ကံစမ်းသင့်သည်။

သောကြာသားသမီးတို့နှင့် စပ်တူထိုးနိုင်သည်။ တနင်္ဂနွေသားသမီးများနှင့် အစုစပ် မလုပ်သင့်ပါ။ ကျန်ရာသီဖွားတို့သည်လည်း ဤအ... ဇယားကို ကောက်ယူ အသုံး... သည်။

**ထီလက်မှတ် အရောင်းဆိုင်... ရာ ဌာနအနေဖြင့်...** လ... ပန်းခြံ၊ ကွင်းပြင်နှင့် ထင်... နေရာများအနီး ဖွင့်လှစ်ရောင်း... ဆိုင်ကို ရှာင်သင့်သည်။ လ...

လမ်းမြောင် ထောင့်... သစ်ပင်ကြီးအောက် ... မြေနိမ့် စသည်၌ ဖွင့်လှ... ဆိုင်ကို ရွေးပါ။

ရေဆိပ်၊ ချောင်းကမ်း... ကမ်း၊ ရေကန်အနီး ... ရေနှင့်နီးစပ်သော နေ... များလည်း ကံထူးစေနိုင်...

**ထီကံမြင့်ယတြာ ... ပါက...** အဝါရောင်၊ အ... တို့ကို အောက်ခံ နှင်း... အနီရောင်၊ အနက်... အထက်ပိုင်း၌ ဆော...

**ဥပမာ** ။ ။ အဝါ... သော ဖိနပ်ကို စီးနင်း... ရောင်ဖဲထီးကို ဆောင်း... ခြင်း ပြုနိုင်ပေသည်။

**ထီဆုကြီးမျာ... ဆွတ်ခူးနိုင်ကြ...**

**ထက်မင်းကျော်...**

| မွေးလရာသီ | ဂဏန်း | အရောင် | အရပ် | လာဘ်ပွင့်နေ့ | အရသာ | ကျောက်မျက် | စပ်တူထိုးလျှင် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿ မတ်၂၁မှဧပြီ၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | တနင်္ဂနွေ |
| ပြိဿ ဧပြီ၂၁မှမေ၂၀ | ၉ | အဖြူ | အရှေ့မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူး | ကြာသပတေး |
| မေထုန် မေ၂၁မှဇွန်၂၀ | ၇ | အနက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | သောကြာ |
| ကရကဋ် ဇွန်၂၁မှဇူ၂၀ | ၀ | အနက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | သောကြာ |
| သိဟ် ဇူ၂၁မှဩ၂၀ | ၅ | အဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချိုဆိမ့် | ဥဿဖရား | တနင်္ဂနွေ | တနင်္လာ |
| ကန် ဩ၂၁မှစက်၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | တနင်္ဂနွေ |
| တူ စက်၂၁မှအောက်၂၁ | ၆ | အပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါ | စနေ |
| ဗြိစ္ဆာ အောက်၂၃မှနို၂၀ | ၈ | မြက်ကျား | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေ | ဗုဒ္ဓဟူး |
| ဓနု နို၂၁မှဒီ၂၀ | ၂ | အဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူး | ကြာသပတေး |
| မကာရ ဒီ၂၀မှဇန်၁၉ | ၁ | အနီ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေး | အင်္ဂါ |
| ကုံ ဇန်၂၀မှဖေ၁၈ | ၄ | အစိမ်း | မြောက် | တနင်္ဂနွေ | ရောနှော | မြ | တနင်္လာ | ဗုဒ္ဓဟူး |
| မိန် ဖေ၁၉မှမတ်၂၀ | ၆ | အပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါ | စနေ |



www.burmeseclassic.com

www.burmeseclassic.com

# မြွေဆိပ်ချမန္တန်တစ်ခုဓော်

တောက်ကြောင်း

ကာသာ သင်းမြွှဲ

ယခုနှစ် ၂၀၁၅ ခုနှစ်၏ ထူးခြားဖြစ်စဉ်တစ်ခုမှာ မိုးရွာသွန်းမှုများ၍ ရေကြီးရေလျှံခြင်းဖြစ်သည်။ ရာသီဥတုလမှစ၍ ရက်ဆက်မပြတ် မိုးရွာလျက် ရှိသည်။

တောင်စဉ် တောင်တန်းတွေပေါ် ရွာသွန်းခြင်းဖြစ်၍ တောင်ခြေဒေသများတွင်ရှိ မြေပြန့်လွင်ပြင်များထဲသို့ ရေများတရဟော စီးဆင်းပြီး မြို့ရွာများပါ ရေဝင်၍ ရေနစ်ကြပါသည်။

သတင်းစာ၊ ဂျာနယ်များကို ဖတ်ရသည်တွင် ရေဘေးကြုံနေကြရသည့် သတင်းများသာ တွေ့ရသဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ပါသည်။

ပြည်သူကို ပြည်သူက ကူညီကြသည့်အတိုင်း ရေဘေးကူညီမှုတွေကိုလည်း အားတက်သရော လုပ်နေကြသည်။ ထည့်ဝင်လှူဒါန်းနေကြသည်ဖြစ်၍ ဝမ်းနည်းသလို ဝမ်းသာမိရပါသည်။

စာရေးသူသည် မိုးရွာနေဆဲ နေ့တစ်နေ့တွင် အိမ်တွင်းအောင်းနေရာ သိမ်းဖတ်ထားသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းဟောင်းကိုတွေ့ပြီး အပျင်းပြေပြန်ဖတ်ဦးမှပဲဟု ယူ၍ဖတ်လိုက်ပါသည်။

စာအုပ်မှာ **၂၀၁၄ ခုနှစ်၊ မတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း** ဖြစ်ပါသည်။ **စာမျက်နှာ(၂၁၇)တွင် ဆရာနောင်ရိုး ရေးသားထားသော "တိမ်မြုပ်နေသော မြွေဆိပ်ချ မန္တန်တစ်ခု"** ခေါင်းစဉ်ပါ ဆောင်းပါးကို ဖတ်ရပါသည်။



သမုဒ္ဒရာအတွင်းရှိ နဂါးမင်းကြီးကို အနိုင်ယူနေသော ကရစ္စနာဘုရားပုံ
(၂၀၁၅ ခုနှစ် ဩဂုတ်လ(၁၅) ရက်နေ့တွင် ထေသည်)

ဆောင်းပါးအစတွင် ဟိန္ဒူဘာသာဖြင့်ရေးထားသည်ကိုမြန်မာအသံထွက်ဖြင့် မြွေဆိပ်ချမန္တန်ကို ဖော်ပြထားပါသည်။ ပြန်လည် ဖော်ပြပါသည်။

'ဥုံ... ဗာမေ ရှိနိကေ နေရီ
ပျို့ရီ ဘေရိ ကွန်(န်) ကွန်(န်)
ဃါရိ ခါရေ အာကေ
ကာရိလေ ကာလိ ကာရိတေ
ကာရိရီ ဘာသူမေ နိုမ်း(နှစ်)
အစ်စုဂိုရာ ဘာရဟာတီ ကီ
ဘာကျား မဟာဒေဝီ ဒူဟိုင်း၏
မရ်ဟာ မရ်ဟာ ကီ ဒူဟိုင်း၏
နို နာ ကျုံမန် မိုင် ကီး
လား၏ ဒူဟိုင်း၏ ရေ။ ။

ဟူ၍ ဖြစ်ပါသည်။

ထိုဆောင်းပါးတွင် **ဆရာဘီးလ်ဗဟာဒူး**သည် ဆာဒူးဘုန်းကြီးတစ်ပါးနှင့်တွေ့ပြီး ထို မြွေဆိပ်ချမန္တန်နှင့် ကုသပုံ ကုသနည်းပါ သင်ယူခဲ့ရကြောင်း ရေးထားပါသည်။

လင်ပုတ်ဖမ်းစဉ် အချိန်တွင် ထိုမန္တန်ကို(၁၀၈)ခေါက်ပြည့်အောင် ရေထဲတွင် လည်ပင်းအထိ နှစ်ထား၍ ရွတ်ရခြင်းဖြစ်သည်။ ထိုနောက် ကုသနည်းကိုလည်း ရေးထားပါသည်။

ဟိန္ဒူစာနှင့် ရေးထားသည်ကို ဖော်ပြထားပြီး **"ဆရာဖိုးသူတော်ကြာပေါ်က မြန်မာလို အဓိပ္ပါယ်ဖော်ပြလိုက်လျှင် ပိုကောင်းမှာပဲ"**ဟု မှတ်ချက်ပြုထားပါသည်။

'ရေးတေးတေး မှတ်မိသမျှကတော့ တောထဲမှာ ရှိကြကုန်သော မြွေအပေါင်းကို သို့ဝ နတ်ဘုရားက အမိန့်ပေးသည် ထင်ပါသည်။ ထပ်ပံ့ဖြည့်စွက်ပေးနိုင်မည့် ဟိန္ဒူဘာသာရှင်များကို တောင်းပန်အပ်ပါသည်။ ဘာသာပြန်ပေးကြပါဟု...'

ဆရာနောင်ရိုးက အဆုံးသတ်ထားပါသည်။

ထိုဆောင်းပါးကို ဖတ်ပြီး ဆရာဦးကျော်မိုးကို သတိရလိုက်ပါသည်။

www.burmeseclassic.com

ဆရာဦးကျော်မိုးသည် စာရေးသူနှင့် ငယ်သူငယ်ချင်း ဖြစ်သလို ကျောင်းဆရာ လုပ်ဖော်ကိုင်ဖက်တွေလည်း ဖြစ်ကြသည်။

ဟိန္ဒူဘာသာဝင် ဖြစ်သည့်အတွက် ဆောင်းပါးတွင် ပါသော ဟိန္ဒူစာကိုလည်း ဖတ်တတ်မည် ထင်ပါသည်။

သို့ဖြင့် မိုးစဲသောအခါ ဆရာဦးကျော်မိုးအိမ်သို့ ဆရာနောင်ရိုးရေးထားသော ဆောင်းပါးကို ဖတ်စေပြီးဘာသာပြန်ပေးရန်ပြောကြည့်ပါသည်။


ဆရာဦးကျော်မိုးက ထိုစာသည် **သက္ကတဘာသာ**နှင့် ရေးထားတာဖြစ်၍ မဖတ်တတ်ကြောင်း ပြောပါသည်။ ဟိန္ဒူဘုရားကျောင်းရှိ ဆရာကိုပြလျှင် ဖတ်တတ်မည်ထင်ကြောင်းပြောပြီး စာရေးသူအား သူ၏အိမ်နှင့် ကပ်လျက်ရှိသော ဟိန္ဒူကျောင်းဝင်းထဲ ခေါ်သွားပါသည်။

ဟိန္ဒူဓမ္မဆရာ (ဦး)အင်းမလားနှင့် တွေ့ပေးပါသည်။ စာရေးသူ အကျိုးအကြောင်းပြောပြပြီး ဆရာနောင်ရိုး၏ ဆောင်းပါးပါ စာပိုဒ်ကိုလည်း ပြပါသည်။

ဆရာ(ဦး)အင်းမလားက ထိုဆောင်းပါးကို အမြန်ဖတ်ပြီး ထိုစာကို အတိအကျပြန်လျှင် ချောမှာမဟုတ်သဖြင့် အဓိပ္ပါယ်ပေါ်အောင်သာ ပြောမည်ဟု ပြောပါသည်။

ဆရာ(ဦး)အင်းမလားက ဘာသာပြန်ပြသည်မှာ...

'တောတောင်သစ်ပင် ချုံကြားတွင် အောင်းနေကြသော မြွေအပေါင်းတို့ အသင်တို့၏ အဆိပ်ကို ချုပ်မည်။ မြွေဟူသမျှတို့၏ အဆိပ်ကိုချနိုင်သော သျှိဝ(သိဝ)ဘုရားနှင့်



မြွေနှင့်အဆိပ်ရှိသတ္တဝါများကို နိုင်သည့် မြွေနှင့်ဂါထာပါသောပုံ (၂၀၁၅ ခုနှစ် ဩဂုတ်လ(၁၉)ရက်နေ့တွင် ထေသည်)

မယ်တော် ပါရာဝတီးဒေဗီကို ရည်စူးပါ၏။ (တိုင်တည်ပါ၏။)

မြွေပေါက်ခံထားရသူ၏ မြွေဆိပ်ပြေစေရန် ဆုတောင်းဂါထာ မန်းပေးပါသည်။ မြွေဆိပ် ပြေပါစေသတည်း'

ဟူသော အဓိပ္ပါယ်ရပါသည်။

စာရေးသူကိုလည်း သျှိဝနတ်ဘုရား ရှိရာသို့ ခေါ်သွားပြီး ပြပါသည်။ လည်ပင်းတွင် မြွေကြီးတစ်ကောင်က ရစ်ပတ်လျက်ရှိသော သျှိဝနတ်ဘုရားရုပ်တုကို တွေ့ရပါသည်။

ထို့ပြင် သျှိဝနတ်ဘုရား၏ **မယ်တော်ပါရာဝတီးဒေဗီ**ကို ပန်းချီဓာတ်ပုံ မှန်ပေါင်သွင်းထားသည်ကိုလည်း တွေ့ရပါသည်။ ထို့နောက် ဓမ္မဆရာ (ဦး)အင်းမလားနှင့် စာရေးသူတို့ စကားပြောဖြစ်ကြပါသည်။

မြွေဆိပ်ပညာကို လငပုတ်ဖမ်းသောညတွင် မြစ်ထဲ၊ ချောင်းထဲ၌ လည်ပင်းထိအောင်နစ်၍ မြွေနိုင်ဂါထာကို (၁၀၈)ခေါက်ရွတ်ရသည်ဟု ကြားဖူးကြောင်းနှင့် မြွေပေါက်ခံရသူအား (၇)ခေါက်ရွတ်၍ မန်းပေးသည်နှင့် မြွေဆိပ်ပြေကြောင်း သိရသော်လည်း ထိုမန္တန်ကို သူမသိပါ။ ယခုမှ သိရခြင်းဖြစ်ပါသည်။

၂၀၁၅ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့သည် ဝါခေါင်လဆန်း(၅)ရက်ဖြစ်၍ မြွေများအား အစာကျွေးပြီး မေတ္တာပို့ရမည် ဖြစ်ပါသည်။ ယခုနှစ်အတွက် အိန္ဒိယမှ ထုတ်ဝေသော ကရစ္စနားဘုရားနှင့် မြွေအန္တရာယ်ကင်းစေသည့် ဂါထာပါသော မြွေ ရုပ်ပုံကိုလည်း ပြပါသည်။


ထိုပုံနှစ်ပုံကို ဗိတ်ိစတက်ဆွဲပြီး ဟိန္ဒူဘာသာဝင်များအား ဩဂုတ်လ (၁၉)ရက်နေ့တွင် ဝေငှပေးမည် ဖြစ်ပါသည်။

အိမ်တွင် ဆောင်ထားကြပါက မြွေဘေး ကင်းဝေးသည်သာမက အဆိပ်ရှိသော သတ္တဝါဟူသမျှတို့၏ အန္တရာယ်မှလည်း ကင်းဝေးမည် ဖြစ်ပါသည်။

နှစ်စဉ် ဤသို့ (ဝါခေါင်လဆန်း ၅–ရက် ရောက်တိုင်း) ပြုလုပ်နေကျ ဖြစ်ပါသည်။ တစ်နှစ်နှင့် တစ်နှ ပုံများမတူပါ။ စာရေးသူလည်း ရခဲ့ ပါသေးသည်ဟု ပြောပြီး ပြန်လာခဲ့ပါ သည်။

အိမ်သို့ ပြန်ရောက်သောအခါ ပြက္ခဒိန်ကိုကြည့်ရာ ဩဂုတ်လ(၁၉) ရက်နေ့သည် ဝါခေါင်လဆန်း(၄)ရက် ဖြစ်နေသည်။ ဆရာ(ဦး)အင်းမလာ က အိန္ဒိယမှလာသော သူ၏ ပြက္ခ ကိုကြည့်ပြီး ပြောခဲ့ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com



မန္တလေး၊ ချမ်းမြသာစည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၏ အိမ်တွင်တွေ့ရသော အမြီးနှစ်ခွနှင့် အိမ်မြှောင်

ကောင်းမြင့်မြတ်စိန်

အံ့ဩကုန်နိုင်ဖွယ်

# အမြီးနှစ်ခွအိမ်မြှောင်နဲ့

ပဉ္စာန်းဆက်ရှိသူ

သူ ရွှေ့ပြောင်းလုပ်ကိုင်နေထိုင်ရာ အိမ်တိုင်းမှာ ထူးဆန်းတဲ့ အမြီးနှစ်ခွနဲ့ အိမ်မြှောင်တွေ့ရခဲ့သူ။

အခု ၂၀၁၅ခုနှစ်မှာလဲ မန္တလေး ချမ်းမြသာစည်မြို့မှာ တာဝန်ကျလို့ နေရပြန်တော့လဲ အိမ်က ဘုရားစင်မှာ တွေ့ရပြန်ပြီ။ ဘုရားပန်းအိုးထဲမှာ တွေ့ရတဲ့ အမြီးနှစ်ခွနဲ့ အိမ်မြှောင် အတော်တောင်ကြီးနေပြီ။

အဲဒီပန်းအိုးကို ဘုရားပန်းမလဲတော့ဘဲ ထားလိုက်တယ်။ အဲဒီ အမြီးနှစ်ခုအိမ်မြှောင် ပျောက်သွားမှာစိုးလို့။

ဒါပေမယ့် အိမ်ကို ရောက်လာတဲ့ တူလေးတစ်ယောက်က ဘုရားပန်းလဲတော့ အဲဒီအိမ်မြှောင်ကြီးရှိတဲ့ ပန်းအိုးကို သန့်ရှင်းဆေးကြောဖို့ လုပ်လိုက်တာ အထဲက အိမ်မြှောင်ကြီး ထွက်ပြေးသွားတယ်။ ပျောက်သွားတယ်။ အိမ်သားအားလုံး နှမြောနေကြတယ်။

ဟော သူ့အလုပ်က ပြန်ရောက်တော့ ဒီအကြောင်းလဲသိရော သူ့မှာ နှမြောတသ ဖြစ်လိုက်ရတာ။ သူ့ခမျာ ဟိုရှာဒီရှာ ရှာပေမယ့် မတွေ့ရတော့ လက်လျှော့ရတော့မလို ဖြစ်နေတုန်း ညဘက်ရောက်တော့ မမျှော်လင့်ဘဲ နောက်ထပ် အိမ်မြှောင်တစ်ကောင် ထူးခြားပြန်ပြီ။

အဲဒီအိမ်မြှောင်ကလဲ အမြီးနှစ်ခွနဲ့ပါလား။ ပန်းအိုးထဲ အိမ်မြှောင်ကြီးတော့ မဟုတ်ပါ။ အခုတွေ့ရတဲ့ အိမ်မြှောင်က ငယ်တယ်။ သူ့ခမျာ ဝမ်းသာလုံးကို ဆို့ရပါတော့တယ်။

အခုဖော်ပြခဲ့တဲ့ အံ့ဖွယ်ဖြစ်ရပ်ဆန်းကို ပြောပြတဲ့သူက ကျွန်တော့်မိတ်ဆွေ **ကိုအောင်ကျော်ဦး။** သူက **တောင်ကြီးနည်းပညာ တက္ကသိုလ်က ကထိကတစ်ဦးပါ။** ကျွန်တော် အဲဒီ တက္ကသိုလ်မှာ ဆရာလုပ်ခဲ့စဉ်က ခင်မင်ခဲ့တဲ့ ဆရာတစ်ဦးပါ။

သူက ကျွန်တော်ရှိရာကို ဓာတ်ပုံတွေ Viberနဲ့ ပို့ပေးလိုက်ပါတယ်။ အိမ်မြှောင်ပုံတွေ ထူးဆန်းတဲ့ အမြီးနှစ်ခွနဲ့ အိမ်မြှောင်ပုံတွေပါ။ ကိုအောင်ကျော်ဦး ဆက်ပြီးပြောပြတာက ပိုပြီး အံ့ဩကုန်နိုင်ဖွယ် ဖြစ်နေပါတယ်။

အဲဒီသူဟာ မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ယောက်ဖြစ်လို့ မြို့နယ်အနှံ့ ရွှေ့ပြောင်း တာဝန်ထမ်းဆောင်ရပါတယ်။

သူတာဝန်ကျခဲ့တဲ့ မြို့တွေ ထီးချိုင့်မြို့ကစပြီး အိမ်မြှောင်အမြီးနှစ်ခွနဲ့ ကြုံတွေ့ခဲ့ပါသတဲ့။ သူ နေထိုင်တဲ့အိမ်မှာ အမြဲတွေ့ရပါသတဲ့။

နောက်ပြီး **ပုလဲမြို့၊**



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ **ပင်းတယမြို့၊**

အခုကတော့ **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**မှာ တာဝန်ယူနေရတယ်။

သူ့အိမ်မှာ ထူးဆန်းတဲ့ဖြစ်ရပ်ဆန်းတွေ တွေ့ကြုံရပြန်တယ်။ စာရေးသူကျွန်တော်ကိုယ်တိုင် အံ့သြလွန်းလို့ သူတို့ကို မျှဝေလိုက်ခြင်း ဖြစ်ပါတယ်။

သူ့ရဲ့ နာမည်ကတော့ ဦးအောင်ကျော်စိုးပါ။

အခုလက်ရှိ မန္တလေး ချမ်းမြသာစည်မြို့နယ် အုပ်ချုပ်ရေးမှူးပါ။ မယုံရင် ကိုယ်တိုင်သွားရောက် လေ့လာနိုင်ပါတယ်။ ကျွန်တော့်ရဲ့ မိတ်ဆွေ ကိုအောင်ကျော်ဦးက တစ်ဆင့် ဒီအကြောင်းအရာ လက်တွေ့ဖြစ်ရပ်မှန်ကို သိရပေမယ့် သူ့ရဲ့ ခွင့်ပြုချက်တွေ ရယူပြီးမှ ဒီဆောင်းပါးကို ရေးသားခဲ့တာပါ။

**စိတ်ဝင်စားသူများ** မန္တလေး ချမ်းမြသာစည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးရဲ့အိမ်ကို သွားရောက် လေ့လာနိုင်အောင်လဲ ကျွန်တော် ခွင့်တောင်းခဲ့ပါတယ်။

နက္ခတ္တရောင်ခြည် စာဖတ်ပရိသတ်များ မှတ်မိမယ် ထင်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ စာမျက်နှာ (၁၀၂) မှာပါတဲ့ **"လျှို့ဝှက်ရှားပါးတဲ့ အမြီးနှစ်ခွနဲ့ အိမ်မြှောင်"** ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ် ကျွန်တော် ရေးဖူးတယ်။

အဲဒါကတော့ ဦးအောင်ကျော်စိုး ပင်းတယမြို့မှာ မြို့နယ်အုပ်ချုပ်ရေးမှူး တာဝန် ထမ်းဆောင်ခဲ့ရစဉ်က ဖြစ်ရပ်မှန် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ စာရှုသူ ဝါသနာရှင်တွေ၊ သုတေသီပညာရှင်တွေ၊ ဝါရင့်ဂမ္ဘီရပညာရှင်ကြီးတွေအနေနဲ့ ဒီလိုဖြစ်ရပ်ဆန်းမျိုး ကြုံဖူးကြပါသလား။

ဒီလိုတွေကြုံရင် ဘာတွေ အကျိုးရှိလဲ၊ ဘာတွေ ထူးခြားလဲ ဆိုတာတွေကို ကျွန်တော်တို့ ဂမ္ဘီရဝါသနာရှင်တွေ မျှဝေပေးဖို့ တိုက်တွန်းလိုက်ပါတယ်။

ဦးအောင်ကျော်စိုးကတော့ မြို့နယ်အုပ်ချုပ်ရေးမှူး တစ်ယောက်အဖြစ် အောင်မြင်ပွင့်လန်းနေတာ အမှန်ပါပဲ။

**ကောင်းမြင့်မြတ်စိန်**

---

**စာမျက်နှာ (၁၅၄) မှအဆက်**

နောက်တစ်နေ့ ဦးဉာဏ်လွင်၏ ပွိုင့်ကွမ်းယာဆိုင်တွင် ဆရာ(ဦး)အင်းမလားနှင့် တွေ့သဖြင့် ဩဂုတ်လ(၁၉)ရက်နေ့သည် ဝါခေါင်လဆန်း(၄)ရက် ဖြစ်နေကြောင်း ပြောပြပါသည်။

ဆရာ(ဦး)အင်းမလားက ပြောသည်မှာ အိန္ဒိယက ထွက်ထုတ်သော ပြက္ခဒိန်သည် မြန်မာပြက္ခဒိန်အတိုင်း ဖြစ်သော်လည်း တစ်ခါတစ်ရံ လပြည့်လကွယ်ရက်များသည် မြန်မာပြက္ခဒိန်နှင့် တစ်ထပ်တည်း မကျတတ်ပါ။

တစ်ရက်စော၍လည်းကောင်း၊ တစ်ရက်နောက်ကျ၍လည်းကောင်း ဖြစ်တတ်ပါသည်။

ယခု သူပြောသော ဝါခေါင်လဆန်း (၅)ရက်နေ့သည် အိန္ဒိယပြက္ခဒိန်အရ အမှန်ဖြစ်၍ မြန်မာလို တစ်ရက်နောက်ကျနေခြင်း ဖြစ်ပါသည်။

ဆရာနောင်ရိုး၏ မြွေဆိပ်ချမန္တန် ဆောင်းပါးကို ဖတ်ရပြီး ဟိန္ဒူဘုရား ကျောင်းမှ မွေဆရာ(ဦး)အင်းမလားနှင့် တွေ့ရသဖြင့် ဗဟုသုတ ရခဲ့ပါသည်။ ဆရာနောင်ရိုး၏ စေတနာကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးခြင်း ဖြစ်ပါသည်။

ဆရာ(ဦး)အင်းမလားထံမှ ရသော ယခုနှစ် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့တွင်ဝေသော ကရစ္စနား ဘုရားပုံနှင့် မြွေနှင့်တကွ အဆိပ်ရှိ သတ္တဝါများ အန္တရာယ်မှ ကင်းဝေး[illegible] သော ပုံကိုလည်း ဤဆောင်းပါးတွင် ထည့်ပေးခြင်းဖြ[illegible] စာဖတ်သူများ သိရှိကြစေရန် ရည်ရွယ်၍ ပေးပို့ပါသည်[illegible]

ဆရာ(ဦး)အင်းမလားထံ ထိုဓာတ်ပုံ နှစ်ပုံကို သွားယူ[illegible] ပြောပြသည်မှာ ဝါခေါင်လဆန်း(၅)ရက်နေ့သည် မြွေမျ[illegible] ပျော်မြူးကြသည့်နေ့အဖြစ် သတ်မှတ်ပြီး ညောင်ပင်[illegible] တစ်ပင်တွင် မြွေများအတွက် နွားနို့၊ ကုလားပဲတို့အ[illegible] မြွေများကို ရည်စူး၍ ကျွေးပြီး မြွေအန္တရာယ်မှ ကင်း[illegible] စေရန် မေတ္တာပို့ ဆုတောင်းကြသည်ဟု ပြောပါသည်[illegible]

ပုံတွင် ကရစ္စနားဘုရားက သမုဒ္ဒရာအတွင်းရှိ နဂါးမ[illegible] ကြီးကို အနိုင်ယူသည့်ပုံ ဖြစ်သည်ဟု ပြောပါသည်[illegible] ကရစ္စနားက ဘုရားဖြစ်၍ သျှိဝက နဂါးတို့၏ဘုရင် န[illegible] ဘုရားဖြစ်သည်ဟုလည်း သိရပါသည်။

*မြွေနှင့်တကွ အဆိပ်ရှိသတ္တဝါ အပေါင်းဘေးမှ ကင်း[illegible] ကြပါစေ။*

**ကသာ သင်းမွှေး**



www.burmeseclassic.com

www.burmeseclassic.com

# ပြဒါးဓာတ်လုံးဖမ်းပုံ

## အတွေ့အကြုံအဆင့်ဆင့်

ဇော်သန့်
(ပုသိမ်ကြီး)

မြန်မာ့အဂ္ဂိရတ်ပညာတွင် ပြဒါး ဓာတ်သည် များစွာ အရေးပါသည့် ဓာတ်တစ်ခု ဖြစ်ပါသည်။ ပြဒါးသည် အရည်ဘာဝတွင် ရှိနေစဉ်၌ ကိုင်တွယ်၍ နိုင်ပါ။ မီးချိန်နိမ့်၍ မီးနှင့်(အပူဓာတ်) တွေ့လျှင် ချက်ချင်း အငွေ့ပျံထွက်သွား ဓာတ်သည်။

သို့ဖြစ်၍ ပြဒါးကို ဘုံသုံးပါးတွင် "**အရှုပဘုံ**"အတွင်း ထည့်သွင်း သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

ဖမ်းရခက်သော ပြဒါးရည်ကို "**အာမဘုံ**"သားဖြစ်သော နာ(ခဲ)နှင့် တွဲလိုက်ပါက ပြဒါးသည် ထိုက်သင့် သည့်အပူချိန်ကို ခံနိုင်ရည်ရှိလာသည့် ခဲဘာဝသို့ ရောက်ရှိလာပါသည်။

အဂ္ဂိရတ်ပညာတွင် ပြဒါးကိုခဲစေနိုင် သော ထုံအမျိုးမျိုးရှိပါသည်။ **နာထုံ၊ အန္တောထုံ၊ သွပ်ထုံ၊ သံဂျပ်ထုံ၊ နာဂဝီသထုံ**စသည်ဖြင့်ရှိရာ **အန္တောထုံ နှင့် နာဂဝီသထုံများမှာ** ပြဒါးအပျဉ်း ခဲကို ကောင်းစွာ ရရှိကြောင်း တွေ့ စမ်းသပ်ချက်များအရ ရှိရပါသည်။

လုပ်ရတ်လမ်းများတွင် မိမိနှစ်သက် သည့် ထုံအမျိုးအစားကိုသုံး၍ ပြဒါးကို နိုင်ပါသည်။ ကျွန်တော့် အတွေ့ ကြုံအရ ထွက်ရပ်လမ်း (ဓာတ် ကြီး)အတွက် အသုံးပြုမည်ဆိုပါက **အန္တောထုံနှင့် နာဂဝီသထုံ (ခဲနှင့် ဆေးအန်းအရောထုံ)**များကို အနှစ် ဆုံးဖြစ်ပါကြောင်း တင်ပြလိုပါ သည်။

ပြဒါးအဆင့်သို့ ကူးပြောင်းရာ၌ ဓာတ်များကို အသုံးပြုနိုင်သည်။ ဓာတ်များ၊ ဓာတ်လတ်၊ ဓာတ် များဖြင့်လည်း အသုံးပြု ဆောင် နိုင်ပါသည်။ ဓာတ်လတ်ဓာတ်ဆေး တွင် "**သာကျူစုံတောဆေးမှာ**



**ဖဝက်သာ၊ လက်ချား၊ ဆား၊ ထုံးရည် ကြည်တို့ ပေါင်းစပ်ချက်ယူထား သည့်**ဆေး ဖြစ်ပါသည်။

သာကျူစုံတောဆေးဖြင့် ပြဒါးအနှ ကို ဖမ်းချုပ်နိုင်စွမ်းရှိပါသည်။"**စတု ပညာသဆေး**"၊ "**နဂါးပတ်ကျော ကွင်းဆေး**"နှင့် စိန်၊ ဆေးဒန်း၊ ကန့်၊ ဟင်းရိုင်းတို့ ပေါင်းစပ်ထားသည့် "**မင်းလေးပါး**" "**ဝလေးလုံးဆေး**" "**နဝင်းဆေး**"များ ဖြစ်ကြသည်။

"**မင်းလေးပါး**"ဆေးများမှာလည်း ပြဒါးဓာတ်ကို ချုပ်နိုင်စွမ်း၊ သတ်နိုင် စွမ်းရှိပါသည်။ ထို့အတူ ဓာတ်လတ် (၉)မျိုးဖြင့် ပေါင်းစပ်ထားသော "**နဝင်းဆေးကြီး**"မှာလည်း ပြဒါး ဓာတ်ကို ချုပ်၊ သတ်ရာတွင် ထင်ရှား သည့် ဆေးကြီးတစ်ပါး ဖြစ်ပါသည်။

မည်သည့်ဆေးကို အသုံးပြု၍ ပြဒါး ဖမ်းသည်ဖြစ်စေ၊ ပြဒါးစစ်စစ်ကို အမှန် တကယ်မိနေဖို့ အရေးကြီးပါသည်။

ပြဒါးကို ဖမ်းမိထားပြီဆိုပါက ပြဒါး ကို တဖြည်းဖြည်းချင်း မီးကိုချိန်ဆ၍ မီးလျှို၊ မီးနှုဖြင့် ထိုးရမည်ဖြစ်သည်။

ဤတွင် ပြဒါးကို မီးမြှင့်ထိုးနိုင်ရန် "**အန္တော ချော်များ**"၊ "**မင်းလေးပါး ဆေး**"၊"**နဝင်းဆေး**"**များစတုပညာ သဆေး၊ သံချိပ်၊ ကြေးချိပ်များ၊ မီးရဓာတ် ကြီး ချော်ပေါင်းများဖြင့်** လုံပိတ်၍ မီးလျှို၊ နှုတ်ခမ်းတိုက်မီးများ ဖြင့် ဓာတ်အခြေအနေပေါ်မူတည်၍ မီးတက်ရပါသည်။

ဤသို့ ဆောင်ရွက်သွားပါက မိမိ၏ ပြဒါးမှာ တဖြည်းဖြည်းနှင့် မီးရင့် ဓာတ်လုံးဘာဝသို့ ပြောင်းလဲလာပါတော့ သည်။

ပြဒါးဓာတ်လုံးကို မီးအဆင့်ဆင့် တက်ရာ၌ ပညာရှင်ကြီးများ၏ အတွေ့ အကြုံများအရ လမ်းညွှန်ထားချက် များရှိပါသည်။ **ကမ္ဘာပျက်ကိန်းနှင့် တည့်ကိန်းပေါ်တည်မှီ၍** မီး(၇)ကြိမ်၊ ရေ(၁)ကြိမ်၊ လေ(၁)ကြိမ်နှုန်းဖြင့် တက်ရန်ဖြစ်သည်။

ဤတွင် (၇)ကြိမ်ဆိုသည်မှာ (၇)လုံ ထိုးသည်ကို ညွှန်းသည်ဟု ယူဆပါသည်။ တစ်လုံကို တစ်မီးနှုန်း တက်ရမည်ဖြစ်၍ တစ်မီးဆိုသည်မှာ နံနက်(၆)နာရီမှ ညနေ(၆)နာရီအထိ စုစုပေါင်း (၁၂)နာရီကြာအောင် မီးပေး ခြင်းဖြစ်ပါသည်။

မီးကို တစ်ဆက်တည်း ပေးမည် ဆိုပါက လုံအနေနှင့် ခံနိုင်ရည်ရှိမည် မဟုတ်ပါ။

**သို့ဖြစ်၍ ရှေးအဂ္ဂိရတ်ဆရာကြီးများက တစ်နေ့ကို မီးပေးမှုပုံစံအောင်နှင့်**



www.burmeseclassic.com

www.burmeseclassic.com

**သဘာဝဒေနွေးအခြေအနေနှင့် ကိုက်ညီမှုရှိအောင် ဖိုပြင့် မီးပေးခြင်းကို အရည်ပျော်ချိန်တွင် ခေတ္တရပ်နားထားပြီး လုံး၏ အရောင်ညိုသွားချိန် (ခေတ်ပြန်ခဲသွားချိန်)မှာ ပြန်ထိုးခြင်းစနစ်ကို ကျင့်သုံးကြကြောင်း လေ့လာတွေ့ရှိရပါသည်။**

ဤနည်းလမ်းကို ကျင့်သုံး၍ လုံကို မီးပေးမည်ဆိုပါက တစ်နေ့ကုန် မီးပေးနိုင်ပြီး အရည်ပျော်လိုက်၊ ခဲသွားလိုက်ဖြင့် သဘာဝ ကမ္ဘာဖြစ်စဉ်နှင့်လည်း ကိုက်ညီမည် ဖြစ်ပါသည်။

ဤနည်းလမ်းအားဖြင့် လုံခြောက်(၇)လုံထိုးရမည် ဖြစ်ပါသည်။ လုံခြောက်(၇)လုံထိုးပြီးပါက ချော်ဖြင့် တစ်လုံထိုးရမည် ဖြစ်ပါသည်။

ဤသည်ကို အဂ္ဂိရတ်ပညာကျမ်းများတွင် မီးနှင့်ရေဖျက်သည့် ဥပမာနှင့် ဖော်ပြကြပါသည်။

ရေစုစုပေါင်း (၈)ကြိမ်တွင် **"လေ"** တစ်ကြိမ် ဖျက်ရမည်ဖြစ်၍ ခံရည်တစ်ကြိမ်လောင်းရပါသည်။ ဤနည်းအားဖြင့် ခံရည်တစ်ကြိမ် လောင်းချိန်တွင်လုံပေါင်း(၆၄)လုံထိုးပြီးပြီဖြစ်ပါသည်၊


ခံရည်လောင်းခြင်း (၄)ကြိမ်သို့ ရောက်ရှိလာပါက (၆၄ × ၄=၂၅၆)လုံ မီးပေးပြီးဖြစ်ကြောင်းနှင့် ထိုအချိန်တွင် နည်းလမ်းမှန်ကန်စွာဖြင့် ဆောင်ရွက်နိုင်ခဲ့ပါက မိမိဓာတ်လုံး ပြီးမြောက်ပြီဖြစ်ကြောင်းပညာရှင်များက မိန့်ဆိုကြပါသည်၊

နည်းမှန်၊ လမ်းမှန်၊ စနစ်မှန်ဖြင့် ဆောင်ရွက်ခဲ့ပါက မီးပေးရက်ပေါင်း (၂၅၆)ရက်တွင် ဓာတ်လုံးပြီးမြောက်လာမည်ဖြစ်ကြောင်းနှင့် **"ကူးလမ်းဖြောင့် ရောက်လွယ်၏"** ဟု ရသေ့ဦးအောင်၏အဆိုကို အလေးထားဆောင်ရွက်နိုင်ရန်အတွက် မီးပေးပုံစနစ်ကို စေတနာအမှန်ဖြင့် ရေးသား ဖော်ပြပေးလိုက်ပါသည်။

အဂ္ဂိရတ်ပညာ ဝါသနာရှင်များ ပေါက်မြောက် အောင်မြင်နိုင်စေရန်အတွက် နည်းမှန်၊ စနစ်မှန်ဖြင့် ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်၊

**အောင်သန့် (ပုသိမ်ကြီး)**

# အကောင်းဆုံး ကြေးချွတ်ဆေး



တစ်နေ့ နံနက်ခင်းတွင် ဘုရားပန်းများ ရေလဲခြင်း၊ သောက်တော်ရေ ကပ်လှူထားသော ကြေးဖလားကြီးနှင့် ကြေးပန်းအိုးများကို တိုက်ချွတ်ဆေးကြောခြင်းများ ပြုလုပ်နေစဉ် တူမတော်စပ်သူ ညီအစ်မ(၃)ဦး အိမ်သို့ အလည် ရောက်ရှိလာသည်။

'ဦးရေ နေကောင်းရဲ့လား'

ဟု နှုတ်ဆက်ရင်း စာရေးသူအနီးသို့ ရောက်လာကြသည်။

'ဩော်... ဦးက ဘုရားပန်းလဲနေတာကိုး'

ဟု ပြောရင်း အနားတွင် လာရပ်ကြပါသည်။

'အေးကွယ် ကြေးပန်းအိုးတွေ ဆေးနေတာ'

ဟု အလိုက်သင့် ပြန်ပြောရသည်။

'ကြေးဖလားနဲ့ ကြေးပန်းအိုးကို ပြောင်အောင် ဘာနဲ့တိုက်တာလဲဦး'

ဟု တူမတစ်ယောက်က မေးရာ...

'အရင်ကတော့ "ဘရပ်ဆို"ဆေးနဲ့ တိုက်တာပေါ့။ ခုတော့ ကရိကထ မခံနိုင်လို့ မန်ကျည်းသီးနဲ့ ဖွဲပြာနဲ့ပဲ တိုက်တော့တယ်'

ဟု ဖြေလိုက်သည်။ တူမတစ်ယောက်က...

'ဟော... ဦးက ခေတ်နောက်ကျသွားပြီ၊ နောက်ဆုံးပေါ် အကောင်းဆုံး ကြေးချွတ်ဆေးကို ဦး မသိသေးဘူး'

ဟု ပြောရင်း တဟဲဟဲ ရယ်နေရာမှ...

'ဟုတ်တယ် မဟုတ်လား ညီမတို့'

ဟု အဖော်ညှိနေပြန်သည်။ စာရေးသူက...

'အံမယ် တယ်လဲ အတိုင်အဖောက် ညီနေကြပါလား။ ပြောပါဦး၊ အကောင်းဆုံး ကြေးချွတ်ဆေးကို'

ဟု တောင်းဆိုလိုက်မိသည်

'အကောင်းဆုံး ကြေးချွတ်ဆေ

တိုက်ဆေးလေ ဦးရဲ့ အဖိုး

ကရိကထလဲ မများဘူး၊ သွာ

အကောင်းစားလဲ မလိုဘူး။ အ

သုံးလို့ ရတယ်'

ဟု ပြောရင်း...

'သမီး လုပ်ပြမယ်'

ဟု ဆိုကာ အနီးရှိ ပလ

ခြင်းလေးထဲတွင် သွားပွတ်တံ

အတူ ထည့်ထားသော Col

တိုက်ဆေးဘူးကိုဆွဲယူနေတော့

'နေ...နေ...ဦး လုပ်ပါ့မယ်

ဟုပြောကာ သွားတို

အနည်းငယ်ကို ညှစ်ယူပြီး ကြေ

နှင့် ကြေးပန်းအိုးများကို ပွ

ကြည့်ရာ ခါတိုင်းထက် ပိုမို

ပြောင်သည်ကို လက်တွေ့ မြ

'ကျေးဇူးပဲ သမီးတို့ရေ'

ဟု ကျေးဇူးတင်လိုက်ရ

စာရှုသူများစမ်းသပ်ကြည့်

**ရှင်လန်းချမ်းမြေ့ကြပါ**

**မောင်အေးကြူ(စီးပွာ**



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့ပျောက်ခဲ့သော

# ဆီးရောဂါ အတွက်

## ဆေးတစ်ခွက်

ကိုလွန်ခဲ့သော လေးဆယ့်ငါးနှစ်ခန့် ကျွန်တော် ငါးနှစ်သားအရွယ် ရောဂါ ခံစားခဲ့ရပါတယ်။ ဆီး သည့်အခါတိုင်း ကျင်ချောင်း လျှောက် မီးစနှင့် ထိုးသကဲ့သို့ လောင်သောဝေဒနာကို ခံစားရပါ ည်။

ဆီးသွားရမည်ကို ကြောက်တိုင်း၊ သွားရန် အောင့်ထားခဲ့ပါသည်။ သွားချင်လွန်းမက သွားချင်မှ ဆီး သော ဆီးသည် ကျင်ချောင်း င်း နှစ်ဆမျှ ပူလောင်သော နာကို ထပ်မံ ခံစားခဲ့ရပါသည်။

ဆီးပူသောဝေဒနာကို သုံးနှစ်မျှ တာ နောက်ဆုံး ရှစ်နှစ်သား ယ် ဆီးသွားသောအခါ ဆီး က်၊ နှစ်စက်ထွက်တော့မှ ဆေးရုံ ၍ ဆီးအိမ်(ပြွန်)မှ ကျောက်ကို ခွဲ ခဲ့ရပါသည်။

ဆီးပူ • ဆီးနည်းသောကြောင့် က်တည်သောဝေဒနာကို ခံစား ဖြစ်ပါသည်။

ဆီးအိမ်ထဲမှ ကျောက်ကို ခွဲထုတ် က်သော်လည်း ဆီးပူသော သည် အသက်(၂၀)ကျော် အတွင်း ပြန်လည် ခံစားလာရ ည်။

င်းသော နွေရာသီရောက်တိုင်း သော၊ နီသော၊ ဝါသော၊ နည်း ဝေဒနာကို ခံစားခဲ့ရပါသည်။

ဝါသနာ ပါသည့်အလျောက် များ၊ ဆေးနည်းပေါင်းချုပ် များကို လေ့လာ ဖတ်ရှုမိပါ **"ရှမ်းဗမာ ဆေးနည်းကျော်"** စာအုပ်ထဲတွင် ကျွန်တော်၏ **ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ"** **စေသော** ဆေးနည်း တစ်နည်း ပါရှိလာပါသည်။ ယင်းဆေးနည်း သည် မြို့ရောတောပါ အလွယ် တကူ ရှာဖွေရရှိနိုင်သော ပရဆေးပင်များသာ ဖြစ်ပါသည်။



**ယင်းဆေးနည်းမှာ...**

၁။ ဆူးလေပဥ္စငါးပါး
၂။ တမာခေါက်၊
၃။ သနပ်ခါးရွက်၊
၄။ ကျွန်းခေါက်၊
၅။ တရုတ်စံကားခေါက်

**မှတ်ချက်။ ။ အားလုံးဆတူ။**

သည်ဆေးနည်းတွင် ဆေး ငါးပါး ဖွဲ့စည်းထားပါသည်။ ရေနှင့် သုံးခွက် တစ်ခွက်တင် ကျိုသောက်ရပါသည်။ တစ်နေ့ တစ်ကြိမ် သောက်ရပါသည်။

လက်ဖက်ရည် ပန်းကန်နှင့် တစ်ဝက်လောက်သာ သောက်နိုင်ပါ သည်။ ဆေးသောက်ပြီး တစ်ခဏ အကြာ ဆီးသွားသောအခါ ဆီးအိမ် နှင့် ကျင်ချောင်းတစ်လျှောက် အေးမြ သောဝေဒနာကို ခံစားခဲ့ရပါသည်။

ကျင်ချောင်း ပူစပ်သောရောဂါ ဝေဒနာမှသည် အေးမြသောဝေဒနာ ခံစားရသောအခါ ရောဂါပျောက်ကင်း ကြောင်း သိသာခဲ့ပါသည်။

ဆီးလည်း သွားစဉ်အတိုင်း သွားစေ ခဲ့ပါသည်။ ဆီးနီခြင်း၊ ဝါခြင်းလည်း မရှိတော့ပါ။

ဆီးပူ၊ ဆီးအောင့်ဝေဒနာ ခံစားနေ ရသူများအတွက် ဤဆေးနည်းကို တင်ပြရခြင်း ဖြစ်ပါသည်။

ဤဆေးနည်းသည် **"ရှမ်းဗမာ ဆေးနည်းကျော်"**များ စာအုပ်ထဲမှ ဖြစ်ပါသည်။

ကျွန်တော်ကိုယ်တိုင် သောက်၍ ပျောက်ခဲ့သော ဆေးနည်းကောင်း ဖြစ် ပါသည်။ ဆီးဝေဒနာရှင်အများ ပျောက်ကင်းစေရန် တင်ပြခြင်း ဖြစ်ပါ သည်။

**စေတနာဆရာ မောင်ကြည်**
*(ကိုးဆောင်)*



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

# လာဘ်လာဘ

ရွှင်လန်းကြစေဖို့



ဒီဇင်ဘာလတွင် ငွေကြေးသောက ကင်းစွာဖြင့် လာဘ်လာဘ ရွှင်လန်း ဝေဆာနိုင်ကြစေရန်အတွက်...

- **မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ ရက်အတွင်းမွေးသူ)တို့သည်** ဩဇာညွှန့်(၅)ညွှန့်၊ သပြေ (၅)ညွှန့်၊ ခရေညွှန့်(၃)ညွှန့်နှင့် သောက်တော်ရေ (၃)ခွက်တို့ဖြင့် လူအများပူဇော်သည့် စေတီပုထိုး တစ်ဆူ၏ သောကြာဂြိုဟ်တိုင်၌ တနင်္ဂနွေနေ့တွင် ကပ်လှူပါ။
- **ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးသူ)တို့သည်** စံပယ်(၇)ပွင့်၊ စွယ်တော်ညွှန့် (၇)ညွှန့်၊ လောက်သေရွက်(၇) ညွှန့်၊ ဖယောင်းတိုင် (၅)တိုင်တို့ဖြင့် တနင်္လာနေ့တွင် စေတီပုထိုးတစ်ဆူ ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **မေထုန်ရာသီဖွား(မေလ ၂၁ရက် မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ) တို့သည်** ဒေါနပန်း(၁၀)ခက် သို့ မဟုတ် ပိတောက်ညွှန့်(၁၀)ညွှန့်၊ သံဘော်သီးစိတ်(၁၀)စိတ်၊ အုန်းရွက် (၁၀)ရွက်နှင့် ဆွမ်းထမင်း(၇) ပန်းကန်တို့ကို သောကြာနေ့တွင် စေတီပုထိုးတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင် မှ ကပ်လှူပါ။
- **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ၂၁ရက်အတွင်း မွေးသူ)တို့သည်** သစ်တော်သီး(၅) လုံး၊ လိမ္မော်သီး(၅)လုံး၊ ယပ်တောင် (၇)လက်တို့ကို အင်ဖက်တွင် ထည့် ၍ သောကြာနေ့တွင် စေတီပုထိုး တစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ် လှူပါ။
- **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးသူ)တို့သည်** ပြောင်းဖူး သို့ မဟုတ် ပြောင်းဖြင့် လုပ်သောမုန့် (၃)ခု၊ ကောက်ညှင်းပေါင်း(၃) ပန်းကန်၊ သီဟိုဠ်ညွှန့်(၃)ညွှန့်နှင့် သောက်တော်ရေ (၅)ခွက်တို့ကို တနင်္လာနေ့တွင် စေတီပုထိုးတစ်ဆူ ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **ကန်ရာသီဖွား(ဩဂုတ်လ ၂၂ ရက်မှ စက်တင်ဘာလ ၂၁ရက် အတွင်း မွေးသူ)တို့သည်** ကောက် ညှင်းထုပ် (၆)ထုပ်၊ သီဟိုဠ်ညွှန့်(၆) ညွှန့်၊ ထန်းလျက်(၆)ခဲ၊ ဖယောင်း တိုင်(၃)တိုင်တို့ကို တနင်္ဂနွေနေ့၌ အများကိုးကွယ်သည့် စေတီတစ်ဆူ ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူ ပါ။
- **တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက် အတွင်း)မွေးသူတို့သည်** စနေနေ့၌ သီဟိုဠ်စေ့ဆန်(၈)စေ့၊ သရက်သီး (၈)စိတ်၊ နာနတ်သီး (၈)စိတ်နှင့် ဆွမ်းထမင်း (၆)ပန်းကန်တို့ကို အများကိုးကွယ်သည့် ဘုရားစေတီ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ လ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်း မွေးသူ)တို့သည်** ရွက် လှပန်း(၂)ခက်၊ ကံ့ကော်ညွှန့်(၂) ညွှန့်၊ သပြေ(၂)ခက်၊ ယပ်တောင် (၉)လက်တို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီပုထိုးတစ်ဆူ၏ စနေဂြိုဟ်တိုင် မှ ကပ်လှူပါ။
- **ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက် အတွင်း မွေးသူ)တို့သည်** သကြား (၁)ပန်းကန်၊ အုန်းသီးဆန် (၁) ပန်းကန်၊ ကောက်ညှင်းပေါင်း (၁) ပန်းကန်၊ သောက်တော်ရေ(၂)ခွက် တို့ကို ကြာသပတေးနေ့တွင် စေတီ တစ်ဆူ၏ ကြာသပတေးဂြိုဟ် မှ ကပ်လှူပါ။
- **မကာရရာသီဖွား(ဒီဇင်ဘာလ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အ မွေးသူ)တို့သည်** အုန်းရွက်(၄) ကံ့ကော်ညွှန့် (၄)ညွှန့်၊ ဆီး ညွှန့်၊ ဖယောင်းတိုင် (၁)တိုင် အင်္ဂါနေ့တွင် စေ စာစ်ဆူ၏ ဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **ကုံရာသီဖွား (ဇန်နဝါရီလ ရက်မှ ဖေဖော်ဝါရီလ အတွင်း မွေးသူ)တို့သည်** ညွှန့်(၆)ညွှန့်၊ ဥသျှစ်ညွှန့် ( ပေါက်ပန်းဖြူ(၆)ညွှန့်၊ ဆွ (၄)ပန်းကန်တို့ကို ဗုဒ္ဓဟူး အများပူဇော်သည့် စေတီ စနေဂြိုဟ်တိုင်မှ ကပ်လှူ
- **မိန်ရာသီဖွား (ဖေဖော်ဝါ ရက်မှ မတ်လ ၂၀ရက် မွေးသူ)တို့သည်** သီဟိုဠ် ညွှန့်၊ နှင်းဆီပန်း(၃)ပွင့်၊ ပိ ညွှန့်(၃)ညွှန့်၊ ယပ်တောင် တို့ကို စနေနေ့တွင် စေ တစ်ဆူ၏ တနင်္လာဂြို ကပ်လှူပါ။

***ငွေကြေးလာဘ်လာဘများ ဆာဆာ ရရှိ ပိုင်ဆိုင်နိုင်ကြ***

ထက်မင်းကျော်




www.burmeseclassic.com

www.burmeseclassic.com

A သဏ္ဍာန်

# သနှစ်ဒါးသစ်ကွင်း

သာထက်ငြိမ်
(မကွေး)



◆ Aသဏ္ဍာန်သစ်ကွင်း

တစ်နေ့သော အခါသမယတွင် ကျွန်တော့်နေအိမ်သို့ ကိုသန်းဇော်ဦး (ခ)ကိုဖြူကြီးဆိုသူ ရောက်လာလေသည်။

သူသည် ချောက်မြို့သားဖြစ်၏။ ကျွန်တော် ရေးသားသော ဂမ္ဘီရပစ္စည်းများအကြောင်း နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို လစဉ် ဖတ်မှတ်ရာမှ သိရှိခဲ့ရပုံ အစပြုပြီး မြင်ကွန်းမြို့သို့ ဘုရားဖူးခရီး ယခုကဲ့သို့ ရောက်လာခဲ့ခြင်း ဖြစ်ကြောင်း ပြောပြလာသည်။

ထို ကိုဖြူကြီးသည် . နာမည်နှင့် လိုက်အောင် အသားအရေ ဖြူဖွေးပြီး ရုပ်ရည်ရူပကာလည်း ခံ့ညားပြေပြစ်လှသူတစ်ဦး ဖြစ်သည်။ ထို့ပြင် သူသည် စာပေဗဟုသုတလည်း အတော်ကလေး တီးမိခေါက်မိ ရှိလှသူဖြစ်၏။

ကိုဖြူကြီး ရောက်လာချိန်သည် သင်္ကြန်ရုံးပိတ်ရက်ကာလ ဖြစ်သဖြင့် မြင်ကွန်းဒေသရှိ ရှင်အဇ္ဇဂေါဏဂူ၊ လောကသိပ္ပံ၊ အလိုတော်ပေါက်ဘုရား သုံးဆူ၊ ရွှေနတ်မောက်၊ ရွှေနန်းပေါက် အစရှိသော အထင်ကရ နေရာများသို့ ကျွန်တော် လိုက်လံ ပို့ဆောင်ပေးခဲ့၏။

ကိုဖြူကြီးသည် ကျွန်တော့်ကို ပြုံးပြုံး ကြီးကြည့်ရင်း ကျေးဇူးတွေ တစ်လှေကြီး တင်နေလေတော့သည်။

သူ တစ်ပတ်ကြာ ကျွန်တော့်အိမ်တွင် တည်းခိုပြီး ဘုရားအစုံ ဖူးခဲ့ပေသည်။ ပြန်ခါနီးရက် ရောက်သောအခါ

သူ့မှာ အသင့်ပါလာသော အဝတ်စရုံ့ ကြိုးအိတ်ကြီးထဲကနေ ဂမ္ဘီရပစ္စည်း ဆန်းတစ်ခုကို ထုတ်ယူရင်း...

'ကျွန်တော့်ကို အခုလို လိုလေသေးမရှိ ကျွေးမွေးညှဉ့်ခံပြီး ဘုရားစုံ ဖူးမျှော်ခွင့်ရ အောင် ပို့ဆောင်ပေးခဲ့တဲ့ ကျေးဇူးကို

www.burmeseclassic.com



▲ အနီးကပ်မြင်တွေ့ရစဉ်



▲ ကျောဘက်အနီးကပ်မြင်ကွင်း

ဒီတစ်သက် မမေ့နိုင်တော့ပါဘူး။ ဒီကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ ဟောဒီ သနပ်ခါး သစ်ကွင်းလေးကို လက်ခံပေးပါဆရာ'

ဟု ပြောဆိုလာလေသည်။ ထို့ကြောင့် ကျွန်တော်က...

'ဂမ္ဘီရသမားကို ဂမ္ဘီရပစ္စည်း လက်ဆောင်ပေးနေပါလားဗျာ၊ ပြောပြစမ်းပါဦးဗျ၊ ခင်ဗျားရဲ့ သနပ်ခါးသစ်ကွင်းရဲ့ အစွမ်းသတ္တိတွေ'

ဟု စကားအစ ဖော်ပေးလိုက်သည်။ ထိုအခါ ကိုဖြူကြီးက...

'ဒီသနပ်ခါးသစ်ကွင်းကို ဗေဒင်ဆရာတစ်ယောက်က ကျွန်တော့်ကို ယတြာချေခိုင်းခဲ့ရာကနေ ရခဲ့တာလို့ ပြောရလိမ့်မယ်ထင်တယ် ဆရာ။

ဒီလိုပါ ဆရာ၊ လွန်ခဲ့တဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်တွေတုန်းက ကျွန်တော့် ကံဇာတာက တအား ညံ့ခဲ့တယ်။ စီးပွားရေး လုပ်သမျှ ကြံစည်သမျှ အလွဲလွဲအချော်ချော်တွေချည်း ဖြစ်ခဲ့တယ်။ ကျန်းမာရေးလဲ ညံ့ခဲ့သလို ဆေးရုံ ဆေးခန်းလဲ ရောက်ခဲ့ရတယ်။

ဒါနဲ့ပဲ ဗေဒင်သွားမေးမိတယ် ဆိုပါတော့။ ဗေဒင်ဆရာက ကျွန်တော့် ကံဇာတာ မြင့်မားစေဖို့အတွက် အခြားအခြား ယတြာတွေနဲ့အတူ ကံဆင့် ကံမြှင့် ယတြာပါ ပူးတွဲ လုပ်ခိုင်းခဲ့တယ်။

ဆိုလိုတာက ရေကန်တစ်ကန်ကို သွားပြီး ကန်တူးဖော်တဲ့ အလုပ်သက်စေ့ထက် တစ်ခေါက် ပိုလုပ်ရတာပါ။

ဒီအခါမှာ နွေရာသီမို့ ကန်[...] ရေမရှိဘဲ ပတ်ကြားအက်ကြီးတွေ[...] ဖြစ်နေတာကြောင့် အတော်ကြိုးစာ[...] တူးဆွခဲ့ရတယ်။ ဒီလိုတူးရင်း ကန်[...] ကမ်းပါးအစပ်မှာ ပေါက်နေတဲ့ သနပ်ခါး[...] သစ်ငုတ်တို တစ်ခုကို အမှတ်မထင်[...] (မသိဘဲ) ဂေါ်ပြားနဲ့ တူးဆွသွား[...] တယ်။

တူးလို့ တစ်ပေနီးနီးရောက်တော့[...] အသာအယာပဲ သနပ်ခါးမြစ်ဆုံ[...] ရလိုက်တယ်။ အသေအချာ ကျွန်တော်[...] ကြည့်မိတော့ သနပ်ခါးမြစ်ဆုံ[...] အင်္ဂလိပ်အက္ခရာ(A)ပုံသဏ္ဌာန် ထူး[...] ခြားခြား ဖြစ်နေတာ တွေ့လိုက်ရ[...] ပဲ။

ဒါနဲ့ ပုံမပျက်အောင် အသေး[...]



www.burmeseclassic.com

www.burmeseclassic.com

# နဖူးသင်းကျစ်

မန္တနီ

ဖောင်ပယ်ကိန်း
(အင်းတော်)

စာရေးသူ ယခု ရေးသား တင်ပြမည့် ဂါထာမှာ **နဖူးသင်းကျစ်ဂါထာ** ဖြစ်ပါသည်။ ဤ ဂါထာကို **နားနောင် ဆရာတော် ဦးကလျာဏ**၏ လက်ရေးမူ မှတ်စုစာအုပ်ထဲမှ ရေးသား ဖော်ပြခြင်း ဖြစ်ပါသည်။

ဆရာတော် ဦးကလျာဏမှာ စာရေးသူ ယခု စာရေးသားနေစဉ်တွင် မရှိတော့ပါ။ ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီ ဖြစ်ပါသည်။

ဆရာတော်ကြီး မည်သည့် စာပေထဲမှ ရသည်ကိုလည်း မေး၍ မရတော့ပါ။ ဆရာတော်ကြီး၏ မူရင်းလက်ရေးမူမှ ကူးယူဖော်ပြအပ်ပါသည်။

ဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

○ တောတေတာန နတာတေတော၊
တေန မာန နမာ နမော။
တာမာ မတေ တေမ မာတာ၊
နနတေဟိ ဟိတေနန။
○ ဝေဒါသာကု ကုသာဒါဝေ၊
ဒါယသာတ တသာယဒါ၊
သာသာဓိကု ကုဓိသာသာ၊
ကုတာကုဘု ဘုကုတာကု။
○ ဒေဝါကာနိ နိကာဝါဒေ၊
ဝါဒိကာသု သုကာဒိဝါ၊
ကာကာရေဘာ ဘာရေကာကာ၊
နိသုဘာယံ ယံဘာသုနိ။
○ ဩဘာင်း နမော ဗုဒ္ဓါယ။
ယဓာ ဗုဒ္ဓ မောန ဩဘာင်း။
ပုဒိအာ၊ အာဒိပု။

အနက်

**ဝေဒါသာ၊** ရန်အပေါင်းတို့သည်။ **ကု၊** ဝေးသောအရပ်၌။ **ဝေ၊** စင်စစ်။ **ကုသာဒါ၊** ပျောက်ပျက်စေကုန်သတည်း။

**ယသာ၊** အခြံအရံ အကျော်အစောတို့သည်။ **ဒါတ၊** လျင်စွာဖြစ်စေသတည်း။ **တသာ၊** ကောင်းသော ပရိက္ခရာတို့သည်။ **ယဒါ၊** အလိုရှိတိုင်း ပြည့်စုံစေသတည်း။

**သာသာ၊** ကြီးသောဘုန်းတန်ခိုး အသရေတို့သည်။ **ဓိကု၊** လျင်မြန်စွာ ပြည့်စုံသည်ဖြစ်၍။ **ကုဓိ၊** ကောင်းသော အကြံအစည်တို့သည်။ **သာသာ၊** ကောင်းစွာ ပြည့်စုံစေသတည်း။

**ကုတ၊** ကောင်းသောလာဘ်လာဘတို့သည်။ **ကုဘု၊** မပျောက်မပျက် ရောက်သည်ဖြစ်၍။ **ဘုကု၊** ကောင်းသောစီးပွားတို့သည်။ **တကု၊** ရောက်စေသတည်း။

*(တို့မြန်မာဝတ်ရွတ်စဉ် ၁၈၃–၁၈၄မှ)*

**ဒေဝါကာနိ၊ ဒေ–ဒေဝ ဒေဝေန၊** နတ်တကာတို့ထက် မြတ်သော ဝိသုဒ္ဓိနတ်ဖြစ်သော မြတ်စွာဘုရားသည်။ **ဝါ ဝါနသင်္ခါတာယ၊** ဝါနဟု ဆိုအပ်သော။ **ကာ–ကာမတဏှာယ၊** ကာမတဏှာမှ။ **နိ–နိက္ခမိ၊** ထွက်မြောက်တော်မူ၏။

**(နိကာဝါဒေ–အထက်က အတိုင်းပင်။)**

**ဝါဒိကာသု– ကာ– ကာမဒိနဝံ၊** ကာမ စသောအပြစ်ကို။ **သု–သုဋ္ဌု၊** ကောင်းစွာ။ **ဒိ–ဒိသွာ၊** မြင်၍။ **ဝါ–ဝါတိ၊** စွန့်၏။





**(သုကာဒိဝါ၊ အထက်ကအနက် အတိုင်း။)**

**ကာကာရေဘာ၊ ကာ–ကုစ္ဆတော၊** စက်ဆုပ်ဖွယ်ကုန်သော။ **ကာ–ကာမသင်္ခါတော၊** ကာမဟု ဆိုအပ်ကုန်သော။ **ရေ–အရေ၊** ရန်သူတို့ကို။ **ဘ–ဘဂ္ဂိ၊** ချိုးဖျက်တော်မူပြီ။

**(ဘာရေကာကာ– အထက်က အနက်အတိုင်း။)**

**နိသုဘာယံ၊ ဘယံ၊** ဘေးအပေါင်းမှ။ **သု–သုဋ္ဌု၊** ကောင်းစွာ။ **နိ–နိက္ခမိ၊** ထွက်မြောက်မူ၏။

***(ဤအနက်ကား ကြံဆ၍ ပေးခြင်း ဖြစ်၏။)***

**ဩဘာင်း၊** အန္တရာယ် ကင်းပါစေသတည်း။ **ဗုဒ္ဓါယ၊** မြတ်စွာဘုရားအား။ **နမော၊** ရှိခိုးပါ၏။

(**ယဓာဗုဒ္ဓမောနဩဘာင်း၊** အနက် အထက်ကအတိုင်းပင်။)

**ပု**–ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်။
**ဒိ**–ဒိဗ္ဗစက္ခုအဘိညာဉ်။
**အာ**–အာသဝက္ခယဉာဏ်။



www.burmeseclassic.com

www.burmeseclassic.com

***(နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့် (စတုနိကာယကောဝိဒ၊ ဝိနယဝရ၊ ဓမ္မာစရိယ)မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။)***

ဆရာတော်ကြီးသည် ဤ နဖူးသင်းကျစ်ဂါထာအဆုံး၌ အကျိုးပြုပုံကိုလည်း ဆက်ရေးထားပါသည်။

တစ်နေ့(၃)ကြိမ်ရွတ်ပါက ပညာရမည်။ ပညာအတွက် အကျိုးဖြစ်မည်။ (၈)လရွတ်သော် လူတို့၏ စိတ်ကြံသမျှသိ၏။ တစ်နှစ်ရွတ်သော် ဘုန်းကျက်သရေ အာဏာကြီးမည်။

ခရီးသွားသော်၊ နေရာက ထသော် ရွတ်ပါက ဘေးရန်ကင်းသည်။ တောမှာ အိပ်ရသော် ကျောက်ခဲ(၄)လုံးကို အထက်ပါဂါထာနှင့် တစ်လုံး(၇)ခါမန်း၍လေးမျက်နှာမှာထား။ ကျောက်ခဲချင်းတည့်အောင်ထား။ ရန်သူမဝင်နိုင်။

အိမ်၌ အသုံးပြုလျှင် အိမ်လေးထောင့် အရှေ့မြောက်၊ တောင်၊ အနောက်တောင်၊ အနောက်မြောက် အရပ်တို့၌ မြှုပ်၊ ရန်ဟူသမျှ မဝင်ဝံ့။

မြွေကိုက်လျှင် ရေကို (၇)ခါမန်း၍ တိုက်။ ကိုက် ရာနေရာတွင် ပင့်နှိပ်၍ချ။ အဆိပ်ပြေ၏။ လက်ကို(၇)ခါမန်းပြီးလျှင် သက်ငယ်ကို လက်သည်းနှင့်ခပ်၊ နားမှ ပန်၊ နတ်ရဲရှိသည့် သစ်ပင်ကိုသွား နတ်ပြေး၏။ ဆီကို (၇)ခါမန်း၍လူး၊ ဘုန်းကျက်သရေတက်၏။

သင်္ကြန်အကြတ်နေ့၌ လည်းကောင်း၊ နေလ ကြတ်သောနေ့ တစ်ရက် ရက်ကြုံသော် ဖယောင်းကို ဆီနှင့် ချက်ပြီးလျှင် ဘုရားရှေ့မှာဂါထာကို တစ်ထောင်စုတ်၊ နှုတ်ခမ်းသုတ်စကားပြော၊ ရာဇသဗ္ဗသျှိကောင်း၏။

သူနာ ယောင်ယမ်းသော် ရေကို (၇) ခါမန်း၍တိုက်၊ ပျောက်၏။ နား



မှာပန်သော (သစ်ရွက်ကို တစ်ထောင်စုတ်) သေနတ် လက်နက်လွဲသည်။ လက်မကို တစ်ထောင်စုတ်၍ ငုံ၊ ရှိန်းပြီး၏။

မိုးကြိုးပစ် ကျွဲချိုကို ဂါထာပတ်၍ရုံ၊ ဘုရားသိမ်တွင် တစ်ထောင်စုတ်၊ အမြောက်,စိန်ပြောင်းလွဲ၏။ ဂါထာကို လေးလုံးတစ်ပုဒ် လက်ဖွဲ့ထိုး၍ ဂါထာအတိုင်း တစ်ထောင်စုတ်။ သဗ္ဗရာဇာ အပါး(၃၀)ပြီး၏။

ဆရာတော်၏ မှတ်စုပါ အချက်အလက်အတိုင်း တင်ပြရခြင်း ဖြစ်ပါသည်။ စာရေးသူ နေ့စဉ်ရွတ်ပြီး ခရီးသွားလျှင် အမြဲရွတ်ပါသည်။ အကျိုးသွားကို တင်ပြလိုပါသည်။

စာရေးသူသည် ကျောင်းအုပ်ဆရာမကြီးဒေါ်မေမေသန်း (ဒဂုံမြောက် အ.ထ.က)သို့ ပြောင်းသွားသူနှင့်အတူ ဒေါ်ခင်နှင်းဦး(အောင်လံ လယ် အုပ်)နှင့် အင်းတော် အ.ထ.ကမှ လယ်ပြ ဆရာမ ဒေါ်တင်တင်မြင့်လည်း ပါပြီး ၁၉၉၈ ခုနှစ်တွင် ဗန်းမော် အ.ထ.ကသို့ ကြီးကြပ်ရေးမှူးအဖြစ် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ထမ်းဆောင်ရမည့် ဒေါ်မေမေသန်းနှင့်အတူ ဒိုင်နာကားလေးဖြင့် အင်းတော်မှ ဗန်းမော်သို့ လာခဲ့ကြပါသည်။

ဗန်းမော်မြို့ မြနန္ဒာရပ်ကွက်မှ ဗန်းမော်အ.ထ.ကသို့ လာခဲ့ရာ မြောင်းကူးတံတား ပေ(၃၀)ခန့်ကို ဖြတ်ရာ နောက်မှ လူတစ်ယောက် အော် သော်လည်း စက်သံကြောင့် မကြားဘဲ စာရေးသူတို့ စီးနင်းပါလာသည့် ဒိုင်နာကားလေးမှာ တံတားအတက်မို့ ကုန်း အတက်ခပ်ပြေပြေ တံတားအလွန် လည်း ကားရောက် နောက်ဘီးအလွတ် တွင် လက်တန်းပါ ဆ.လ.က တံတား မှာ ဝုန်းခနဲ ပြိုကျပြီး မြောင်းတစ်ဖက် သို့ စောင်းကျသွားပါသည်။

မြောင်း၏ အနက်မှာ (၁၀)ပေခန့် နက်ပါမည်။ စာရေးသူတို့ အံ့သြစွာ လှည့်အကြည့်တွင် နောက်မှ လူသည် လည်းကောင်း၊ ခရီးသည်တစ်ဦး ဆင် လိုက်သည့်နေရာ၌ အိမ်တစ်အိမ်က လူလည်း ခရီးသည်အား ကြိုပြီး ပြော ပြသည်မှာ ယမန်နေ့ညဦး ကားတစ်စီး ဖြတ်သွားရာ တံတားကျိုးသွားပြီး ကျိုး သွားသည့်တံတားကို မူလအတိုင်း ဟန် မပျက်ထား၍ မဖြတ်ရန် လှမ်းအော် သော်လည်း ကား၏ စက်အရှိန်ကြောင့် မရပ်နိုင်သည့်ပြင် စက်သံကြောင့် မကြားရ၍ ဖြတ်ခဲ့မိပါသည်။

သို့သော် ကံကောင်းထောက်မ ဘေးဒုက္ခ မဖြစ်ခဲ့ပါ။ အကယ်၍ စာ သူတို့ ကားသာ စောင်းမှောက်သွား လျှင် ဒုက္ခဖြစ်မည် အမှန်တွေ့ကြုံရ ဖြစ်ပါသည်။

စာရေးသူမှာ ဆိုင်ကယ်စီး လည်း အမြဲရွတ်ပြီး ခရီးသွား လည်း အမြဲရွတ်ဖတ်သဖြင့် ယနေ့ ဝဋ်ကြွေးမပါ၍လားမသိ။ ဘေးဒု မကြုံတွေ့ခဲ့ရပါ။

စာဖတ်သူများလည်း ယုံကြည် ရွတ်ဆို ပွားများကြပါ။ စေတ မေတ္တာဖြင့် ရေးသား တင်ပြလိုက် ကြောင်း...။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း(အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com

လောကီပညာ လိုက်စားကြသော ...ရာအသီးသီးတို့သည် အကြောင်း ...ဆိုင်ပါက ပညာချင်း ဖလှယ်တတ် ...ပါသည်။

ထိုသို့ ပညာဖလှယ်ရာ၌ မိမိတို့ ...တ်မြောက်ထားပြီး ကိုယ်တွေ့မှန် ...သော ပညာများသာ ပေးမည်ဖြစ် ... မမှန်မကန် လီဆယ်ပေးမိပါက ... တတ်ကျွမ်းထားသော ပညာများ ...က်ပျက်၍ အဝီစိငရဲ၌ မကျွတ် ... ခံရပါစေသားဟု သစ္စာဆိုပြီး ...ာဖလှယ်ကြလေ့ ရှိသည်။

...ခုဖော်ပြမည့် ပညာရပ်သည် ...သူ ကျိုက်ထီးရိုးဘုရားသို့ ...က်ရှိစဉ် ဆရာတစ်ဦးနှင့် ဆုံတွေ့ ... ရရှိခဲ့သော မေတ္တာထမင်းမော် ...နည်းဖြစ်သည်။ **မော်ဆိုသည်မှာ ...သိမ်းခြင်းဟူ၍ အဓိပ္ပါယ်ရပါ ...ည်။** သီလ၊ သမာဓိကို အခြေခံပြီး ...ာစဉ်ကို ထိန်းသိမ်းစောင့်ရှောက် ...င် ဖြစ်သည်။

ဤမေတ္တာထမင်း မော်သွင်းရာ၌ ...ဖြစ်မရှိ အကျိုးသာ ရှိသောကြောင့် ...သူငါ လေ့လာသိရှိစေရန် ...ပြခြင်းဖြစ်သည်။

...ချို့သော လောကီမော်သွင်းရာ၌ ...ထက် အပြစ်သာ ရှိစေသော ...ကြောင့် ရေးသားဖော်ပြခြင်း မပြုဘဲ ...နည်းကိုသာ ရေးသားလိုက်ရပေ ...**(ဥပမာ–ဥပကာတစ္ဆေ မော်သွင်း ... လေပြေကြောင်မော်သွင်းနည်း ...ခြင့်...)**

ဤထမင်းမော်ကို အောင်မြင်ပါက ...စ်လှုခင် ပေါ်များခြင်း၊ သူတစ်ပါး ... မကောင်းမကြံစည်နိုင်ခြင်း၊ ...တ်လာဘ ပေါ်ကြွယ်ခြင်း၊ ...နာတော်စောင့် နတ်မင်းများက ...သော အစောင့်ကို ရရှိရခြင်း၊



အောင်မြင့်ကျော်
(နေလဝိဇ္ဇာဂိုဏ်းတော်ကြီး)

# မေတ္တာထမင်း

## မော်သွင်းနည်း

စုန်းနတ်အပေါင်းက မိမိကို ကြည်ညိုလာပြီး အနှောင့်အယှက် မပြုရုံမက ကူညီစောင့်ရှောက်လာခြင်း စသော အကျိုးတရားများပင်မက လူပင်မဆိုထားဘိ ရိုင်းစိုင်းကြမ်းတမ်းသော သားရဲတိရစ္ဆာန် နာနာဘာဝအပေါင်းတို့သည် ချစ်ခင်လေးမြတ်လာခြင်း...

မေတ္တာရှေ့ထားပြီး ပြောဆိုသည်များကို လိုက်နာလာကြခြင်း၊ သူတစ်ပါးတို့၏ စိတ်အကြံအစည်နှင့်တကွ ရှေ့နောက်ဖြစ်စဉ်များကို သိမြင်လာခြင်း စသော အကျိုးတရားများကို ရရှိလာနိုင်သည်။

စာရေးသူနှင့် ပညာချင်း ဖလှယ်ခဲ့သော ထိုဆရာ၏ ဩဇာအာဏာကြီးမားခြင်း၊ လာဘ်လာဘ အထူးကြွယ်ဝခြင်း၊ သူတစ်ပါးတို့၏ စိတ်အကြံအစည်ကို ကြိုသိနေခြင်းတို့ကို ကြည့်ခြင်းအားဖြင့် မေတ္တာထမင်းမော်၏အစွမ်းကို ကိုယ်တွေ့ သိရှိခဲ့ရသည်။

ထိုဆရာ၏ ပြောပြချက်အရ ဤမော်အောင်ခဲ့ပါက စိတ်နှလုံးသည် နူးညံ့သိမ်မွေ့လာ၏။ သို့သော် အချိန်ကာလတစ်ခုသို့ ရောက်သောအခါ မော်အစွမ်းသည် မှေးမှိန်သွားတတ်သည်။ ထို့ကြောင့် (၆)လတစ်ခါ မော်ကို ထပ်မံ သွင်းပေးရသည်။

ထိုသို့မဟုတ်ပါက မော်အစွမ်းသည် တစ်စတစ်စ ပျောက်ကွယ်သွားတတ်သည်။ မော်သတ္တိ ပျောက်ပြယ်တတ်သည်မှာ မည်မျှကြာမှဟူ၍ အတိအကျ မခန့်မှန်းနိုင်ပေ။ မိမိ၏ သီလ၊ သမာဓိ၊ သစ္စာပေါ် မူတည်နေပေသည်။

မော်အစွမ်း ပြယ်,မပြယ်ကို သိရှိရန် အရင်က မိမိပြောဆိုသည်များ မှန်ကန်သော်လည်း ထိုအချိန်တွင် မမှန်တော့

www.burmeseclassic.com

ခြင်း၊ မိမိအား လေးစားသူများမှ မကြည်ညို မလေးစား ဖြစ်လာခြင်း၊ လာဘ်လာဘ ရှားပါးလာခြင်း၊ ရွတ်ဆို နေကျ ဂါထာမန္တန် သုတ်ပရိတ်တော်များ ရွတ်ဆိုရန် ပျင်းရိလာခြင်း၊ စိတ်ဓာတ် ခက်ထန်မာကြောလာခြင်း၊ အလွယ်တကူ ဒေါသထွက်တတ်လာခြင်း စသည့် အချက်များ ကြုံလာပါက မော်အစွမ်း ပြယ်သည်ကို သိရှိနိုင်ပြီး ထပ်မံ မော်သွင်းပေးရသည်။

သစ္စာမရှိသူများနှင့် အာရုံ(၅)ပါး လွန်ကျူးသူတို့မှာ အချိန်ကြာကြာ မော်အစွမ်းကို မခံစားရချေ။

ဤမော်ကို သွင်းရာ၌ **(၄၅)ရက်တိတိ** ရက်မပျက်စေဘဲ လုပ်ရသည်။ အကယ်၍ ရက်ပျက်သွားပါက အစမှ တစ်ဖန်ပြန်ပြီး ပြုလုပ်ရသည်။ တစ်နေရာ၊ တစ်ကျောင်းတည်း၊ တစ်အိမ်တည်းမှာပင် ပြုလုပ်ရသည်။ နေရာပြောင်းလွှဲပြုလုပ်ခြင်း၊ ညအိပ်ညနေ ခရီးထွက်ခြင်း မပြုရပေ။

**သတိပြုရန်မှာ** မော်ရက်မပြည့်မီအတွင်း အဖျက်အဆီးများ ပေါ်လာတတ်သည်။ အဖျက်အဆီး ဆိုရာ၌ ကြောက်လန့်ဖွယ်ရာများ မဟုတ်ပေ။ မော်သောက်ပျက်ရန် အကြောင်းကိစ္စများ ကြုံဖန်ပေါ်လာတတ်သည်။

မည်သို့ဖြစ်စေကာမူ လိမ္မာပါးနပ်စွာ ရှောင်ရှား၍ မလျှော့သော ဖွဲ့ လုံ့လ၊ ဝီရိယဖြင့် စနစ်တကျ ဆောင်ရွက်ပါက မုချအောင်မြင်နိုင်ပေသည်။ ရက်ပြည့်ခါနီးတွင် ပိုပြီး ပျက်တတ်သည်ကို အထူးသတိပြုပါလေ။

စာရေးသူကိုယ်တိုင်ပင် (၃)ကြိမ် (၃)ခါသွင်းရာ (၃)ခါစလုံးပင် အကြောင်းအမျိုးမျိုးကြောင့် ပျက်ရလေသည်။ ယနေ့တိုင် ထပ်မံ မသွင်းဖြစ်တော့ပေ။

မေတ္တာထမင်းမော် ဆိုသည့်အတိုင်း မြတ်စွာဘုရားရှင်၏ **မေတ္တသုတ်**ကို ရှေးဆရာကြီးများက မော်အဖြစ် စီရင်ထားခြင်းဖြစ်သည်။ မေတ္တသုတ်ပရိတ်တော်ကား အလိုလိုကပင် နတ်လူအများ၏ ချစ်ခြင်းခံရသော ဘုရားရှင်၏ နှုတ်ကပါဠိတော် ဖြစ်ပေရာ ယခုကဲ့သို့ လောကီပညာဖြင့် တွဲဖက်၍ စီရင်ထားရာ၌ အဘယ်မျှလောက် အစွမ်းထက်မည်ကို ဆိုဖွယ်ရာ ရှိပါတော့အံ့။

အစီအရင်က မေတ္တသုတ်ကို မိမိစားမည့် ထမင်းအား မန်းပြီး စားရသောကြောင့် လွယ်ကူသည်ဟု ပေါ့ပေါ့တန်တန် မထားဘဲ အလေးဂရုပြုပါရန် တိုက်တွန်းလိုက်ရပါသည်။ စီရင်နည်း စီရင်ဟန် စနစ်ကျမှသာ အကျိုးကျေးဇူး ခံစားရမည်ဖြစ်သည်။

မော်ပညာ စတင် သွင်းမည့်နေ့တွင် ရေမိုးချိုး၊ သန့်ပြန့်သောဝတ်စုံကို ဝတ်ဆင်ပြီး ကန်တော့ပွဲကို ဘုရားမှာ တင်လှူရမည်။ ဘုရားရှင်အား ကပ်လှူပူဇော်ပြီး အောက်တွင် ဖော်ပြထားသော မော်သွင်းသစ္စာဆိုခြင်းကို ရွတ်ဆိုပြီး ကန်တော့ပွဲအား လှူရမည်။

ထို့နောက် ဘုရားရှိခိုး၊ သီလယူသောအခါ (၈)ပါးသီလ ခံယူရမည်။ မေတ္တာပို့ အမျှဝေပြီး မော်သွင်းတန်ခိုးခံခြင်း ရွတ်ဆိုရမည်။ ထမင်းစားခါနီးတွင် မိမိစားမည့် ထမင်းပန်းကန်ကို မြတ်စွာဘုရားအား ကပ်လှူ၍ ထိုထမင်းပန်းကန်ကို မေတ္တသုတ်ပရိတ်တော်ဖြင့် (၇)ခေါက်တိတိ မန်းပြီး စားရမည်။

ထမင်းစားချိန် မည်သူနှင့်မျှ စကားမပြောရ၊ **ဆီ၊ ဆားနှင့် အသီးအနှံသာ** စားရမည်။ **သက်သတ်လွတ်**ဖြစ်သည်၊ ထမင်းမှာ တစ်ပွဲတည်း ပတ္တပိုဏ်...
ဖြစ်ရမည်။

ထိုသို့ ပရိတ်တော်နှင့် (၇)ခေါ...
မန်းပြီး စားခါနီးတွင် **မော်သွင်းတန်ခိုး...**
တို (၁)ခေါက်ရွတ်ပြီးမှ စားရမည်...
မော်သွင်းနေသည့် (၄၅)ရက်...
အခြား မည်သည့်အစာမှ မစား...
ရေ၊ ရေနွေးနှင့် ဆေးဝါးများ...
သောက်သုံးနိုင်ပါသည်။

ဥပုသ် စောင့်ထားသည့်အတွ...
နေ့လွဲညစာ မသုံးဆောင်ရပါ။ ဥ...
နှင့်မဆန့်ကျင်သော အစာကို...
စားသောက်နိုင်ပါသည်။ **(ဥပ...**
**ထန်းလျက်၊ စတုမဓုအစရှိသည်...**
အဝိက,ကတော့ နေ့စဉ် နံနက်နှင့်...
မေတ္တသုတ် (၇)ခေါက်စီ ရွတ်ဖ...
မေတ္တာပွားများရမည်။

နေ့စဉ် နံနက်အိပ်ရာထ မျက်နှာ...
သောအခါ ပထမဦးဆုံး ရေခွ...
မေတ္တသုတ်(၇)ခေါက် ရွတ်...
မျက်နှာသစ်ရမည်။

**ရေချိုးသောအခါလည်း** ...
ဆုံး ခပ်သောရေကို ထိုကဲ့သို့ ရွတ်...
ပြီးမှ ရေချိုးခြင်းအမှု ပြုရမည်။

**အထူးမှတ်ရန်မှာ** မည်သည့်...
ရပ်မဆို စနစ်မကျပါက မအောင်...
နိုင်ပေ။ ထို့ကြောင့် အမှာအ...
တစ်သဝေမတိမ်း လိုက်နာကျင့်ကြံ...
အောင်မြင်နိုင်ပါသည်။

ထမင်းစားခါနီးတိုင်း **မော်သွ...**
**တန်ခိုးခံ**ကို ရွတ်ဆိုစားသောက်...
မေ့လျော့ပြီး မရွတ်ဆိုမိပါက မော်...
တတ်သည်။ **နေ့စဉ်အတိုင်း...**
**(၄၅)ရက်တိတိ လုပ်ရမည်။**

ဤကား မေတ္တာထမင်းမော်...
နည်းပင် ဖြစ်သည်။ လောကီလို...
လူအများတို့ လေ့လာကျင့်ကြံ...
ရေးသားဖော်ပြလိုက်ပါသည်...



www.burmeseclassic.com

www.burmeseclassic.com

အောက်တွင် မှော်စတင်သွင်းသည့်နေ့တွင် ဘုရားရှင်အား ကန်တော့ပွဲအုပ်ခါနီး ရွတ်ဆိုရမည့် မှော်သွင်းသစ္စာဆိုရမည့် စကားနှင့် ထမင်းစားတိုင်း ရွတ်ဆိုရမည့် အတ္တသုတ်(၇)ခေါက်ရွတ်ပြီး ရွတ်ဆိုရမည့် မှော်သွင်းတန်ခိုးခံကို ဖော်ပြလိုက်ပါသည်။

**မှော်သွင်းသစ္စာဆိုခြင်း**ကို စတင်သည့်နေ့တွင်သာ ရွတ်ဆိုရပြီး မှော်သွင်းတန်ခိုးခံကိုတော့ မှော်စဉ် (၄၅)ရက်လုံး ထမင်းစားချိန်တိုင်း ရွတ်ဆိုရပါသည်။ **မေ့လျော့ပျက်၍ မရသလို မေ့ပြီး မရွတ်မိ၍လည်း မရပါ။**

## မှော်သွင်းသစ္စာဆိုရန်

သတ္တလောက သင်္ခါရလောက ဩကာသလောကတည်းဟူသော လောကသုံးပါးတို့တွင် သိကြားနတ်ပြဟ္မာ လူတိရစ္ဆာန်မရွေး အယုတ်အလတ် အမြတ်မဆို ပုဂ္ဂိုလ်အပေါင်းတို့၏ ခညောင်းရာမှန် သမ္မာသမ္ဗုဒ္ဓ အမည်ရသော လောကသနင်း တရားမင်းဘုရား...

အရှင်ဘုရားအား တပည့်တော် ဦး/မောင်/ဒေါ်/မ...၊ ...နေ့သား/သမီးသည် ရှေ့တော်မှောက်၌ လျှောက်ထားပန်ဆင် ရှစ်အင်္ဂါ ...တို့ကို ကိုးကွယ်ပြီးလျှင် နတ်ကြီးနတ်ပေါင်းတို့ထံ ပန်ကြားမသွေ ဒေဝဩသဓ ဆေးအဖြစ် မေတ္တာထမင်းမှော်ကို သွင်းနံ့ပါမည်။

ဤသို့ ကိုယ်တော်မြတ်အား လျှောက်ထားသည့်နေ့မှစ၍ ဗုဒ္ဓ ဓမ္မ သံဃာ ဟူသည့် ရတနာသုံးပါးကို အသက်ရှိသမျှ နေ့ညမပြတ် ကိုးကွယ်ပါမည်။ ဓုရနှစ်ဖြာ အရာနှစ်ဖော် သာသနာတော်ကိုလည်း ကြည်ညိုမသွေ ...ကြပေသော မေရုရာဇေ မဟာ ...နသခင် ဘုရင်အဒိန္နာ စတုလောကပါလ ဒေဝါရက္ခ ဘုမ္မာတရီး ...အညီ သုရဿတီ ဒေဝီအကုန် ...လယ် နတ်မြတ်နတ်ကြီးတို့အား



လည်း ပေါင်ကြားပေါင်းဖက် အသက်ရှည်သမျှ ပူညအဖို့ကို မချို့စေငှပါမည်။

အကျွန်ုပ်အား သနားသည့်အကြောင်း အောက်မေ့တော်မူ၍ အလှူခံတော်မူပါဘုရား။ အကျွန်ုပ်သည်လည်း ဂုဏ်တော်ကျေးဇူး နတ်ကြီးနတ်မှူးတို့ထံ စက်အာနဘော်ခံ၍ ထံတော်ရှေ့ပါး မှော်စာများကို စားသောက်ပါမည်။

အသက်ရှည်သမျှ ကာလပတ်လုံး မဆုံးသမျှ ဒေဝဩသဓ စသည်အများ ဆေးမင်းများနှင့် သွင်းထားအတတ် ဝိဇ္ဇာမျိုးအပေါင်းတို့သည်လည်း အဓွန့်ရှည်စွာ လိုရာဆန္ဒ ရှိသမျှကို ကမ္ဘာဇိဋ္ဌ နလုံးရိုက ပြီးဘိလေအောင် ဘုန်းတော်ရောင်ဖြင့် ကယ်တော်မူပါဘုရား။

ဤသို့ ဒေဝဩသဓဆေးမြတ် နံ့အပ်မကွာ ဆိုသစ္စာနှင့် ရတနာသုံးပါး ဂုဏ်တော်အားကြောင့် နတ်များချီပင့် နေ့တိုင်းတင့်လျက် ကိုယ်နှင့်ကြံရေး မနေးလျင်စွာ သူမေးလာလည်း နားမှာတပ်သိ ပြောလာဘိ၍ ရှိတိုင်းအမှန် မကျန်မကြွင်း လူခပင်းတို့ ပြခြင်းကိုလျှင် နံ့သိမြင်သည် ဖြစ်စေသော်...

အကျဉ်းအကျပ် ဥပဒ်အန္တရာယ် စိတ်ဝယ်လိုရောက် အောက်ထက်တွင်းပြင် ထွက်ဝင်နိုင်ညား ရုပ်ထားရုပ်လဲ ပြုပြင်မြဲနိုင်စွာ ခရီးကွာလည်း နီးလာစေ တတွေထိုမှ ပယောဂမျိုး အကျိုးနည်းအောင် ငါ့ကို ဆောင်လည်း နတ်ကောင်းနတ်မြတ် တန့်ရပ်ငါ့ရှေ့ ကျေမြေလုလု ထောင်းထုသတ်ပုတ် နှင်ချုထုတ်လျက် အယုတ်တမာ ရန်တကာလည်း ကာစေသော်...

ရတနာသုံးဦး ဖူးလည်းမကွာ ဆိုသစ္စာနှင့် ဝိဇ္ဇာအထူး ဤကျေးဇူးကို နတ်မှူးဒေဝ ဝါသဝနှင့် စတုလောကပါလ မဟာဗိဿနိုး တန်ခိုးလျှံမျှော် ဂေါရိဇ္ဇ စသည်အညီ သုရဿတီ ဒေဝီအပေါင်း အောင်ဆုလောင်း၍ ကျိုးကြောင်းချမ်းသာ မင်္ဂလာကို မချာနေ့တိုင်း မစေသော်...

စတုလောက ဒေဝအုပ်ခြုံ ရုံးပြဟ္မာ ဗြဟ္မာနိဂမဇနပဒေ ရေမြေတောတောင် နတ်စောင်နတ်မ ရှိသမျှကို ငါလျှင်တကာ ခဏမကြာ ရောက်ကြလာသည် ငါ့မှာယခု ငါ့အမှုကို သာရလည်းဆို လွှန်ကြည်ညို၍ ငါ့ကိုချစ်ခင် ငါလျှင်ဆိုထား ငါ့စကားကို ထောင်နားမသွေ နာကြစေသည် ဖြစ်စေသော်။

ဩောင်း နမော ဗုဒ္ဓါ နဘာဝေန သဗ္ဗသိဒ္ဓိ ဘဝန္တုမေ၊ ဩောင်း နမော ဓမ္မာ နဘာဝေန သဗ္ဗသိဒ္ဓိ ဘဝန္တုမေ၊ ဩောင်း နမော သံဃာ နဘာဝေန သဗ္ဗသိဒ္ဓိ ဘဝန္တုမေ သွာဟယ်ယျ သွာဟုံဟုံ ။

## မှော်သွင်းတန်ခိုးခံ

အစိန္တေယျ ဘုရားတန်ခိုးတော် အစိန္တေယျ အပ္ပမေယျ ကျေးဇူးတော်အစုံ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူသည့်နောက် ကိုယ်တော်မြတ် ဟောကြားတော်မူသော တရားတော်မြတ်ကို အမှီပြု၍ ရုပ်တုတော် ဆင်းတုတော် ပုထိုးတော် ကိုယ်စားတော် ရည်မှတ်၍ ကိုးကွယ်ပါသည်ဘုရား...

ယခု အစိန္တေယျ သဗ္ဗညုမြတ်စွာဘုရား ဟောတော်မူသော တရားတော်



www.burmeseclassic.com

www.burmeseclassic.com

မြတ်ကို အမှီပြု၍ သဗ္ဗညုမြတ်စွာဘုရား ကျောင်းတော်၊ စေတီတော်၊ ရုပ်တုတော်၊ ဆင်းတုတော်၊ ဓာတ်တော်၊ မွေတော်၊ ဦးခေါင်းတော်တို့ကို ပဏာမ လုပ်ဆောင် ကိုးကွယ်ပါသည်ဘုရား…

အစိန္တေယျ ဟောတော်မူအပ်သော တရားတော်ကို အမှီပြု၍ ဆရာအရှင်မြတ်တို့၏ ပညာတော်ကို အလွန် ချစ်ခင်လေးမြတ်အပ်သည် ဖြစ်၍ အကျွန်ုပ်ကိုယ်၌ သွင်းအပ်သည့်အတိုင်း အစိန္တေယျ မြတ်စွာဘုရား တန်ခိုးတော်ကြောင့် အကျွန်ုပ်ကိုယ်၌ စွဲကပ်ဝင်ရောက်သည် ဖြစ်ပါစေဘုရား…

အစိန္တေယျ ဘုရားတန်ခိုးတော်ကြောင့် ပညာတော်သည် အကျွန်ုပ်ကိုယ်၌ စွဲကပ်ဝင်ရောက်သည် မှန်လျှင်လည်း မနောနှလုံး၌ ဝင်စွဲတုန်လှုပ်၍ တန်ခိုးတော်ဖြင့် ပြသည်ဖြစ်ပါစေသော် အစိန္တေယျဘုရားတန်ခိုးတော်…

ယခု အကျွန်ုပ်ကိုယ်၌ ဆရာအရှင်မြတ်၏ ပညာတော်သည် စွဲကပ်ဝင်ရောက်လျှင်လည်း အစိန္တေယျသဗ္ဗညုမြတ်စွာဘုရားတန်ခိုးတော် ပညာတော်ကြောင့် ဤစကြဝဠာ အတွင်းတွင်ရှိသော ခုနစ်ရက်သားသမီး၊ လူမျိုးစုံ၊ နတ်မျိုးစုံ၊ ပညာမျိုးစုံတို့ဖြင့် အကျွန်ုပ်ကိုယ်ကို ပြုလုပ်မည် ကြံလျှင်လည်း အကျွန်ုပ်ပင် မသိသော်လည်း ပညာတော်သည် ချိုးဖဲ့ဖျက်ဆီး၍ အကျွန်ုပ်ကိုယ်သို့ မရောက်သည် ဖြစ်ပါစေသော် အစိန္တေယျ ဘုရားတန်ခိုးတော်…

ယခု အကျွန်ုပ်ကိုယ်၌ သွင်းအပ်သည့် ပညာတော်၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်ကို မြင်မြင်သမျှ၊ အကျွန်ုပ်အသံကို ကြားကြားသမျှ ခုနစ်ရက်သားသမီး လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့သည် ပီတိသော မနသာ နှလုံးဖြင့်စိမ့်၍ ကြင်နာမေတ္တာ ဆပွား ဝမ်းထွက်သားကဲ့သို့ ချစ်ခင်လေးမြတ်သည် ဖြစ်ပါစေသော် အစိန္တေယျဘုရားတန်ခိုးတော်…

အစိန္တေယျ သဗ္ဗညုမြတ်စွာဘုရားသည် မြတ်သောဗောဓိမဏ္ဍိုင်၌ ဒေဝပုတ္တ အစရှိသော မာရ်ငါးပါးကို အောင်တော်မူ၏။

ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် ဉာဏ်တော်သုံးပါးကို ရသဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တည်းဟူသော ကာလသုံးပါး၌ဖြစ်သော အလုံးစုံသော တရားအပေါင်းတို့ကို အကြွင်းမရှိ သိတော်မူသည်ဖြစ်၍ ခပ်သိမ်းကုန်သော လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၏ မှီခိုကိုးကွယ်ရာ အဓိပတိကြီး ဖြစ်တော်မူသကဲ့သို့…

ထို့အတူ အကျွန်ုပ်သည်လည်း ဤဇမ္ဗူဒီပါကျွန်းအပြင်၌ ခပ်သိမ်းကုန်သော ဘေးရန်အပေါင်းတို့ကို စိတ်အလိုရှိတိုင်း အောင်မြင်သည်ဖြစ်၍ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တည်းဟူသော ကာလသုံးပါး၌ ကြားအပ်မြင်အပ်သော အလုံးစုံသော အရာမျိုးတို့ကို အလိုရှိတိုင်း လင်းလင်းထင်ထင် သိမြင်စွမ်းအောင် အောင်နိုင်သည် ဖြစ်စေသော်…

ခပ်သိမ်းကုန်သော ဝေနေယျ သတ္တဝါအပေါင်းတို့၏ မှီခိုကိုးကွယ်ရာ အဓိပတိကြီး ဖြစ်တော်မူသည်ဖြစ်သော အစိန္တေယျ ဘုရားတန်ခိုးတော် အစိန္တေယျ ဘုရားတန်ခိုးတော်။ ။

**အောင်မင်းကျော်**
***(နေလဝိဇ္ဇာဂိုဏ်းတော်ကြီး)***

**စာမျက်နှာ (၁၆၂)မှ အဆက်**

ဖြတ်ယူပြီး ဗေဒင်ဆရာဆီ ပြန်
တယ်။ အကျိုးအကြောင်း ရှင်းပြလို
ပေါ့ဆရာ။ ဒီအခါ ဗေဒင်ဆရာ သ
မြစ်ဆုံကို အသေအချာကြည့်ရင်း
'ဒီနေ့ ဒီအချိန်ကစပြီး ခင်ဗျားမှာ
ဆိုင်နေရတဲ့ ဒေါကတွေ ကင်းစင်
သွားပြီတဲ့။
ဘာဖြစ်လို့လဲဆိုရင် သနပ်ခါးဆိုတာ
မဟုတ်လား။ သစ်ကွင်းဆိုတာကလဲ(၆၂
လား။ ဒီတော့ ကံမြင့်စေဖို့ကန့်
နေ့ ဒေါက(၆၂)အပူတွေ ငြိမ်းစေဖို့
ဖော်ရင်ကနေ့ ရခဲ့တဲ့ သနပ်ခါး(၆၂)
(၆၂)မို့ လက်ခမောင်းသာ ခတ်
တဲ့။ ဟုတ်မှာပါ ဆရာ၊ ဒီသ
သစ်ကွင်းကို ကျွန်တော် ရပြီး
အတွင်းမှာပဲ ငွေရေးကြေးရေး၊
အတိုက်အခံ၊ အရောင်းအဝယ်
သူတစ်ပါးရဲ့ ချောက်တွန်းခြင်း
ဖြတ်ကျော်အောင်မြင်မှု ရခဲ့တယ်
စိတ်လက်ရွှင်ပျစွာ နေနိုင်
လာနိုင်လာခဲ့တယ်။ စပ်မိတုန်း
မယ်။ နားလည်တတ်ကျွမ်းတဲ့
မီးလဲကွင်းစေတယ်။ အန္တရာယ်
ကင်းဝေးစေတယ်။ ကြီးပွားချမ်း
ပေးစွမ်းတယ်လို့ ပြောကြ
ဟုတ်လား ဆရာ'
ဟု မေးလာလေသည်။
'ဟုတ်တာပေါ့။ ကိုဖြူကြီးရဲ့
ကိုတော့ လေးစားပါတယ်။
ကိုဖြူကြီးကို ကူညီခဲ့တာဟာ
သက်မို့ ကိုဖြူကြီးရဲ့ လက်
လက်မခံပါရစေနဲ့'
'မဟုတ်တာ ဆရာရယ်၊
စိတ်မကောင်းအောင် မလုပ်ပါ
နော်၊ လက်ခံပါနော် ဆရာ'
ထို့ကြောင့် ကျွန်တော်သည်
ဖော်ဦး(ခ)ကိုဖြူကြီး စိတ်ကျေ
လက်ခံယူထားလိုက်သည်။
ကျွန်တော်သည် ကိုဖြူကြီး
သည့် သနပ်ခါးသစ်ကွင်းကို
တိုင်းတာကြည့်ရာ **အလျား(၁)**
**လက်မ၊ အနံ(၃)လက်မ** ရှိသည်
ရပေသည်။
**[ဤဆောင်းပါးဖြင့် ကိုသ**
**(ခ)ကိုဖြူကြီးကို ကျေးဇူး**
**ပါကြောင်း မှတ်တမ်းအပ်**
***မွေ့ ဟဝေ ရက္ခတိ***
**သာထက်ဖော်(**



www.burmeseclassic.com

www.burmeseclassic.com



◆ ဘုရားအား သုဇာတာ နို့ဆွမ်းဆက်ကပ်ပုံ

ဖြိုးသော်တာ

သုဇာတာ နို့ဆွမ်းကပ်ရာ၌ နို့ညှစ်နည်းသုံးမျိုးနှင့်

# သုဂတခုနှစ် အတွက် အထူးပယ်တြာ

၂၀၀၀ ပြည့်နှစ်လွန် ကာလများ၌ မုံရွာမြို့သို့ စာပေခရီး ဆန့်ခဲ့ရာ "ချင်းတွင်းအိမ်"စာပေမှ ဆရာမင်းဆွေနှစ်မှတစ်ဆင့် **မဟာကံထူးရှင် ဦးအောင်ကြီး** (ကံစမ်းမဲ ပထမဆုကြီးများ အပါအဝင် အောင်ဘာလေထီဆုကြီးများ အကြိမ်(၄၀)ကျော် ဆွတ်ခူးရရှိပြီးသူ ဖြစ်သောကြောင့် မဟာကံထူးရှင်ဟု ခေါ်ကြခြင်းဖြစ်သည်။

အသက်(၆၀)ကျော်သည့်တိုင် လူပျိုကြီးဘဝဖြင့် မိခင်အိုကြီးကို အနီးကပ်လုပ်ကျွေးပြုစုလျက် ယခုအခါ ပေရှစ်ဆယ်၊ ပရဟိတဂေဟာမှူးအဖြစ် တာဝန်ထမ်းဆောင်နေသည်။)

ထိုမှတစ်ဆင့် မဟာလယ်တီတိုက် ဒေါ်မေအုတ်ကျောင်း၌ သီတင်းသုံးတော်မူသည့် အရှင်သီလာစာရ သေည်ဖြင့် စာပေအသိမိတ်ဆွေများ အဆင့်ဆင့် ပွားများခဲ့ရ၏။

အရှင်သီလာစာရက အားစိုက်အင်စိုက် ကူညီ ဆောင်ရွက်ပေးတော်မူကာ နောင်တွင်လည်း ဆရာ ဒါယကာရင်းနှီးစွာဖြင့် ကူညီပေးမြဲ ဖြစ်လေသည်။ ထိုအရှင်က ဤသို့ မိန့်၏။

'လယ်တီ ရောက်မှတော့ အရှေ့လယ်တီတိုက်ကိုလဲ သွားကြရအောင်'

'အတော်ဝေးသလား ဘုရား'

'ဒီလိုလေ လယ်တီဆရာတော်ကြီး တောင်တောထွက်တဲ့ နေရာမှာ ဆရာတော် ဗိမာန်ကြီး ဆောက်ထားတယ်။ ကြောင်းလို့ခေါ်တယ်။ ဗိမာန်ရဲ့ အနောက်ဘက်၊ တောင်ဘက်နဲ့ အနောက်တောင်ဘက်မှာ ဘုန်းကြီးကျောင်းတွေရှိတယ်။

ဒီအစုက ကျယ်လဲကျယ်ပြန့်လို့ "**မဟာလယ်တီ**"တိုက်လို့ ခေါ်တယ်။ ဗိမာန်ရဲ့ အရှေ့ဘက်ကကျောင်းကိုတော့ "**အရှေ့လယ်တီတိုက်**"လို့ (အခု အခြေအနေပေါ့လေ။) ခွဲခြားခေါ်ဝေါ်ကြပါတယ်'

'သြော်... ကပ်လျက်ပေါ့။ ဒါပြင် အခု သွားကြတာပေါ့ ဘုရား'

သို့ဖြစ်၍ အရှေ့လယ်တီတိုက်သို့ သွားရောက်ဖြစ်ခဲ့သည်။

အရှေ့လယ်တီတိုက် **ဆရာတော် အရှင်ကုဏ္ဍလ**အား ဝင်ရောက်ဖူးတွေ့ကြပြီးနောက် အရှင်သီလာစာရက မိတ်ဆက်လျှောက်ထား၏။

'နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကဆိုတော့ နက္ခတ်ပညာကော သင်ဖူးသလား'

'အခြေခံလောက်တော့ သင်ထားပါတယ်'

'ဂဏိတအပိုင်း ကျေသလား'

'**ဂဏိတ**=တွက်ချက်ခြင်း၊ **ဖလိတ**=ဟောကြားခြင်း၊ **သံဟိတ**=အခါပေးခြင်း သုံးပိုင်းစလုံး သင်ပုန်းကြီးအဆင့်လောက်တော့ ရှိမယ်ထင်ပါတယ် ဘုရား'

'ဒီလောက် မလိုပါဘူး။ ဗုဒ္ဓဘာသာဝင်တွေ ဗဟုသုတ တိုးပွားအောင်၊ ငြီးငွေ့စရာလဲမဖြစ်အောင်"**ဂဏိတ**" အတွက်အချက်ကလေး စွက်ပြီး ပြောပြမလို့ပါ။

မြတ်စွာဘုရားကို ကပ်လှူဖို့ သုဇာတာ နွားနို့ဆွမ်း ချက်ရာမှာ နွားနို့ညှစ်နည်း(၃)မျိုး ရှိသကွယ်၊ ပါဠိကိုထားပြီး မဃ္ဃဒေဝလင်္ကာနဲ့ လေ့လာကြည့်ရအောင်...

"ရဂုံသာမော၊ နွယ်ချိုတော၌၊ ဘော်နှောတကွ၊ ထောင်နွားမကို၊ ကာလကြာညောင်း၊ ဝစွာကျောင်းပြီး နို့ကောင်းနို့မြတ်၊ ရေမစွက်ဘဲ၊ ခွဲဝက်ခုနစ်တန်၊ တစ်ကောင်ကျန်နှင့်၊ နို့ပြန်တိုက်လျက်၊ ရှစ်ကောင်နက်မှ၊ ယူချက်သမှု၊ နို့နပ်ပြုသော်"

***(မဃ္ဃဒေဝပုဒ်ရေ-၅၆၉)***





www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ နွားတစ်ထောင်နို့ကို ငါးရာအားတိုက်၊ ငါးရာနို့ကို နှစ်ရာ့ငါးဆယ်အားတိုက်၊ ဒီလိုအတိုင်း ခုနစ်ကိုင်ခွဲဝက်ပြီး နောက်ဆုံး ဆယ့်ခြောက်ကောင်ရဲ့ နို့ကို ရှစ်ကောင်အားတိုက်၊ အဲဒီရှစ်ကောင်ရဲ့နို့ကိုမှ ယနာနို့ဆွမ်း ချက်တယ်လို့ ဆိုတယ်။

**အဋ္ဌကထာ**မှာ တစ်ထောင့်ငါးရာ အစနဲ့ ဆယ့်ခြောက်ရှစ်၊ အဆုံးကိုသာ ပြထားတယ်။ အသေးစိတ်မပြဘူး။

**မဋ္ဌဒေဝပျို့မှာတော့** တစ်ထောင်ကနေ ရှစ်ကောင်အထိ ခုနစ်ကြိမ် ခွဲဝက်ပါဆိုပြီး အကြိမ်ကို ပြထားတယ်။ ခွဲပုံမပြဘူး။ ဒကာကော ဘယ်လိုခွဲမလဲ။ ပြောပြပါဦး'

'တင်ပါ့၊ နွားမ စုစုပေါင်း တစ်ထောင်ကျော်ဆိုရင် (၁၀၂၄)ကောင် ရှိရပါမယ်ဘုရား။ ၁၀၂၄ ထက်ဝက် (÷၂)=၅၁၂ =၂၅၆=၁၂၈=၆၄=၃၂=၁၆=၈။

• ခုနစ်ကြိမ်မှာ (၈)ကောင် ရပါမယ်။ တစ်ထောင် အတိအကျဆိုရင်တော့ ခွဲလို့ မရပါဘုရား'

'အေး... အဋ္ဌကထာအရ နွားမ တစ်ထောင်လို့သာ ဆိုပါတယ်။ ဒါကို ခွဲနည်း သုံးမျိုး တွေ့ရတယ်'

* * * ————→

**ကျီးသဲလေးထပ် ဆရာတော်မှ...**

'သဟဿဂါဝီနံ ပဉ္စရာသိ ကတ္တာ
တိကၡတ္တုံ ဘဇိတ္တာ ဘဋ္ဌေ အဋ္ဌဂါဝီနံ
မဓုရ ရသံ ဒုဟိတ္တာ'

ဟူသော **သုတ်မဟာဝါ အဋ္ဌကထာနှင့်ညီစွာ ဇိနတ္ထပကာသနီကျမ်း(၂၉)၌ ပြထားခြင်းဖြစ်ကြောင်း** သိမှတ်ရပေသည်။

ယင်းနောက်တွင် ဆရာတော်ကြီး အရှင်ကုဏ္ဍလက သူ ရေးသားပြုစုတော်မူသည့် ၂၀၀၁ ခုနှစ် ဗုဒ္ဓစာပေ ပထမဆုရ **ဗဟုသုတလင်းရောင်ခြည် မဟာသုတဒီပနီကျမ်း ပထမတွဲနှင့် ဒုတိယတွဲ** နှစ်အုပ်စလုံးကို ရက်ရောစွာ စွန့်လှူပေးတော်မူလေသည်။

**ရှေးလူကြီးသူမများ၏ ဆိုစကား အရ ရောက်ရှိရာ ကောဇာသက္ကရာဇ် ခုနှစ်၏ သိုက်ဝင်ဂြိုဟ် ပရိယာယ်ဆိုင် ရာ ဆွမ်း ခဲဖွယ်ဘောဇဉ်၊ ချိုချဉ် အရသာတို့ကို ဘုရားရှင်အား ဆက် ကပ်လှူဒါန်းခြင်းဖြင့် အကြံအစည် အောင်မြင်၍ စီးပွားဥစ္စာများ တသုံး၍မကုန်နိုင်အောင် အလျှံပယ်ရရှိစ သည်ဟု ဆိုကြ၏။**

ဥပမာ–၁၃၇၇ ခုနှစ် ÷ ၇ = **(စားလဒ်မလို) ၅ ကြွင်း၏။**

* * *

| | | |
|---|---|---|
| | ၂ အဓိပတိ | |
| ၄ အထွန်း | ၀ သိုက် | ၃ ရာဇ |
| ၁ မရဏ | ၅ ဘင်္ဂ | ၆ ပုတိ |

၅–ကြွင်း မဟာဘုတ်

သိုက်ဝင်ဂြိုဟ်ကား စနေဖြစ်၏ ... သို့ဖြစ်၍ ယခု ၁၃၇၇ ခုနှစ်တွင် ဘုရားရှင်အား **"နို့"ဆွမ်း** ဆက်ကပ် ... ခြင်းဖြင့် **"သိုက်ဖွား နိုက်စား၍ မကုန်"** ဆိုသည့်အတိုင်း အကြံအစည် အောင်၍ လာဘ်လာဘ ပေါ်များစေ ... သည်ဟု ဆိုလိုခြင်းဖြစ်သည်။

သို့ဖြစ်လေရာ နို့ဆွမ်း ဆက်ကပ် ... လေ့ရှိသော ဤနှစ်တွင် နို့ဆွမ်းနှ ... ပတ်သက်၍ ဗဟုသုတ တိုးပွားစေရန် ... ဖော်ပြလိုက်ခြင်း ဖြစ်ပေသည်။ ထို့ပြင် ... နာနတ်သီးကိုလည်း မကြာခဏ ဘုရား ... ရှင်အား ကပ်လှူပူဇော်နိုင်ပါသည်။

ငြိမ်းသော်တာ

**ပထမနည်း(မဏိကုဏ္ဍလဝတ္ထု)**

၁။ နွားမ ၁၀၀၀ မှ ၅၀၀ သို့တိုက်
၂။ ၅၀၀ မှ ၂၅၀
၃။ ၂၅၀ မှ ၁၂၅
၄။ ၁၂၅ ကို (၆၁)နှင့်(၆၄)နှစ်ခုတွဲ၊ (၆၁)ကိုပယ်၊ ၁၂၅ မှ ၆၄ သို့တိုက်
၅။ ၆၄ မှ ၃၂
၆။ ၃၂ မှ ၁၆
၇။ ၁၆ မှ ၈

**ဒုတိယနည်း(မုံတိုင်ပင်ဆရာတော်၏ သုံးပုံအိပ်ထောင့်ကျမ်း)**

၁။ ၁၀၀၀ မှ ၅၀၀
၂။ ၅၀၀ မှ ၂၅၀
၃။ ၂၅၀ မှ ၁၂၅
၄။ ၁၂၅ ကို (၆၂)(တစ်ကောင်ချန်ခဲ့)
၅။ ၆၂ မှ ၃၂(၃၁ တွင် ချန်ခဲ့သော (၁)ထည့်ပေါင်း၍ ၃၂ ဖြစ်၏)
၆။ ၃၂ မှ ၁၆
၇။ ၁၆ မှ ၈

**တတိယနည်း(ဇိနတ္ထပကာသနီကျမ်း)**

၁။ ၁၀၀၀ ကို ငါးစုပြု၍ လေးစု(၈၀၀)၏နို့ကို တစ်စု(၂၀၀)အားတိုက်၏
၂။ ၂၀၀ ကို ငါးစုပြု၍ (၁၆၀)၏နို့ကို (၄၀)အား တိုက်၏။
၃။ ၄၀ ကို ငါးစုပြု၍ (၃၂)၏နို့ကို (၈)အား တိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

# အာစရိ နမာမိ (၁)

ဒေါ်သုမနဝိစိတ္တာ
(B.Sc, H.G.P, Dip.Ed)



ထူးခြားသော သံဃာတော်မြတ် ရှိနေပါ၏။ ကြည်ညိုဖွယ် ကောင်းလှပါ၏။ သက်တော် ကြီးလှပါပြီ။ ဗုဒ္ဓ၏ သက်တော်(၈၀–နှစ်)ထက်ပင် ကြီးနေပါပြီ။

သို့သော် ပြည့်တွင်းပြည့်ပ သာသနာ့ဝန်ကို ထမ်းဆောင်နေဆဲပါ။ ခန္ဓာဝန်ကို မငဲ့ကွက်ပါ။ စွဲကပ်နေသော ရောဂါကို လျစ်လျူရှုနေ၏။ သံဃာတော်မြတ်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို စာရေးသူ ပူဇော်လိုလှပါ၏။ စာဖြင့် ရေးသားဂုဏ်ပြုလိုပါ၏။ စာဖတ်သူများ ကြည်ညိုသဒ္ဒါ ပွားဖို့ပါ။

သို့သော် မဝံ့မရဲဖြစ်ရသည်။ စာရေးသူ၏ ဉာဏ်တစ်မိုက်ဖြင့် မမီနိုင်သော အကြောင်းအရာမျိုးပါ။ မသိနိုင်သော အကြောင်းအရာတွေက များလှစွာပါ။ ရေးသားခြင်းကို မပြုဝံ့ပါ။ မျိုသိပ်ခဲ့ပါ၏။

နှစ်ပေါင်းများစွာ ကြာပါပြီ။ ရေးသားလိုသော ဆန္ဒက ရင်နှင့်အပြည့်ပါ။ ဆန္ဒက ကြီးမားလာပါပြီ။ ရေးချလိုက်ပါပြီ။ ဆန္ဒရှိသူများ သံဃာတော်မြတ်ကို ရှာဖွေနိုင်ကြပါစေ။ တရားချစ်ခင်သူများ မြင့်မြတ်သော တရား ရကြပါစေ။ အကျိုးများကြပါစေ။ မေတ္တာဖြင့် ဝေငှလိုက်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ (...)ရွာ၊ (...)ကျောင်းတွင် သီတင်းသုံးနေသော ကျောင်းထိုင်ဘုန်းကြီးလေးမှာ သက်တော်(၃၀) ကျော်စ၊ ဝါတော်(၁၁)ဝါမျှသာ ရှိပါသေးသည်။ ကိုရင်ငယ်ဘဝမှ ပရိယတ္တိစာပေ သင်ကြားခဲ့၏။ ပခုက္ကူမြို့တို့တွင် စာဝါများ လိုက်ခဲ့၏။

ရဟန်း(၃၀)ဝါတွင် နိကာယ်သမုဒ္ဒရာကြီးမှာ ကူးတတ်အောင် စာဝါများ လိုက်ခဲ့၏။

အသက်(၃၀)ကျော်၊ ရွာ(...)ကျောင်းတွင် ကျောင်းထိုင် ဘုန်းကြီး ဖြစ်နေပါပြီ။ ကိုရင်၊ ဦးပဉ္စင်းများကို စာပေပို့ချနေ၏။

ရွာဘုန်းကြီးလေး ဝိနည်းတော်ကို ရိုသေစွာ လိုက်နာ၏။ ရွှေကျင်ဂိုဏ်းကြီး၏ အစဉ်အလာကို ရိုသေစွာ လိုက်နာ၏။ ကြည်ညိုဖွယ်ကောင်းသော အပြောအဆိုရှိ၏။ ကြည်ညိုဖွယ်ကောင်းသော ကိုယ်အမူအရာရှိ၏။ အနေအထိုင်ကောင်း၏။ ဒကာ၊ ဒကာမများက ကြည်ညိုကြ၏။

'ဘုန်းကြီးလေးက ကြည်ညိုစရာပါ။ ကျောင်းသစ်လှူမယ်'

ကျောင်းသစ်လှူသူ ပေါ်လာ၏။ ကျောင်းဒကာမက...

'ဘုန်းကြီးလေးက သပိတ်နဲ့ပဲ ဆွမ်းစားတာ၊ သပိတ် ဟောင်းနွမ်းနေပြီ။ အင်းဝမှာ သပိတ်သွားမှာမယ်၊ လှူမယ်'

ဒကာမကြီးသည် ရွာမှ ခြေကျင်သွားသည်။ အင်းဝရောက်သည်ထိ ခြေကျင်သွားသည်။ သပိတ်မှာသည်။ သပိတ်လှူသည်။ နှစ်ပေါင်းများစွာ ကြာအောင် သုံးစွဲခဲ့ရသည်။

**(ကျောင်းဒကာမ၊ သပိတ်ဒကာမကြီးသည် နှစ်ပေါင်းများစွာ ကြာသောအခါ ဘုန်းကြီးလေးဘဝမှ ဘုန်းတော်ကြီး ဖြစ်လာသော သံဃာတော်မြတ်ကို ကျောင်းလှူပါသည်။ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာ(...)တိုက်တွင် (...)ရတနာကျောင်း လှူခဲ့ပါသည်။**

**ဒကာမကြီး လှူခဲ့သော လှူဒါန်းမှုများစွာပါ။ ဒကာမကြီး အိုမင်းလှပါပြီ။ သားသမီးမြေးမြစ်အထိ ဆက်လက်လှူနေဆဲပါ။)**

ရွာဘုန်းကြီးလေး၏ ငယ်ဆရာ နှစ်ပါးကို သွားရောက် ကန်တော့စဉ်က အဖြစ်အပျက်ပါ။ သွားလေရာ နေရာများသို့ ရွာဘုန်းကြီးလေး သပိတ်လွယ်သွားလေ့ရှိ၏။ လေးလေးမြတ်မြတ် နေရာတွင် သပိတ်ကို ထားလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

သပိတ်ကို ရှေ့မှာချထားပြီး ငယ်ဆရာ နှစ်ပါးကို လေးလေးမြတ်မြတ် ကန်တော့၏။ တစ်ပါးသော ဆရာတော်က...

'နေရာတကာ သပိတ်တလွယ်လွယ်နဲ့ ဘာပုံစံထွင်နေတာလဲ၊ ပန်းကန်,ဇွန်းနဲ့ ဆွမ်းဘုဉ်းကြတဲ့ခေတ်ဗျ၊ သပိတ်ခေတ် မဟုတ်ဘူး'

အသံမာမာနှင့်မိန့်၏။ ရွာဘုန်းကြီးလေးက...

'တပည့်တော် မှားသွားတယ်ဆိုရင် ခွင့်လွှတ်ပါဘုရား၊ တောင်းပန်ပါတယ် ဘုရား'

လက်အုပ်ချီပြီး ရိုရိုကျိုးကျိုး လေသံတိုးတိုးဖြင့် တောင်းပန်ရှာ၏။ မျက်နှာငယ်လေးနှင့်ပါ။ ခေါင်းကို ငုံ့လျှိုး၍ နေပါ၏။ အခြားသော ဆရာတော်က မူ...

'တို့များ ဘုရားရှင်တော်က သပိတ်ဖြင့် ဆွမ်းဘုဉ်းပေးတော်မူခဲ့တာပါ။ သံဃာတော်များကလဲ ဆွမ်းဘုဉ်းပေးတာ သပိတ်ဖြင့် ဘုဉ်းပေးခဲ့တာပါ။ သပိတ်ကို အလေးထားတော်မူခဲ့ကြတာပါ။ ဓုတင်အမှတ်(၆) ပတ္တပိဏ်ဍိကဓုတင်ဆောင် သံဃာဆိုတာ နှစ်ခု မြောက်ခွက်ကိုမှ မသုံးတာ။ သပိတ်ကိုပဲ အလေးထားရတာပါ။

သပိတ်ဖြင့် ဘုဉ်းတာ၊ ပုံစံထွင်တာ မဟုတ်ပါကွယ်။ ပန်းကန်နဲ့ဇွန်း သုံးပြီး ဘုဉ်းနေတဲ့ တို့များက မှားတာပါ။ တို့များကသာ ဘုရားစကား နားမထောင်တာပါ။ ဟိုဘုန်းကြီး ပြောတာ သည်းခံပါကွယ် တပည့်ရယ်'

ဟု လေသံအေးအေးဖြင့် ပြောရှာ၏။

ချက်ချင်းပင် လေသံမာသော ဆရာတော်က...

'တပည့်ရယ် အပြစ်တင်မိတာ သည်းခံပါကွယ်။ တို့များက ခေတ်ကို လိုက်မိပါတယ်။ တို့များ မှားတာပါ'

ဟု လေသံပျော့ပျော့ဖြင့် ပြောရှာ၏။

ရွာဘုန်းကြီးလေးမှာ ဆရာနှစ်ပါးကို အကြိမ်ကြိမ် ကန်တော့၏။ လေးလေးမြတ်မြတ် ကန်တော့၏။ ကိုယ့်အပြစ်ကိုယ်ဝန်ခံသော ဆရာသူတော်ကောင်းကြီးများကို လေးလေးစားစား ဖြစ်ရသည်။ ကန်တော့၍ မဝပါ။ ဘဝတာ တစ်လျှောက်လုံး သတိတရပါ။

ဝိနည်းမိုရ်လွန်းသည်ဟု ရွာဘုန်းကြီးလေးကို အပြစ်မြင်ခဲ့ကြသူများ ရှိခဲ့ပါ၏။ ရွာဘုန်းကြီးလေး သင်္ကန်း(၃)ထည်ပဲ သုံးဆောင်ခြင်း ကိစ္စမျိုးကို အပြစ်တင်သူ ရှိခဲ့ပါ၏။ ညနေပိုင်း ရေနွေးကြမ်း မသောက်သော ကိစ္စမျိုး နားမလည်သူ ရှိခဲ့ပါ၏။

ဘုန်းကြီးပျံ၌ ပွဲလမ်းသဘင်မပါရေး ရွာဘုန်းကြီးလေးက ပြောဆိုလျှင် အပြစ်မြင်ခဲ့ကြ၏။ ဘုရားပွဲတော်ကို ချဲ့ကားခြင်း မပြုရေးတို့တွင် ရွာဘုန်းကြီးလေးက ပြောဆိုလျှင် အပြစ်မြင်ခဲ့ကြ၏။ ပြဿနာရှာချင်ကြ၏။ ရွာဘုန်းကြီးလေးက အစစ အရာရာ အလျှော့ပေးခဲ့၏။ သည်းခံခဲ့ပါ၏။

ရွာဘုန်းကြီးလေး သက်တော်(၃၃) နှစ်တွင် ရောဂါမျိုးစုံခံစားရ၏။ သွေးတိုးရောဂါ ခေါင်းတွင် သားရေကွင်းကြိုးဖြင့် ချည်ထား၊ တုပ်ထား၊ တင်းထား သကဲ့သို့ပါ။ နှလုံးရောဂါ ရင်ထဲမှာ အောင့် မောဟိုက် အသက်ရှူမဝ အသက်ထွက်သွားမည် ကဲ့သို့ပါ။ ကျောက်ကပ်ရောဂါ အောင့်နာ အထိ မခံနိုင်အောင် နာ၏။

ဆီးချိုရောဂါ ဆီးက ပုပ်လှသည်။ ဆီးသွားထားလျှင် ပုရွက်ဆိတ်က အုံကျနေသည်။ ဖြစ်သောရောဂါများက သေနိုင်သော ရောဂါမျိုးတွေပါ။ ခန္ဓာကိုယ်က ထောင်ထောင်မောင်းမောင်း၊ မြင့်မြင့်မားမား၊ တောင့်တောင့်တင်းတင်း၊ ပြည့်ပြည့်ဖြိုးဖြိုး၊ ခံ့ခံ့ညားညား၊ ဥပ[illegible] ရုပ်က ကောင်းကောင်း။

ရောဂါဖြစ်နေသူလို့ မထင်ရ။ ရော[illegible] မျိုးစုံ ဖြစ်နေသည်။ ကိုယ်ပင်ပန်း[illegible] စိတ်ဆင်းရဲ၏။ ကိုယ်စိတ်နှစ်[illegible] မချမ်းသာ။ ရွာဘုန်းကြီးလေး [illegible] လောကမှာ မနေချင်တော့ သေရသေ[illegible] မျှ ဩော်...ကောင်း၏။

'ဒီဘုန်းကြီးလေး အသက်(၄၀)ကို မကျေ[illegible] နိုင်ဘူးဗျ'

ဗေဒင်ဆရာများက ဟောကြ[illegible] ရွာဘုန်းကြီးလေးအတွက် ဗေဒင်[illegible] သော ဒကာ,ဒကာမတို့မှာ စိတ်[illegible] ငယ်ကြ၏။ စိတ်ဆင်းရဲကြ၏။ မန္တ[illegible] မြို့က ဘုန်းကြီးတစ်ပါး။ လက္ခ[illegible] ပညာရှင်ပါ။ အသက်တော်(၆၀)ကျော်[illegible] ရှိပါပြီ။ ရွာဘုန်းကြီးလေးနှင့် ကျွမ်း[illegible] ၏။ ရောဂါမျိုးစုံ ခံစားနေရသည်[illegible] လည်း သိ၏။

တစ်နေရာတွင် ခဏတဖြုတ် [illegible] ဆုံမိက် လက္ခဏာကျွမ်းသော ဘုန်း[illegible] က အမှတ်မထင် ရွာဘုန်းကြီးလေ[illegible] လက်ဖဝါးကို ကြည့်၏။

'ကိုယ်တော် အသက်(၄၀)မကျော်နိုင်[illegible] ဟောချင်သုတ်တော် နာနာရွတ်ဗျာ'

ဘုန်းကြီးလေးကို မေတ္တာရှေ့[illegible] သတိပေးရှာ၏။

ရွာဘုန်းကြီးလေး ဟောချင်သ[illegible] တော် အခေါက်ခေါက်အခါခါ ရွတ်[illegible] အစဉ်အမြဲရွတ်၏။ ဘေးမဲ့ကန်[illegible] ငါးအရှင်များလွှတ်၏။ အခေါက်[illegible] အခါခါ လွှတ်၏။ ကုသိုလ်ရ[illegible] ဟူသော စိတ်ဖြင့် လွှတ်နေခြ[illegible] စာကလေးအရှင်များ လွှတ်၏။ [illegible] မတွက်နိုင်တော့။ ကုသိုလ်ရ[illegible] ဟူသော စိတ်ဖြင့် လွှတ်နေခြ[illegible]

ရွာဘုန်းကြီးလေး၏ ကပ္ပိယ[illegible] လည်း ကုသိုလ်ရနေကြ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တကလေးဖိုး ပေးလှူနေရသည့် အတွက်ပါ။ ရွာဘုန်းကြီးလေးက ငွေ ညှိမှုကုန်သည်ကို မသိပါ။ **(ငွေကြေး ကိုင်ဆောင်ခြင်း မပြုပါ။)** ငွေပေးရ သည့် ဒကာများ သိပါမည်။

ဗုဒ္ဓဟောကြားခဲ့သော **"ဘုရား ဆေး၊ နွားသေး"**ကို သောက်၏။ ဘားငါးရှောင်သည်။ သက်လွတ် ဘုဉ်း ပေး၏။ ရွာဘုန်းကြီးလေး၏ စိတ်ထဲ တွင် **"ငါသေတော့မှာပဲ။ မသေခင် တရားပါမှ"**တရားရှာဖို့ သိနေ၏။

စာချဆရာတော် အဘိဓမ္မဟာရဋ္ဌ ဂုရု ဦးသုန္ဒရ၏ စာဝါကို သတိရလာ ၏။ ပခုက္ကူဆရာတော်ကြီး(သက်တော် ၈၀ကျော်)ထံ ကိုရင်လေးဘဝ(၁၈နှစ်အရွယ်)က စာဝါလိုက်ခဲ့ရ၏။ ဆရာတော်ကြီးက ဝိနည်းငါးကျမ်း စာဝါချပေးခဲ့၏။

ပါရာဇိကပါဠိတော် တတိယ ပါရာဇိကအဖွင့်**"အယံ ပိခေါဘိက္ခဝေ အာနာပါနသတိ သမာဓိ..."**ကို စာချပေးခဲ့၏။ ပါဠိရော မြန်မာပြန်ပါ ဂရုစိုက်သင် ကြားပေး၏။

'မောင်ပဉ္စင်းတို့ မောင်ကိုရင်တို့ ပါဠိရော
မြန်မာပြန်ပါ ရအောင်ကျက်ကြကွယ့် ရတဲ့
ပုဂ္ဂိုလ် သာမှခေါ်မယ်။ ဒီနေရာ ဂရုစိုက်ဟဲ့
အသက်ကြီးရင် ဒီနည်းနဲ့ နေရမှာဗျ'

ဆရာတော်ကြီး အထူးသင်ကြားခဲ့ ၏။

စာသင်သားဘဝက စာရအောင် သာ ကျက်ခဲ့၏။ အလေးအနက်မရှိလှ။ အထူးဂရုစိုက်ခဲ့။ ရွာဘုန်းကြီးလေး သေပေါက်သေဝ ရောက်နေပါပြီ။ ယုံကြည်မှုသဒ္ဓါက ထက်သန်လာပါပြီ။ ဒီဗွာန်ကို မမျှော်မှန်းပါ။ **"သေသွားခဲ့ သော် ရင်းစားမရှုံးစေရ"**ဟု သဘော ပိုက်မိ၏။ အာနပါနနည်းဖြင့် တရားရှာ ပါတော့မည်။



တပေါင်းလဆန်းစ၊ ခြေတံရှည် ကျောင်းသစ်လေးတွင် ရွာဘုန်းကြီး လေး သီတင်းသုံးသည်။ မူလကျောင်း အိုကြီးနှင့် တွဲလျက်ပါ။ ညနေ(၅း၀၀) နာရီ ရွာဘုန်းကြီးလေး ကျောင်းသစ် လေးတွင်ရှိနေသည်။ ကျောင်းမှ တံခါး များကို ပိတ်လိုက်သည်။ ပြတင်းတံခါး ကို ဖွင့်ထားသည်။ ပြတင်းတံခါးနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သည်။ တောင်ဘက်ကို မျက်နှာမူပြီး ထိုင်နေ ခြင်းပါ။

တင်ပျဉ်ခွေထိုင်ပြီး လက်နှစ်ဖက်ကို ချမ်းသာစွာထားသည်။ ကျောရိုးလေး ကို ဖြောင့်ဖြောင့်မတ်ထားသည်။ ဝင်လေထွက်လေကို ထပ်ထပ်ရှူ သည်။ ကမ္မဋ္ဌာန်း စပါပြီ။

လေကိုပဲ မိအောင်ရှူသည်။ အတန် ကြာလျှင် လေမိရင် အေးခနဲ ဖြစ်လာ ၏။ အေးမှန်း သိသိပြီး ငြိမ်ကျလာ၏။ ကိုယ်ခန္ဓာမှ နာကျင်မှုတွေက မခံမရပ် နိုင်။ အရိုးတွေ ကွဲမတတ်၊ အကြော တွေပြတ်မတတ် နာတာ အောင့်ထား သည်။ တောင့်ထားသည်။ သည်းခံနေ ၏။ ပြင်ဖို့စိတ်မကူး၊ လေပဲမိအောင် ရှူနေ၏။

မှတ်၍မိလေ ကောင်းလေဖြစ်၏။ ကောင်းလေ တည်ငြိမ်လေ။ ညနေ (၆း၀၀)နာရီတီးသံ ကြားရ၏။ လေက မှတ်၍ ကောင်းလှ၏။ နာကျင်မှုလည်း ရှိနေ၏။ ပြင်ဖို့ စိတ်မကူး။ ဆက်မှတ် နေ၏။

အချိန် တော်တော်ကြာသောအခါ နာကျင်မှုတွေ ပျောက်သွား၏။ ကိုယ် ဆင်းရဲတွေ ပျောက်သွား၏။ စိမ့်စိမ့် မျက်ရည်တွေ ကျလာ၏။ ကိုယ်လုံး ကလေးက အပေါ်ကို ကြွတက်လာ၏။ ကြွကြွလာ၏။ ငြိမ့်ခနဲ ဖြစ်လာ၏။ သိမ့်ခနဲဖြစ်လာ၏။ ဆင်းရဲမှုမရှိ။ ချမ်းသာမှုတွေ တွေ့ရ၏။ တရား အရသာ ခံစားရ၏။ တရားအရသာ ထူးလှ၏။

ဗုဒ္ဓတရားသည် ကောင်းလှပါ၏။ ထူးလှပါ၏။ ဗုဒ္ဓသည် အတုမဲ့ကျေးဇူး ရှင်ပါ။

**(ဗုဒ္ဓက ပီတိပါမောဇ္ဇကို အမတ ဟု တင်စားခဲ့၏။ မသေဆေးဟု ဟောခဲ့၏။ ရွာဘုန်းကြီးလေးသည် ပထမဆုံး တရားထိုင်ခြင်း ဖြစ်ပါ သည်။ တစ်နာရီကျော်ကျော်တွင် ပီတိခံစားရ၏။ ရွာဘုန်းကြီးလေး သည် ဝိသေသလူသားစာရင်းထဲ ပါသူ ဖြစ်ပါသည်။)** ထူးခြားသည့် ပုဂ္ဂိုလ်တွေမှာ ထူးခြားသော ဂုဏ်တွေ ရှိနေတတ်ပါသည်။

ည(၇း၀၀)နာရီ ကျောင်းအိုမှ ကြေးစည်တီးပါပြီ။ ဘုရားရှိခိုးချိန်ပါ။ ရွာဘုန်းကြီးလေး မထသေးပါ။ ချမ်းသာမှုကို လိုက်နေ၏။ တရားအရှိန် ကို လိုက်နေ၏။ ကိုယ်ကို မပြင်သေးပါ။ ဘုရားရှိခိုးရန် မသွားပါ။ ဘုရားရှိခိုးပြီး ချိန် ဩဝါဒ အမြဲပေး၏။ ဩဝါဒပေး ရန်လည်း မသွားတော့ပါ။ ငြိမ်းနေ သော ခံစားမှုကိုသာ နှစ်သက်နေ၏။

ဗုဒ္ဓက **"ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ**



www.burmeseclassic.com

www.burmeseclassic.com

**ချုပ်ငြိမ်းလိုသော် တရားမှတ်ပါတဲ့"**
ရှာဘုန်းကြီးလေး တရားမှတ်လိုက်တော့ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုတွေ ငြိမ်းကျသွားပါပြီ။ ဗုဒ္ဓ၏ စကားကို ထောက်ခံပါပြီ။

နေ့စဉ်(နံနက်,နေ့,ည) ရှာဘုန်းကြီးလေး တရားမှတ်သည်။ သာမှု၊ နာမှုများ ကြွချင်စိတ်မရှိ ဖြစ်လာ၏။ ငယ်ရွယ်သူ စာတတ်ပုဂ္ဂိုလ်မို့ ရှာဘုန်းကြီးလေး ပညာကြွယ်၏။ အသံကြည်လင်၏။ အသံသြဇာကောင်း၏။ တရားဟော ကောင်း၏။

**(ယခု သက်တော်ကြီးနေသော်လည်း ပညာကြွယ်တုန်းပါ။ သတိမြဲတုန်းပါ။ အသံကြည်လင်တုန်းပါ။ အသံသြဇာကောင်းတုန်းပါ။ တရားဟော ကောင်းတုန်းပါ။)**

ရှာနီးချင်း ထေရ်ကြီးဝါကြီးများက ရှာဘုန်းကြီးလေးကို တရားဟောစေ၏။ မငြင်းပါ။ အမြဲဟော၏။ ယခု တရားမှတ်ခြင်း အရှိန်ရလာသောအခါ စကားမပြောချင်ပါ။ တရားမဟောချင်ပါ။ အာနာပါနကမ္မဋ္ဌာန်းအလုပ်ကိုသာ အားထုတ်ချင်၏။

သက်တော်(၃၅)နှစ်တွင် (မုံရွာ) မိုးညှင်းဆရာတော်ကြီးထံ (၁၀)ရက်မျှ ဘုန်းကြီးလေး နည်းနာခံခဲ့ပါ၏။ (ကျောက်ဆည်) ဝေဘူဆရာတော်ကြီးထံ (၁၀)ရက်မျှ ဘုန်းကြီးလေး နည်းနာခံခဲ့၏။ (ရန်ကုန်)မဟာစည် ဆရာတော်ကြီးထံ၌လည်း နည်းနာခံခဲ့၏။ လေ့လာသင့်သော ထိုဆရာတော်များထံမှ ရှာဘုန်းကြီးလေး နည်းနာခံခဲ့၏။

ရှာဘုန်းကြီးလေး တရားသာ အားထုတ်ချင်လာ၏။ "တောထွက်မှ ဖြစ်တော့မည်"ဟု စိတ်ထဲက ဆုံးဖြတ်၏။ သင်္ကန်း(၃)ထည်၊ သပိတ်(၁)လုံး၊ ခေါင်းရိတ်ဓား၊ သင်္ကန်းချုပ်အပ်၊ ခါးပန်းကြိုး၊ ရေစစ်(ပရိက္ခရာရှစ်ပါး) ယူဆောင်ပြီး တောထွက်ခဲ့၏။ ပေါ့ပေါ့ပါးပါးလေး တောထွက်ခဲ့၏။

"အတောင်သာလျှင် ဝန်ရှိသော ငှက်ကဲ့သို့" ပစ္စည်းပစ္စယများ၊ ဗာဟီရကိစ္စ မများဘဲ ပေါ့ပေါ့ပါးပါး ကျင့်သုံးရန် (သလ္လဟုကဝုတ္တိ) ရဟန်းများကို ဗုဒ္ဓဘုရားက သြဝါဒ ပေးခဲ့သည်ပဲလေ။

တောထဲတွင် ရှာဘုန်းကြီးလေး (သစ်ပင်အမျိုးမျိုး) အောက်မှာနေ၏။ တရားမှတ်၏။ ရွာစဉ်လေးတွေမှာ အိမ်စဉ်လျှောက် ဘုန်းကြီးလေး ဆွမ်းခံ၏။ သပိတ်တစ်ဝက်ရလျှင် ဆွမ်းမခံတော့ တောထဲပြန်ကြွ၏။

ရေအိုင်နီးနီး သစ်ပင်ကြီးသို့သွား၏။ သစ်ပင်ကြီး၏ကိုင်းတွင် သပိတ်ကို ချိတ်၏။ ဘုရားဆွမ်းတော်တင်၏။ ပြန်စွန့်ပေးပါရန် တောင်းပန်၏။ ဘုန်းကြီးလေး ဆွမ်းစား၏။

သား,ငါးပါခဲ့သော် ဆွမ်းဖြူကိုသာ ဘုဉ်းပေး၏။**(သား,ငါးများကို စွန့်ခြင်းနှင့် ဆွမ်းကျန်များကို စွန့်ရာတွင် ကုန်းသတ္တဝါ၊ ရေသတ္တဝါတို့ကို စွန့်၏။)** အချိန်ပြည့် တရားအားထုတ်၏။ တောဘုန်းကြီးလေး ဖြစ်ခဲ့ပြီ။

သိက္ခာဝါကြီး ရဟန်းများက...

'တောထဲမှာ မေတ္တာသုတ် နာနာရွတ်ပါ။ ဒါမှ အန္တရာယ်ကင်းမှာ။ သက်တော်ငယ်ငယ်၊ ဝါတော်ငယ်ငယ်နဲ့ တောထဲ တရားကျင့်တာ ချီးကျူးပါတယ်။ သာဓုခေါ်ပါတယ်'

တိုက်တွန်းစကား ပြောကြားကြ၏။

ဗုဒ္ဓဟောကြားခဲ့သော မေတ္တာသုတ်တော်ကို တောဘုန်းကြီးလေး ရွတ်ပွား၏။ တောစောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးများနှင့် မိတ်ဖွဲ့၏။ တစ္ဆေ၊ မြေဖုတ်ဘီလူးတို့နှင့် မိတ်ဖွဲ့၏။ ဘုရား ရှိခိုးတိုင်း အသံထွက်အော်ရွတ်ပြီး မေတ္တာပို့၏။ စိတ်ထဲမှ မေတ္တာပို့လွှ... ၏။

သစ်ပင်အောက်၌ တရားအာ... ထုတ်ရသည်မှာ နွေရာသီ၊ ဆော... ရာသီတို့မှာ အခြေအနေ မဆိုးလှ... မိုးရာသီတွင် ဆင်းရဲ၏။ နေသာ... လပြည့်ရက်များတွင် နေရသည်... ကောင်း၏။ မိုးရွာလျှင် လကွယ်... များတွင် အခြေအနေ မကောင်း...

လေတွေတိုက်၊ မိုးတွေရွာလာ... ဆိုလျှင်တော့ ရွှဲရွှဲစိုစို။ ဗုဒ္ဓ တောထွ... စဉ်က ဤကဲ့သို့ ဆင်းရဲမျိုး ခံ... သည်ကို တောဘုန်းကြီးလေး တွေး... ၏။

သစ်ပင်အောက် ခိုဝင်လာသေ... တိရစ္ဆာန်များကလည်း တိုးတိုးဝှေ... ပေါင်ခွင်ပေါ်တက်ခွေသော မြွေ... လည်းရှိ၏။ ထိတ်ထိတ်လန့်လန့် ဖြ... စေ၏။ ကြောက်စရာတွေပါ။

သုသာန်ထဲ ဝင်သွားပြီး ... ဘုန်းကြီးလေး တရားကျင့်သည်။ ... သွားပါသည်။ မိုးပြင်းထန်လာခဲ့သေ... သုသာန်ဇရပ်ထဲ သွားရ၏။ ဇရပ်... က အပေါက်အပြဲ အကာမပါ၊ အော... ကမြေကြီးအစို ဆင်းရဲလှ၏။

တစ်ခါသော် သုသာန်အ... လေမုန်တိုင်း တိုက်လာ၏။ မိုး... ရွာချလာ၏။ တဲငယ်ငယ်နဲ့နဲ့လေး... တက်ပြီးနေ၏။ မိုးတွေကခြိမ်း... ကထန်၊ မိုးကပြင်း၊ တဲလေးက ပြို... မည့်ကဲ့သို့ပါ။ တဲပေါ် တိရစ္ဆာန်... တက်လာ၏။ လျှပ်,လက်သော... မြင်ရ၏။ ကြောင်ဝံပိုနှစ်ကောင် ... နေကြ၏။

အနားသို့ ရောက်လာပြီး ... ဘုန်းကြီးလေးကို တိုက်မိ၏။ ည... မမြင်ရ၊ အနားသို့ ဘာကောင်... လာမှန်းမသိ။ တစ္ဆေ သရဲကောင်...



www.burmeseclassic.com

www.burmeseclassic.com

မှီနေ။ တောဘုန်းကြီးလေးမှာ ထိတ်ထိတ်လန့်လန့် ကြောက်စရာတွေပါ။

နံနက်စောစော ရေအိုင်အနီးသို့ တောဘုန်းကြီးလေး ရောက်လာ၏။ မျက်နှာသစ် ရေစစ်ဖြင့် ရေစစ်၏။ ရေသောက်၏။ သင်္ကန်းကိုညီအောင်၊ သပ်ရပ်အောင်ရုံ၏။ **(ယခု သက်တော်ကြီးရင့်နေပြီ ဖြစ်သော်လည်း သင်္ကန်းရုံထားသည်မှာ ညီလှ၏။ သပ်ရပ်လှ၏။ ကြည်ညိုဖွယ် ဆောင်နေတုန်းပါ။)** သပိတ်ကို ပိုက်၏။ ဆွမ်းခံကြွပါတော့မည်။ ဆွမ်းခံရွာများက တောနှင့် နီးလှပါ။ စင်္ကြံအမှတ်သတိဖြင့် ကြွ၏။

ဆွမ်းခံအိမ်ရှေ့ရပ်လျှင် အမှတ်သတိဖြင့်ရပ်၏။ သပိတ်ဖွင့်လျှင် အမှတ်သတိရှိ၏။ သပိတ်ကိုပိုက်လျှင် အမှတ်သတိရှိ၏။ သပိတ်တစ်ဝက်ခန့် ဆွမ်းရပြီ။ ဆွမ်းမခံတော့ တောထဲ ပြန်ကြွ၏။ အမှတ်သတိဖြင့် စင်္ကြံလျှောက်ပြီး ပြန်လာ၏။

ရေအိုင်အနီး သစ်ပင်ကြီးအောက် ထိုင်နား၏။ သစ်ပင်ကြီး၏ သစ်ကိုင်းတွင် သပိတ်ကို ချိတ်ဆွဲ၏။ ဘုရားဆွမ်းတော်ကပ်၏။ ရေအိုင်အနီး မြက်ခင်းပေါ်တွင် နှစ်ထပ်ဒုကုဋ် သင်္ကန်းကြီးကိုဖြန့်၏။ အပေါ်ကေသီကိုလည်း မြက်ခင်းပေါ်ဖြန့်၏။ ခွဲစိုနေကြပြီ။ ခြောက်သွေ့သွားစေရန်ပါ။ သပိတ်သင်္ကန်း သင်းပိုင်ဖြင့် ရေထဲဆင်း၏။

ခါးလယ်လောက် ရေအနက်တွင် တောင်ဝှေးကို ရေထဲတွင် မလဲအောင် စိုက်၏။ သင်းပိုင်နှင့် ခါးပန်းကြိုးကို တောင်ဝှေးတွင် မြဲစွာ ချည်တုပ်၏။ **“တောထဲ၌ တရားကျင့်စဉ်က ဤကဲ့သို့ ရေသုံးသပ်တော်မူခဲ့**



**တာပဲလေ”** တောဘုန်းကြီးလေး တွေး၏။ ရေအိုင်စောင့်နတ်၊ ရေအိုင်အနီးရှိ နတ်များကို မေတ္တာပို့သ၏။ ရေကို ဗုဒ္ဓဘုရားရှင်၏ ချိုးရေအဖြစ် လှူ၏။ ရေနက်ထဲဆင်းသွား၏။ ရေထဲ နှစ်လိုက်၏။ ခေါင်းကိုပါ နှစ်လိုက်၏။ ရေပြင်ထက် မျက်နှာဖော်လိုက်၏။ မျက်နှာသစ်၏။

တစ်စုံတစ်ယောက်၏ ရယ်မောသံ ကြားရ၏။ တောထဲတွင် ထင်းလာချိုးကြသူများပေလား။ အမြန်ဆုံး ရေထဲမှ တက်ရတော့မည်။ ပျာပျာသလဲ ဖြစ်ရ၏။ ရေနက်ထဲမှ လှမ်းလာ၏။

သပိတ်ချိတ်ထားသော သစ်ပင်ကြီးအောက် မိန်းမပျိုတစ်ယောက် ရှိနေ၏။ တောဘုန်းကြီးလေးကို ကြည့်ပြီး တခစ်ခစ် ရယ်မောနေ၏။ သူတစ်ယောက်ကိုပဲ တွေ့ရ၏။ တောဘုန်းကြီးလေး ရေနက်ထဲပြန်သွား၏။ တစ်ကိုယ်လုံး စိမ့်နေ၏။ ကြာမြင့်သွားပြီ။ မိန်းမပျိုက သစ်ပင်အောက်မှာ ရှိနေဆဲ။ သစ်ပင်အကွယ်မှ ချောင်းကြည့်နေဆဲ။

တောဘုန်းကြီးလေး ချမ်းလှပြီ။ ရေနက်ထဲမှ လှမ်းလာ၏။ ခါးလယ်လောက်ရေအနက်မှ တောင်ဝှေးတွင် ရှိနေသော သင်းပိုင်နှင့် ခါးပန်းကြိုးကို ယူ၏။ ရေနက်ထဲမှာ သင်္ကန်းကို ဝတ်၏။ ရေစိုစိုရွဲရွဲနှင့် တောဘုန်းကြီးလေး ရေအိုင်စပ်သို့ ရောက်လာ၏။ သင်္ကန်းကြီးနှင့် ကေသီ မယူနိုင်။ အဝေးသို့ ထွက်သွား၏။

အဝေးသို့ရောက်မှ သစ်ပင်ကြီးအောက်ထိုင်ပြီး တရားမှတ်၏။ ရေကဆာ၊ ဆွမ်းကဆာ ဆင်းရဲလှ၏။ စိုနေသော သင်းပိုင် ခြောက်သွားပါပြီ။ ညနေစောင်းမှ ရေအိုင်အနီး သစ်ပင်ကြီးအောက် တောဘုန်းကြီးလေး လာခဲ့၏။ သပိတ်၊ သင်္ကန်းများ ရှိနေပါသည်။

သပိတ်အတွင်းမှ ဆွမ်းကို ကုန်းသတ္တဝါ၊ ရေသတ္တဝါများအတွက် တောဘုန်းကြီးလေး စွန့်၏။ ဤယနေ့အဖို့ ဆွမ်းမစားရ။ ရေစစ်ဖြင့် ရေကို စစ်၏။ သပိတ်ရေကို သောက်ရ၏။ သပိတ်ကိုလွယ်ပြီး ရေထဲမှ ပြန်တက်လာ၏။ သင်္ကန်းများရုံ၏။

မိန်းမပျိုသည် လူသားလော၊ ပရလောကသား(ရုက္ခစိုး)လော တောဘုန်းကြီးလေး မသိချင်ပါ။

**“မည်မျှ ချောမောလှပသော နတ်သမီးပင် ဖြစ်ပါစေ။ တရားအားထုတ်နေသော ရဟန်းအတွက် တစ္ဆေမ၊ မြေဖုတ်ဘီလူးမကဲ့သို့”** တောဘုန်းကြီးလေး ထင်မှတ်ပါသည်။ ထိုကဲ့သို့ ကြောက်စရာကလည်း တစ်မျိုးပါ။ ထိတ်ထိတ်လန့်လန့် ဖြစ်ရ၏။

တောဘုန်းကြီးလေး ကြောက်စရာ အမျိုးမျိုးကို တွေ့လာရတော့ အားကိုးရာရှာ၏။ အားကိုးရာမှာ ဘုရားဂုဏ်တော်(၉)ပါးပါ။ ဂုဏ်တော်ကို အသံတင်ပြီး ပွား၏။ အထပ်ထပ် အခါခါ ပွား၏။ ပွားလေလေ ဂုဏ်တော်တန်ခိုးကြောင့် ကြောက်စိတ်တွေမရှိ ဖြစ်လာရ၏။ ပွားလေလေ ထူးခြားသော အကျိုးတွေ ရလာလေလေ။

ဂုဏ်တော်ပွားရသည်ကို တော

www.burmeseclassic.com

ဘုန်းကြီးလေး ပျော်နေ၏။ တောထဲမှာ မေတ္တာသုတ်တော် ပွားရခြင်း၊ ဂုဏ်တော်ပွားရခြင်း အကျိုးတွေ ပေါ်လာ၏။ အစစ အဆင်ပြေလာ၏။ ကုသိုလ်ရလှ၏။

တောဘုန်းကြီးလေး စိတ်က **"သေရင်မရှုံးအောင် တရားအားထုတ်" "သေလဲ တွေ့တဲ့ ပုဂ္ဂိုလ်က ဘုန်းကြီးအလောင်းပါလား ဆိုပြီး မီးသဂြိုဟ်လိမ့်မယ်။ သေချင်သေ"** တင်းတင်းပြတ်ပြတ် ဆုံးဖြတ်၏။ အပြင်းအထန် အားထုတ်၏။

သစ်ပင်ကြီးအောက်ထိုင်ပြီး အမှတ်ရသိသိပြီး ဝင်လေ့ကိုရှူ၏။ အမှတ်ရသိသိပြီး ထွက်လေကို ရှိုက်၏။ နေ့ညအချိန်တိုင်း သတိဖြင့်နေ၏။ စင်္ကြံကိုလည်း ကြိုးစားအားထုတ်၏။ ခြေထောက်က သွားသော် သွားသည်ဟူ၍ သိနေ။ သတိရှိ၏။ သတိမလွတ်။

သာသနာတော်မှာ ကျော်ကြားခဲ့သော ဝါးချက်မင်းကျောင်း ဆရာတော်ကြီး၏ စကားတော်ကို တောဘုန်းကြီးလေး မမေ့ပါ။ ထိုအခါက ဆရာတော်ကြီး သက်တော်(၈၀)အတွင်း ရှိပါပြီ။ သို့သော် ဆရာတော်ကြီး စင်္ကြံလျှောက်၏။ စွဲစွဲမြဲမြဲ လျှောက်၏။

နံနက်စောစော ဝါးချက်မင်းကျောင်းမှ ဝါးချက်ရွာ မြောက်ဘက်သို့ ဆရာတော်ကြီး လျှောက်၏။ မြောက်ဘက် အုတ်လှေကားမှ စစ်ကိုင်းတောင်ပေါ် တက်၏။ တောင်ထိပ်ရောက်အောင် တက်၏။ တောင်ထိပ်မှ အနောက်ဘက်ကိုဆင်း၏။ မင်းဝံတောင်ခြေရောက်သည်အထိပါ။

မင်းဝံတောင်ခြေမှ တောင်ပေါ် ပြန်တက်၏။ တောင်ထိပ်ရောက်၏။ တောင်ထိပ်မှ ဆင်းလာ၏။ အုတ်လှေကားရောက်သည်ထိ။ အုတ်လှေကားမှဆင်း၏။ ဝါးချက်ရွာမြောက်ဘက်မှ ဝါးချက်မင်းကျောင်း ရောက်သည်အထိ လျှောက်၏။

တစ်နေ့တစ်ခါက် တောင်တက် တောင်ဆင်း စင်္ကြံလျှောက်၏။ ဆရာတော်ကြီး သက်တော်ကြီးသော်လည်း မမောပါ။ သက်တော်(၈၀)အတွင်း ရောက်နေသော်လည်း ဖျတ်ဖျတ်လတ်လတ်ရှိ၏။

**ဆရာတော်ကြီးက စင်္ကမသုတ္တန် တရားကို အထူးဟောကြား၏။**

'မောင်ပဉ္ဇင်းတို့ စင်္ကမသုတ္တန် ဟောမယ်။ လာကြပါ။ နာကြပါ'

ဆရာတော်ကြီး ဟောကြားသည်မှာ တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ် ဟော၏။

'ဘုရားက ဒီလိုဟောခဲ့သကွယ့်၊ ဗုဒ္ဓ ကျန်းမာတာ စင်္ကြံလျှောက်လို့၊ ငါ ကျန်းမာတာ စင်္ကြံလျှောက်လို့ဟဲ့၊ ငါ့ကြည့်ကြ ငါ့ကြည့်ကြ ကျန်းမာချင်လျှင် စင်္ကြံများများ လျှောက်ကြဟဲ့'

ဝါးချက်မင်းကျောင်း ဆရာတော်ကြီးသည် စစ်ကိုင်းတောင်ရိုးတစ်လျှောက် အလွန်ကျော်ကြား၏။ စာပေတွင် အလွန်မတန်တော်၏။ စာချလည်း အလွန်မတန်ကောင်း၏။ အနေအထိုင် အလွန်မတန်ကောင်း၏။ စစ်ကိုင်းတောင်ရိုးတစ်လျှောက် ဂုဏ်များစွာနှင့် ဝါးချက်မင်းကျောင်း ဆရာတော်ကို ရဟန်းများက အလွန်မတန် အားကိုးကြ၏။

အခါတစ်ပါး မင်းဝံတောင်ဘက်က ဆရာတော်တစ်ပါး ပျံလွန်တော်မူ၏။ ထိုပျံလွန်တော်မူ ဆရာတော်က စာချဘုန်းတော်ကြီးပါ။ ဝိနည်းငါးကျမ်း ပို့ချပေးသော ဆရာတော်ပါ။ စာသင်သား ရဟန်းငယ်များက ဝိနည်းငါးကျမ်း လိုက်နေကြ၏။ ဝါးချက်မင်းကျောင်း ဆရာတော်ကြီးထံ ထိုစာသင်သား... က လာလျှောက်ကြ၏။ ဆရာတော်... ကြီးက...

'မောင်ပဉ္ဇင်းတို့ မပူကြနဲ့၊ ငါ ချ... မယ်။ ငါ လာမယ်။ မင်းတို့ မလာကြ...

'အဝေးကြီးပါဘုရား တပည့်တော်... တို့ပဲ လာပါ့မယ် ဘုရား'

ရဟန်းငယ်များက လျှောက်ကြ... ဆရာတော်ကြီးက...

'အဝေးကြီးမို့ ငါ လာချင်တာ၊ ဝေး... လမ်းများများလျှောက်ရတယ်။ လမ်း... လျှောက်တော့ ကျန်းမာတယ်'

ဆရာတော်ကြီးက ရဟန်းငယ်... ၏ ကျောင်းသို့ ဝိနည်းစာဝါ ချပေး... ဝါးချက် မင်းကျောင်းမှ နေ့(၁)နာ... ဆရာတော်ကြီး ထွက်တော်မူ... နှစ်မိုင်ကျော် လမ်းလျှောက်ရသည်...

ရဟန်းငယ်များ ကျောင်းရော... တော့ ရေအေးတစ်ခွက် သောက်... တန်းပြီး စာချပေး၏။ ပရိယတ္တိအ... ကို ကြိုးစားခဲ့၏။ သာသနာ... အလုပ်ကို ကြိုးစားခဲ့၏။ စံပြပုဂ္ဂိုလ်... မိန့်မှာတော်မူခဲ့သော စင်္ကြံအကျိုး... တောဘုန်းကြီးလေး မမေ့သေး...

တောဘုန်းကြီးလေး စင်္ကြံ... ကြိုးစားအားထုတ်၏။ ဗုဒ္ဓ၏ ... ထက်တော်က တေဂ်ငါးတန် ရ... မူသော ရှင်အာနန္ဒာကိုလည်း ... ဘုန်းကြီးလေးက အလွန်မတန် ... ကျ၏။ ဗုဒ္ဓကို ရှင်အာနန္ဒက အ... အကျွေးပြုခဲ့၏။ အနှစ်(၃၀)ကြာ... အလုပ်အကျွေးမပြုမိ ရခဲ့သော ... က သောတာပတ္တိမဂ်၊ သောတာ... ဖိုလ်ပါ။

ရှေ့လ ဆက်ဖတ်ပါရန်

**ဒေါ်သုမနဝိစိတ္တ**

*(B.Sc, H.G.P, Dip.Ed)*



www.burmeseclassic.com

www.burmeseclassic.com



▲ မြေဆီဩဇာပျက်သော မြန်မာ့ဆေး၊ မြေဆေးကနုန်းပင်

ကိုထွန်း (မင်းလှ)

# မြေဆီဩဇာနှင့် မြန်မာ့ဆေးပင်

**လမ်းညွှန်ပါရစေ**

...တောင်သူလယ်သမားများမှာ နိုင်ငံ... လူဦးရေ၏ (၇၅)ရာခိုင်နှုန်း ...သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုး... အခြေခံသောနိုင်ငံ ဖြစ်ပါ... ...သို့သော် တောင်သူလယ်သမား... ...နှင့် ရင်ဆိုင်နေရသော မြေဆိုး... ...ယ် ကာကွယ်ကုသရေးတို့... ...တွင် တိုးတက်မှု အားနည်းနေ... ...ထင်မိပါသည်။

...ဆိုးအန္တရာယ်ဆိုရာ၌ အဓိက... **မြေပွေးနှင့် မြေဟောက်တို့** ...ရာယ်သာ များပါသည်။ ဆေးရုံများသို့ ရောက်လာကြသည်မှာလည်း ယင်းမြေနှစ်မျိုးကိုက်၍ ရောက်လာကြသူများသာ များပါသည်။

မြေဆိုးကိုက်၍ ရောက်လာကြသူများမှာလည်း ကျေးလက်နေ လူတန်းစား၊ လယ်ယာကို အမှီပြု၍ စီးပွားရှာနေကြသော တောင်သူလယ်သမား လူတန်းစာများသာ ဖြစ်ပါသည်။

မြို့ပေါ်တွင်နေ၍ စီးပွားရှာသော တစ်နည်းအားဖြင့် လူလတ်တန်းစား၊ အထက်တန်းစားများကိုမူ မြေကိုက်သည်ကို မကြားမိပါ။ ကျေးလက်နေ လူတန်းစားများသာ မြေကိုက်ခံရတတ်ပါသည်။

တစ်ခါတစ်ရံ မြေကိုက်ခံရ၍ ဆေးရုံသို့လာရန် စရိတ်မတတ်နိုင်သူများပင် ရှိပါသည်။ ဆေးရုံရောက်ပြန်တော့လည်း အချို့မှာ အချိန်လွန်မှ ရောက်လာကြသည်။ အချို့ကလည်း ဆေးရုံတွင် အစိုးရမှပေးသော မြေဆိပ်ဖြေဆေး မလုံလောက်၍ အပြင်မှ ဈေးကြီးပေးကာ ဝယ်ထိုးနေကြရသူများလည်း ရှိပါသည်။


မဝယ်နိုင်၍ လည်းကောင်း၊ အချိန်မီ





www.burmeseclassic.com

www.burmeseclassic.com





◆ မြေဖိုပ်ပျောက်သော မြန်မာ့ဆေး၊ ထွေးလေ့အနက်ရောင်

မြေဟောက်ကိုက်ခံရသူ ကိုအောင်ဆိုင်(ခ)မင်းညွန့်

ရွာသာယာရွာ မင်းလှမြို့ ပဲခူးတိုင်းဒေသကြီး ◆

မရောက်၍ လည်းကောင်း အသက်ဆုံးရှုံးကြသူများလည်း ရှိကြပါသည်။

တောဆင်ကဲ့သို့ လည်းကောင်း၊ ကျား,ကျားသစ်ကဲ့သို့ လည်းကောင်း၊ ဝက်ဝံကဲ့သို့ လည်းကောင်း အင်အားကြီးမားသော သတ္တဝါတစ်ကောင်ကောင် ကိုက်၍ သေရသည်မှာ ခံနိုင်စရာရှိပါသည်။

သို့သော် သေးကွေးသော သတ္တဝါတစ်ကောင် ကိုင်လိုက်ရုံဖြင့် လူတစ်ယောက် အသက်ဆုံးရှုံးသည်မှာ အလွန် နှမြောစရာကောင်းလှပါသည်။

မြန်မာတို့၏ ရိုးရာတိုင်းရင်းဆေးပညာများတွင် သဘာဝဆေးပင် ဆေးမြစ်များ၊ သဘာဝနည်း၊ ဂမ္ဘီရနည်းများဖြင့် မြွေမကိုက်ရန် ပြုလုပ်သည့်နည်းများရှိသည်ကို တွေ့ရဖူးပါသည်။ မြွေကိုက်ခံရသူကို မြန်မာတိုင်းရင်းဆေးဖြင့် ကုသပျောက်ကင်းသည်ကိုလည်း တွေ့ဖူးပါသည်။

**ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဝက်ထီးကန်ရွာတွင် မိသားစုတစ်စု**မှာ မြွေ လုံးဝကိုက်ခြင်းမရှိဘဲ လိုက်ဖမ်းနေသည်ကို တွေ့ဖူးပါသည်။

**အုတ်ဖိုမြို့နယ်၊ မှဏ္ဍတန်ကျေးရွာ**တွင် လယ်ကွင်းထဲတွင် နေထိုင်သော ဦးခင်ရွှေမိသားစုသည် လည်းကောင်း၊ **ကြို့ပင်ကောက်မြို့၊ ပန်းတင်ရပ်ကွက်တွင်နေသော ကိုသိန်း**ဆိုသူသည် လည်းကောင်း မြွေပွေးမြွေဟောက်များကို အကာအကွယ်မဲ့ လိုက်လံ ဖမ်းဆီးနေသည်ကိုလည်း မျက်မြင်တွေ့ဖူးပါသည်။

မင်းလှမြို့နယ်၊ ပဒေသာကုန်းရွာတွင် နေထိုင်သော ကိုခင်ဝင်းဆိုသူသည်လည်း **ယင်း၏ အင်းကွက်များ ချထားသော ခမောက်ကိုပြ၍ မြွေဆိုးများကို လက်ရဖမ်းသည်ကိုလည်း တွေ့ဖူးပါသည်။**

**ထိုသူတို့၏ ပညာရပ်များ၊ နည်းပညာများ၊ ဆေးနည်းများကိုလည်း မပေါ်မကော မပပျောက်ရန် ထိန်းသိမ်းသင့်သည်ဟု ယူဆရပါသည်။**

ကျွန်ုပ်သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် အရာရှိအဖြစ် နှစ်ပေါင်း(၄၀)ခန့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ တာဝန်အရ လူဆိုး၊ သူခိုးများကို နေရာအနှံ့ လိုက်လံ ဖမ်းဆီးရပါသည်။

ဖမ်းဆီးရာတွင် ၁၉၇၀ ပြည့် ... ဝန်းကျင်က သူခိုးတစ်ယောက် ... ခဲ့ပါသည်။ ယင်းသည် မကြာ... ခိုးမှုကျူးလွန်ပါသည်။

ထိုသူ ခိုးသည်မှာလည်း ည... ဖြစ်ပါသည်။ ခိုးမှုကျူးလွန်ရာတွ... အချိန် မြက်တောထဲ၊ လယ်ကွ... ဖြတ်သွားရသဖြင့် မကြာခဏ မြွေ... ခံရပါသည်။ မြွေကိုက်ခံရတိုင်း ... အိမ်တွင် ရှိသောဆေးပင်မှ ... တူးစားပြီး စောင့်ခြုံအိပ်နေတ... ဘာမျှမဖြစ်ဟု ကြားသိရပါသည်...

ထိုသူအား ဖမ်းမိသောအခါ ... ကြည့်ရာ ဟုတ်မှန်ကြောင်း ... သည်။ ယင်းဆေးပင်အား ... တောင်းထားရာ သူ ထောင်မှ ... သောအခါ လာပေးပါသည်။

ထိုဆေးပင်အား ခြံထော... စိုက်ပျိုးထားရာ ကြာခဲ့ပါပြီ၊ ပွား... ပါသည်။ ထိုစဉ်က စမ်းသပ်သုံး... ခဲ့ဘူးပါ။

အငြိမ်းစားယူခဲ့ပြီးနောက် ...





www.burmeseclassic.com

www.burmeseclassic.com

သကြီး၊ မင်းလှမြို့တွင် နေထိုင်ပါ
သည်။ ဝါသနာအရ သစ်ပင်များကို
စိုက်ပျိုးရင်း မြေအန္တရာယ်နှင့် ပတ်သက်
မြန်မာ့တိုင်းရင်းဆေးပင်များကို
လည်း ကြားမိသမျှ စုထားမိပါသည်။
၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ
အတွင်းက မင်းလှမြို့၊ အနောက်မြို့
နယ် ရွာသာယာရွာမှ ကြွက်ထောင်
သူ မောင်မင်းညွန့်ဆိုသူမှာ နံနက်
နာရီခန့်က လယ်ကွင်းအတွင်း
ကြွက်ထောင်သောညပ်ကို သွားယူစဉ်
တွင်မိနေသော မြွေဟောက်ကိုက်
ဆေးရုံသို့ စောင်ပုခက်ဖြင့် လာပို့ပါ
သည်။
ထိုအချိန် မင်းလှဆေးရုံတွင် မြွေ
ဟောက်ဆေး မရှိသဖြင့် သာယာဝတီ
ဆေးရုံသို့ သွားရန် ဆေးရုံမှ စေလွှတ်ပါ
သည်။
လယ်ကွင်းအတွင်း ကြွက်ထောင်၍
ရှာစားရသော မောင်မင်းညွန့်
သည် သာယာဝတီမြို့ ဆေးရုံကြီးသို့
သွားရန် စရိတ်မရှိပါ။ နေအိမ်သို့သာ
ပြန်သွားရပါသည်။ ယင်းအဖို့
သက်ရှင်ရန် မျှော်လင့်ချက် မှေးမှိန်
သွားပါသည်။
ဆင်းပို့သော လှူထဲတွင်ပါသော
အိမ်မှ အလုပ်သမား မောင်မြင့်
ကျော်က ကျွန်ုပ်အား ပြောပြကာ ဆေး
ကုပေးပါဟု အကူအညီတောင်းပါ
သည်။
ကျွန်ုပ်လည်း ချက်ချင်း ထို မြွေဆေး
ပင်ဖူးကာ ဆေးဥလက် တစ်ဆစ်ခန့်
ခွေးလေးအနက်စေ့ (၅)စေ့ ဝါး
ခိုင်းမှာ ကြားပေးလိုက်ပါသည်။
မြွေကိုက်ခံရသည်မှာ ခန့်မှန်း
ခြေ(၁၅း၃၀)နာရီ အချိန်ခန့်ဖြစ်ပြီး
ဆေးတိုက်သည့်အချိန်မှာ နံနက်
(၁၀း၃၀)နာရီအချိန်ခန့်ဖြစ်ပါသည်။



ဆေးတိုက် ပြန်လာပြီးနောက်
မောင်မြင့်ကျော်လည်း အလုပ်လာ
ဆင်းနေပါသည်။
နံနက်(၁၀း၃၀)နာရီခန့်တွင် မြွေ
ကိုက်ခံရသူ မောင်မင်းညွန့်၏ဇနီး
ရောက်လာပါသည်။ လူမှာ ရွှင်ရွှင်
လန်းလန်းရှိနေပြီး အကိုက်ခံရသည့်
ခြေထောက်မှာ ရောင်ပြီး ညိုနေ
ကြောင်း ပြောသဖြင့် ဆေးဥထပ်ပေး
ကာ သွေးလိမ်းရန် မှာလိုက်ပါသည်။
ညနေ(၅)နာရီခွဲခန့်တွင် မောင်မြင့်
ကျော် စက်ဘီးဖြင့်သွား၍ လူနာ အခြေ
အနေမေးပါသည်။ (၁၅)မိနစ်အကြာ
မောင်မြင့်ကျော် ပြန်လာပါသည်။
ပါးစပ်မှလည်း မြည်တွန်တောက်တီး
နေပါသည်။
'ဘယ်လိုနေလဲ မောင်မြင့်ကျော်'
ဟု ကျွန်ုပ်မေးမိပါသည်။
'အလကားကောင်တွေပါ အဘ
ရယ်၊ ခြေထောက်သက်သာလို့ ငှက်
လျှောက်ပစ်နေလို့ မတွေ့ခဲ့ရဘူး'
ဟု ပြန်ပြောပါသည်။
နောက်တစ်နေ့ နံနက်တွင်
မောင်မြင့်ကျော် အလုပ်ဆင်းသော
အခါ မြွေကိုက်ခံရသူ မောင်မင်းညွန့်
မှာ လုံးဝကောင်းသွားပြီး ညကတည်း
က ကြွက်ပြန်ထောင်နေကြောင်း သိရ
ပါသည်။
မြန်မာတို့၏ ဤမျှအစွမ်းထက်လှ
သော ဤဆေးပင်၏ အစွမ်းကြောင့်
လား၊ သူ၏ကံကြမ္မာကြောင့်လား မသိ၊
ယခုတိုင် အသက်ရှင်လျက် ရှိနေပါ
သည်။ ဤဆေးပင်သည် ကျွန်ုပ် သူခိုး
တစ်ယောက်ထံမှ တောင်းယူရရှိခဲ့
သောဆေးပင် ဖြစ်ပါသည်။
ကျွန်ုပ်ထံတွင် ထိုဆေးပင်များ စိုက်
ထားပါသည်။ မြွေကိုက်ခံရ၍ ကျွန်ုပ်ထံ
လာတောင်းသူများကို ပေးပါသည်။
ဆေးရုံကိုလည်း သွားခိုင်းပါသည်။
ဆေးရုံမှ မြွေပွေးကိုက်ခံရလျှင် သွေး
ဖောက်၍ သွေး ခဲ/မခဲ စစ်ဆေးလေ့ရှိပါ
သည်။
ထိုမြန်မာဆေးဥအား စားပြီး တစ်
နာရီအတွင်း သွေးမှာ ပုံမှန်အတိုင်း
ခဲနေသည်ကို တွေ့ပြီး ကောင်းသွား
တတ်ပါသည်။ ထိုသို့ မြွေကိုက်ခံရ၍
ကျွန်ုပ် ဆေးပေးမိသူ (၃၀)ဦးခန့် ရှိပါ
သည်။ တစ်ယောက်မှ သေသည်ဟု
မကြားမိပါ။
ထို့ကြောင့် ဆေးရုံ/ဆေးခန်းနှင့်
ဝေးလံသော ဒေသများ၊ ဆေးရုံသို့
အချိန်မီ မပို့နိုင်သော ဒေသများ၊
ငွေကြေးမတတ်နိုင်၍ ဆေးရုံဆေးခန်း
မပို့နိုင်သည့် ဒေသများတွင် ထိုဆေး
ပင် စိုက်ပျိုးထားပါလျှင် တန်ဖိုးရှိလှ
သော လူတို့အသက်များအား
တစ်နည်းတစ်လမ်း ကယ်ဆယ်နိုင်
မည် ဖြစ်ပါသည်။
ထိုဆေးပင်မျိုးအား ရယူလိုပါက
ကျွန်ုပ်ထံတွင် အမဲ့ ပေးဝေပါမည်ဖြစ်
ကြောင်း တင်ပြအပ်ပါသည်။

လိပ်စာ

ဦးတင်ထွန်း(ဒုရဲမှူး-ငြိမ်း)
ပေါက်ပင်တန်းလမ်း၊
မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး။

**ကိုထွန်း(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကျားတက်ရွာ အရှေ့ကျောင်းဆရာတော် ဦးပညာသာမိ ထံတွင် တရားအားထုတ်သည်မှစကာ မွန်ပြည်နယ်၊ ပေါင်မြို့ ဆုတောင်းပြည့် တောင်ပေါ်တရားစခန်းမှ အဘ အောင်မင်းခေါင်၏ဓာတ်ကို လက်ခံရရှိကာ လူနာအသက်ကယ်လုပ်ငန်း လုပ်ဆောင်လာခဲ့သည်မှာ (၁၈)နှစ် တင်းတင်းရှိခဲ့ပြီ ဖြစ်ပါသည်။

ဤတွင် စကားညှပ်၍ ပြောကြားလိုသည်မှာ ကျားတက်ဆရာတော်ကြီးသည် ပဲခူးနယ်တစ်ဝိုက် ရဟန္တာပုဂ္ဂိုလ်ဟု အလွန်ကျော်ကြားခဲ့သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်ပါသည်။

ကျွန်ုပ်သည် အဘအောင်မင်းခေါင်ထံ **''သာသနာပြုပါမည်''**ဟု ကတိပေးပြီးသည်နှင့် ရောဂါကုသရာမှ ရရှိလာသော ငွေကြေးများကို ဝိပဿနာတရားစခန်းများ ဦးဆောင်ဖွင့်လှစ်ကာ သာသနာပြုလျက် ရှိပါသည်။

မော်လမြိုင်မြို့တွင် အခြေချပြီး အကြောရောဂါ၊ လေရောဂါ အမျိုးမျိုးကို ကုသပေးနေရာမှ ယမန်နှစ်မှစပြီး ရှေးဟောင်း စေတီပုထိုးများသို့ အဓိဋ္ဌာန်တရား အားထုတ်လိုသဖြင့် မြန်မာနိုင်ငံအနှံ့ လှည့်လည်အားထုတ်လျက် ရှိပါသည်။

အဓိဋ္ဌာန် စခန်းများသည်ကား အလွန်လည်း ခက်ခဲ၊ အလွန်လည်း ကြမ်းတမ်းလှပါသည်။ လွယ်မယောင်နှင့် ခက်သောအလုပ် ဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်သည် ရှေးဟောင်း စေတီပုထိုးများသို့ အဓိဋ္ဌာန်ဝင် လှည့်လည်ရင်း **''ကြံ့ရာဘုံဘဝ''** ဖြင့် သာသနာပြုလျက် ရှိပါသည်။

ခရီးများစွာကို မနားတမ်း လှည့်လည်ရသောအခါ ကျွန်ုပ်၏အတွက် လမ်းခရီး သာယာချောမွေ့မှု လိုအပ်လာပါသည်။ ခရီးသွားနည်းလမ်းကောင်းများ တောင့်တလာမိပါသည်။



ပဲခူးမြို့ လင်းရောင်ကြည်ဆရာတော်ကြီး၏

# အန္တရာယ်ကင်း ခရီးသွားကျင့်ဝ

ဦးမင်းစိုးလှိုင်
(အကြောဘုရင်)

ထိုသို့ အန္တရာယ်ကင်း နည်းလမ်းကောင်းများ လိုလားမိချိန် ကျွန်ုပ်သည် **ပဲခူးမြို့ သာသနာ့လင်းရောင်ကြည် ဆရာတော်ကြီး**နှင့် ဘဝတစ်ကွေ့ တွေ့ဆုံ တွေ့ခွင့် ရခဲ့ပါသည်။

**ကျေးဇူးတော်ရှင် ကျားတက်ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ၍** မိဘမဲ့၊ ဆရာမဲ့ ဖြစ်နေချိန် ဒုတိယမိဘ၊ ဒုတိယဆရာ ရလေခြင်းဟု များစွာပီတိ ဖြစ်မိပါသည်။

'လင်းရောင်ကြည် ဆရာတော်ကြီးဟာ နှစ်(၂၀)စာသင်တယ်၊ နှစ်(၂၀)စာချတယ်၊ နှစ်(၂၀)တရားအားထုတ်တယ်၊ ဒီလို ပုဂ္ဂိုလ်မျိုး ရှားတယ်'

တပည့်များကို အတိုချုံး စကားလုံးများဖြင့် ဆရာတော်၏ ဂုဏ်ပုဒ်ကို ပြောပြမိပါသည်။

ဒါတောင် ဆရာတော် [illegible] သော ဘွဲ့(၁၂)ဘွဲ့ကို ချန်[illegible] သည်။

အကြောင်းကား ဆရာတော်[illegible] ဘွဲ့တော်အကြောင်းကို ပြောပြ[illegible] မရှိခြင်း၊ သိုသိပ်စွာနေလိုခြင်း [illegible] ကြီးမှာ ဘုန်းကြီးမှာကြောက်၍ [illegible] သည်။

ဤဆောင်းပါး [illegible] ရည်ရွယ်ချက်မှာလည်း မိမိ [illegible] သမားကို ဂုဏ်ဖော်ရေးသာ[illegible] မဟုတ်ဘဲ ဆရာတော် ကျင့်[illegible] ခရီးသွား အန္တရာယ်ကင်း[illegible] လူသားအကျိုးအတွက် [illegible] တင်ပြလို၍သာ ဖြစ်ပါသည်။

လင်းရောင်ကြည် [illegible] **ဦးကောဝိဒါဘိဝံသ**သည် [illegible] ဖြစ်သော စစ်ကိုင်းတိုင်းဒေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ခင်ဦးမြို့နယ်၊ မူးသာရွာရှိ လွန်ခဲ့သော နှစ်(၃၀၀)ခန့်မှ ရှေးဟောင်းဘုရား အဆူ(၂၀)ကို ဦးဆောင်ပြုပြင်လျက် ရှိရာ ကျွန်ုပ်သည်လည်း ဆရာတော်နှင့် အတူ တတပ်တအား ပါဝင်လက်တွဲ သာသနာပြုလျက် ရှိပါသည်။

အလွန်ကြည်ညိုဖွယ် ကောင်းသော ရှေးဟောင်းလက်ရာများ ဖြစ်ပါသည်။ နံရံဆေးရေးပန်းချီများ အထင်အရှား ရှိနေပြီး **"လင်းရောင်ကြည်ဖြာ လေသာဓမ္မအေးရိပ်သာ"**ဟုအမည် တပ်ကာ အလှူရှင်အပေါင်းအား ကြိုဆိုလျက် ရှိပါသည်။

ကျွန်ုပ်တို့ သာသနာပြုအဖွဲ့သည် ပဲခူးမြို့ လင်းရောင်ကြည်ကျောင်းတိုက် ရှင်စောပုရပ်၊ ဆိုရှယ်လစ်(၁၀)လမ်း၊ ပဲခူးမြို့မှ ဆရာတော့်ကားငယ်လေး ဖြင့် ထွက်ခွာရန် အဆင်သင့် ဖြစ်နေ လေပြီ။ တိုက်အုပ်၊ စာချ ဦးပဥ္စင်းငယ် များမှ ကားပြင်မှ လက်အုပ်ချီကာ တန်းစီရပ်နေကြပါသည်။

ဆရာတော်ကြီးမှ ဦးဆောင်ကာ ခရီးထွက်စဥ် ပြုနေကျ အန္တရာယ် ကင်းကျင့်စဥ်ကို စတင်လိုက်ပါသည်။ ညီညီညာညာ သံပြိုင်ရွတ်ဆိုလိုက်သံ သည် စီပြီး ညီလှသဖြင့် ကျွန်ုပ်၏ ရင်ထဲ စိမ့်ခနဲ ခံစားလိုက်မိပါသည်။

စာဖတ်သူများ လိုက်နာကျင့်သုံး နိုင်ရန် အောက်တွင် ဖော်ပြပေးလိုက် ပါသည်။

* * * ——————→

အထက်ပါ ကျင့်စဥ်ကို ကျင့်ကြံခြင်း အကျိုးကား ဆရာတော်ကြီးကိုယ်တိုင် ဒိုက်ဦးအနီး မှိုင်းတုံကျေးရွာတစ်ကြိမ်၊ ကျိုက်စကောမှာတစ်ကြိမ်နှင့် ဆရာ တော်၏ ဒရိုင်ဘာဖြစ်သူ မောင်သက် နိုင်ဦးသည်လည်း ယာဥ်တိုက်မှုမှ သီသီလေး လွဲခဲ့ဖူးပါသည်။

ကျွန်ုပ်သည်ပင် ယခုအခါ ခရီး ထွက်တိုင်း အလေ့တစ်ခုလို ကျင့်ကြံမြဲ ဖြစ်ပါသည်။ ထို့ကြောင့် ထင်သည် တစ်ချိန်လုံး ခရီးသွားနေသည့် ကျွန်ုပ် အဖို့ အန္တရာယ် တစ်စုံတစ်ရာ မကြုံ တွေ့ရဘဲ အဆင်ပြေ ချောမွေ့မှုများ ကူညီမည့်သူများနှင့် ဆုံတွေ့ရသည်မှာ အမှန်ဖြစ်ပါသည်။

ကျင့်စဥ်နှင့် ပတ်သက်၍ဖြစ်စေ၊ ဆရာတော်ကြီးနှင့် ဆက်သွယ်လို၍ ဖြစ်စေ၊ ရောဂါများနှင့် ဆွေးနွေးတိုင် ပင်လို၍ဖြစ်စေ ကျွန်ုပ်နှင့် ဆက်သွယ် မေးမြန်းလိုပါက **ဦးမင်းစံလှိုင် ဖုန်းနံပါတ် (၀၉-၉၇၇၆၅၆၂၇၇)**သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း...

*မေတ္တာရည်၍...*

**ဦးမင်းစံလှိုင်(*အကြောဘုရင်*)**

၁။ လောဘမီးငြိမ်း၍ အေးချမ်းတော်မူသော မြတ်စွာဘုရား။
၂။ ဒေါသမီးငြိမ်း၍ အေးချမ်းတော်မူသော မြတ်စွာဘုရား။
၃။ မောဟမီးငြိမ်း၍ အေးချမ်းတော်မူသော မြတ်စွာဘုရား။
၄။ ဇာတိမီးငြိမ်း၍ အေးချမ်းတော်မူသော မြတ်စွာဘုရား။
၅။ ဇရာမီးငြိမ်း၍ အေးချမ်းတော်မူသော မြတ်စွာဘုရား။
၆။ မရဏမီးငြိမ်း၍ အေးချမ်းတော်မူသော မြတ်စွာဘုရား။
၇။ သောကမီးငြိမ်း၍ အေးချမ်းတော်မူသော မြတ်စွာဘုရား။
၈။ ပရိဒေဝမီးငြိမ်း၍ အေးချမ်းတော်မူသော မြတ်စွာဘုရား။
၉။ ဒုက္ခမီးငြိမ်း၍ အေးချမ်းတော်မူသော မြတ်စွာဘုရား။
၁၀။ ဒေါမနဿမီးငြိမ်း၍ အေးချမ်းတော်မူသော မြတ်စွာဘုရား။
၁၁။ ဥပါယာသမီးငြိမ်း၍ အေးချမ်းတော်မူသော မြတ်စွာဘုရား။
၁၂။ ဘဝဇာတ်သိမ်း ဒုက္ခငြိမ်း၍ အေးချမ်းတော်မူသော မြတ်စွာဘုရား။

(နမောတဿ ဘဂဝတောအရဟတော သမ္မာသမ္ဗုဒ္ဓဿ)၃

၁။ ဗုဒ္ဓဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိ၊
၂။ ဓမ္မဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိ၊
၃။ သံဃာ့ဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိ၊
၄။ မာတာပိတုဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိ၊
၅။ အာစရိယဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိ၊
၁။ ဘုရားကျေးဇူးမြင်းမိုရ်ဦး အထူးကျေအောင် ဆပ်ပါမည်။
၂။ တရားကျေးဇူးမြင်းမိုရ်ဦး အထူးကျေအောင် ဆပ်ပါမည်။
၃။ သံဃာကျေးဇူးမြင်းမိုရ်ဦး အထူးကျေအောင် ဆပ်ပါမည်။
၄။ မိဘကျေးဇူးမြင်းမိုရ်ဦး အထူးကျေအောင် ဆပ်ပါမည်။
၅။ ဆရာကျေးဇူးမြင်းမိုရ်ဦး အထူးကျေအောင် ဆပ်ပါမည်။

***(အောက်ပါတို့ကို စိတ်ဖြင့် တစ်လမ်းလုံး ရွတ်ပွားရန်)***

**ဘဂဝတော**– ကောင်းသော နိဗ္ဗာန်ခရီးကို ကြွတော်မူသော မြတ်စွာဘုရား။ ကိလေသာမီး၊ ရာဂမီး၊ မီးအပူ၊ နေအပူတို့မှ ကင်းဝေးတော်မူသောကြောင့် **အရဟံ**မည်သော မြတ်စွာဘုရား။




www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

သရာကြီးဦးအောင်မြင့် (ဥပဒေတွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ




ယခုလအတွက် ဖော်ပြပေးလိုက်သော ဘယ်လက်ဖဝါးပုံစံ ပိုင်ရှင်မှာ အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။ ဖော်ပြထားသော လက်ဖဝါးပြင်ကို သေချာကြည့်ရှုစစ်ဆေးပြီးမှ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ ကိုယ်ပိုင်လုပ်ငန်းနှင့် ဝန်ထမ်းလုပ်ငန်းဆိုလျှင် ဘယ်လုပ်ငန်းက ရေရှည် အကျိုးပေးနိုင်ပါ နည်း။ အဘယ်ကြောင့်နည်း။

၂။ အပေါင်းဆိုင်လုပ်ငန်းနှင့် ပညာသင်ကြား သော ဆရာလုပ်ငန်းဆိုလျှင် မည်သည့် လုပ်ငန်းကို ရွေးချယ်လုပ်ကိုင်သင့်သနည်း။ အဘယ်ကြောင့်နည်း။

၃။ အောင်မြင်ကျော်ကြားနိုင်သော ကံကြမ္မာမျိုး ရှိပါသလား။ အဘယ်ကြောင့်နည်း။

အထက်ပါမေးခွန်းများ၏ အဖြေကို သီးခြား စာရွက်လွတ် တွင် အကြောင်းပြ ချက်နှင့်တကွ ရေးမှတ်ပြီးမှ ပဟေဠိ အဖြေများနှင့် တိုက်ဆိုင်စစ်ဆေးမှသာ လက္ခဏာ ပညာသုတ ပိုမို တိုးပွားပါလိမ့်မည်။

ပဟေဠိ အဖြေများကို— စာမျက်နှာ(၁၈၃)တွင် ကြည့်ရှုပါရန်



www.burmeseclassic.com

www.burmeseclassic.com




# သရက်ပင် အောင်မြင်ဖြစ်ထွန်းအောင်

ပျိုးနည်း

အစိုးရဌာနတစ်ခုတည်းတွင် နှစ်အတန်ကြာသည်အထိ အတူလက်တွဲခဲ့ဖူးသော်လည်း အငြိမ်းစားယူပြီးနောက် ပိုင်းမှစ၍ အကြောင်းတိုက်ဆိုင်မှသာ တွေ့ကြရသည့် ဆရာကြီးဦးကျော်မြင့်အား သတိရနေမိ၏။

သတိရနေသည်မှာ အခုမှမဟုတ် လွန်ခဲ့သော ရက်များစွာကတည်းက မှန်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မတွေ့ဖြစ်ခဲ့။

သည်ကနေ့တော့ ရပ်ကွက်ကိစ္စတစ်ခုဖြင့် ဆရာကြီးအား မဖြစ်မနေတွေ့ဆုံရန် အကြောင်းပေါ်လာ၍ ခရီးဖော် စက်ဘီးဒိုကလေးကိုဆွဲကာ ဆရာကြီးနေထိုင်ရာ သာယာမြို့သစ် (၁)လမ်းသို့ ထွက်ခဲ့၏။

ဆရာကြီး အိမ်ရှေ့အရောက်တွင် အသံကျယ်ကျယ်ဖြင့်...

'ဗျို့ အိမ်ရှင်တို့ ရှိလားဗျို့'

စာရေးသူ၏အသံကြောင့်ဆရာကြီး ပြူတင်းပေါက်မှ ကဲကြည့်ပြီး...

'ဟား... ရှိပါ့ဗျာ လာပါ လာပါ မျက်စိလည်လာတယ် ထင်ပ'

စာရေးသူ ခြံတံခါးအားဖွင့်ပြီး ဝင်လိုက်ချိန်တွင်အဝင်လမ်းအနောက်ဘက်ရှိ သစ်သားခုံတန်းပေါ်၌ မြေစာများထည့်ထားသည့် ပလတ်စတစ်အိတ် တစ်ဆယ့်ငါးလုံးခန့် တွေ့ရ၏။

သစ်စေ့ပျိုးအိတ်များ ဖြစ်ကြောင်း ခန့်မှန်းမိသော်လည်း မည်သည့်အပင်မျှ မတွေ့ရ။ ဆရာကြီးသည် စိုက်ပျိုးဘက်တွင် ဝါသနာကြီးသူဖြစ်၏။

သစ်ပင်ပန်းမန်နှင့် ပတ်သက်၍ ဗဟုသုတ အတော်စုံသလို လေ့လာရှာဖွေသူလည်းဖြစ်၏။ စာရေးသူသည် ဆရာကြီးရှေ့ ကုလားထိုင်တွင် ဝင်ထိုင်ပြီး အချိန်မဆိုင်းဘဲ...

'အိမ်ရှေ့ ပလတ်စတစ်အိတ်တွေက ဘာပင်ပျိုးထားတာလဲဗျ'

'မပျိုးရသေးပါဘူးဗျာ။ ခုမှ မြေစာထည့်ပြီး နှပ်ထားတာ သရက်ပင်ပျိုးဖို့လေ'

'ဆရာကျော်ရယ် အပင်ပန်းခံလို့ဗျာ။ သရက်စေ့တွေကို တစ်နေရာမှာပုံထားလိုက်ပြီး အပင်ပေါက်တော့မှ ကြိုက်တဲ့နေရာရွှေ့စိုက်ရင် ရတာပဲဗျာ'

စာရေးသူစကားကြောင့် ဆရာကြီးမှ ပြုံးကြည့်ရင်း...

'ဆရာပြောတာ မှန်သင့်သလောက်တော့ မှန်ပါတယ်။ ဒါပေမယ့် အဲဒီလိုလုပ်တာက အပင်ပေါက်ဖို့ ရာနှုန်းပြည့် မသေချာဘူး။

ဥပမာဗျာ တန်ဖိုးရှိတဲ့ သရက်မျိုးစေ့တစ်စေ့ ခင်ဗျားရထားတယ်ဆိုပါတော့။ အဲဒီအစေ့ကို အပင်ပေါက်အောင် စိုက်နိုင်မှဖြစ်မယ်။

အပင်မပေါက်ဘဲ အစေ့ပုပ်သွား ရင်မျိုးစေ့ဆုံးပြီ။ စောစောက ခင်ဗျားပြောသလိုလုပ်ရင် အပင်ပေါက်ဖို့မသေချာဘူးဗျ'

စာရေးသူ သဘောပေါက်သွားသည်။ မှန်ပါသည်။ လွန်ခဲ့သော ငါးနှစ်ခန့်က မိတ်ဆွေတစ်ဦးထံမှ စိန်တစ်လုံး သရက်မျိုးစေ့ ရဖူးသည်။

စာရေးသူ မကျွမ်းကျင်သဖြင့် အပင်မပေါက်ခဲ့။ အားနာသဖြင့် နောက်ထပ်လည်း မတောင်းတော့။ ထို့ကြောင့် စာရေးသူခြံထဲတွင် စိန်တစ်လုံးသရက်မျိုး မရှိသည်ကို သတိရကာ...

'ဟုတ်ပြီ ဟုတ်ပြီ အခုဆရာကြီး ဘာသရက်မျိုးပျိုးမှာလဲ သေချာပေါက် အပင်ပေါက်အောင် ပျိုးတဲ့နည်းပြောပြောဗျာ'



www.burmeseclassic.com

www.burmeseclassic.com

'ရေနွေးသောက်ပါဦး ပြောမှာပါ။ ဒီလိုဗျ ပထမဆုံး အရေးကြီးတာက **အသီးမှည့်ကရတဲ့ မျိုးစေ့ဖြစ်ရမယ်။** ဒါမှ အစေ့က မျိုးအောင်မှာ'

'ဟုတ်ပြီ'

'အဲဒီ သရက်စေ့ကို **သုံးလေးရက် အခြောက်လှန်းရမယ်'**

'ဟုတ်ပြီ'

'မျိုးစေ့ ကောင်းကောင်းခြောက်ပြီဆိုရင် အစေ့ရဲ့ဖိုက်ဘက် (ပါးသည့်ဘက်မှာ ဖိုက်ဘက်ဖြစ်ပါသည်)ကို နှစ်ခြမ်းဟသွားတဲ့ အထိ တစ်ပြတ်ပြတ်နဲ့ လှီးပေးရပါမယ်။

အစေ့နှစ်ခြမ်း ဟသွားပြီဆိုရင် အထဲမှာ ပလတ်စတစ်အမာစားလို အမြှေးနဲ့ အုပ်ထားတဲ့ အစေ့တွေ့လိမ့်မယ်။

အဲဒီအစေ့ကို မထိခိုက်မိအောင် အသာထုတ်ပြီး မြေဆွေးစပ်ထားတဲ့ ပိုးအိတ်ထဲမှာ ထည့်စိုက်ရင် အပင်ပေါက်နှုန်းမြန်သလို အောင်မြင်သန်စွမ်းတဲ့ သရက်ပင်ပေါက်ရပြီ ပေါ့ဗျာ'

ထို့အတွက် ဆရာကြီး ဦးကျော်မြင့်အား အထူးကျေးဇူးတင်ရပါသည်။ ပြီးနောက် လာရင်းကိစ္စအား တင်ပြပြီး...

'ကဲ ဆရာကြီးရေ ခင်ဗျားပြောတဲ့ နည်းအတိုင်း သရက်မျိုးကောင်းကောင်းရှာပြီး စိုက်ဦးမှပဲ'

'ရှာမနေပါနဲ့ဗျာ။ နောက် ရက်(၂၀) လောက်ကြာရင် ကျွန်တော် ပျိုးပြီးသား အပင်ပေါက်သာ လာယူလှည့်စမ်းပါ ဆရာရယ်'

ဆိုသဖြင့် ဆရာကြီးအား ကျေးဇူးတင်ကြောင်း အထပ်ထပ် ပြောကြားကာ ပြန်ခဲ့ပါသည်။

**ကိုစနေ**

စာမျက်နှာ (၁၈၂)မှ အဆက်

**လက္ခဏာပဟေဠိ အဖြေများ**


**၁။ ကိုယ်ပိုင်လုပ်ငန်းနှင့် ဝန်ထမ်းလုပ်ငန်းဆိုလျှင် ဝန်ထမ်းလုပ်ငန်းက ပို၍ ရေရှည်အကျိုးပေးနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော်...**

❖အသက်လမ်းကြောင်း အဖျားနှင့် ဉာဏ်လမ်းကြောင်းအဖျား ပူးပြီး ဉာဏ်လမ်းကြောင်းက အသက်လမ်းရှိရာဘက်သို့ နီးကပ် ကွေးဝင်ခြင်း **"က" အက္ခရာ။**

❖အသက်လမ်းကြောင်းပေါ်မှ တိုးတက်မှု လမ်းငယ်များရှိခြင်း **"ခ" အက္ခရာ။**

❖လက်ညှိုးနှင့် လက်ခလယ်ကြားမှာ သန့်လျက်ပုံ မင်္ဂလာအခြံအရံ သင်္ကေတရှိခြင်း **"ဂ" အက္ခရာ**တို့ကြောင့် ဖြစ်ပါသည်။

***





အထက်ပါ သင်္ကေတများကြောင့် အလုပ်အကိုင်မှာ ကြာရှည်ခိုင်မြဲခြင်း၊ အရာရှိအဆင့် လုပ်ကိုင်ရခြင်း၊ ဩဇာရှိခြင်း၊ မင်းစိုးရာဇာ အထက်လူကြီးများ၏ အကူအညီရခြင်း၊ အလုပ်အကိုင် ရာထူးအဆင့်အတန်း တိုးတက်ခြင်းများ ဖြစ်စေနိုင်ပါသည်။

**၂။ အပေါင်ဆိုင်လုပ်ငန်းနှင့် ပညာသင်ကြားသော ဆရာလုပ်ငန်းဆိုလျှင် ပညာသင်ကြားသော ဆရာလုပ်ငန်းကိုသာ ရွေးချယ်လုပ်ကိုင်သင့်သည်။ အဘယ်ကြောင့်ဆိုသော်...**

❖လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံတွင် ဉာဏ်လမ်းအဖျားမှ ထောင်တက်သော ဆရာလမ်းများရှိခြင်း **"ဃ" အက္ခရာ။**

❖ဉာဏ်လမ်းကြောင်း အဖိုပါရှိခြင်း **"င" အက္ခရာ**တို့ကြောင့် ဖြစ်ပါသည်။

***





အထက်ပါ သင်္ကေတများကြောင့် ဆရာလုပ်ငန်း အကျိုးပေးခြင်း၊ ပညာအသင်အပြ ကောင်းခြင်းတို့ ဖြစ်စေပါသည်။

**၃။ အောင်မြင် ကျော်ကြားနိုင်သော ကံကြမ္မာမျိုးရှိပါသည်။** အဘယ်ကြောင့်ဆိုသော်...

လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံတွင် ကြာဖူးကြီးပုံ မင်္ဂလာအခြံအရံ ထင်ရှားပါရှိခြင်းကြောင့် ဖြစ်သည်။ **"စ" အက္ခရာ။**

***




ထိုသင်္ကေတကြောင့် နာမည်ဂုဏ်သတင်း ထင်ရှား ကျော်ကြားခြင်း၊ လုပ်ငန်းများ အောင်မြင်ခြင်း ဖြစ်စေပါသည်။

**မှတ်ချက်**

အထက်ပါ လက္ခဏာရှင်မှာ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် တစ်ခုမှ အထက်တန်းပြ ဆရာမကြီး တစ်ဦးဖြစ်ပါသည်။

**လက္ခဏာပညာသုတ တိုးပွားကြပါစေ။**

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြင့်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

ဘိုးအာစရ မိန့်ကြားသော ဗုဒ္ဓါနုဿတိပွားများနည်းနှင့်

# ဗုဒ္ဓပန္နက်တော် တည်နည်း (၂)

ဝိမလသိဒ္ဓိ

**ယခင်လမှ အဆက်**

*မိမိကိုယ်တိုင်ကလဲ အာရုံတွေ ့ကို မမျှော်နဲ့။ ပေါ်လာရင်လဲ လက်မခံနဲ့။ သတိ အမြဲ ကပ်–ကပ်ထား။

*ကိုယ့်တရားနဲ့ကိုယ်နေ၊ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် လုပ်နေ။

*သဒ္ဓါပေါက်ပေါက်၊ စိတ်စူးစူး စိုက်စိုက်ကြီးနဲ့သာ စွဲစွဲမြဲမြဲ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို လုပ်မြဲတိုင်း လုပ်နေပါ။

*ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း အရဟံဂုဏ်တော် အမြဲသာပွားရင် **(တရားကျင့်သူကို တရားက ပြန်စောင့်ရှောက်ပါလိမ့်မယ်။)**

*ရှေ့ကိုတိုးတက်သွားဖို့ အလားအလာ ကောင်းတွေဟာလဲ ကိုယ့်ကြိုးစား အားထုတ်နေမှု အပေါ်မှာပဲ တည်တယ်။

*ကိုယ်ကျင့်နေတဲ့ ကျင့်ခဲ့တဲ့ လမ်းစဉ်မှန် (ကိုယ့်တရားကပဲ ကိုယ့်ကို) အသိအမြင် ပေး,ပေး သွားလိမ့်မယ်။

*ထိုးထွင်းပြီး သဘောပေါက် ပေါက်လိုက်လာတာ ဆက်သာ လုပ်နေ။

*အဲဒါပဲပေါ့...


**(သိလျှင် ဝိဇ္ဇာ၊ မသိလျှင် အဝိဇ္ဇာ)** ဆိုတာ။

*နောက်ပိုင်းကျတော့ ရုပ်နဲ့နာမ်၊ ကံနဲ့ကဝ္တာ၊ ကုသိုလ်နဲ့အကုသိုလ် တရားတွေကို ကွဲကွဲပြားပြား ခြားခြားနားနားကြီး သိ,သိလာပါလိမ့်မယ်ဗျား။

ကိုယ်တိုင်ထိုးထွင်း ကြံဆလို့ သိ,သိလာပြီလားဆိုရင် အဲဒီခါ (ဝိဇ္ဇာဆိုတာ ရှာမနေနဲ့တော့။) ကိုယ်ကိုယ်တိုင် ဝိဇ္ဇာဖြစ်ပြီ။ ထိုးထွင်းသိမှ ဝိဇ္ဇာကိုး။

၁၂။ တစ်ဆက်တည်းမှာ

စာရေးသူ၏ ကျေးဇူးတော်အရှင် ဆရာတော်ကြီး၏ မှတ်သားအပ်သော ဩဝါဒအချို့ကို ပြည့်စုံစေရန် ဖြည့်စွက် တင်ပြလိုက်ပါသည်။



✦ "ဝိဇ္ဇာဆိုတာ" အဝိဇ္ဇာကင်းတဲ့ လမ်းပေါ်တက်ရတဲ့ (ဝါ) အဝိဇ္ဇာကင်းအောင် တက်တဲ့ လမ်းစဉ်။ ရောက်အောင် ပေါက်အောင် လုပ်သူပေါ့။

✦ အဲ...သူက လောကီအတတ်တွေ ကိုပါ အောင်ပြီး၊ ကိစ္စပြီးတော့ တာပဲ။ ရတော့တာပဲ။ အဲဒါမှ ဝိဇ္ဇာအစစ်။

✦ ရွှေငွေလောက်ရအောင် လုပ်နေတာက ဇော်ဂျီ။ သူက ဒါပဲ တတ်တာ။ ဇော်ဂျီက ဝိဇ္ဇာ တက်ရမှာ၊ ကျင့်ရမှာ။

✦ တော်တော့ကို စိတ်ကို ချုပ်တည်းနိုင်မှ ဝိဇ္ဇာဖြစ်တာ။

✦ ဇော်ဂျီက ဝိဇ္ဇာအကူးမှာ အင်မတန် မာန်ထတတ်တယ်။ မာန်တက်တယ်။

✦ အဲဒီမာန်ကို ကိုယ့်ဟာကိုယ် ချရတယ်။ ကိုယ့်ဟာကိုယ် လျှော့ချမှ ရတယ်။ မာန်မကျလို့ကတော့ မတက်ပါဘူး။ ဟိုဘက်ကို မကူးနိုင်ပါဘူး။ မကူးတကူး ကူးတကူး နေမှာပဲ။

✦ **သည်းခံနိုင်မှဗျ။**

(သည်းခံခြင်း)ဟာလဲ (အမြတ်ဆုံးတရား)။ သူတကာ သည်းမခံနိုင်တာကို ကိုယ်က သည်းခံနိုင်မှ ခန္တီပါရမီဖြစ်တာ၊ ရတာ။

ခန္တီပါရမီ ရဖို့ဆိုတာလဲ လွယ်တော့ မလွယ်ဘူးပေါ့။ ဒီလိုပဲ ကြိုးစားကျင့်ရမှာပဲ။

✦ **(မိမိရဲ့အတွင်းစိတ်က ထကြွလာတာကို ထိန်းအုပ်နိုင်မှ ဆိုပေမယ့်၊ အပြင်ဗဟိဒ္ဓိက ဝင်လာတဲ့ အတိုက်ခတ်တွေ သည်းခံနိုင်မှ အောင်တာ၊ မြတ်တာ။)**

✦ **"သည်းညည်း"လဲခံ၊ "မာန်" ကိုလျှော့ချဆိုရင်** ဖြစ်ပြီ။

✦ ဝိဇ္ဇာဖြစ်မှ မာန်တွေကင်းပြီး ကိုယ့်ဟာကိုယ် ထိန်းအုပ်သွား

www.burmeseclassic.com

နိုင်တော့တယ်။ အဲဒီကျ တို့မှာလဲ မင်းတို့တစ်တွေကို စောင့်ရှောက် ထိန်းသိမ်းပေးလာခဲ့ရတဲ့ တာဝန် ပြီးရော လွတ်ကရော။

၁၃။ အခု မင်းတို့ဟာက **"စူဠဂန္ဓာရီ"** လို့ခေါ်တယ်။ ဆေး၊ အင်း၊ ဓာတ်၊ စမ၊ မန္တန် တစ်ခုခု တစ်မျိုးမျိုးနဲ့ (တက်စဉ်) ယူနေ ကြရတာ။

❖ စူဠဂန္ဓာရီက မဟာဂန္ဓာရီဖြစ် အောင် ရောက်အောင် တက်ရ မှာ။ ရောက်ကို ရောက်ကြရမှာ လို့မှတ်။

❖ ဒါမှ လမ်းစဉ် တက်စဉ် မှန်တယ်။ အဲဒါ မြဲမြဲမှတ်။

❖ မဟာဂန္ဓာရီ ဆိုတာကလဲ ရဟန္တာလမ်းပါပဲ။

❖ သံဃာတော် အရှင်မြတ်တို့ဟာ မဟာဂန္ဓာရီ ပုဂ္ဂိုလ်တွေပါပဲ။ (ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ)ဆိုတဲ့ သာသနာတော်သုံးရပ်ကို လုပ်ရုံပဲ။ သာသနာ့ဝန်ဆောင်ရတယ်။ တခြား တော့ အထူးအထွေ မရှိပါဘူး။

❖ ဒါပေမယ့် တို့မဟာဂန္ဓာရီ ပုဂ္ဂိုလ် ဖြစ်သော သံဃာတော် အရှင်မြတ် တို့သည် ဆေး၊ အင်း၊ အိုင်၊ ဓာတ်၊ စမ၊ မန္တန် ကိစ္စတွေကို နားမလည် ပါဘူး။ မတတ်ပါဘူးလို့တော့ မဝေဖန် မပြစ်မှားထိုက်။ အပြစ် ဖြစ်တယ်။

❖ ဘာကြောင့်လဲဆိုရင် ဆေး၊ အင်း၊ ဓာတ်၊ စမ၊ မန္တန်တွေဆိုတာ ပိဋကတ်သုံးပုံထဲမှာ မွှေနှောက် ရှာကြည့်ကြ၊ လွတ်ကဲ့လား။ အကုန်ရှိတယ်။ ပါနေတယ်။ အဲဒီ ထဲက ထွက်လာတာ၊ ယူကြရတာ။

❖ မင်းတို့ ရွတ်ဖတ်မန်းမှုတ်နေကြ တဲ့ ဂါထာမန္တန်တို့၊ ဓာတ်ပွင့် လာဘ်ပွင့်တို့၊ ရန်အောင်မြင် ပယောဂနိုင် ဆိုတာတွေဟာ ပါဠိတော်နဲ့ လွတ်သလား။ ကင်း သလား။

❖ စူဠဂန္ဓာရီတွေအတွက် နယ်ကျဉ်း တယ်။ မဟာဂန္ဓာရီတွေနဲ့ မနိုင်း ယှဉ်သာပေဘူး။ မနိုင်းယှဉ်အပ် ဘူး။

❖ အနိမ့်အမြင့် မတူဘူး။ အဆင့် အတန်း ကွာခြားတယ်။

❖ ဒါကြောင့် မာန်မထစေနဲ့၊ မာန် မတက်စေနဲ့လို့ သတိပေးရ တာ။ ဘဝင်မမြင့်နဲ့ ရူးတတ် သတဲ့ဗျာ။ သတိထားကြ။

❖ စူဠဂန္ဓာရီဟာ တက်စဉ်လမ်း စခန်းဝင် အသိအတတ်လေး အနည်းအကျဉ်း ရတတ်သမျှ ရှိလာရင် ဘဝင်က ကြွချင်လာပြီ။ အဲဒါ မာန=မာန်ပဲ။ သူလဲ မဟာ ဂန္ဓာရီဖြစ်ဖို့ ရောက်အောင်တက်ဖို့ မလွယ်။ အတားအဆီးဖြစ်ပြီ။ မာန်က ကြားခံပြီလေ။

❖ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မင်္ဂလသုတ်တော်မှာ...

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ
ဝိနယော စ သုသိက္ခိတော၊
သုဘာသိတာ စ ယာ ဝါစာ၊
ဧတံ မင်္ဂလ မုတ္တမံ။

လို့ ဟောခဲ့တာ။ ဗဟုသုတအထွေ ထွေ အကြားအမြင် မင်္ဂလာများများ ရှိရတယ်။ မင်္ဂလာ ကိုယ်မှာမြဲအောင်၊ ကပ်အောင်လဲ "ထုံ" ရသေးတယ်။

၁၄။ တချို့ ဝိဇ္ဇာလောင်းတွေဆိုရင် ပြောပြလိုက်ရဦးမယ်။

✪ "အင်း"တွေ၊ "အိုင်"တွေ အမျိုး မျိုးချ၊ မီးနဲ့ရှို့မြှိုက်ပြီး ပြာချ သောက်ကြ၊ မိုင်းကိုင်စက္ကူနဲ့ချ၊ အရွက်လိုက် ဒီတိုင်းလိပ်လုံးပြီး အစိမ်းအတိုင်းမျိုကြ။ အင်းပေါင်း တစ်ထောင်၊ တစ်သောင်း မပြည့် တတ်သေးလို့ဆိုပြီး တစ်စိုက်မ… မတ် သဲကြီးမဲကြီးလုပ်ရင်း … တွေသာကုန်၊ လူပုံကမပီ။

✪ ဓာတ်တွေစပ်၊ ဖိုထိုး၊ ဖိုဝင်နေ… တွေကလဲ ဖိုတိုက်ထဲ တစ်လုံးသွင်း… တစ်လုံးဆယ်၊ တစ်မီးသွင်း၊ န… စိုက်နဲ့ နေ့ရက် အချိန်နာရီ… သာ ကုန်ခဲ့ကြပြီး ရှိထည့် ရှိထ… နဲ့ပေါ့။ ငွေကကုန် လူက… မယားမကြည်၊ သားက… မကြိုက်၊ သမီးကလဲပြေး၊ … လဲမကပ် လူနပ်ကြီးလို… လုပ်ရတ်က လာဘ်ယုတ်ပြီ… တော့ သွားရော။

✪ နှိမ့်ချပြီး နှိမ်ပြော ပြော… မဟုတ်ဘူး။

✪ တို့လဲ "လမ်းစုံ"ကို ကင်း… အောင် လိုက်ခဲ့သေးတာပဲ။ ကြ… ပေါ့။ အေး **(မသိတာ မရှိရ… မတတ်တာ မရှိရဘူး။ … ကောင်းတာသာ ရှိတယ်။)** … ကြပ်ကြပ်သတိပြု။

✪ ရှင်းရှင်းပြောမယ်။ အသိ… သာမညတဲ့။ ခွဲသိရတယ်။

✪ လောကီလမ်းစဉ် ဘာတွေ… လုပ် ဘယ်စခန်းရောက်နေ… **(အခြေခံဖြစ်တဲ့ ဗုဒ္ဓဝင်၊ မဟာ… ပထဝီဝင်၊ ရာဇဝင်တွေ… ဝရိတ်တော်တွေ သုတ္တန် … ဓမ္မတရားတွေကို မပစ်… ဘူး။ လျစ်လျူရှုမနေရဘူး…**

✪ ကိုယ့်အလုပ်စခန်း ဝင်… တစ်ဖက်ကလဲ နေ့ရှိသရွေ့ … ရသရွေ့ ဖတ်မှတ်… လျှောက်ထား ဆောင်… တယ်။ ကိုယ်တိုင်အား… ကိုယ်ပိုင် သိအောင် … လုပ်ရတယ်။





www.burmeseclassic.com

www.burmeseclassic.com

မရှိကို အရှိမလုပ်နဲ့။ မသိတာတွေ ကိုလဲ မသိဘဲမထားနဲ့။ နားလည် ဘတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တွေထံ နည်းခံ မှတ်သားရတယ်။ **(ရှေးကျွန်ပြု၍ကပ်၊ နှုတ်ကျွန်ပြု၍ချောင်း)** ဆိုစကား အများပင် ရှိသေးတယ်။ ပြောရရင် ညည်းဦးမယ်။ ဗဟုသုတရှိကြ၊ လေ့လာ ကြ။

- အခု ပြောပြနေတာတွေကို နားလည်ကြရဲ့လား၊ လိုက်နိုင် မှတ်နိုင်ကြရဲ့လား။
- ကိုယ်ဘိုင် ကျင့်ကောကျင့်ကြဖို့ စိတ်ဆုံးဖြတ်ပြီလား။ သန္နိဋ္ဌာန်ချ နိုင်ကြရဲ့လား။ ရဲရဲကြီးနော။

❖ သမထယာနိက ဦးစွာအားထုတ် ကမ္မဋ္ဌာန်း လေးဆယ်ပေါ့။ **ရှုပ်ချုပ်ခြင်းလေးပါး နာမ်ချုပ် ခြင်းလေးဆယ်** အကျယ် လေ့လာဦး။ စာထဲမှာ ရှိပါတယ် များ။

"သထမ"နည်းနဲ့ သမာဓိ ပိုင်ပိုင်ရ စိတ်ကလေး တည်ငြိမ်လာမှ ဝိပဿနာ"ကူး။

❖ အဲဒီကျ မခက်တော့ဘူး။ လွယ်ပြီ။ သမာဓိသာလိုတယ်။ ဟိုဘက် ဒီဘက် လက်ခုပ် လက်ဝါးပါပဲ။ တပ်နေတာ။

❖ ဝိပဿနာက ရုပ်နာမ်ဓမ္မ ဖြစ်ပျက် တွေကို ရှုမှတ်ပေးရတာ။ အဲဒါ နိဗ္ဗာန်သွားရာလမ်းအစစ်ပဲ။ သည် တော့ကာ လိုရင်းက အတိတ်ကို လဲ မဆောင်နဲ့၊ အနာဂတ်ကိုလဲ မမျှော်နဲ့၊ ပစ္စုပ္ပန်တည့်တည့်နေ။ အဲဒါ တရားစစ် တရားမှန်ပဲ။

❖ ခုနေခါမယ် တို့က မင်းတို့ကို သန်ရာစရိုက်ကြည့်ပြီး ဆွဲဆောင် သိမ်းသွင်း ထိန်းအုပ်ပေးနေရတာ။ ဒေါသ, အင်း, ဓာတ်, စမ, မန္တန်တွေ



နဲ့ပေါ့။

❖ "အင်း"ချတယ်ဆိုတာ ဘယ်လို တုန်း၊ ဆိုကြစမ်းပါဦး။ အင်းပေါင် သားရဲ၊ အင်းဆန်တော်တွေသွတ် ရဲ၊ အက္ခရာတွေ,ဂဏန်းတွေ သွင်းရဲ၊ ဦးခံ,ပြောင်းခံ၊ အပင်္ဂန်း အပေါက်တွေနဲ့ သနချေ။ သိဒ္ဓိ တင်၊ အသက်သွင်း၊ သမာဓိမရှိ က ဖြစ်နိုင်ပါ့မလား။ သမာဓိရှိရှိ ကြီး လုပ်ကြတာမျိုး။

❖ "မန္တန်"တွေကကော ရွတ်ဖတ် သရဇ္ဈာယ်နေသမျှ မများမယွင်းရ အောင် စိတ်စူးစူးစိုက်စိုက် **ဂရု–လဟု–ဒီဃ–ရဿ–ဌာန်ကရိုဏ်း** နဲ့ ရွတ်ကြရတာ။

❖ "ဓာတ်"ကကော၊ လုံးထဲ ဓာတ်တွေ ထည့်ထိုးတဲ့အခါ စိတ်က ဓာတ်ကို အာရုံစိုက်ထားရတော့ **(စိတ်နဲ့ ဓာတ်၊ ဓာတ်နဲ့စိတ်)** စိတ်ဓာတ် ဟာ ဓာတ်စိတ်ပဲ ဖြစ်နေတော့။ စိတ် တခြားမရောက် ပျံ့လွင့်မှု အားနည်းသွားရော။ မိမိရဲ့ခြေကို လဲ ချုပ်ပြီးဖြစ်ကရော။

❖ ဘယ်ကို သွားချင်သေးသလဲ၊ မသွားချင်တော့၊ မသွားဖြစ်တော့ ဘူး။ စိတ်မလေတော့ဘူးပေါ့။ ငြိမ်ပြီ။

ရုပ်ကိုထားလို့ နာမ်ကိုနှိမ် ဝိဇ္ဇာဖြစ်နိုင်တယ် ဆိုတာ ဒါပဲ။

နားလည်အောင်လုပ်၊ ကြပ်ကြပ် ဆင်ခြင်စဉ်းစား မှတ်သားကြ။

❖ မင်းတို့ စူဠဂန္ဓာရီလမ်း လိုက်နေသူ တွေ လမ်းအလွဲလိုက်မိပြီး (အပါယ်စာ) ဖြစ်ကုန်ကြမှာစိုးလို့ တို့က လမ်းစဉ်မှန်ပြ ညွှန်ထိန်းအုပ် ပေး,ပေးနေရတာ တို့များရဲ့ တာဝန်ပဲ။

၁၆။✶ ဘုရားတစ်ဆူနဲ့ တစ်ဆူအကြား မှာ ဝိဇ္ဇာ သာသနာ ထွန်းတယ် မှတ်။ ဗုဒ္ဓဘုရားရှင် ထားခဲ့တဲ့ သာသနာတော် မြတ်ကြီးကို ဝိဇ္ဇာတွေက စောင့်ရှောက်ကြရ တာကို ပြောလိုတာ။ သာသနာ တော် မကွယ်အောင်ပေါ့။ သာသနာ ကွယ်ရင်တော့ အား လုံး နစ်မွန်းကုန်ကြတော့မှာ။

✶ ခုနေခါမှာလဲ ရဟန်းဝိဇ္ဇာ၊ နတ်ဝိဇ္ဇာ၊ လူဝိဇ္ဇာ၊ ရသေ့၊ ယောဂီ(ဇော်ဂျီ)၊ ရသေ့(တံပသီ)၊ ဖိုးသူတော်၊ မယ်သီလပါမကျန်၊ လူပုဂ္ဂိုလ်များရော တာဝန် ကိုယ်စီနဲ့ ကိုယ့်နယ်နဲ့ကိုယ် သာသနာပြုနေကြရတာပဲ။

အတုနဲ့အစစ်ကိုတော့ ဉာဏ်မျက်စိ နဲ့ကြည့် သုံးသပ်ဆုံးဖြတ်ကြပေါ့။ အတု ဆိုလို့ ဘုရားရှင်လက်ထက်တော်မှာ တောင် တိတ္ထိကြီးတွေ၊ မိစ္ဆာအယူရှိသူ တွေ ရှိခဲ့ကြတာ မဟုတ်လား။

ဒါတောင် ဘုရားရှင်ကိုယ်တော် မြတ်ကြီး သက်တော်ထင်ရှား ရှိနေ သေးစဉ် ကာလနော်။

ကိုယ့်လမ်းကိုယ်လျှောက်၊ သူ့လမ်း သူသွားပေါ့။

ဝိဇ္ဇာနယ်ထဲမှာလဲ (ဓာတ်ထိန်း)ဆို တာကလဲ ရှိသေးတယ်။ သူ့နယ်နဲ့သူပဲ။ သူတို့က ကိုယ့်နယ်နဲ့ကိုယ်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com

တာဝန်နဲ့ကိုယ် ထိန်းအုပ်၊ ကြပ်မတ်၊ စစ်ဆေး၊ စောင့်ရှောက်ပေးနေကြရတာ။

* ဓာတ်ထိန်းပုဂ္ဂိုလ်တွေ ဆိုတာက လူသိအောင် ထင်ထင်ပေါ်ပေါ်ကြီး မနေကြပါဘူး။ ထင်ပေါ်အောင်လဲ မလုပ်ကြဘူး။ သိဖို့ တွေ့ဖို့တော့ ခက်တယ်။
* အဲ ဝိဇ္ဇာဖြစ်ပြီ ဆိုပေမယ့်လဲ သိတာကတခြား လုပ်နေတာက တလွဲဖြစ်ပြီး အများတွေ မကျူးလွန်မိကြရအောင် နယ်ထိန်း၊ ဓာတ်ထိန်း ပုဂ္ဂိုလ်တွေက အမြဲ ဒေါက်ထောက်ကြည့်နေကြရတာ။ မင်းတို့ သိနိုင်မှာ မဟုတ်ဘူး။
* ဝိဇ္ဇာနယ်ထဲလဲ အထိန်းအကွပ်ရှိတာပဲ။ မလွတ်ပါဘူး။ မင်းတို့ လူတွေထဲမှာလိုပေါ့။
* သူ့ထက်သူ အဆင့်ဆင့် ကြီးဆွဲဓာတ်ကိုင် ကြပ်မတ်ပေးနေကြရတာပဲ။ ဓာတ်ကောင်းရအောင်လုပ်ကြ။ ဓာတ်ကောင်းနဲ့တန်အောင်လဲ နေကြ။
* တက်စဉ်မှန်မှန်ယူ။ ''တက်စဉ်'' ပြီးတော့ ''ကျင့်စဉ်''တွေ ရှိသေးတယ်။ ဒါကြောင့် ကြိုးရှုပ်တယ်လို့ ပြောတာပေါ့။ ကျယ်ဝန်းတယ် မောင်ရ။

၁၇။ ***(၂၀–၄–၇၉)အထူးပေးသြဝါဒ။**

* ပုတီးစိပ်ကြတော့ကော တစ်နေ့မှာ တစ်နာရီပဲ စိပ်တယ်ထား။ တစ်နေ့မှာ နှစ်ဆယ့်လေးနာရီ ရှိတယ်နော်။

ကျန်တဲ့ နှစ်ဆယ့်သုံးနာရီမှာ မိမိစိတ်က ဘယ်ထဲ သွားတတ်တုန်း၊ အကုသိုလ်နယ်ထဲပဲ သွားတာလို့ ပြောဆိုထောက်ပြပြီးခဲ့ပြီ။

* ဒါကြောင့် ကျင့်စဉ်စရဏယူတဲ့ အခါမှာ အကုသိုလ်နယ်ထဲကို သွား,သွား ကျက်စားနေတတ်တဲ့ စိတ်ဖြစ်စဉ်က များပြီး စရဏ အလုပ်က အားနည်းတော့…
* **ဟီနသမာဓိ** (အညံ့စားသမာဓိ) ခေါ်တယ်။ ယုတ်လျော့သွားတာပဲ။ ဒါကြောင့် **ဗလသမာဓိ** (အမြတ်ဆုံးသမာဓိ) ဖြစ်အောင် လုပ်ရမယ်။
* လုပ်ရမှာက အနုဿတိဆယ်ပါး။

**ဗုဒ္ဓါနုဿတိ** – ဘုရားအာရုံယူတာ (ဂုဏ်တော်တွေကို ပွားများတာကိုယူ)၊

**ဓမ္မာနုဿတိ**–တရားအာရုံယူတာ (တရားဂုဏ်တော်တွေကို နှလုံးသွင်းရတာ)၊

**သံဃာနုဿတိ** – သံဃာတော် အာရုံ(သံဃာ့ဂုဏ်တော်တွေ အာရုံယူပွားများရတာ)၊

**ဒေဝတာနုဿတိ** – နတ်တို့အာရုံ (ဒါန,သီလအားကောင်းလို့ နတ်ဖြစ်တဲ့ ကံအကျိုး ရကြပုံကို ဆင်ခြင်ပေးရတာ)၊

* အစရှိသဖြင့် ဘာဝနာတစ်ခုခုကို အာရုံယူ ပွားများနိုင်နေရတယ်။
* တက်စမှာ မရဏာနုဿတိ ခေါ်တဲ့ အသုဘကမ္မဋ္ဌာန်းမျိုး ကို ဝင်လိုက်ရင် ငြီးငွေ့သွားတတ်တယ်။ ပါရမီရှိမှ လုပ်နိုင်တာ။ နေဦး အဲဒီ ကမ္မဋ္ဌာန်းမျိုး ထားဦး နောက်မှလုပ်။
* ဗုဒ္ဓါနုဿတိဆိုလဲ ဘုရားပုံတော် (ရုပ်ပွားဆင်းတု)ကို ကြည့်ရှုနေတာမျိုး မဟုတ်သေးဘူး။
* သံဃာဆိုလဲ ဘုန်းကြီးရဟန်း သံဃာတော်တွေကိုချည်း၊
* ဒေဝတာနုဿတိဆိုလဲ နတ်ပြဟ္မာတွေရဲ့သဏ္ဌာန်ကို ရှုမျှော် ကြည့်နေရတာမျိုးချည်း မ[...] သေးပါဘူး။
* ဂုဏ်ဆိုတာ ဂုဏ=ကျေးဇူး[...] လို့ သဘောပေါက်။ ဘုရား[...] ဘုရားရှင်ရဲ့ ဂုဏ်တော်၊ တ[...] ဆိုလဲ တရားဂုဏ်တော်၊ သံ[...] တော်ဂုဏ် အဲသလို ဂုဏ်[...] ကျေးဇူးတော်တွေကို နှလုံး[...] ရတာမျိုး။

ဒေဝတာနုဿတိမှာ [...] အကြောင်းခံ ဘယ်အကျိုးတရား[...] ကြောင့် နတ်ဖြစ်ကြရတယ်။ နတ်[...] စိမ်ဘုံဗိမာန်တွေနဲ့ ဘယ်ဘုံမှာ [...] စံကြရတယ်ဆိုတဲ့ ကြောင်းကျိုး[...] ကို (ပဋ္ဌာန်းနည်းကျကျ) ဆင်ခြ[...] နှလုံးသွင်း အာရုံပြုတတ်ဖို့ လိုပါ[...]

* **အချုပ်ကတော့ မေတ္တာကမ္မ[...] ပေါ့။** ပျံ့လွင့်ပြေးလွှားတ[...] စိတ်ကို တစ်ခုတည်း[...] အာရုံမှာ စူးစိုက်ထိန်းသိ[...] မှု ထိန်းတတ်ခြင်းဟာ ([...] ပါပဲ။ အဲဒါ အရေးကြီးဆုံး[...]
* ကြည့်ပါလား ဘုရားဟော[...] သာဓကကြောင်းမှာပါတဲ့ [...] နေရဟန်းတစ်ပါးရဲ့ ရွှ[...] သရဖျာယ်နေကျ ကြား[...] ရဟန်းကြီးရဲ့အသံ [...] တည်းကိုသာ အာရုံနစ်[...] အောင် စူးစူးစိုက်စိုက် [...] ထောင်နေတဲ့ ကြက်မက[...] တောကြက်မလေးနော်။
* သူက လူ့စကား လူ့တ[...] ကို နားမလည်ရှာပါဘူး။ [...] မသွင်းတတ်၊ မစဉ်းစား[...] ပါဘူး။ ကြားနေရတဲ့ အသံ[...] တည်းကိုသာ စွဲစွဲမြဲမြဲ [...] စူးစိုက် နားထောင်နေ[...]
* အဲဒီအခိုက်မှာ စွန်ငှက်[...]



www.burmeseclassic.com

www.burmeseclassic.com

ရလို့ လည်ပြတ်သွားတော့ ဖြတ်ခနဲဆို ချက်ချင်းပဲ နတ်ပြည်မှာ နတ်သမီးသွားဖြစ်တာ။

ကောင်းတဲ့ အာရုံထဲ စွဲစွဲမြဲမြဲ အာရုံပြုမိနေတဲ့ အကျိုးပေါ့။ ဒါကြောင့် ဒွါရခြောက်ပေါက် ပိတ်ထားတဲ့ အခိုက်မှာ အပြင်က အတိုက်ခါတ်ကို လက်မခံနဲ့။ အတွင်းဓာတ်ခံကိုလဲ ဖွင့်မပေးနဲ့။ **(အာယတန–တစ်ဆယ့်နှစ်ပါး)**ကို ဆိုလိုတာ။ လေ့လာကြဦး။

*** အဲသလို စိတ်မယုံ့လွှင့်အေမှု အတိတ်,အနာဂတ် ဖွာတတ်မှု၊ ပစ္စုပ္ပန်တည်တည် နေတတ်မှု ဟာ တရားပါပဲ။ အဲဒါကို တရားရှိတယ်၊ တရားနဲ့နေတယ်လို့ ခေါ်တာပါပဲ။ အဲဒီသိကျရင် (အကုန်ပြီးရော)။**

ဒါန,သီလ,ဘာဝနာကိုလဲ တွဲရတယ်။ တွဲလုပ်ရမယ်။

ထိ,ထိုင်,ပွားခြင်းကိုလဲ မြဲမြဲစွဲစွဲလုပ်ရတယ်။

ထပ်ပြီး နိဂုံးကမှတ် အဆုံးသတ်သတိပေးရမယ်ဆိုရင်...

**၁၀။❖ မေတ္တာကမ္မဋ္ဌာန်း အောင်ဖို့ အလွန်အရေးကြီးတယ်။**

**❖ ရည်မှတ်ဖို့တာ ဩဒိသ မေတ္တာ၊**

**❖ မရည်မှတ်ဘဲဖို့တာ အနောဒိသမေတ္တာ။**

မေတ္တာပို့တော့ ဓာတ်ခံရတယ်။

ခြင်္သေ့ဆီဆိုတာ နာရဏီရွှေခွက်မှာမှ တည်တာ။

❖ စိတ်တည်ဆဲ မေတ္တာပို့၊ ဓာတ်ခံနဲ့ တွေ့တဲ့ခါ ဘွားခနဲ ပေါ်တတ်တယ်။ ဘဝ ဘဝါက ဆရာကြီးတွေ ရှိခဲ့တယ်။ ကိုယ်မမြင်ဘူး မတွေ့ဘူးပေမယ့် ပေါ်လာတတ်တယ်။

မေတ္တာပို့လျှင်၊ ဘဝက နီးစပ်ခဲ့တဲ့ ဆွေမျိုးတွေလဲ ပို့ပါ၊ နီးစပ်ရင် ပို့တဲ့ မေတ္တာရောက်တယ်မှတ်။

ရှေးအခါက ဆရာသမား၊ အမိ၊ အဘ မတော်စပ်ခဲ့ဖူးတာမရှိ၊ အနီးအဝေးသာရှိတယ်၊ အဲဒါ မြဲမြဲမှတ်။

မေတ္တာကမ္မဋ္ဌာန်း မေတ္တာပို့ခြင်းဟာ "သာသနာ့ဓာတ်တိုင်"၊ "ကမ္ဘာ့ဓာတ်တိုင်"။

မေတ္တာကမ္မဋ္ဌာန်းအောင်ရင် "ကမ္ဘာ့စကြာဓာတ်" အောင်ပြီ မှတ်။

တရားမသိတဲ့ရုပ်မျိုး နောက်နောက်ဘဝမှာ ဖြစ်မှာစိုးလို့ ဝိဇ္ဇာလမ်းကို လိုက်ကြခြင်းဖြစ်တယ်။ ဝိဇ္ဇာဆိုတာ ဒါပဲ။

ကိုယ့်ဓာတ်နဲ့ ကိုယ်တက်ကြအောင်မြင်လျှင် ပြီးရော။

အားလုံး အောင်မြင်ကြပါစေ။

သည်မျှကိုပင် အထပ်ထပ် အခါခါ လေ့လာမှတ်သားကြပြီး တရားမှန် တရားစစ်ဖြစ်တဲ့ မြတ်သော စရဏတရားအစဉ်ကို ကိုယ်တိုင်အားထုတ်ကြည့်ကြပါလျှင် ဝိဇ္ဇာဆိုတာ ရှာနေဖို့ မလိုတော့ပါပေ။

ကိုယ်ကိုတိုင် သိလာ၊ ထင်လာ၊ မြင်လာ၊ ကြားလာ၊ တွေ့လာ သဘောပါက် ထိုးထွင်းတတ်မြောက် နားလည်သွားကြတော့မှာ ကေန်မုချပါ။ ဝိဇ္ဇာဖြစ်ပြီ။

သည်တော့ ဝိဇ္ဇာရှာပုံတော် ဖွင့်နေကြဦးမှာလား။ လိုသေးသလား။

ဆင်ကြီး တွေ့နေပြီးကာမှ ဆင်ခြေရာခံ လိုက်နေချင်ကြသေးသလား။ (ဤသည်မှာလည်း ဆရာတော်ကြီး အမြဲသတိပေးဆုံးမလေ့ရှိခဲ့တဲ့ ဩဝါဒပါ ခင်ဗျား။)

**ဥပဇ္ဈာယ် ဆရာတော်ကြီး (ဘိုးအာစရ)အား ခြေတော်စုံကို ဦးခိုက်ကန်တော့ ပူဇော်အပ်ပါသည်။**

*ပု ဒ် အာနင့် ပြည့်စုံပါစေသောဝ်။*

**ဝိမလသိဒ္ဓိ**

စာရှုသူ သုတေသီ၊ ပညာရှင်တို့ခင်ဗျား...

ဤဆောင်းပါးမှာ လွန်ခဲ့သော **၇–၁၂–၂၀၀၁** ခုနှစ်က ပို့သော ဆောင်းပါးဖြစ်ပါသည်။

ထိုစဉ်က အကြောင်းကြောင်းကြောင့် မဖော်ပြနိုင်ခဲ့ပါ။ ယခုအခါ ဖော်ပြအပ်ပါသည်။

ဆောင်းပါးရှင်နှင့် အဆက်အနွယ်များမှ ဤဝိဇ္ဇာဓရလမ်းစဉ်အား ဆက်လက်ဖော်ထုတ် ရေးသားပေးပို့ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

*စာတည်းချုပ်*

*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*

*အမှတ်(၂၀၉–မြေညီ)၊ ၂၉–လမ်း(အထက်)၊*

*ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁၂၄၂၂၄*



www.burmeseclassic.com

www.burmeseclassic.com

ငွေမကုန်တဲ့

# ရေယုန်ပျောက်

ဂါထာတစ်ပုဒ်



ရေယုန်ပေါက်သည်ဆိုလျှင် လူတိုင်း သိပါသည်။ ဆေးပညာအရဆိုလျှင် ဝမ်းတွင်း၌ အပူကြီးသောကြောင့် ဝမ်းတွင်းမှ အပူအပြင်သို့ ကန့်ထွက်ကာအများအားဖြင့် နှုတ်ခမ်းနားတစ်ပိုက်တွင် အဖုအပိန့်များ လက်မဟက်ခန့် ဖြစ်ပေါ်လာသည်ကို ရေယုန်ပေါက်သည်ဟု ခေါ်ပါသည်။

ရေယုန်ပေါက်လျှင် ပေါက်သည့်နေရာမှ ယားယံခြင်း၊ ထူအမ်းအမ်းဖြစ်ခြင်းများ ဖြစ်တတ်ပါသည်။

ဆင်ရေယုန်ဟူ၍လည်း ရှိသည်ဟု ကြားဖူးပါသည်။ ဆင်ရေယုန်ဆိုသည်မှာ ရေယုန်ပေါက်သည့်အနာသည် အလွန်ကြီး၍ ကျောကုန်း၊ ခါးတို့တွင် ပေါက်တတ်ပြီး ခါးတစ်ပတ်ထိလျှင် ကု၍မရတော့၊ သေတတ်သည်ဟု ကြားဖူးပါသည်။

ဆင်ရေယုန်ကို တစ်ကြိမ်မျှ မမြင်ဘူးသေး၍ အသေးစိတ် မဖော်ပြတတ်ပါ။

ရေယုန်ပေါက်လျှင် ဆရာဝန်ဖြင့်ပြခြင်း၊ တိုင်းရင်းဆေးဖြင့်ကုခြင်း၊ ရိုးရာဆေးမြီးတိုဖြင့်ကုခြင်း၊ ဂါထာမန်း၍ကုခြင်းဟူသော ကုသနည်းအမျိုးမျိုးတို့ဖြင့် ကုသရာ သူ့နည်းနှင့်သူ ပျောက်ကင်းကြပါသည်။

ရေယုန်ကို ဂါထာဖြင့်မန်းရာတွင် လူတစ်ယောက် အကြိုက်တစ်မျိုးဖြစ်၍ ဂါထာစုံအောင်ရှိပါသည်။ ထိုဂါထာများအနက် ကျွန်တော်၏ ဖခင်ကြီးထံမှ ရရှိထားသောဂါထာကို ဖော်ပြပါမည်။

ကျွန်တော်ငယ်စဉ်က ရေယုန်ပေါက်မှု အလွန်နည်းသော်လည်း ရွာတွင်းမှ ရေယုန်ပေါက်သူများသည် ဖခင်ထံ ရေယုန်လာမန်းခိုင်းသည်ကို အကြိမ်ကြိမ် တွေ့ဖူးပါသည်။

မန်းခိုင်းသူသည် ထိုအချိန်က လက်ဖက်၊ နှမ်း၊ ကြက်သွန်ကြော်ပါသည့် တစ်မတ်တန် လက်ဖက်ထုပ်ကို စက္ကူဖြင့်ထုပ်ကာ ဂါထာအစွမ်းထက်စေရန် ဖခင်အား ပေးရပါသည်။

**ဖခင်ကြီး၊ ရေယုန်မန်းပုံမှာ ညာဘက်လက်ဖနောင့်ကို မီးစင်တွင် ကပ်ကာ ဂါထာကို (၁)ခေါက်မန်းလိုက်၊ လက်ဖနောင့်ကို ရေယုန်နာတွင် ထိုးမှုထိလိုက်နှင့် (၇)ခေါက်မန်း (၇)ခေါက်ထိပါသည်။**

လက်ဖနောင့်ကိုမန်းပြီးမှ ရေယုန်ကို ထိသည်မှာ ငယ်စဉ်က မစဉ်းစားမိသော်လည်း ကြီးမှ စဉ်းစားမိသည်မှာ ရေယုန်နာပေါက်သူသည် အမျိုးသမီးအထူးသဖြင့် မိန်းမပျိုဖြစ်ပါက ရေယုန်ရှိသည့် နှုတ်ခမ်းကို ပါးစပ်နှင့်ကပ်ပြီး မန်းပါက အမျိုးသမီးနှင့် မျက်နှာချင်းထိနေလျှင် မသင့်လျော်သဖြင့် လက်ကို မန်းပြီးမှ မန်းထားသည့်လက်နှင့် ပါးစပ်ကိုထိခြင်းဖြစ်ကြောင်း တွေးမိပါသည်။

ရေယုန်မန်းပြီးလျှင် ဖခင်ကြီးက မန်းခိုင်းသူအား...

'နောက်တစ်ခေါက် မလာနဲ့တော့၊ ဒီတစ်ခေါက်နဲ့ ပျောက်တယ်'

ဟု ပြောလေ့ရှိရာ ပြောသကဲ့သို့ပင် (၁)ရက်၊ (၂)ရက်အတွင်း ရေယုန်မှ အနာဖတ်ကွာကျကာ လုံးဝ ပျောက်သွားပါသည်။

ဖခင်ကြီးထံမှ ဂါထာနှင့် မန်းနည်းကို ကျွန်တော်က လက်ဆင့်ကမ်း သင်ယူထားပါသည်။

ကျွန်တော် အလုပ်ထဲရောက်သည့်အခါ ရုံးမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ရေယုန်ပေါက်သည့်အခါ ကျွန်တော် ရေယုန်မန်းတစ်ပုန်းသိ၍ လက်ဖက်(၁)ပွဲတင်ပြီး မန်းခိုင်းပါသည်။

ကျွန်တော်သည် ဖခင်ကြီးသင်ထားသည့်အတိုင်း မန်းပေးရာ ပျောက်ကင်းသွားကြပါသည်။

ရေယုန်ပျောက်ဂါထာကို ကျွန်တော်ဤမျှ ရှည်လျားစွာ ရှင်းပြနေသည်မှာ ယနေ့သိပ္ပံခေတ်လူငယ်များ၊ ဆေးပညာကျွမ်းကျင်သူများ အနေဖြင့် ရောဂါတစ်ခုကို ဂါထာမျိုးစုံဖြင့် ပျောက်ကင်းသည်ကို ယုံစရာမဟုတ်ဟု ယူဆထားသူများလည်း ရှိပါမည်။

ထို့ပြင် ကျွန်တော်ရေးပြမည့် ရေယုန်ပျောက်ဂါထာသည် ထူးခြားနက်နဲသော အဓိပ္ပါယ်လည်းမရှိ ခက်ခဲသောစာသားများလည်း မပါသဖြင့် ဂါထာကိုဖတ်ပြီးသည်နှင့် **"ဒီဂါထာလောက်နဲ့ ရေယုန်ပျောက်တယ်ဆိုတာ မယုံဘူး"**ဟု ပြောမည့်သူများလည်း ရှိသဖြင့် ဂါထာ၏ အခြေခံအကြောင်းနှင့် ပျောက်ကင်းပုံကို ပြည့်စုံစွာဖော်ပြခြင်း ဖြစ်ပါသည်။ မယုံသူများလည်း မိမိသဘောအတိုင်း ဖြစ်ပါသည်။

**ဖခင်ကြီးသင်ပေးခဲ့သော ရေယုန်ပျောက်ဂါထာမှာ...**

ဥ ့ တောမှာယုန် ခွေးနဲ့လိုက်၊
အိမ်မှာယုန် ကြောင်နဲ့လိုက်၊
သွားဟ

ဟူ၍ ဖြစ်ပါသည်။ လူသားအားလုံး ရေယုန်ပေါက်ခြင်းမှ ကင်းဝေးကြပါရန် မေတ္တာပို့ပါသည်။

**မောင်ကံ (တံတားရွာ)**



www.burmeseclassic.com

www.burmeseclassic.com

# ပွဲစားအလုပ်နဲ့

## နိုင်ငံခြားအလုပ် ဘယ်ဟာ လုပ်သင့်လဲ

ကချင်ပြည်နယ်ဇာတိ အသက် (၄၀)ကျော် အမျိုးသားတစ်ဦးရဲ့ညာဘက်ဖဝါးပြင်ကိုဖော်ပြပေးလိုက်ပါတယ်။

'ပွဲစားအလုပ်ကိုပဲ ဆက်လုပ်သင့်လား'

'နိုင်ငံခြားကို ထွက်ခွာလုပ်ကိုင်သင့်လား'


အဲဒီမေးခွန်းကို မေးမြန်းခဲ့သူ ဖြစ်ပါတယ်။

ထိုသူရဲ့ လက်သန်းထိပ်ဖျားဟာ လက်သူကြွယ် ပထမဆစ်ကို မမီဘူး။ တိုလွန်းတယ်။

ဒါဟာ စကားပြောဆို ဆက်ဆံရေး သိပ်မကောင်းတတ်ဘူး။ ဖြတ်ထိုးဉာဏ်လဲ သိပ်မကောင်းသလို ကွက်ကျော်မြင်ခြင်းမျိုး၊ ပါးရည်နပ်ရည်ရှိခြင်းမျိုးလဲ အားနည်းမယ်။ ပွဲစားကောင်း တစ်ယောက် မဖြစ်နိုင်ဘူး။


ပွဲစားကောင်း တစ်ယောက်ဟာ လက်သန်းလက်ချောင်း ရှည်လျားအားကောင်းရတယ်။ **"က" အကွက်**

* * *




အသက်လမ်းကြောင်း အောက်ခြေက လမ်းခွဲ(နိုင်ငံခြားသွားလမ်း)ဟာ တနင်္လာဂြိုဟ်ခုံဘက်ကို ရှည်လျားထင်ရှားအား ကောင်းစွာ ရောက်ရှိနေတယ်။ **"ခ" အကွက်**

***







ဒီလမ်းကြောင်းကြောင့် နိုင်ငံခြားသွားရောက် လုပ်ကိုင် နေထိုင်ခြင်း အကျိုးပေးနိုင်တယ်။

ဒီတော့ အဖြေက ရှင်းနေပြီပေါ့။ ပွဲစားအလုပ်ကို ဆက်မလုပ်ဘဲ နိုင်ငံခြား ထွက်ခွာ လုပ်ကိုင်သင့်ပါတယ်။

**စာဖတ်ပရိသတ်များ လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ။**

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော...၊ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသောလုပ်ငန်း ဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း၊ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေး နေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...

ဟု ထိထိရောက်ရောက် အနီးကပ်ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီတစ်ဦးစီ၏ ကိုယ်ပိုင်ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသော နေ့ရက်များကို သေချာဂန သိရှိစေရန် အလို့ငှာ စေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလမှာ

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



❖ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ❖

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | 1<br>၃ | 2<br>၄ | 3<br>၅ | 4<br>၆ | 5<br>၇ |
| 6<br>၈ | 7<br>၉ | 8<br>၁ | 9<br>၂ | 10<br>၃ | 11<br>၄ | 12<br>၅ |
| 13<br>၆ | 14<br>၇ | 15<br>၈ | 16<br>၉ | 17<br>၁ | 18<br>၂ | 19<br>၃ |
| 20<br>၄ | 21<br>၅ | 22<br>၆ | 23<br>၇ | 24<br>၈ | 25<br>၉ | 26<br>၁ |
| 27<br>၂ | 28<br>၃ | 29<br>၄ | 30<br>၅ | 31<br>၆ | | |

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသော နေ့၏စိုးမိုးဂဏန်းကိုပေါင်းပါ၊တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။ **ဥပမာ အင်္ဂလိပ် (၂၃)ရက်နေ့တွင်မွေးဖွားသူဆိုပါစို့။**

**ဒီဇင်ဘာလ(၂၉)ရက်နေ့**ကို တွက်လိုသည် ဆိုပါစို့။ **(၂၉)ရက်နေ့၏** စိုးမိုးဂဏန်းမှာ **(၄)**ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် **(၂၃)**နှင့်ပေါင်းလျှင် **(၂၇)** ရ၏။ ယင်း**(၂၇)**ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် **၂ + ၇ = ၉** ရ၏။ ထို့ကြောင့် ထိုသူအတွက် **ဒီဇင်ဘာလ (၂၉)**ရက်နေ့တွင် **(၉)ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ခြင်း၊ တီထွင်ဖန်တီးခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများရရှိခြင်း၊ ပိုမိုကာ အကူအညီပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်းမောတ... ဖြစ်ဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်း... ဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတ...၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း... ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက် ပျက်စီး... များ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာ... ပညာရေး ဆရာသမားနှင့် ပတ်သက်သော... ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် **၄၊ ၈၊ ၆ ဂဏန်း**ရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ...** ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ **၁၊ ၂၊ ...၉ ဂဏန်း**ရသော ရက်များပင် ဖြစ်... တော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်... ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်... ကြလျှင် ဆန္ဒပြည့်ဝ လူလုံးလှကာ ... အလယ် ဂုဏ်ဝင့်ကြွယ်သည် ... ပညာ အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု တောင်း... ပြည့်ပါစေ။***

**သုခစုံ(ကျိုက်လတ်)**



www.burmeseclassic.com

www.burmeseclassic.com

သိက္ခာမ်ိဳးခဲ့သည်မှာ (၂၈)နှစ်ကျော်ခဲ့ ရွှေဘိုဇာတိ အမည်ရင်း ဦးအေးကြူ များအခေါ် ဘိုးကြူ၊ ဆရာကြူ၊ အဘကြူ၊ ရင်းနှီးသူနှင့် တပည့်ရင်း က ''အဘ''ဟုခေါ်သော ပုဂ္ဂိုလ် အကြောင်း နက္ခတ္တရောင်ခြည် င်းကြီးတွင် လဆက် ပါလာသည် ဝမ်းမြောက်စွာ တွေ့ရှိဖတ်ရှုခဲ့ရပေ ည်။

အဘကြူအကြောင်းကို လွန်ခဲ့ သော (၅)နှစ်ကျော်ခန့်ကပင် **ရာကြီးရွှေဟသာ(မန္တလေး)** က က္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ ကနဦး ပြီ မှတ်တမ်းတင်ခဲ့ဖူးလေသည်။

ထို့နောက် **၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ထုတ် အမှတ်(၁၃၂) နက္ခတ္တရောင်ခြည် င်း စာမျက်နှာ(၂၁–၂၂)**တွင် **''တနာဂူမှ အကြားအမြင်ဘိုးကြူ''** သောခေါင်းစဉ်ဖြင့်**''အောင်ဖြိုးဝေ''** အဘကြူ၏ ကိုယ်ရေးအကျဉ်းချုပ် ည်နှင့် အကြိမ်ပေါင်းများစွာ ထီဆု ပေါက်ပုံ၊ အများအကျိုးဆောင် ကြားအမြင်တတ်ဖြင့် ရှေ့ဖြစ် က်ဖြစ် ဟောပြောပုံနှင့် ရက်ရော ဒါန်းမှုများကို ဖော်ပြခဲ့ပေသည်။

ထိုင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း က်နှာ(၆၅)၌ပင် **''ရတနာဂူမှ အဆန်းများ''** ခေါင်းစဉ်ဖြင့် င်းပါးရှင် **''ဦးဦးကျော်''**က ကြားအမြင် ဘိုးကြူထံ၌ လေ့လာ ရှိနိုင်ပါသည်ဟု ဖော်ပြရေးသား ညွှန်များ ပြုခဲ့သည်ကို ဖတ်ရှုခဲ့ ည်။

၉၇ ခုနှစ်၊ ဩဂုတ်လထုတ် (၁၃၃) နက္ခတ္တရောင်ခြည် င်း စာမျက်နှာ(၂၁၃–၂၁၄)တွင် **တ်စဉ်နီးပါး ထီပေါက်သူ၏ ဝါးပြင်**''ဟူသော ခေါင်းစီးဖြင့်





ကျွန်တော်သိသော ဂမ္ဘီရပုဂ္ဂိုလ်ထူး

ခင်မောင်မြင့် (ကသာ)

# ပစ်တိုင်းထောင်သူ အဘကြူ (၁)

**''အောင်ဇေ(LL.B)''**က အခြားထီဆု များအပြင် (၈၃)ကြိမ်မြောက် ထီဖွင့်ပွဲ တွင် ထီနံပါတ်(၅၉၈၆၅၆)ဖြင့် (၃)သိန်း ပဒေသာဆုကြီးကိုပေါက်ရာ ကျပ်ငွေ(၄၂)သိန်းကို ဆွတ်ခူးခဲ့ ကြောင်း...

ယင်းပေါက်ဂဏန်းများမှာ အိပ်ပျော် နေစဉ် အဘဘိုးမင်းခေါင်က အိပ်မက် ပေး၍ ထိုးခဲ့ကြောင်း ထိုဆောင်းပါးတွင် **အဘကြူတတ်လုံးအပြင် ဉာဏ်ဘက် လက်ဖဝါးပုံကို ဖော်ပြပြီး အဘကြူ ၏ လက်ဖဝါးပြင်ပေါ်မှ ထူးခြားချက် (၅)ချက်ကို** လက္ခဏာပညာဖြင့် ထောက်ပြပြီး ရေးသားဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

ယင်းလ မဂ္ဂဇင်းစာမျက်နှာ (၁၅၅–၁၅၇)မှာပင် **''ထူးခြားသော ဘုရားခန်းမှာ''**ဟူသော ခေါင်းစဉ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းပါးရှင် **"အာသာဝထီ"**က အကြားအမြင် ဘိုးကြူ၏ ဘုရားခန်းတွင် သီတင်းသုံးလျက်ရှိသည့် ရှားပါးပြီး ထူးဆန်းသော ဗုဒ္ဓရုပ်ပွားတော်များနှင့် အံ့တော်မြတ်အပြင်...

အင်းစိပ်ပုတီး တစ်ကုံးအကြောင်းကို မှတ်တမ်းတင် ဓာတ်ပုံများဖြင့် ရေးသားပြီး တစ်ခါတစ်ခေါက် သွားရောက်လေ့လာ ဖူးတွေ့နိုင်ကြစေရန် မေတ္တာထား၍ ညွှန်းထားသည်ကို ဖတ်ရှုခဲ့ရပါသည်။

အထက်ဖော်ပြပါတို့မှာ အဘကြူ၏ ကိုယ်ရေးနှင့် စွမ်းဆောင်မှု ထူးခြားမှုများကို ပုံနှိပ်စာဖြင့် မှတ်တမ်းတင်ပြီးခဲ့သည်ကို ကျွန်တော် သိမှတ်မိသမျှ အကျဉ်းချုံး၍ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့် **"ကျွန်တော်သိသော ပစ်တိုင်းထောင်သူ အကြားအမြင် အဘကြူ"**၏ နိဒါန်းသဘောဟု မှတ်ယူလိုက မှတ်ယူနိုင်ပါသည်။

ကျွန်တော်နှင့် အဘကြူတို့သည် **လွန်ခဲ့သော နှစ်ပေါင်း(၂၈)နှစ်ကျော် ၁၉၇၂ ခုနှစ်လောက်ကပင်** မြစ်ကြီးနားမြို့တွင် ကျွန်တော် တာဝန်ဆောင်ရွက်နေစဉ်ကပင် စတင် တွေ့ကြုံခဲ့ရခြင်း ဖြစ်ပါသည်။

အဘသည် ဒုလ္လဘရဟန်းဝတ်ဖြင့် မြစ်ကြီးနားမြို့သို့ ပထမဦးဆုံးအကြိမ် ရောက်ရှိလာစဉ် တွေ့ခဲ့ရခြင်းဖြစ်ပါသည်။

**အဘသည် ထိုစဉ်က စစ်ကိုင်းမြို့ ကမ်းနားတစ်နေရာရှိ မောင်တော်ဦးဘုရား၏ အနောက်ဘက်၌ သာသနာပြုလုပ်ငန်းများ တောင်ဆောင်ရွက်နေသူ ဖြစ်ပေသည်။**

အမှန်တော့ အဘကြူအကြောင်းကို ကျွန်တော့်အနေဖြင့် မဖြစ်မနေ ရေးသားသင့်သော အကြောင်းအကျိုးဖြစ်စဉ် ဆက်စပ်မှုများစွာ ကျွန်တော်နှင့် အဘကြူအကြားတွင် ရှိနေကြပါသည်။

သို့သော် ကျွန်တော့်အနေဖြင့် ရုံးလုပ်ငန်းစာများမှအပ ဤကဲ့သို့သော ဆောင်းပါးစာမျိုး ရေးသားမှုမှာ အလေ့အထမရှိခြင်း၊ အဘ၏ ထူးခြားမှုများကို ရေးသားဖော်ပြရာ၌ မည်သည့်အတိုင်းအတာထိ ရေးသားတင်ပြသင့်သည်၊ မသင့်သည်ကို အဘ၏ခွင့်ပြုချက် မယူထားမိခြင်းနှင့် လူပုဂ္ဂိုလ်ချင်းအနေဖြင့် နှစ်အတန်ကြာမှ တိုင်းကျော် ပြည်နယ်ကျော် ခြားလျက် လူချင်းတွေ့ဆုံမှု အဆက်အသွယ် ပြတ်နေခြင်းတို့ကြောင့် ရေးသားတင်ပြနိုင်ရန် နှောင့်နှေးခြင်း အဓိက ဖြစ်ပေသည်။

**၁၉၇၂ ခုနှစ် မြစ်ကြီးနားတွင်** ကျွန်တော်နှင့် အဘတို့ စတင် တွေ့ဆုံရမည့်နေ့တစ်နေ့၏ နံနက်ပိုင်း ရုံးလုပ်ငန်းရုံးသို့ သွားခဲ့ရာ ထိုစဉ်က မြစ်ကြီး နားမြို့နယ် ရဲတပ်ဖွဲ့မှူးဖြစ်သူ (ဆရာကြီး) ဒုကြီးကြပ်ရေးမှူး ဦးစံလုအောင်၏ရုံးခန်းသို့ ဝင်မည်ပြုစဉ် အခန်းတွင်းမှ **"ထူးဆန်းတယ်ဗျ"** ဟူသော ဆရာကြီး ဦးစံလုအောင်၏ ပြောဆိုသံ အပိုင်းအစကို လူချင်း မတွေ့မီ ခန်းဆီးအပြင်ဘက်မှ စတင် ကြားလိုက်ရခြင်းသည် ယခု ရေးသားမည့် အကြောင်းအရာများ၏ ကနဦး နိဒါန်း၏ နိဒါန်းဟု ဆိုရပေတော့မည်။

ကျွန်တော် အခန်းဝမှ ဂါရဝပြုပြီး ဆရာကြီးရှေ့ ဝင်ထိုင်လိုက်သည်။ ထိုစဉ်က အခန်းတွင်း၌ ဆရာကြီးက အတူရှိနေသော မြစ်ကြီးနား အမှတ်(၁)စခန်းမှူး ဦးလှရွှေအား တစ်စုံတစ်ရာ ပြောဆိုကြသော စကားရပ်များ၏ စကားစပ်တစ်ခု ဖြစ်ပေလိမ့်မည်။

ကျွန်တော်၏စိတ်တွင် ထူး...
သည်ဟူသော စကားရပ်အ...
စိတ်ဝင်စားပြီး အလွန်သိချင်...
ဖြစ်လာသည်။

'ဘာထူးဆန်းတာလဲ ဆရာကြီး'

ဟု ကျွန်တော်က မေးရာ ပြန်...
ဘဲ ဆရာကြီးဦးစံလုအောင်နှင့် ...
မှူးကြီး ဦးလှရွှေတို့(၂)ဦး တစ်ဦး...
တစ်ဦး အပြန်အလှန်ကြည့်...
သည်ကိုသာ တွေ့ရပေသည်။

ဤကဲ့သို့ 'မပြောကာမှ ပို၍သိ...
စိတ်မှာ အထွတ်အထိပ်သို့ ...
လာသည်။ ထပ်တလဲလဲ အ...
တမ်းမေးမှ ဆရာကြီး ဦးစံလုအော...
က မပြောလျှင် မဖြစ်တော့...
သဘောဖြင့်...

'ဒီမှာ ဘုန်းကြီးတစ်ပါး ရောက်နေတ...
မနေ့ပေါက်တယ်လို့ ပြောကြတယ်...
နောက်ပြီး ၎င်းအင်္ကျီအောက်လည်...
အဆောင်အဖြစ် ဆွဲထားတဲ့ နီလာ...
ဂှာလေးကိုလဲ သူနဲ့တွေ့တုန်းက "...
ရဲ့လည်ပင်းမှာ ဆွဲထားတဲ့ ကျောက်...
ထုတ်စမ်းပါဦး"လို့ ပြောသေးတယ်...

ဟု တစ်ဆက်တည်း ပြော...
နီလာကို ရွှေကပ်ပြီး အဝတ်...
သီပြီး ဆွဲပြားကလေးကိုပါ တ...
တည်းမှာပင် ထုတ်ပြ၍ မြင်ခဲ့ရ...
သည်။

ဤတွင် ကျွန်တော်၏ စိတ်...
တွင် တစ်ခါတည်း လင်းလက်...
တော့သည်။

အကြောင်းမှု မြို့နယ်မှူး ဆ...
ဦးစံလုမောင်နှင့် ကျွန်တော်တို့ ...
လာသည်မှာ (၂)နှစ်ကျော်က...
ဖြစ်သော်လည်း ဆရာကြီးတွင် ...
ပစ္စည်းလေး ရှိသည်ကို သိလည်...
မြင်လည်းမမြင်ဘူး။ စကာ...
မစပ်မိကြပါ။





www.burmeseclassic.com

www.burmeseclassic.com

သို့သော် ယခုမှတွေ့ဆုံသူ အဘကြီး…ာ ဖော်ထုတ် ပြောပြလိုက်ခြင်းသည် အတိုင်းအတာတစ်ခုအထိ ထူးဆန်းခြင်း တစ်နည်း သိပ္ပံနယ်လွန်မှုတစ်ရပ်အဖြစ် မှတ်ယူမိတော့သည်။

ကျွန်တော့်အနေဖြင့် ထိုကာလ…န်းက သိပ္ပံနယ်လွန်ဖြစ်စဉ်များ၊ တစ်နည်းအားဖြင့် ဂမ္ဘီရဆန်သော ဖြစ်ရပ်မျိုးကို သူပြောငါပြောနှင့် စာအုပ်…တမ်းအချို့တွင် အနည်းအကျဉ်း…တ်ဖူး၊ ကြားဖူးသည်မှအပ ကိုယ်တွေ့တစ်စုံတစ်ရာ မရှိသေးပါ။

သို့ဖြစ်၍ ''ထူးဆန်းသည်''ဆိုသော…ကားနှင့် ဆက်နွှယ်ပြီး အဘကြီး…အား တွေ့ဆုံလိုစိတ်များစွာ ဖြစ်ပွား…သည့်အပြင် ရှိသောနေရပ်လိပ်စာ…ကို မေးမြန်းထားလိုက်ပြီး ညပိုင်းတွင်…စ်မနေ သွားတွေ့ရန်ကိုပါ ဆုံးဖြတ်…က် ချထားလိုက်တော့သည်။

ထိုနေ့ နံနက်ပိုင်း နေအိမ်သို့ ထမင်း…စားစဉ် ဇနီးကိုလည်း အကျိုး…ကြောင်း ပြောပြလိုက်သည်။ ဇနီး…ည်က ဝမ်းမြောက်လျက်ရှိသည်။

ဘာသာရေးကိစ္စများနှင့် ဖာသာ…ါ နေလေ့ရှိသူ ခင်ပွန်းသည်တစ်…ောက် အသွင်ထူးပြီး ဘာသာရေး…ရာ ပုဂ္ဂိုလ်တစ်ဦးကို ချဉ်းကပ်…ဆုံလိုစိတ် ပြင်းပြနေပုံကိုကြည့်ပြီး…ရဝမ်းမြောက်နေသည့် သဘော…ပေမည်။

ထိုနေ့ နေ့ခင်း(၁)နာရီကျော်ခန့်…ိုင်းမော်ဘက်မှ ထွက်လာသော…ကြီးနား-ပိုင်းမော် ကူးတို့မော်တော်…ည် မြစ်ကြီးနားဆိပ်ကမ်းသို့ ဆိုက်…န် ဆန်တက်လာစဉ် နေအိမ်မှ…ဆိပ်ဘက်သို့ လှမ်းကြည့်လိုက်ရာ…န်းဝတ်အချို့ကို တွေ့ရ၍ စူးစမ်း…က်ရှိနေစဉ် နေအိမ်အောက်ထပ်မှ



ဇနီး၏မိတ်ဆွေ အမျိုးသမီး ဒေါ်ကြည်ခင်က…

'ဦးခင်မောင်မြင့် ရှင်ပြောတဲ့ ဘုန်းကြီး ပိုင်းမော်ကို သွားပြီး ခုမော်တော်နဲ့ ပြန်လာတာနဲ့တူတယ်'

ဟု လှမ်းပြောသံ ကြားရတော့သည်။

ထိုသို့ ကြားရ၍ ကျွန်တော်လည်း အိမ်မှဆင်းပြီး ကူးတို့ဆိပ်သို့ သွားရောက်စောင့်ဆိုင်း အကဲခတ်နေစဉ် ဘုန်းကြီး(၂)ပါး ရှေ့နောက်တန်းလျက် မော်တော်ဆိပ် အုတ်လှေကားမှ တက်လာသည်ကို တွေ့ရသည်။

ဘယ်ပုဂ္ဂိုလ်က ဘိုးကြီးဖြစ်မည်ကို လေ့လာရာ ရှေ့ကဦးဆောင် ကြွလာသူက ဘိုးကြီးဖြစ်နိုင်ပြီး နောက်မှပုဂ္ဂိုလ်မှာ ဘိုးကြီး၏ နောက်လိုက်ပုဂ္ဂိုလ် ဖြစ်တန်ရာသည်ဟု သုံးသပ်အကဲဖြတ်လိုက်သည်။

ထို့နောက် အနီးသို့ ချဉ်းကပ်၍ ရှေ့မှပုဂ္ဂိုလ်ကို အာရုံစူးစိုက်ပြီး…

'တပည့်တော် ညကျ လာခဲ့မယ်'

ဟု မနောဖြင့် လျှောက်ထားလိုက်ပါသည်။

သေချာအောင် (၂)ကြိမ်ခန့် ဆက်တိုက် မနောဖြင့် လျှောက်ထားလိုက်သည်။ ထိုပုဂ္ဂိုလ်(ဘိုးကြီး)လည်း ကျွန်တော့်အား ရူးစူးစိုက်စိုက် ပြန်၍ကြည့်သွားသည်ကို သတိပြုမိလိုက်ပါသည်။

အဘကြီးအကြောင်း စတင်လေ့လာသိရှိရစဉ်ကပင် **''မနောပေါက်သည်''**ဟူသော သုံးသပ်ချက်နှင့်အတူ သတင်းဖြစ်ပေါ်လာ၍ ယင်းကဲ့သို့ မနောဖြင့် လျှောက်ထားလိုက်ခြင်း ဖြစ်ပါသည်။

မနောအာရုံ တယ်လီပက်သီ (Telepatty)ဆိုသော စကားရပ်များကို ကြားဖူးသည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း မိမိကိုယ်တိုင်တော့ တစ်ကြိမ်တစ်ခါမျှ စမ်းသပ်ဘူးခြင်း၊ သုံးစွဲဖူးခြင်း အလျှင်းမရှိဘူးသေးပါ။ ဒီလိုမနောကို စေလွှတ်၍ ရသည် မရသည်ကိုလည်း ထိုစဉ်က သဘောမပေါက်မိပါ။

သို့နှင့် ညပိုင်းကျတော့ အဘကြီးတည်းခိုရာနေအိမ်သို့ သွားရောက်လေ့လာရာ အခြားပုဂ္ဂိုလ်များက ပင့်သွား၍ ပြန်မရောက်သေးကြောင်း သိရပါသည်။

ထိုစဉ်က ကျွန်တော်နှင့်အတူ ငယ်သူငယ်ချင်း ကိုဘသောင်းလည်း ပါပါသည်။ ည(၉)နာရီလောက်ကျတော့ ကိုဘသောင်းက မစောင့်နိုင်ဘဲ ပြန်သွားပါတော့သည်။

ကျွန်တော်ကတော့ မတွေ့တွေ့အောင် စောင့်တွေ့မည်ဟု ဖွဲ့ခတ်ပြီး ဆက်စောင့်နေပါသည်။

ထိုသို့စောင့်နေစဉ် မြောက်ပိုင်းတိုင်းမှ အရာရှိတစ်ဦး ကားဖြင့် ရောက်ရှိလာပြီး လူကြီးများက ဖူးလို၍ လာပင့်ကြောင်း အိမ်ရှင်ပြောရာ အိမ်ရှင်က အပြင်တွင် ရှိနိုင်မည့်နေရာများသို့ လမ်းညွှန်လိုက်ပါသည်။

www.burmeseclassic.com

ဤတွင် ကျွန်တော့်အနေဖြင့် ဆက်စောင့်မလား၊ ပြန်မလား ဝေခွဲရန် ပြဿနာ ပေါ်လာပါတော့သည်။ ဆက်စောင့်မည်။ သို့သော် မနောပေါက်သည်ဟု ဆိုကြသည်။ မနောဖြင့် ထပ်ပြီး သတင်းပို့လိုက်ဦးမည်ဟု ဆုံးဖြတ်ပြီး...

'အရှင်ဘုရား လူကြီးများက ဘယ်တော့ ဖူးလို့ရပါသည် ဘုရား။ တပည့်တော် အပါအဝင် ဤလူအများကလည်း အရှင်ဘုရားကို ဖူးရန်စောင့်နေကြပါသည်။ ဒီကိုသာ ပြန်ကြွပေးပါဘုရား'

ဟု အကြိမ်ကြိမ် မနောအာရုံဖြင့် အဘကြီး ရှိလောက်ရာကို မှန်း၍ ပို့လွှတ်လိုက်ပါတော့သည်။

ဒီလိုမျိုး လုပ်ရသလား၊ မရဘူးလား၊ လုပ်လို့ဖြစ်သလား၊ မဖြစ်ဘူးလားဆိုတာ မသိပါ။ ဖြစ်ချင်ရာတစ်ခုတည်းသာရှိ၍ လုပ်မိလိုက်ခြင်းသာ ဖြစ်ပါသည်။

စိတ်အထင် နာရီဝက်ကျော်ကျော်လောက်တွင် အဘကြီး အပြင်မှ တည်းခိုရာသို့ ပြန်ရောက်လာပြီး အိမ်ရှင်ကိုရော ဖူးတွေ့ရန် ရောက်ရှိနေသော ပရိသတ်များကိုပါ ခြုံငုံ၍ အဘက နှုတ်ဆက်ပါသည်။

ထို့နောက် အဘလည်း အိမ်ရှေ့ ဧည့်ခန်းတွင် နေရာယူ၍ ပရိသတ်များကို ကြည့်ရှုပြီး ကျွန်တော်နှင့် မျက်နှာချင်းဆုံမိလျှင် ဆုံမိချင်း...

'မြစ်ဆိပ်ကမ်းမှာ ငါ့ကို လာကြည့်နေတာ မင်းမဟုတ်လား'

ဟု မေးပါတော့သည်။

ကျွန်တော်လည်း ဟုတ်မှန်ကြောင်း ဝန်ခံလျှောက်ထားလိုက်ပါသည်။

ထို့နောက် ကျွန်တော်၏ရှေ့နားတွင် ကပ်လျက်ရှိနေသူ ဦးထွန်းလှိုင်အား လက်ညှိုးထိုး၍ ရှေ့ကိုတိုးရန် ပြောပါသည်။ နောက်...

'ဒကာကြီးက ဘယ်သူလဲ၊ ဘာလုပ်သလဲ'

ဟု မေးရာ ဦးထွန်းလှိုင်မှ ဦးထွန်းလှိုင်ဟုခေါ်ကြောင်း၊ စက်ရှင်တရားရုံးတွင် ဘီလစ်စာရေးကြီးဖြစ်ကြောင်း ပြောကြားလျှောက်ထားချက်ဆုံးသည်နှင့် တစ်ပြိုင်နက် အဘကြီးက သူ၏ လက်ယာဘက် လက်ဖဝါးကို ဖြန့်၍ ထိုးပေးပြီး...

'ကျုပ်လက္ခဏာကို ကြည့်စမ်း။ ဘယ်တော့ မိန်းမရမလဲ၊ ဘဝဟောင်းက အဆက်ဟောင်းတွေနဲ့ ဘယ်တော့ တွေ့ရမလဲ ဟောစမ်းပါ'

ဟု ပြောလေတော့သည်။

အလွန် အံ့အားသင့်မိပါသည်။ စိတ်ထဲမှာလည်း ထူးထူးခြားခြား ဝမ်းသာပီတိ ဖြစ်ရပါသည်။

အကြောင်းကတော့ ဦးထွန်းလှိုင်သည် အသက်မွေးဝမ်းကျောင်းအားဖြင့်သာ တရားရုံးက ဘီလစ်စာရေးကြီး ဖြစ်သော်ငြားလည်း လက္ခဏာနှင့် ဗေဒင်ပညာကို ဆရာကြီး ပျဉ်းမနားဦးသန်းမောင်ထံ တပည့်ခံသင်ကြားခဲ့သူ ဖြစ်ပါသည်။

လက္ခဏာဗေဒင်များကို ဝါသနာအလျောက် ဟောကြားပေးနေသူ ဆရာတစ်ဦးဖြစ်သည်ကို ကျွန်တော်တို့ကဲ့သို့ မြစ်ကြီးနားတွင် အနေကြာသူများက သိပြီးဖြစ်ပါသည်။

သို့သော် ယခုညမှ ပထမဆုံး အကြိမ် ဆုံတွေ့ရသူ ဘဘကြီးက လက္ခဏာဟောခိုင်းလိုက်သည် ဆိုခြင်းမှာ မနောအာရုံ၏ အစွမ်းဖြင့် သိနေခြင်းသာ ဖြစ်နိုင်ကြောင်း၊ လွယ်ကူစွာ သက်သေထူလိုက်သည့် သဘောဖြစ်ကြောင်း ကျွန်တော့်အနေဖြင့် တွက်ဆမိခြင်းကြောင့် စိတ်ထဲတွင် အံ့အားသင့်ပီတိဖြစ်ရခြင်း ဖြစ်ပါသည်။

ဒါဟာ ကျွန်တော့်ဘဝတစ်လျှော[...] လုံးတွင် ဂမ္ဘီရသဘောနှင့် ပထ[...] အကြိမ် နဖူးတွေ့ ဒူးတွေ့ ဒက်[...] လိုက်ခြင်းပင်။

ထိုညက အဘကြီးက ကျွန်[...] အား မနက်ဖြန်မှလာရန် ချိန်း[...] သည်။ ထိုည ထိုမျှနှင့်ပင် [...] လိုက်ရပါတော့သည်။

* * *

နောက်နေ့ ရုံးချိန်တွင် မြို့နယ်[...] ဖွဲ့မှူးရုံးသို့ သွားပြီး မြို့နယ်ရဲ[...] မှူးဆရာကြီး ဦးစံလှအောင်အား[...] က အတွေ့အကြုံများကို ဝမ်းသာ[...] ပြန်၍ ပြောပြမိသည်။

ဆရာကြီးက စကားရပ်[...] ထည့်ပြောသည်က ပို၍ အံ့[...] မြောက်ရပါသည်။ ပြောပုံက...

'မနေ့ည တို့အိမ်နားက [...] ကော်မတီအတွင်းရေးမှူးအိမ်မှာ [...] တည်းတဲ့အိမ်မှာ စခန်းမှူးတစ်[...] တွေ့ဖို့ ချိန်းထားတာရှိသေးတယ် [...] မယ်'

ဟု အဘကြီးက ပြောဆိုမှာ[...] သွားကြောင်းပင်။

ဒါဟာ ကျွန်တော် မနော[...] လိုက်သော သတင်းပို့ချက်[...] လက်ခံရရှိကြောင်း သွယ်ဝိုက်၍ [...] ပေးလိုက်ခြင်းပင်။

ဒီနေရာမှာ အလျဉ်းသင့်၍ [...] တိုက်ခြင်း၊ စိတ်ကို စေစားပို့လွှ[...] (Telepatty Power) အ[...] ကျွန်တော် သဘောပေါ[...] လေ့လာမိသလို ပြောချင်ပါသ[...]

အမြဲတမ်း မှူးရှူး[...] စိတ်ပုံ့လွှင့် ကစဥ့်ကလျား [...] များမှာအပ သာမန် စိတ်နေ[...] အသင့်အတင့်ရှိသူ အား[...]



www.burmeseclassic.com

www.burmeseclassic.com

လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းရွေး မနောပို့လွှတ်သော စွမ်းရည်(Transmiting Power) ရှိကြမည်သာ ဖြစ်ပေသည်။

အထူးလေ့ကျင့်ထားသူများ၊ သမာဓိအားကောင်းသူများ အနေဖြင့်မူ မနောလွှတ်သော စွမ်းရည်သာမက လက်ခံသောစွမ်းရည် (Reeicving Power)ကိုပါ ရရှိနိုင်စွမ်း ရှိကြပေလိမ့်မည်။

အဘကြီးနှင့် ကျွန်တော် ချိန်းဆိုထားသော နေ့ခင်းဘက်တွင် သွားတွေ့ရာ ကျွန်တော်နှင့်တွေ့စဉ် ကျွန်တော်၏ မွေးသက္ကရာဇ် မွေးလ ရက် မွေးနေ့တို့ကို မေး၍ ကျွန်တော်က ပြန်ဖြေလိုက်သည်နှင့် တစ်ဆက်တည်း အဘကြီးက သူ့လက်ဖြင့် အုပ်၍ထားသော လက်တစ်ဝါးခန့် စာရွက်ငယ်လေးကို ကျွန်တော့်ကို ထိုးပေးပြီး...

'ကဲ မှန်သလား ကြည့်စမ်း'

ဟု ပြောသည်။

ယင်းစာရွက်ငယ်လေးကို ဖတ်ကြည့်လိုက်ရာ စာရွက်ငယ်တွင် ကျွန်တော်၏ မြန်မာမွေးသက္ကရာဇ် မွေးလ၊ မွေးရက်၊ နေ့နံတို့ကို ရေးသားထားပြီး ဖြစ်နေသည်ကို အလွန့်အလွန် အံ့သြစွာ တွေ့မြင်လိုက်ရပါတော့သည်။

သည်ကတည်းက အဘကြီးသည် ကျွန်တော့်အပေါ် ဖမ်းစားထားလိုက်



ပြီးဖြစ်တော့သည်။ ကျွန်တော့် ဖြေဆိုပြီးမှ ကမန်းကတန်းရေးပြီး ပြခြင်း မဟုတ်နိုင်ပါ။ သေချာပါသည်။ ကျွန်တော် အခန်းတွင်းသို့ ဝင်မလာမီကပင် ကြိုတင်ရေးသားထားပြီး လက်ဖြင့်အုပ်ထားခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်တော်၏ မွေးသက္ကရာဇ်ကို မေးခြင်းမှာ ကျွန်တော့်၏နှုတ်မှ ဖြေဆိုပြီး အဖြေနှင့် ရေးသားထားချက်များ ကိုက်ညီမှုအပေါ် ဆက်စပ် သက်သေထူချက်အဖြစ် ရယူလို၍သာ ဖြစ်ကောင်းဖြစ်ပါမည်။

အဘကြီးက ကျွန်တော့်အရင် မွေးသက္ကရာဇ်ကို ကြိုပြောက ဟုတ်သည်ဟု ဝန်မခံဘဲ ငြင်းဆိုကောင်း ငြင်းဆိုနိုင်ဖွယ် ရှိနိုင်သည် မဟုတ်လား။

ပညာရှိတို့၏ သဘောအတိုင်း မလှုပ်နိုင်အောင် ကောက်ပင်ရိတ်လို့ ပြောနည်းအတိုင်း ကျင့်သုံးသွားခြင်း ဖြစ်ပေမည်။

ဤဖြစ်ရပ်သည် ယုံတမ်းပုံပြင် မဟုတ်ပါ။ သိပ္ပံနည်းဖြင့် ဆန်းစစ်၍ မရနိုင်သော ဖြစ်ရပ်တစ်ခုကို တကယ် ကြုံတွေ့လိုက်ရခြင်း ဖြစ်ပါသည်။

ထို့နောက် ကျွန်တော်၏အိမ်သို့ အချိန်ပေးနိုင်သော ရက်တွင် ကြွရောက်ပြီး နေ့ဆွမ်းဘုဉ်းပေးရန် လျှောက်ထားလိုက်ပါသည်။ သူ မပြန်မီ ဆွမ်းတစ်နပ်စားမည်ဟု အဘက ကတိပေးလိုက်ပါသည်။ တော်တော်နှင့်တော့ ကျွန်တော့်အလှည့် မကြုံပါ။

ဤကဲ့သို့ ကျွန်တော့်တစ်သက်တွင် မတွေ့စဘူး အတွေ့ထူးကြောင့် အဘကြီးသွားရာသို့ အနံ့ခံလိုက်မှုကို အခါအခွင့်သင့်တိုင်း လုပ်မိတော့သည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ခင်မောင်မြင့်** *(ကသာ)*

**စာရှုသူ သုတေသီ...ပညာရှင်များသို့...**

ယခုဆောင်းပါးမှာ ၂၀၀၀ ပြည့်နှစ်က ပေးပို့သောဆောင်းပါး ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် ဖော်ပြခွင့် မကြုံခဲ့ပါ။ ယခု ဖော်ပြအပ်ပါသည်။ အဘကြီးကို သိမီသူ ပုဂ္ဂိုလ်များမှ ရေးသားမှတ်တမ်းတင်ကြပါရန် ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

*စာတည်းချုပ်*

*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*



www.burmeseclassic.com

www.burmeseclassic.com



# အလိုတော်ဆန္ဒ ပြည့်ဝကြစေဖို့

## ပုတီးစိပ်အဓိဋ္ဌာန်ကျင့်စဉ်

မောင်ပြောင်ကျော်
(အိမ်မဲ)



ကျွန်ုပ်တို့ ပုထုဇဉ်လူသားများသည် အသက်အရွယ်ပေါ်မူတည်၍ လိုအင်ဆန္ဒအမျိုးမျိုး ရှိကြသည်။

ပညာသင်ယူနေသော ကျောင်းသားလူငယ်များက ဖြေဆိုထားသော စာမေးပွဲများ အောင်ချင်သည်။ စီးပွားရေးလုပ်ငန်းရှင်များက စီးပွားတိုးတက်ချင်သည်။

ဝန်ထမ်းများက ရာထူး တိုးတက်ချင်သည်။ လာဘ်ရွှင်ချင်သည် စသည်ဖြင့် အလိုဆန္ဒများစွာ ရှိကြပါသည်။

ထိုသို့သော လိုအင်ဆန္ဒများကို ပြည့်ဝစေသော ပုတီးစိပ်အဓိဋ္ဌာန် တစ်ခုကို ရေးသားတင်ပြပေးပါမည်။

တစ်ဦးနှင့်တစ်ဦး အကျိုးပေးသန်ပုံချင်းတော့ မတူပါ။ တချို့ကတော့ တစ်လအတွင်း။ တချို့ကတော့ သုံးလအတွင်း အကျိုးပေးသည်။

သို့အတွက်ကြောင့် စာရှုသူ ခုနစ်ရက်သားသမီးများ၊ ပုတီးသမားများ၊ သုတေသီများ၊ လိုသောသူများ လေ့လာကျင့်ကြံ အားထုတ်နိုင်စေရန် ဖော်ထုတ်ရေးသားအပ်ပါသည်။

☆ **မိမိမွေးနံ၏ အညွန့်နေ့တွင် အဓိဋ္ဌာန်ဝင်ရမည်။** (ဥပမာ တနင်္ဂနွေသားသမီးဆိုရင် တနင်္လာနေ့တွင်ဝင်ရမည်။) အဓိဋ္ဌာန်ကာလမှာ (၉)ရက်ဖြစ်သည်။

☆ အဓိဋ္ဌာန်မဝင်မီ တစ်ရက်အလိုတွင် မိမိနေအိမ်ဘုရားခန်း၌ အလိုတော်ပြည့်သော ဓာတ်နိမိတ်ကိုဆောင်၍ **အလိုတော်ပြည့်ဘုရားပုံတော်**ကို ချိတ်ဆွဲပါ။ ပြီးလျှင် ဘုရားပုံတော်ရှေ့၌ မိမိမွေးနံ၏ နဝင်းပန်းများကို ပန်းအိုးတစ်လုံးတွင် ထည့်၍ လှူပါ။

* * * ⟶

☆ **အဓိဋ္ဌာန်ဝင်သည့်နေ့ နံနက် (၉)နာရီတိတိတွင်** အလိုတော်ပြည့် ဘုရားပုံတော်ရှေ့၌ ရေတော် (၃)ခွက်၊ ဆီမီး(၃)တိုင်၊ နံ့သာတိုင် (၃)တိုင်၊ သစ်သီး(၃)မျိုး ကပ်လှူပါ။

ပြီးနောက် ငါးပါးသီလ (သို့မဟုတ်) တတ်နိုင်ပါက ကိုးပါးသီလ ခံယူဆောက်တည်ပါ။ သီလဆောက်တည်ပြီးနောက် မေတ္တာသုတ်ပရိတ်တော်ကို (၃)ခေါက်ရွတ်ပွားပူဇော်ပါ။ စကြဝဠာအနန္တ မေတ္တာပို့ပါ။ အမျှဝေခြင်းများ ပြုလုပ်ပါ။

ပြီးမှ အောက်ပါဂါထာကို ပုတီး (၃)ပတ်စိပ်ပါ။

အလိုတော်ပြည့် မဟာဗုဒ္ဓေါ
ဒေဝမနုဿ ပူဇိတော။
သောရဟော ပစ္စယာဒိန်၊
မဟာလာဘံ ကရောတုမေ။
မဟာဓနံ ကရောတုမေ၊
မဟာသုခံ ကရောတုမေ။

**နေသားအလိုက် လှူရမည့်နဝင်းပန်း**

| နေသား | လှူရမည့်ပန်း |
|---|---|
| တနင်္ဂနွေ | → ဆီး(၁)ညွန့်၊ သပြေ(၁)ညွန့် |
| တနင်္လာ | → ရှက်လှ(၁)ညွန့်၊ တမာ(၁)ညွန့် |
| အင်္ဂါ | → ပျဉ်းမ(၁)ညွန့်၊ အုန်း(၁)ညွန့် |
| ဗုဒ္ဓဟူး | → သပြေ(၁)ညွန့်၊ ကြံ(၁)ညွန့် |
| ကြာသပတေး | → တမာ(၁)ညွန့်၊ ဆီး(၁)ညွန့် |
| သောကြာ | → အုန်း(၁)ညွန့်၊ ရှက်လှ(၁)ညွန့် |
| စနေ | → ကံ့ကော်(၁)ညွန့်၊ ပျဉ်းမ(၁)ညွန့် |

စာမျက်နှာ (၂၀၀) သို့



www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ်ကင်း လာဘ်ရွှင်စေသော | ဂါမဏိဇော် (ဝေဒဝိဇ္ဇာဓရ) စစ်ကိုင်း

# သစ်ပင်စိုက် ယတြာအစီအရင်

တစ်နေ့သော ညနေချမ်းအခါတွင် ပန်းရန်ဆရာကိုကျော်ဦးသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာပြီးလျှင်...

'ကိုဂါရေ စစ်ကိုင်းမြို့ နှစ်(၇၀၀)ပြည့်ပွဲတော် အထိမ်းအမှတ်အဖြစ် ခရေပင်တွေ စိုက်ကြဖို့အတွက် ဟိုနေ့က ကိုဂါတို့ လှူလိုက်တဲ့ ငွေတွေနဲ့ အခု အပင်တွေ ဝယ်ခဲ့ကြပြီ၊

တစ်မြို့လုံးမှာ လိုအပ်တဲ့ နေရာတိုင်း ခရေပင်စိုက်ကြမှာ။ ကိုဂါ အဲဒီနေ့ကျ လိုက်ဦးမှာလား'

ဟု မေးလေ၏။

'အင်း ငါဖြင့် အလုပ်သာ မရှိတာ အားနိုင်မှန်းလဲ ကိုကျော်ဦး အသိပဲမို့လား မလိုက်တော့ပါဘူးဗျာ...

ဘယ်သူပဲစိုက်စိုက်ပါ သစ်ပင်တွေ ရှင်သန်လာခဲ့ရင် သဘာဝတရားကြီးနဲ့အတူ တို့မြို့လေး ရှင်သန်လန်းဆန်းဖို့ အထောက်အကူရမှာပဲ'

ဟု ကျွန်ုပ်မှ ပြောသောအခါ...

'ဟုတ်ပါတယ်ဗျာ၊ သစ်ပင်ဆိုတာ ကမ္ဘာကြီးအသက်ပဲဗျာ၊ သူတို့ ရှင်သန်လေ ကမ္ဘာကြီး သာယာအေးချမ်းလေပေါ့'

ဟု ကိုကျော်ဦးမှ ပြောလေ၏။

'ဒါပေါ့ဗျာ။ နောက်တစ်ခုက ဗေဒင်သဘောနဲ့ကြည့်ရင် ခရေဆိုတာက ၂+၄ ကောလီဓာတ်ဖြစ်တယ်။ ကောလီဓာတ်ရဲ့ သဘောက ငြိမ်းချမ်းသာယာစွာ စည်ပင်ပြန့်ပွားစေတဲ့သတ္တိ ရှိပါတယ်။

ဒါကြောင့် စစ်ကိုင်းမြို့ နှစ်(၇၀၀) ပြည့်မှစ၍ ကောလီဓာတ်သဘောနဲ့ ဝပြောသာယာပါစေဆိုတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ စိုက်ကြတာကိုးဗျ'

ဟု ကျွန်ုပ်မှ ပြောလျှင်...

'ကိုဂါ အခုပြောမှပဲ သတိရမိတယ်။ ဟိုအရင်က ပြောဖူးတယ်မို့လား။ ကိုယ့်ရဲ့နေ့နံအလိုက် သစ်ပင်စိုက်ထားရင် ကြီးပွားချမ်းသာပြီး တည်တံ့ခိုင်မြဲနိုင်တယ်ဆိုတဲ့...

'ဗေဒင်ယတြာ သဘောလေဗျာ၊ အဲဒါ အခု တလက်စတည်း ပြောပြဗျာ၊ အဲဒီသစ်ပင်ပါ ကျွန်တော့်အိမ်မှာ စိုက်ရအောင်'

ဟု ကိုကျော်ဦးမှ ပြောပြလေ၏။

'ဩော် ကိုကျော်ဦးက မှတ်မိသားပဲ။ အဲဒီသစ်ပင် စိုက်ပျိုးမွေးမြူတဲ့ ယတြာအစီအရင်က အိမ်မှာတင် မဟုတ်ဘူး။ အလုပ်အကိုင် ကုမ္ပဏီစတဲ့ နေရာဌာနအသီးသီးမှာ စိုက်ပျိုးထားရင် အမြဲလာဘ်ရွှင်ပြီး အန္တရာယ်ကင်းတဲ့ အစီအရင်ကောင်းပဲဗျ။ လုပ်သင့်တယ်။

ဒီတော့ ကိုကျော်ဦးက တနင်္လာသားမို့လား၊ **တနင်္လာသားသမီးတို့အတွက်က...**

'အိမ် အလုပ်ဌာနတို့ရဲ့ အရှေ့မြောက်ထောင့်အရပ်မှာ သစ်ပင်စိုက်ရမယ်။

မြေလွတ်မရှိဘူးတို့၊ နေရာကျဉ်းလို့တို့ မပြောပါနဲ့။ အဲဒီလိုနေရာဌာန



အခက်အခဲရှိရင် ပန်းအိုးထဲမှာ ထည့်ပြီး စိုက်ရပါမယ်'

'စိုက်ရမယ့်အပင်က မန်ကျည်းပင် သို့မဟုတ် ကံ့ကော်ပင်ကို စိုက်ပျိုးပါ'

'စိုက်ရမယ့်နေ့က **တနင်္လာနေ့မှာ** စိုက်ပျိုးပါ'

'စိုက်ရမည့်နည်းက မြေနဲ့ကျောက်မျိုးစုံ (၇)လုံး ဆန်တစ်ဆုပ်၊ မြေစာမြက်တစ်ဆုပ်၊ ကြေးပိုက်ဆံပြားတစ်ပြားတို့ကို ရော၍ စိုက်ပျိုးပါ။

အဲဒီနောက် ရွှေရည်ငွေရည် လောင်းပေးပါ။ အဲဒီသစ်ပင် ရှင်သန်ကြီးထွားနေသရွေ့ လာဘ်ရွှင်ခြင်း၊ အပေါင်းအသင်းအကူအညီများ အမြဲရရှိခြင်း၊ အန္တရာယ်ကင်းခြင်းစသော အကျိုးကျေးဇူးများ ရရှိပါလိမ့်မယ်'

ဟု ကျွန်ုပ်မှ ပြောလျှင်...

'ဟုတ်ပြီဗျာ။ ကံ့ကော်ပင် ဝယ်စိုက်မယ် ကျေးဇူးပဲဗျာ'

ဟု ပြော၍ ကိုကျော်ဦးသည် ပြန်သွားလေတော့၏။

ထို့နောက် ကျွန်ုပ်သည် ကိုကျော်ဦးတစ်ဦးအတွက်သာမက အနယ်နယ်အရပ်ရပ်မှ (၇)ရက်သားသမီးတို့ ယင်းအစီအရင် သစ်ပင်စိုက်ပျိုးနည်းကို သိရှိခံစားနိုင်ကြစေရန်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ အဆိုပါအစီအရင်အား ပို့ပေးရပါတော့သည်။

အန္တရာယ်ကင်း လာဘ်ရွှင်စေသော
သစ်ပင်စိုက် ယတြာအစီအရင်

▲ တနင်္ဂနွေသားသမီးတို့အတွက်
အိမ်၊ တိုက်၊ အလုပ်ဌာနတို့၏

www.burmeseclassic.com

**အရှေ့အရပ်တွင်** အုန်းပင်တစ်ပင် စိုက်ပါ။

**စိုက်ပျိုးနည်းမှာ...**

တနင်္ဂနွေနေ့တွင် မြေနှံကျောက်မျိုးစုံ (၇)လုံး၊ ဆန်တစ်ဆုပ်၊ မြေစာမြက်တစ်ဆုပ်၊ ကြေးပိုက်ဆံတစ်ပြားရောၡ စိုက်ပါ။

ရွှေရည်ငွေရည် လောင်းပါ။ ဆုတောင်းမှုပြုပါ။

**▲အင်္ဂါသားသမီးတို့အတွက်**

အိမ်၊ တိုက်၊ အလုပ်ဌာနတို့၏ တောင်အရပ်၌ နှင်းဆီအနီ တစ်ပင် စိုက်ပါ။

***[အထက်ပါနည်းအတိုင်းစိုက်ပျိုးပါ။]***

**▲ဗုဒ္ဓဟူးသားသမီးတို့အတွက်**

အိမ်၊ တိုက်၊ အလုပ်ဌာနတို့၏ အနောက်မြောက်ထောင့် အရပ်၌ မဲဇလီပင်တစ်ပင်စိုက်ပါ။

***[အထက်ပါနည်းအတိုင်းစိုက်ပျိုးပါ။]***

**▲ကြာသပတေးသားသမီးတို့အတွက်**

အိမ်၊ တိုက်၊ အလုပ်ဌာနတို့၏ အရှေ့မြောက်ထောင့်အရပ်တွင် သီးပင်တစ်ပင် သို့မဟုတ် ငှက်ပျောပင် တစ်ပင်စိုက်ပါ။

***[အထက်ပါနည်းအတိုင်း၊ စိုက်ပျိုးပါ။]***

**▲သောကြာသားသမီးတို့အတွက်**

အိမ်၊ တိုက်၊ အလုပ်ဌာနတို့၏ အရှေ့အရပ်တွင် သီဟိုဠ်ပင် သို့မဟုတ် ရိုးရိုးသရက်ပင်တစ်ပင်ကို စိုက်ပါ။

***[အထက်ပါနည်းအတိုင်းစိုက်ပျိုးပါ။]***

**▲စနေသားသမီးတို့အတွက်**

အိမ်၊ တိုက်၊ အလုပ်ဌာနတို့၏ အနောက်အရပ်တွင် တောထန်းပင် တစ်ပင် စိုက်ပါ။

***[အထက်ပါနည်းအတိုင်းစိုက်ပျိုးပါ။]***

ကျက်သရေမင်္ဂလာနှင့် ပြည့်စုံ၍ အန္တရာယ်ကင်း လာဘ်ရွှင်နေပါလိမ့်မည်။

## ဂါမထိဇော် (ဝေဒဗိဇ္ဇာဝရ) စင်ကိုင်း

စာမျက်နှာ (၁၉၈)မှ အဆက်

**ခက်ခဲသော ပါဠိအသံထွက်**

**မဟာဗုဒ္ဓေါ** =မဟာဗုတ်ဓေါ

**ဒေဝမနုဿ** =ဒေဝမနုတ်သ

**ပစ္စယာ** =ပစ်စယာ

**အနက်**

**အလိုတော်ပြည့်မဟာဗုဒ္ဓေါ**– အလိုတော်ပြည့် ဘုရားမြတ်ကို၊ **ဒေဝမနုဿပူဇိတော** – နတ်လူတို့သည် ပူဇော်အပ်၏၊ **သော**–ထိုမြတ်စွာဘုရားသည်၊ **ပစ္စယာဒီနံ**–ပူဇော်အပ်သောပစ္စည်း စသည်တို့ကို၊ **အရဟော**– ခံယူတော်မူထိုက်ပါပေ၏။ **မေ၊** အကျွန်ုပ်အား၊ **မဟာလာဘံ၊** လာဘ်လာဘကြီးမားခြင်းကို၊ **ကရောတု**– ပြုတော်မူပါစေသတည်း။ **မေ၊** အကျွန်ုပ်အား၊ **မဟာဓနံ**– များသောဥစ္စာရှိခြင်းကို၊ **ကရောတု**– ပြုတော်မူပါစေသတည်း၊ **မေ၊** အကျွန်ုပ်အား၊ **မဟာသုခံ** – ကြီးမြတ်သော ချမ်းသာကို၊ **ကရောတု**– ပြုတော်မူပါစေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာ ဂုဏ်ထူး)၊ ဒီယဘာဏက– ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

ဂါထာတစ်ပုဒ်ဆုံးမှ ပုတီးတစ်လုံးချပါ။ ပုတီး(၃)ပတ်တစ်ထိုင်တည်း စိပ်ရမည်။

ပုတီးစိပ်ပြီးနောက် အောက်ပါအတိုင်း သစ္စာဆို ဆုတောင်းပါ။

'ဘုရားတပည့်တော်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား အကြွင်းမဲ့ ယုံကြည်ပါ၏။ ဘုရားရှင်အား ရည်မှန်း၍ သီပီး နံ့သာတိုင် သစ်သီးဆွမ်းတို့ကိုလည်း ကပ်လှူပါ၏။ အလိုတော်ပြည့် ဂါထာကိုလည်း ပုတီး(၃)ပတ်စိပ်ပါ၏။

ဤမှန်သော သစ္စာစကား ကုသိုလ်တရား တို့ကြောင့် (...)ရပါလို၏ဟု ဆုတောင်းပါ။

(...)၌ ကိုယ်အလိုချင်ဆုံးဆုတစ်ခု [ဥပမာ ကျန်းမာရေး ကောင်းရပါလို၏။ အလုပ်ရ,ရပါလို၏။ စသည်ဖြင့်...]ကိုသာ တောင်းပါ။ အဓိဋ္ဌာန် (၉)ရက်စလုံး ဆုတစ်ဆုကိုသာ တောင်းရမည်။ အဓိဋ္ဌာန်ကို သုံး,လေးကြိမ်ဝင်ပါက ပိုကောင်းသည်။

စာရှုသူတို့အတွက် အကျိုးတစ်စုံတစ်ရာထူးမည်ဆို ကျွန်ုပ်ရေးသား ဖော်ထုတ်ရကျိုး နပ်ပါသည်။

***အလိုတော်ဆန္ဒ ပြည့်ဝကြပါစေ၊***

**သဗ္ဗေ ဗုဒ္ဓါ နမာမိ**

**မောင်အောင်ကျော် (အိမ်မဲ)**



www.burmeseclassic.com

www.burmeseclassic.com





ဆေးဖက်ဝင် ရှားပါးသော

# အသားနီ မန်ကျည်းပင်

**နတ်မောက်မြို့နယ်၊ အင်းကန် ...ရွာ၊ အုတ်ဖိုကျောင်းတိုက်သို့** ...ကိသောအခါ ခန်းနေဆရာတော် ...တေဇနိယကို ဖူးမြော်ကန်တော့ရပါ ...ည်။

ကျောင်းဝန်းကျယ်ပြန့်ပြီး ရေတွင်း ...တွင်းနှင့် သရက်ပင်၊ ဆီးဖြူပင်၊ ...ကျည်းပင်များနှင့် အခြား အပင် ... တွေ့မြင်ရပါသည်။

ထိုတွင် မန်ကျည်းပင်များထဲမှ ...ကျည်းပင်တစ်ပင်ကို ဆရာတော် ...တေဇနိယမှ လက်ညှိုးညွှန်ပြပြီး ...ကြားပါသည်။

'ဒီရှားပါးတဲ့ မန်ကျည်းအသားနီပင် ဒကာ ... တွေ့ရ မြင်ရခဲ့ပါတယ်'

...ဟု မိန့်ပါသည်။ စာရေးသူ လေ့လာ ...သောအခါ သာမန် မန်ကျည်း ...များနှင့် အတူတူပင် ဖြစ်ပါသည်။ ...မန်ကျည်းပင်အောက် ရောက်သော ... ဆရာတော်မှ မန်ကျည်းသီး ...ကြီတစ်တောင့်ကို စာရေးသူအား ...က်ခိုင်းပြီး ချိုးကြည့်ခိုင်း၍ ချိုး ...လိုက်ရာ အံ့ဩဖွယ် ပုံတွင် ...ရသည့်အတိုင်း **မန်ကျည်းသီး အတွင်းသားမှာ ပန်းဆီရောင် ရဲရဲနီနေသည်ကို** တွေ့မြင်ရပါသည်။

'သြော် ဒါကြောင့် မန်ကျည်းအသား နီပင်လို့ ခေါ်တာကိုး'

ဟု ရင်ထဲမှာ မှတ်ချက်ပြုမိရပါသည်။

'တပည့်တော် အသက်ငါးဆယ် ကျော်ပါပြီဘုရား၊ တစ်ခါမှ မတွေ့ဖူးပါဘူး။ ခုမှပဲ ဒီမန်ကျည်း အသားနီပင် ဆိုတာ သိရ မြင်ရ လက်တွေ့ ကြားရတာပါဘုရား'

ဆရာတော် ဦးတေဇနိယမှ မိန့်သည်။

'မစားနိုင်ဘူး အလွန်ချဉ် အလွန်ဖန်တယ်။ မြန်မာဆေးဆရာကြီး တစ်ဦးကတော့ ဒါဟာ ဆေးမန်ကျည်းပင်ဖြစ်ပြီး အပင် တစ်သောင်းမှ တစ်ပင် ရှိခဲ့တယ်။

ဒီဆေးမန်ကျည်းအသားနီကို ရေစိမ်သောက် ပေးရင် သွေးကင်ဆာတောင် ပျောက်တယ် လို့ ပြောသွားဖူးတယ်။ သုတေသီတွေ၊ ပညာရှင်တွေ ဓာတ်ခွဲလေ့လာရင် ပိုမိုသိရှိ တွေ့ရှိနိုင်တယ်'

ဆေးမန်ကျည်း အသားနီပင် တစ်ပင် **နတ်မောက်မြို့နယ်၊ အင်းကန် ရွာ၊ အုတ်ဖိုကျောင်းတိုက်**တွင်ရှိ၍ လာရောက်လေ့လာရန် ဖိတ်ခေါ်အပ် ပါသည်။

**နတ်မောက် လှမြင့်သစ်**





www.burmeseclassic.com

www.burmeseclassic.com

# မောင်ပေါက်ကျိုင်းရဲ့ အဆောင်



ဇော်မြင့် (မြင်းခြံ)

မေးပါများ စကားရ၊
သွားပါများ ခရီးရောက်၊
မအိပ်မနေ အသက်ရှည်။

ဟူ၍ ဆိုသော စကားသုံးခွန်းကို မှတ်ယူလိုက်နာခြင်းကြောင့် နဂါးနိုင်မင်းအဖြစ် ရာဇဝင်မှာ စာတင်ခဲ့၏။ ထိုသုံးခွန်းသော စကားသည် မောင်ပေါက်ကျိုင်း၏ အဆောင်ကောင်း ဖြစ်လာခဲ့သည်။

ဦးချိုရှိသော သတ္တဝါသည် ဦးချိုသည်သာ သူအတွက် အဆောင်ဖြစ်သကဲ့သို့ အစွယ်ရှိသော သတ္တဝါသည်လည်း သူ့အတွက် အစွယ်သည်သာ အားကိုးရာအဆောင်ဖြစ်၏ဟု နီတိကျမ်းကဆိုသည်။

ထိုနည်းအတိုင်း...

မိမိတတ်မြောက်ထားသော အင်းပညာဖြင့် ဦးဇင်မော်သည် အဆောင်တောင်းခံလာသူတိုင်းကို ပေးသင့်နိုးရာ အဆောင်များကို ပေးလေ့ရှိသည်။

များသောအားဖြင့် လက်ဖွဲ့ထက် အင်းများသာ ပေးသည်။ ယနေ့သည် သင်္ကြန်အတက်နေ့ ဖြစ်သောကြောင့် ဗေဒင်မေးသူမရှိ။ သီလခံယူထားပြီး တစ်ယောက်တည်း အိမ်မှာရှိနေသည်။ ကားသံ,ဆိုင်ကယ်သံနှင့် ကလေးများ၏ ရေပက်ပြီး ဆူညံသံတို့သည် ရံဖန်ရံခါ ကြားနေရသည်။

ထိုသို့ အေးဆေးနေရခိုက်တွင် လက်ဖက်ရည်ဆိုင်မှ စကားပြောဖက် ကိုအောင်သန်းသည် လူတစ်ယောက်နှင့်အတူ အိမ်သို့ ဆိုက်ရောက်လာသည်။

ထိုလူ၏ ပုံပန်းသဏ္ဌာန်သည် အရပ်ရှည်သည်၊ နှုတ်ခမ်းမွေးက ထူလပျစ်ရှိသည်၊ ဆံပင်ရှည်သည်။ အဝတ်များ ရေစိုထားဖြင့် မည်သည့်ကိစ္စဖြင့် လာသည်ကို ခန့်မှန်းရခက်နေသည်။

သူက...

'အမှတ်(၆)ရပ်ကွက်က ဗေဒင်ဆရာ ဦးဆွေညွန့်ပါ။ ဆရာနဲ့ တွေ့ချင်တယ်လို့ ပြောထားလို့ ကျွန်တော် ခေါ်လာခဲ့တာ'

ဟု ကိုအောင်သန်းက ပြောလိုက်သည်။

ဦးဆွေညွန့်က...

'ဟုတ်ပါတယ် ဆရာ'

ဟု တွေ့တွေ့ချင်း ရင်းရင်းနှီးနှီး မိတ်ဆက်စကား ပြောသည်။

ဦးဆွေညွန့်က...

'အင်းပညာရပ်ကို စိတ်ဝင်စားတယ်။ ဝါသနာလဲထုံတယ်။ သိဒ္ဓိမဟိဒ္ဓိ ပညာကို လိုချင်တယ်။ ဓာတ်ရိုက် ဓာတ်ဆင်လဲ လုပ်တယ်'

ဟု ကိုအောင်သန်းက ကြားဖြတ်ပြောလိုက်သည်။ ဦးဇင်မော်က ရေစိုနေသော ဦးဆွေညွန့်နှင့် ကိုအောင်သန်းကိုကြည့်ပြီး သွေးတိုးစမ်းသ... မေးလိုက်သည်။

'လာခဲ့ရင်းကိစ္စကို ပြော... ကိုအောင်သန်း'

'ကိစ္စက အင်းအဆော... ပတ်သက်တာ ဆွေးနွေးကြည့်... ပါ'

ဟု ဦးဆွေညွန့်က ပြောလိုက်...

'ကဲ ထိုင်ကြဦး၊ မတ်တတ်ရ... လို့ မကောင်းဘူးဗျ'

သုံးဦးစလုံး မျက်နှာစုံညီ ထိုင်... ကြသည်။ ဦးဇင်မောင်က စတင်... သည်။

'ကဲ...ဦးဆွေညွန့် ဘာ... မလဲ'

ဟု မေးလိုက်သည်။

'ကျွန်တော်က သင်္ကြန် ... အကြတ်,အတက်နေ့တွေမှာ ... ပွဲပေးပြီး လူတိုင်းနဲ့ သင့်... အင်းများကို တစ်ကြိမ် စီ... နောက်တစ်ခါ တန်ဆောင်မုန်း... နေ့ညမှာ စီရင်တယ်ဆရာ'

ဟု ဦးဆွေညွန့် ပြောလို... ဆရာဦးဇင်မော်သည် ဦး... ပြောစကား၌ ထူးခြားမှုတစ်... စဉ်းစားနေပုံရသော်လည်း ... မရှိ ဆိတ်ဆိတ်နေသည်။ ... က ဆက်လက်ပြောပြန်သ...

'အင်းအစီရင်ကို ကြ...





www.burmeseclassic.com

www.burmeseclassic.com

...ရင်က တူမတူ ဆရာ့သဘောထားကို ...ပါရစေ'

ဟု မေးမြန်းလိုက်သည်။

'ဒီမေးခွန်းကို ဖြေရမယ်ဆိုရင် ...အတော်များများက သူများ ပါးစပ် ...ား ပြောသံကြားစကားနဲ့ အင်းစီရင် ...များတယ်။ ကိုယ်တိုင်သိလို့ မဟုတ် ...ဘူးလို့ ပြောချင်တယ်။

မှတ်သင့် သိသင့်တာကို မှတ်သိရာ ...လဲ မျက်မှောက်ခေတ်နဲ့ မညီတာ ...တွေ များတယ်။ ကနေ့ မျက်မှောက် ...တ်ကာလအမြင်နဲ့ မဆန့်ကျင် ...ောင် သတိပြုသင့်တယ်'

'ဟုတ်ကဲ့ ဆရာ့သဘောထားကို ...က်ပြောပါဦး'

ဟု ဦးဆွေညွန့်သည် တိုက်တွန်း ...က်သည်။

ဦးဇင်မော်က စကားကို ဆက်လိုက် ...ည်။


'အဆောင်ဆိုတာ ခုခေတ်ကာလမှ ...ာမဟုတ်ဘူးဗျ။ ရှေ့ခေတ်အစဉ် ...က်ကာလဲ ရှိခဲ့ဆောင်ခဲ့တယ်။ ...တစ်ပါးက ပလိပ်ရောဂါ ဖြစ်ပွား ...ဉ်ကာလမှာ လယ်တီဆရာတော် ...ကို ပလိပ်ရောဂါ အန္တရာယ်ကင်း ...ပ် လှူဖူးတယ်။

...တံဆိပ်နဲ့ပဲ ပလိပ်ရောဂါ ကင်းကြ ...လို့ ဆိုတယ်။ ဂါထာ၊ အင်း၊ ... စမတွေဟာ ခေတ်အဆက် ... သုံးစွဲခဲ့ဖူးတယ်ဆိုတာ အတော် ...ား တွေ့ဖူးတယ်'

'...တ်ကဲ့ ဆက်ပြောပါဆရာ'

... ဦးဆွေညွန့်ပြောသည်။

'...ရာ့အလို ပြောရမယ်ဆိုရင် သူ့ ...လက်တွေ စီရင်ရမယ့်အင်း ... အုပ်စုခွဲထားတာ ရှိလားလို့ ...စေချင်တယ်။ အကြောင်းကိစ္စ ...မှာ မှုတည်စီရင်ကြရတာ၊



ဆရာကတော့ နေ့ရက်ကောင်းမှာ စီရင်တယ်။ အထူးသဖြင့်ကတော့ ကိုယ်မှာဆောင်ရတဲ့ အင်းထက် **ကုသိုလ်ကောင်းမှုနဲ့ ဆက်သွယ်တဲ့ မီးပူဇော်အင်းကိုပဲ တစ်သက်တာလုံး သုံးစွဲခဲ့တယ်'**

ဟု ဆရာဦးဇင်မော်က ဆက်တိုက် ပြောသည်။

'ကုသိုလ်ကောင်းမှုနဲ့ ဆက်သွယ်တယ် ဆိုတာ ဘယ်လိုလဲ ဆရာ'

ဟု ဦးဆွေညွန့်က မေးလိုက်သည်။

'ဘုရားရှေ့တော်မှာ မီးပူဇော်တာကို ပြောတာပါ။ ဦးဆွေညွန့်ရေ ကိုယ်စီရင်မယ့်အင်းကို အင်းဆန်ဂါထာ မှန့်မမှန်၊ သွားနည်း သွင်းနည်း မှန့်မမှန် သိရမယ်၊ မှန်ကန်မှု မရှိလို့ကတော့ စွမ်းမှာမဟုတ်ဘူး။

ဒီနေရာမှာ ကိုယ်သုံးစွဲဖူးတဲ့ အင်းတိုင်းကိုယ်တွေနဲ့ တိုက်ဆိုက်ပြီး အမြင်ကျယ်ခြင်း၊ အမြင်ကျဉ်းခြင်းဆိုတာ ကိုယ့်အမြင်၊ သူ့အမြင် ရှုထောင့်အမျိုးမျိုးနဲ့ ဆုံးဖြတ်ဖို့ လိုတယ်'

ဦးဆွေညွန့်သည် ဆရာဦးဇင်မော်၏ ပြောပြချက်တို့ကို စဉ်းစားနေပုံရပြီး သူ့ခေါင်းထဲမှာ ဝေခွဲကြည့်နေဟန် တူသည်။

'ဒီလိုဆို ဆရာပြောတဲ့ ကောင်းမှုနဲ့ ဆက်သွယ်တဲ့ မီးထွန်းအင်းကို ပြောပြပါဦးဆရာ'

ဟု ဦးဆွေညွန့်က ပြောလိုက်သည်။

'အင်း... ခုလိုပြောရတာထက် ဆရာစီရင်ထားတဲ့ အင်းတွေ ပြလိုက်မယ်'

ဟု ပြောပြီး နေရာမှထလျက် ဘုရားစင်ထက်မှ သုံးလက်မအရွယ်ရှိ

<u>ပထမအင်း</u>

| | | | | | | |
|---|---|---|---|---|---|---|
| ဉုံ | သ | ဗ္ဗ | ညု | တ | ဉ | ထံ |
| ဋ္ဌော | ပု ၁ | ဂ ၁၄ | ဓ ၉ | ရ ၂၀ | သ ၃ | ဓိ |
| ဓိ | မိ ၂၄ | သ ၁၉ | ဒွံ ၂ | ဏ္ဍာ ၁၅ | မွံ ၁၀ | ဘိ |
| တိ | ထံ ၁၃ | မိ ၈ | နံ ၂၅ | ရ ၄ | ထံ ၂၁ | တိ |
| ဘိ | ယံ ၁၈ | ဏ္ဍာ ၂၃ | ဂ ၆ | သ ၁၁ | မိ ၁၆ | ဓိ |
| ဓိ | ဏ္ဍာ ၇ | ရ ၁၂ | သံ ၁၇ | ဂ ၂၂ | ထံ ၅ | ဋ္ဌော |
| ထံ | ဉ | တ | ညု | ဗ္ဗ | သ | ဉုံ |

www.burmeseclassic.com

ကျောက်သင်ပုန်းသုံးချပ် ယူလာခဲ့ပြီး ဆရာဦးဆွေညွှန့်ရှေ့ရှိ စားပွဲပေါ်သို့ အသာအယာ ချလိုက်သည်။

ဦးဇင်မော်ချထားသော အင်းတစ်ခုကို ကြည့်လိုက်သောအခါ အောက်ဖော်ပြပါအတိုင်း တွေ့မြင်ရလေသည်။


* * * ***(ပထမအင်း)***

ကျောက်သင်ပုန်းအင်းကို ကိုင်လျက် ''ဘယ်လိုလဲ ဆရာ''ဟု ဦးဆွေညွှန့်က မေးလိုက်သည်။

'အဲဒီအင်း အလယ်က **''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ''**ကို မြင်းကြီးသွားနည်းနဲ့ သွင်းထားတယ်။ အပြင်က **''ဥုံ သဗ္ဗညုတ ဉာဏံစိန္တတိစိန္တော''** ကို ခရုပတ်သွင်းထားတယ်။ အလယ်က **ကိုယ့်မွေးနံ** သရဏဂုံ ကိုယ်လုံးခြုံလုံးစုံအန္တရာယ်ဝေးလို့ ဆိုတဲ့အတိုင်း အန္တရာယ်ကင်းဖို့ ပူဇော်တယ်'

မောသွားဟန်ဖြင့် ဆရာဦးဇင်မော်က စကားကို ရပ်လိုက်သည်။ ဦးဆွေညွှန့်က ဒုတိယအင်းကို ကောက်ယူကြည့်လိုက်သည်။

* * *



ဒုတိယအင်း

| | | | | |
|---|---|---|---|---|
| ဗု ၁ | ယံ ၁၄ | ဓ ၉ | ဏံ ၂၀ | ဂု ၃ |
| တု ၂၄ | ဂု ၁၉ | ဒ္ဓ ၂ | ဟော ၁၅ | မ္မ ၁၀ |
| ပိ ၁၃ | တု ၈ | နံ ၂၅ | ဏံ ၄ | ပိ ၂၁ |
| ဃ ၁၈ | ဟော ၂၃ | ယံ ၆ | ဂု ၁၁ | တု ၁၆ |
| ဟော ၇ | ဏံ ၁၂ | သံ ၁၇ | ယံ ၂၂ | ပိ ၅ |

တတိယအင်း

| | | | | |
|---|---|---|---|---|
| ဗု ၁ | ဘံ ၁၄ | ဓ ၉ | ဏံ ၂၀ | ဂု ၃ |
| တု ၂၄ | ဂု ၁၉ | ဒ္ဓ ၂ | ဟော ၁၅ | မ္မ ၁၀ |
| လာ ၁၃ | တု ၈ | နံ ၂၅ | ဏံ ၄ | လာ ၂၁ |
| ဃ ၁၈ | ဟော ၂၃ | ဘံ ၆ | ဂု ၁၁ | တု ၁၆ |
| ဟော ၇ | ဏံ ၁၂ | သံ ၁၇ | ဘံ ၂၂ | လာ ၅ |

'ဒုတိယအင်းဆန်က...

"ဗုဒ္ဓဂုဏံ ပိယံဟောတု၊ ဓမ္မဂုဏံ ပိယံဟောတု၊ သံဃဂုဏံ ပိယံဟောတု"

တတိယအင်းဆန်က...

"ဗုဒ္ဓဂုဏံ လာဘံဟောတု၊ ဓမ္မဂုဏံ လာဘံဟောတု၊ သံဃဂုဏံ လာဘံဟောတု"

လို့ အင်းသွင်းထားတယ်'

ဟု ဦးဇင်မော်က ပြောပြလေသည်။

'ဒုတိယအင်းက လူနတ်တွေက ချစ်ဖို့၊ တတိယအင်းက လာဘ်လာဘပြည့်စုံဖို့အတွက်ပဲ။ သရဏဂုံအင်းက ကောင်းတဲ့ဘက်မှာ နေရာတိုင်း သုံးစွဲနိုင်တယ်။

သရဏဂုံအင်းရဲ့ ဂုဏ်ထူးဝိသေသတွေက ပြောပြလို့ ကုန်နိုင်အံ့ မထင်ဘူးဗျ။ ကိုယ်တိုင် ပူဇော်ကြည့်သင့်တယ်။ ဆရာက နံနက်နဲ့ည နေ့စဉ် ပူဇော်တယ်။

ဒါကြောင့်ပဲလားမသိ၊ ဆရာ... ရွှေငွေမရှား နေထိုင်ရတယ်။ တ... ပရိသတ်လဲပြည့်စုံတယ်။ ဗေဒင်... လုပ်ငန်းလဲ နေ့တိုင်းဖြစ်တယ်'

ဟု စကားဆက်တိုက် ဆ... ဦးဇင်မော်က ပြောသည်။ သုံးဦးသ... ခေတ္တမျှ တိတ်ဆိတ်သွားသည်။

ကိုအောင်သန်းသည် ဆရာ... ရှေ့တွင် တစ်ခုခုကို တွေးနေဟန်... မှ ရုတ်ခြည်းစကားပြောလိုက်သည်။

'ဒီအင်းတွေကို ကျွန်တော်လဲ ပူ... ကြည့်ပါရစေ'

ဟု ဆရာဦးဇင်မော်ကို ပြောလိုက်... သည်။

'မြတ်ဗုဒ္ဓ၏ ဘုန်းတော်ကံတော် ... တော်တွေက ဤရွေ့ဤမျှ ကဏန်း... ဖြတ်လို့မရဘူးဗျ။ တကယ်တော့ ကျွ... တို့ အားလုံးဟာ သရဏဂုံ စီရင်မ... သီလအား၊ ဒါနအား၊ ဘာဝနာအား... ရမယ်။

ပိယအင်းကို စီရင်သူတိုင်း မေ... စီရင်ရမယ်။ လာဘ်လာဘကို စီ... စွန့်ကြဲပေးကမ်းလိုတဲ့စိတ် ရှိရမယ်... သိဒ္ဓိအဆောင်ကို စီရင်သူတိုင်း ... စိတ်နဲ့ စီရင်ရမယ်။

အင်းတိုင်းဟာ စီ... အလွန် အရေးပါကြောင်း... ပြုဗျ။ နောက်ဆုံးပြောချ... ဦးဆွေညွှန့်ရော ကိုအောင်... ဖြစ်ချင်တာကို မဖြစ် ဖြ... ကြိုးစားကြည့်စေချင်တယ်'

ဟု ပြောအပြီး ဆရာဦး... သည် ခါးကိုဆန့် မတ်... လိုက်သည်။

ဦးဆွေညွှန့်ရော ကိုအောင်... ဦးခေါင်းကို ညိတ်လျက်...

'ကျေးဇူးတင်ပါတယ် ဆ...

ဟု ပြောလိုက်ကြသ...





www.burmeseclassic.com

www.burmeseclassic.com



### ယခု မိမိရောက်ရှိနေသော နေရာဒေသမှ

# မိမိပြောင်းရွှေ့လိုသော နေရာဒေသသို့

### အမြန်ဆုံး ပြောင်းရွှေ့လိုသော်

သရာဇ ဒေါ်ခင်သန်းဦး
(ဖန်ခါးမြေ)

ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား အာရုံပြု၍ ဓမ္မခဏ်ဂါထာတော်ကြီး(ခေါ်) ပြည်တော်ပြန်ဂါထာကို တစ်နေ့(၉)ခေါက် ရွတ်ဆိုပါ။

၁။ ယခု မိမိရောက်ရှိနေသော နေရာဒေသ မိမိ၏ ခြေဖဝါးအောက်တည့်တည့်မှ (သဲ၊ မြေ၊ ခဲ) ရရာကို လက်တစ်ဆုပ်စာယူ၍ အထုပ်ကလေး ပြုလုပ်ကာ မိမိရောက်ရှိလိုသော၊ ပြောင်းရွှေ့လိုသော နေရာဒေသသို့ ပို့ပေးပါ။

၂။ မိမိကိုယ်တိုင် (မြေ၊ သဲ၊ ခဲ) အထုပ်ကလေးကိုပို့ရန် ခက်ခဲပါက လူကြုံနှင့်ပို့လျှင်လည်း ရပါသည်။

၃။ နိုင်ငံခြားတိုင်းပြည်များတွင် ရောက်ရှိနေပါက မိမိ၏ ခြေဖဝါးအောက် တည့်တည့်က (မြေ၊ သဲ၊ ခဲ)ရရာကို အထုပ်ကလေးထုပ်၍ မိမိရောက်ရှိလိုသော နေရာဒေသသို့ အာရုံပြုကာ ပြည်တော်ပြန်ဂါထာကို (၉)ခေါက် ရွတ်ဆိုပါ။

မအားလပ်လျှင် နံနက်(၉)နာရီ (၃)ကြိမ်၊ နေ့လည်(၁၂)နာရီ (၃)ကြိမ်၊ ညနေ (၆)နာရီ (၃)ကြိမ် ရွတ်ဆိုလျှင်လည်း ရပါသည်။

**ဓမ္မခဏ်ဂါထာတော်ကြီး**

ဣတိပိ၊ ပိဋကတ္တယံ၊ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ၊ သတ္တဗောဇ္ဈင်္ဂါ အဋ္ဌင်္ဂိကော၊ မဂ္ဂေါ၊ စတု သတိပဋ္ဌာနံ၊ သဗ္ဗသာ ဣန္ဒြော၊ သဟာသ သူရိယော၊ ဩြောင်း နမော မေတ္တာနံ၊ ရာဇဘယံ၊ စောရဘယံ၊ ဥဒကဘယံ၊ အဂ္ဂိဘယံ၊ သတ္တဘယံ၊ သဗ္ဗဘယံ၊ ဇေယျော ဇယတုမင်္ဂလံ၊ အနိစ္စံ၊ သင်္ခတံ၊ ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ၊ ခမတိ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဣတိ ပိ** | = အိတိပိ |
| **ပိ ဋကတ္တယံ** | = ပိတကတ်တယံ |
| **အနိ စ္စံ** | = အနိတ်စံ |
| **ဒု က္ခံ** | = ဒုတ်ခံ |
| **အ နတ္တာ** | = အနတ်တာ |
| **သ တ္တဗောဇ္ဈင်္ဂါ** | = သတ်တဗွတ်ဈင်ဂေါ |
| **အဋ္ဌင်္ဂိကော** | = အတ်ထင်ဂီကော |
| **မဂ္ဂေါ** | = မက်ဂေါ |
| **သ ဗ္ဗ သာ** | = သပ်ဗတ်သ |
| **ဣန္ဒြော** | = အိန်ဒေါ |
| **သ ဟ သာ** | = သဟတ်သ |
| **ဩြောင်း** | = အောင်း |
| **မေတ္တာနံ** | = မစ်တာနံ |
| **ဥဒကဘယံ** | = အုဒကဘယံ |
| **အဂ္ဂိ** | = အက်ဂိ |
| **သတ္တ ဘယံ** | = သတ်ထဘယံ |
| **သ ဗ္ဗ ဘယံ** | = သပ်ဗဘယံ |
| **မင်္ဂ လံ** | = မင်ဂလံ |
| **သ ခ် တံ** | = သင်ခတံ |
| **ပဋိစ္စသမုပ္ပန္နံ** | = ပတိတ်စသမုပ်ပန်နံ |
| **ဓမ္မံ** | = ဓမ်မံ |

အနက်အဓိပ္ပာယ်

**ပိဋကတ္တယံ**– ပိဋကတ်သုံးပုံသည်၊ **ဣတိပိ**– ဤသို့ ဖြစ်ခြင်း, ပျက်ခြင်း စသော သဘောရှိသောကြောင့်လည်း၊ **အနိစ္စံ**– အနိစ္စမည်၏၊ **ဒုက္ခံ**– ဒုက္ခမည်၏၊ **အနတ္တာ**–အနတ္တမည်၏။

**သတ္တဗောဇ္ဈင်္ဂါ**– ခုနစ်ပါးသော ဗောဇ္ဈင်သည်လည်းကောင်း၊ **အဋ္ဌင်္ဂိကော**– အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ **မဂ္ဂေါ**– မဂ်သည်လည်းကောင်း၊ **စတုသတိပဋ္ဌာနံ**–လေးပါးသောသတိပဋ္ဌာန်သည်လည်းကောင်း၊ **သဗ္ဗသာ**– အလုံးစုံသော တရားအပေါင်းကို၊ **ဣန္ဒြော**–အစိုးရတော်မူသော မြတ်စွာဘုရားသည်လည်းကောင်း၊ **သဟာသ သူရိယော**– ရောင်ခြည်တစ်ထောင် အလင်းကိုဆောင်သော နေမင်းသည်လည်းကောင်း၊ **ဣတိပိ**– ဤသို့ ဖြစ်ခြင်း, ပျက်ခြင်း စသော သဘောရှိ



www.burmeseclassic.com

www.burmeseclassic.com

သောကြောင့်လည်း၊ **အနိစ္စံ**– အနိစ္စမည်၏၊ **ဒုက္ခံ**–ဒုက္ခမည်၏၊ **အနတ္တာ**– အနတ္တမည်၏။

**မေတ္တာနံ**– မေတ္တာရှင် မြတ်စွာဘုရားရှင်တို့အား၊ **နမော**– ရှိခိုးပါ၏၊ **ခြောင်း**– အန္တရာယ်ကင်း ရန်စွယ် ရှင်းပါစေသတည်း။

**ရာဇဘယံ**– မင်းဘေးကို လည်းကောင်း၊ **စောရဘယံ**– ခိုးသူဘေးကို လည်းကောင်း၊ **ဥဒကဘယံ**– ရေဘေး ကိုလည်းကောင်း၊ **အဂ္ဂိဘယံ**– မီးဘေးကိုလည်းကောင်း၊ **သတ္တဘယံ**– ဓားလက်နက်ဘေးကို လည်းကောင်း၊ **သဗ္ဗဘယံ**– အားလုံးသောဘေးကို လည်းကောင်း၊ **ဇေယျော**– အောင်မြင်နိုင်သည်၊ **ဟောတု**– ဖြစ်ပါစေသတည်း၊ **မင်္ဂလံ**– မင်္ဂလာဟူသမျှသည်၊ **ဇယတု**–အောင်မြင်ပါစေသတည်း။

**ပဋိစ္စသမုပ္ပန္နံ**– အကြောင်းတရားကို စွဲ၍ဖြစ်သော အကျိုးတရားသည်၊ **သခံတံ**– ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင်အပ်သည် ဖြစ်၍၊ **အနိစ္စံ**–အမြဲမရှိ၊ **ခယဓမ္မံ**– ကုန်ခြင်း သဘောရှိ၏၊ **ဝယဓမ္မံ**– ပျက်ခြင်း သဘောရှိ၏၊ **ဝိရာဂဓမ္မံ**– ရာဂ ကင်းခြင်းသဘောရှိ၏၊ **နိရောဓဓမ္မံ**–ချုပ်ငြိမ်းခြင်း သဘောရှိ၏၊ **ခမတိ**– ပညာရှိအပေါင်းသည် နှစ်သက်၏။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

အထက်ပါဂါထာကို တစ်နေ့(၉) ကြိမ် ရွတ်ဆိုပါ။ မိမိပြောင်းရွှေ့နေထိုင်လိုသော နေရာဒေသသို့ အမြန်ဆုံး ပြောင်းရွှေ့ရပါသည်။

စာရေးသူကိုယ်တိုင်လည်း အထက်ပါ နည်းအတိုင်း ပြုလုပ်၍ မိမိပြောင်းရွှေ့လိုသော နေရာဒေသသို့ အမြန်ဆုံး ပြောင်းခွင့် ကြုံရပါသည်။

စာရေးသူ၏ အကြီးအကဲများ မိတ်ဆွေများကို ဤနည်း ပြောပြသောအခါ အထက်ပါနည်းအတိုင်း ပြုလုပ်၍ ပြည်တော်ပြန်ဂါထာကို ရွတ်ဆိုကြသဖြင့် မကြာမီ မိမိနေထိုင်လိုသော နေရာဒေသသို့ ပြောင်းရွှေ့နေထိုင်ကြရပါသည်။

နိုင်ငံခြားရောက်ရှိနေသော သဘော်သားများ အမိမြန်မာနိုင်ငံသို့ အမြန်ဆုံး ရောက်ရှိလိုသောကြောင့် အထက်ပါ နည်းအတိုင်း **"ပြည်တော်ပြန်ဂါထာ"**ကို ရွက်ဖတ်ရာ အမြန်ဆုံး ပြန်လည်ရောက်ရှိလာကြောင်း သိရှိရ ပါသည်။

ဤ ပြည်တော်ပြန်ဂါထာသည် စုန်း,ကဝေတို့ ပြုစားခြင်း၊ အန္တရာယ် အမျိုးမျိုးမှ လွတ်မြောက်၍ ချမ်းသာခြင်းကို ရရှိနိုင်ပါသည်။

စာရေးသူပြောပြ၍ မိမိပြောင်းရွှေ့နေထိုင်လိုသော နေရပ်သို့ ပြောင်းရွှေ့ရသူ မနည်းတော့ပါ။

ပြောင်းရွှေ့ရန် အခက်အခဲနှင့် ကြုံတွေ့နေရပါက ယုံကြည်စွာ ပြုလုပ်နိုင်ရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ပေးပို့ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

*ကောင်းမြတ်မှန်ကန်သော လိုရာဆန္ဒအားလုံး ပြည့်ဝကြပါစေ။*

**ဆရာမ ဒေါ်ခင်သန်းဦး**
*(ဖန်ခါးမြေ)*

စာမျက်နှာ (၂၀၄)မှ အဆက်

'ကဲ...နေလဲစောင်းပြီး လုပ်ရမယ့်ကိစ္စတွေ ရှိသေးတယ်။ ခင်ဗျားတို့ သိချင်တာတွေလဲ အနည်းကျဉ်းပြောလိုက်တော့ သိသွားပြီလို့ ထင်ပါတယ်'

'ပြန်ကြတော့လို့ ပြောတော့မှာလားဆရာ'

ဟု ကိုအောင်သန်းက ကြားဖြတ်ပြောလိုက်သည်။

မျက်နှာရိပ် မျက်နှာကဲကို နား မလည် မဦးမချွတ် ပြောတတ်သော ကိုအောင်သန်းကြည့်ပြီး...

'ဒီလူတော့ သူ့မိန်းမ မကြည်သန်းက တစ်နေကုန်သွားနေလို့ အိမ်ပြန်ရောက်ရင် ဗိုက်ခေါက်လိမ်မှာစိုးလို့ ပြန်ခိုင်းတာ'

ဟု ရယ်ရွှန်းဖတ်ရွှန်း ပြောလိုက်သည်။

နှစ်ဦးသား နေရာမှ ပြုံးတူထလိုက်ကြသည်။

သကြန်အတက်နေ့ ဖြစ်သော်လည်း ပိတောက်ရွှေဝါပန်းတို့က မပွင့်ဖူးကြသေး။ သကြန်ရက်ကို ပိတောက်ပန်းများ မမှလျှော့နေဟန် ရှိစေကာ တန်ခူးလေသည် ရွက်ဟောင်းတို့ကို ခြွေပြီး ရွက်နုသစ်တို့ဖြင့် ရေမြေတော တောင်အလှကို နှစ်စဉ်နှစ်တိုင်း ဆင်မြန်းပေးမြဲဖြစ်သည်။


အင်းပညာရှင်တိုင်းကလည်း နည်းတူစွာ ခေတ်စနစ်များနှင့် လိုက်ဖက်ညီမည်ထင်ရသော လောကီအင်းပညာရပ် အသစ်အသစ်တို့ကို လိုအပ်ချက် အတိုင်းအတာတစ်ခုအဖြစ် ဖြည့်ဝေသင့်သည်ဖြစ်ရာ...။

**ဇော်မြင့်(မြင်းခြံ)**



www.burmeseclassic.com

www.burmeseclassic.com




# လျှပ်ပေါ်မှ ယောင်နှဲ့ဘက်

တိမ်မယောင်ရှိ နှုတ်

(ပထမပိုင်း)

လွန်ခဲ့သော အနှစ်(၄၀)ကျော်က စာရေးသူတို့ အရပ်ဒေသတွင် ရန်ကုန်ကျောင်းဆရာတော်ဟု ဘွဲ့အမည်ရှိသော ဆရာတော်တစ်ပါး အင်္ဂရတ်ပညာတွင် နာမည်ကျော်ခဲ့ဖူးပါသည်။

ဆရာတော်၏ ဇာတိက အထက်အညာဒေသ ပခုက္ကူနယ်ဘက်ကဖြစ်သည်။ ရဟန်းပျိုဘဝမှာ မန္တလေးမြို့တွင် ပညာရင်နို့ သောက်စို့ခဲ့ရာတွင် မန္တလေးအိမ်တော်ရာ ဘုရားဝင်းအနီး မြန်မာဆေးပညာနှင့် အင်္ဂရတ်ဓာတ်ပညာတွင် ကျော်ကြားသော ဆရာကြီးဦးသက်ရှည်ထံတွင်...

သီတင်းသုံးဖော် သူငယ်ချင်းဦးပဥ္စင်းတစ်ပါးနှင့်အတူ ဆရာကြီးထံတွင် တပည့်အဖြစ် အသိအမှတ်ပြုပြီး အင်္ဂရတ်ဓာတ်ပညာများ သင်ကြားပေးပါရန် တောင်းခံခဲ့ပါသည်။

ဆရာကြီးက...

'ကျုပ်က တပည့်ဆိုရင် ရဟန်းကို လက်မခံပါ။ ဘာလို့လဲဆိုတော့ ပညာပေးရမယ့်ဆရာက တစ်ဆင့်နိမ့်နေတော့ တတ်အောင်သင်၊ ပဲ့ပြင်ဆုံးမလို့ မကောင်းလေတော့ ပညာလိုရင် လူထွက်ပြီးသာ လာခဲ့ပါ'

ဟု အပြတ်ပြောလေသည်။

ထိုအခါ သာသနာ့ဘောင်မှလည်း လူထွက်ချင်သည့် စိတ်ကလည်း လုံးလုံးမရှိလေတော့ ဆရာကြီးထံ (၄)ခါလောက် သွားပြီး ခယတောင်းပန်လေမှ...

'ကိုယ်တော်တို့ တယ်လဲ ဖွဲကြီးကြအာပါလား၊ သင်္ကန်းဝတ်နဲ့ ပညာသင်မယ်ဆိုရင်တော့ တိတိကျကျ လိုက်နာနိုင်မယ်ဆိုရင်တော့ ကိုယ်တော်တို့ သဘောပဲ'

ဟု ဆိုပြီး လိုက်လျောပေးလိုက်လေသည်။

သည်အခါမှာ ဦးပဥ္စင်း(၂)ပါးစလုံး ဆန္ဒပြည့်၍ ဝမ်းသာအားရ ဆရာကြီးဦးသက်ရှည်ထံတွင် နေ့ဆွမ်းအာဟာရ ကိစ္စပြီးသည်နှင့် နှစ်ယောက်သား သွား၍ ပညာယူလေတော့သည်။

သို့သော် ဆရာကြီးက (၃,၄)လ လုံးလုံး ဦးပဥ္စင်း(၂)ပါးကို ဘာဓာတ်ပစ္စည်းတစ်ခုမှ မကိုင်ဒိုင်းဘဲ လုံ့ခွဲသက်သက်ကို မီးသွေးထည့်ပြီး နေ့စဉ် မီးနေမီးထား သဘောတရားများကို သိအောင် ကျင့်နိုင်းနေပါတော့သည်။

ကျန်အဖော် ဦးပဥ္စင်းတစ်ပါးက စိတ်ကုန်လာပြီး ဆရာကြီးထံသို့ မလိုက်လာတော့ဘဲ ရန်ကုန်ကျောင်း ဆရာတော်လောင်းလျာ ဦးပဥ္စင်းလေး တစ်ပါးသည်သာ ပုံမှန်သွားရောက် ပညာလေ့ကျင့်လေသည်။

သို့နှင့် (၆)လလောက်ကြာသည့် အခါမှာ ဆရာကြီးက...

'မောင်ပဥ္စင်းကတော့ တယ်ပြီး ဇွဲကောင်းလေတော့ ဝီရိယအကျိုးကိုတော့ ခံစားရမှာပေါ့လေ'

ဟု ဆိုလာပြီး တစ်ဆင့်တက်၍ ဒန်(ကြေးနီ)(၁)ကျပ်သားကို နာ(၁)ကျပ်သားနှင့် လေးတူထည့်ပြီး **အန္တော နာချော်ချက်သည့်** လေ့ကျင့်ခန်းကို တက်ပေးသည်။

သို့နှင့် နေ့စဉ် နာချော်ကိုသာ နာ(၄/၅)ပိဿာကုန်သည်အထိ မီးမှန်မှန်ဖြင့် တဖြည်းဖြည်းချင်း နာချော်ချက်နိုင်းနေသည်မှာ နောက်ထပ် (၆)လခန့် ရှိသွားလေပြီ။

တခြား ဘာပညာစကားမှလည်း မပြော မပြနှင့် နေ့စဉ် နာချော် ချက်နိုင်းနေ၍သာ နေပါသည်။

ရန်ကုန်ကျောင်း ဆရာတော်လေးကလည်း မညည်းမညူ နာချော်ကိုသာ တွင်တွင်ကြီး ချက်လေသည်။

နေ့စဉ် နာချော်ချည်း ချက်ပါများလာတော့ ဦးပဥ္စင်းလေးမှာ နာချော် ချက်ရာတွင် အိပ်စပတ် အထူးကျွမ်းကျင်လာတော့သည်။

တစ်နေ့မှာတော့ ဆရာကြီး၏ ကတော် အမေကြီးက...

'ကိုသက်ရှည် ဒီဦးပဥ္စင်းလေးကိုတော့



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရတာ ဖွဲ့ရှိ အနှံ့တာခံလေတော့ သူ့ကို ဆွမ်းဖိုး ကွမ်းဖိုးလေး မပင်ပန်းအောင် လုပ်ပေးလိုက်ရင်တော့ ကောင်းမယ်ထင်ပါတယ်'

ဟု ဆရာကြီးကို "နားချ"လေသည်။

ဆရာကြီးက...

'အေးလေ ငါလဲ စိတ်တော့ကူးထားပါတယ်။ ဖွဲ့ဆုတော့ ပေးရမှာပေါ့'

ဟု ပြောပြီး...

'ကဲ...မောင်ပဥ္စင်း ဒီနေ့ကစပြီး နောက် ဥပုသ်တစ်ပတ်အတွင်း ဒီကို မလာနဲ့ဦး။ ကျုပ် ခရီးထွက်စရာရှိတယ်။ တစ်ပတ်ပြည့်တဲ့ရက်မှ ဒီကို လာခဲ့ပေတော့'

ဟု တစ်ဆက်တည်း မှာကြားလိုက်လေသည်။

ထိုအချိန် တစ်ပတ်အတောအတွင်း ဆရာကြီးက ပဲခူး ရွှေကျင် နယ်ဘက်ကို ခရီးထွက်သွားပြီး ရွှေကျင်နယ်ထွက် တွင်းထွက်ရွှေ(၁)ကျပ်သားကို မိမိငွေကြေး အိတ်စိုက် ဝယ်ယူလာပြီး ရန်ကုန်ကျောင်းဆရာတော်လေးကို...

'မောင်ပဥ္စင်း ဒီတွင်းထွက်ရွှေ (၁)ကျပ်သားကို နာလေးတူထည့်ပြီး နာချော်ကုန်အောင်သာ ချက်ပေတော့'

ဟု ပြောလေသည်။

ဤသို့ တွင်းထွက်ရွှေ (၁)ကျပ်သားကို နာလေးတူ ထည့်ထည့်ပြီး နာချော်ကုန်အောင် ချော်ချက်လာခဲ့သည်မှာ ရွှေ(၁)ကျပ်သားမှာ နည်းနည်းချင်း ချော်စားပြီး လျော့လျော့၍ လာခဲ့ရာ သုံးမတ်သားအထိ လျော့လာသည့် အချိန်တွင် ဆရာကြီးမှ...

'မောင်ပဥ္စင်း... ရော့ ဒီမှာ ဒီအတိုအစလေးတွေ ဟိုထားဒီထားနဲ့ အလဟဿ ဖြစ်ကုန်တော့မယ်။ ချော်ချက်တဲ့အခါထည့်ပြီး ချက်ပစ်လိုက်ပါ'

ဟု ဆိုပြီး ပြုံးပြုံးပြောင်ပြောင် နာစလိုလို၊ ပြဒါးခဲအစလိုလိုလေးများ (၁)မတ်သားခန့်ကို ရွှေ(၃)မတ်သား ကျန်နေသည့် အထဲသို့ ထည့်ချက်လိုက်ရာ တစ်လုံးထည့်ချက်လိုက်ရုံဖြင့် ချော်ဖြစ်ပြီး ကုန်သွားလေသည်။

နောက်ပိုင်းမှာတော့ ရွှေ(၃)မတ်သား ဓာတ်သားကို နာနှင့်ချည်းပဲ လေးတူ လေးတူ ထည့်ထည့်သွားပြီး ချော်ကုန်အောင် ချက်ထုတ်၍ သွားခဲ့ရာ မူရင်း တွင်းထွက်ရွှေ(၁)ကျပ်သားမှာ နာနှင့် ချော်ချက်လျှင် တဖြည်းဖြည်း လျော့လိုက်လာရာ...

နောက်ဆုံး(၅)မူးသားသာ ကျန်တော့သည့် အနေတွင် ဆရာကြီးက ယင်းရွှေဓာတ်သားကို သေချာစွာ စစ်ဆေးကြည့်ရှုပြီး...

'ကဲ မောင်ပဥ္စင်း နာချော်နဲ့ ချက်နေတာ ဒီမှာတင် ရပ်လိုက်ပေတော့၊ ဒီအဆင့်ဆိုရင် မောင်ပဥ္စင်းအတွက် ဆွမ်းကွမ်းအတွက်တော့ မပင်မပန်း ဖြစ်သွားပါပြီ'

ဟု ပြောလေသည်။

'နောက်နေ့ကစပြီး ကျုပ်ဆီကို မလာနဲ့တော့၊ လုပ်ထုံးလုပ်နည်းစနစ်ကို တစ်ခါတည်း ပြောလိုက်မယ်။ ကိုယ်ဉာဏ်ရှိသလိုသာ သုံးစားပေတော့ မတော်လောဘတော့ မတက်လေနဲ့'

ဟု ပြောပြီး ပြန်လွှတ်လိုက်လေသည်။

သို့နှင့် ရန်ကုန်ကျောင်းဆရာတော်လေးမှာ ဆရာ ဒကာ အဆက်အသွယ်များနှင့် စာရေးသူတို့၏ နယ်ဘက်တွင် ကျောင်းထိုင်အဖြစ် ကျောင်းအပ်ခံရပြီး ကျောင်းထိုင်ဆရာတော် ဖြစ်လာပါသည်။

စာတတ်ပေတတ် အဟောအပြောကလည်း ကောင်းရာ ရန်ကုန်ကျောင်းဆရာတော်လေးမှာ တစ်ခဏအတွင်း နယ်ကျော်ရပ်သိ ဆရာတော်တစ်ပါး ဖြစ်၍ လာခဲ့ပါသည်။

သို့သော် ဆရာကြီး ဦးသက်ရှည် ချီးမြှင့်ပေးခဲ့သည့် ဓာတ်လုံးကိုတော့ အချိန်ရတိုင်း ဆရာကြီး မှာကြားခဲ့သည့် နည်းစနစ်အတိုင်း ပုံမှန် ဓာတ်ကစားပြီး "**ရွှေပင်လို ရွှေပင်စိုက်**"လမ်း အောင်မြင်ခဲ့လေသည်။

ယခု စာရေးသူ တင်ပြခဲ့သည်တို့မှာ ရန်ကုန်ကျောင်းဆရာတော် ငယ်ဘဝ ရဟန်းပျိုဘဝမှစပြီး စာရေးသူတို့ နယ်ဘက်မှာ ကျောင်းထိုင်ဆရာတော် ဘဝအစအထိ မှတ်တမ်းဖြစ်ပြီး အောင်မြင်မှုအပေါင်း လက်ဝယ်ပိုင်ပိုင် ရခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပါသည်။

ထိုအချိန်အခါမှာတော့ ရန်ကုန်ကျောင်းဆရာတော်လေးသည် ရဟန်းဘဝအနေနှင့်လည်း ကျောင်းထိုင် တရားဟော ဓမ္မကထိကအကျော်အမော် ဖြစ်နေပြီ။

အင်္ဂရတ်ဓာတ်လမ်း ဘက်တွင်လည်း ဆရာကောင်းကို ဉပနိဿယ မှီနိုင်သဖြင့် ဓာတ်လမ်းစဉ်ကလည်း အောင်မြင်ထားလေတော့ အတိုင်းထက်အလွန် တံခွန်နှင့် ကုက္ကား ဆိုစကားသို့ "ရွှေပေါ်မြဆင့်" ဘဝတင့်တယ်နေသည်ဟု ပြောရမည့် အနေအထားမျိုး ဖြစ်ပေသည်။

*[ရှေ့လတွင် ဒုတိယပိုင်းကို ဆက်လက် တင်ပြပေးပါမည်။]*

*ဝါသနာရှင် ပညာသင်များ ပညာပြည့် နှလုံးလှ၍ ကောင်းကျိုးအလိုဆော် အပေါင်း ပြည့်ဝကြပါစေ။*

ဦးမင်းဖေ(ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com

...င်းတော်နှင့် ဂါထာ၊ မန္တန်များ

ဆရာဖြစ်သူတိုင်းသည် မြွေပညာ ...ပြင် အခြားအထွေထွေ ပညာရပ် ...များကိုလည်း သိရှိထားသင့်ပါသည်။

သို့ဖြစ်၍ ဆရာတစ်ဆူအဖြစ် ...ယ်တင့်စေရန် အစွမ်းထက်မြက် ...သော အောက်ဖော်ပြပါ အင်းတော်နှင့် ...ထာ၊ မန္တန်တို့ကို ထည့်သွင်းဖော်ပြ ...ပ်ပါသည်။

...ပွားရေမန်း

'ဥုံ မိဓုမာတာ ဖုဒ္ဓေါဆာယာ စရိဓိ'

အထက်ဖော်ပြပါ ဂါထာ၏အစွမ်း ...တ္တိ မှန်မမှန် သိလိုပါက ပုစွန်လုံး ...င်းကိုကြည့်၍ (၃၇)အုပ် မန်းပါ။ ...)အုပ်စေ့လျှင် ပုစွန်လုံးထွက်၏။

'ဥုံ ဣပလာဝ လသာနသာ ဖုဒ္ဓေါ မဟာပလာဝ ...သာနသာ ဖုဒ္ဓေါ၊ ဖုဒ္ဓေါ ဖုဒ္ဓေါ ဖုဒ္ဓေါမေ ...ဿုပါကာရေ'

အဆိုပါ မန္တန်ကို (၃၇)အုပ် မန်းပြီး ...င်းရေခွက်မှ ရေကို မွေးလူနာအား ...ောက်ချ၊ သပ်ချ၊ တိုက်လျှင် အလွယ် ...တကူ မွေးဖွားပါလိမ့်မည်။

...ဟိတ်မန်း

'ဥုံ အဝသုဿတု "တေ"သရီရေ မံသ ...ဿောဟိတံ'

...သူတစ်ပါးအတွက်ဆိုလျှင် "**တေ**" ...ရွတ်ဆိုရမည်။ မိမိအတွက်ဆိုလျှင် "**တေ**"အစား "**မေ**"ဟု ထည့်၍ ...ွတ်ဆိုရပါမည်။

...ပွားရောဂါဖြတ်မန်း

'ဥုံ အတိကာယ သွားဟာ'

အထက်ပါမန္တန်ကို ကွမ်းရွက်တွင် ...)အုပ်မန်း၍ ကျွေးပါက အဖုအပွားဖြတ် ...ဖြစ်ပါသည်။ လက်တွေ့ ဆောင် ...နိုင်ပါသည်။


...ယ်လုံဂါထာ


အဆိုပါကိုယ်လုံဂါထာသည် ရှေး

နဝလောကုတ္တရာဂိုဏ်းတော်ကြီး၏

# မြွေဖော်ပညာ နှင့်

**ရဲရဲလွန်း (ဟသ်ာတ)** အဆိပ်ကုထုံးကျမ်း (၄)





ဆရာသခင်များ ကိုယ်ရေးကြုံ သက်လုံကောင်းစေရန် ဆောင်ထား အပ်သော ဂါထာတော်ကြီး ဖြစ်ပါသည်။

သူ့ကျွန်ဘဝတွင် နယ်ချဲ့ကို ဆန့်ကျင်တော်လှန်ရ၍ လည်းကောင်း၊ တောပုန်းဓားပြတို့၏ ဘေးရန်မှ လည်းကောင်း ကာကွယ်စောင့်ရှောက်စေရန် အသုံးပြုခဲ့ကြပါသည်။

'စိရံပါလေတု "မံ" ဖုဒ္ဓေါ ဓမ္မော ရက္ခတု မာနသော၊ သံဃောဓာတု သုခံသဗ္ဗံ၊ ဒေဝါမာနေန္တု "မံ" သဒါ'

အထက်ပါ ဂါထာကို (၃၇)အုပ်ရွတ်ပါ။ မိမိအတွက် ကိုယ်လုံအစောင့်အရှောက် ဖြစ်စေပါသည်။

ကိုယ်လုံဂါထာတော်ကြီး ရွတ်ရာတွင် ပစ္စည်းဥစ္စာကို အကာအကွယ်ယူလိုပါက "**မံ**"နေရာတွင် "**တံ**"ဟု ထည့်သွင်း ရွတ်ဆိုရပါမည်။ အစောင့်အရှောက် ထင်ရှားပါလိမ့်မည်။

ညအိပ်ရာဝင်တိုင်း (၉)ခေါက် မှန်မှန် ရွတ်ဆိုအိပ်ပါက ရန်သူမျိုးငါးပါး အနှောင့်အယှက် ကင်းဝေးပါလိမ့်မည်။

ရောဂါကုပွဲတွေ့ မန္တန်တော်ကြီး

'ဥုံ သစ်ပင်စောင့်ကြပ် ရုက္ခနတ်၊ မြေတွင်စောင့်ကြပ် ဘုမ္မိနတ်၊ ဆေးမည်ကားကျော်ကျော်ဟိုးဟိုး၊ တန်ခိုးကောင်းကင်ရောက်ပါစေ၊ အကြံငါတည်း မြောက်ပါစေ။ စုန်းလည်းမတော် ကြံချေသော်လည်း ဆေးမွန်စိုက်စိုက် ခါးတောင်းကျိုက်၍ လိုက်ပါလေမင်း။

နတ်မင်း မတော်ကြံကျူးသော်လည်း ဆေးမွန်ထောင်သောင်း နတ်ရင်ခေါင်းမှာ၊ ဥုံ ဆေးမင်းတိုက်၊ ဥုံဆေးမင်းဆိုက်၊ ဥုံ ဇောက်ထိုးအလိမ့်ကျ၊ ပြန်ဆြာပြန်၊ လှန်ဆာလှန်'

အထက်ပါ ရောဂါကု ပွဲတွေ့မန္တန်တော်ကြီးများမှာ ဆရာသခင်များ စီရင်ထားခဲ့သော ဂါထာတော်ကြီး ဖြစ်ပါသည်။

အစွမ်းသတ္တိမှာ အပင်းအလုံးရှိသူအတွက် ယင်းမန္တန်နှင့် ရေကို မန်းတိုက်၊ ဆီကိုမန်း၍လိမ်း၊ အပင်းကျေ၊ အလုံးကျေ၍ အပင်းအလုံးကျေ၏။

ရွာပယောဂ၊ တောပယောဂ အပါအဝင် မည်သည့် ပယောဂမျိုးမဆို ပူးကပ်နေသော်လည်း ထိပ်က မန်းချပါ။ နိုင်နင်းပါသည်။ ယုံကြည်လေးနက်စွာ ဉာဏ်ရှိသလို အသုံးပြုပါလေ။

ဆေးတိုက်တန်ပြန်(တံပြု)

'ဥုံ ကျိုက်ကရှောင်၊ ကျိုက်ကနဲ့ ထွေ့ရှောင်



www.burmeseclassic.com

www.burmeseclassic.com



ခရောင်၊ နင်တို့အတတ်ပြန်၊ စုန်းတို့ကြံက
စုန်းသို့ပြန်စေ၊ နတ်တို့ကြံက နတ်တို့ပြန်စေ၊
တဇင်ကြံက ကံမှောက်လေ၊ ရဟန်းကြံက
ထီးကျိုးလေ၊ တောင်သူကြံက ထွန်ကွဲလေ၊
နွားလဲလေ၊ အောင်ကလိုက် ဇွေ့ရောင်
ခနောင်၊ နင်တို့အတတ် ပြန်ဖြောပြန်၊ လှန်
ဖြောလှန်'

ပယောဂ အတိုက်အခိုက်များကို တန်ပြန်သော **မန္တန်တော်ကြီး** ဖြစ်ပါသည်။ ကိုယ့်အတတ်နှင့် ကိုယ်ပြန်စူးသော အတတ်ပညာ ဖြစ်ပါသည်။ လိုအပ်မှသာ ဆရာများ အသုံးပြုကြသည်။

ပယောဂ ကုသရာတွင် အသုံးပြုသော ဆေးတော်များကို အထက်ပါ မန္တန်နှင့် ရေကိုမန်း၍ တိုက်နိုင်သည်။ တံပြံ(တန်ပြန်)အကျော် မန္တန်တော်ကြီး ဖြစ်ပါသည်။

**ရောဂါစစ်ဆေးသည့်မန္တန်**

'ဥုံ ကေပုတ္တံ မာတာပိယ သုဂတော
လောကဝိဒူ တရယာဓိ ဿောဥတ္တိ'

အထက်ပါ ရောဂါစစ်ဆေးသည့် မန္တန်မှာ လူနာအား စေ့စေ့ကြည့်၍ (၇)ခေါက်မန်းပါ။ ပယောဂမှန်လျှင် လူနာ ငိုပါသည်။


ရှေ့လတွင် အလမ္ဗာတ အထက်ဆရာ့ဆရာကြီးများ အမည်စာရင်းနှင့် ကျမ်းပြုသူ၏ နိဂုံးချုပ်ဆုတောင်းကို ဆက်လက်ဖော်ပြပါမည်။


✻ ✻ ✻ ——————→

**မှတ်ချက် ။ ။ နဝလောကုတ္တရာ ဂိုဏ်းတော်ကြီး၏ မြွေမှော်ပညာနှင့်**

နဝလောကုတ္တရာဂိုဏ်းတော်ကြီး၏ မြွေမှော်ပညာနှင့် အဆိပ်ကုထုံးကျမ်းတွင်
ဖော်ပြထားသော အင်းတော်ကြီးများနှင့် ပညာခွင်များ

## စမ္မနဝအင်းတော်





ကေပြင့်ပိုရ်၊ ဒွေ စန္ဒသုရိယာ၊ တြိ ပိဋက သုံးပုံ
စတု သစ္စာလေးပါး ပဥ္စ ပဥ္စဝဂ္ဂါတာ တရားငါးပါး
'ဆ'အာသာဝါရဏာခြောက်ပါး သတ္တဗောဇ္ဈင်ခုနစ်ပါး
အဋ္ဌ မဂ္ဂင်ရှစ်ပါး နဝဂုံယုံလေ၊ မင်းကြီးနှင့် သံခြေကျင်း
အကွင်းကျွတ်၍ လွတ်နေကြအင်း။ စမ္မနဝင်း လိုရာမှာသုံး...

## ၁၂ ခွင် ဆေးချက်အက္ခရာများ

ဒ္ဓိ

ဘယ်ဘက် | ဦးခေါင်း | ညာဘက်



(ကုပ်)

**နေတြာ** (လက်ပြင်)



(တံတောင်ဆစ်)

**နေတြာ** (လက်ပြင်)




(တံတောင်ဆစ်)



(လက်ကောက်ဝတ်အတွင်းအောက်ဘက်)






(လက်မနှင့်လက်ညှိုးကြား ဂွဆုံ)




**အာဝိ** (ဒူးထိပ်)

**အာဝိ** (ဒူးထိပ်)



(ခြေခုံ)



(ခြေခုံ)

လက်ခွ၊ လက်ချောင်း။ လက်ဝါးစောင်း။ ခြေခွ၊ ခြေချောင်း။ ခြေဖနောင့်...
အစက်(၃)စက်၊ (၅)စက်တန်း ထိုးပေးပါ။

(၁၂)ခွင်ကို အခါတွင်း သုံးနှစ်ဆက်တိုက် သုံးကြိမ်ထိုးနိုင်ရင် အကောင်း...
ဖြစ်သည်၏။ ပို၍ ယုံကြည်စိတ်ချရသည်။


စနေ၊ တနင်္ဂနွေနေ့သည် ဆေးထိုးရန် အကောင်းဆုံးနေ့ဖြစ်သ...



www.burmeseclassic.com

www.burmeseclassic.com

## 'ဗောဓိပက္ကိယအင်းတော်ကြီး'




စတ္တာရော သတိပဋ္ဌာနာ တိဌ္ဌတု
စတ္တာရော သမ္မပ္ပဓာနာ တိဌ္ဌတု
စတ္တာရော ဣဒ္ဓိပါဒါ တိဌ္ဌတု
ပဥ္စ ဣန္ဒြိယာနိ တိဌ္ဌတု
ပဥ္စ ဗလာနိ တိဌ္ဌတု
သတ္တ ဗောဇ္ဈင်္ဂါနိ တိဌ္ဌတု
အဋ္ဌ မဂ္ဂင်္ဂါနိ တိဌ္ဌတု
နဝလောကုတ္တရာ ဓမ္မာ တိဌ္ဌတု

နံ့သင့်အသားတွင် ချ၍ဆောင် ကာယ၊ ပီယ၊ ဓန မှစ၍ အကျိုးအနန္တ ...ှိသည်။ မှိုင်းခံစက္ကူတွင် ချ၍ ရောဂါရှိသူကို တိုက်၊ လူတိုက်၊ နတ်တိုက်၊ ...နေးတိုက်၊ အတိုက်ဟူသမျှနှင့် ပြုစားခြင်း အမျိုးမျိုးတို့ကို နိုင်၏။ ...ဘာဏ်ရှိတိုင်းသုံး။

## သဗ္ဗသိဒ္ဓိအင်းတော်ကြီး





ဣတိပိသော ဝိသေသောဣ
ဣသေသေ ပဗ္ဗာနာမိဣ
ဣမိနာဘုမ္မိ တံသောဣ
ဣသောတံ ဗုဒ္ဓိပိတိဣ

သံသာရ စက္ကဝိဒ္ဓံသံ
သံသုဒ္ဓမသသ ဩရသံ
သံဆိန္နကံ ဘဝေအာသံ
သံဃံအပိ သုမာနသံ

ကြေးကမ္ဘဝါပြားတွင် မောင်းစည်ထိုး၍ ဆောင်လေ၊ ဆရာတိုင်း ...ဆောင်ထားသင့်သော အင်းကောင်းတစ်ချပ်ဖြစ်သည်။

**...ဆီပ်ကုထုံးကျမ်းကို ဖော်ပြခွင့်ပြုသော ဆရာထွန်းထွန်း (ပုသိမ်)အား ...ကျေးဇူးတင်ရှိပါသည်။**

**ရဲရဲထွန်း(ဟင်္သာတ)**


စာမျက်နှာ (၂၁၃)မှ အဆက်

သိပ်မမှားဘူး။

ဒါပေမယ့် အသားဖြူသူကို "မ" အက္ခရာ နှစ်လုံးဆင့် နာမည်ပေးခြင်း။ သောမအက္ခရာကို "မြင့်" ဆိုပြီး သံတိုသံပြတ်နဲ့ နာမည်ပေးခြင်း။ မရဏဌာနက ကြာသပတေးနံအက္ခရာ (၂)လုံးဆင့် နာမည်ပေးခြင်းတို့ဟာ နာမည်ကို တော်တော် ညံ့သွားစေပါတယ်။ အိမ်ထောင်ရေးနဲ့ ကျန်းမာရေး နှစ်မျိုးစလုံးဖြစ်စေ၊ အနည်းဆုံး တစ်မျိုးဖြစ်စေ ပျက်ပြားစေပါတယ်။

ဒီနာမည်မျိုးကို လက်မှတ်ရွေးထိုးရင် အထွန်းဌာနက တနင်္ဂနွေနံ အက္ခရာ "**အေး**"ကို ရွေးထိုးတာ မှန်ပါတယ်။ ဒါကြောင့် လက်မှတ်သင်္ကေတကောင်းအောင် ပြုပြင်ထိုးရုံပါပဲ။

* * *



- ✤ သဝေထိုးကို ငွေအိတ်သဏ္ဍာန်ဖြစ်အောင် ထိုးရမယ်။
- ✤ အညွန့်နေရာမှာ ပွင့်ဖတ်(၆)ခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်ရမယ်။ (အဓိပတိဌာနက သောကြာနဲ့ တွဲထားတာပါ)
- ✤ လက်မှတ်အောက်က မျဉ်းမသားရဘူး။
- ✤ လက်မှတ်ရဲ့ အညွန့်ဟာ (၆၀)ဒီဂရီလောက် ညာဘက်အထက်ကို စောင်းရမယ်။

***(ဒီတစ်လ ဒီမျှနဲ့သာ ကျေနပ်နိုင်ကြပါစေ...)***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြင့်**
***(ဥပဒေဘွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com


www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသ

၁။ * * *



ယခုလအတွက် နံပါတ်(၁) နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ ''မဝင်းဝင်းကြည်''ခေါ်တဲ့ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

နာမည်ရှေ့နှစ်လုံး ''ဝင်းဝင်း''ကို လက်မှတ် ရွေးထိုးထားကြောင်း ပြောပြတယ်။

'ပိုင်ဆိုင်သမျှတွေ လူလိမ်ခံရလို့ ကုန်ပြီ လူကလဲ လေဖြတ်ခံထားရတယ်'

ထိုးမြဲလက်မှတ်ပိုင်ရှင်က မျက်ရည်စက်လက်ဖြင့် ပြောပြခြင်း ဖြစ်ပါတယ်။ ငွေအိတ်ပေါက်သင်္ကေတ လက်မှတ်မျိုးဟာ ကံညံ့တဲ့အချိန်ဆို ဒီလိုပဲ ဒုက္ခပေးတတ်တယ်။

သူမရဲ့ **မွေးသက္ကရာဇ်က ၁၃၃၄ ခု၊ နယုန်လ၊ ဗုဒ္ဓဟူးဖွား**ဖြစ်လို့ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ် ချကြည့်ရင်အောက်ပါအတိုင်းတွေ့ရတယ်။

* * *[နံပါတ်–၁]

ဗုဒ္ဓဟူး ဘင်္ဂဠာနဖွားကို ဗုဒ္ဓဟူးအစ တနင်္လာအဆုံး အပြင်မိတ်ဖြိုဟ်တွဲ၊ **ဘင်္ဂ+ရာဇ= အနိဋ္ဌ+ဣဋ္ဌ** နာမည်ပေးထားခြင်း၊ နာမက္ခရတိုင်စဉ် မှန်ခြင်းတို့ကြောင့် နာမည်ပေးမှန်ပါတယ်။


ဒါပေမယ့်...

ဘင်္ဂအပျက်ဌာနက ဗုဒ္ဓဟူးနံ အက္ခရာစာလုံး နှစ်လုံးဆင့် နာမည်ပေးခြင်း မှားပါတယ်။ ညံ့ပါတယ်။

ထိုးမြဲလက်မှတ်ကလဲ အဲဒီဘင်္ဂဌာနက ဗုဒ္ဓဟူးနံအက္ခရာစာလုံး နှစ်လုံးဆင့် ရွေးထိုးထားလို့ ညံ့သွားပါတယ်။

ဒီလိုနာမည်မျိုးမှာ **''ဝင်း''တစ်လုံး**ကို ဖြုတ်သင့်တယ်။ လက်မှတ်ထိုးရင် ရာဇဌာနက တနင်္လာနံအက္ခရာစာလုံး **''ကြည်''**ကို ရွေးထိုးသင့်တယ်။

* * *



✤ ပွင့်ဖတ်(၃)ခုပါတဲ့ ပန်းပွင့်သင်္ကေတထည့်ပါ။
✤ ငွေအိတ်သင်္ကေတ' တည့်တည့်ကြီးကြီး



လှလှဆွဲပါ။
✤ လက်မှတ်အောက်က မျဉ်းမသား...

၂။ * * *




ယခုလအတွက် နံပါတ်(၂)... မှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလ... ပိုင်ရှင်ကတော့ **''ဖေယျာမောင်''**... တဲ့ အမျိုးသားတစ်ဦး ဖြစ်ပါ...

'အချစ်ရေး အိမ်ထောင်ရေး... အယုဉ်ပြိုင် များလွန်းတယ်... များတယ်။ အမြဲစိတ်ညစ်နေရ...

ထိုးမြဲလက်မှတ်ပိုင်ရှင်ရဲ့ ... စကားဖြစ်ပါတယ်။ ထိုးမြဲလ... ပုံသဏ္ဌာန်မကောင်းပါဘူး။ ... သင်္ကေတတွေ ရှိတဲ့အပြင် ... နောက်ပြန်ဆွဲထားတာ မ... ဘူး။

ထိုးမြဲလက်မှတ်ရှင်ရဲ့ **မွေး**...






www.burmeseclassic.com

www.burmeseclassic.com

**က ၁၃၄၇ ခု၊ ဝါဆိုလ၊ အင်္ဂါဖွား**ဖြစ်လို့ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ်ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရတယ်။

* * *[နံပါတ်– ၂]

ဆိုတဲ့ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။ နာမည် နောက်ဆုံးစာလုံးကို "**အေး**" ကို မြန်မာလို လက်မှတ်ရွေးထိုးထား တာပါ။

'ကျန်းမာရေး ချူချာတတ်။ ငွေမပြတ်။

နံပါတ်– ၂

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

(မူလမဟာဘုတ်)

၂


| | |
|---|---|
| ၁ | ၀ |
| ၆ | ၅ |
| ၄ | ၃ |

(နာမက္ခရတိုင်)

အင်္ဂါဘင်ဖွားကို အင်္ဂါအစ **ဗုဒ္ဓဟူး အလယ်၊ ကြာသပတေးအဆုံး** နာမည်ပေးထားတာ **အနိဋ္ဌ+အနိဋ္ဌ+ဣဋ္ဌ**ဖြစ်လို့ နည်းနည်းပဲ ကောင်းတယ်။ နာမက္ခရ တိုင်စဉ်မှန်တယ်။


ထိုးမြဲလက်မှတ်ထိုးရင် "**မောင်**" တစ်လုံးတည်း ထိုးမှ ပိုကောင်းမယ်။

* * *



✤ လက်မှတ်အောက်က မျဉ်းမသားရဘူး။
✤ ငွေအိတ်သင်္ကေတ လှလှကြီးကြီး ဆွဲရမယ်။

၃။ * * *



ယခုလအတွက် နံပါတ်(၃)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **"မမြင့်မြင့်အေး"**

အိတ်ပေါက်နဲ့ ဖားကောက်နေရသလိုပါပဲ'

ထိုးမြဲလက်မှတ်ပိုင်ရှင်ရဲ့ လက်ရှိကြုံတွေ့နေရတဲ့အခြေအနေကို ပြောပြခြင်း ဖြစ်ပါတယ်။

သူမရဲ့ ထိုးမြဲလက်မှတ်ကို ကြည့်ရင် ပုံသဏ္ဌာန်ညံ့ပါတယ်။ "**သဝေထိုး**"က ခွက်မှောက်သင်္ကေတ ဖြစ်နေပြီး လက်မှတ်အဆုံးက အောက်ကျနေတယ်။ အောက်မျဉ်းပိတ်က ရေတံလျှောက်ပုံ ဖြစ်နေတယ်။ အဲဒါတွေဟာ ချို့ယွင်းချက်တွေပေါ့။

သူမရဲ့ **မွေးသက္ကရာဇ်က ၁၃၃၉ခု၊ တပို့တွဲလ၊ ကြာသပတေးဖွား**ဖြစ်လို့ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရမယ်။

* * *[နံပါတ်– ၃] ⟶

ကြာသပတေး မရဏဖွားကို **ကြာသပတေးအစ၊ တနင်္ဂနွေအဆုံး မရဏ + အထွန်း= အနိဋ္ဌ + ဣဋ္ဌ** နာမည်ပေးထားတယ်။ နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန်ဖြစ်တယ်။ နာမည်ပေး



နံပါတ်– ၃

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

(မူလမဟာဘုတ်)

၁

| | |
|---|---|
| ၇ | ၆ |
| ၅ | ၄ |
| ၃ | ၂ |

(နာမက္ခရတိုင်)

အပြန် အဆန်

၂ ၃ ၄ (၅) ၆ ၀ ၁

(ဝုဒ္ဓိ)



စာမျက်နှာ (၂၁၁) သို့

www.burmeseclassic.com

www.burmeseclassic.com

## တနင်္ဂနွေ

**စီးပွားရေး**။ ယှဉ်ပြိုင်ဘက်များနှင့် တွေ့ရသော်လည်း မိမိက အောင်မြင်မည်။ ဆေးဝါးထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ စီးပွားဖြစ်ထွန်းမည်။ လျှပ်စစ်ပစ္စည်း အမြတ်များမည်။
**ဝန်ထမ်းရေးရာ**။ အလုပ်များသည့်ကြားမှ မလိုသူတို့၏ တိုင်ကြားမှုကြောင့် ပြဿနာဖြေရှင်းရမည်။ မိမိ၏ ရိုးသားမှု၊ ကြိုးစားမှုများ ပေါ်လွင်ပါလိမ့်မည်။
**အိမ်တွင်းရေး**။ အိမ်ထောင်ဖက် ခရီးထွက်ရမည်။ သားသမီးများနှင့်ပတ်သက်၍ သတင်းကောင်း ကြားရမည်။ မိသားစု ကျန်းမာပျော်ရွှင်ရလိမ့်မည်။
**အချစ်ရေး**။ အချစ်ရေးတွင် အောင်မြင်မည်။ ချစ်သူရွေးမယ် ချစ်ဝဲလည်ဖြစ်နေလိမ့်မည်။ သစ္စာရှိရှိ ချစ်ဖို့တော့ လိုပါမည်။
**ပညာရေး**။ အချစ်ရေးကြောင့် ပညာရေးတွင် အားနည်းရလိမ့်မည်။ ချစ်တော့ချစ်ပါ။ ပညာရေးကိုတော့ လျစ်လျူမရှုပါနှင့်။
**ကျန်းမာရေး**။ ကျန်းမာရေး ကောင်းမွန်ပါသည်။ ရုတ်တရက် အအေးမိ နှာစေး ချောင်းဆိုး ဖြစ်တတ်၍ အအေးမမိပါစေနှင့်။
**ဆောင်ရန်ရက်များ**။ ၂၊ ၄၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၇၊ ၂၀၊ ၂၂၊ ၂၆၊ ၂၈၊ ၃၀။
**ရှောင်ရန်ရက်များ**။ ၃၊ ၅၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၂၉။
**ထီထိုးရန်ရက်များ**။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၅၊ ၁၆၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈၊ ၃၁။
**ထီထိုးရန်ဂဏန်းများ**။ ၁၊ ၂၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူဆူတွင် ပေါက်ပြုပန်း(၆)ပွင့် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

## တနင်္လာ

**စီးပွားရေး**။ လုပ်ငန်းများ ကောင်းမွန်အောင်မြင်သော်လည်း စစ်ဖက်၊ ဆေးဖက်၊ စာရင်းဖက် ဆိုင်ရာလုပ်ငန်းများ ရုတ်တရက် အခက်အခဲတွေ့ရတတ်သည့် စုံစမ်းစစ်ဆေးမှု ခံရတတ်သည်။
**ဝန်ထမ်းရေးရာ**။ အထက်လူကြီးများ၏ ကူညီပံ့ပိုးမှုဖြင့် အောင်မြင်ပါလိမ့်မည်။ စာရင်းဇယားနှင့် ပတ်သက်၍ မှားယွင်းမှု ရှိတတ်၍ အထူးသတိရှိပါ။
**အိမ်တွင်းရေး**။ အိမ်တွင်းရေး အဆင်ပြေ သာယာမည်။ သားသမီးတို့နှင့် ပတ်သက်၍ ငွေကုန်ကြေးကျများမည်။ မြေကိစ္စ၊ အမွေကိစ္စတို့ကြောင့် စိတ်ညစ်ရတတ်သည်။
**အချစ်ရေး**။ ချစ်သူ ခရီးဝေးသို့ ထွက်သွားတတ်သည်။ ငွေကြေးရှာဖွေရန် ဖြစ်လိမ့်မည်။ သစ္စာရှိရှိ ချစ်ဖို့တော့ လိုပါသည်။
**ပညာရေး**။ ပညာရေး ကံဇာတာ တက်နေသောကာလဖြစ်သည်။ အချစ်ရေး ဝင်နှောင့်တတ်၍ အထူးဆင်ခြင်ပါ။
**ကျန်းမာရေး**။ လူက ကျန်းမာသော်လည်း စိတ်မချမ်းသာ ဖြစ်ရတတ်သည်။ စိတ်ထောင်းကိုယ်ကြေ ဖြစ်တတ်သည်။
**ဆောင်ရန်ရက်များ**။ ၂၊ ၄၊ ၈၊ ၁၀၊ ၁၂၊ ၁၆၊ ၁၈၊ ၂၀၊ ၂၄၊ ၂၆၊ ၂၈၊ ၃၁။
**ရှောင်ရန်ရက်များ**။ ၃၊ ၅၊ ၉၊ ၁၁၊ ၁၃၊ ၁၇၊ ၁၉၊ ၂၁၊ ၂၅၊ ၂၇၊ ၂၉။
**ထီထိုးရန်ရက်များ**။ ၂၊ ၆၊ ၁၀၊ ၁၂၊ ၁၄၊ ၁၅၊ ၁၈၊ ၂၀၊ ၂၂၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။
**ထီထိုးရန်ဂဏန်းများ**။ ၂၊ ၄၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်မှ (၃၁)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်ခြည်



**အဆောင်ယတြာ**။ ကလေးများကို နို့ထမင်းခေါ် နို့ဆန်ပြုတ် အဝကျွေးပါ။ ပိုလျှင် ခွေးများကိုပါကျွေးပါ။

## အင်္ဂါ

**စီးပွားရေး**။ အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ၊ အသင့်ချုပ်ပြီး အဝတ်အထည်များ၊ အလှကုန်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ အိမ်၊ အိမ်ခန်းလုပ်ငန်းများ အမြတ်နည်းမည်။
**ဝန်ထမ်းရေးရာ**။ တာဝန်ယူထားရသော လုပ်ငန်းများ အချိန်မီ မပြီးစီး၍ အထက်လူကြီး၏ အပြစ်တင်မှု ခံရမည်။ ဝီရိယနှင့် ကြိုးစားပါ။
**အိမ်တွင်းရေး**။ အိမ်တွင်းရေးတွင် သဘောထားချင်း မတိုက်ဆိုင်၍ စကားများရတတ်သည်။ သားသမီးများကြောင့် ငွေကြေးအကုန်အကျ များမည်။
**အချစ်ရေး**။ ချစ်သူရှိပြီးသူများ ချစ်သူ ထပ်မံတွေ့ရကိန်းရှိသည်။
**ပညာရေး**။ ပညာရေးမှာ မပေါ့ဆပါနှင့်။ ကြိုးစားပါ။ အချစ်ရေးတွေ အခြားအရေးတွေကို ဘေးဖယ်ထားပါ။
**ကျန်းမာရေး**။ ခေါင်းမူးခေါင်းကိုက် ဝေဒနာ ခံစားရတတ်သည်။ (၁၀)ရက်ကျော်မှ သက်သာမည်။
**ဆောင်ရန်ရက်များ**။ ၂၊ ၆၊ ၈၊ ၁၀၊ ၁၄၊ ၁၆၊ ၁၈၊ ၂၂၊ ၂၄၊ ၂၆၊ ၃၀။
**ရှောင်ရန်ရက်များ**။ ၃၊ ၇၊ ၉၊ ၁၁၊ ၁၅၊ ၁၇၊ ၁၉၊ ၂၃၊ ၂၅၊ ၂၇၊ ၂၉။
**ထီထိုးရန်ရက်များ**။ ၄၊ ၅၊ ၈၊ ၁၂၊ ၁၃၊ ၁၆၊ ၂၀၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈၊ ၃၁။
**ထီထိုးရန်ဂဏန်းများ**။ ၂၊ ၆၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ မိရှယ်ဖရှယ်မှစ၍ သက်ကြီးရွယ်အိုများအား ဆေး... အစားအစာ လှူဒါန်းကျွေးမွေးပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး**။ လုပ်ငန်းများ အောင်မြင်တိုးတက်မှု ရှိသော်လည်း ... ငွေကြေးများ နှောင့်နှေးနေရတတ်သည်။ အိုးအိမ်ဆောက်လုပ်... လုပ်ငန်းများ ပြီးစီးသော်လည်း ရောင်းချရေးမှာ နှောင့်နှေးနေရတတ်သည်။
**ဝန်ထမ်းရေးရာ**။ မိမိ ဦးစီးတာဝန်ယူထားသော လုပ်ငန်းများ ပြီး... အောင်မြင်သော်လည်း အစီအရင်ခံစာတင်ဖို့ နောက်ကျနေတတ်သည်။ မိမိ တာဝန်မဖြစ်ရလေအောင် ကြိုတင် တင်ပြရှင်းလင်းထားပါ။
**အိမ်တွင်းရေး**။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ အိမ်ထောင်ဖက် အလုပ်အကိုင်ကောင်းမည်။ သားသမီးများ၏ ပညာရေး က...



www.burmeseclassic.com

www.burmeseclassic.com

ရေး၊ စီးပွားရေး ကောင်းမွန်မည်။

**အချစ်ရေး။** ။ အချစ်ရေးတွင် အဆင်မပြေတာလေးတွေ တွေ့ရတတ်သည်။ ဂုဏ်သိက္ခာ၊ ငွေကြေးတို့နှင့် ပတ်သက်တတ်သည်။

**ပညာရေး။** ။ ပညာရေးမှာ ကြိုးစားရလိမ့်မည်။ အဝေးခရီးသင်တန်းတက်ရန် သွားရလိမ့်မည်။ အောင်မြင်မှု ရရှိပါမည်။

**ကျန်းမာရေး။** ။ခြေလက်တို့ ထိခိုက်မိတတ်၍ သွားလာလုပ်ကိုင်ရာတွင် သတိကြီးစွာထားပါ။

**ဆောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၈၊ ၁၂၊ ၁၄၊ ၁၆၊ ၂၀၊ ၂၂၊ ၂၄၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၅၊ ၇၊ ၉၊ ၁၃၊ ၁၅၊ ၁၇၊ ၂၁၊ ၂၃၊ ၂၅၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၆၊ ၁၀၊ ၁၁၊ ၁၄၊ ၁၈၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၇၊ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၄၊ ၆၊ ၈ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ အိမ်ရှိဘုရားတွင် ကသစ်ပန်း(၈)ပွင့် (သို့မဟုတ်) စံပယ်ပန်း(၈)ကုံးကို ကပ်လှူပူဇော်၍ လိုရာဆုတောင်းပါ။

## ကြာသပတေး

**စီးပွားရေး။** ။ အလုပ်များ ပုံမှန်လုပ်ကိုင်နေရသော်လည်း ငွေဝင်ကောင်းမည်။ မရသေးသောငွေများ ရရှိခြင်း၊ ကြွေးမြီများ လာရောက်ဆပ်သောကြောင့် ငွေဝင်ကောင်းနေမည်။

**ဝန်ထမ်းရေးရာ။** ။ အလုပ်များကို ပုံမှန်လုပ်ကိုင်နေရမည်။ လုပ်ငန်းနှင့် ပတ်သက်၍ ခရီးသွားရခြင်း (သို့မဟုတ်) အလုပ်နေရာပြောင်းရွှေ့ရခြင်းတို့ရှိမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာသော်လည်း သားသမီးတို့အတွက် စိတ်ပူပန်ရတတ်သည်။ နှစ်ဖက်ဆွေမျိုးများကြောင့် ထွက်ငွေများတတ်သည်။

**အချစ်ရေး။** ။ အချစ်ရေးအောင်မြင်မည်။ ချစ်သူတစ်ယောက်မကတွေ့ရ၍ အရွေးရခက်နေမည်။

**ပညာရေး။** ။ ပညာရေး ကံဇာတာ မြင့်နေသော ကာလဖြစ်သလို အချစ်ရေးလည်း စန်းပွင့်တတ်သည်။ ပညာရေးကိုလည်း ဦးစားပေးပါ။

**ကျန်းမာရေး။** ။အဆစ်အမျက်များ နာကျင်ကိုက်ခဲတတ်၍ ပင်ပန်းသောအလုပ်များကို လျှော့လုပ်ပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၆၊ ၉၊ ၁၁၊ ၁၂၊ ၁၅၊ ၁၇၊ ၁၈၊ ၂၁၊ ၂၃၊ ၂၄၊ ၂၇၊ ၂၉၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄ ၇၊ ၁၀၊ ၁၃၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၂၀၊ ၂၃၊ ၂၆၊ ၂၉၊ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၅၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ကံ့ကော်ညွန့် (၁၅)ညွန့်ကို အိမ်ရှိ မြတ်စွာဘုရားအား ကပ်လှူပူဇော်ပါ။ လိုရာဆုတောင်းပါ။

## သောကြာ

**စီးပွားရေး။** ။ စစ်ဖက်၊ ဆေးဖက်နှင့် ဖူးပေါင်းလုပ်သော လုပ်ငန်းများ အောင်မြင်မည်။ ယှဉ်ပြိုင်လုပ်ရသော လုပ်ငန်းများ၊ ဆန်စပါးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်။

**ဝန်ထမ်းရေးရာ။** ။ အလုပ်နှင့် သက်ဆိုင်သော ခရီးသွားရကိန်းရှိနေမည်။ သို့မဟုတ် အလုပ်နေရာ ပြောင်းရွှေ့လုပ်ကိုင်ရကိန်း ရှိနေသည်။







ငွေကြေးအရနည်းနေဦးမည်။

**အိမ်တွင်းရေး။** ။ အိမ်ထောင်ဖက် ခရီးသွားရကိန်း ရှိနေသည်။ ခရီးထွက်လျှင် ငွေရမည်။ ပညာအတွေးအခေါ် အယူအဆ ခိုက်နေသော ကာလဖြစ်၍ စဉ်းစားဆင်ခြင်ပြီးမှ လုပ်ကိုင်ပါ။

**အချစ်ရေး။** ။ အချစ်ရေးကတော့ ဟိုမရောက် ဒီမရောက်ဖြစ်နေမည်။ချစ်သူအလိုရှိတာကို လိုက်လျောပေးနိုင်အောင်ကြိုးစားပါ။

**ပညာရေး။** ။ ပညာရေးတွင် အတော်လေး ကြိုးစားရလိမ့်မည်။ ပညာခိုက်နေသောကာလဖြစ်၍ကြိုးစားနိုင်မှတော်ကာကျမည်။

**ကျန်းမာရေး။** ။ ဗိုက်အောင့်ဗိုက်နာ ဖြစ်တတ်၍ အအေးမမိအောင်နေပါ။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၆၊ ၈၊ ၁၁၊ ၁၂၊ ၁၄၊ ၁၇၊ ၁၈၊ ၂၀၊ ၂၃၊ ၂၄၊ ၂၆၊ ၂၉၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၇၊ ၉၊ ၁၀၊ ၁၃၊ ၁၅၊ ၁၆၊ ၁၉၊ ၂၁၊ ၂၅၊ ၂၇၊ ၃၁။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၆၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၆၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၅၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဖယောင်းတိုင်ထောင်ရုပ်တစ်ရုပ်ကို ဈေးမဆစ်ဘဲ ဝယ်၍ မိမိစာတ်ပုံတွင် သရဏဂုံသုံးပါးကိုရေး၍ ပြဒါးတစ်မတ်သားထည့်၍ အမြင့်တစ်နေရာတွင် ချိတ်ဆွဲထားပါ။

## စနေ

**စီးပွားရေး။** ။ လျှပ်စစ်ပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ ရွှေလုပ်ငန်း၊ ရွှေပန်းထိမ်လုပ်ငန်း အမြတ်အစွန်းများမည်။ အိမ်ခန်းများ အရောင်းသွက်မည်။

**ဝန်ထမ်းရေးရာ။** ။ဝန်ထမ်းများ မိမိက တာဝန်ယူထားသော လုပ်ငန်းများ အောင်မြင်မည်။ အထက်လူကြီး၏ ချီးမြှင့်မှု ရရှိမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေ သာယာမည်။ သားသမီးများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကောင်း၍ ဝန်ထမ်းလုပ်သော သားသမီးများ ရာထူးတိုးတက်မည်။

**အချစ်ရေး။** ။ ချစ်သူရှိသူ ဖြစ်ပါက အချစ်သစ် မရှာသင့်ပါ။ မိမိထက် အသက်ငယ်သော ချစ်သူ၏ အထင်အမြင်လွဲမှားပြီး အစွပ်အစွဲခံရတတ်သည်။

**ပညာရေး။** ။ အချစ်ရေးကြောင့် ပညာရေးကို ထိခိုက်ခံရတတ်၍ ချစ်လည်းချစ်ပါ။ ပညာရေးကိုလည်း မပစ်ပယ်ပါနှင့်။

**ကျန်းမာရေး** ။ ။ အကြောတက်ခြင်း၊ အကြောနာခြင်းတို့ ဖြစ်တတ်၍ ကိုယ်လက်လှုပ်ရှားရာတွင်၊ အလုပ် လုပ်ရာတွင် သတိထား လုပ်ကိုင်ပါ။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၃၊ ၆၊ ၈၊ ၉၊ ၁၂၊ ၁၄၊ ၁၅၊ ၁၈၊ ၂၀၊ ၂၁၊ ၂၄၊ ၂၆၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ။** ။ ၅၊ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၃၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ မုန့်လက်ကောက် အနည်းဆုံး(၇)ခုကို အိမ်သူအိမ်သားများအား ကျွေးမွေးဒါနပြုပါ။

*ကျန်းမာ ချမ်းသာပါစေ။*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com

# ခါးပိုက်နှိုက်ဘေး အေးပြီလား



ကျွန်ုပ်သည် ခါးပိုက်နှိုက်ခံမှု (၃)ခါ ခံရဖူးသည်။ တစ်ခါက သခင်မြပန်းခြံ မှတ်တိုင်မရောက်မီ လခထုတ်ပြီးငွေ အားလုံး အနှိုက်ခံရ၏။

မျက်မှန်အသစ်ဝယ်ပြီးစ ပုဇွန် တောင်ဘူတာ မဝင်မီ ရထားပေါ်မှာ မျက်နှာမှချွတ် အလစ်သုတ်ခံရ၏။

မကွေးမှ ညီမအငယ်ဆုံး မျက်စိ ရောဂါကုသဖို့ အထက်ပန်းဆိုးတန်း လမ်းရှိ နားနှာခေါင်းလည်ချောင်း ဆေးရုံကြီးမှ ဆရာဝန် ဆေးစာအရ မင်္ဂလာဈေးမှတ်တိုင်အဝင် ငွေအနှိုက် ခံရ၏။

ခါးပိုက်နှိုက်ဆိုတာ ချိုနဲ့လား၊ အမြီး နဲ့လား၊ အတောင်နဲ့လား၊ မိန်းမလား၊ ယောကျ်ားလား၊ ဘယ်လိုအစားလဲ အထူး မြင်ချင် သိချင်၏။ တွေ့ရင်တော့ ဆွဲထိုးမှာပေါ့ စိတ်ထဲမှာ ကြိတ်ပြီး ကြိမ်းမိ၏။

တစ်ခါမှ မဆုံစည်းမိဘူး။ ရှာလေ ဝေးလေပဲ။ သတိ၊ သမာဓိ ထားမိ သည်။ တစ်ခါမှ ရေစက်မဆုံမိဘူး။

နှစ်ယောက် ဆေးဝယ်သွားစဉ် အနှိုက်ခံရ၍ မောင်နှမ နှစ်ယောက်လုံး ညီမက လက်ပွေ့လက်ဆွဲအိတ် ခွဲခံရ ပြီး ငွေပါသွား၏။ ကျွန်ုပ်က အိတ်ကပ်ခွဲ ပြီး ငွေလုခံရ၏။

မေတ္တာညွန့် ဘူတာနှင့် ပုဇွန်တောင် ဘူတာအကြားမှာ ကျွန်ုပ် မျက်ခွက် မျက်နှာကို လက်ဝါးနှင့် အုပ်ရိုက်ပြီး ခါးပိုက်နှိုက်က ဆွဲချွတ်သွားသည်။

သူ့ကို ရိပ်ခနဲ မြင်လိုက်ရ၏။ ရထား ပေါ်မှ ခုန်ဆင်းသွားသည်။ မျက်မှန်က အလွန် တန်ကြေးရှိသည်။

ဒီတော့ ဘာလုပ်ရမလဲမသိ၊ အလွတ်ကြီးခံရ၏။ လောကီပညာ အရာ လိမ္မာကျွမ်းကျင်သော **နတ် မောက်မြို့၊ နပင်တဲကြီးကျေးရွာမှ အဘဦးဘသုံ ပေးခဲ့သောနည်းကို** သုံးခဲ့မှ ရတက်အေးခဲ့ရ၏။

နည်းကတော့ လွယ်လွယ်လေးပါ။ ဓာတ်ဆရာအကျော် ဆရာတော် ခင်ကြီးပျော်၏ အင်္ဂဝိဇ္ဇာ ကက်ကင်း ရိုက် အတိုက်အခိုက်နည်းပါပဲ။

လမ်းသွားမည်၊ ခရီးသွားမည်၊ မမြင်ရသည့် ခါးပိုက်နှိုက်၏ဘေး ကင်းဖို့ လိုသည်။ အောက်ပါအစီအစဉ် လုပ်လိုက်ပါ။

| | | |
|---|---|---|
| **ခါး** | **ပိုက်** | **နှိုက်** |
| ၂ | ၅ | ၀ |

**ခါးပိုက်နှိုက် ကက်ကင်းဖြစ်တဲ့...**

| | | |
|---|---|---|
| ၀ | ၅ | ၂ |
| **ထီး** | **ပတ်** | **ကြိုး** |
| **ထ** | **မင်း** | **ကျော်** |
| **န** | **ဖား** | **ကြိုး** |
| **နှမ်း** | **ဖတ်** | **ချဉ်** |

ကြိုက်ရာ စားသွားပါ။ ဆောင်သွား ပါ။ ခါးပိုက်နှိုက်ရဲ့ဘေးက ကင်းပါလိမ့် မယ်။(၂-၅-၀) နှင့် (၀-၅-၂)သည် ကက်ကင်းဖြစ်ပါသည်။

ကားကျပ်နေသလား၊ ရထားကျပ် နေသလား၊ လောကလူပျင်း လက် ကြောတင်းအောင် ရှာမစားချင်သည့် သတ္တဝါ အချောင်သမား လူဖူးတော ကို အထက်ပါနည်းကောင်းနှင့် တိုက် ဖျက်လိုက်ပါ။

သင်၏ စီးပွားရေးကိစ္စ၊ လူမှုရေး ကိစ္စ၊ အလုပ်သွားပြန်ကိစ္စ၊ အထွေထွေ ဝေယျာဝစ္စခရီး အနှောင့်အယှက် ဖြစ်သည့် အေးဓားပြကို အပူဓာတ် တိုက်ဖျက်ပေးပါလိမ့်မည်။ မေတ္တာ ရှေးနည်းကောင်းတစ်လက် မှီ ပွားလိုက်ပါသတည်း။

*သုစိတာ ဟောထ ဒုက္ခမှုဋ္ဌ*

**ကောင်းဟိန်း**
*(ကျွန်းသစ်)*



www.burmeseclassic.com

www.burmeseclassic.com

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဇမ္ဗူအေးတိုင်းရင်းဆေးကုခန်း

# ဆရာကြီး ဦးသိန်းစိုး

(တဆ-၀၅၀၇၆)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# နှလုံးလေးဖက်နာရောဂါ

## ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ မောင်ယဉ်ကြင်



◆ ဆရာဦးသိန်းစိုး (တဆ-၀၅၀၇၆)

လေးဖက်နာခေါ် အဆစ်ရောင် အဆစ်ကိုက်ရောဂါဟာ အမျိုးသမီးတွေ အများဆုံးဖြစ်တာ တွေ့ရှိရပါတယ်။ အဲဒီ လေးဖက်နာရောဂါတစ်ဆင့် နှလုံးရောဂါအမျိုးမျိုး ဖြစ်နိုင်သလို နှလုံးရောဂါကတစ်ဆင့် လေးဖက်နာရောဂါ ဖြစ်နိုင်ပါတယ်။

နှလုံးရောဂါနဲ့ ယှဉ်တွဲဖြစ်တဲ့ နှလုံးလေးဖက်နာရောဂါဖြစ်စဉ်နဲ့ ကာကွယ်စောင့်ရှောက်နည်းတွေကို သိရှိဖို့အတွက် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်ကို ရောက်တဲ့အခါ ဦးသိန်းစိုးနဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။

ဆရာဦးသိန်းစိုးက တိုင်းရင်းဆေးဆရာကြီး ဦးနီတွတ်ရဲ့ သားကြီး ဖြစ်ပါတယ်။ ဆေးကုသက် (၁၅)နှစ်ခန့်ရှိနေပြီဖြစ်တဲ့ ဆရာဦးသိန်းစိုးနဲ့ တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

■ **'ဆရာနဲ့ ဆွေးနွေးချင်တဲ့ရောဂါကတော့ နှလုံးလေးဖက်နာရောဂါအကြောင်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဦးစွာ နှလုံးလေးဖက်နာရဲ့ ဖြစ်စဉ်ကို ပြောပြပေးပါဆရာ'**

❐ 'အရပ်စကားအရ လေးဖက်နာလို့ ခေါ်တဲ့ အဆစ်ရောင်အဆစ်ကိုက်ရောဂါဟာ နှလုံးရောဂါကို အခြေခံပြီး ဖြစ်တတ်သလို လေးဖက်နာရောဂါကို အခြေခံပြီး နှလုံးလေးဖက်နာ ဖြစ်တတ်ပါတယ်။

လေးဖက်နာရောဂါကြောင့် နှလုံးဟာ ထိခိုက်ပျက်စီးလာပြီး နှလုံးရောဂါဖြစ်လာစေနိုင်သလို သွေးတွင်းမှာ (ကိုလက်စထရော)ခေါ် အဆီဓာတ်ပျက်တွေကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးအဆီဖုံးရောဂါ၊ နှလုံးသွေးကြော အဆီပိတ်ရောဂါတွေကြောင့်လဲ နှလုံးလေးဖက်နာရောဂါ ဖြစ်စေပါတယ်'

■ **'အဆစ်ရောင် အဆစ်ကိုက်ရောဂါလို့ခေါ်တဲ့ လေးဖက်နာရောဂါကို ဖြစ်စေတဲ့ အကြောင်းရင်းများကို ပြောပြပေးပါဦး ဆရာ'**

❐ 'အဆစ်ရောင် အဆစ်ကိုက်ရောဂါလို့ခေါ်တဲ့ လေးဖက်နာရောဂါကို ဖြစ်စေတဲ့ အကြောင်းရင်းများကတော့...

၁။ အစာစားပြီး အစာမကြေမီ နောက်ထပ် အစားအစာ ထပ်ဆင့် စားသောက်ခြင်း၊

၂။ ကြေကျက်ခဲပြီး ဝမ်းမီးနှုန်စေတဲ့ အစာအာဟာရများ လွန်ကျူးစွာ





www.burmeseclassic.com

www.burmeseclassic.com

စားသောက်ခြင်း၊

၃။ ရောစပ်မစားသင့်သော အစားအစာများ စားမိခြင်း(ဥပမာ စိမ်းစားဥနဲ့ သကြား၊ နွားနို့နဲ့ငါး၊ နွားနို့နဲ့မှို)၊

၄။ နေပူမိုးပူခံပြီး ရေချိုးခြင်း သို့မဟုတ် နေပူမိုးပူခံပြီး ရုတ်တရက် လေအေးစက်၊ ပန်ကာလေတို့နဲ့ နေထိုင်ခြင်း၊

၅။ ခန္ဓာကိုယ်နှင့်မမျှအောင် ပြင်းပြင်းထန်ထန် အလုပ်လုပ်ခြင်း (မနိုင်သောဝန်ကို ထမ်းခြင်း)၊

၆။ စိတ်ဖိစီးမှုများပြီး နှလုံး အနားပေးချိန်နည်းခြင်း၊

၇။ မေထုန်မှု လွန်ကဲခြင်း

စတဲ့ အကြောင်းအချက်များဟာ လေးဖက်နာခေါ် အဆစ်ရောင် အဆစ်ကိုက်ရောဂါကို ဖြစ်စေတဲ့ အကြောင်းရင်းများ ဖြစ်ပါတယ်'

■ **'လေးဖက်နာခေါ် အဆစ်ရောင် အဆစ်ကိုက်ရောဂါရဲ့ လက္ခဏာများကိုဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

❒ 'လေးဖက်နာခေါ် အဆစ်ရောင် အဆစ်ကိုက်ရောဂါရဲ့ လက္ခဏာတွေကတော့...

၁။ ခန္ဓာကိုယ် တစ်ကိုယ်လုံး ကိုက်ခဲခြင်း၊

၂။ အသားများ နာခြင်း၊

၃။ အဆစ်အဆက်ရောင်ခြင်း၊ နာခြင်း၊ ကိုက်ခဲခြင်း၊

၄။ နံနက်စောစော အိပ်ရာထ ခြေဖဝါးနဲ့ ခြေဖနောင့်နာခြင်း၊

၅။ နံနက်အိပ်ရာထ လက်ချောင်းလေးများ တင်းခြင်း၊

၆။ ဆီး,ဝမ်း,လေချုပ်ခြင်း၊ ဆီးပူခြင်း၊

၇။ အပူအအေး မမျှဘဲ ချမ်းလိုက်ပူလိုက်ဖြစ်ခြင်း၊

၈။ အစားအသောက်ပျက်ခြင်း၊

၉။ မူးဝေမောပန်းခြင်း၊

၁၀။ စိတ်မရွှင်လန်းခြင်း၊

၁၁။ ရုပ်ညှိုးခြောက်ခြင်း

စတဲ့ လက္ခဏာများဟာ လေးဖက်နာခေါ် အဆစ်ရောင် အဆစ်ကိုက် ရောဂါ လက္ခဏာများ ဖြစ်ပါတယ်'

# လေးဖက်နာရောဂါနဲ့ ယှဉ်တွဲဖြစ်တဲ့ နှလုံးလေးဖက်နာရောဂါနဲ့ ကုထုံးကတော့...

■ **'နှလုံးလေးဖက်နာ ရောဂါရဲ့ လက္ခဏာများကိုလဲ သိပါရစေ ဆရာ'**

❒ **'နှလုံး လေးဖက်နာရောဂါရဲ့ လက္ခဏာတွေကတော့** အထက်မှာ ပြောခဲ့တဲ့ လေးဖက်နာရောဂါရဲ့ လက္ခဏာများနဲ့ အချို့ တူပြီး ကွဲပြားတဲ့အချက်ကတော့ **တံတောင်ဆစ်များရောင်ခြင်း၊ နာခြင်း၊ ဒူးခေါင်းအဆစ်များ ရောင်ခြင်း၊ နာခြင်း၊ အရေပြားတွင် ပွေးကွက်တွေလို အနီကွက်တွေ ထွက်ခြင်း၊ အဖုငယ်များထွက်ခြင်း**စတဲ့ လက္ခဏာများ ရောထွေး ဖြစ်တတ်ပါတယ်'

■ **'နှလုံးလေးဖက်နာရောဂါရဲ့ ကုထုံးအကျဉ်းကိုဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

❒ 'လေးဖက်နာရောဂါနဲ့ ယှဉ်တွဲဖြစ်တဲ့ နှလုံးလေးဖက်နာရောဂါနဲ့ ကုထုံးကတော့ နှလုံးလေးဖက်နာရောဂါရှင်ကို အစာကြေလေသက်ပြီး အပူငြိမ်းစေဖို့အတွက် **ဆေးအမှတ်(၇) နွယ်ချိုလျက်ဆားနဲ့ ဆေးအမှတ်(၁၅) သည်းခြေဆေး၊ ဆေးအမှတ်(၃၃) အစာကြေလေပုပ်ထုတ်ဆေး** သုံးမျိုးကို ဆတူရောစပ်ပြီး ' ထမင်းမစားမီ လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေနွေးနွေးနဲ့ တိုက်ရမှာ ဖြစ်ပါတယ်။

နံနက်ထမင်းစားပြီး မိနစ်(၂၀)ခန့် ကြာတဲ့အခါ သွေးကြေလေကြော ပွင့်ပြီး အကိုက်အခဲများ သက်သာပျောက်ကင်းစေဖို့အတွက် **ဆေးအမှတ်(၆)** ဟလိဒ္ဒစုဏ္ဏကန်းဆေး (၁)ကျပ်သား၊ **ဆေးအမှတ်(၁)** မက်လင်ချဉ်လျက်ဆား(၂)ကျပ်သား၊ **ဆေးအမှတ်(၂၃)** ဆေးပုလဲကလာပ် (၃)ကျပ်သား တို့ကို သမအောင် ရောစပ်ပြီး ဆေး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေနွေးနဲ့ တိုက်ရပါမယ်။

နှလုံးသည်းခြေ အားကောင်း အတွက် **ဆေးအမှတ်(၁၅)** သည်းခြေဆေးနဲ့ အဘိညာဉ်နှလုံးအားဆေး ဆတူရောစပ်ပြီး တစ်ကြိမ် လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် တစ်နေ့ (၅)ကြိမ် ရေအေးနဲ့ တိုက်ရပါမယ်။

အခိုးပွင့်ပြီး အကိုက်အခဲများ သက်သာပျောက်ကင်းစေဖို့အတွက် **ဆေးအမှတ်(၂၁)** ဆီးဆေးဖြူနဲ့ **ဆေးအမှတ်(၄၃)** အကင်းဆယ်ပါးဆေး ဆတူရောစပ်ပြီး နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့(၃)ကြိမ် လိမ်းပေးရပါမယ်။

အိပ်ရာဝင်ချိန်မှာ အထက်မှာ ပြောခဲ့တဲ့ အခိုးပွင့်လိမ်းဆေးကို နှမ်း သို့မဟုတ် အုန်းဆီနဲ့ ရောစပ် အဆစ်အဆက်များကို လိမ်းပေး မယ်။

www.burmeseclassic.com

## လေးဖက်နာရောဂါနဲ့ နှလုံးလေးဖက်နာရောဂါကို ကြိုတင်ကာကွယ်ချင်တယ်ဆိုရင် ကံ,စိတ်,ဥတု,အာဟာရ ဆိုတဲ့ ...



ဆီးဝမ်းမှန်ဖို့အတွက် **ဆေးအမှတ်(၈)** သွေးဒူလာဆေး၊ **ဆေးအမှတ်(၉)** ဆီးဒူလာဆေး၊ **ဆေးအမှတ်(၁၂)** စကျူပါလဝမ်းပုပ်ချဆေးတို့ကို ဆတူ ရောစပ်ပြီး မန်ကျည်းဖျော်ရည် မချိုမချဉ် သင့်ရုံဖျော်ပြီး တိုက်ရပါမယ်။

အထက်မှာ ပြောခဲ့တဲ့အတိုင်း နှလုံးလေးဖက်နာရောဂါရှင်ကို အခိုးပွင့်စားဆေး၊ နှလုံးအားဆေး၊ အခိုးပွင့်လိမ်းဆေး၊ ဆီးဝမ်းမှန်ဆေးတို့နဲ့ တိုက်ကျွေးကုသသွားရင်း နှလုံးလေးဖက်နာရောဂါဟာ တဖြည်းဖြည်းသက်သာပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

■ **'အဆစ်ရောင် အဆစ်ကိုက်ရောဂါခေါ် လေးဖက်နာရောဂါနဲ့ နှလုံးလေးဖက်နာရောဂါကြိုတင် ကာကွယ်နည်းများကို ဆက်ပြီး ပြောပြပေးပါဦးဆရာ'**

❒ 'အဆစ်ရောင် အဆစ်ကိုက်ရောဂါခေါ် လေးဖက်နာရောဂါကို ကြိုတင်ကာကွယ်ချင်တယ်ဆိုရင် တတ်ကျွမ်းနားလည်တဲ့ တိုင်းရင်းဆေးဆရာ,ဆေးဆရာမတို့နဲ့ တိုင်ပင်ဆွေးနွေးပြီး ကုသရပါမယ်။

အချို့ဆေးဆိုင်တွေက စပ်ပေးတဲ့ အကိုက်အခဲပျောက်ဆေးနဲ့ စတီးရွိုက်လို့ ခေါ်တဲ့ အရောင်ကျဆေးတွေဟာ ကြာရှည်သုံးစွဲရင် အစာအိမ်နဲ့ ကျောက်ကပ်ကို ထိခိုက်တတ်ပါတယ်။

စတီးရွိုက်ဆေးတွေက အရိုးပွတာ၊ အစာအိမ်ရောင်တာ၊ ဆီးချို၊ သွေးချိုတက်တာ၊ မျက်နှာဖောသွပ်လာတာ၊ ကိုယ်ခံစွမ်းအား ကျဆင်းတာစတဲ့ ဘေးထွက်ဆိုးကျိုးတွေ ခံစားရတတ်ပါတယ်။

လေးဖက်နာရောဂါနဲ့ နှလုံးလေးဖက်နာရောဂါကို ကြိုတင်ကာကွယ်ချင်တယ်ဆိုရင် ကံ,စိတ်,ဥတု,အာဟာရ ဆိုတဲ့ သမုဋ္ဌာန်တရား(၄)ပါးကို လွန်ယုတ်လွဲမှားမှု မဖြစ်အောင် နေထိုင်စားသောက်ရပါမယ်။

အထက်မှာ ပြောခဲ့တဲ့ လေးဖက်နာရောဂါဖြစ်စေတဲ့ အကြောင်းရင်း(၇)ချက်အပြင် နှလုံးရောဂါမဖြစ်အောင် စိတ်ဖိစီးမှုများခြင်း၊ စိုးရိမ်သောကများခြင်း၊ မနာလိုဝန်တိုခြင်း (မစ္ဆရိယစိတ်ထားခြင်း)တို့ကို အထူးရှောင်ကြဉ်ရပါမယ်။

အထူးသဖြင့် အဝမလွန်အောင်၊ ပုံမှန်ရှိသင့်တဲ့ ကိုယ်အလေးချိန်ရှိအောင် ထိန်းသိမ်းရပါမယ်။ ဂေါက်ရောဂါမျိုးရိုးရှိပြီး သွေးတိုးရောဂါရှိတဲ့ အမျိုးသားများဟာ အရက်၊ ဘီယာ၊ ဝမ်းတွင်းကလီစာ၊ ပင်လယ်စာ၊ အချိုရည်တွေကို လုံးဝရှောင်ကြဉ်ဖို့ လိုပါတယ်။ အဆစ်အမျက်ဒဏ်ဖြစ်လောက်အောင် ပြင်းထန်တဲ့ ကိုယ်လက်လှုပ်ရှားမှုကို ရှောင်ကြည်ဉ်ဖို့ လိုပါတယ်။

အမျိုးသမီးများအနေနဲ့ မီးယပ်သွေးစလို့ခေါ်တဲ့ အပျိုဖော်ဝင်စအရွယ်တွေမှာ မီးယပ်ထိမ်,ချုပ်,ငုပ်ခြင်း၊ လကျော်သွေးပေါ်ခြင်း၊ သွေးဆင်းနည်းခြင်း စတဲ့ မီးယပ်မှန်ကန်မှုမရှိတာတွေ၊ အမျိုးသမီးများ သားဖွားပြီးစ၊ တစ်လနှစ်လအတွင်း အနေအထိုင်၊ အစားအသောက် ဆင်ခြင်ရပါမယ်။

သွေးသားစင်ကြယ်အောင် နေထိုင်နိုင်ဖို့နဲ့ အသက်(၄၀)မှ (၅၅)နှစ်အတွင်း စနစ်တကျ သွေးဆုံးခြင်းမရှိတဲ့ သွေးဆုံးကိုင်ရောဂါတွေစတဲ့ အမျိုးသမီးရောဂါအမျိုးမျိုး မဖြစ်အောင် တတ်ကျွမ်းနားလည်တဲ့ သိပ္ပံဆေးပညာရှင်ဆရာဝန်၊ တိုင်းရင်းဆေးပညာရှင် ဆရာ/ဆရာမတို့နဲ့ တိုင်ပင် ညှိနှိုင်းကုသသွားမယ်ဆိုရင် နှလုံးလေးဖက်နာသာမက ရောဂါအမျိုးမျိုးကို ကြိုတင်ကာကွယ်ပြီး သက်တမ်းစေ့ ကိုယ်စိတ်နှလုံးကျန်းမာ၊ ချမ်းသာစွာ နေထိုင်သွားနိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့ပါရစေ'

■ **'ကျေးဇူးတင်ပါတယ် ဆရာ'**

❒ 'ဆရာ ဦးသိန်းစိုးနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

> **ဆရာ ဦးသိန်းစိုး**
> ဇမ္ဗူဒေဒေါ်ဟုံဒေါ်ဒူး တိုင်းရင်းဆေးကုခန်း
> တာရိုးတန်းလမ်း၊ စာသင်ကျောင်းလမ်းထိပ်၊
> မြစ်ကျိုးတိုက်နယ်၊ ဝေါမြို့နယ်၊
> ပဲခူးတိုင်းဒေသကြီး။
> ဖုန်း-၀၉ ၃၁၄၂၂၇၄၀

**« မြောင်းမြ မောင်ယဉ်တင့် »**



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တတ်ပျက်တတ် ဥပါဒ်၊ ဌီဘင်၊ ဘဝင်၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ အာရုံ ခြောက်ပါး ခြောက်တံခါးတည်၊ ကျောက်နဂါး အသားကိုထုခြေ အရည် ညှစ်၍ယူ၊ လေးတူသားနှင့်၊ နဂါးတစ်ကောင်နှော၊ စီးလေဖောင်သဘော်၊ ရေကျောရေပြတ်နည်းကိုကြံလေ၊

နဂါးတစ်ကောင် စားရအောင် ဖား ဆယ်ကောင်ကို အစာဝအောင်ကျွေး၊ ဂဠုန်ဆယ်ပဲသောက်၊ ဂဠုန်ပြန်ငြား၊ ဖား,နဂါးသေငြား အပြီးရောက်၊ တစ်ထောင့်မျှော်ချင့် တစ်ဆင့်,နှစ်ဆင့်, သုံးဆင့် မြောင့်ကား လေးဆင့်မှာကား အမှန်သား ငါးဆင့်,ခြောက်ဆင့်,ဆယ့်နှစ်ဆင့်ရောက်လျှင် ဓာတ်ဆေးဘက်ကို ချင့်တွက်၍ထား၊

ငါ့မှာ ဆေးထူး မရှိဘူး။


ဂဠုန်ဆယ်ပဲသောက် ဂဠုန်ပြန်ငြား ဖားနဂါးသေငြား အပြီးရောက် ဆယ်လေးမက ဟိုင်းက ဟောက်၍တက်'

ဆိုသော စကားများ၊ ကျမ်းစာပါ အတိုင်း အရည်ပြဒါးကိုလှံ့လ တစ်ခုခု ပြုပြင်ထားပါက ယင်းကို သုတဟု ခေါ်ဆိုသည်ဟု တစ်ခု ဖော်ပြထားပါ သည်။ ကျန်သည့်ဓာတ် ဒန်,နာ, ရာဇတတို့သည်လည်း လှံ့လတစ်ခုခု ပြုထားပြီးဖြစ်ကြောင်း ဆင်ခြင်နိုင်ပါ သည်။

ဒန်,နာ,သုတ,ရာဇတဟူသော ထို ဓာတ်လေးပါးကို အများသူငါတို့ သိပြီး သား ဖြစ်ကြပါသည်။ ဓာတ်တည်ခြင်း၊ ဓာတ်ဆေးစပ်ခြင်း၊ ဓာတ်ဆေးကျွေး ခြင်း စသည်တို့ မမှန်ပါက တမူ့ မွှားမွှား နဂါးမသေ ဘား(ဖား)မကျေ ဖြစ်တတ်ကြောင်း…

ထိုလင်္ကာပါ အကြောင်းအရာတို့ အား ကျွန်တော်၏အဘိုးသည် ယုတ္တိ ရှိရှိ သဘာဝကျကျက ကောက်ဖော်





ဣန္ဒာစရိယဆရာတော်၏ တြိနေတြဓာတ်ပြကျမ်း၏ နောက်ဆုံးအပိုဒ် ဒကာမောင်ကြီးသို့ပေးသော မေတ္တာစာမှ

ဦးဉာဏ်

# ဒန်,နာ,သုတ,ရဇတ

ဟူသော ဓာတ်လေးပါး၏လုပ်ဆောင်ချက် လင်္ကာအချို့၏ ကောက်နုတ်ချက်

ပြောပြသွားပါသည်။

ဓာတ်ကစားသော သူတို့သည် မီးနေမီးရပ် ဓာတ်သဘော သဘာဝတို့ ကို သိသင့်သလောက် သိရပေမည်။ ကျွန်တော်သည်လည်း အစုံမသိပါ။ အဘိုး ပြောပြသလောက်သာ သိပါ သည်။

များမြောင်လှသော လုပ်ရတ်တွေ ကို နားမလည်သော်လည်း မိမိ နားလည်သလောက် အဘိုးပြောပြ၍ သိသင့်သလောက်တို့ကို တင်ပြပါမည်။ စဉ်းစားချင့်ချိန်၍ ဉာဏ်ကြီးကြီးနှင့် တွေးတောကြံစည်နိုင်ကြပါစေ။

မိမိတည်သော ဓာတ်အစိမ်းသည် အာရုံမရှိသေးပါ။ လူတို့ကဲ့သို့ အာရုံ ခြောက်ပါးရှိအောင်(တင်စားခြင်း စကား ရိပ်) ထို့အတူ ဓာတ်ကိုလည်း ထိုသို့ အလားတူ ပုံသဏ္ဍာန်တူ ပြုမူရပေမည်။

ထိုဓာတ်စိမ်းကို အာရုံရှိလာအောင် မည်ကဲ့သို့ ပြုမူရမည်ကို ဤသို့ သိထား လိုပါသည်။

'ကျောက်နဂါးအသားကိုထုခြေ အရည် ညှစ်၍ယူ လေးတူဘား(ဖား)နှင့် နဂါးတစ် ကောင် နှောစီးလေ ဖောင်သဘော်'

**ကျောက်နဂါး**သည် ဘာဓာတ်ကို ဆိုလိုကြောင်း…

နဂါးသည် ရိုးရိုးနဂါး မဟုတ်ပါ ကျောက်နဂါးဟု နာမ်ကို အထူးပြုသော စကား **ကျောက်**ဖြစ်သည်။ ကျောက် ကျောက်ထားပါသည်။ ဓာတ်မှာလည်း **ဒန်**ဟု ဖော်ပြထားပြီးဖြစ်သည်။

အသားကိုထုခြေဟု ဆိုရာ၌ အသား ကို ထုရုံတင်မက **ခ**နှင့် ခြေထား သည်။ ဓာတ်မှာလည်း **နာ**ဟု ဖော် ထားပါသည်။ အထက်ပါ စကားနိုင် ကို ဉာဏ်ကြီးကြီးနှင့် ရိုးရိုးစဉ်း တွေးပါ။

အရည်ညှစ်၍ယူ ဆိုရာ၌ **က(ဒ**

www.burmeseclassic.com

www.burmeseclassic.com

နှင့် **ခ(နှာ)**တို့ကို အဆီကျအောင် ချက်နိုင်းခြင်းဖြစ်သည်။ **(ကြေးအဆီ ချက်ပုံချက်နည်းကို လေ့လာပါ။)**

ဒန်နှင့်နှာ နာနာချက်၍ ရလာသော ဒန်ဆီကို လေးတူ အလေးချိန် တူညီစွာ ဖားနှင့် ရောနိုင်းပါသည်။ **ဘား(ဖား)**သည် မည်သည့်ဓာတ် ဖြစ်နိုင်မည်နည်း။ **ဘနှင့်ဘား**ထားပါသည်။ ဒန်နှင့်နှာကို ဖော်ပြီး၍ **ရဇတ**နှင့် သုတ(၂)မျိုးသာ ကျန်ပါသည်။ စီးလေဖောင်သဘော်ဟု ဆိုပါသည်။

**ကျောက်နဂါး**(သို့မဟုတ်) **ဒန်အဆီ**ကို ဘား(ဖား)နှင့် အလေးချိန် တူညီရောပြီး ဖောင်သဘော်တို့သည် ရေပေါ်၌သာ တည်သောအရာတို့ဖြစ်၏။

ထို့ကြောင့် သတ္တုတို့တွင် အရည်အဖြစ်ရှိသော အရာသည် အရည်ပြဒါးတစ်မျိုးတည်းသာရှိ၍ လုံခွက်ထဲ၌ အရည်ပြဒါးကိုထည့်ပြီး **နဂါး+ဘား(ဖား)** ရောဓာတ်လုံးကို တင်လိုက်လျှင် ပြဒါး ရည်ပေါ်၌ ဖောင်သဘော်စီးသကဲ့သို့ ဖြစ်နေပါလိမ့်မည်။

ရေကြောရေပြတ်နည်းကို ကြံလေ့ရာဝယ် **နဂါး+ဘား(ဖား)ရော**ဓာတ်လုံးကိုပြဒါးရည်ပေါ်တင်၍ လုံခွက်ကို ဖွဲမီးစိုက် ပြဒါးအရည်အခဲအပြုကို လုပ်နိုင်းခြင်းဖြစ်သည်။ ပြဒါးခဲလျှင် ရေကြောပြတ်၍ ပြဒါးမခဲလျှင် မပြတ်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

အထက်ပါ စကားရိပ် အကြောင်းအရာတို့သည် ဓာတ်လုံးစ,တည်ခြင်းအတွက် လုပ်ထုံးကို လင်္ကာချိုး၍ ဖော်ပြထားခြင်းဖြစ်၏။ ဤအသိသည် ကျွန်တော်၏ ဉာဏ်သိမဟုတ်ပါ။ ဆရာတို့၏ ဉာဏ်သိသာ ဖြစ်ပါသည်။

'နဂါးတစ်ကောင် စားရအောင် ဖားဆယ်ကောင် အစာဝအောင်ကျွေး' ဟု ဆိုထား၏။



**ဖားဆယ်ကောင်** ဆိုသည်မှာ ဘာလဲ...

**ငါ့မှာဆေးထူး မရှိဘူး**ဟု ဆိုထားပါသည်။

ဤစကားနှစ်ရပ်ကိုယှဉ်၍ မိမိဉာဏ်နှင့်ချိန်၍ ရိုးရိုးစင်းစင်း စဉ်းစားပါက အဖြေပေါ်လာပါလိမ့်မည်။

ဓာတ်တစ်ခုကို အစာကျွေးရာ၌ ကျွေးချင်တိုင်းကျွေး၍ မရပါ။ လူတို့နှင့် နှိုင်းယှဉ်ကြည့်ပါ။ စားချင်သောအာရုံ၊ ကြားချင်သောအာရုံ၊ သွားချင်သောအာရုံ ထိုအာရုံတို့ရှိမှ ဖြစ်နိုင်သကဲ့သို့ လူတို့ အစာ စားသောအခါ ထမင်းဟင်းနှင့် ရေတို့ကို ဝမ်းဗိုက်က လိုအပ်သလောက် စားသောက်ရ၏။

ဝမ်းတွင်းရောက်သွားသော အစာတို့ကို ခန္ဓာကိုယ်က လိုအပ်သလောက်ကစီ၊ အဆီတို့ကို ကြိတ်နယ်စုတ်ယူလိုက်ပြီး မလိုအပ်သည်တို့ကို ကျင်ကြီး ကျင်ငယ်အဖြစ် ပြန်စွန့်ထုတ်ပါသည်။

ထို့အတူပင် အာရုံရှိအောင် ပြုပြင်ပေးထားသော **ထိုဓာတ်လုံးသည် (ပြဒါးရည်ပြဒါးကို အခဲအဖြစ်သို့ ပြောင်းနိုင်သော အစွမ်းသတ္တိ ရှိနေပြီဖြစ်၍)** ထိုဓာတ်လုံးကို ချင့်ချိန်၍ အစာကျွေးလျှင် အဆီကိုစုတ်၍ မလိုအပ်သည်တို့ကို ချော်အဖြစ် စွန့်ထုတ်လိမ့်မည်ဖြစ်သည်။

ဟုတ်၏ မဟုတ်၏ ဖြစ်နိုင် မဖြစ်နိုင် မိမိကိုယ်ပိုင်ဉာဏ်နှင့် စဉ်းစားလုပ်ဆောင်ပါ။ **"ဓာတ်မတတ်က မအပ်မရာ"**ဟု ဆိုထားသဖြင့် မီးနေမီးရပ်ဓာတ်သဘောတို့ကို သိထား တတ်ထားရပေမည်။

အခြားသော ကျမ်းတို့၌ ထိုဓာတ်လေးပါးကို ဝှက်၍ထား၏။ ဣန္ဒာစရိယဆရာတော်သည် ဓာတ်ကို တိုက်ရိုက်ဖွင့်ဆိုပေးထားပြီး လုပ်ထုံးကို လင်္ကာစကားရိပ်တို့ဖြင့် ဝှက်ဖော်ထားပေးပါသည်။

**'လက်ချားတခန်း ယမ်းဆားဆပ်ပြာ ဇဝက်သာနှင့် အစရှိသည်ဖြင့် ဆေးလေဆေးယုတ်တို့နှင့် မဖုတ်မလော့်လေနှင့် ကိုယ်စိတ်သာ ရှိရှားတော့မည်'**ဟု ဆိုထားသည်။

ဓာတ်သန့်သန့် ဖိုတိုက်သန့်သန့် သီးခြားလုပ်ရန် လိုအပ်သည်။ ထိုဓာတ်ကို ပြုလုပ်တော့မည်ဆိုလျှင် မည်သည့်ဓာတ်ပစ္စည်းမှ မရောနှောစေဖို့လိုသည်။

ဓာတ်တို့သည် တစ်ခုနှင့်တစ်ခု ပေါင်းစပ်ဖို့အတွက် ဓာတ်နှသည့်အချိန်မှာ ရော၍ ဓာတ်ရင့်သွားလျှင် ခွဲမရ၊ တစ်သားတည်း ဖြစ်သွား၏။ ဓာတ်တို့၏ အဆီအနှစ်ပဲ ကျန်လျှင် ကောင်း၏။

**အစာဝအောင်ကျွေး** ဆိုသည်မှာ...

မိမိတည်သော ဓာတ်ကို ဓာတ်၏ဆေး ကျွေးနိုင်းခြင်းဖြစ်၏။ ကျွေးလိုက်ချော်ဖြစ်လိုက် ဓာတ်သည်လည်း တိုးလာလိုက် လျော့သွားလိုက် ထပ်ကျွေးလိုက်နှင့် တစ်ခုသောအချိန်တွင် ဓာတ်သည် တိုးလည်းမတိုး လျော့လည်းမလျော့ ဖြစ်လာပါလိမ့်မည်။

ထိုအချိန် ထိုအခါသည် ဓာတ်အစာဝခြင်းဖြစ်၏။ ဤအချိန်အခါသည် မိမိကျွေးသော ဆေးအစာတို့၏ အဆီအနှစ်လုံးကြီးဖြစ်၏။ ထိုအဆီအနှစ်



www.burmeseclassic.com

www.burmeseclassic.com

**၂၀၁၅ ခုနှစ်၊ ဇူလိုင်လထုတ်** နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၂၉)နှစ်ပြည့် အမှတ်တရ အထူးထုတ် **စာ(၆၃)**၌ ဆောင်းပါးရှင် "လွယ်ကောင်းအောင်"၏ "ကျည်လွှဲ"အမည်ရှိ ဆောင်းပါးကို ဖတ်လိုက်ရပါသည်။

ဆောင်းပါးအဆုံး၌ စာတည်းချုပ်၏ ဆောင်းပါးရှင် ဆရာလွယ်ကောင်းအောင်၏ ဆောင်းပါးကို ဖတ်ရှုပြီး လိုအပ်သောအစီအရင်များ ကျန်နေခဲ့ပါက ပညာပါရမီအလို့ငှာ မခြွင်းမချန် ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်ဆိုသော မှတ်ချက်ကလေးကိုပါ တစ်ပါတည်း ဖတ်လိုက်ရပါသည်။

ဆောင်းပါးရှင်၏စာ၌ ဤအစီအရင်မှာ မိတ်ဆွေတစ်ယောက်ဆီမှ ရရှိကြောင်း၊ ထိုမိတ်ဆွေမှာလည်း သူ့ဖခင်ဆီမှ တစ်ဆင့်ရခဲ့ခြင်းဖြစ်ကြောင်းနှင့် အားနည်းချက်များရှိပါက ဖြည့်စွက်၍ ဖတ်ရှုလိမ့်မည်ဟု ယူဆရကြောင်း ရိုးသားစွာ ဝန်ခံထားသည်ကိုလည်း ဖတ်ရှုရပါသည်။

ဆောင်းပါးရှင် လွယ်ကောင်းအောင်၏ ဆောင်းပါးနှင့် ပတ်သက်၍ စောဒက မတက်လိုသော်လည်း ဤနယ်ကွင်းပိတ် အစီအရင်ကို စာရေးသူ လက်လှမ်းမီသမျှ၊ လေ့လာ ဆည်းပူးမိသမျှ တင်ပြလိုပါသည်။

လုပ်ထုံး လုပ်နည်းများကတော့ အမျိုးမျိုး ရှိနိုင်ပါသည်။ "တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း" ဟူသည့် ဆိုရိုးစကားလည်း ရှိပါသည်။

ကိုယ်သိသမျှ၊ လေ့လာဆည်းပူးမိသမျှ ကိုယ့်လုပ်ထုံး လုပ်နည်းမှန်သမျှတို့နှင့် မတူညီ ကွဲပြားသဖြင့် မှားယွင်းသည် မမှန်ကန်ပါဟု မဆိုလိုပါ။


စာရေးသူသည် ဤနယ်ကွင်းပိတ်

ဆောင်းပါးရှင် လွယ်ကောင်းအောင်၏

# ကျည်လွှဲ နယ်ကွင်းပိတ်နည်း

နေဝန်းသစ်

လေ့လာမိသမျှ



သေနတ်ပြီး လက်ဖွဲ့အစီအရင်ကို **ဗားမဲ့ဗားတမော့ လက်တွေ့ အစီအရင်ကျမ်း(ပထမ)တွဲနှင့် နာနာနယကျမ်း၊ အင်းအိုင်ဂါထာမန္တန် အစီအရင်ကျမ်း(အဘိုး၏ လက်ရေးမူ)**တို့၌ ဖတ်မှတ်တွေ့ရှိ လေ့လာခဲ့ပါသည်။

ကျမ်းတိုင်း၏အဆိုအရ စီရင်ရမည့် နေ့ရက်မှာ စနေနေ့ကျသည့် လကွယ်နေ့၌ စီရင်ရမည်ဟု ဆိုသည်မှာ တူညီကြပါသည်။ သို့သော် စီရင်ပုံချင်းတို့ကတော့ ခြားနားမှုလေးများ ရှိနေကြပါသည်။

ဗားမဲ့ဗားတမော့ လက်တွေ့အစီအရင်ကျမ်း၌ အထူးအထွေ မတွေ့ရဘဲ ကျမ်းရင်း၌...

---

**သေနတ်ပြီး လက်ဖွဲ့အစီအရင်**

---

စနေနေ့လည်း ဖြစ်ရမည်။ လကွယ်နေ့လည်း ဖြစ်ရမည်။

ယင်းနှစ်နေ့ ဆုံမိသောနေ့၌ ... ငုပ်၍ ငွေပြားတွင် နယ်ကွင်းပိတ်... နယ်ရရစ်ကို ရေးရမည်။

ထို့နောက် ယင်းငွေပြားကို ... လက်ဖွဲ့ထိုးပါ။

အညွှန်း

ယင်းလက်ဖွဲ့ကို ဆောင်ထား... သေနတ်ပြီး၏။

လက်ကိုင်ပဝါဖြင့် ငွေပြားကို ... ၍၊ သေနတ်နှင့် စမ်းကြည့်လျှင် ... မထွက်ကြောင်း ကိုယ်တွေ့ တွေ့... မည်။

သို့သော် နယ်ကွင်းပိတ်ကို ... ၌ ရရစ်မှာ တိတိကျကျ ဆ... လိုသည်၊ ဆက်မိပြီး ပီပီသ... အောင်မြင်သည်ကို သတိပြုပါ။

အထက်ပါ တင်ပြချက်က... ဗားမဲ့ဗားတမော့ လက်တွေ့အ... ကျမ်းပါ (မူရင်း)အတိုင်း တ... ဖြစ်ပါသည်။

ဆက်လက်၍ **နာနာနယ...** ဖတ်ရှု လေ့လာမိသမျှကို ... မည်။

နယ်ရရစ်(နကွင်းပိတ်) ... အရင်ကို လကွယ်နေ့နှင့် ... တစ်ထပ်တည်းကျသော နေ့...



www.burmeseclassic.com

www.burmeseclassic.com

ချိန်၌ စီရင်ရမည်။

ထိုသို့ စီရင်တော့မည်ဆိုလျှင် ကျက်ရာဇာကျသောနေ့၌ ရေးမည့် ကညစ်ကို...

'ဗလဓေ၊ ဓေလဗ၊ နမဗဓကယဗထ၊ သမလဝသဝမသ'

ဂါထာဖြင့် (၃၇)အုပ်စုတ်၍ စနေ နေ့ လကွယ်နေ့ တစ်ထပ်တည်းကျ သောနေ့ နေမွန်းတည့်ချိန်၌ ငွေပြား ပေါ် ရေမှာ ခေါင်းမြှုပ် ငုပ်ပြီး ကညစ်ကို ကြွတဲ တစ်ဆက်တည်း...

"နဲ"ကာရောစဗုဒ္ဓရူပံ "နဲ"ဒုက္ခံ ကုသလ သမ္ဘံ နမောဗုဒ္ဓါယ "နဲ""

စသော ဂါထာရွတ်ဆို၍ နငယ် ကွင်းပိတ် ရေးပြီးချိန်၊ ဂါထာရွတ်ပြီး တစ်ထပ်တည်းကျအောင် ရေးရ မည်။

ရေးရာ၌ **နငယ်ကွင်းပိတ်(နရရစ်)** ညာရစ်ရေးရမည်၊ အနားမရှိ– ဆက်တည်း ကျနေစေရမည်။ အစ ဆက်စေရ။

စ''

* * *




၍သို့ နငယ်ကွင်းပိတ်ကို ရေးပြီး နှင့် သန့်ရှင်းစင်ကြယ်စွာ အဝတ် များလဲရမည်။ ထို့နောက် တိုင်၊ ဖယောင်းတိုင်၊ ပန်း၊ များ လှူဒါန်းပူဇော်၍ ဝိဇ္ဇာမိုရ် တော်ကြီးများ၊ နတ်မင်းကြီးများ အမွှေးတိုင်၊ ဖယောင်းတိုင်များ ကာ ပင့်ဖိတ်ရမည်။ **(တတ်နိုင် ပွဲစုံထိုးနိုင်က ပိုကောင်းပါ သည်။)**

ဝိဇ္ဇာမိုရ်ဆရာတော်ကြီးများပင့်ရန်

'စန္ဒသူရိယ၊ သီရိကျက်သရေ၊ တက်ဖြိုး ဝေသည်၊ အောင်စေဘိသိက်၊ ဂုဏ်ပေါင်း ဟိတ်ဖြင့်၊ မဟာတေဇ၊ ထွန်းလှုံတန်ခိုး မြေနှင့်မိုးကို ဝင်လျှိုထွက်ဖောက်၊ ထင်တိုင်း ရောက်အောင်၊ ထက်အောက်နှံ့သိ ကျော်စောရှိလျက်၊ မဏိမြတ်ရှိန်၊ ဉာဏ်ဝရ ဇိန်ပဟု၊ ရှယ်ချိန်ကာဆ၊ ကြံ့ကာမှုနှင့် မစလိုရာ ပြည့်စုံပါစေ...

ပေးဝေအုပ်နှံ၊ အောင်သံအောင်ဟိန်း မိုးယံကြီးချိန်းမှု၊ ပေးတတ်လှသည့် ရာဇ ဂဟော၊ ငါးထွေတောင်ညို၊ ဝန်းရံခိုသည့် ပြည်တော်နဂိုရ်၊ ရာဇဂြိုဟ်နှင့် ပုဂ္ဂိုလ်လေးဦး ရှစ်ဦးသောအရှင်၊ အဆွယ်ကြောင်း ရှစ်သောင်းဆရာအပေါင်းတို့၊ ပါရမီသင်း တပည့်ရင်းသည်၊ မေတ္တာသက်ဝင်၊ လွန်ချစ် ခင်လျက်၊ ဆီမီးမြိုင်မြိုင်၊ အမွှေးတိုင်တို့ဖြင့် ကြည်စွာမာန်လျှော့ ကန်တော့ပါ၏။

ကာကွယ်နိမိတ်၊ ပိတ်ပင်ဆီးတား မရှိဘြား ဘဲ၊ ကြင်နာသနား မေတ္တာထား၍ သားရှိရာ ဤဂေဟာသို့ ကြွရောက်တော်မူ ကြပါကုန် လော့...သား၏လိုရာ "စီမံရာ"ကို ကူညီမစ စောင့်ရှောက်ကြပါကုန်လော'

နတ်ပင့်ရန်

'ပုရတ္ထိမေနမြင်းမိုရ်တောင် အရှေ့ မျက်နှာ၌ အာကာဖြန့်မိုး အုပ်စိုးစံနေ တော်မူသော **ဓတရဋ္ဌ**မည်ရကျော် ဟည်း နတ်မင်းကြီး လည်းကောင်း...

မြင်းမိုရ်တောင်မှ တောင်မျက်နှာ အရပ်ဌာန၌ အာကာဖြန့်မိုး အုပ်စိုးစံ နေတော်မူသော **ဝိရူဠက**မည်ရကျော် ဟည်း နတ်မင်းကြီး လည်းကောင်း...

မြင်းမိုရ်တောင်၏ အနောက် မျက်နှာအရပ်၌ အာကာဖြန့်မိုး အုပ်စိုးစံ နေတော်မူသော **ဝိရူပက္ခ**မည်ရကျော် ဟည်း နတ်မင်းကြီး လည်းကောင်း...

မြင်းမိုရ်တောင်မှ မြောက်မျက်နှာ အရပ်ဌာန၌ အာကာဖြန့်မိုး အုပ်စိုးစံ နေတော်မူသော **ကုဝေရ**မည်ရကျော် ဟည်း နတ်မင်းကြီး လည်းကောင်း...

လေးပါးကုန်သော နတ်မင်းကြီးတို့ နှင့် သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကို ဆီမီး၊ အမွှေး၊ ရေချမ်းပေး၍ ကြည်သေဒ္ဓါ ဖြူဖွေးစွာ ဖြင့် ပင့်ဖိတ်အပ်ပါ၏။

သနားကြင်နာ ကြွရောက်လာပြီး သား၏စီမံရာ ''အစီအံမံ''တို့ကို ကရုဏာပွား မေတ္တာထား၍ ကူညီမစ စောင့်ရှောက်ကြပါကုန်လော့'

အထက်ပါအတိုင်း ဝိဇ္ဇာမိုရ်ဆရာ တော်ကြီးများနှင့် နတ်မင်းကြီးလေးပါး အပါအဝင် သမ္မာဒေဝနတ်များကို ပင့်ဖိတ်ပြီးသည်နှင့် နငယ်ကွင်းပိတ် အစီအရင်ကို ညာဘက်လက်ဖဝါးပေါ် တင်၍...

'ဉုံ ဇမ္ဗူဒီပါ ကျယ်စွာပတ်ကုံး ကျွန်းလုံး နှံ့မှု ဒေဝဒေဝါ နတ်တကာတို့ ဗုဒ္ဓမြတ်စွာ ဓမ္မသံဃာ မြတ်ဆက်တော် အာဏာကြောင့် မကြာချက်ချင်း ကြွရောက်၍ ကျွန်ုပ်၏ လက်တွင်းရှိ ဤနငယ်ကွင်းပိတ် စမအင်း အား သွင်းလောင်းအသက် နတ်ရင်ငွေ့နှင့် မွေ့ကာဖက် ယခု အသက်ဝင်စေသော်'

ဟူသည့် မန္တန်(၇)အုပ် ရွတ်ရမည်။

**ထို့နောက် အောက်ပါမန္တန် (၃၇)အုပ်စုတ်ပြီး သိဒ္ဓိတင်ရမည်။**

'ဉုံ သိဒ္ဓိ သိဒ္ဓိ မဟာသိဒ္ဓိ သိဒ္ဓိအပေါင်း ထောင်သောင်းထက်လဲ ဆရာထက်'

**သိဒ္ဓိတင်ပြီးပါက အောက်ပါမန္တန် ရွတ်ဆို၍ နတ်အပ်ရမည်။[(၇)အုပ်]**

'ဉုံ ဗီရဏီနတ်သမီး ထီးချက်လာ၍မိုး သတို့သား...ဘုရားငါဖြစ်ပြီ ဖြောင်း တိဋ္ဌတု တည်စေသတည်း တည်စေ သတည်း'



www.burmeseclassic.com

www.burmeseclassic.com

**နောက် အောက်ပါမန္တန်ကို (၇) အုပ် ရွတ်ဆို၍ ချုပ်ရမည်။**

'ဥုံ ဗုဒ္ဓံချုပ်၊ ဥုံ ဓမ္မံချုပ်၊ ဥုံ သံဃံချုပ်၊ ဥုံ ပြဟ္မာချုပ်၊ ဥုံ ဒေဝါချုပ်၊ ဥုံ ယက္ခာချုပ်၊ ချုပ်ဆရာချုပ်'

**နောက် ပြန်လည်၍ အောက်ပါ မန္တန်ကို (၃၇)အုပ်စုတ်၍ ပြန်လည် နိုးရမည်။**

'ဥုံ ဗုဒ္ဓသစ္စံကရိယံထကြွ၊ ဥုံ ဓမ္မသစ္စံ ကရိယံထကြွ၊ ဥုံ သံဃသစ္စံကရိယံထကြွ၊ ဥုံ ပြဟ္မသစ္စံကရိယံထကြွ၊ ဥုံ ဒေဝသစ္စံ ကရိယံထကြွ၊ ဥုံ ယက္ခသစ္စံကရိယံထကြွ'

ဤသို့ အားလုံးစီရင်ပြီးပါက အင်းစမတို့ကို လိပ်သည့်ပုံစံအတိုင်း လိပ်ကာ ချည်ဖြူကို ပိတ်ချင်းထိုး လက်ဖွဲ့လုပ် အသင့်ဆောင်နိုင်ပြီ ဖြစ်ပါသည်။

ဤနည်းမှာ နာနာနယကျမ်းလာ အတိုင်း ဖြစ်ပါသည်။ အဘိုး၏ အင်းအိုင်လက်ဖွဲ့ ဂါထာမန္တန် အစီအရင်ကျမ်း၌လည်း အထက်ပါ အတိုင်းပင် တွေ့ရပါသည်။ ပို၍ ထူးသည်ကတော့ နငယ်အသုံးပင် ဖြစ်ပါသည်။ နငယ်နှင့် ပတ်သက်သော အသုံးပြုပုံများကို **အဘိုး၏ကျမ်း၌** ကျယ်ဝန်းစွာ တွေ့ရပါသည်။

ဤဆောင်းပါး၌ သေနတ်[illegible] ကျည်လွဲ နငယ်ကွင်းပိတ် အစီအ[illegible] သာ တင်ပြလိုရင်းဖြစ်သည့်အတွ[illegible] ကျန်တာ ချန်လှန်ထားခဲ့ပါသည်။

***အားလုံး နလုံးစိတ်ဝမ်း ငြိမ်း[illegible] ကြပါစေ။***

**နေဝန်းသစ်**

သို့...

ဆရာနေဝန်းသစ်နှင့် သုတေသီ ပညာရှင်တို့ခင်ဗျာ...

အဘိုးကျမ်း၌ရှိသော နငယ်အသုံးများကို ဆက်လက် ရေးသားပါရန် မေတ္တာရပ်ခံပါသည်။

ထို့ပြင် **စာရှုသူ သုတေသီ ပညာရှင်များ**မှလည်း မိမိတို့ သိရှိကြားသိထားသော နငယ်အသုံးများကိုလည်း န[illegible] ရောင်ခြည်မဂ္ဂဇင်းသို့ ပေးပို့ကြပါရန် ထပ်ဆင့် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

***စာတည်းချုပ်***

***နက္ခတ္တရောင်ခြည်မဂ္ဂဇင်း***

စာမျက်နှာ (၂၂၁)မှ အဆက်

လုံးကြီးကို မီးမှန်မှန်ပေးသွားလျှင် တစ်ခုသောအချိန်၌ ထိုဓာတ်၏ အစွမ်းသတ္တိကို တွေ့ရပေမည်။

ဓာတ်ပျော်မီးထက်ပိုသော မီးချိန်ကို ပေးမိလျှင် ထိုဓာတ်ထဲမှ အနှမြူဓာတ်ခိုးတို့သည် အခိုးအငွေ့အဖြစ် ထွက်ပြေးသွားကုန်၏။ လုံခွက်ထဲ၌ ဘုံးမရတော့သော အကာများသာ ကျန်ပါက ဘာသတ္တိအစွမ်းမှ မရှိတော့ပါ။ မီးပေးမီးယူ အထူးသတိပြုဖို့ လိုအပ်လှပါသည်။

ဓာတ်စ,တည်သည့်အချိန်က မိမိဓာတ်သည် အရည်ပြဲါးအား ပြောင်းလဲနိုင်စွမ်း ရှိမရှိ စမ်းသပ်ခြင်းဖြစ်၏။ ပြောင်းလဲနိုင်စွမ်းရှိမှသာ အထက်သို့ ဆက်တက်နိုင်ပေမည်။

မိမိစ,တည်သောဓာတ်သည်ပြဒါးရည်ပြဒါးအား ပြောင်းလဲနိုင်သော အစွမ်းမရှိလျှင် အစာကျွေးသောအဆင့်သို့ ဆက်မတက်စေဘဲ ဓာတ်ကို ပြန်လုပ်ရပေမည်။

အစကောင်းမှ အနှောင်းသေချာ ဆိုသကဲ့သို့ သို့မှသာ အချိန်ကုန်လူပန်း မဖြစ်ပေ။ သို့မဟုတ်ပါက အချိန်ကုန်ငွေကုန်လူပန်း ဖြစ်သွားမည်။ အချိန် သည် အလွန်တန်ဖိုးရှိ၏။ အစားပြန် မရတော့ပါ။

**ဇာနေ္တာစရိယဆရာတော်**သည် ဒကာမောင်ကြီးအား [illegible] လေခေးယုတ်တို့ကို မသုံးလေနှင့်ဟု မှာကြားသကဲ့သို့ [illegible] ဓာတ်လေးပါး လုပ်ရတ်အတွက် ငါ့မှာ ဆေးထူးမရှိ[illegible] ပြော၏။ ဓာတ်အတွက် ဆေးကို အထူးတလည် ရှာ[illegible] ပါဟု ပြောလိုရင်းဖြစ်ကြောင်း ဓာတ်ဆေးကို ချင့်ချိန် [illegible] ပြုလုပ်ကြရန် မှာကြားထားပါသည်။

'**ဆယ်လေးမကာ ဟိုင်းက ပောက်၍ဓာတ်**' ဆို[illegible] တွေ့ကာလီကာ ရှာရှာကြံကြံ မစဉ်းစားကြရန်လည်း ပြော[illegible] ထား၏။

ပြာဖြစ်တိုင်း စား၍မရပါ။ ဆေးဖက်ဝင်သွားမှသာ [illegible] ရကြောင်း၊ ပြာကို ကျက်အောင် ဖုတ်ရမည်ဖြစ်ကြော[illegible]

အဘိုးသည် မေတ္တာစာပါ **ဒန်၊ နာ၊ သုတ၊ ရစတ**[illegible] ဓာတ်လေးပါး လုပ်ရတ်သဘောကို ရှင်းပြပေးသွားခဲ့[illegible]

**အများသူငါ ဝါသနာရှင်တို့ ကြိုးစားလုပ်ဆောင်[illegible] ပါစေ။**

***ကွယ်လွန်သွားပြီဖြစ်သော အဘိုးအား အမှတ်[illegible]***

**ဦးဉာဏ်**



www.burmeseclassic.com


www.burmeseclassic.com



# နတ်နှင့်နဂါး

မလှည့်စားရ

ကျော်စင်မြ



...ဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ...လေးမြို့နယ်တွင် **ကျွန်းညိုကြီး၊ ...လှကျွန်း (သမီးလှကျွန်း)၊ ...ကျွန်းတို့**ဆိုတာ ရှိပါသည်။ ...လေးမြစ်၏ အောက်ဘက်ကို ...လိုက်လျှင် ထူးခြားသော ကျွန်း ...ကို တွေ့ရပါသည်။

...သယ်နှင့် အနီးဆုံးကျွန်းဖြစ် ... ကျွန်းညိုကြီးသည် ရေငံပိုင် ...ကြီး၏ ရေစာချခံရသည့် ကျွန်း ...ဆင်ရှားပြီး ထိုနယ်တစ်ဝိုက်မှာ တော့ အဓိကရ ကျွန်းကြီးပင် ဖြစ်ပါသည်။

တစ်ချိန်ခါက သားရဲတိရစ္ဆာန်များ ပေါခြင်း၊ သစ်ကြီးဝါးကြီးများရှိခြင်း ကြောင့် တောနက်၍ နတ်ကြီးသည်ဟု သတ်မှတ်ခံထားရသည့် ကျွန်းကြီး လည်း ဖြစ်သည်။

စိမ်းစိမ်းစိုစို ညှိမှိုင်းရီဝေနေဆဲ သစ်တောသစ်ပင်များ ဖုံးလွှမ်းလျက် ရှိသော ရေငံတစ်ရှိုးတွင် ထူးခြားသော ဖြစ်ရပ်ဆန်းကြယ်များနှင့် မကြာခဏ တန်ဆာဆင်ထားခြင်း ခံရလေ့ ရှိပါသည်။

မိန်းမလှကျွန်း၊ ကျွန်းညိုကြီးနှင့် ဆတ်ကျွန်းအနီးတစ်ဝိုက်မှာရှိသော ပင်လယ်ပိုင်းအရပ်မှာရှိ ရွာများသည် ရေငံပိုင်ဦးရှင်ကြီးကို လေးစားယုံကြည် ကြသည့်အလျောက် ရွာပုံဆွမ်းခေါ် ဆွမ်းတင်ခြင်းကို ဝါဝင်ဝါထွက် ပြုလုပ်ကြသည်။

ရေငံပိုင်ဦးရှင်ကြီးနှင့် ပတ်သတ်လျှင် အဓိကရ နေရာလည်း ဖြစ်၍ အမှားအယွင်း မလုပ်ရဲကြပေ။

www.burmeseclassic.com

**အကာယ်၍ တစ်ခုခု မှားယွင်းကြသည် ဆိုပါက မိကျောင်းပေါ်ခြင်း၊ မိကျောင်းနှင့် ပတ်သက်၍ အိပ်မက်ပေးတတ်လေသည်။**

အဘယ်ကြောင့်ဆိုသော် ဘုရားရှင်၏ နိပါတ်တော် ကျမ်းဂန်များတွင် တစ္ဆေ၊ သရဲ၊ စုန်း၊ နတ် စသည်ဖြင့် ပရလောကဆိုတာ မမြင်ရပေမယ့် ရှိသည့် အကြောင်းကို ဟောညွှန်ပြသထားပါသည်။

ဤကဲ့သို့ အစဉ်အလာရှိသည့် အဓိကရနေရာတွင် ဦးဆောင်ဦးရွက်ပြုလုပ်သူများ ကျေးရွာသားတချို့ လူပုဂ္ဂိုလ်ချင်း မသင့်မြတ်မှုကြောင့် အစဉ်အလာကို မေ့လျော့မိကြ၍ ဤသို့ ဖြစ်ရပ်ဆန်းကြယ်တစ်ခု ဖြစ်ပေါ်လာခဲ့ရပါလေတော့သည်။

ကျွန်းညိုကြီးသည် ယခင်က အမှားအယွင်းမခံ အလွန် နတ်ကြီးသောကျွန်းကြီးဟု သတ်မှတ်ထားကြသော်လည်း ယခုတော့ ထင်းခုတ် တောတက်သူများနှင့် ကျွန်းညိုကြီး တစ်ဝိုက်တွင် ရွာ(၁၂)ရွာတိတိ တိုးပွားလာခဲ့ပါသည်။

ကိုးအိမ်တန်း၊ ခနဲးချောင်း၊ ကျွန်းညိုရွာ၊ ကြက်တောင်ချောင်း၊ ရွာသာယာ၊ ထိပ်ချောင်း၊ ပျဉ်းမကုန်း၊ ကျားချောင်း၊ တုံးလှဲ့ရွာ၊ ငါးခူချောင်း၊ ကွမ်းသီးချောင်း၊ အလယ်ချောင်းတို့ပင်ဖြစ်သည်။

ကျွန်းညိုကြီးနှင့်တည့်တည့် ဖောင်ဝင် မြစ်ဆုံနေရာတွင် **ထိပ်ချောင်းရွာ** ရှိပါသည်။ ရွာထိပ်သောင်ပြင်တွင် **လေ့ဝမ်းဗိုက်ရာဟု ထင်ရသည့် ချိုင့်ခွက်ကြီးတစ်ခုရှိပါသည်။ထိုဝမ်းဗိုက်ရာသည် မောင်ရှင်အား ရေစာချကျွေးသည့် နေရာဟု ယုံကြည်ကြသည်**။ ထိုထိပ်ချောင်းရွာတွင် ဦးရှင်ကြီး ပူဇော်ပွဲသည် လွန်စွာမှ စည်ကားလှသည်။



တပေါင်းလပြည့်နေ့မှစ၍ (၃)ရက်တိုင်တိုင် ပွဲသွင်း၍ အစဉ်အလာတစ်ခုပမာ ကျင်းပလာခဲ့ကြ၏။ ထိပ်ချောင်းရွာတွင် ယခင်က နာမည်ကြီး မြို့တော်သိန်းအောင် ပေါ်စံတို့ဇာတ်၊ ဆတ်ကျွန်းတွင် မော်ကျွန်းမှ မိုးကြိုးဇာတ်တို့သွင်း၍ ကပြကြသည်အထိ စည်ကားစွာကျင်းပလာခဲ့လေသည်။

ကျွန်းညိုကြီးနှင့် ခနဲးချောင်းတွင် ရွာအလိုက် သီတင်းကျွတ်လပြည့်နေ့တွင် ရေငံပိုင်ဦးရှင်ကြီး ပူဇော်ပသပွဲကို ကျင်းပကြ၏။

**ခနဲးချောင်းရွာထိပ် ရေကန်နားတွင် ရေလယ်တည့်တည့် သောင်စပ်သို့ မိကျောင်း(၃)ကောင်သည်** လပြည့်လကွယ်ညတွင် ဦးတိုက်ကြ၍ အလွန်နတ်ကြီးသောကန်ဟု ယုံကြည်ကြလေသည်။

တစ်နေ့...ထိုနေ့သည် ခနဲးချောင်းရွာ၏ အလှည့်အပြောင်းတစ်ခု ဖြစ်လာလိမ့်မည်ဟု မည်သူမှ ထင်မထားကြ။

တစ်ခုသော လပြည့်နေ့ နေဝင်ဖျိုးဖျအချိန်တွင် ခနဲးချောင်းရွာကန်တည့်တည့် သောင်ပြင်သို့ ... နောက်မီ အဲဒဘိုးသာအိက စူးစိုက်... ကြည့်နေ၏။ နံဘေးတွင် မြေးဖြစ်... မောင်ဖော်က အဖော်အဖြစ် ပါလာ...

ထိုအချိန်တွင် မိကျောင်း(၃)ကော... သည် ဦးခေါင်းကို ရေထဲနှစ်၍ ... ဘက်သို့ ဦးတိုက်၍နေသည်။ ... တက်နေသော ကျောကုန်းကြီးမျာ... အတိုင်းသား တွေ့နေရသည်။

'မြေးရေ ကျောမည်းသုံးကောင် ... ဦးတိုက်လာကြပြီကွယ်၊ ရှုပုံဆွမ်းဦး... ပွဲတောင် နီးလာပါပကောလား'

'ဟုတ်တယ် အဘ၊ ဒီပွဲတော်... ပတ်သက်ပြီး အဘမှာ ထူးထူးခြား... ကြုံခဲ့တဲ့ အဖြစ်အပျက်ရှိရင် ... စမ်းပါ အဘရယ်'

'ရှိတာပေါ့ မြေးရယ်၊ ဟောဒီ... တစ်ခါတုန်းက အဘကြုံခဲ့တဲ့ အ... က ဒီလိုကွယ့် မြေးရယ်'

* * *

ဘိုးသာအိ တို့ ခနဲးချောင်းရွာ... သီတင်းကျွတ်လပြည့်နေ့ မတိုင်မီ... ရက်ခန့်အလို... ဦးရှင်ကြီး ပွဲတော်... ကလည်း နီးကပ်၍ လာလေပြီ၊

ဒါပေမယ့် ပွဲတော် ဦးစီးဦး... ပြုလုပ်မယ့်သူ တချို့ ခရီးလွန်နေ... ကျန်းမာရေးကြောင့် အနားယူ... ကျန်သည့် လူနည်းစုမှာက... စားမှုနေမှုနှင့် လုံးပန်းနေရင်း ... ရေးကိစ္စများတွေက ဝင်လာခဲ့...

သို့နှင့် လပြည့်နေ့ ရောက်လာ... တိုင် ဦးဆောင်မည့်သူက ... ပွဲတော်ရက်သည် မကျင်းပ ... နိုင်ခဲ့ကြပေ။


နတ်နှင့်နဂါး မလှည့်စား... အတိုင်း မယုံကြည်ကြပေမယ့် ... မစား မလုပ်ရ၊ ပွဲတော် မကျင်း... သည့်အတွက် ကန်တော့ပွဲ...





www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်မည့်သူလည်း မရှိ။

ဟိုလူလုပ်နိုး ဒီလူလုပ်နိုးနှင့် လပြည့်ကျော်(၂)ရက်တောင် ရောက်ရှိ၍လာသပြီ။ အဲဒီအချိန်မှာ ဘိုးသာအိ၏ သူငယ်ချင်း ကိုထွန်းကြည် ပိုးထိ၍ ပြီဆိုသည့် သတင်းက ဗွေဆော်ဦး တွေ့ရသည့် ကြမ္မာဆိုး...

ပိုးထိပုံကလည်း နေ့ခင်းပိုင်းလယ်ထဲ မှာ ဟင်းစားရှာရင်း ငါးရံ့တစ်ကောင် ပေါက်ကျင်းထဲ ဝင်သွားတာ တွေ့၍ လက်နှင့်နှိုက် အစမ်းတွင် ထူးကျင်းထဲမှ မြွေပေါက်တာ ခံလိုက်ရပြီး အိမ်ပြန် ကြတော့ မြွေဆိပ်တက်၍ သေဆုံး သွား၏။

ဒုတိယလူကတော့ ယောက်ဖဖြစ်သူ ကိုကြိုင်... အလုပ်သိမ်း၍ ထွန်တုံး ပြီး လယ်ကန်သင်းပေါ်ခုန် တက် မြွေက ခြေထောက်ကို ပေါက် ရာ အိမ်တော့ ရောက်လာပေမယ့် အသက်မရှိတော့။

အဲဒီလိုနှင့် ရွာ၏ ကာလသမီးပျို က ထင်းပုံအတွင်း ထင်းသွား ရာ မြွေကိုက်၍ ဆုံးပါရော၊တစ်နေ့ တည်း လူ(၃)ယောက်ဆိုတော့ ရိုးသား ရွာသူရွာသားတွေခမျာ တော် ချောက်ချားသွားကြသည်။

ရွာသားဆိုသည်... တစ်ရွာလုံးက ရိုပ်မကင်း မျိုးရိပ်မကင်းကြသည့် တွေချည်းပါပဲ။ ဒီထက် ထူးခြားတာ ညနေခင်းက ချည်တိုင်မှာ ချည် သည့် ကျွဲ၊နွားတစ်အုပ်သည် နံတစ်ဝိုက်မှာ တဝုန်းဝုန်းနှင့် ရှူး ရှဲ ရှဲ'' တစ်စုံတစ်ရာကို လန့်နေသည်ကို တွေ့လိုက်ရခြင်း ဖြစ်လေသည်။

ရွာက သက်ကြီးရွယ်အိုလူကြီး ယောက်က ''ပွဲပေးနေကျ မလုပ် ဖြစ်မှာပဲ''ဟုပြော၍ ရွာသား တချို့ ပိုင်ရာဆိုင်ရာတွေကို ကန်တော့ ပွဲပေးပြီး တောင်းပန်ကြသည်။

နောက်တစ်နေ့မှာ ဘိုးသာအိ၏ သူငယ်ချင်း ကိုကြိုင်(သေဆုံးသူ)၏ ဇနီးသည် မနေရင်းထိုင်ရင်းက မျက် ထောက်နီ ဆံပင်ဖားလျားနှင့် ယောက်ျား သံကြီး ဝင်ပူး၍...

'နင်တို့ရွာမှာ အသေအပျောက်တွေ များ နေတာ သိကြရဲ့လား။ ဟောက်...တစ်ရွာ လုံး ခုနစ်ဆင့်တိုက်ခံရတော့မလို့ တောင်းပန် တာ မြန်လိုပေါ့ကွာ။ မရှိမသေ မလေးမစားနဲ့ နောက် ဒီမျိုးမဖြစ်စေနဲ့'

ဟု ပြော၍ ပြန်ထွက်သွားလေတော့ သည်။

'ကိုကြိုင် ဝင်ပူးတာလဲဆိုရော ရွာ ကလူတွေ ပိုပြီး ကြောက်လန့်သွားပြီး ပွဲတော်ပြန်လုပ်ပေးဖို့ လူကြီးတွေကို ဝိုင်းပြောကြတာနဲ့ ဦးရှင်ကြီးပူဇော်ပွဲ ကို ပြန်လုပ်ပေးခဲ့ရတဲ့ သာဓကတွေ ရှိတယ်။

မထင်မှတ်တဲ့ ဖြစ်ရပ်အပြင် ယုံကြည်ရန် ခက်လှတယ်။ မယုံချင် သော်လဲလေ... မပြေးသော်လဲ ကံတရားက ရှိနှင့်ခဲ့ပြီ။

လောလောဆယ် ပိုးထိပြီးသေတာ က သုံးယောက်တောင်ဆိုတော့ ဘဝနဲ့ ရင်းပြီး သေဆုံးခဲ့ရသူတွေအတွက် ကျန်ရစ်သူ မိသားစုတွေခမျာ ကြေကွဲ မှုက ဖြေဆည်လို့ ရနိုင်လိမ့်မည် မထင် ပေ။ အဘ ကြုံခဲ့ရတဲ့အဖြစ်က ဒါပါပဲ ကွယ်'

ထို့ကြောင့် နတ်နှင့်နဂါး မလှည့်စား နှင့်ဆိုသော စကားက အခိုင်အမာ ရှိနေသည်ဟု ယုံကြည်ခြင်း ဖြစ်ပေလိမ့် မည်။

ထို့ကြောင့်လည်း လောက၌ မမြင် ရသောအရာ၊ မမြင်အပ်သောပုဂ္ဂိုလ် တို့ကြောင့် သူ့နေရာနှင့်သူ **လူ့စည်း၊ ဘီလူးစည်း**ဟု ပိုင်းခြားသတ်မှတ်ခဲ့ကြ ခြင်းဖြစ်ဟန် တူပေသည်။

သူ့အရပ်နှင့် သူ့ဇာတ် ဆိုသည် ရှိကြသည့်အတိုင်း ဘိုးသာအိ၏ ကိုယ်တွေ့ ဖြစ်ရပ်ဇာတ်လမ်းက နှောင်းလူတို့အတွက် သတိပေးနေ သယောင် ဖြစ်လေတော့သတည်း။

**[ဘိုးသာအိ၏ ဖြစ်ရပ်မှန်အား မြေးဖြစ်သူ မောင်ဖော်မှတစ်ဆင့် ပြောပြသော ဇာတ်လမ်းကို ရေးဖွဲ့ပါ သည်။]** ***စာရေးသူ***

**ကျော်ဇင်ဖြူ**



www.burmeseclassic.com

www.burmeseclassic.com




# နှစ်လောကငါ

## ဖြစ်ရပ်မှာဆန်းကြယ်

သိပ္ပံပညာတွေ ဘယ်လိုပင် တိုးတက်ထွန်းကားနေပါစေ တစ်ခါ တစ်ရံမှာ ဂမ္ဘီရဖြစ်ရပ်ဆန်းတွေက သိပ္ပံပညာကို စိန်ခေါ်နေသယောင် ယောင် ရှိပါသည်။

ထွက်ရပ်ပေါက်ပုဂ္ဂိုလ် (ဝိဇ္ဇာဓိုရ်)တို့၏ ဖြစ်ရပ်တွေကို လူတွေ ခဏခဏ မြင်ဖူး၊ တွေ့ဖူး၊ ကြားဖူးကြပါသည်။

သူတို့ခွင့်မပြုဘဲ ဓာတ်ပုံရိုက်လျှင် ဘယ်လိုပင် ကူး(ဆေး)သော်လည်း တစ်ပုံမှ မထင်ခြင်း၊ သူတို့ခွင့်[illegible] (ရိုက်ခိုင်းလို့) ဓာတ်ပုံရိုက်လျှင် [illegible] မရှိသော နံရံပြင်ကို ရိုက်လျှင်[illegible] ဘိုးတော်ပုံများ ပါနေခြင်းက [illegible] ဆန်းလွန်းလှသည်။

ထိုဖြစ်ရပ်မျိုး များစွာရှိသည့်[illegible] မှ အကြောင်းအရာတစ်ခုကို [illegible] လျှင်…

သူ့နာမည်က ဗိုလ်ကြီး…၊…[illegible]
…တွင် တပ်ခွဲမှူး[illegible]
တာဝန်ထမ်း[illegible]
နေသူ[illegible]
စစ်သားပီပီ အ[illegible]
အစားမကာင်း။ တ[illegible]
စုန်း၊ နတ်၊ ဘို[illegible]
(ဝိဇ္ဇာဓိုရ်)မယုံ[illegible]
ဘုရားမှလွဲ၍ [illegible]
အယုံအကြည်မ[illegible]
"တစ်ဖွတ်ထိုးသ[illegible]
ဆိုရလေ[illegible]
မိန်းမက မင်း[illegible]
ခွဲဖြစ်၏။ မင်းလေ[illegible]
မစမူကြောင့် [illegible]
တိုးတက်အေ[illegible]
စီးပွားဖြစ် အန္တရာယ်ကင်း[illegible] အယူရှိသူ။ သို့သော်သူ မယုံကြ[illegible] လည်း မိန်းမသဘောကို အ[illegible] ၍ အကြိုက်ဆောင်ထားသည်[illegible]

တစ်နေ့… မြန်အောင်[illegible] တပည့်တစ်ဦးနှင့် သွားကြ[illegible] က မင်းညီနောင်ဆောင်းသော [illegible] (နတ်ဦးထုပ်)နှစ်လုံး ဝယ်ဖို့ [illegible] သည်။

ဆရာတပည့်နှစ်ယောက် "[illegible] **မင်းလေးကို မယုံကြောင်း၊ [illegible] မရှိကြောင်း၊ ရှိရင်လုပ်လိုက်[illegible]** အရက်ရှိန်ကလေးနှင့် ပြော[illegible] မင်းကြီးမင်းလေး ဆောင်[illegible]



www.burmeseclassic.com

ဝယ်လာသော နတ်ဦးထုပ်နှစ်လုံးကို ကိုယ်စီ ဆောင်းလာကြ၏။

အိမ်အဝင်တွင် ဘာမပြော ညာမပြောနှင့် ဆရာတပည့်နှစ်ယောက် (မင်းကြီး မင်းလေးတို့ ပုံစံမျိုး) ကနေကြသည်။ အတော်ကြာမှ မိန်းမဖြစ်သူက **"ကိုယ်တော်ကြီး ကိုယ်တော်လေးတို့ရယ် မသိလို့ပါ အမိုက်အမဲလေးတွေပါ ခွင့်လွှတ်ပါ"**ဆိုမှ အကရပ်သွားကြသည်။

* * *

တပ်အတွက် စပါးဝယ်ယူရသောခေတ်တွင် ဗိုလ်ကြီး...သည် ပန်းတောကွင်း(ဇီးဖြူကုန်း)တွင် တပ်အတွက် စပါးဝယ်ရ၏။

ည(၈)နာရီတွင် လုပ်ငန်းပြီးဆုံးချိန်၌ ပန်းတောကွင်းရွာတွင် မအိပ်ဘဲ ကုန်းတလုံးရွာက ဦးအုန်းသန်းတို့အိမ်မှာ အိပ်မယ်ဟုဆိုကာ ဆရာတပည့်နှစ်ယောက် စက်ဘီးဖြင့် လာကြ၏။

ကုန်းတလုံးရွာက ဦးအုန်းသန်းသည် ဗေဒင်ဟော၏။ ဓာတ်ရိုက်ဓာတ်ဆင် လုပ်ပေး၏။ စုန်း၊ နတ်၊ ပယောဂ ကုသပေး၏။ ဘိုးတော်ဂိုဏ်းသမားဖြစ်သလို သမထ၊ ဝိပဿနာ တရားများကိုလည်း အားထုတ်ရင်း ရွာမြောက်ဘက်၌ ကြံခင်း၊ ပြောင်းခင်း၊ မြေပဲခင်းများ လုပ်ကိုင်လျက် ခြံထဲတွင် တစ်ယောက်တည်း တဲဖြင့်နေ၏။

မိသားစုက ကုန်းတလုံးရွာရှိ အိမ်တွင်နေထိုင်သည်။ ရေနံ့ပင်စင်စားဖြစ်သောကြောင့် စိုက်ပျိုးရေးကိုသာ ဦးတည်လုပ်ကိုင်နေသူဖြစ်သည်။

အစစအရာရာ အယုံအကြည်မရှိသူ ဗိုလ်ကြီး...က ဘာကြောင့် ဘိုးတော်ဂိုဏ်းသမား ဦးအုန်းသန်းနှင့် ရင်းရင်းနှီးနှီး အကျွမ်းတဝင် ဝင်ထွက်သွားလာပါသနည်း။ အကြောင်းရှိပါသည်။



ထိုအကြောင်းကို နောက်မှ တင်ပြပါမည်။

ဦးအုန်းသန်းတို့အိမ်တွင် အိပ်သောညက...

'ကဲ...တပည့် မင်းက ဘုရားခန်းမှာ အိပ်ကွာ၊ ငါက အဝင်အထွက် လွယ်တဲ့ ဧည့်ခန်းမှာပဲအိပ်မယ်'

ဟု ဗိုလ်ကြီး...က ဆိုကာအိပ်ကြသည်။*(တစ်နည်းဆိုရသော် ဗိုလ်ကြီး...က အရက်သောက်ထားသောကြောင့် ဘုရားခန်းတွင် မအိပ်ခြင်းဖြစ်၏။)*

တပည့်ဖြစ်သူမှာ ယား၍ ဘယ်လိုမှ အိပ်မရပေ။ ရေထချိုးသော်လည်း မရ။ ဘယ်လိုပင် ကုတ်သော်လည်း အယားမပြေ။

နောက်ဆုံး ခြေရင်းခန်းသို့ ပြောင်းရွှေ့အိပ်မှ အိပ်၍ရတော့သည်။ **(နောက်မှ တပည့်ဖြစ်သူမှာလည်း အရက်တွေ ခိုးသောက်ထား၍ အိပ်မရကြောင်း သိရသည်။)**

နံနက်ခင်း အစာပြေစား လက်ဖက်ရည်သောက်ကြရင်း ညက အိပ်မရသည့်အကြောင်း ပြောကြ၏။

ထိုအခါ ဗိုလ်ကြီး...က ဘိုးတော်(ဝိဇ္ဇာဓိုရ်)တွေကို သူ ယုံကြည်နေပြီဖြစ်ကြောင်း၊ သူတို့မကြိုက်သည့် အရာကို ပြုလုပ်မိပါက ဒဏ်ခတ်ကြောင်း၊ သူတို့ကြိုက်လျှင် (ပဋ္ဌာန်းဆက်ရှိလျှင်) ကူညီကြောင်း အောက်ပါ သူ၏ကိုယ်တွေ့အကြောင်းကို ပြောပြပါသည်။

'ဦးနေဝင်း လက်ထက်က ကချင်ပြည်နယ်ကနေ တန်(၃၀)ကျော်ရှိတဲ့ ကျောက်စိမ်းတုံးကြီးကို အသက်နဲ့လဲပြီး နယ်မြေခံလက်နက်ကိုင်တွေလက်ထဲက အတင်းတိုက်ယူရတဲ့အချိန်ပေါ့။

ကျွန်တော်တို့တပ်ခွဲကို နယ်မြေခံလက်နက်ကိုင်တွေက ဝိုင်းထားပြန်တယ်။ အဲဒီ နယ်မြေခံလက်နက်ကိုင်တွေကို မြန်မာ့တပ်မတော်က ဝိုင်းထားပြန်တယ်။

တစ်ယောက်နဲ့တစ်ယောက် ပစ်ဖို့ခတ်ဖို့ အခက်အခဲ ဖြစ်နေတယ်။ ကျွန်တော်တို့ကလဲ ထွက်ဖို့ ခက်နေသလို နယ်မြေခံလက်နက်ကိုင်တွေကလဲ ထွက်ဖို့ ခက်နေတာပေါ့။

ကျွန်တော်တို့တပ်ခွဲကို ဒီကောင်တွေတိုက်ရင် နောက်က တပ်မတော်ကလဲ ဒီကောင်တွေကို အပြတ်တွယ်ပစ်မှာ။ ဘယ်လိုလုပ်ရမယ်ဆိုတာ အကျပ်ရိုက်နေတာပေါ့။ အဲဒီလို စဉ်းစားရ ခက်နေတုန်း အတွေးတစ်ခုဝင်လာတယ်။

"ဒီတောဒီတောင်မှာရှိတဲ့ အစောင့်အရှောက်တွေ၊ အထက်တိုးတော်တွေရယ် ကျွန်တော်တို့ကတော့ အခက်တွေ့နေပြီ၊ ကျွန်တော်တို့ကို ကူညီပါဦး"

လို့ တိုင်တည်ပြောဆိုလိုက်တယ်။ မကြာဘူး မနီးမဝေးမှာ ပုဆိုးကွက်တုံးနဲ့ အဘိုးကြီးတစ်ယောက်ကို မြင်လိုက်ရတယ်။

"မင်းတို့ ဒီတည့်တည့်ကိုသွား သေနတ်တစ်ချက်မှ မဖောက်နဲ့၊ မသွားခင် ငါ့ကို ဓာတ်ပုံရိုက်သွားဦး၊ ပိန်းမပုံပေါ်ရင် မယုံကြနဲ့

www.burmeseclassic.com



ဦ
(အမရပူရ)

# တောင်ပေါ်ရွာလေးမှ

**အိုးခွက်များလှန့်၍ သား, ငါးဟင်းများ လာစားသော မကောင်းဆိုးဝါးကောင်**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်အတွင်းရှိ တောင်ပေါ်ရွာလေးဖြစ်သော ဟိုဇီနားဆိုက်ရွာတွင် မူလတန်းပြဆရာမအဖြစ် ဒေါ်လေးငယ် တာဝန်ထမ်းဆောင်နေသည်မှာ မေမီ ငယ်စဉ် လေးတန်းကျောင်းသူ အရွယ်ကပင် ဖြစ်ပါသည်။

ဒေါ်လေးငယ်တစ်ယောက် နွေရာသီကျောင်းပိတ်ရက် အိမ်ပြန်လာလျှင် ကျောင်းနှင့် ရွာအကြောင်းကို မိသားစုဝင်များအား ပြန်လည် ပြောပြပါသည်။

ဒေါ်လေးငယ်သည် ယောက်ျားလေးတစ်ယောက်ကဲ့သို့ စိတ်ဓာတ်ရှိပြီး မိန်းကလေး မဆန်ပါ။ ဒေါ်လေးငယ်တို့ တာဝန်ကျသည့် ရွာလေးသည် ရှမ်း၊ ပအိုဝ်း၊ ကချင်တိုင်းရင်းသားများနှင့် တရုတ်လူမျိုးများ နေထိုင်ကြပါသည်။

အိမ်ခြေ (၂၅)အိမ်ခန့်သာရှိပြီး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းလည်း ရှိပါသည်။

ဒေါ်လေးငယ်နှင့်အတူ မူလတန်းပြဆရာမနှစ်ဦး၊ ကျောင်းအုပ်ဆရာမကြီးတို့သည် ရွာထဲရှိ အိမ်တစ်အိမ်တွင် စုနေကြပါသည်။ ဒေါ်လေးငယ်တို့သည် လစာငွေအပြင် ရွာမှ ထောက်ပံ့ကြေးငွေ (၃၀၀၀၀)ကျပ်နှင့် ဆန်၊ ဆီ၊ ဆားများ ရရှိကြပါသည်။

ရွာထဲရှိ အိမ်များသည် လူရှိင်း

www.burmeseclassic.com

နေသည့် အိမ်များနှင့်တူပြီး မြေစိုက်တစ်ထပ်အိမ်များ ဖြစ်ပါသည်။ လေးထောင့်ပုံအိမ်များ မဟုတ်ဘဲ အဝိုင်းပုံအိမ်များဖြစ်ပြီး ဝင်ပေါက်တစ်ပေါက်သာရှိကြောင်း ဒေါ်လေးငယ်က ပြောပြပါသည်။

ဝေးလံသောဒေသဖြစ်ပြီး ကျောင်းတည်ရှိရာ တောင်ပေါ်ရွာကလေးသို့ ခြေကျင် (၅)နာရီကျော်ခန့် လျှောက်သွားရပါသည်။

သူငယ်ချင်း မူလတန်းပြဆရာမလေးများနှင့် ကျောင်းဖွင့်လျှင် အတူသွားနိုင်ရန် ကြိုတင်ပြီး ကျောင်းပိတ်ခါနီးရက် အတိအကျ သတ်မှတ်ထားရပါသည်။

အဖော်နှစ်ယောက်ရှိလျှင် သတ်မှတ်ထားသော စုရပ်နေရာမှ ရွာသို့အတူ ခြေကျင်လျှောက်သွားကြပါသည်။

တစ်ယောက်တည်းဖြစ်လျှင် ဆိုင်ကယ်ကို ငွေ(၁၅၀၀၀)ကျပ်ပေးပြီး (၃)နာရီခန့် စီးရသည်ဟု ဒေါ်လေးငယ်က ပြောပြပါသည်။

မေမီ(၆)တန်းဖြေပြီး နွေရာသီကျောင်းပိတ်ရက်တွင် ဒေါ်လေးငယ်ပြန်လာပါသည်။ နွေရာသီ ကျောင်းပြန်ဖွင့်ခါနီး ရှမ်းပြည်နယ်သို့ ပြန်လျှင် မေမီကို အလည်ခေါ်သွားမည်ဟု ပြောပါသည်။

ဒေါ်လေးငယ်နှင့်အတူ မေမီမရောက်ဘူးသော ရှမ်းပြည်နယ်ကို အလည်လိုက်ရမည်ကို တွေးပြီး ပျော်နေမိပါသည်။

ကျောင်းပြန်ဖွင့်ခါနီး (၁၀)ရက်ခန့်အလိုတွင် လားရှိုးမြို့မှတစ်ဆင့် ကွတ်ခိုင်သို့ ကားဖြင့် သွားကြပါသည်။

ကွတ်ခိုင်မြို့သို့ ရောက်ပြီး ဆိုင်ကယ်တစ်စီးကို ရွာအထိ ဒေါ်လေးငယ်နှင့်



မေမီတို့ ကယ်ရီခေါ်ခဲ့ကြပါသည်။

တောင်ပေါ်ရှုခင်းများနှင့် သစ်ပင်ကြီးများပေါ်တွင် လှပစွာ ရောင်စုံပွင့်နေသော သစ်ခွပန်းများကို ကြည့်ရင်း တောင်(၆)တောင်ခန့်ကို (၃)နာရီကျော်မျှ စီးခဲ့ရပါသည်။

မွန်းတည့်ချိန်လောက်တွင် အမျိုးသားကြီးတစ်ဦး၏ရုပ်တုပုံ စိုက်ထူထားသော ရွာထိပ်သို့ ရောက်ရှိပါသည်။

ထိုနေရာမှ ရွာထဲဝင်လာရာ ဒေါ်လေးငယ်နေသော အိမ်ရှေ့သို့ ရောက်ရှိပါသည်။ ဒေါ်လေးငယ်တို့နေသောအိမ်နှင့် ဘေးအိမ်များသည် ဝင်းခြံစည်းရိုးများ မရှိပါ။

လူရိုင်းများနေသော အိမ်လေးများနှင့်တူပြီး ရောင်စုံပွင့်နေသော ပန်းမျိုးစုံများ၊ သစ်ခွပန်းများကိုလည်း တွေ့ရ၍ မေမီပျော်နေပါသည်။

ဒေါ်လေးငယ်၏ သူငယ်ချင်း ဆရာမ(၂)ဦးကိုလည်း တွေ့ရပါသည်။ ဒေါ်လေးငယ်မှ မေမီကို နားနိုင်းပြီး ညနေရွာထဲသို့ အလည်လိုက်ပို့မည်ဟု ပြောပါသည်။

ညနေပိုင်းတွင် ရွာထဲသို့ မေမီတို့အားလုံး မိတ်ဆွေများအိမ်သို့ အလည်သွားကြပါသည်။

ညနေစာကို မုန်ညင်းကြော်၊ ကြက်ဥကြော်တို့ဖြင့် မေမီတို့ အားလုံး စားကြပါသည်။ စားသောက်ပြီးသော အိုးခွက်၊ ပန်းကန်များကို ဒေါ်လေးငယ်က ဆေးပြီး စင်ပေါ်တွင် မှောက်ထားပါသည်။

ဒေါ်လေးငယ်နှင့် ဆရာမများသည် စကားဝိုင်းဖွဲ့ပြောပြီး ည(၈)နာရီလောက်တွင် အိပ်ရာဝင်ကြပါသည်။

မေမီသည် ဒေါ်လေးငယ်နှင့်အတူ ဘုရားကန်တော့လိုက်ပါသည်။ အဘိုးအဘွားများ ငယ်စဉ်က သင်ကြားပေးသော စည်းချက်ထာတော် (ပဋ္ဌာန်းပါဠိတော်)ကို "ဟေတုပစ္စယောမှ အစပြုကာ အဝိဂတပစ္စယော" ထိ လက်အုပ်ချီ ရွတ်ဆို ကန်တော့လိုက်ပါသည်။

ဝါးကွပ်ပျစ်ကြီးပေါ်တွင် တန်းစီပြီး အိပ်ကြပါသည်။ ဒေါ်လေးငယ်ဘေးတွင် မေမီစောင်ခြုံပြီး အိပ်လိုက်ပါသည်။ ခရီးပန်းလာသဖြင့် ခဏ အကြာ မေမီ အိပ်ပျော်သွားပါသည်။

အချိန် အတော်ကြာသောအခါ မေမီတို့အိပ်သည့်နေရာနှင့် မနီးမဝေး ခြေရင်း မီးဖိုချောင်ဘက်မှ အိုးခွက်ဖွင့်သံများသည် တိတ်ဆိတ်နေသောညကို ထိုးဖောက်၍ ဆူညံစွာကြားရပါသည်။

မေမီစိတ်ထဲတွင် မီးဖိုချောင်ထဲသို့ သူခိုးဝင်လာပြီး အိုးခွက်များ လာရောက်ခိုးသည်ဟု ထင်နေပါသည်။ အသံများသည် ရပ်မသွားဘဲ ကြမ်းတမ်းစွာ လှုပ်ရှား ဖွင့်နေပါသည်။

ဒေါ်လေးငယ်၏လက်ကို မေမီ ကိုင်ပြီး အသိပေးလိုက်ပါသည်။ ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com

ငယ်မှ မေမီလက်ကို ကိုင်ပြီး အသံမပေးနှင့် ငြိမ်ငြိမ်နေဟု ပြောသကဲ့သို့ တင်းကြပ်စွာ ဆုပ်ကိုင်ထားပါသည်။

မေမီသည် ရင်တုန်ကြောက်လန့်သွားပြီး စည်းချဂါထာတော်ကြီးကို စိတ်ထဲမှ ရွတ်ဆိုသည်မှာ အချိန်အတော်ကြာသွားပါသည်။ မီးဖိုချောင်ထဲရှိ အိုးခွက်အားလုံး ကုန်သွားမှ ဆူညံသံများ ရပ်သွားပါသည်။

ထိုအချိန်မှ ဒေါ်လေးငယ်သည် နံနက်လင်းမှ ပြောပြမည်ဟု ပြောသဖြင့် မေမီလည်း ကြောက်စိတ်ဖြင့် အိပ်မပျော်တော့ပါ။

မေမီသည် နံနက် မျက်နှာသစ်ပြီး စည်းဖွင့်ဂါထာကို "**အဝိဂတပစ္စယော မှ ဟေတုပစ္စယော**"ထိ ပြောင်းပြန်ရွတ်ဆိုပြီး စည်းဖွင့်လိုက်ပါသည်။ ဒေါ်လေးငယ်သည် မေမီအား...

'ညတုန်းက တော်တော်ကြောက်သွားလား။ ဒေါ်လေးငယ်တို့ကတော့ မထူးဆန်းတော့ဘူး။ မီးဖိုချောင်ထဲက အိုးခွက်တွေထဲမှာ သား,ငါးဟင်းချက်ထားရင် ညဉ့်နက်ချိန်မှာ အိုးခွက်တွေကို လှန်လှောရှာစားတဲ့ မကောင်းဆိုးဝါးကောင်ပေါ့'

ဟု ပြောပြပါသည်။

ဒေါ်လေးငယ်၏ သူငယ်ချင်း ဆရာမလေးများကလည်း...

'လူတွေကို အန္တရာယ်တော့ မပြုပါဘူး။ သား,ငါးဟင်းတွေရှိရင် အကုန် နှိုက်စားသွားတယ်၊ စားပြီးတာနဲ့ ပြန်သွားတယ်။

ဟိုတုန်းကတော့ ချက်ထားတဲ့ သား,ငါးဟင်းတွေ မနက်ကျ မရှိတော့ဘူး။ အိုးခွက်တွေလဲ ခြေရာလက်ရာ မပျက်ဘူး။

ဒါကြောင့် ညနေစာ စားပြီးရင် ဟင်းတွေ အကုန်စားပြီး အိုးခွက်အားလုံး ဆေးပြီး မှောက်ထားလိုက်တယ်'

ဟု ပြောပြပါသည်။

ထိုရွာထဲရှိ အိမ်ကလေးများသည် ဝင်းခြံမရှိ၊ စည်းရိုးတန်းမရှိသဖြင့် မကောင်းဆိုးဝါးများ ဝင်ထွက်နိုင်ခြင်းဖြစ်ကြောင်း မေမီသိလိုက်ပါသည်။

ဒေါ်လေးငယ်နှင့်အတူ တောင်ပေါ်ရွာလေးတွင် ကျောင်းဖွင့်ခါနီးအချိန်ထိ ပျော်သလောက်နေမည့် မေမီ၏ စိတ်ကူးများသည်လည်း ပျက်သွားပါသည်။

မေမီတစ်ယောက် ညရောက်မည်ကို တွေးကြောက်နေပြီး ယနေ့တွင်ပင် အိမ်ပြန်တော့မည် ဖြစ်ကြောင်း ဒေါ်လေးငယ်အား ပြောလိုက်ပါသည်။

မီးဖိုချောင်ထဲ ဝင်လာသော မကောင်းဆိုးဝါးကောင်သည် မေမီနှင့် ဒေါ်လေးငယ်တို့ ရွတ်ဆိုသော စည်းချဂါထာတော်တန်ခိုးကြောင့် အိပ်နေသည့်နားသို့ လာပြီး အန္တရာယ်မပေးနိုင်ခြင်းဖြစ်ကြောင်း သိလိုက်ပါသည်။

မေမီအား မပြန်ရန် တားကြသော်လည်း ပြန်လာခဲ့ပါသည်။ ဒေါ်လေးငယ်သည် မေမီကို လားရှိုးမြို့ထိ လိုက်ပို့ပေးပြီး မန္တလေးသို့တစ်ယောက်တည်း ပြန်လာခဲ့ပါသည်။

မေမီကိုယ်တိုင်တောင်ပေါ် ရွာလေးတွင် ကြောက်လန့်စရာ အသံများကို ကြားခဲ့သော်လည်း မကောင်းဆိုးဝါးကောင်ကို မမြင်ဘူးခဲ့ပါသည်။

နွေရာသီ ကျောင်းပိတ်ရက်တွင် ထူးဆန်းသောဖြစ်ရပ်ကို ကြုံတွေ့ခဲ့ရသည့် တောင်ပေါ်ရွာလေးကိုလည်း မေမီ မေ့နိုင်တော့မည် မဟုတ်ပါ။

တစ်ခါမျှ မကြုံဘူး၍ အသံကြားရုံဖြင့် ကြောက်လန့်တုန်လှုပ်ခဲ့သည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

***(မေမီပြောပြသော ဖြစ်ရပ်မှန်အား ရေးဖွဲ့ပါသည်။)***

**ချို(အမရပူရ)**

စာမျက်နှာ (၂၂၉)မှ အဆက်

ယောက်ျားပုံပေါ်ရင် ဆောင်ထားပေါ့ကွာ။ ကဲ...ကဲ... သွားကြ သွားကြ အန္တရာယ်တွေ ကင်းပါစေကွယ်"

လို့ ပြောပြီး ပျောက်သွားတယ်။ အဘိုးကြီးပြတဲ့ လမ်းအတိုင်း တိတ်တာဆိတ် ထွက်လာခဲ့တာ ဘာအန္တရာယ်မှ မဖြစ်ဘူးဗျာ။

နောက်တော့ ကျွန်တော်တို့ချင်း ချိတ်ဆက်မိသွားပြီး နယ်မြေလက်နက်ကိုင်တွေကို တိုက်လိုက်တာ အဲဒီကောင်တွေ တော်တော်ကျတယ်။ အတွင်းမှာ ကိုယ်လုပ်မိရှိတော့ ရဲရဲ တင်းတင်း ပစ်ခတ်တိုက်ခိုက်တော့ ဒီကောင်တွေ အထိနာတာပေါ့။

သိပ်မကြာဘူး ကျောက်စိမ်းတုံးကြီးကို ရထားလမ်းဖောက်ပြီး သယ်နိုင်ခဲ့တာ ကျွန်တော်တို့ တပ်ရင်းပေါ့ဗျာ။

တပ်ရင်းပြန်ရောက်တော့ အဲဒီ ရိုက်လာတဲ့ ဓာတ်ပုံဖလင်ကို ပြန်ဆေး(ကူး)တာ ဓာတ်ပုံ(၂)ပုံပဲရတယ်။ ဘယ်လိုပဲကူးကူး မရဘူးဗျာ။

အဲဒီဓာတ်ပုံနှစ်ပုံကို တပ်ရင်းမှူးတစ်ပုံ၊ ကျွန်တော်တစ်ပုံ ဆောင်ထားတယ်ပေါ့ဗျာ။ ဓာတ်ပုံကလဲ ရိုက်တုန်းက တစ်ဦးတည်း **ဓာတ်ပုံထဲမှာတော့ ဘိုးတော်(၃၃)ဦးတောင်** ဆိုတော့ အံ့သြလို့ မဆုံးဘူးဗျာ။

ဒီကျတော့ နားလည်တဲ့သူတွေ ပြကြည့် ဘိုးတော်အောင်မင်းခေါင်ပုံဖြစ်မှန်း သိ တော့တယ်ဗျာ။ တစ်ခါတစ်ရံမှာ ထူး ဖြစ်ရပ်တွေက ဂမ္ဘီရဆန်လွန်းလှတယ်ဗျာ

**ဝန်ခံချက် ။ ။ မြန်အောင်မြို့နယ် ကန်းတလုံးကျေးရွာမှ ဦးအုန်းသန်း ပြောပြသည်ကို ရေးသားထား ကြောင်း...။**

***သမ္မာဆန္ဒ မြည့်ဝကြပါစေ။***

**စိုးလင်းအောင်(မြန်အောင်)**

www.burmeseclassic.com



တောရောက်တောင်ရောက်ပြော၍

# တောရောက်ခဲ့ရသူ

မောင်ဂင်
(တံတားဦး)

မြန်မာနိုင်ငံအတွင်းရှိ တောတောင် ရုပ်တို့တွင် သူ့နေရာနှင့်သူ ပုဂ္ဂိုလ်များရှိပြီး မသိ၍ဖြစ်စေ၊ က်နှင့်ဖြစ်စေ၊ မရိုမသေ မလေး ပြုမိလျှင် အန္တရာယ် ကျရောက် ပါသည်။

တိုင်းဒေသကြီး အနောက်ပိုင်း ာဝတီမှ နတ္တလင်းအထိ မြို့နယ် အရှေ့ခြမ်း ပဲခူးရိုးမတောင်ခြေ နှင့် တောင်ပေါ်ဒေသတို့တွင် **"ခြေရာ တစ်တောင် မောင်မဲခေါင်၊ စီးတော် ဆင်လော်ရှိန်း၊ မအောင်ဖြူ"** တို့မှာ မသိသူ မရှိသလို ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ ပြည်၊ ပေါက်ခေါင်းမြို့နယ် တို့တွင်လည်း **"ဂေါ်သဇင်မင်းသား နှင့်သုံးပန်လှမင်းသမီး"** တို့မှာ ဒေသခံ များ အစဉ်အဆက် သိလာသည့် အမှန်ဖြစ်စဉ်များ ဖြစ်ပါသည်။

ထိုဒေသတို့တွင် သူ့စည်း သူ့ကမ်း နှင့် သတ်မှတ်ချက်များရှိရာ ဖောက် ဖျက်သူ မရှိသလောက်ပင် ရှားလှပါ သည်။

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီး မြို့နယ်၏ အရှေ့ဘက် ဖူးကြီးတော နက်ကြီးထဲရှိ တောဆင်ရိုင်းများသည် ဆောင်းရာသီ စပါးခင်းများ ဝင်းမှည့် လာလျှင် သာယာဝတီ၊ လက်ပံတန်း မြို့နယ်များ၏ တောင်ပေါ်ရွာများရှိ စပါးခင်းများသို့ လာရောက်စား သောက်လေ့ ရှိပါသည်။

သို့ရာတွင် တောဆင်ရိုင်းအုပ်သည် ယင်းတို့၏ ပင်မနေရာ ဖူးကြီးတောနှင့် အလွန်ဝေးကွာသည့် ပေါင်းတည် မြို့နယ်၏ တောင်ပေါ်ရွာများသို့မူ တစ်ကြိမ်တစ်ခါမျှ လာရောက်ခြင်း မရှိခဲ့ပါ။

၂၀၀၀ ပြည့်နှစ် ဆောင်းရာသီ ကျွန်တော် ပေါင်းတည်မြို့တွင် မ-ယ-က ဥက္ကဋ္ဌတာဝန် ထမ်းဆောင် နေချိန်ဖြစ်ပါသည်။ **(ထိုအချိန်က မ-ယ-ကဟုပင် ခေါ်ပါသည်။)**

ပေါင်းတည်မြို့ အရှေ့ဘက် ပဲခူး ရိုးမတောင်ပေါ်မှ ရ-ယ-ကများက သတင်းပို့သည်မှာ ခန့်မှန်းအမြင့် (၈) ပေခန့်၊ အစွယ် ခန့်မှန်း (၁)ပေခန့်ရှိ သော တောဆင်ရိုင်း ဆင်ထီး(၁) ကောင်သည် နေ့အချိန်တွင် တောနက်





www.burmeseclassic.com

www.burmeseclassic.com

ရာတွင် ပုန်းအောင်းနေပြီး ညအချိန်တွင် ရွာတွင်းသို့ တိတ်တဆိတ်ဝင်ကာ ခြေတံအမြင့် ဆောက်ထားသော ရွာတွင်းရှိ အိမ်များအား ယင်း၏ နှာမောင်းကို ထိုးသွင်းပြီး စူးစမ်းရှာဖွေရာ ဆားအိုး၊ ငါးပိအိုးများကို တွေ့လျှင် အကုန်စားသွားကြောင်း…

တစ်အိမ်မှ တစ်အိမ် ကူးစားပြီး ကျေနပ်လျှင် ပြန်သွားကြောင်း၊ ရွာသားများမှာ ကြောက်ရွံ့သဖြင့် တောဆင်ရိုင်းကို မတိုက်ခိုက်ရဲကြောင်း၊ ယင်းပြန်ထွက်သွားမှသာ တိတ်တိတ်ထွက်ကြည့်ကြောင်း…

တစ်ရွာပြီးတစ်ရွာ လှည့်လည်စားသောက်နေကြောင်း၊ ရွာစုံပြီဖြစ်ကြောင်း၊ ရွာသူရွာသားများမှာ တောဆင်ရိုင်းအန္တရာယ်ကြောင့် စပါးရိတ်ခြင်း၊ တောင်ယာလုပ်ခြင်းတို့တွင် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လုပ်ကိုင်နေရကြောင်း သတင်းပို့လာပါသည်။

ကျွန်တော်သည် တောဆင်ရိုင်းကို ဖမ်းနိုင်သူ မဟုတ်သော်လည်း မြေပြင်တွင် ဖြစ်ပေါ်နေသော အခြေအနေမှန်ကို သိရှိပြီး အထက်သို့ တင်ပြရန်အတွက် မြေစာရင်း၊ စိုက်ပျိုးရေး၊ သစ်တော၊ လဝက၊ မွေး/ကုနှင့် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များကို စုဝေးခဲ့သည်။

ထို့နောက် တောဆင်ရိုင်းရှိရာသွားရန် မော်တော်ယာဉ်ဖြင့် ရိုးမတောင်ခြေရှိ ဝဲကြီးဆည်ထိသွားကာ ဆည်မြောင်းရိပ်သာစောင့် ဝန်ထမ်းကို မော်တော်ယာဉ်အပ်နှံကာ ဆည်အတွင်း၌ အသင့်စောင့်နေသော စက်လှေ(၂)စီးဖြင့် ရိုးမတောင်ပေါ်ရှိ တောဆင်ရိုင်းရှိရာ ကြို့ကုန်းရွာသို့ ထွက်ခဲ့ပါသည်။

ဝဲကြီးဆည်သည် ပဲခူးရိုးမတောင်ပေါ်တွင် တည်ရှိပြီး ရေပြင်အကျယ်



သည် ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်း (၁၃)မိုင်ကျယ်ကာ ထူးခြားစွာ ပဲခူးရိုးမတောင်ပေါ်တွင် စက်လှေမောင်း၍ ရသောဆည် ဖြစ်ပါသည်။

ဆည်အတွင်း၌ ခရီးသည်တင်လိုင်းစက်လှေ(၁၀)စီးကျော် ရှိပါသည်။ စက်လှေပေါ် ပါလာသူ ဌာနဆိုင်ရာဦးစီးမှူးများသည် လွတ်လပ်စွာ ခရီးထွက်ရသဖြင့် အထိန်းအကွပ်မရှိ တောရောက်တောင်ရောက် ပြောလာကြပါသည်။

ထိုအချိန်က ကျွန်တော်တို့ဌာနတွင် ဝန်ထမ်းများအား ဝန်ထမ်းသက်သာငွေ့ဆန်၊ ဆီ၊ သီးနှံများ လစဉ်ထောက်ပံ့ရခြင်း၊ ဝန်ထမ်းများ၏ သာရေး၊နာရေးထောက်ပံ့ရခြင်း၊ သင်တန်းတက်လျှင် ထောက်ပံ့ရခြင်း…

တစ်နှစ်တစ်ကြိမ် ဝတ်စုံချုပ်ပေးရခြင်း စသည့် များပြားလှသော သက်သာငွေများကို တာဝန်ရှိသူအနေဖြင့် ခေါင်းခံရှာဖွေနေရသည် ဖြစ်ရာ ကျွန်တော်က နှုတ်ဆော့ပြီး…

'အဲဒီဆင်ကို မိအောင်ဖမ်းမယ်။ မိလို့ကတော့ ဝန်ထမ်းသက်သာအတွက် သစ်ဆွဲခိုင်းမယ်။ ရှင်လောင်းလှည့် အငှားလိုက်မယ်။ အမြင့်(၈)ပေအကောင်ဆိုတော့ ခိုင်းကောင်းတဲ့အရွယ်ပဲ။ အကွက်တော့ တွေ့နေပြီ'

ဟူ၍ တောရောက်တောင်ရောက် ပြောလိုက်ပါသည်။

ထိုအချိန်က ကျွန်တော်သည် တောစောင့်နတ်၊ တောင်စောင့်နတ် လည်းကောင်း၊ ဥတေနဆင်နတ် လည်းကောင်း သတိမရမိပါ။ အပေါ် အသင်းများနှင့် အရှိန်ရပြီး ပြော ရာကို ဖွတ်ပြောလာခဲ့ပါသည်။

တောဆင်ရိုင်းရှိသည့်ရွာသို့ ရောက် သောအခါ ရွာသားများက ရွာပြ စပါးခင်းသို့ ခေါ်သွားပြီး ယိုင်လဲ သော စပါးပင်များကိုပြကာ…

'မနေ့က ဒီစပါးခင်းထဲ စားသွားတယ်'

ဟု ပြောပါသည်။ စပါးခင်း လျှောက်ကြည့်သောအခါ မစိုမခြောက် မြေပေါ်တွင် လင်ပန်းအလတ် အရွယ်ခန့်ရှိသော ဆင်ခြေရာ များကိုကြည့်ကာ ကျွန်တော် ထိတ် သွားပါသည်။

ပို၍ ထိတ်လန့်မိသည်မှာ စပါး နှင့် မဝေးလှသော နေရာတွင် တော တန်း(၁)ခုတွေ့ရာ ကျွန်တော် စဉ်း မိသည်မှာ တောတန်းထဲက ဆင် သည် ကျွန်တော်တို့လူအုပ်ကို သွားပြီး ပြေးလာ ရန်ပြုပါက ကွင်းပြင်ထဲတွင် အကာအကွယ် ပြေး၍လည်း လွတ်မည် မဟုတ် ဒုက္ခရောက်ရန် ရှိသည်ဟု တွေး မူလရည်ရွယ်ချက်ဖြစ်သော ဆင် ရန်ကို စွန့်လွှတ်ပြီး ရွာသို့ ပြန် သည်။

ရွာရှိအိမ်များသည် အတန် သော တောင်ကုန်းပေါ်တွင် တည် ရာ ကျွန်တော်တို့လူစု အိမ် အောက်ဘက်အရောက်တွင် ရွာ တောင်ကုန်းပေါ်မှ ကျွဲမကြီး ကောင်သည် လူများများကို မြင်၍ (သို့မဟုတ်) အခြားအကြောင်း လားမသိပါ။ တောင်ကုန်းပေါ်မှ

www.burmeseclassic.com



နားမှုတ်ကာ ပြေးဆင်းလာပြီး ကျွန်တော်တို့လှေစုကို ချိဖြင့် ပြေးခတ်သဖြင့် ပါလာသူများသည် ကစဉ့်ကလျား ဦးတည်ရာ ပြေးကြပါသည်။

ကျွန်တော်၊ လဝကမှူးနှင့် ရဲတပ်ကြပ်ကြီးတို့သည် တိုင်ပင်ထားခြင်းမရှိဘဲ အနီးရှိ ခပ်ကျဲကျဲ ပေါက်နေသော ဝါးရုံအတွင်းသို့ ပြေးဝင်ကြပါသည်။

ကျွဲမကြီးသည် အခြားလူများ ထွက်ပြေးသောကြောင့် မမြင်ရတော့သဖြင့် မြင်နေရသည့် ဝါးချုံအတွင်းမှ ကျွန်တော်တို့(၃)ဦးကို သူ့ချိုကားကားကြီးဖြင့် သိမ်းကျုံးခတ်နေရာ ဝါးပင်များ ကာကွယ်ထားသောကြောင့် လူကို မထိပါ။

ထိုအချိန်တွင် ကျွန်တော်၏ကြောက်စိတ်သည် အထွတ်အထိပ်သို့ ရောက်နေပါသည်။ နောက်မှ သတိရ၍ တောင်းဂန်းလွယ်ပြီး ဝါးရုံထဲသို့ ရောက်နေသော အနီးရှိ ရဲတပ်ကြပ်ကြီးအား...

'ဆရာကြီး သေနတ်မောင်းတင်ထား၊ လူကို ခတ်မိတော့မယ်ဆိုရင် ပစ်သာပစ်လိုက်ကြတော့'

ဟု အော်ပြောလိုက်ပါသည်။

ကျွဲမကြီးမှာလည်း တရှူးရှူးနှင့်နှင့် ဝါးရုံကို သိမ်းကြုံးခတ်နေရာ အိမ်များဆီသို့ ရောက်သွားသူများ၏ ပြောကြားချက်အရ ကျွဲပိုင်ရှင် ရွာသားကြီးသည် ဓားတ်(၁)ချောင်း ကိုင်ဆောင်ပြီး အပြေးဆင်းလာကာ သူ့ကျွဲမကို အဝေးဆီသို့ မောင်းသွားမှ ကျွန်တော်၊ လဝကမှူးနှင့် ရဲတပ်ကြပ်ကြီးတို့ ဝါးချုံထဲမှထွက်ကာ တောင်ကုန်းပေါ်ရှိ အိမ်များဆီသို့ ခပ်သွက်သွက် ပြေးတက်သွားပါသည်။

ကျွဲပိုင်ရှင် ရွာသားကြီး ပြောသွားသော စကားမှာ...

'ဒီကျွဲမ တစ်ခါမှ လူမခတ်ဖူးပါဘူး၊ ဒီနေ့ကျမှ ဘာစိတ်ရိုင်း ဝင်နေသလဲ မသိဘူး'

ဟု ဖြစ်ပါသည်။ ထိုအချိန်က ကျွန်တော် မရိပ်မိသေးပါ။

ထိုရွာတွင် နေ့လယ်စာစားပြီး ကြို့ကုန်းရွာအနီးရှိ သိမ်ကုန်းရွာသို့ လယ်ကွင်းပြင်ကို ဖြတ်လျှောက်ပြီး လမ်းလျှောက်သွားပါသည်။ တစ်ရွာနှင့်တစ်ရွာ မဝေးလှပါ။ သိမ်ကုန်းရွာဝင်ခါနီးတွင် စပါးရိတ်ပြီးဖြစ်သည့် ရိုးပြတ်စ(၁)ခုသည် ကျွန်တော့်ခြေမထိပ်ကို ထိုးမိပါသည်။

လယ်ကွင်းထဲတွင် သွားနေကျဖြစ်သော ကျွန်တော့်အတွက် ရိုးပြတ်ထိုးခြင်း၊ ရှခြင်းသည် အကြိမ်ကြိမ် ဖြစ်ဖူးသဖြင့် အသေးအဖွဲပါ။ အနည်းငယ်မျှပင် စိုးရိမ်စိတ် မရှိခဲ့ပါ။

သို့ရာတွင် မထင်မှတ်ဘဲ ရွာတွင်းတည်းခိုသည့်အိမ် အရောက်တွင် ရိုးပြတ်ထိုးထားသော နေရာမှ ထွက်လာသော သွေးများသည် အနာနှင့်မလိုက်အောင်ပင် များပြားရာ ထိတ်လန့်မိပါသည်။

တည်းခိုသည့် အိမ်ပိုင်ရှင်က ကုက္ကိုရွက်များခူးပြီး သန့်စင်အောင် ဆေး၍ ထောင်းထုကာ ပတ်တီးစည်းပေးပါသည်။ အနာမှထွက်သော သွေးများသည် များလွန်းသဖြင့် ရဲရဲပင် မကြည့်ရဲတော့ပါ။

ထိုအချိန်မှစပြီး ကျွန်တော်၏စိတ်များသည် ထုံထိုင်းရီဝေလာပြီး အိမ်ပြန်လိုသော စိတ်သာ ဖြစ်နေသောကြောင့် ရွာတွင် မည်သည့်လုပ်ငန်းမျှ မလုပ်တော့ဘဲ စက်လှေရှိရာ ကြို့ကုန်းရွာသို့ ပြန်လာရာ ခြေထောက်မှ ဒဏ်ရာသည် အနာနှင့် မလိုက်အောင် နာလွန်းလှပါသည်။

ကြို့ကုန်းရွာမှ စက်လှေ(၂)စီးဖြင့် ဝဲကြီးဆည် ဆည်မြောင်းရိပ်သာသို့ ပြန်လာရာ ဝဲကြီးဆည်သည် ပဲခူးရိုးမကို တမံပိတ်၍ တည်ထားခြင်းဖြစ်၍ ရေအောက်၌ ရိုးမတောင် သစ်ပင်ကြီးများ မြုပ်လျက်ရှိပါသည်။

ခရီးတစ်ဝက်လောက် အရောက်နေလည်း စောင်းလာချိန်တွင် ကျွန်တော်စီးလာသော စက်လှေ၏ ပန်ကာမှ ''ဒုန်း''ဟူသော အသံကြားကာ စက်လှေမှာ ယိမ်းထိုးပြီး စက်ရပ်သွားပါသည်။

စက်လှေသမားက ပန်ကာကို လေထဲသို့ ထောင်ကြည့်ရာ ပန်ကာဒလက် (၃)ခုအနက် (၁)ခုမှာ ကျိုးနေသည်ကို တွေ့ရပါသည်။ လှေသမားက...

'ရေအောက်က သစ်ပင်ကိုင်းနဲ့ တိုက်တာကိစ္စမရှိဘူး၊ ကျန်တဲ့(၂)ခုနဲ့ မောင်းလို့ရတယ်'

ဟု ပြောပြီး စက်လှေကို နှိုးပြီး ဆက်မောင်းလာခဲ့ပါသည်။

ညနေစောင်း ကျနေတွင် ကုန်းထိပ်ပေါ်ရှိ ဆည်မြောင်းရိပ်သာကို အဝေးကလှမ်းမြင်နေရချိန်တွင် နောက်(၁)ကြိမ် ''ဒုန်း''ဟူသောအသံ ကြားသဖြင့် စက်လှေသမားက ''တိုက်ပြန်ပြီ'' ဆိုပြီး ပန်ကာကို ထောင်ကြည့်ရာ


စာမျက်နှာ (၂၃၉) သို့
www.burmeseclassic.com

www.burmeseclassic.com

# ပျော်ဝင်နေသော ရုပ်တု

နေဇော် (နုဂ္ဂဟ)



သူရိယနေဝန်းကြီးသည် အနောက်ဂေါယာကျွန်းသို့ ဝင်လုစပြုလျက်ရှိသည်။ အိပ်တန်းတက် ကျေးငှက်သာရကာတို့မှာ သံချိုသံညင်း တေးသီသံတို့ဖြင့် အိပ်တန်းသို့ ပျံသန်းကြလေပြီ။ မကြာမီ မှောင်ရီသန်းလာတော့မည်။

လေတစ်ချက်အဝှေ့မှာ စေတီတော်က ဆည်းလည်းခတ်သံများက မမွှေတေး တစ်ပိုင်းတစ်စကို ဖော်ကျူးနေသလိုဖြစ်သည်။

ကာလသားခေါင်း ကိုကြီးစောခေါ် စောကျော်မင်း ဦးဆောင်၍ ရွာဦးပရိဝုဏ်စေတီတော်အတွင်း၌ မြက်ပေါက်နေကြသော လူငယ်တစ်စုမှာ သီချင်းသံအေးအေးဖြင့် အလုပ်သိမ်းဖို့ပင် မေ့နေကြ၏။

ဘုန်းကြီးကျောင်းမှ ညနေ ဘုရားဝတ်တက် ကြေးစည်သံကြားမှ အသိဝင်လာသည်။ စောစောက ကိုကြီးစော၏ စိတ်အစဉ်သည် ချစ်ရသူ မထားနွယ်ဆီ ရောက်နေသည်။

သည်နှစ်သင်္ကြန်၌ မထားနွယ် ပြ... လာမည်ဟု သူ့မောင် စော... ပြောပြ၍ သိရသည်။ မထားနွယ်... ထွက်သွားခဲ့သည်မှာ သည်နှစ်... သုံးနှစ်တင်းတင်းပြည့်ခဲ့လေပြီ။

မထားနွယ်တစ်ယောက် ပြ... မသွားမီ ညနေစောင်းအခ... သည်လွမ်းစေတီထံပါး၌ ဘု... ရောက်လာပြီး စောကျော်မ... စကားတွေ ပြောဖြစ်ကြလေသည်...

'စောကျော်မင်း မနက်ဖြန် ငါမြို့သွား... မယ်။ နင်နဲ့လဲ ငါမခွဲချင်ဘူး။ ...



www.burmeseclassic.com

www.burmeseclassic.com

ဗိုဘဝ အခြေအနေကလဲ ရှိသေးတယ် မဟုတ်လား'

မထားနွယ် စကားဆုံးတော့ စောကျော်မင်းသည် သက်ပြင်းကို အကြိမ်ကြိမ်ချနေရုံက လွဲပြီး ဘာမှ မပြောနိုင်ခဲ့ချေ။

သူ့ဘဝအခြေအနေကို သူအသိဆုံး ဖြစ်သည်။ သူကိုယ်တိုင်ကပင် သူ တစ်ပါးတို့ထံ၌ နေ့စားအလုပ်ဖြင့် ရှင်သန်နေရသည်မို့ မထားနွယ်၏ ဘဝ ကူညီဖြေရှင်းနိုင်ဖို့ မတတ်သာခဲ့။ မထားနွယ် မြို့သွားမည့်ကိစ္စမှာ တခြား မဟုတ်။

မထားနွယ် အမေ မဆုံးမီက ဆေး ကုသစရိတ်များကို အတိုးဖြင့် ချေးခဲ့ရ ၏။ ထိုအကြွေးကို ပြန်ဆပ်ချင်ပါသော်လည်း သူ့မောင် စောသာဦး၏ လုပ်ခ က စားဖို့ပင် ရသည်။

ထို့ကြောင့် မထားနွယ်တစ်ယောက် ကြံရာမရသည့်အဆုံး မြို့၌ အိမ်ဖော် လုပ်ရန် ရွာမှ ပွဲစားတစ်ဦးနှင့် ဆက်စပ် မိသွားလေသည်။ ထိုကိစ္စကို ချစ်သူ စောကျော်မင်းအား ပြောပြသော်လည်း သူမတို့ ဘဝကဲ့သို့ နေ့လုပ်နေ့စားတွေ မို့ သူမအဖြစ်ကို မကူညီနိုင်ခဲ့ပေ။

နောက်ဆုံးမှာတော့ မျက်စိကို ဖွင့် အတင်းမှိတ်ပြီး မြို့သို့ ထွက်ခွာသွားခဲ့ သည်။ သည်နှစ်တော့ အကြွေးတွေ လည်း ကျေပြီမို့ ရွာကို ရွာကို အပြီး ပြန်လာတော့မည်။

စောကျော်မင်းမှာလည်း အလုပ် ကြိုးစားလုပ်ပြီး ငွေလည်း အတော် ရထားမိပြီ။ အမေဖြစ်သူကိုလည်း ပြောထားပြီးဖြစ်၍ သည်ဝါမဆိုမီ မင်္ဂလာဆောင်ကြဖို့ စီစဉ်ထားပြီးဖြစ် သည်။

နှစ်ကိုယ်တူ နီးကြမည့်အရေးကို တွေးပြီး အပျော်လွန်ကာ အလုပ်သိမ်းဖို့



မေ့လျော့နေခြင်းဖြစ်သည်။

'ကဲ...ငါ့ညီတို့ ဒီနေ့တော့ ဒီလောက် နဲ့ပဲ သိမ်းလိုက်ကြစို့၊ နောက်နေ့မှာပဲ အပြီး လက်စသတ်ကြတာပေါ့'

စောကျော်မင်း၏ စကားဆုံးတော့ အားလုံး လုပ်လက်စအလုပ်များကို ရပ်နားပြီး ပေါက်ပြား၊ ခြင်းတောင်းများ ကို သိမ်းကြလေသည်။

ထို့နောက် လွမ်းစေတီကို ဦးချပြီး နောက် အားလုံး အိမ်ပြန်ရန် ပြင်ကြ လေသည်။ စောကျော်မင်းကတော့ စေတီမှာ ဘုရားမီး ပူဇော်ရင်း ကျန်ရစ် ခဲ့သည်။

စေတီတော်ကို မီးပူဇော်ပြီးနောက် စောကျော်မင်းတစ်ယောက် ဘုရားဝင်း ထဲရှိ သူနှင့် မထားနွယ် နှစ်ဦးထိုင်လေ့ရှိ သည့် ခရေပင်ကြီးအောက်၌ ထိုင်ရင်း လက်ထဲတွင် ကိုင်ထားသော မြက်ရိုင်း ခားဦးချွန်ကို ဘာရယ်မဟုတ် မြေကြီး ထဲ ထိုးစိုက်လိုက်၏။

"ဒုတ်"ဟူသော အသံနှင့်အတူ မာကျောသော အထိအတွေ့က စောကျော်မင်း၏ စိတ်ကို စူးစမ်း လေ့လာချင်စိတ် ဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့် ထိုနေရာကို တူးဆွကြည့် မိလေသည်။ ထွက်ပေါ်လာသော အရာ ဝတ္ထုမှာ အလုံပိတ်ထားသော မြေအိုး ငယ်လေးတစ်လုံးပင် ဖြစ်သည်။

မြေအိုးလေးမှာ စဉ့်အိုးလေးဖြစ်ပြီး လက်ရာ သေသပ်လှပေသည်။ ထိုစဉ့် အိုးလေးကို သေချာကြည့်ပြီးမှ ထိပ် အဝကို ဓားနှောင့်ဖြင့် ဆတ်လိုက်ရာ ထိပ်အုပ်ကလေးပွင့်သွား၏။

သိလိုဇောဖြင့် အိုးလေးကို မှောက်ချ ကြည့်လိုက်သောအခါ အိုးထဲမှ အရုပ် လေးတစ်ရုပ် ထွက်ကျလာသည်။

"ဟိုက် ဘာအရုပ်ပါလိမ့်"

ဟု အာမေဋိတ်သံနှင့်အတူ စောကျော်မင်းတစ်ယောက် အရုပ် ကလေးကို ကောက်ယူကြည့်လိုက် သည်။

အရွယ်အစားမှာ လက်ညှိုးခန့်ရှိပြီး အနီရောင်ဆေးများ ခြယ်မှုန်းထားလေ သည်။ အရုပ်မှာ ယောကျ်ားကြီးပုံ ပေါက်နေပြီး သက်ရှိ လူသားတစ်ဦး ကဲ့သို့ ထင်ရလောက်အောင် လက်ရာ က မြောက်လှသည်။

ထိုအရုပ်ကလေးကို အသေအချာ ကြည့်ပြီး စောကျော်မင်းက သူ၏ အင်္ကျီအိတ်ထဲသို့ ထည့်ပြီး အိမ်သို့ တန်းပြန်လာခဲ့တော့သည်။

* * *

အရုပ်ရပြီး သုံးရက်မြောက်နေ့၌ စောကျော်မင်းသည် မအိပ်ချင်သေး သဖြင့် အရုပ်ကလေးကို ကြည့်လိုက်မိ လေသည်။

ထိုအရုပ်ကလေးသည် သူ၏ အိပ်ရာ ဘေးရှိ စားပွဲခုံထက်၌ ရလာကတည်း က တင်ထားခဲ့သည်မှာ ယနေ့အထိပင် ဖြစ်၏။

အရုပ်ကလေးမဖြစ်တဲ့ ရွှေတိုရွှေစ များ ဖြစ်ခဲ့မယ်ဆိုလျှင် သိပ်ကောင်းမှာ ပဲဟု စောကျော်မင်း တွေးနေမိသည်။ ဒါမှသာ ချစ်သူကို တင့်တောင့်တင့်တယ် ထားနိုင်ပေမည်။

ထိုသို့ အတွေးပေါင်းစုံဖြင့် စဉ်းစား ရင်း စောကျော်မင်းတစ်ယောက် ဘယ်



www.burmeseclassic.com

www.burmeseclassic.com

အချိန် အိပ်ပျော်သွားမှန်းပင် မသိတော့။ ရုတ်တရက် တစ်စုံတစ်ဦးက ပုတ်နှိုးလိုက်သဖြင့် စောကျော်မင်း အိပ်ရာမှ ကမန်းကတန်း ထထိုင်လိုက်လေသည်။

လပြည့်ညမို့ အပြင်ဘက်တွင် လမင်းကြီးက ထိန်ထိန်သာလျက်ရှိ၏။ လရောင်ကြောင့် သူ၏ အိပ်ရာနံဘေးတွင် လူတစ်ယောက် ရပ်နေသည်ကို သိရှိလိုက်ရ၏။

သေချာကြည့်လိုက်သောအခါ သူ့အိပ်ရာနံဘေးရှိ အရုပ်ကလေးနှင့် တထေရာတည်း တူနေ၏။ အကောင်ကြီးတာနှင့် သေးတာသာ ကွာခြား၏။

ထိုသူက စကားတစ်ခွန်းမှ မပြောဘဲ လက်ဟန်ခြေဟန်နှင့် လိုက်ခဲ့ရန် ခေါ်လေရာ စောကျော်မင်းမှာ စိတ်ညို့ခံထားရသူပမာ စကားမပြောနိုင်ဘဲ ထိုသူနောက်မှ လိုက်ခဲ့လေ၏။

အတန်ငယ် လျှောက်မိသောအခါ အုတ်တံတိုင်းမြင့်ကြီး ကာရံထားသော ခြံဝင်းကျယ်တစ်ခု ရှေ့သို့ ရောက်ခဲ့ကြသည်။ ကြီးမားခံ့ထည်သော ခြံဝင်းတံခါးကြီးမှာ ပွင့်လျက်သား တွေ့လိုက်ရသဖြင့် စောကျော်မင်း အံ့ဩသွားသည်။

ထိုခြံကြီးမှာ ဦးရွှေသီး၏ ခြံဖြစ်သည်။ ရွာတွင် အချမ်းသာဆုံး သူဌေးကြီးတစ်ဦးလည်း ဖြစ်သည်။ အိမ်တံစက်မြိတ်ထဲ ဝင်လိုက်သည်နှင့် အိမ်တံခါးကြီးမှာ လူမရှိဘဲ သူ့အလိုလို ပွင့်သွားသည့်အတွက် စောကျော်မင်း ထပ်မံ၍ အံ့ဩသွားရပြန်သည်။

အိမ်ထဲဝင်ရောက်လာကြပြီး အခန်းထဲသို့ ထိုသူမှ ဝင်သွားသဖြင့် စောကျော်မင်းလည်း နောက်မှ လိုက်ဝင်လာသည်။

ခုတင်ပေါ်တွင် စင်းစင်းကြီး အိပ်မော



ကျနေသော ဦးရွှေသီးတို့ ဖနီးမောင်နှံကို တွေ့လိုက်ရသည်။ ခုတင်ခြေရင်းတွင်ရှိသော သေတ္တာကြီးကို ဖွင့်၍ အတွင်းမှ ရွှေငွေအချို့အဝက်ကို ယူပြီး စောကျော်မင်းကို ပေးလေသည်။

ထည့်စရာပါမလာသဖြင့် ပုဆိုးထဲ ထည့် လွယ်ကာ ယူပြန်လာခဲ့လေသည်။ ဦးရွှေသီးတို့အိမ်က ပြန်လာပြီး အိမ်ရောက်ခါနီးမှ စောကျော်မင်း သတိရမိသည်။ သူ့ဖိနပ် ဦးရွှေသီးတို့ အိမ်ဝမှာ ကျန်ခဲ့လေပြီ။

ရတနာထုပ်ကြီးကို ထမ်းပြီး ချစ်ရသူနှင့် အတူနေရမည့်အရေး တွေးရင်း အပျော်လွန်ကာ ဖိနပ်ပင် မေ့ကျန်ခဲ့လေသည်။

* * *

နံနက်ခင်း နေရောင်ခြည်က ခေါင်းရင်း ပြူတင်းပေါက်မှ တစ်ဆင့် မျက်နှာပေါ်သို့ ကျရောက်လာတော့မှ စောကျော်မင်း အိပ်ရာမှ နိုးလာသည်။

တစ်ဆက်တည်း ညက သူမက်ခဲ့သော အိပ်မက်ကိုလည်း သတိရလာသည်။ သူ့အိပ်ရာဘေးတွင် သူ့လုံချည်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို တွေ့လိုက်ရတော့မှ ညက ဖြစ်ပျက်ခဲ့သော အရာအားလုံးကို သတိရသွားမိလေသည်။

လုံချည်ကို ကမန်းကတန်း ဖြေကြည့်လိုက်တော့ အထဲတွင် ဆွဲကြိုး၊ လက်ကောက်၊ ဘယက်၊ လက်စွပ် စသည်ဖြင့် ရတနာပစ္စည်းမျိုးစုံကို တွေ့လိုက်ရသည်။

စားပွဲပေါ်တွင် ရှိနေသော အရုပ်ကလေးကို လှမ်းကြည့်လိုက်တော့ သူ့ကို ပြုံးပြနေသည်ဟု စိတ်ထဲ ထင်မှတ်မိလေသည်။

ရတနာပစ္စည်းပုံကြီးကို ကြည့်ရင်း စောကျော်မင်းတစ်ယောက် အပျော်ကြီး ပျော်နေမိသည်။ သည်နေ့ မထားနွယ် ရွာကို ပြန်လာမည့်နေ့လည်း ဖြစ်သည်။

မနက်ဖြန်ဆိုလျှင် သင်္ကြန်အကြိုနေ့ပင် ကျရောက်တော့မည်။ သင်္ကြန်တွင် ပျော်ဖို့အတွက် ပစ္စည်းတစ်ခု ရောင်းချလိုက်လျှင်ပင် အားလုံး အဆင်ပြေသွားစေမည်။

စောကျော်မင်းသည် ရတနာပစ္စည်းပုံကို ကြည့်လိုက်၊ အရုပ်ကလေးကို ကြည့်လိုက်ဖြင့် ဝမ်းသာနေမိသည်။

ထို့နောက် အရုပ်ကလေးကို စေ့စေ့ကြည့်ပြီး "ခင်ဗျားဟာ ကျွန်တော့်တ... ရဲ့ ကျေးဇူးရှင်ကြီးပဲ"ဟု နှုတ်မှ ခပ်တိုးတိုးလေး ပြောလိုက်သည်။ ရတနာပစ္စည်းထုပ်များကို သေချာသိမ်းဆည်းပြီး စောကျော်မင်းတစ်ယောက် အိမ်ရှေ့သို့ ထွက်လာခဲ့၏။

သင်္ကြန်ရက် နီးလာသည်ဖြစ်၍ အလုပ်က နားထားသည်။ သည်နေ့လည်း မထားနွယ်ကို သွားကြိုရမည်။ စောကျော်မင်းတစ်ယောက် အတွေးများဖြင့် အိမ်ရှေ့ ကွပ်ပျစ်... ထိုင်နေသည်။

ထိုစဉ် အိမ်ရှေ့အိမ်မှ သီတင်း... သယ်လာတတ်သော ဒေါ်မသိန်း... အသံက ကျယ်လောင်ကျယ်လော... ဖြင့် ထွက်ပေါ်လာခဲ့သည်။

"ညက ဦးရွှေသီးအိမ်မှာ သူခိုး...



www.burmeseclassic.com

www.burmeseclassic.com

ရတာယ်တဲ့။ ပစ္စည်းအချို့အဝက် ပါသွားတယ်လို့လဲ ကြားရတယ်။ ရဲတွေလဲ သူ့အိမ်မှာ ရှုပ်နေတာပဲ'

ထိုစကားကို ကြားလိုက်ရတော့ စောကျော့်မင်းရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ ထို့နောက် ပစ္စည်းထုတ်ကို နေရာပြောင်းရန် စဉ်းစားပြီး အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။

ပစ္စည်းထုတ်ကို နေရာတကျ သိမ်းဆည်းပြီး အရုပ်ကလေးကို အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။

'စောကျော့်မင်းရှိလား'

အိမ်ရှေ့မှ ခေါ်သံကြားသဖြင့် ကမန်းကတန်း ထွက်လာခဲ့သည်။ အိမ်ရှေ့တွင် ရပ်ကွက်လူကြီးများနှင့် ရဲအချို့ကို တွေ့လိုက်ရသည်။ အိမ်ရှေ့ကပြင်ရောက်သည်နှင့် ရဲအရာရှိတစ်ဦးက...

'ညီလေး ဒါ ဝိုညီရဲ့ ဖိနပ်ဟုတ်ပါတယ်နော်'

စောကျော့်မင်း ခေါင်းညိတ်လိုက်မိလေသည်။

'ကဲ... ညီလေး စခန်းခဏလိုက်ခဲ့ပါ'

အိမ်ပေါ်မှ ဆင်းလိုက်သည်နှင့် စောကျော့်မင်းအား လက်ထိတ်ခတ်လိုက်သည်။ ရွာထဲမှ လူများကလည်း ဝိုင်းကြည့်နေကြသည်။ စောကျော့်မင်းသည် ခေါင်းကို ငိုက်စိုက်ချလျက် မည်သူ့ကိုမျှ မကြည့်ရဲဘဲ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။

အမှန်အတိုင်းကို သူပြောလျှင်လည်း မည်သူ တစ်ဦးတစ်ယောက်မျှ ယုံကြည်လက်ခံပေးကြမည် မဟုတ်ပါ။ သူလည်း ရှင်းမပြချင်တော့။ သူ့အိတ်ကပ်ထဲပါလာသော အရုပ်ကလေးကို ငုံ့ကြည့်၍ စိတ်ထဲမှ...

'ခင်ဗျား တော်တော်ရက်စက်တဲ့သူပဲ'

ဟု ပြောပြီး အရုပ်ကလေးအား ရဲသားတစ်ဦးကို အိတ်ကပ်ထဲမှ နှိုက်ယူစေပြီး အဝေးတစ်နေရာသို့ ပစ်ခိုင်းလိုက်လေသည်။

မထားနွယ် တစ်ယောက်မှာတော့ ချစ်သူ စောကျော့်မင်းတစ်ယောက် ခုလောက်ဆို သူမအား ရွာအဝင်လမ်းထိပ်မှာ အပြုံးတွေ တပွေ့တပိုက်ဖြင့် စောင့်မျှော်နေလောက်ပြီဟု တထစ်ချ ယုံကြည်နေမိမှာ သေချာပါတော့သည်။

*   *   *

**[စာရေးသူသည် အမှတ်(၄) ဘဝသစ်စခန်း တနင်္သာရီ၌ ခေတ္တတာဝန်ကျခဲ့စဉ်က ဇာတ်လမ်းများကို ပြောပြခဲ့သော အတူနေ တပည့်ကြီး (ရဲဘက်ဝန်ထမ်း)အား ကျေးဇူး အထူးတင်ရှိပါသည်။]**

**နေဇော်(နဂ္ဂဟ)**

စာမျက်နှာ (၂၃၅)မှ အဆက်

ပန်ကာဒလက်မှာ (၁)ခုသာ ကျန်ပါတော့သည်။ စက်လှေသမား ပြောသည်မှာ...

'ကျွန်တော် ဒီသည်မှာ လှိုင်းမောင်းနေတာ ကြာလှပြီ။ ဒီလိုမျိုး တစ်ခါမှ မဖြစ်ဖူးဘူး'

ဟူ၍ ဖြစ်ပါသည်။

စက်လှေ(၂)စီးဖြစ်၍ မောင်းမရ တော့သည့် စက်လှေကို ကျန်စက်လှေဖြင့် ကြိုးဖြင့်တွဲကာ တဖြည်းဖြည်းချင်း မောင်းခဲ့ရပါသည်။

ထိုအခါမှ ကျွန်တော် စဉ်းစားမိသည်မှာ မည်သူ့ကိုမျှ ...တ်ဘူးသော ကျွဲမသည် ကျွန်တော့်ကိုသာ သဲကြီး မဲကြီး ...ခတ်ခြင်း...

နှိုးပြတ်ငုတ်တိုးသည့် အသေးအဖွဲ့ ဒဏ်ရာလေးမှပင် ...င်မှတ်လောက်အောင် သွေးများထွက်ခြင်း...

ကျွန်တော် စီးလာသည့် စက်လှေသည် ပန်ကာ(၂)ကြိမ် ...ချိုးခြင်းများ ဖြစ်ပေါ်သည်မှာ ကျွန်တော်သည် ပဲခူး ရိုးမ ...တောထဲ သွားရာတွင် တောရောက် တောင်ရောက်စကား ...အထိန်းအကွပ်မရှိ ပြောမိ၍သာ အန္တရာယ်များ ကျရောက် ...သည်ဟု တွေးမိပါသည်။

သို့ဖြစ်၍ စက်လှေပေါ်မှပင် တောစောင့်နတ်၊ တောင်စောင့်နတ်များ၊ ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များကို နှုတ်အားဖြင့် တောင်းပန်ပြီး ရှေ့ဆက်မည့်ခရီးတွင် အန္တရာယ်ကင်းရှင်းစွာဖြင့် ရောက်ရှိစေရန် တောင်းပန်ခဲ့ပါသည်။

စက်လှေ(၂)စီးတွဲဖြင့် မောင်းလာရာ မှောင်ရီပျိုးချိန်တွင် ဆည်မြောင်းရိပ်သာသို့ ရောက်ရှိပြီး မော်တော်ယာဉ်ဖြင့် မြို့သို့ ပြန်လာရာ နေအိမ်သို့ အန္တရာယ်ကင်းစွာဖြင့် ရောက်ရှိပါသည်။

ကျွန်တော်သည် လုပ်ငန်းကိစ္စများဖြင့် ပဲခူးရိုးမပေါ်သို့ အကြိမ်ကြိမ်သွားရောက်ခဲ့ရာ တစ်ကြိမ်မျှ အန္တရာယ် မတွေ့ခဲ့ပါ။

ယခုအကြိမ်မှသာ မည်သည့်နေရာက မည်သည့်အကြောင်း၊ မည်သည့်ပုံစံဖြင့် ရောက်လာသည်ကို မသိရသော တောဆင်ရိုင်းနှင့် ပတ်သက်ပြီး **"တောရောက် တောင်ရောက်"** ပြော မိသဖြင့် (၃)ကြိမ်တိုင် အန္တရာယ် တွေ့ခဲ့ရသည်ကို တောတောင်ထဲသွား မည့်သူများ ဆင်ခြင်နိုင်ပါရန် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

**မောင်ကံ(ထံတားရွာ)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီထုတ် **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၃၃၁) စာမျက်နှာ(၁၅၅)**မှာ ရေးသား မေးမြန်းထားသည့် ဆောင်းပါးရှင် "မင်းတင်"၏ ဆောင်းပါးတွင် **ကုက္ကိုနီ အပင်၏ အဂ္ဂိရတ်ပညာတွင် အသုံး ဝင်ပုံများကို သိရှိသူ ပညာရှင်များမှ ဖော်ပြပေးကြပါဟု** ခေါင်းစဉ်တပ်ပြီး အမေးဆောင်းပါးစာကို ဖတ်လိုက်ရပါ သည်။

ယင်းဆောင်းပါးနှင့် ပတ်သက်ပြီး ကျွန်တော် သိထားမှတ်သားထားသမျှ ကို တင်ပြ ဖြေဆိုလိုက်ပါသည်။

လောကသည် လွန်စွာ ဆန်းကြယ် လှသည်။ ကျီးသတ္တဝါ အများစုသည် မည်းနက်၏။ သို့သော် ကျီးဖြူသတ္တဝါ လည်း ရှိလေ၏။

ထို့အတူ ဆေးပင်များသည်လည်း အမြဲတေထိုက်သော(ဝါ) အစွမ်းထက် လှသော ဆေးပင်များလည်း ရှိလေ သည်။ အချို့ အစွမ်းထက်သော ဆေးပင်ဂမုန်းပင်များကို လူသားများ ရှာမတွေ့အောင် တန်ခိုးရှိကြသော နတ်များက ဖုက်ထားတတ်ကြသည်။

ယင်းအစွမ်းထက်သော ဆေးပင် ဂမုန်းပင်များကို တွေ့ရှိအောင် နတ်တို့ ကို ချစ်ခင် လေးမြတ်အောင် ပြုကြရပါ မည်။ နတ်တို့ ချစ်ခင်အောင် ပီယ သိဒ္ဓိအစွမ်းထက်သော ဆေးကောင်း ဝါးကောင်းများ၊ အင်းစမက်ဂါထာများ ပီယသိဒ္ဓိစွမ်းသော ဓာတ်လုံးများကို အဆောင်ပြု၍ ဆေးပင် ဂမုန်းပင်များ ကို ရှာဖွေသော် တွေ့နိုင်မြင်နိုင်ကောင်း သည်။


**ကုက္ကိုနီအပင်၏အခေါက် (သို့ မဟုတ်)အရွက်တစ်ခုခုရလျှင်** ခဲမဖြူ မှာ တစ်ရွှေသား ပစ်ပါလေ သုဝဏ္ဏ (ခေါ်) ရွှေဖြစ်၏။



ကျွန်ုပ်သိခဲ့ရသော

# အနီးအနားက ဆေးမြစ်ဆေးဖက်ဆေးပင်

နှင့် အဂ္ဂိရတ်



ကုက္ကိုနီအပင်သည် ဟသ်ပဒါးနှင့် နာ(ခေါ်) ခဲနှင့် စရုနယ်ပါ။ ကုက္ကိုနီပင် ၏ အရွက်အခေါက်ကို ထုထောင်း၍ အထက်အောက်နှီး၍ ထိုး၊ အလိုချမ်း ပါစေ ပြာကျ၏။ နာ(ခေါ်) ခဲတစ်ပိဿာ တွင် ပြာရွေးကြီး တစ်ရွေးသားပစ်ပါ။ နီဖလံရွှေဖြစ်၏။ **(မိုးကြိုးလည်းမမျှ ရွှေဝါလည်း မကသည်ကို နီဖလံ ရွှေအမျိုးအစား ခေါ်၏။)**

**ပိန်းမပေါ်ရာနီအပင်ကို တွေ့ရှိ ပါက** ငွေပြားတွင် ပွတ်ကြည့်ပါ။ ငွေပြား သည် ကြေးနီကဲ့သို့ အရောင်ပြောင်း သွားမှ စစ်သည်။ ဉာဏ်ရှိတိုင်း စားသုံး ပါလေ။

**ကြောင်လျှာနက်အပင်နှင့် ငှက် ပျောခေါင်း**ကို နာ(ခေါ်)ခဲ(၁၀)ကျပ်သား တွင် တစ်မတ်သားခန့်ပစ်ပါက သုဝဏ္ဏ ရွှေဖြစ်၏။

**ပင်စိမ်းနက်အပင်**ကို ခဲ(ခေါ်) နာ တွင် ပစ်ပါက သုဝဏ္ဏရွှေဖြစ်၏။ **ကင်ပွန်း နက်အပင်**ကို ဘင်(၁၀)ကျပ်သားတွင် ပစ်ပါက သုဝဏ္ဏရွှေဖြစ်၏။

**ရေတ်ကောင်းအနီပင်**ကို ကွမ်း ရွက်နှင့် ရောနှော၍ကြိတ်၍ ပြဒါးကို အထက်အောက်နှီးပြီး မီးလှုံ့ထိုးသွားပါ က ပြာကျ၏။ ယင်းပြာ တစ်မတ်သား ခန့်ကို ဘင်(၁၀)ကျပ်သားတွင် ပစ်ပါက သုဝဏ္ဏရွှေဖြစ်၏။

**သီးဖြူနီအပင်**ကို ယင်းအခေါက် မှုန့် တစ်မတ်သားခန့်ကို ဘင်(၁၀)ကျပ် သားတွင် ပစ်ပါက သုဝဏ္ဏရွှေဖြစ်၏။

**မှန်ကူနက်အပင်နှင့် လက်ပံခါး** နှစ်မျိုးဆတူ တစ်မတ်သားခန့်ကို ဘင် (၁၀)ကျပ်သားတွင် ပစ်ပါက သုဝဏ္ဏ ရွှေဖြစ်၏။

ဤသို့ ဖော်ပြပြီးသည်တို့ကား ရှေး သူတော်ကောင်း အဂ္ဂိရတ်ပညာရှင်ကြီး များတို့၏ ထုံးထမ်းစဉ်လာ သုံးစွဲခဲ့သော သိုက်ဝင် ဆေးစွမ်းကောင်းများ ဖြစ်ပါ သည်။

**၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၃၃၁) စာမျက်နှာ(၁၅၅)တွင် အမေး ရှင်၏ ကုက္ကိုနီအပင်၏ အကြောင်း** အရာများကို **"မင်းတင်"**အနေဖြင့် ကျေနပ်နိုင်လိမ့်မည်ဟု ယူဆမိပါသည်။

**ဆရာဦးစန်းယု**
***(ဓေတ်ဓီအဘိဓမ္မာတောင်သာ)***
c/o **ယုစီ ဆေးမျိုးစုံဆိုင်**
**ဝါးခယ်မမြို့၊**
Ph. 09, 970671103

**မှတ်ချက်။ ။** အမေးရှင် "မင်းတင်" ထံမှ ကုက္ကိုနီအပင်၏ အခေါက် အရွက်နှင့် မျိုးစေ့များရှိပါက စာရေး ဆရာဦးစန်းယုထံသို့ အထက်ပါလိပ်စာ အတိုင်း ပေးပို့နိုင်ပါကြောင်း အကြံ များပေးပါမည်ဟု...

www.burmeseclassic.com

www.burmeseclassic.com



သနားစရာ

# နဂါးမလေး

ထွန်းအေးကြိုင် (ရွှေတောင်)

**သူ့အမည်က နှင်းနှင်း အသက်က (၁၈)နှစ် အသားညိုချောကလေး**

ရွှေတောင်မြို့ ...ကုန်းရွာရဲ့ ကွမ်းတောင် ...ကလေးပေါ့။ သူ မပါရင် အလှူပွဲ ...ည်သလိုဘဲ၊ သူ့ရဲ့ အလှဂုဏ် ...င်းကြောင့် ရွာခံသားတွေသာမက ...ခြားရွာက ကာလသားတွေ သူ့ကို ...ပြန်းကြ။ သူ့မိဘထံ လာရောက် ...င်းရမ်းသူများလဲ မနည်းပါ။

...န်နှင်းကတော့ ဒါတွေကို စိတ် ...ထား၊ မိခင်အိုကြီးနဲ့ မောင်တစ် ...က်ကို လုပ်ကိုင်ကျွေးနေရတာ ... သူ ကျေနပ်နေတယ်။ သူ့အလုပ် ... ညနေဆို ရွာထွက်သီးနှံတွေ ...က်သည်ဈေးနဲ့ လိုက်သိမ်း၊ ကွမ်း ...ထဲ ပါသပေါ့။

မနက်မိုးလင်း (၅း၀၀)နာရီလောက်မှာ လိုင်းကားစောင့်စီးပြီး ကြို့ကုန်းရွာနဲ့ (၄)မိုင်လောက်ဝေးတဲ့ (၁၄)စစ်တပ်ဈေးမှာ သူ ဝယ်ထားတဲ့ ကွမ်းရွက်၊ ဟင်းသီးဟင်းရွက်တွေ ကားပေါ် တင်ပြီး ဈေးထွက်ရောင်းတာ နေ့စဉ် သူ့အလုပ်ပဲ။

(၁၄)စစ်တပ်ကနေ ဆက်သွားရင် နောက်ထပ် (၄)မိုင်လောက်မှ ပြည်မြို့ကို ရောက်ပါတယ်။ (၁၀း၀၀)နာရီလောက်ဆိုရင် သူ ရောင်းတဲ့ ပစ္စည်းတွေကုန်တော့ (၁၀း၃၀)နာရီ မတိုင်ခင် အိမ်ပြန်ရောက်လေ့ရှိတယ်။

နေသာတဲ့နေ့တစ်နေ့ (၁၁း၀၀)နာရီအချိန်လောက်မှာ သူ့အစ်ကို သန်းထွန်းဆိုသူက ကြို့ကုန်းရွာကနေ ရွှေတောင် ရုံးဖြတ်လမ်းရှိ မနောမယိဒ္ဓိ ဆရာကြီးဦးစိန်လှအိမ်ကို ရောက်လာပါတယ်။ ကြို့ကုန်းရွာနဲ့ ရွှေတောင်မြို့ဟာ (၁)မိုင်ကျော်ကျော်လောက် ဝေးပါတယ်။

'ဆရာကြီး ရှိပါသလား'

လို့ လူငယ်တစ်ယောက် အော်ခေါ်၍ ဝင်လာပါတယ်။ ဆရာကြီးက...

'ရှိပါတယ် မောင်ရင်၊ ဘာများကူညီပေးရမလဲ'





www.burmeseclassic.com

www.burmeseclassic.com

လို့ မေးရာ...

'ဆရာကြီး ကျွန်တော့်နာမည် သန့်တွန်း ကြို့ကုန်းရွာကလာတာပါ။ ကျွန်တော့် ညီမလေးနှင်းနှင်း အိပ်မှာ ပူးကပ်ပြီး တွန့်လိမ်ကွေးကောက် လူးလိမ့်နေတယ်၊ ဘာမှ မပြော၊ မေးလို့လဲမရ၊ အဲဒါကြောင့် ဆရာကြီးကို လာပင့်ရတာပါ'

လို့ ပြောသဖြင့် ဆရာကြီး ဦးစိန်လှ လိုက်သွားပါတယ်။ ဟိုရောက်တော့ သူတို့အိမ်မှာ လူတွေ အများကြီး ရောက်နေတာ တွေ့ရတယ်။

နှင်းနှင်းတစ်ယောက် ပူးကပ် လူးလိမ့်နေတာကို အထူးအဆန်း သဖွယ် ကြည့်နေကြတယ်။ ဆရာကြီး က ခေါင်းရင်းကနေထိုင်ပြီး...

'ခုရောက်နေတာ ဘယ်သူလဲ၊ ဘာလို့ အနှောင့်အယှက် ပေးနေရသလဲ'

လို့ ခပ်ဆတ်ဆတ် အသံခပ်မာမာနဲ့ မေးလိုက်ရာ ဝင်စီးနေတဲ့ နှင်းနှင်းရဲ့ နှုတ်မှ...

'ဆရာကြီး ကျွန်တော်က နှင်းနှင်းရဲ့ ဘဝဟောင်းက သူ့အစ်ကိုကြီး နဂါးဥစ္စာစောင့်ပါ။ နောက် အစ်ကိုလတ်တစ်ယောက်လဲ သိုက်နန်းမှာ ရှိပါသေးတယ်။

ကျွန်တော်တို့က ရွှေစက်တော်ဘုရား အောက်စက်တော်ရာ စမ်းချောင်းအောက် သိုက်နန်းကပါ။ အငယ်ဆုံး ညီမလေးကို လူပြည်ခေတ္တလွှတ်ထားတာပါ။ ညီမလေး သာသနာပြု အလှူပေးရင် ကျွန်တော်တို့လဲ သိုက်နန်းက အမြန်ကျွတ်လွတ်မှာ ဖြစ်တဲ့ အတွက် လွှတ်လိုက်ခြင်း ဖြစ်ပါတယ်'

လို့ ပြောပြနေပါတယ်။ ဆရာကြီး က...

'သင် ခုလို စီးနေမယ်ဆိုရင် သင့် ညီမလေးလဲ အရှက်ရပြီးတော့ ပင်လဲ ပင်ပန်းတယ်။ နောက်ဆို အိပ်မက်ထဲ မှာပဲလာတွေ့ ခုလို ဝင်မစီးနဲ့'

လို့ ဆရာကြီးက ပြောရာ နဂါး



အစ်ကိုလုပ်သူမှ...

'ဆရာကြီး ကျွန်တော်က ကျွန်တော့်ညီမ သိုက်ကလာကြောင်း သိစေချင်တာရယ်၊ အိမ်ထောင်မပြုဖို့ရယ်၊ အိမ်ထောင်ပြုရင် တော့ ကျွန်တော်တို့က မနေဘူး။ တစ်ခါတည်း ပြန်ခေါ်မှာဖြစ်ကြောင်းကို သိစေချင် လို့ ခုလိုစီးပြောနေတာ ဖြစ်ပါတယ်'

လို့ ဆိုသဖြင့်...

'ကဲ တို့တွေ သိသွားပြီ၊ နောက်လဲ ဝင်မစီးနဲ့၊ ညီမလေးလဲ ပင်ပန်းနေပြီ၊ ခုထွက်တော့'

လို့ ဆရာကြီးက အမိန့်ပေးလိုက်ရာ နှင်းနှင်းလဲ သတိရသွားပြီး လူးလဲထ လာပါတော့တယ်။

အဖေလုပ်သူက ပျာပျာသလဲ...

'သမီး မောသလား'

ဟု စိုးရိမ်စိတ်နဲ့မေးလိုက်ရာ နှင်းနှင်းက...

**"မမောကြောင်း၊ သူ့အိပ်ပျော် သွားသလို ဖြစ်ပြီး ဘာမှ မသိ ကြောင်း"** ပြောပါတယ်။ လာကြည့်တဲ့ သူတွေလဲ ပြန်ကြပြီ၊ ဆရာကြီးလဲ သူ့ကိစ္စပြီးပြီမို့ ပြန်ကြွလာပါတယ်။

နှင်းနှင်းတစ်ယောက် နဂါးဥစ္စာ စောင့်မလေးဖြစ်ကြောင်း သူတို့ရွာ တစ်ရွာလုံး သိသွားကြပါတယ်။ ဆရာကြီး မပြန်ခင်မှာ ဆရာကြီးက...

'နှင်းနှင်းတစ်ယောက် ချေ
အိမ်ထောင်ပြုမယ်ဆိုရင် ငါ့ကို ကြ
ဘာမှ မဖြစ်စေရဘူး။ ငါ လုပ်ပေးနိုင်
အဲဒါကို မမေ့နဲ့ သိပ်အရေးကြီးတယ်'

လို့ မှာကြားခဲ့ပါတယ်။

တစ်လလောက်အကြာ နှင်း
တစ်ယောက် စျေးရောင်းပြီး ပြန်
တဲ့ နေ့တစ်နေ့ အချိန်က (၁၀း၃၀)
ကြို့ကုန်းရွာထိပ်လဲ ရောက်ရော
ညီအစ်ကိုနှစ်ယောက်ဖြစ်တဲ့ ကို
ကိုထူးတို့က ရွာထိပ်ကနေ နှင်း
အပြန်စောင့်ပြီး နပ်တည်တည်နဲ့
ဖြစ်သူ ကိုထူးက...

'နဂါးမလေး၊ ဘယ်က ပြန်လာ
လဲ၊ ငါတို့ကို "ဥ" လေးတစ်လုံးလော
လက်ဆောင်ပေးပါလား'

လို့ နောက်လိုက်ပါတယ်။
အချိန်မှာ နှင်းနှင်းလဲ အတော်
သွားပြီး မျက်နှာလဲ နီရဲသွားတာ

နှင်းနှင်းလဲ အိမ်ပြန်ရောက်၊
လဲ သူ့အိမ်ပြန်ရောက်တဲ့အ
နှင်းနှင်းတစ်ယောက် ပူးကပ်လူး
ဝင်စီးပြီး နှုတ်မှလဲ...

'မကျေနပ်ဘူး ဒီကောင့်ကို ငါ
လုပ်ရမှ ကျေနပ်မယ်၊ ဒီကောင်
ငါ့အစွမ်းပြထားပြီ မကယ်ကြနဲ့'

လို့ နှုတ်မှ ပြောနေပါတယ်။

အဲဒီအချိန်မှာ ကိုထူးတစ်ယော
လဲ ဘာဖြစ်မှန်းမသိ၊ သတိ
အော်မရ ခေါ်မရ ဖြစ်နေပါပြီ။
စလုံး ဘာဖြစ်မှန်းမသိကြ
ရုံးဖြတ်လမ်းရှိ မနောမယဒ္ဒိဆ
ဦးစိန်လှအား လာရောက်ပင့်ကြ
ဆရာကြီး ကြို့ကုန်းရွာသို့ လိုက်
တယ်။


နှင်းနှင်းတို့ အိမ်ရောက်
ဆရာကြီးက...

'ဘာဖြစ်တာလဲ ခုလို ဝင်



www.burmeseclassic.com

www.burmeseclassic.com



ပြောထားရက်နဲ့ ဆရာ့အမိန့်ကို မနာခံတဲ့ သဘောလား'

လို့ မေးလိုက်ရာ စီးနေသော နှင်းနှင်းနွတ်မှ...

'ဆရာကြီး ကျွန်တော်က ဘဝဟောင်းက တော်စပ်ခဲ့တဲ့ သူ့ရဲ့ အစ်ကိုလတ် နဂါးဥစ္စာစောင့်ပါ။ ကျွန်တော်တို့ ညီမလေးကို အစ်ကိုကြီး တစ်လှည့်၊ အစ်ကိုကြီး မအားရင် ကျွန်တော်က တစ်လှည့် အလှည့်ကျ နောက်ကနေပြီး စောင့်ရှောက်နေကြပါတယ်။

ဒီနေ့ ကျွန်တော့်အလှည့် နောက်ကနေပြီး ဓားမိုးစောင့်ရှောက်နေတာ ညီမလေး ဈေးရောင်းပြီး အိမ်အပြန် ကြို့ကုန်းရွာထိပ်လဲ ရောက်ရော ဟိုငယ်ကောင်က ကျွန်တော့် ညီမလေးကို "ဟေ့ နဂါးမလေး နင်ဘယ်က ပြန်လာတာလဲ၊ "ဥ"လေးတစ်လုံး လောက်တို့ကို လက်ဆောင်ပေးပါ လား"လို့ ကျွန်တော့်ညီမလေးကို ပြောလိုက်တယ်လေ။

ကျွန်တော်က ညီမလေးနောက်က လိုက်ပြီး လိုက်လာတာ ဒီကောင် ကိုမသိဘဲ။ ဆရာကြီး စဉ်းစားကြည့် ကျွန်တော့်ညီမလေးက အပျိုဖျ။ နဂါးမလေးလဲ ခေါ်လိုက်သေးတယ်။

ပြီးတော့ "ဥ"လေးတစ်လုံးလောက် လက်ဆောင်ပေးပါဦးဆိုတာ ကျွန်တော့် ဘက်က စိတ်မဆိုးသင့်ဘူးလား။ အဲဒါကြောင့် ဒီကောင့်ကို ကျွန်တော် စီးထားတယ်။ ဆရာကြီး မကယ်နဲ့ ဒီကောင် သေမှာပဲ'

လို့ ပြောပါတယ်။

ဒီအချိန်မှာ ကိုထူးမိဘများလဲ ရောက်လာပါပြီ။

ဆရာကြီးရယ် ကျွန်တော့်သားလေးကို ကယ်ပါဦး၊ သူ့အစ်ကို ကိုဦးပြောပြလို့ ကျွန်တော်တို့လဲ သိပြီးပါပြီ၊ သားလေးကိုယ်စား တောင်းပန်ပါတယ်။ မှားတာရှိရင် ခွင့်လွှတ်ပါ'

လို့ တောင်းပန်ရှာပါတယ်။ ဆရာကြီးက...

'ငါကတော့ ကယ်မှာပဲ၊ ငါ့ကိုလဲ အပ်ထားပြီးပြီ၊ သင်ပြန်ထုတ်ပေး၊ ဒါ အမိန့်'

လို့ ပြောလိုက်ရာ စီးနေသူ အစ်ကိုလတ်က...

'ဒီကောင် ကျွန်တော် ထုတ်ပေးရင် ကောင်းသွားမှာ၊ နောင် ကျွန်တော့် ညီမလေးကို ဒီလိုပဲ နှောင့်ယှက်နေရင် ဘယ်လိုလုပ်မလဲ'

လို့ ပြောရာ ဆရာကြီးက...

'နောက်ဆို သင့်သဘောပဲ၊ ဒီ သူငယ် အသက်ကိုတော့ ငါ့ကို ပြန်ပေး'

လို့ အမိန့်ပေးလိုက်ရာ စီးနေသူ အစ်ကိုလတ် လုပ်သူက လာကြည့်နေသူများဘက်ကိုလှည့်ပြီး လက်ညှိုးထိုး၍...

'ဟေ့ အကောင်တွေ ကောင်မတွေ ငါ့ညီမလေးကို နဂါးမလေးလို့ ခေါ်ရင် ခေါ်ကြည့်၊ "ဥ"လေးတစ်လုံးလောက် လက်ဆောင်ပေးပါဦးလို့ ပြောလို့ကတော့ သေပြီသာမှတ်၊ မယုံရင် မကြောက်ရင် စမ်းကြည့်ပေါ့၊ ဆရာကြီး ဒီကိစ္စ ဖြစ်လာရင် ဆရာကြီးလဲ မကယ်နဲ့'

လို့ ပြောပြီး ထုတ်ပေးလိုက်ရာကိုထူးတစ်ယောက် ကောင်းသွားပါပြီ။

'အဲဒီကောင် ကောင်းသွားပြီ၊ ကျွန်တော့်ဆီ ခေါ်လာခဲ့'

လို့သူ့အဖေနဲ့ အမေကို ပြောလိုက်ပါတယ်။ ခဏအကြာ ကိုထူးတစ်ယောက် ရောက်လာပါပြီ။ စီးနေသူ အစ်ကိုလတ်က...

'မင်း ငါ့ညီမလေးကို ဘယ်လိုပြောလိုက်သလဲ၊ အမှန်အတိုင်း ပြန်ပြော'

လို့ ပြောရာ ကိုထူးက ကျွန်တော်က...

'ဟေ့... နဂါးမလေး၊ ဘယ်ကပြန်လာသလဲ၊ "ဥ"လေးတစ်လုံးတို့ကို လက်ဆောင်ပေးပါလားလို့ ပြောမိပါတယ်'

လို့ ပြောရာ...

'ဟော့ကောင် ငါ့ညီမလေးက အပျိုကွ၊ "ဥ"လေးတစ်လုံးလောက် လက်ဆောင်ပေးပါလားဆိုတာ သိပ်ကို မိုက်ရိုင်းလွန်းတယ်။ ငါ့ညီမလေး ဘယ်လောက်ရှက်သွားလဲ၊ မင်း နှမချင်း ကိုယ်ချင်းစာကြည့်ပါ။ ငါက ငါ့ညီမလေးနောက်က ပါလာတာ မင်းမှမသိတာဘဲ၊ ဆရာကြီးကြောင့် မင်းအသက်ကို ပြန်ပေးထားတယ်၊ နောက် ငါ့ညီမလေးကို မင်း ဒီလို ပြောဦးမလား'

ဆိုသဖြင့် ကိုထူးလဲ...

'နောက် မပြောတော့ပါဘူး တောင်းပန်ပါတယ်'

'ဒီလိုဆိုရင် ငါ ကျေနပ်တယ်၊ ဆရာကြီး ကျွန်တော့်ညီမလေး အိမ်ထောင်မပြုပါစေနဲ့ ပြီးတော့ ရွှေစက်တော်ဘုရားဖူးလာဖို့ ပြောပေးပါ။ ညီမလေး ကားစီးလုံခြုံစေပါမည်...



www.burmeseclassic.com

www.burmeseclassic.com

အောင် ကျွန်တော်တို့ ကူညီမယ်။

နွားနို့နဲ့ပေါက်ပေါက် ဘုရားဆွမ်းတော်ကပ်ဖို့ ယူလာပါ။ ကားထွက်မယ့်နေ့ ညီအစ်ကိုနှစ်ယောက်စလုံး လာကြမယ်။ ကျွန်တော်က နှင်းဆီနဲ့၊ အစ်ကိုက စံပယ်နဲ့ ပေးမယ်၊ လာဖြစ်အောင်သာလာခဲ့၊ ကားစ,ထွက်ရင်တော့ ကျွန်တော်တို့ ပြန်ပြီး ဟိုကနေစောင့်ကြိုနေမယ်'

ဆိုပြီး ထွက်သွားပါတော့တယ်။

အဲဒီနေ့ နောက်တစ်ရက်ကစပြီး နှင်းနှင်းတစ်ယောက် ဈေးရောင်းတာခါတိုင်းရက်များနဲ့မတူ ရောက်ရောက်ချင်း ယူလာသမျှ ကုန်စိမ်းပစ္စည်းချက်ချင်းကုန်တော့တာပဲ။ အထူးခြားဆုံးက သူ့ကွမ်းရွက်စိမ်း(၅)ပိဿာဖောက်သည် ယူလာရင် ပြန်ရောင်းတဲ့အခါ ကွမ်းရွက်အချိန်(၇)ပိဿာလောက်ရှိလို့ (၂)ပိဿာလောက်တိုးပွားလာတာ တွေ့ရတယ်။

နှင်းနှင်းလဲ ရသမျှ အမြတ်တွေစုလိုစု၊ အိမ်လဲပေးပေါ့။ ဒီလိုနဲ့ ရွှေစက်တော်ဘုရားပွဲတော်ချိန် တပေါင်းလထဲရောက်လာပြီပေါ့။ နှင်းနှင်း လက်ထဲမှာလဲ ငွေ(၂)သိန်းလောက် စုမိနေပြီ၊ နှင်းနှင်းက ကြို့ကုန်းရွာသူ ရွာသားများကို...

'ရွှေစက်တော်ဘုရားဖူးသူ ကားခလမ်းစရိတ်ခံမယ်။ လိုက်လိုသူတွေစာရင်းပေးကြ၊ လူ(၃၀)လောက်ဆံ့မယ့် ကားငှားပြီး ပို့ပေးမယ်။ ထမင်းစရိတ်နဲ့ လှူတဲ့စရိတ် ကိုယ့်ဘာသာကိုယ်ခံ'

လို့ ကြေညာပြီး စာရင်းယူထားပါတယ်။ ဆရာဦးစိန်လှကိုလဲ...

'သွားမယ့်နေ့ လိုက်ပါရန်'

လာပြောပါတယ်။ ဆရာကြီးက...

'မအားကြောင်း မလိုက်တော့ပါဘူး။ သွားမှာသာသွား၊ ဘာအန္တရာယ်မှမရှိပါဘူး'

လို့ ပြောပြီး ဆရာကြီး မလိုက်ဖြစ်ခဲ့ပါ။

ရွှေစက်တော်ဘုရားဖူး လိုက်မယ့်သူ (၃၀)ယောက်လဲ စုမိပါပြီ။ သွားမယ့်ရက် လူစုပြီး (၅း၀၀)နာရီ ကားစထွက်တဲ့အခါ ကားပေါ်မှာ လိုက်ပါသမျှ လူတွေအားလုံး စံပယ်ပန်းအနံ့နဲ့ နှင်းဆီပန်းအနံ့တွေ ကားတစ်ကားလုံး မွှေးကြိုင်နေတာ လူတိုင်း အံ့အားသင့်ကြတယ်။

သူတို့ကားပေါ်မှာလဲ ဘာစံပယ်ပန်း၊ ဘာနှင်းဆီပန်းဆို မှူးလို့တောင် ရှူစရာမရှိ။ ဩော်...ညီအစ်ကိုနှစ်ယောက်စလုံး တကယ် လာကြိုကြပါလားဟူ၍ အများက လက်ခံကြတဲ့ ထူးခြားတဲ့ အဖြစ်အပျက်ကလေး တစ်ခုပါ။

ရွှေစက်တော်ဘုရားကို ရောက်ပါပြီ။ အဲဒီမှာ တစ်ခါဖူးမှ မရောက်ဘူးတဲ့ နှင်းနှင်းက ရှေ့က ဦးဆောင်ပြီး **"ဒါကဘာ၊ ဒီနေရာကနေ ဆက်သွားရင် ဘယ်ရောက်တယ်"** စသဖြင့် ပြောပြခေါ်သွားရာ ကျန်တဲ့လူများက...

'ဟဲ့...နှင်းနှင်း နင်လဲ တစ်ခါမှ မရောက်ဘူးဘဲ နင် ရှေ့ကသွားပြီး ဒါဘာနေရာ၊ ဒါက ဘယ်လိုခေါ်တယ်၊ နင် ဘယ်လိုလုပ်သိသလဲ'

လို့ မေးကြရာ နှင်းနှင်းက...

'ကျွန်မ ဘယ်သိပါ့မလဲ၊ ကျွန်မ အစ်ကိုနှစ်ယောက်က ရှေ့ကကိုယ်ထင်ပြပြီး ကျွန်မကို ပြောပြလို့ ကျွန်မလဲ သိပြီး ပြန်ပြောနိုင်တာပေါ့'

လို့ ပြောလိုက်ရာ ဩော်...သူ့အစ်ကိုနှစ်ယောက်ကို သူတစ်ယောက်တည်း မြင်နေရတာ။ ဒါလဲ မယုံနိုင်စရာပဲ။

အထက်စက်တော်ရာ ဘုရားဖူးအပြီး အောက်စက်တော်ရာ ဘု... ဖူးကြပါတယ်။ အဲဒီမှာ နှင်း... သူ့မှာ ပါလာတဲ့ ပေါက်ပေါက်တွေ... နွားနို့တွေရယ်ကို ဘုရားမှာ...

'ဘဝဟောင်းက တော်စပ်ခဲ့တဲ့ ... ရှင် အစ်ကိုနှစ်ယောက်အတွက် ... ကပ်ပေးပါတယ်။ အစ်ကို... အမျှ...အမျှ...အမျှ'

လို့ သုံးကြိမ် သုံးခါပေးပြီး ... ဝေနေယျသတ္တဝါအားလုံးလဲ နှ... တစ်ယောက် အမျှ...အမျှ... ပေးဝေနေပါတယ်။

ပြီးတော့ လှူထားတာတွေ ... ဆိုပြီး စမ်းချောင်းဘေးသွားပြီး ... လှူပြီးသား ပေါက်ပေါက်... စမ်းချောင်းထဲ စွန့်လိုက်တယ်။

ပေါက်ပေါက်တွေ စမ်းချော... ထဲ မျောပါသွားတာ တွေ့လို... တယ်။ ဒါပေမယ့် မထင်... ဝါးတစ်ရိုက် မရောက်ခင် အဲ... လိုက်တဲ့ ပေါက်ပေါက်တွေ... ပြန်ပြီး ဆန်တက်လာတာကို ... လာသူအားလုံး အံ့ဩတကြီး ... တွေ့ကြရတယ်။

သူတို့နားလဲ ရောက်ရော ... ကြားထဲ ဝင်သွားပြီး ပျော... တယ်။ မယုံနိုင်စရာ တကယ်... တဲ့ ဖြစ်ရပ်မှန်ပါ။

နောက် နှင်းနှင်းလဲ သူ လှ... နွားနို့တွေကို စမ်းချောင်းထဲ ... ရော၊ ပေါက်ပေါက်တွေလိုပဲ ... သွားပြီး ဝါးတစ်ရိုက် မရော... နွားနို့တွေ ပြန်ဆန်တက်လာပြီး ... ရှေ့မှာပဲ ကျောက်တုံးကြား... ရောက်ပျောက်သွားတာ ... မြင်ကြရတယ်။

အားလုံးက အထူးအဆ... ကောင်းလို့ **"နှင်းနှင်း ကျ...**



www.burmeseclassic.com

www.burmeseclassic.com

**စွန့်ပြပါဦး''**လို့ စွန့်ခိုင်းရာ နွားနို့ရောပေါက်ပေါက်တွေပါ နောက်ထပ်နှစ်ကြိမ်တိတိ ပထမအတိုင်း အထူးအဆန်း မြင်ကြရတယ်၊ အဲဒီအကြောင်း ဘုရားဖူးက ပြန်လာကြတော့ တခြားသူတွေကို တစ်ဆင့်ပြောပြရာ ကြားရသူတိုင်း အံ့သြကြရတယ်။

အဲဒီလို ယုံကြည်ရမယ့် ကိစ္စတွေ ရှိနေတာတောင် နှင်းနှင်းအမေနဲ့ သူ့အစ်ကိုတို့က သိပ်ပြီး ယုံကြည်ပုံမရ၊ ဒါကြောင့်ပဲ ဘုရားဖူးပြန်လာပြီး မကြာခင် တစ်နေ့မှာ မအေလုပ်သူက...

'သမီးနှင်းနှင်း အလကားနေ ပူဇော်မနေနဲ့ နင့်အစား ငါတို့ ရှက်တယ်'

လို့ ပြောရာ နှင်းနှင်းမှ...

'အမေရယ် သမီးကလဲ ဘယ်ပူးချင်ကပ်ချင်ပါ့မလဲ၊ သူ့ဘာသာသူ ဖြစ်လာတာ သမီးလဲ မတတ်နိုင်ဘူး'

လို့ ပြောနေစဉ် သူတို့ ရေနွေးကြမ်းဝိုင်းအပေါ်ကို အဝါတစ်ရစ်၊ အမဲတစ်ရစ် လက်ကောက်ဝတ်လောက်ရှိတဲ့ မြွေကြီးတစ်ကောင် အပေါ်ကနေ ရေနွေးဝိုင်းအပေါ် ပြုတ်ကျလာတာ သူတို့ မိသားစုသုံးယောက်စလုံး မြင်လိုက်ကြရတယ်။

မြင်မြင်ချင်း အမေလုပ်သူနဲ့ အစ်ကိုလုပ်သူတို့က ထပြီး အိမ်ရှေ့ကို ထွက်ပြေးကြတယ်။ အပြင်ရောက်တော့ သမီးလုပ်သူ နှင်းနှင်း ပါမလာတာ တွေ့လိုက်ရတယ်။ နှင်းနှင်းတစ်ယောက် ရေနွေးဝိုင်းမှာပဲ ဆက်ထိုင်နေပြီး တစ်ယောက်တည်း စကားတွေ ပြောနေတာ အမေလုပ်သူရော အစ်ကိုလုပ်သူပါ မြင်တွေ့နေရတယ်။

သူတို့လဲ အိမ်ပေါ်ပြန်တက်လာတော့ ခုနက မြွေကြီးမရှိတော့ဘူး။ ဒါနဲ့ မအေလုပ်သူက...

'ဟဲ့ နှင်းနှင်း နင် မြွေကြီးကျလာ



တာ မမြင်ဘူးလား၊ ဘာလို့ ဆက်ထိုင်နေရတာတုံး၊ ငါတို့များ ကြောက်လို့ ရင်တွေတောင် တုန်နေတယ်'

လို့ ပြောရာ...

'ဘယ်ကလာ မြွေကြီး ဟုတ်ရမလဲ၊ အဲဒါ ကျွန်မနဲ့ ဘဝဟောင်းက တော်စပ်ခဲ့တဲ့ သိုက်နန်းရှင်အစ်ကိုကြီး ရောက်လာတာ၊ ဒါကြောင့် ကျွန်မနဲ့ အစ်ကိုနဲ့ ထိုင်ပြီး စကားတွေ ပြောနေကြတာပေါ့။ အမေတို့က မြွေကြီးပဲ မြင်တယ်ဆိုတော့ ကျွန်မလဲ မသိတော့ဘူး။ အစ်ကိုကြီးက ပြောသွားတယ်။ **''နင့်အမေနဲ့ နင့်အစ်ကိုတို့ မယုံကြလို့ ယုံကြည်အောင် တမင် ငါ ဖန်ဆင်းပြီး ပြလိုက်တာပဲ။** ဒါမှ မယုံရင်လဲ မတတ်နိုင်ဘူး၊ ငါပြန်တော့မယ်''ဆိုပြီး ပြန်သွားတယ်'

ဒီတော့ မအေလုပ်သူက...

'ငါ့သမီးတော့ ကြာရင် ရူးတော့မှာပဲ စိတ်ညစ်လိုက်တာ'

လို့ ပြောပြီး ငြိမ်နေပါတော့တယ်။

နောက်(၃)လ အကြာလောက်မှာ နှင်းနှင်းတစ်ယောက် ကြို့ကုန်းရွာမှ ရွှေတောင်မြို့ ရုံးဖြတ်လမ်းနေ ဆရာကြီးဦးစိန်လှထံ ညနေ (၄း၀၀)နာရီလောက် စက်ဘီးစီးပြီး ရောက်လာပါတယ်။ ဆရာကြီးက...

'နှင်းနှင်းပါလား ဘာများထူးလို့ ဆရာကြီးဆီ လာတာလဲ'

လို့ ပြောရာ နှင်းနှင်းမှ...

'ဆရာကြီး ကျွန်မ ညက အိပ်မက်အထူးအဆန်းမက်လို့ ဆရာကြီးဆီလာခဲ့တာ၊ အိပ်မက်ထဲမှာ သိုက်နန်းရှင်ကောင်မလေး တစ်ယောက် နန်းဝတ်နန်းစားနဲ့ ကျွန်မကို လာတွေ့တယ်၊ သူက သိုက်နန်းရှင်နဂါးမလေးဖြစ်ကြောင်း၊ မြစ်မကျွန်းဘုရား သိုက်ကနေလာကြောင်း၊ ခု ရွှေတောင်မြို့ ရွှေပြည်အေးဆန်စက်ခြေရင်း မြန်မာ့စီးပွားရေးဘဏ်ရဲ့ခေါင်းရင်း နဂါးရုံဘုရားမှာ သူ မြွေယောင်ဖန်ဆင်းပြီး ဘုရားဖူးလာနေကြောင်း၊ သူ့ကို လာတွေ့ဖို့ အိပ်မက်ထဲ မှာသွားတယ်၊ အဲဒါ သွားတွေ့ရမလား၊ မတွေ့ရဘူးလား ဆရာကြီးကို လာမေးတာပါ'

ဆရာကြီးက...

'သွားတွေ့ပေါ့။ ဘာမှ နင့်ကို အန္တရာယ်ပေးမှာ မဟုတ်ပါဘူး။ သွားသာ တွေ့လိုက်ပါ'

လို့ပြောသဖြင့် နှင်းနှင်းလဲ ဆရာကြီးအိမ်မှ သူ့စက်ဘီးကလေး ဆက်စီးပြီး နဂါးရုံဘုရားဆီ သွားပါတော့တယ်။

ဟုတ်ပါတယ်။ နဂါးရုံဘုရားမှာ မြွေကြီးတစ်ကောင် ဘုရားဖူးလာနေတာကို အထူးအဆန်းသဖွယ် လာကြည့်သူတွေမနည်းပါ။ မြွေကြီးက လက်ကောက်ဝတ်လောက်ရှိပြီး စပါးကြီးမြွေကြီးပါ။ အပုံလိုက် ခွေပြီး ဘုရားရုပ်တုရှေ့မှာ ငြိမ်နေပါတယ်။

နှင်းနှင်းလဲ ရောက်သွားပါပြီ၊ စက်ဘီးကလေး အသာထောင်ထားပြီး လူတွေ နောက်ကနေ ခြေဖျားကလေး ထောက်ပြီး လှမ်းကြည့်လိုက်ရာ မြွေကြီးခွေနေတာကို မြင်လိုက်ရပါပြီ။ မြွေကြီးကလဲ နှင်းနှင်း ရောက်လာတဲ



www.burmeseclassic.com

www.burmeseclassic.com

ကို ဘယ်လိုလုပ်သိသလဲတော့ မသိဘူး။ အပုံလိုက်ကိုဖြေပြီး ခေါင်းလဲဖော်၊ ပါးစပ်ကလဲ လျှာနှစ်ခွထုတ်ပြီး လူတွေဆီကို တရွေ့ရွေ့ လျှောလာနေပါတော့တယ်။

လူအုပ်ကြီးလဲ ကြောက်လို့ နောက်ကို ဆုတ်နေကြတဲ့အချိန်၊ နှင်းနှင်းလဲ ကြောက်စိတ်တွေ ထိလာပြီး သူ့စက်ဘီးကလေး ကပျာကသီ အတင်းစီးပြီး ကြို့ကုန်းရွာကို တကြိုးတည်း စီးပြေးပါတော့တယ်။

ညရောက်တော့ အိပ်မက်ထဲမှာ နဂါးမလေးက...

'နှင်းနှင်း နင်သိပ်ဆိုးတာပဲ။ ငါ့ကို လာတော့တွေ့တယ်။ ငါက နှုတ်ဆက်မလို့ နင့်ဆီလာရော နင်က တစ်ခါတည်း ပြန်ပြေးတာ'

လို့ ပြောရာ နှင်းနှင်းက...

'ငါက ကြောက်တတ်တယ်၊ ငါ့ကို စိတ်မဆိုးပါနဲ့'

မြစိမ်းကျွန်းသိုက်နန်းရှင်က...

'ငါ ဘုရားလာဖူးတာ ကျေနပ်သွားပြီ။ နောက်(၃)ရက်ကြာရင် ပြန်တော့မယ်။ ခု နင့်ကို တစ်ခါတည်း နှုတ်ဆက်တယ်'

အိပ်မက်လဲ မက်ပြီးလို့ (၃)ရက်အကြာမှာ နဂါးရုံဘုရားမှာ ဘုရားလာဖူးတဲ့ မြွေကြီး တကယ်မရှိတော့ဘူး။

နောက် တစ်နှစ်လောက်အကြာ ရွှေတောင်တစ်မြို့နယ်လုံး တုန်လှုပ်ချောက်ချားစရာ၊ စိတ်မကောင်းစရာ သတင်းဆိုးကြီး ပျံ့နှံ့လာပါတော့တယ်။

အဲဒါ တခြားမဟုတ်ပါ။ နံနက် (၅း၀၀)နာရီအချိန် ကြို့ကုန်းရွာထိပ် ရန်ကုန်–ပြည် မော်တော်ကားလမ်းပေါ်မှာ (၁၄)စစ်တပ်ဈေးကို ကုန်စိမ်းသွားရောင်းမယ့် ကြို့ကုန်းသူ မိန်းကလေး(၃)ယောက် ဆယ်ဘီး



ကားကြီးတက်ကြိတ်လို့ (၃)ဦးစလုံး (၃)လောင်းပြိုင် သေသွားကြပြီဆိုတဲ့ သတင်းဆိုးကြီးကို ကြားရပါတော့တယ်။

ကြားရသူ ရွှေတောင်သူ ရွှေတောင်သားအပေါင်း ရင်ထုမနာ ဖြစ်မှုဖြစ်ရလေလို့ စိတ်မကောင်းခြင်းများစွာ ဖြစ်ကြရပါတယ်။

ဒီကြားထဲ စိတ်မကောင်းခြင်းများစွာ ဖြစ်ရတဲ့သူကတော့ ဆရာကြီးဦးစိန်လှပါပဲ။ ဘာပြုလို့ဆိုတော့ သူ့တပည့်မလေး နှင်းနှင်းတစ်ယောက် သေသူ(၃)ယောက်ထဲမှာ ပါသွားပြီဆိုတာ သိလိုက်ရလို့ပါပဲ။ သိသိချင်း ဆရာကြီးဦးစိန်လှ ယူကျုံးမရ ဖြစ်ရပါတယ်။

နှင်းနှင်းနဲ့ ပတ်သက်လို့ တစ်ခုခုတော့ မှားလို့သာ ဖြစ်ရကြောင်း သိလိုက်ပါတယ်။

'သနားလိုက်တာ နဂါးမလေး နှင်းနှင်းရယ် ဖြစ်မှုဖြစ်ရလေ'

ဟု စိတ်မကောင်းခြင်းများစွာ ဖြစ်နေတဲ့အချိန် အဲဒီသေတဲ့နေ့ နံနက် (၁၀း၀၀)နာရီလောက်မှာ နှင်းနှင်းရဲ့ အမေနဲ့ နှင်းနှင်းရဲ့ အစ်ကိုတို့ ဆရာကြီး ဦးစိန်လှဆီ ရောက်လာကြပြီး ငိုကြီးချက်မနဲ့...

'ဆရာကြီးရယ် ကျွန်မတို့ မယုံကြည် မလေးစားမိလို့ပြီတော့ ဆရာကြီး စကားကိုလဲ နားမထောင်မိလို့ ခုတော့ ကျွန်မသမီး နှင်းနှင်း သေသွားပြီ ဆရာကြီး'

လို့ အော်ပြီး ငိုပြောပါတော့တယ်။

'ကျွန်မတို့ ဆရာကြီးကို အသိမပေးဘဲ ကျွန်မသမီး နှင်းနှင်းကို တခြားရွာက ကောင်လေးတစ်ယောက်နဲ့ မနေ့က သွားပြီးစေ့စပ်မိပါတယ်။ နှင်းနှင်းလဲ မသိပါဘူး။

ခုတော့ ကျွန်မသမီးလေး နှင်းနှင်း ကျွန်မတို့ကြောင့် သူ့အစ်ကို နဂါးစောင့်တွေက ပြန်ခေါ်သွားတာ ဖြစ်မှာပါ'

လို့ ပြောပြရာ ဆရာကြီးက...

'နင်တို့ကြောင့် ငါ့တပည့်မလေး နှင်းနှင်း ခုလို ဖြစ်ရတာ။ ငါ့စကားကိုလဲ အလေးမထား၊ နားမထောင်၊ နတ်နဲ့ နဂါးမလှည့်စားနဲ့ ဆိုတာတောင် မသိကြဘူးလား'

ဆိုပြီး ကရုဏာဒေါသော ဆူပူကြိမ်းမောင်းမိပါတယ်။

သူတို့လဲ ပြန်သွားကြပါပြီ။ ဆရာကြီး စိတ်ထဲမှာ နောင်တတရား အပြည့်ရပြီး ဆရာကြီးဦးစိန်လှ နှုတ်မှ "**နဂါးမလေးနှင်းနှင်းရေ ဆရာကြီး စိတ်မကောင်းခြင်းများစွာနဲ့ အမျှ... အမျှ...အမျှ... သုံးကြိမ် အမျှဝေပါတယ်။ ရောက်ရာအရပ်က သာဓုခေါ်နိုင်ပါစေ**" လို့ နှုတ်ကနေ ရေရွတ်ရင်း ဆရာကြီးရဲ့ မျက်လုံးအိမ်မှာ မျက်ရည်တွေဝဲ...။

***ရှင်လန်းချမ်းမြေ့ပါစေ။***

**ထွန်းအေးကြိုင်**
**(ရွှေတောင်)**



www.burmeseclassic.com

www.burmeseclassic.com



# အမြဲရောက်စုန်းသော ကား

ကျော်မိုးတည်

မေလ၏ တစ်ခုသော နံနက်ခင်း။ အချိန်ကာလကား (၈)နာရီခန့်။ ကောင်းကင်တစ်ခွင် တစ်ပြင်လုံး မိုးသားများဖြင့် မည်းမှောင်နေသည်။ ဤမိုးကား သေချာပေါက် ရွာမည့်မိုး။ မည်သည့်အချိန် ရွာမည်သာမသိ။

လောကဓံနှင့် အတိတ်ကံ ဖိစီး၍ ရှိရှိသမျှ ငွေကြေးဥစ္စာနှင့် အိုးအိမ်ပါ မကျန် ဆုံးရှုံးခဲ့လေပြီ။ အိမ်ငှားဘဝနှင့် ဟိုပြောင်းသည်ရွှေ့ လုပ်ခဲ့ရရာမှ နောက်ဆုံး အိမ်ငှားခ မတတ်နိုင်၍ ဤဆောက်လုပ်ရေး လုပ်ငန်းခွင်တွင် ရောက်ရှိနေခြင်းဖြစ်သည်။

အလုပ်သမားများနှင့် အတူ (၁၃)ပေ×(၁၅)ပေသာ ကျယ်သော တဲကလေးတွင် ဖြစ်သလို နေထိုင်ခဲ့ရပါသည်။ မိသားစုမှာ (၇)ဦး ရှိသည်မို့ မိမိအတွက် အိပ်စရာနေရာ မရှိ။ ဆောက်လုပ်ဆဲ အဆောက်အအုံပေါ် တက်၍ ကျောခင်းရသည်သာ။

သားကြီးဖြစ်သူမှာ နန်းတွင်း ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်တွင် ယာယီစာရေးလေးအဖြစ် ဝင်ရောက်လုပ်ကိုင်နေသည်မို့ မိသားစုနေစရာ အခက်အခဲကို စာနာသော ဗိုလ်ကြီးက တဲလေးထိုးပေး၍ နေထိုင်ခွင့် ပြုခဲ့ခြင်းပင်။

နေထိုင်ခဲ့သော ကာလမှာ (၆)လခန့်ပင် ရှိချေပြီကော။ ဆောက်လုပ်ခဲ့သော နှစ်ထပ်လိုင်းခန်းများမှာလည်း အားလုံးပြီးစီး၍ သက်ဆိုင်ရာတပ်သို့ပင် လွှဲပြောင်းပေးအပ်ခဲ့ပြီးပြီ။ ယနေ့ကား ဤတဲလေးမှ ထွက်ခွာပေးရမည့် နောက်ဆုံးရက်။

ပြောင်းရွှေ့ရမည့် နေရာမှာ သားလတ်ဖြစ်သူ၏ စုဆောင်းငွေဖြင့် ဝယ်ယူထားသော ပုသိမ်ကြီးမြို့၊ စည်ပင်သာယာရပ်ကွက်ရှိ (၃၀)ပေ×(၄၀)ပေမြေကွက်။ ပြောင်းရွှေ့ချိန်နီးမှ တက်သုတ်ရိုက် ဆောက်လုပ်ရသော ကပ်မိုးထရံကာအိမ်။

အသားသစ် မတတ်နိုင်၍ အိမ်ဟောင်းတစ်လုံး ဝယ်ယူပြီး ဖျက်ဆောက်ခဲ့ရသော အိမ်လေး။ မန္တလေး နန်းတွင်းနှင့် ပုသိမ်ကြီးမြို့မှာ ဝေးလှသည်မဟုတ်။ ငါးမိုင်ခန့်သာရှိသည်။

အိမ်ဆောက်ပစ္စည်းများ သယ်ပို့ဖို့ (၈)နာရီအရောက် ကားမှာထားသော်လည်း ယခု(၉)နာရီပင်ထိုးပြီ။ ငွေကြေးဖြင့် ငှားရမ်းထားသောကား မဟုတ်သောကြောင့် သည်းခံစောင့်ဆိုင်းရမည်သာ။ သို့နှင့် သိပ်မကြာမီ ကားရောက်လာလေပြီ။

ကားမှာ ပြင်ပကားမဟုတ်။ အနုပညာဦးစီးဌာနတွင် အငယ်တန်းစာရေးအဖြစ် တာဝန်ထမ်းဆောင်နေသူ သမီးကြီး၏ရုံးကို အကူအညီတောင်းခံခဲ့ရသော ရုံးကား။ E 2000 အရွယ်မျှပင် မရှိသော တရုတ်နိုင်ငံလုပ် လိုက်ထရပ်ကားလေးမို့ နှစ်ခေါက်သယ်ရပေမည်။

ပစ္စည်းများ အပြည့်တင်ပြီးသော်လည်း ကားမှာ မထွက်နိုင်သေး။ မည်သို့မျှ နှိုးမရသော ကားကို ယာဉ်မောင်းဖြစ်သူက ခွ/ကျောက်လှည့်မပါ။ ပလာယာ တစ်လက်တည်းဖြင့် အင်ဂျင်ပိုင်းကို နှိုက်နေသည်။

မိုးကား ရွာချိန်နီးနေပြီ။ မိုးထဲလေထဲ ပစ္စည်းများဖြင့် ဒုက္ခများတော့မည့်ပုံ။

နောက်ဆုံးတွင် ကားစက်နိုးသွားပြီ။ အရှေ့ဂိတ်မှထွက်ကာ အရှေ့ဆီသို့ ဦးတည်မောင်းနှင်လာခဲ့သည်။ နန်းတော်ရှေ့ နယ်နိမိတ်အလွန် အောင်ပင်လယ်ကန်ထိပ်အရောက် မိုး



www.burmeseclassic.com

www.burmeseclassic.com

က အငြိုးအတေးကြီးစွာဖြင့် တဝေါဝေါ ရွာချပါလေတော့သည်။

ကားလေးမှာ စက်သံ မမှန်သော်လည်း မိုးသည်းသည်းကို အန်တုရှဲ တရွေ့ရွေ့ ပြေးလွှားနေရာမှ နောက်ဆုံးတွင် အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ပါလေသည်။

မိုးကား သဲသဲမဲမဲ ရွာနေဆဲ။ ပစ္စည်းများ နောက်တစ်ခေါက်သယ်ရန် ကျန်သေးသည်။ သို့သော် စအထွက်ကလိုပင် ကားမှာ စက်နိုး၍မရ။

ထုံးစံအတိုင်း ယာဉ်မောင်းက ပလာယာတစ်လက်ဖြင့် နှိုက်ပြန်သည်။ အတော်ကြီးကြာမှ ကားက မနိုးချင်နိုးချင်ဖွတ်ချက်ဖွတ်ချက်နှင့်နိုးတော့သည်။

မိုးလေ သည်းသည်းတွင် အနောက်ဆီသို့ ဦးတည်ပြေးလွှားနေသော ကားလေးမှာ စက်သံကမမှန်။ အင်း... ထိုးရပ်သည်နှင့်စာလျှင် စက်သံမမှန်တာက တော်သေး။

ဤသို့နှင့် မိုင်တိုင်(၃)မိုင်အလွန် "ကန်လယ်"ခေါ် အောင်ပင်လယ်ကန်စပ်အလယ် တစ်နေရာအရောက် ကားက မပြောမဆို ဆောင့်ကြီးအောင့်ကြီး ထိုးရပ်ပါလေတော့သည်။

ဤနေရာမှာ လူနေအိမ်ခြေမရှိ။ ကားလမ်း တစ်ဖက်တစ်ချက်တွင် လယ်ကွင်းများသာရှိပြီး ပရလောကသားများ ကျက်စားရာ နေရာဟု ပြောကြသည်။ ဩော်...မိုးမှောင်မှောင်ထဲ တကယ့်နေရာရောက်မှ ထိုးရပ်လေခြင်း။

အားထားစရာဆို၍ ပလာယာတစ်လက်သာရှိသော ယာဉ်မောင်းက အစွမ်းကုန်း ကြိုးစားရှာသော်လည်း ကားကမူ တုတ်တုတ်မျှမလှုပ်။ မော်တာကသာ ဖျစ်ညှစ်လည်နေရသည်။ မည်သို့မျှ မတတ်နိုင်သည့်အဆုံး ယာဉ်မောင်းက ညည်းရှာသည်။

'အကိုကြီးအဖြူဝတ်တိုင်း ဒီကားက ဒီလိုပဲ ဒုက္ခပေးတာ'

ကျွန်တော် ချက်ချင်းစဉ်းစားမိသည်။ ကားက သက်မဲ့။ အဖြူရောင်၊ အမည်းရောင် ကြိုက်စရာ၊ မကြိုက်စရာမရှိ။ ကေန္ဒ အဖြူရောင်မုန်းသည့် အကုသိုလ် အညစ်အထေး အမည်းအညစ် မကောင်းဆိုးဝါး တစ်ဦးဦးက ကားကို မှီတွယ်နေတာ ဖြစ်ရမည်။

သို့နှင့် မဆိုင်းမတွပင် "**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ**"ဟူ၍ အခေါက်ပေါင်းများစွာ ရွတ်နေမိပါတော့သည်။ ကားကမူ သံတုံး၊ သံခဲ၊ သံပြားသဖွယ်။

ဤသို့ ကြံရာမရ ဖြစ်နေရင်းက ဖျတ်ခနဲ အသိတစ်ချက် ဝင်လာသည်။

'ပဋ္ဌာန်းဒေသနာတော်မြတ်ကြီး၏ တန်ခိုးရှိန်စော်သည် အလွန်ပင် ပြင်းထန်လှသဖြင့် တစ္ဆေ သရဲ ဖုတ်၊ ပြိတ္တာမှအစ ဘီလူးသဘက်များပင် ကြောက်ရွံ့ ထိတ်လန့် ထွက်ပြေးကြရလေကုန်၏'

ရှက်ဖွယ် ကောင်းသည်ကား ရတနာသုံးပါးကို အလွန်ပင် ကိုင်းရှိုင်းသော မိဘနှစ်ပါးမှ မွေးဖွားလာသူ အသက်(၅၅)နှစ်ရှိသူ ကျွန်တော်သည် ပဋ္ဌာန်းဒေသနာတော်မြတ်ကြီး၏ ၂၄ ပစ္စည်းကို အစအဆုံး အလွတ်မရရှိခြင်းပင်။

သို့ပေသည့် ရသမျှသော အဦးအစ ပစ္စည်း(၃)ပါးကိုပင် တိုးတိုးလေးရွတ်လိုက်မိသည်။ "**ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော**" ဤသို့ တစ်ခေါက်ရွတ်၍ ဆုံးသည်နှင့် ကားအင်ဂျင် ပေါက်ကွဲသံ တစ်ချက် ပေါ်ထွက်လာသည်။

ဆက်ရွတ်သည်။ ပေါက်ကွဲသံများ စိပ်လာသည်။ ဆက်ရွတ်သည်။ ကားစက် နိုးသွားလေပြီ။ သို့နှင့် ကျွန်တော်လည်း စိတ်အေးသွားပြီး မိုးထဲလေထဲ ဆက်လက် ထွက်ခွာလာကြသည်။

သို့သော် မကြာမီပင် ကားစက်သံက ချောင်းဆိုးသကဲ့သို့ တဖွတ်ဖွတ်မြည်ပြီး စက်ရပ်မလို ဖြစ်ပြန်သည်။ ကျွန်တော်လည်း စိတ်အေးသွားသဖြင့် မရွတ်မိသော ပစ္စည်း(၃)ပါးကိုပင် ကောက်ကာငင်ကာ ရွတ်လိုက်မိသည်။

ဤတွင် ကားမှာ စက်သံမှန်သွားပြီး ဆက်လက် ပြေးလွှားနေပါတော့သည်။ ကျွန်တော့်မှာ ရွတ်ဆိုခြင်းကို မရပ်နားရဲ၊ တစ်လမ်းလုံး အဆက်မပြတ် ရွတ်လာခဲ့သည်။ ကားမှာလည်း စက်သံမှန်လှသည်။

သို့နှင့် တဲလေးသို့ ချောချောမောမော ရောက်ရှိခဲ့ပါလေတော့သည်။

ဒုတိယအခေါက် ပစ္စည်းများ အပြီးသတ် တင်ပြီးသည်နှင့် ကားရှေ့ခန်းတွင် အရင်တက်ထိုင်ပြီး ပစ္စည်း(၃)ပါးကို စတင်ရွတ်တော့သည်။ ယာဉ်မောင်း ကားပေါ်တက်သည်။ စက်နှိုးသည်။ ကားက အသာတကြည်ပင် စက်နိုးသွားပြီး အိမ်သို့ ဦးတည်ထွက်ခွာလာခဲ့ကြသည်။

ရွတ်ဆိုခြင်းကိုမူ ခေတ္တခဏမျှပင် မရပ်နားရဲ၊ အဆက်မပြတ်ပင် လမ်းတစ်လျှောက်လုံး ရွတ်ဆိုလာခဲ့သည်။ ကားကလည်း မှန်လိုက်သည့်စက်သံ။ ဤသို့ဖြင့် အခက်အခဲမရှိစွာ အိမ်သို့ ဒုတိယအခေါက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ပါလေတော့သတည်း။

စာရှုသူများအနေနှင့် အနည်းဆုံး ၂၄ ပစ္စည်းကို အလွတ်ကျက်မှတ်ထားပြီး အရေးအကြောင်းရှိက ရွတ်ဆိုပူဇော်ကာကွယ်နိုင်ရန် လွန်ခဲ့သော (၁၅)နှစ်က ကြုံတွေ့ခဲ့ရသော ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ရေးသားတင်ပြလိုက်ရပါသည်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြ၍ ဘေးရန်အန္တရာယ် အပေါင်းကင်းဝေးကြပါစေ။

**ကျော်မိုးတည်**



www.burmeseclassic.com

www.burmeseclassic.com



[illegible] (မင်းလှ)

# ယောသားရွာဟောင်းမှ

ဖြစ်ရပ်ဆန်း

မြန်မာနိုင်ငံ၏ အနောက်ဘက် [illegible]နယ်တစ်ခုဖြစ်သော ရခိုင်ပြည်နယ် [illegible]က်ပိုင်း ရသေ့တောင်မြို့နယ်၊ [illegible]ယုမြစ်၏ အနောက်ဘက်ကမ်း [illegible] ကြိန်တန်းကျေးရွာအုပ်စုတွင် [illegible]တန်းကျေးရွာနှင့် ဒိုးဝေချောင်းရွာ၊ [illegible]ပြင်ရွာဟူ၍ ကျေးရွာသုံးရွာ ရှိပါ[illegible]။

[illegible]ကြိန်တန်းကျေးရွာနှင့် ဒိုးဝေချောင်း [illegible]ည် (၁)မိုင် (၄)ဖာလုံခန့် ကွာဝေး [illegible]ည်။ လောင်းလှေဖြင့် တစ်ရွာနှင့် [illegible]ရွာ သွားနိုင်သလို ခြေကျင်ခရီးဖြင့် [illegible] သွားလာနိုင်ပါသည်။

[illegible]ယုမြစ်နှင့် စေတီပြင်ချောင်းတို့ [illegible]ထားသော ကျွန်းတစ်ကျွန်းပေါ် [illegible]ဖော်ကျွန်းရွာ၊ ကံပြင်ရွာ၊ ပြင်ဝမ်း [illegible]အောင်စေကုန်းရွာ၊ ဒိုးဝေချောင်းရွာ၊ [illegible]တန်းရွာ၊ မှန်နီပြင်ရွာ၊ ငွေတောင် [illegible]၍ ရွာ(၈)ရွာ တည်ရှိပါသည်။

[illegible]တီပြင်ချောင်း၏ အနောက်ဘက် [illegible] စေတီပြင်ရွာ၊ မော်ထက်ရွာ၊ [illegible]က်ထရံရွာ၊ သိန်တောင်ရွာများ ရှိပါသည်။

စေတီပြင်ရွာသည် ရသေ့တောင် မြို့နယ်၏ မြို့နယ်ခွဲဖြစ်၍ မြို့အဆင့် ရှိပါသည်။ ဈေးရှိသည်။ ရဲစခန်း၊ ဆေးရုံ နှင့် အထက်တန်းကျောင်း တည်ရှိပါသည်။ စေတီပြင်ရွာ၏ မြောက်ဘက်တွင် ယခင်က ကုန်သွယ်ရေး (စပါး) အဝယ်ဒိုင် ရှိပါသည်။

၁၉၇၄ ခုနှစ်၊ မတ်လတွင် ကြိန်တန်းကျေးရွာမှ မောင်အေးထွန်းနှင့် စံအောင်ကျော်တို့သည် စေတီပြင် ကုန်သွယ်ရေး (စပါး)အဝယ်ဒိုင်မှ စပါးဝယ်ယူရေး ကိစ္စများနှင့် ညနေ(၅)နာရီခန့်အချိန်တွင် စေတီပြင် ကူးတို့ဆိပ်မှ လှေဖြင့် ကူးလာပြီး ဒိုးဝေချောင်းရွာသို့ ရောက်ရှိခဲ့ကြပါသည်။

ဒိုးဝေချောင်းရွာတွင် သူငယ်ချင်းဖြစ်သူ မောင်ဖော်သန်းတို့ နေအိမ်သို့ ဝင်ရောက်ကြပြီးလျှင် ဒေသထွက် ခနိရည်ကို သောက်ကြပါသည်။

မောင်အေးထွန်းက...

'ဟေ့ကောင် စံအောင်ကျော် ငါတို့ နောက်ထပ် ကူးတို့ ကူးစရာ မလိုတော့ဘူးကွာ။ ခနိရည် ဝအောင်သောက်တော့ကွာ၊ ငါတို့ ရွာကို ဘယ်အချိန်မဆို ပြန်လို့ရပြီကွာ'

ဟု ပြောလိုက်ရာ စံအောင်ကျော်က...

'ကြိုတုန်း တစ်ခါတလေ သောက်ရတာ၊ ဝအောင်သာ သောက်ကြတာပေါ့'

နှစ်ဦးသား မောင်ဖော်သန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

နေအိမ်တွင် ခနီရည် တစ်လုံးပြီးတစ်လုံး သောက်လိုက်ကြရာ ည(၇)နာရီခန့် အချိန် ရောက်လာခဲ့ပြီဖြစ်သည်။

မောင်ဇော်သန်းက...

'ဟေ့ကောင်တွေ မင်းတို့ မူးနေကြပြီ။ တော်တော့ မိုးလဲချုပ်နေပြီ။ ပြန်မှ ကောင်းမယ်'

ဟု ပြောပြီး ရွာဦးထိပ်သို့ ဇော်သန်းက လိုက်ပို့ခဲ့ပါသည်။

ခနီရည်သည် ထန်းရည်ကဲ့သို့ ချိုမြိန်သော အရသာရှိပါသည်။ နံနက်ပိုင်းတွင် ချိုမြိန်သော အရသာ ပို၍ရှိသော်လည်း ညနေပိုင်း ရောက်သောအခါ ထန်းရည်ကဲ့သို့ အချဉ်ပေါက်လာ၍ ခါးသက်သက် အရသာ ရှိလာပါသည်။

အချိုဓာတ်လည်း ပြင်းလာပါသည်။ များများသောက်လျှင် မူးတတ်ပါသည်။

နှစ်ယောက်သား ဒိုးဝေချောင်းရွာက ထွက်ချိန်မှစ၍ ခနီရည် မူးဝေသော အရှိန်နှင့် တစ်ယောက်ကို တစ်ယောက် လည်ပင်း၊ ပခုံးဖက်ပြီးလျှင် လျှောက်လာခဲ့ကြပါသည်။

မိနစ်(၂၀)ခန့် လျှောက်လာရာ ခနီတောတန်းလေးနှင့် ရိုးချောင်းလေးကို ဖြတ်ကူးလိုက်ကြသည်။

အချိန်က ည(၇)နာရီကျော်ခန့် ရှိနေပြီဖြစ်၍ အမှောင်ထုများနေပြီဖြစ်သည်။ သို့သော် လဆန်းရက်ဖြစ်၍ လရောင်အနည်းငယ် ရှိနေပါသည်။ မိုးသားတိမ်တိုက်များ ရှိနေ၍ လရောင်က လင်းရုံဆိုရုံမျှသာ ရှိပါသည်။

ရိုးချောင်းလေးကို ကျော်ဖြတ်လိုက်ချိန်တွင် စံအောင်ကျော်က...

'ဟာ... ဟေ့ကောင် မောင်အေးထွန်း ဟိုမှာ မီးတွေ လင်းထိန်နေတာပဲကွာ၊ လူတွေလဲ အများကြီးပဲ။ ငါတို့ အဲဒီကို သွားကြည့်ကြမယ်ကွာ'

ဟု ဆိုပြီး နှစ်ဦးသား မီးရောင် လင်းထိန်နေသော နေရာသို့ ရောက်ရှိခဲ့ကြသည်။

မီးရောင်အောက်တွင် လူအများက ဆိပ်ကမ်းတွင် ရပ်ထားသော လှေ တစ်စင်းပေါ်မှ ငှက်ပျောသီး၊ အုန်းသီး များ ယူနေကြသည်။

လှေပေါ်မှ သျှောင်ထုံးဆံပင်နှင့် ထိုးကွင်းထိုးထားသော လူ(၂)ဦးက...

'လာကြ လာကြ ငှက်ပျောသီး အုန်းသီးများကို ပေးနေတာဖြစ်တယ်။ မည်သူမဆို လာယူကြပါ'

ဟု လာသမျှ လူများကို ခေါ်၍ ပေးနေပါသည်။

'ဟေ့ကောင် စံအောင်ကျော် မင်းက ငှက်ပျောသီး(၃)ဖီးလောက် ယူကွာ၊ ငါက အုန်းသီး(၃)လုံးယူမယ်'

မောင်အေးထွန်းက အကြံပေးရာ လှေပေါ်က လူကြီးတစ်ဦးက...

'ဟေ့ကောင်လေးတွေ လာယူကြလေကွာ၊ ဘာမှ အားနာမနေနဲ့ အလကားပေးနေတာ လာပါ'

ဟု ခေါ်သဖြင့် နှစ်ဦးသား လှေပေါ်က လူကြီးထံ ရောက်သွားကြသည်။

'ဦးလေး...ဦးလေး ကျွန်တော့်ကို ငှက်ပျောသီး(၃)ဖီးပေးပါ'

'ရော့ လူလေး (၃)ဖီးမက ယူပါ။ ကြိုက်သလောက်ယူပါ'

'ကျွန်တော် (၃)ဖီးဆိုရင် တော်ပါပြီ ဦးလေး'

'ကဲ ဟော ကောင်လေး မင်းကော ဘာအသီး ယူမလဲ'

ဟု မောင်အေးထွန်းကိုမေးရာ...

'ဦးလေး ကျွန်တော့်ကို အုန်းသီး(၃) လုံးသာပေးပါ'

'လိုချင်ရင် ထပ်ယူနော် လူလေး'

'ဟုတ်ကဲ့ ဟုတ်ကဲ့'

ဟု ဆိုပြီး တစ်ယောက်က ငှက်ပျော သီး၊ တစ်ယောက် အုန်းသီးယူ... ကြသည်။

လှေဆိပ်မှ ကိုက်(၂၀၀)သို့ အ... တွင် အဘွားတစ်ယောက်နှင့် လ... ဆုံတွေ့ရာ အဘွားအိုက...

'လူလေးတို့က ဘယ်ကို ပြန်... လဲ'

ဟု မေးရာ နှစ်ဦးသားမှ...

'ကျွန်တော်တို့ ကြိနိတန်း... ပြန်မလို့ အဘွား'

ဟု ပြန်ဖြေလိုက်ပါသည်။

အဘွားအိုက...

'လူလေးတို့ ကြိနိတန်းရွာက နီး... ဘယ်အချိန်မဆို ပြန်လို့ရတာပဲ။ လာ... အဘွားအိမ်မှာ ခဏနားပြီးမှ ပြ... ကွယ်'

ဟု ပြောဆိုပြီး အဘွားအို၏ နေ... သို့ လိုက်သွားကြပါသည်။

အဘွားအို၏အိမ်သည် အိ... အိမ်ကောင်းတစ်အိမ် ဖြစ်ပါ... နေအိမ်အောက်ထပ် ကွပ်ပျစ်ပေါ်... နေရာပေးပြီး...

'လူလေးတို့ အဲဒီကွပ်ပျစ်ပေါ်... အနားယူကြပါ။ အဘွားက လူ... အတွက် စားစရာတစ်ခုခု သွားယူ... ဦးမယ်'

ဆိုပြီး ခဏထွက်သွားသည်။

'ဟေ့ကောင် စံအောင်ကျော် ... အရမ်းမူးလာပြီကွာ၊ ငါခဏ တုံး... ဦးမယ်။ အဘွားက စားစရာ ယူ... အခါ ငါ့ကို နှိုးပါ'

ဟုပြောပြီး မောင်အေးထွ... အုန်းသီး(၃)လုံးကို ခေါင်းရင်... ချွေထားလိုက်သည်။

ခဏအကြာ စံအောင်ကျော်... မူးဝေပြီး အိပ်ငိုက်လာသဖြင့် ငှ... သီးကို ဘေးနားထားလျက် အိ... သွားသည်။





www.burmeseclassic.com

www.burmeseclassic.com



နံနက်(၆)နာရီခန့်အချိန်တွင် ကြိန်
တန်းကျေးရွာမှ ဈေးရောင်း/ဈေးဝယ်
ဓတီပြင်သို့သွားကြသော မလှသိန်း၊
ယောင်းစိန်၊ မောင်စောနုတို့
ယာသားရွာဟောင်းနားသို့
ရောက်ရှိလာခဲ့ကြသည်။

မလှသိန်းက ရှေ့ဆုံးမှဖြစ်၍...

'ဟော့...ဟိုမှာ...ဟိုမှာ လမ်း
အလယ်တည့်တည့်မှာ
လူ(၂)ယောက် ဘာဖြစ်နေလဲမသိဘူး'

ဟု ပြောရာ မောင်စောနုက...

'ဟော့...ဟော့...အနားကို သိပ်ကပ်
သွားနဲ့၊ ဘေးကနေ ကျော်ပြီးသွား
ရော် တော်ကြာ ပြဿနာတက်နေဦး
မယ်'

ပြောပြီး လမ်းအလယ်တည့်တည့်
မှာ အိပ်ပျော်နေသူ (၂)ဦးကို သေချာ
ကြည့်လိုက်ရာ တစ်ရွာတည်းသား
ကြိန်တန်းရွာမှ မောင်အေးထွန်းနှင့်
စံအောင်ကျော်တို့ဟု သိလိုက်
ရပြင့်...

'ဟော့ကောင်တွေ ဟော့ကောင်တွေ
...ထ... မိုးလင်းနေပြီ။ ဒီကောင်
တွေကောင် ညက မူးပြီး အိမ်မပြန်နိုင်
ဘဲ ဒီနေရာမှာ အိပ်နေကြတာဖြစ်မယ်'

စံအောင်ကျော်က အရင်နိုးပြီး
ငှက်ပျောသီးကို ကြည့်လိုက်ရာ
ငှက်ပျောသီးကို မတွေ့ရတော့ပေ။

'ဟော့ကောင် မောင်အေးထွန်း ထပါဦးကွာ၊
ငှက်ပျောသီး မရှိတော့ဘူး။ မင်း အုန်းသီး
ကော ရှိသေးလား ရှာကြည့်ပါဦး'

ဟု ပြောလိုက်သောအခါ မောင်အေး
ထွန်းလည်း လူးလိမ့်ထလိုက်ပြီး
အုန်းသီးကို ရှာ... အုန်းသီး
လည်းမရှိ၊ ငှက်ပျောသီးကိုလည်း
မတွေ့သောအခါ...

'ဟော့လူတွေ ခင်ဗျားတို့ ကျုပ်တို့
အုန်းသီး၊ ငှက်ပျောသီးတွေ ယူထား
ကြသလား'

ဟု မောင်စောနုတို့ကို မောင်အေး
ထွန်းက လှမ်းမေးလိုက်ရာတွင်
မောင်စောနုက...

'ဟော့ကောင်တွေ မူးကြောင်မူးကြောင်
ဖြစ်နေပြီတော့ ဘာ ငှက်ပျောသီး၊ ဘာ
အုန်းသီးမှ မင်းတို့အနားမှာ မရှိဘူးကွ၊
လမ်းအလယ်တည့်တည့်မှာ အိပ်ပျော်နေလို့
ရွာသားချင်း အတူတူဖြစ်လို့ စေတနာနဲ့
နှိုးလိုက်တာမယုံရင် ငါတို့အိတ်တွေကို
လာရှာကြည့်နိုင်တယ်'

မလှသိန်းက...

'လာ မောင်စောနု ဒီငမူးတွေနဲ့
အချိန်ကြာတယ်။ ငါတို့ ဈေးသွားရဦး
မယ်'

ဆိုပြီး ဆက်၍ သွားကြပါသည်။

နှစ်ယောက်သား တစ်ယောက်
မျက်နှာ တစ်ယောက်ကြည့်ပြီးလျှင်
မောင်အေးထွန်းက...

'ဒါ...အိပ်မက် မဟုတ်ဘူး။ ညက အဖြစ်
အပျက်တွေကို အကုန်လုံး မှတ်မိနေတယ်'

ဟု စံအောင်ကျော်ကိုပြောရာ
စံအောင်ကျော်ကလည်း...

'တကယ့်ကို အံ့သြစရာပဲကွာ'

ဟု ပြောပြီး...

'ငါ အကြံရပြီကွာ၊ ငါတို့ရဲ့ အဘိုး
ဦးငမောင်နဲ့ အဘွား ဒေါ်မင်းသာဦးကို
မေးရင် ဒီကိစ္စအဖြေကို သိနိုင်တယ်'

'အေး...ဟုတ်ပြီ မင်းပြောတာမှန်
တယ်။ ငါတို့ ဒီကပြန်ပြီး အိမ်ကျရင်
တယ်သူ့ကိုမှ ၁ ၊ ၂ မပြောနဲ့၊ ရေမိုးချိုး
ပြီး အဘိုး၊ အဘွားတို့ဆီကို
သွားကြတာပေါ့'

ဟု အကြံရပြီး ရွာကို
ပြန်လာခဲ့ကြသည်။

နံနက်စာထမင်းကို
စောစော စားသောက်ပြီး အဘိုး
ဦးငမောင်၊ အဘွားဒေါ်မင်းသာဦး နေ
ထိုင်ရာ စဖော်ကျွန်းရွာသို့ သွားရောက်
ခဲ့ကြပါသည်။

စဖော်ကျွန်းရွာနှင့် ကြိန်တန်းရွာ
သည် (၁)မိုင်ကျော်မျှ ကွာဝေးပါသည်။

စဖော်ကျွန်းရွာက အဘိုးဦးငမောင်၊
အဘွားဒေါ်မင်းသာဦးအိမ်သို့ ရောက်ရှိ
သောအခါ အဘိုးဦးငမောင်က...

'ဟော့ ကြိန်တန်းက ငါ့မြေးတွေ
နေပူထဲမှာ လာခဲ့ကြတာ၊ ဘာတွေ
အရေးကြီးကိစ္စ ရှိလို့တုံး'

ဟု မေးရာ မောင်အေးထွန်းက
"ဒီလိုပါ အဘိုး(အဘ)"ဟုဆိုပြီး ညက
ယောသားရွာဟောင်းမှ အဖြစ်အပျက်
များကို ရှင်းပြပြောဆိုလိုက်သောအခါ
အဘိုး(အဘ) ဦးငမောင် အားရပါးရ
ရယ်မောလိုက်ပြီး...

'ဟော့ မင်းသာဦး... လာပါဦး နင့်မြေး
နှစ်ကောင် ယောသားရွာမှာ ကြုံခဲ့ရပြီဟေ့'

အဘွား ဒေါ်မင်းသာဦးလည်း
အနားမှာ လာထိုင်ပါသည်။

အဘိုးဦးငမောင်က သက်ပြင်းရှည်
တစ်ခု ပြုလုပ်၍ လေကို မှုတ်ထုတ်
လိုက်ပြီးလျှင်...

'ငါ့မြေးတို့ကို ဒီယောသားရွာရဲ့
သမိုင်းကြောင်းကို အဘိုး ပြောပြမယ်။
ဒုတိယကမ္ဘာစစ် မဖြစ်မီက ဒီစဖော်
ကျွန်းမှာ ရွာကြီး(၉)ရွာ ရှိခဲ့ကြတယ်။
ဒီကျွန်းရဲ့ မူလနာမည်က အစဉ်း



www.burmeseclassic.com

www.burmeseclassic.com

အဦးဆုံး ပေါ်ပေါက်လာတဲ့ ကျွန်းတစ်ကျွန်းဖြစ်တဲ့အတွက် စပေါ်ကျွန်းလို့ ဟိုးယခင်က ခေါ်ဆိုခဲ့ကြတယ်လို့ ဆိုတယ်။

နောက် ကြာလာတဲ့အခါ စဖော်ကျွန်း ဖြစ်သွားတယ်။ အဲဒီကျွန်းကို အမှီပြုပြီး အခု အဘိုးတို့ ရွာကိုလဲ စဖော်ကျွန်းလို့ ခေါ်ကြတယ်။

ယခင် ရှိခဲ့တဲ့ ရွာတွေကတော့ ကံပြင်ရွာ၊ ပြင်ဝမ်းရွာ၊ ကြိန်တန်း၊ ဒိုးဝေချောင်း၊ ယောသားရွာ၊ မုန်နီပြင်ရွာ၊ ရွာချီးရွာ၊ ငွေတောင်ရွာ၊ စဖော်ကျွန်းရွာဆိုပြီး ဒီကျွန်းပေါ်မှာ (၉)ရွာ ရှိခဲ့ကြတယ်။

ဒီရွာတွေထဲမှာ စဖော်ကျွန်းရွာနဲ့ ယောသားရွာက လူအများစုဟာ လယ်သမားဖြစ်ကြတယ်။ ကြွယ်ဝချမ်းသာသူများတယ်။ ရိုးသားကြတယ်။

ဒုတိယကမ္ဘာစစ်ဖြစ်တဲ့ အချိန်မှာ ဒီယောသားရွာကို ဗုံး(၅)လုံးတိတိ ကျပြီး တစ်ရွာလုံးမီးလောင် လူတွေလဲ တော်တော်များများ သေကျေပျက်စီးခဲ့ကြတယ်။

ကျွန်းပေါ်မှာရှိတဲ့ အခြားရွာက လူတွေလဲ ကြောက်အားလန့်အားနဲ့ အထုပ်ထုပ်ပြီး ကျောက်တော်မြို့နယ်ဘက်ကို ထွက်ပြေးခဲ့ရတယ်။ စစ်ပြီးလို့ (၃)နှစ်ခန့်ကြာမှ ကိုယ့်နေရာဒေသကို ပြန်လာခဲ့ကြတယ်။

အခြားရွာတွေက လူတွေ၊ မိသားစုတွေ ပြန်ရောက်လာကြပေမယ့် ယောသားရွာကိုတော့ ဘယ်သူမှ ပြောင်းရွှေ့မလာကြတော့ဘူး။ ရွာဟောင်းရွာပျက်ကြီးအဖြစ်နဲ့ပဲ ယခုတိုင် ရှိနေတာပေါ့'

သည်နေရာမှာ အဘိုး ဦးမောင်နှင့် အဘွားဒေါ်မင်းသာဦးတို့ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို ပြောပြပါသည်။



'အဘိုးတို့ စစ်ပြီးလို့ ရွာပြန်ရောက်တဲ့အခါ အခု မြေးလေးတို့ မြင်နေရတဲ့ လယ်ကွင်းတွေမှာ ချုံတွေ တောတွေ ဖြစ်နေတယ်။ အဘိုးတို့လယ်က (၅)ကေလောက်ရှိတဲ့ လယ်တစ်ကွက်က ယောသားရွာဟောင်းနားမှာ ရှိနေတယ်။

မိုးဦးကျလို့ လယ်ယာလုပ်ငန်းခွင် ဝင်ကြတဲ့အခါ ယောသားရွာဟောင်းဘက်က ညဘက် ညဘက်ဆိုရင် လယ်ထွန်တဲ့ အသံတွေ ကြားနေရတယ်။

စပါးရိတ်သိမ်းချိန်ကျရင် စပါးရိတ်သိမ်းနေတဲ့ အသံတွေ ကြားနေရတယ်။ အခါအားလျော်စွာ တီးမှုတ်သံတွေ ကြားရတယ်။ ဟိုတုန်းက မကြာခဏ ကြားရတယ်။ အခုနောက်ပိုင်း ထူးထူးခြားခြား သိပ်မကြားရတော့ဘူး။

ဟို လွန်ခဲ့တဲ့ (၁၀)နှစ်ခန့်က ငါးရှာသွားတဲ့ ဒိုးဝေချောင်းရွာက ညီပုတို့ သားအဖ(၂)ယောက် ပွဲကနေတာတွေ့လို့ တစ်ညလုံး ကြည့်နေခဲ့ကြတယ်တဲ့။ မနက်မိုးလင်းလို့ သတိရတော့ အဲဒီ ယောသားရွာဟောင်းရဲ့ အနောက်ဘက် တောတန်းနားက သုသာန်ထဲကို ရောက်နေတယ်လို့ ပြောတယ်။

နောက်...
ကျောက်...
ကိုသာလ...
ယောသားရွာချော...
ထိန်တောချောင်းမှတ်ပြီး ချော...
(ယင်း)တားပြီး ငါးရှာ...
ငါးတွေက လှေအပြည့်...
ရရှိတယ်လို့ ဆိုတယ်။

သူ ငါးရှာတဲ့ အချိန်က ည...
တော့ ငါးမျိုးပေါင်းစုံ ရရှိခဲ့တ...
ပြောပါတယ်။

ငါးတွေကို မနက်မိုးလင်းရင် ...
ပြင်ဈေးကို ရောင်းမယ်ဆိုပြီး ...
တုံးလုံးလှဲပြီး နေလိုက်တာ ...
သွားတယ်။ မနက်မိုးလ...
လှေပေါ်မှာ ငါးတစ်ကောင်မှ မ...
ဘူးတဲ့။

ကဲ...မြေးလေးတို့ ဒီယော...
ဟောင်းနဲ့ ပတ်သက်တဲ့ ဖြစ်...
တွေကတော့ အများကြီးပေါ့...
အခု မြေးလေးတို့ ကိုယ်တိုင်...
ရပြီဆိုတော့ ဒီရွာဟောင်းနား...
သွားလာရင် မေတ္တာပို့ပါ။ အ...

လူလေးတို့ ညက တွေ့ခဲ့တဲ့ ...
ဟောင်းက တွေ့ဆုံခဲ့သူတွေဟာ ...
သနားစရာကောင်းတဲ့ ပရလော...
ဖြစ်တယ်။

အဲဒီပုဂ္ဂိုလ်တွေကို အဲဒီဘဝ...
လွတ်ကြစေဖို့ ကုသိုလ်တရား...
ပါ။ အမျှပေးပါ'

မောင်အေးထွန်းနှင့် စံအေး...
တို့(၂)ယောက် အဘိုးဦး...
အဘွားဒေါ်မင်းသာဦးတို့အ...
ကန်တော့ပြီး ပြန်ခဲ့ကြပါသည်...

ဗိုလ်မင်း(မင်း...



www.burmeseclassic.com

www.burmeseclassic.com



ထွန်းလင်း (ရေနံမြေ)

# အစားမှတော် တစ်လုတ်

မြောက်ပြန်လေအဝေ့မှာ နှင်းမှုံနှင်းစက်လေးတွေကြားက တောင်ဇလပ်ပန်းရနံ့သင်းသင်းလေးက ကိုခင်ဆွေ နှာဝသို့ တိုးဝှေ့လာသည်။

သူတို့အဖွဲ့ ရောက်ရှိနေသော တောင်ထိပ်မှ ဝန်းကျင်တစ်ခွင်လုံး မျက်စိတစ်ဆုံး လိုက်ကြည့်လိုက်လျှင် စိမ်းညို့ညို့ တောင်ကုန်း တောင်တန်းများက ပတ်ပတ်လည် ဝန်းရံ ကာဆီးထားကြသည်။

မြောက်ဘက်စူးစူး ဟိုးအဝေး တစ်နေရာဆီမှာတော့ မိုင်းပန်မြို့ဘက်က တာဝါတိုင်ကို တောင်တန်းတစ်စုပေါ်တွင် ခပ်ရေးရေး မြင်တွေ့နေရသည်။

တစ်စုံတစ်ဦးကိုသွား၍ မှန်းဆ သတိရမိပြန်တော့ လွမ်းတသသ ဖြစ်မိပြန်သည်။

အရှေ့တည့်တည့်မှာတော့ တောင်တန်းတွေ ဝန်းရံနေသည့် မြေပြန့်ကြောလေးတစ်ခုပေါ်မှာ ဟိုနားရွာလေးက တိတ်ဆိတ်ငြိမ်သက်လျက်။ ကိုခင်ဆွေတို့ ဒီဒေသကို ရောက်ရှိနေခဲ့သည်မှာ လေးလကျော်ခဲ့ပြီ။

မကြာမီ ကိုယ့်မြို့ကိုယ့်ဒေသသို့ ပြန်ရတော့မည်။ ပြန်ခါနီးကာကျမှ ရက်တွေ၊ အချိန်တွေကလည်း ပို၍ပင် ကုန်လွန်ခဲလှသည်ဟု ထင်မိ၏။

'ဖောင်း…ဖောင်း'

တစ်ဦးတည်း အတွေးရေလှိုင်းပေါ်မှာ စီးမျောနေစဉ် အောက်ဘက်ရေဆိပ်မှ သေနတ်သံနှစ်ချက် ဆက်တိုက်ကြားလိုက်သဖြင့် အတွေးစတို့ ပြတ်တောက်သွားသည်။

အစောပိုင်းက ကျော်ကိုထွန်းအဖွဲ့မှ မောင်မြနှင့် ရဲဖော်အောင်တို့ ဝါးဆစ်ဘူးကိုယ်စီထမ်း၍ တောင်အောက်ဆင်းသွားတာ တွေ့လိုက်သည်။

သေနတ်သံကြောင့် ကျော်ကိုထွန်း သူ့တဲအတွင်းမှ ထွက်လာသည်။

'အေး ကျော်ကိုထွန်းရေ မင်းတပည့်တွေ



www.burmeseclassic.com

www.burmeseclassic.com

ယောက် ဖြစ်မယ်။ သေနတ်သံက ခပ်စိပ်စိပ် ကွ။ မင်းအဖွဲ့က နှစ်ယောက် ထပ်ထုတ်ပြီး လိုက်စမ်းကွာ အခြေအနေသိချင်တယ်။ ပြန်ရောက်ရင် ကိုယ့်ကို သတင်းပို့ကွာ'

'ဟုတ်ကဲ့ပါ ဆရာ ကျွန်တော်ကိုယ်တိုင် လိုက်သွားပါ့မယ်'

ကျော်ကိုထွန်းနှင့် သူ့တပည့်တစ်ယောက် ရေဆိပ်သို့ လိုက်ဆင်းသွားပြီး နာရီဝက်ခန့်အကြာတွင် ကျော်ကိုထွန်းနှင့် ရဲဇော်အောင်တို့နှစ်ဦးက ဂျီ(ချေ)တစ်ကောင်ကို ဝါးလုံးဖြင့် ရှေ့နောက် လျှိုထမ်းလျက် မောင်မြနှင့် ကျော်လှက ဝါးဆစ်ပိုင်း ရေဘူးကိုယ်စီ ထမ်းလျက် ချွေးတလုံးလုံးနှင့် ပြန်တက်လာကြသည်။

ကိုခင်ဆွေ အခြေအနေကို သဘောပေါက်လိုက်ပြီ။ မောင်မြ လက်စွမ်းပြလိုက်ခြင်း ဖြစ်သည်။ ဤဒေသဝန်းကျင်တွင် ဝက်ဝံ၊ တောင်ဆိတ်၊ ဂျီ(ချေ)များ မကြာခဏ တွေ့ရတတ်သည်။

သူတို့ ကျက်စားရာဒေသ ဖြစ်မည်ထင်သည်။ မောင်မြက ကိုခင်ဆွေ မျက်နှာရိပ် မျက်နှာကဲကိုကြည့်၍...

'ဆရာ ကျွန်တော်တို့ ရေခပ်ဆင်းတုန်း ရေသောက်နေတာ တွေ့တာနဲ့ ပစ်ခဲ့လိုက်တယ်။ အဖွဲ့တွေ ရိက္ခာပြတ်နေတာနဲ့ အတော်ဖြစ်သွားတယ် ဆရာ'

ကိုခင်ဆွေ မဆူမိ သွားဖြဲလေးဖြင့် မောင်မြင့်က ကြိုတင် သတင်းပို့သည်။ ဒီတောင်ကုန်းပေါ်တွင် ကျောက်ကန်စွန်း၊ ကျောက်ချဉ်ပေါင်တို့ဖြင့် စခန်းသွားနေရသည်မှာလည်း လနှင့်ချီ၍ ကြာမြင့်ခဲ့ပြီ။ ပုထုဇဉ်တွေဖြစ်သည့် အတွက် သူများအသားလေး မပါလျှင် ထမင်းစား၍ မဝင်ချင်။

တောမပစ်ရ တားမြစ်ထားသော်လည်း တောင်ထိပ်အထိ အပင်ပန်းခံပြီး ထမ်းတင်လာမှတော့ ခွင့်ပြုရုံမှတစ်ပါး အခြားမရှိ။

ကျော်ကိုထွန်းကိုယ်တိုင် ဦးစီး၍ အသားဖျက်သည်။ ရရှိသော အသားများအား အဖွဲ့အလိုက် ခွဲဝေပေးပြီး ချက်ကြ ပြုတ်ကြနှင့် ပွဲတော်တွေ့နေကြသည်။

တပည့်တွေ ကောင်းကောင်းမွန်မွန် စားသောက်ပျော်ရွှင်နေတာ တွေ့ရတော့ စိတ်ထဲ ပီတိဖြစ်မိသည်။

ကိုခင်ဆွေကိုယ်တိုင်လည်း တပည့်တွေ ကောင်းမှုကြောင့် ထိုနေ့ညစာအတွက် စိုပြည်သွားသည်။

နောက်ရက်တွင် လှုပ်ရှားအဖွဲ့နှင့် ကိုခင်ဆွေတို့အဖွဲ့ တာဝန်လွှဲပြောင်း ထမ်းဆောင်ရသည်။ မိမိတို့ တာဝန်ယူထားသော နယ်မြေအတွင်း တစ်ဖတောဝင်၊ တစ်တောင်တက်၊ တစ်ရွာဝင်၊ တစ်ရွာထွက်ဖြင့် လှည့်လည်လှုပ်ရှားပေးရတော့သည်။

လှုပ်ရှားအဖွဲ့ တာဝန်ထမ်းဆောင်နေစဉ် တစ်ရက်တွင် ကိုခင်ဆွေတို့အဖွဲ့ သတင်းအရ မိုင်းပန်မြို့၏မြောက်ဘက် စူးစူးရှိ ကျောက်တောင်ကုန်းသို့ ချီတက်လှုပ်ရှားရသည်။

လျှိုကြီးတစ်ခုအတွင်း စမ်းချောင်းလေးအတိုင်း တဖြည်းဖြည်းချင်း ဆန်တက်၍ လျှောက်လှမ်းနေကြသည်။

ကျောက်တုံးကျောက်ခဲများ အကြားသတိကြီးစွာထား၍ လျှောက်ခဲ့ကြရာ စမ်းချောင်းလေး အဆုံးတွင် ကျောက်လိုဏ်ဂူကြီးတစ်ခုအား တွေ့ကြရသည်။

စမ်းချောင်းကလေးသည် ထိုဂူကြီးအတွင်းမှ စီးဆင်းလာခြင်း ဖြစ်သည်။

ရှေ့ဆုံးမှ သွားနေသော ကျော်ကိုထွန်းတို့အဖွဲ့က ဂူပေါက်အတိုင်း လိုက်၍ဝင်သွားသည်။ ဂူအတွင်း အန္တရာယ်နှင့်ကြုံက အသင့်ရှိစေရန် ကိုခင်ဆွေက တိုးတိုးတိတ်တိတ် သတိပေးရသည်။

ကိုခင်ဆွေ နောက်မှ လိုက်ဝင်သွားရာ ဂူကြီးမှာ အတော်အတန် ကြီးမားကျယ်ပြန့်ပြီး အလင်းရောင် ကောင်းစွာ ရရှိသည့်အတွက် ဂူအတွင်းပိုင်းအား ရှင်းလင်းစွာ တွေ့မြင်နေရသည်။

ဂူအတွင်းပိုင်း တစ်နေရာအရောက်တွင် ရှေ့မှသွားနေသော မောင်မြင့်က အားရဝမ်းသာစွာဖြင့်...

'ဟာ... အာစရိရေ စားရက်ကြုံလို့ မှတ်ဆိတ်များဆွဲတာပဲ။ ဒီမှာ ငါးကြီးနှစ်ကောင်ဗျ'

မောင်မြင့် ညွှန်ပြရာသို့ အားလုံး အကြည့်များ ရောက်သွားရာ ခြေမျက်စိ မြုပ်ရုံသာသာ ရေရှိနေသော ကျောက်ရေအိုင်အတွင်း၌ အမျိုးအမည် မသိနိုင်သော ငါးကြီးနှစ်ကောင် အန္တရာယ်အငွေ့အသက်ကို ရသွား၍ ရေအိုင်ကျဉ်းလေးအတွင်း ကူးခပ်ပြေးလွှားနေတော့သည်။

မောင်မြင့်က ရရှိသော အခွင့်အရေးကို လက်လွှတ်မခံ တဒင်္ဂအတွင်းမှာပင် ဘေး၌ အသင့်ရှိနေသော ကျောက်တုံးဖြင့် ငါးကြီးနှစ်ကောင်ကို ပစ်ပေါက်ထုနှက်ကာ ဆယ်ယူလိုက်သည်။ သူ့ဘေးနားမှ တိုးမြင့်ခေါ် ငတိုးကလည်း...

'အဟီး...ပွတာပဲကွ၊ ရေကန်အသင့်ကြာအသင့်ဆိုတာ ဒါမျိုးပေါ့ကွ၊ တစ်ကောင်ကို မရှိဘူးဆိုရင် တစ်ပိဿာလောက်တော့ ရှိမယ် ထင်တယ်'

မသေမရှင်ဖြင့် တဆတ်ဆတ်လူးနေသော ငါးကြီးနှစ်ကောင်ကို ကြည့်လိုက်ရာ အမှန်ပင် တစ်ကောင်လျှင် တစ်ပိဿာနီးပါး ရှိနိုင်သည်။ ဤဂူကြီးအတွင်း ကာလမည်မျှကြာအောင်



www.burmeseclassic.com

www.burmeseclassic.com

နေထိုင်ကျက်စားခဲ့ကြသည်မသိ။

ဂူအတွင်းပိုင်းအထိ သေချာအောင် ရှင်းလင်းပြီးသည်နှင့် ကိုခင်ဆွေတို့က လည်း ဝမ်တိန်းရွာသို့ ဆက်လက် ထွက်ခွာလာသည်။

ညနေစောင်းတွင် ဝမ်တိန်းရွာ အရှေ့ဘက် တောင်ပေါ်စေတီသို့ ရောက်ရှိရာ ညအိပ်ရပ်နားရန် စခန်းချ သည်။

မောင်မြင့်တို့ အုပ်စုကတော့ ရလာ သော ငါးကြီးနှစ်ကောင်ကို ညစာ အတွက် ချက်ပြုတ်စားသောက်ရန် ပြင်ဆင်နေကြသည်။ နေဝန်းနီကြီးပင် အနောက်တောင်စွယ်တွင် မေးတင်၍ နေပေပြီ။

မကြာမီ နေ၏ အလင်းရောင်တို့ တဖြည်းဖြည်း မှေးမှိန်သွားပြီး အမှောင်ထုက ကြီးစိုးလာသည်။

ကိုခင်ဆွေသည် ညစာ စားပြီးသည် နှင့် အိပ်ရာပဝင်မီ စေတီပစ္စယံပေါ် တွင် တွေ့ရှိသော ဖယောင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် ထွန်းညှိပူဇော်၍ ဘုရားရှိခိုးသည်။

ဝေနေယျာများအား အမျှအတန်း ပေးဝေသည့်အခါ ထူးထူးခြားခြားပင် ကြက်သီးမွေးညင်းများထ၍ ခေါင်း နားပန်းကြီးသွားတာကို သတိထားမိ လိုက်သည်။

စေတီတော်မှ ဆည်းလည်းသံလေး များနှင့်အတူ မီးဖိုပြီး ဝိုင်းဖွဲ့နေသော မောင်မြင့်တို့အုပ်စုထဲမှ ကျော်လှ၏ အသံစာစာက တစ်ချက်တစ်ချက် လေတွင် ပျံ့ဝဲလာသည်။

အစောင့်များ သတိရှိရှိ စောင့်ကြပ် ကြရန် လိုက်လံမှာကြားနေသော ကျော်ကိုထွန်း၏ အသံကိုလည်း အမှောင်ထုတစ်နေရာဆီမှ ကြားလိုက် ရသည်။



ညသည်လည်း ပို၍ မှောင်ပိန်းလာ သည်။ ကိုခင်ဆွေလည်း မနက်ဖြန် အတွက် ကုပ်ငန်းများကို ခေါင်းအတွင်း စီကာစဉ်ကာ တွေးရင်းမှ အိပ်မောကျ သွားသည်။

ဘုရားကုန်းပေါ်သို့ လူသွားလမ်း လေးအတိုင်း အရုပ်ဆိုးဆိုး အမွေး အမှင်ထူထူနှင့် အကောင်ကြီးနှစ်ကောင် တရိပ်ရိပ် တက်လာနေသည်။

ညအစောင့်များလည်း မြင်ဟန် မတူ။ ကိုခင်ဆွေ အိပ်စက်နေသော သစ်ပင်အောက်နား အရောက်တွင် ခေတ္တရပ်သွားသည်။

ထိုအခါကျမှ သေချာကြည့်မိရာ တစ်ကောင်မှာ ဆံပင်ဖားလျားကြီးနှင့် အမကြီးဖြစ်ပြီး ကျန်တစ်ကောင်မှာ သန်မာထွားကျိုင်းလှသော အထီးကြီး ဖြစ်နေသည်။

ကိုခင်ဆွေ မှင်တက်မိနေစဉ်မှာပင် အကောင်အထီးကြီးက သူ့ဘက်သို့ လှည့်ကြည့်ကာ ''ဟွန်း''ခနဲ မကျေ မနပ်သံကြီးပေးပြီး ရှေ့ကုန်းစောင်း တွင် အိပ်နေသော ကျော်ကိုထွန်းတို့ အဖွဲ့ဆီသို့ ဆက်လက်လျှောက်လှမ်း သွားသည်။. မကြာမီ...

'အား... အမယ်လေး... သေပါပြီဗျ။ အမယ်လေး အောင့်တယ်ဗျ။ အား... နာတယ်...နာတယ်'

ဗလုံးဗထွေးနှင့် ဆူဆူညံညံ အသံ များကြောင့် ကိုခင်ဆွေ အိပ်ရာမှ လန့်နိုးလာသည်။ အသံလာရာဘက် သို့ ထကြည့်ရာ ကျော်ကိုထွန်း တို့အဖွဲ့မှ ဖြစ်နေသည်။ ဓာတ်မီးယူ၍ အနီးသို့ သွားရောက် ကြည့်ရှုရာ မောင်မြင့်တစ်ယောက် မြေပြင် တွင် တဆတ်ဆတ်တုန်ခါရင်း လူးလိမ့်နေတာ တွေ့ရသည်။

ဆေးဆရာကျော်အောင် ရောက် လာပြီး ဆေးထိုးပေးရန် ပြင်ဆင်နေစဉ် မှာပင် ငြိမ်သက်၍သွားသည်။ သွေးခုန် နှုန်းစမ်းကြည့်ရာ နှလုံးခုန်နှုန်း ရပ်တန့် သွားပြီဟုဆိုသည်။ အသက်ပြန်ရှူရန် အမျိုးမျိုး ပြုစုကုသသော်လည်း သတိ ပြန်လည်မလာတော့ချေ။

ထိုညအဖို့ အားလုံးရင်ထဲ အတွေး ကိုယ်စီဖြင့် အိပ်စက်၍ မရကြတော့။ မိုးစင်စင်လင်းမှသာ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ မယုံ ကြည်နိုင်စွာဖြင့်ပင် သက်ဆိုင်ရာသို့ အကျိုးအကြောင်း တင်ပြ၍ မောင်မြင့် ၏ ရုပ်အလောင်းအား သင်္ဂြိုဟ်ရန် ပြင်ဆင်ကြရသည်။

မောင်မြင့်အား မြေမြှုပ်သင်္ဂြိုဟ် ပြီးစီး၍ ဆက်လက်ထွက်ခွာလာကြရာ ဝိန်းပန်တောင်ပေါ် အခါရွာလေးသို့ ရောက်ရှိကြသည်။ ထိုနေ့က အခါရွာ မှာပင် ညအိပ်ရပ်နားကြသည်။

နောက်တစ်နေ့နံနက် ခရီးဆက်ရန် ပြင်ဆင်နေချိန် ကျော်ကိုထွန်းတစ် ယောက် ရေးကြီးသုတ်ပြာဖြင့် ကိုခင် ဆွေထံ ရောက်လာပြန်သည်။

'ဆရာ ငတိုးတစ်ယောက် နိုးမရတော့ဘူး။ ဆေးဆရာ ပြောတာကတော့ ညကတည်း က အသက်မရှိတော့တာတဲ့၊ တောင့် တောင်နေပြီလို့ပြောတယ်။ လိုက်ခဲ့ပေးပါဦး ဆရာ'

ပြဿနာတစ်ခုက မပြီးသေး



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခုက ပေါ်ပြန်ပြီ။ ကိုခင်ဆွေ ရောက်သွားတော့ ငတိုးတစ်ယောက် သူ့အိပ်ရာပေါ်တွင် မျက်လုံးပြူးလျက် သေဆုံးနေတာ တွေ့ရသည်။

ဆေးဆရာဖြင့် ပြင်ပဒဏ်ရာများ ရှိမရှိ သေချာစွာ စစ်ဆေးကြည့်ရှုရာ မည်သည့် ဒဏ်ရာဒဏ်ချက်မှ မတွေ့ဘဲ ထူးဆန်းစွာပင် အသက်ပျောက် နေခြင်းဖြစ်သည်။ အဖွဲ့သားအားလုံး စိတ်၌ သို့လော...သို့လော ဖြစ်နေကြပြီ။

သက်ဆိုင်ရာသို့ တင်ပြပြီး အခါရှာ သုသာန်မှာပင် မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြသည်။ ကိုခင်ဆွေ စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်နေသည်။

တရားခံ မည်သူဖြစ်သည်ကိုလည်း လက်ဆုပ်လက်ကိုင် မပြနိုင်။ ဒါ သွေးရိုးသားရိုးကိစ္စ မဖြစ်နိုင်။ ထူးဆန်းနေသည်မှာ အမှန်ပင်။

ထိုနေ့ ညစာအား မီးဖိုဘေးတွင် ကျော်ကိုထွန်း၊ ရဲဖော်အောင်၊ ကျော်လှ၊ ထွန်းမြင့်တို့လေးဦး ဝိုင်းဖွဲ့စားသောက် နေကြသည်။

ထမင်းစားနေရင်းမှ ရဲဖော်အောင် တစ်ယောက် ကတုန်ကယင် ဖြစ်လာပြီး မျက်လုံးများ နီရဲလာကာ အသံသြကြီးဖြင့် ဟီးဟီးဟားဟား အော်ရယ်ရင်းမှ...

'မင်းတို့က ဝါတို့လင်မယားကို စားထားတာ။ မင်းတို့ကိုလဲ ဝါတို့က ပြန်စားရမှာကွ၊ ဟား...ဟား...ဟီး...ဟီး...ဟီး'

ကျန်လူများ ထမင်းစားနေရင်း မှင်တက်မိနေကြသည်။ ဘာဖြစ်မှန်း မသိ ရဲဖော်အောင်တွင် တစ်ခုခု ဝင်ရောက်ပူးကပ်နေပြီဟု သိလိုက်ကြသည်။

ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေစဉ်မှာပင် ရဲဖော်အောင်တစ်ယောက်



စားနေသော ထမင်းများ အတောင့်လိုက် ပြန်အန်ထွက်လာပြီး ''အု''ဆိုသော အသံတစ်ခုသာထွက်၍ အရုပ်ကြိုးပြတ်လဲကျကာ အသက်ပါ ပါသွားသည်။

ကိုခင်ဆွေ သိလိုက်ပါပြီ။ လိုဏ်ဂူအတွင်း ကျောက်ရေအိုင်မှ ဖမ်းဆီးစားသောက်ခဲ့သော ငါးကြီးနှစ်ကောင်၊ ထိုညက ကုန်းပေါ်သို့ တက်လာသည့် ကြောက်မက်ဖွယ် အကောင်ကြီးနှစ်ကောင်နှင့် တိုက်ရိုက်ပတ်သက်နေပြီ။

ဒီအတိုင်း ဆက်နေ၍ မဖြစ်တော့။ အဖွဲ့ခေါင်းဆောင် ကျော်ကိုထွန်း၊ ကျော်လှနှင့် ထွန်းမြင့်တို့သုံးဦးကို အားချင်း မြို့ပေါ်သို့ ပြန်လွှတ်လိုက်သည်။

တစ်ပတ်ခန့်အကြာတွင် သူတို့သုံးဦးအစား ရောက်ရှိလာသည့် စိုင်းအောင်ဌေးတို့အဖွဲ့က အမင်္ဂလာ သတင်းတစ်ခုကို သယ်ဆောင်လာသည်။

ထွန်းမြင့်နှင့်ကျော်လှတို့ နှစ်ဦး အမည်မသိ ရောဂါများဖြင့် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြပြီဟူ၏။

ကျော်ကိုထွန်း တစ်ယောက်ကတော့ ပယောဂဆရာဖြင့်ပြ၍ လိပ်ပြာချုပ်ထားသော်လည်း နေ့စဉ် ကယောင်ကတမ်းဖြင့် အော်ဟစ်သောင်းကျန်းနေ၍ အရူးတစ်ပိုင်းပမာ ဖြစ်နေသောကြောင့် အလုပ်မှ ထွက်ခွင့်ပေးလိုက်ရပါသည်။

နောက်ပိုင်းကျမှ သိရသည်မှာ အမည်မသိ ထိုငါးကြီးများမှာ ကျောက်ငါးကြင်းကြီးများ ဖြစ်ကြပြီး လျှို့ဝှက်ဆန်းကြယ်သော ဤဂူကြီး အတွင်းမှ အစောင့်လင်မယား ဖြစ်နေပါသည်။

အစားတစ်လုတ် အတွက်ကြောင့် မောင့်မြင့် ဦးဆောင်သည့် တစ်ဖွဲ့လုံး အကောင်းပကတိမှပင် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ကြရသည်။

ကံကောင်းထောက်မစွာပင် ငါးဟင်းချက်စဉ်က ဟင်းဖတ်ကို မစားဘဲ မီးဖိုပေါ်ရှိ ဟင်းအိုးကို အပေါ် အငွေ့ မြည်းစမ်းကြည့်မိသော ကျော်ကိုထွန်း တစ်ယောက်သာ အရူးတစ်ပိုင်းပမာဖြင့် အသက်ရှင် ကျန်ရစ်ခဲ့ပါသော သည်။

ထို့ကြောင့် ကျွန်တော်တို့ ဘိုးဘေးတွေက အမှာစကား ထားရှိခဲ့ဟန်တူပါသည်။ အစားမတော်လျှင် တစ်လုတ် ဟူ၍...

**[လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုက ဖြစ်ပျက်ခဲ့သော လျှို့ဝှက်ဆန်းကြယ် ဖြစ်ရပ်မှန်တစ်ခုအား ကာယကံရှင်များနှင့် ကျေးရွာအမည်များအား ပြောင်းလဲ ရေးဖွဲ့ထားပါသည်။ စာရေးသူ]**

***ထွန်းလင်း(ရေနံမြေ)***



www.burmeseclassic.com

www.burmeseclassic.com

# စေတနာမှန် ကံတရား

### ဓားပြတိုက်၍ရသလား

ဘရပ်–သရာသိန်း
(လပွတ္တာ)

မြို့နှင့်မနီးမဝေး ဒေသရွာတစ်ရွာ ဖြစ်သည်။ ယခင်လှေနှင့် သွားသော ခေတ်တွင် မနက်စောစော သွားလျှင် မြို့ကို နေ့လယ်မှ ရောက်သည်။ အပြန် တွင် မိုးချုပ်မှ ရွာပြန်ရောက်သည်။ ရွာက ရွာကြီးဖြစ်သည်။ အိမ်ခြေ ထောင်ချီရှိသည်။ ရပ်ကွက်သုံးကွက် ရှိသည်။ အမှတ်(၁,၂,၃) ဖြစ်သည်။ (၂)ရပ်ကွက်တွင် သဘော်တံတား ရှိ သည်။

ကိုသိန်းအောင်+ မမြင့်ကြည်တို့ ဆိုင်သည် အမှတ်(၂)ရပ်ကွက် သဘော်ဆိပ်တံတားရင်းတွင် ရှိသည်။ ဆိုင်းဈေးဆိုင်သည် ပစ္စည်းစုံပြီး စက်မလည်အောင် ရောင်းရသည်။ ဆက်ဆံရေးကောင်းသည်။ ဈေးဝယ် သူများအပေါ်တွင် နွေးထွေးစွာ ဆက်ဆံပြောဆိုသည်။ အလေးချိန်ခွင် မှန်ပြီး အခြားဈေးဆိုင်များထက် ဈေး သက်သာသည်။

၎င်းအချက်များက ရွာပေါင်း ဆယ့် ရွာခန့်ရှိသော နယ်တစ်နယ်လုံးမှ သုံးသူများ ဝယ်ယူအားပေးကြ သည်။ ကိုသိန်းအောင်၏ ခံယူချက်မှာ စေတနာမှန်လျှင် ကံကောင်းသည်။ မှန်ကန်ဆိုင်သော ပစ္စည်းဥစ္စာ ခိုင်မြဲ သည်ဟု ယုံကြည်သည်။

သူတို့ လင်မယားနှစ်ယောက်လုံး သည် ဘာသာရေး ယုံကြည်လေးစားမှု စေတနာရက်ရောမှုခြင်း တူညီသည်။ တူညီတာက ကိုသိန်းအောင်သည် အသားမည်း၍ ရုပ်ရည်က ရှက်ကြမ်း ကြမ်းရုပ်မျိုးဖြစ်ပြီး မမြင့်ကြည်သည် အသားဖြူသည်။ ရုပ်ချောသည်။



ဓားပြများ ရဲတာခံနှင့် ဖေါက်ထွင်းသော တံခါး

မကြာခဏ အလှူအတန်း လုပ်သည်။

တစ်နေ့ ရှင်ဥပ္ပဂုတ္တဖောင်ငယ် လှေ တစ်စီး မျောလာသည်။ ရွာမှ လူစုပြီး စက်လှေနှင့် ဆွဲယူ ပူဇော်ကြသည်။ ဖောင်ကသေးသေး ငါးပေပတ်လည် ခန့်သာရှိသည်။

ကိုသိန်းအောင်မှ ဦးဆောင်၍ ကိုတင်ဝင်း၊ ကိုဝင်းကြည်၊ ကိုသန်းညို (ကွယ်လွန်)တို့သည် ဝါးများ လိုက် အလှူခံ၍ ဖောင်တော်ကြီးအဖြစ် ပြန် တည်ကြသည်။

တံတားရင်းတွင်လည်း အလှူခံရုံ ဖွင့်လှစ်၍ အလှူခံသည်။ ကိုသိန်း အောင် ဦးဆောင်သော လေးဦးမှ လည်း လိုအပ်သလို ဖြည့်လှူကြသည်။

နှစ်လခန့်ကြာသည်။ သွပ်မိုးပျဉ်ကာ ဖြင့် ရှင်ဥပ္ပဂုတ္တဖောင်တော်ကြီး ခံ့ညား စွာ ပေါ်ပေါက်လာသည်။ ပတ်ဝန်းကျင် ရွာများမှ လာရောက်ဖူးမြော်ကြသူ မစဲ အောင် စည်ကားသွားသည်။ ဖောင် တော်ကြီးပေါ်တွင် နေ့စဉ် ကျွေးမွေး လှူဒါန်းကြသည့် အလှူရှင်များ မထပ်အောင် ရက်လွှဲပေးရသည်အထိ စည်ကားသည်။

ထိုခေတ်က မြန်မာဆိုရှယ်လစ်လမ်း စဉ် ပါတီခေတ်ဖြစ်သည်။ မြို့မှ ပါတီ ကောင်စီအကြီးအကဲများ ရောက်ရှိလာ ပြီး ရှင်ဥပ္ပဂုတ္တဖောင်တော်ကြီးမှ ဘုရား





www.burmeseclassic.com

www.burmeseclassic.com

ကို ဖူးမြော်ကြည်ညိုပြီး မြို့သို့ ပင့်ဆောင်လိုသဖြင့် ဖောင်မျှောမည့်ရက်ကို မေးသည်။ ရွာမှ ဦးဆောင်သူလေးဦးမှ မျှောမည့်ရက်ကို ရက်ချိန်းပေးလိုက်သည်။

ဖောင်တော်မျှောမည့်ရက်တွင် မြို့မှ စက်လှေများ အတီးအမှုတ်အကများဖြင့် ရွာဆိပ်ကမ်းအထိ လာရောက်ဆွဲယူ ပင့်ဆောင်သွားကြသည်။ ကိုသိန်းအောင်ဦးဆောင်သော လေးဦးနှင့် ရွာသူရွာသားများအားလုံး သူတို့၏ ကြိုးစားအားထုတ်မှုကို ဝမ်းသာပီတိဖြစ်ကြသည်။

သဒ္ဒါတရားသည် လျော့သွားသည် မရှိ ထပ်မံ၍ပင် တဖွားဖွားပေါ်ပေါက်လာသည် ထင်ပါသည်။ သင်္ကြန်ရက်အတွင်း နေ့စဉ် အလှူလှူရန် စိတ်ကူးပေါ်ကြပြန်သည်။

ကိုသိန်းအောင်ဆိုင်နှင့် ကိုတင်ဝင်းဆိုင် နှစ်ဆိုင်သည် မျက်နှာချင်းဆိုင်ဖြစ်သည်။ အလယ်က သင်္ဘောတံတားဆိပ်လမ်း ဖြစ်သည်။ ဆိုင်နှစ်ဆိုင် ထိပ်တိုက် မဏ္ဍပ်ကြီးထိုးသည်။ သင်္ကြန်ရက် အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ငါးရက်တိုင်တိုင် နေ့စဉ် တစ်နေ့တစ်မျိုး ကျွေးမွေးလှူဒါန်းကြသည်။

ကုန်ကျမှုအားလုံး လေးဦး မျှခံကြသည်။ လေးဦးလုံးသည် တံတားလမ်းမှ ဈေးဆိုင်ပိုင်ရှင်များ ဖြစ်ကြသည်။ သင်္ကြန်လွန်သွားသော် မကျေနပ်မတင်းတိမ်ကြသေး။ အသက် ခုနစ်ဆယ်နှင့်အထက် သက်ကြီးများ စာရင်းကောက်ပြီး သက်ကြီးပူဇော်ပွဲ ထပ်မံကျင်းပကြသည်။ ယင်းနှစ်မှစ၍ နှစ်စဉ် သက်ကြီးပူဇော်ပွဲဆက်လက် ကျင်းပကြသည်။



ဓားပြများ အရိုက်ခံရသော ကိုတင်ဝင်း

## ဓားပြတိုက်ရန် ကြံစည်ခြင်း

ကိုသိန်းအောင်သည် ညနေ(၆) နာရီတွင် ဆိုင်ပိတ်သည်။ ပြီးနောက် သင်္ဘောတံတားတွင် ဦးကံအေး (ရပက)ရပ်ကွက် ပြည်သူ့ကောင်စီအတွင်းရေးမှူး(ကွယ်လွန်)နှင့် စကားပြောနေကြသည်။ တံတားတွင် ထိုင်ရန် နောက်မှီ တန်းလျားခင်းထားသည်။ အချိန်က ည(၇)နာရီခန့်ရှိပြီဖြစ်သည်။

တံတားတွင် လှေတစ်စင်းထိုးစိုက်လာပြီး လူနှစ်ယောက် သုတ်သုတ်ပျာပျာနှင့် တံတားပေါ်တက်လာသည်။ ရွာသား စံပဲနှင့် မြအေးတို့ဖြစ်သည်။ ဦးကံအေးနှင့် ကိုသိန်းအောင်တို့ကို တံတားတွင် ထိုင်နေတာကို မြင်သွားသည်။

'ဟာ အတော်ပဲ ဟိုရှေ့က ချောင်းကွေ့နားမှာ လူငါးယောက်နဲ့ လှေတစ်စီး တွေ့တယ်၊ လူတွေများနေလို့ ဘယ်သွားကြမှာလဲ မေးတော့ ဘာမှ ပြန်မပြောကြဘူး။ ရွာဘက်ကို လာနေရင်းနဲ့ ချက်ချင်း ပြန်လှည့်သွားတယ်။ သူတို့က ငါးယောက်ဆိုတော့ ကျွန်တော်တို့နှစ်ယောက် ဆက်မမေးရဲလို့ ပြန်ဝင်လာတာ ဒီကောင်တွေကို ကျွန်[illegible] မယုံကြဘူး'

ဦးကံအေးကို ရှင်းပြနေသော [illegible] သည် ဆယ်အိမ်မှူးတာဝန် ယူ[illegible] သူဖြစ်သည်။ ဦးကံအေးသည် [illegible] အိမ်မှူးပြောသည်ကို အလေးအ[illegible] ထားပုံရသည်။ ချက်ချင်းလှု[illegible] သည်။ ပြည်သူ့စစ်အဖွဲ့ဝင်များ [illegible] ခိုင်းလိုက်သည်။

နာရီဝက်ခန့်အကြာတွင် လူ[illegible] ယောက်စုခေါ်လာသည်။ လက်န[illegible] သားရေခွ(ခေါ်) လေးခွများ[illegible] သည်။ ဆိပ်ကမ်းတံတားတွင် ဝ[illegible] ရန် ရောက်နေသော ကြာက[illegible] ကိုဘိုချွန်စက်လှေကို ခေ[illegible] စက်လှေဖြင့် လူငါးယောက်[illegible] လှေအား ထွက်ရှာကြသည်။ [illegible] လိုက်တော့။

နောက်ပိုင်းမှ သိရသည်မှာ [illegible] အောင်ဆိုင်အား ဓားပြတိုက်ရ[illegible] ခြင်းဖြစ်ကြောင်း ရွာမှလူ[illegible] ထွက်လိုက်သဖြင့် မတိုက်[illegible] ကြောင်းသိရသည်။ ယင်းည [illegible]





www.burmeseclassic.com

www.burmeseclassic.com



◆ ဓားပြများတက်လာသော သင်္ဘောတံတားဆိပ်

ဓားပြအဖွဲ့သည် ချောင်းကြီးရွာစပ်က ကိုချက်ကလေးဆိုင်အား ဝင်ရောက်တိုက်ခိုက်သွားကြောင်း သိရသည်။ ကံ တရား၏ အကျိုးပေးဖြစ်မည်ထင်သည်။

## ဒုတိယအကြိမ် ဓားပြတိုက်ရန် ကြံကြခြင်း

ဓားပြအဖွဲ့၏ ခေါင်းဆောင်မှာ ထွန်း ဖြစ်သည်။ သူသည် နယ်ခံသူ ဖြစ်သဖြင့် ဘယ်သူ့ကိုတိုက်လျှင် ဘယ်လောက်ရမည်ကို သိသည်။ ထွန်းတစ်ယောက် ရွာမှ ပျောက်သွား ရာမှ ပြန်ရောက်လာကြောင်း၊ ယနေ့ ည ဓားပြတိုက်ရန် အကြံရှိကြောင်း တစ်ယောက်မှတစ်ယောက် သူနှင့် နီးစပ်သူများထံမှ သတင်းရသည်။

ကျေးရွာတာဝန်ရှိသူများမှ စက်လှေ ဖြင့် မြို့တက်ပြီး ရဲစခန်းကို အကြောင်း ကြားသည်။ ရဲစခန်းမှ ရဲသုံးယောက် ထည့်ပေးလိုက်သည်။ ရဲနှင့်အတူ ရွာရှိ ပြည်သူ့စစ်၊ ဦးကံအေး(ရပက) အပါ အဝင် ရပ်ကွက်တာဝန် ရှိသူများ ပါသည်။

ဓားပြငထွန်းနှင့် နီးစပ်သူများအား စစ်ဆေးလိုက်ရာ အဖြစ်မှန်ပေါ်တော့ သည်။ ဓားပြငထွန်းသည် ယခုရွာ နှစ်ရွာကြား ကောက်ရိုးပုံတွင် ပုန်း အောင်းလျက် ကျန်ဓားပြအဖွဲ့ဝင်များ ကို စောင့်နေကြောင်းသိရသည်။

ညရှစ်နာရီကျော်တွင် ရဲတပ်ဖွဲ့ဝင် သုံးယောက်နှင့်အတူ ပြည်သူ့စစ်နှင့် ရပက အပါအဝင် လူပေါင်းဆယ့်ငါး ယောက်ခန့်သည် ငထွန်းပုန်းအောင်း နေသည်ဆိုသော ကောက်ရိုးပုံအနီးသို့ တိတ်တဆိတ် ချဉ်းကပ်လျက် လူအား ဖြင့် ဝိုင်းလိုက်ကြသည်။

လူအရိပ်အယောင် မမြင်ရသေး။ ညကလည်း ပိန်းပိတ်အောင် မှောင်နေ သည်။ ဝိုင်းထားသော လူအုပ်များ သည် ကောက်ရိုးပုံအနီးသို့ တဖြည်း ဖြည်းတိုးရင်း ရဲတစ်ယောက်မှ သေနတ် တစ်ချက် ပစ်ဖောက်လိုက် သည်။

'ဒိုင်း'

'ဟေ့ငထွန်း လက်မြှောက်ပြီးထွက်လာခဲ့ မင်းကို တို့ရဲတွေ ဝိုင်းထားပြီ မင်းထွက် မလာရင် အသေပစ်ဖမ်းရလိမ့်မယ်'

သေနတ်ပစ်ဖောက်သံနှင့် အမိန့် ပေးသံတို့ စည်းဝါးညီလှသည်။ ကောက်ရိုးပုံထိပ်အား လက်နှိပ်ဓာတ်မီး များဖြင့် ဝိုင်းထိုးထားသည်။ ''မပစ်ပါနဲ့ အဖမ်းခံပါ့မယ်'' တောင်းပန်လျက် ဓားပြငထွန်း လက်မြှောက်၍ ကောက် ရိုးပုံပေါ်မှ ဆင်းလာသည်။ ရဲများက လျှင်သည်။ ချက်ချင်းလက်ထိပ် ခတ် ဖမ်းချုပ်လိုက်သည်။ ရဲတစ်ယောက်မှ ငထွန်း၏ ခါးမှ သေနတ်အား ဆွဲယူ သိမ်းဆည်းလိုက်သည်။

သူ့အား စစ်ဆေးရာတွင် ယနေ့ ည ကိုးနာရီတွင် ကျောက်တန်းလေး မှ အဖွဲ့ဝင်သုံးယောက်ကို ဤနေရာသို့ ချိန်းထားကြောင်း၊ သူတို့ရောက်လျှင် ရွာရှိ ကိုသိန်းအောင်ဆိုင်အား ဓားပြ တိုက်ပြီး ဆိုင်ရှိကုန်များ အထည်များ၊ လူသုံးကုန်ပစ္စည်းအားလုံး သူ့စက်လှေ နှင့်တင်၍ အနောက်ဘက်သို့ လှည့် ထွက်ကြရန် စီစဉ်ထားကြောင်း ဖွင့် ပြောသည်။

ယခင်တစ်ပတ်ကလည်း လူအုပ်နှင့် ထွက်လိုက်သဖြင့် မတိုက်ဖြစ်ခဲ့ ကြောင်း၊ ကိုသိန်းအောင်ဆိုင်နောက် ဘေးတံတားတွင် သူပိုင်စက်လှေ ဆိုက်ကပ်ထားသည်။ စက်လှေပေါ် တွင် စပါးကြိတ်လာသဖြင့် ဆန်များ ပါရှိသည်။ အကြံပိုင်လှသည်။

သို့သော် ကံကြမ္မာကား မကောင်း ကြံ၍ မရနိုင်။ ကြံစည်သူသာ ပျက်စီး ခဲ့ကြရသည်။ ငထွန်းသည် လက်နက်မှု၊ ဓားပြတိုက်ရန် ကြံစည်မှု ဖြင့် ထောင်ကျသွားသည်။

## သုံးကြိမ်တွင် ဓားပြတိုက်ပြီ

၁၉၈၈ ခုနှစ်၊ ဧပြီလဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုသိန်းအောင်သည် ကုန်စုံဆိုင် လုပ်ငန်းအပြင် ဆားလုပ်ငန်းလည်း လုပ်ကိုင်သည်။ မနက်ပိုင်း ဆားဖိုသို့ သွားသည်။ ဆိုင်မှ ဆားဖိုသို့ တစ်နာရီ ကျော် သွားရသည်။ ဆားဖိုတွင် ကိုယ်စားလှယ်နှင့် ဆားရေကိုင်များက စီမံအုပ်ချုပ်သည်။ ဆားလုပ်သားများ ရှိသည်။ တစ်ဦးလျှင် အိမ်တစ်လုံးဖြင့် ထားပေးသည်။

အဝယ်တော် ပွဲစား ကိုအောင်သွင် လာမည်ဆိုသဖြင့် စောင့်နေသည်။ ယနေ့ည ဆားဖိုတွင် အိပ်မည်ဟု ပြောထားသည်။ ညနေလေးနာရီတွင် ကိုသိန်းအောင်တစ်ယောက် စိတ်များ လေးလာသည်။ အိမ်ပြန်ချင်လာသည်။ ကိုယ်စားလှယ်ကိုစိုးသိန်း ယခု (ကွယ်လွန်)အား ပြန်တော့မည် ပြောပြီး ပြန်လာခဲ့သည်။ ကံတရား၏ လှုံ့ဆော်မှုဟု ထင်သည်။

ကိုသိန်းအောင် ဆိုင်ပြန်ရောက်သည်။ ခေတ္တနားသည့် ခြောက်နာရီ ဆိုင်ပိတ်သည်။ နေ့စဉ် ပုံမှန်ပိတ်သည်။ ကိုသိန်းအောင်နောက်ဘေး ရေစင်တွင် ရေချိုးနေသည်။ ထိုစဉ် ဆိုင်ရှေ့ သဘော်တံတားသို့ စက်လှေတစ်စီး လာဆိုက်သည်။ လူခြောက်ယောက် ပါသည်။ ဓားပြစက်လှေမှန်း ဘယ်သူမှမသိ။

တံတားပေါ်တွင် အိုးဘိုရွာပြန်မည့် ကိုညိုမောင်တို့အုပ်စု လူခုနစ်ယောက် စက်လှေကြို ထိုင်စောင့်နေကြသည်။ ယခုလက်ရှိအချိန်တွင် ဓားပြအဖွဲ့များ အလုပ်စရန် မလွယ်ဖြစ်သွားသည်။

သူတို့အစီအစဉ် ပြောင်းလိုက်သည်။ စက်လှေပေါ်မှ လူတစ်ယောက် တံတားပေါ် ခုန်တက်လာပြီး ကိုသိန်းအောင်ဆိုင်သို့သွားပြီး တံခါးခေါက်



ကိုသိန်းအောင်တို့ မိသားစုထွက်ပြေးခဲ့သော ဦးစီးပိုင်ရုံးပေါက်

သည်။ ကိုသိန်းအောင်ဇနီး မမြင့်ကြည်မှ တံခါးတစ်ရွက် ဖွင့်လိုက်သည်။

စက်လှေမှ တတ်လာသူက ဒီဇယ်ဈေး မေးသည်။ မမြင့်ကြည်မှ ဒီဇယ်ဈေး ပြောလိုက်သည်။ ထိုသူက ကျွန်တော်တို့ ပြန်တက်လာမှ ဝယ်မယ် ပြောပြီး ပြန်ထွက်သွားသည်။ ထိုစက်လှေမှ ကိုညိုမောင်တို့အုပ်စု ခုနစ်ယောက်အား မော်တော်ကြို တင်ခေါ်သွားသည်။

သူတို့ စက်လှေတက်လာလျှင် ကျွန်တော်တို့ ညနေက ဒီဇယ်ဈေး မေးသွားတဲ့ စက်လှေကပါ ဒီဇယ်ဝယ်ဖို့ ပြောထားပါတယ် ပြောမည်။ ဒီဇယ်ရောင်းရန် တံခါးဖွင့်လိုက်လျှင် တစ်ဆိုင်လုံး အပိုင်စီးပြီး ဓားပြတိုက်ရန် အကွက်ဖန်သွားခြင်းဖြစ်သည်။

ကံကြမ္မာကား အလွန်ဆန်းကြယ်လှသည်။ တမင်လူက ဖန်တီးသည်ထက် အံ့သြစရာဖြစ်သည်။ ကိုသိန်းအောင်သည် ငါးရက်တစ်ကြိမ် ဆားဖိုသို့ သွားသည်။ မနက်စောစော ... သွား၍ ညနေပြန်ရောက်သ... ပင်ပန်းသည်။ ထိုရက်များတွင် ကို... အောင်သည် ကိုးနာရီတွင် အိပ်... ဖြစ်သည်။

ယခင်ရက်များကဲ့သို့ အိပ်... ကံကြမ္မာသည် တစ်မျိုးတစ်ဖုံ ... လဲသွားနိုင်သည်။ ယနေ့ည ကို... တွင် မအိပ်နိုင်သေး၊ လင်... နှစ်ယောက် စာရင်းများ ရေး... ပစ္စည်းများ ရှင်းသူရှင်း လုပ်... သည်။ ညဆယ်နာရီတွင် ပွဲထော်... လှေ ပြန်မောင်းလာသံ ကြား... တံတားတွင် ဝင်ကပ်သည်။ ... တိုက်မည့်သူများ တံတားပေါ်... လာကြသည်။

ကိုသိန်းအောင်ဆိုင်နှင့် ကို... ဆိုင်တို့မှာ မျက်နှာချင်းဆိုင်တည်... ဖြစ်သည်။ တစ်ဆိုင်နှင့်တစ်ဆိုင် ... နှစ်ဆယ်သာ ကွာသည်။ ... အံ့သြဖွယ်ကောင်းလှသည်။ ...



www.burmeseclassic.com

www.burmeseclassic.com



◆ ကိုအေးမြင့် သေနတ်မှန်သော လမ်းကြား

ခုနစ်နာရီပိတ်နေကျ ကိုတင်ဝင်းဆိုင်မှာ ယနေ့ညမှာတော့ ဆယ်နာရီကျော်နေပြီ မပိတ်သေး၊ ဆိုင်ဖွင့်ပြီး မြို့ကိုတက်မည့် ဧည့်သည့်နှင့် စကားထိုင်ပြောနေကြသည်။

ဓားပြများသည် ကိုသိန်းအောင်ဆိုင်ကို ဝင်စီးရန် ပုံစံချ စီစဉ်ထားသော်လည်း ကိုတင်ဝင်းဆိုင်အား ဝင်၍ဓားပြတိုက်ပြီး လူအားလုံးချုပ်ထားရန် အစီအစဉ် ပြောင်းသွားသည်။

ကိုတင်ဝင်းဆိုင်အား ဓားပြများဝင်စီးပြီး ဧည့်သည်နှင့် အိမ်သားများအား ကြိုးချည်၍ ဝမ်းလျားမှောက်ခိုင်းထားသည်။ ကိုတင်ဝင်းအား ဓားပြတစ်ယောက်မှ တဖောင်းဖောင်းဖြင့် ရိုက်သည်။ ကိုတင်ဝင်းမှ တောင်းပန်သည့်မရ။ ထပ်ရိုက်သည်။ အမျိုးမျိုးနှိပ်စက်သည်။

ဓားပြတစ်ယောက် လက်နာသည်ဆိုပြီး နောက်တစ်ယောက် လဲရိုက်သည်။ ကိုတင်ဝင်းမှာ ဈေးဆိုင်ဖြစ်ရုံသာ တင်ရောင်းသူဖြစ်သည်။ ကိုသိန်းအောင်ကဲ့သို့ ဆိုင်ကြီးမဟုတ်။ ကိုသိန်းအောင် တံခါးမှ ချောင်းကြည့်၍ သိလိုက်ပြီဖြစ်သည်။

မမြင့်ကြည်မှ မွေးကင်းစ သမီးလေးတစ်ယောက်ကို ပွေ့ချီ၍ ကိုသိန်းအောင်မှာ ကျန်ကလေးသုံးယောက်ကို လက်ဆွဲကာ နောက်ဖေး ဗွီဒီယိုရုံတံခါးမှ အမြန်ထွက်သည်။

အပြင်ရောက်လျှင် လူ စုံမစုံ စစ်ပြီး ကလေးများနှင့် မမြင့်ကြည်အား လွှတ်ရာသို့ လွှတ်လိုက်သည်။ ကိုသိန်းအောင်မှ အိမ်အတွင်း ပြန်ဝင်ပြီး လက်ဝတ်လက်စား ရွှေထည်များ၊ အပေါင်ခံထားသော ရွှေထည်များအား လက်ဆွဲအိတ်နှင့် ထည့်ကာ ပြန်ထွက်ခဲ့သည်။

ကိုသိန်းအောင် စိတ်အကြံတစ်ခုရသည်။ လူအများကို အသိပေးဝိုင်းအော်လျှင် ကိုတင်ဝင်းတစ်ဆိုင်သာ ခံရမည်။ မိမိဆိုင် လွတ်သွားနိုင်သည်။ အတွေးဝင်ကာ ပထမဦးဆုံး ကိုသက်ကိုနှိုးပြီး ကိုတင်ဝင်းအိမ် လွှတ်လိုက်သည်။

နောက်အလုံးကြီးခေါ် ကိုအေးမြင့်ကို ဝင်နှိုးသည်။ ကိုအေးမြင့်သည် ကိုတင်ဝင်းနှင့် မယားညီအစ်ကို ဖြစ်သည်။ ကိုအေးမြင့် ထွက်လာသည်။

'ကိုတင်ဝင်းအိမ် ဓားပြတိုက်နေတယ် ဂျင်ကလိတွေနဲ့ ဝိုင်းပစ်ကြဟေ့'

ကိုသိန်းအောင် အော်သလို အခြားသူများလည်း ထွက်လာပြီး ဝိုင်းအော်ကြသည်။

'ဒိုင်း ဒိုင်း'

ကိုသိန်းအောင်ရှေ့မှ မတ်တတ်ရပ်နေသော ကိုအေးမြင့် ခြေထောက်ကို မှန်သွားသည်။ နောက်တစ်ချက် ကိုသိန်းအောင် ဦးခေါင်းပေါ်မှ ''ရှိုး'' ဟု ကြားလိုက်ရသည်။ ကိုသိန်းအောင် အော်ရင်း တစ်အိမ်ပြီး တစ်အိမ် လိုက်၍ ဝိုင်းအော်ကြရန် အကူအညီတောင်းလိုက်သည်။

'လုပ်သေနတ်ကြီးဟေ့... ဘာမှ မကြောက်နဲ့၊ မင်းတို့မှာရှိတဲ့ ဂျင်ကလိတွေနဲ့ ဝိုင်းပစ်ကြဟေ့' (ဂျင်ကလိဆိုသည်မှာ သံချောင်းအချွန်တွင် အထစ်လုပ်၍ လေးခွနှင့် ဆွဲပစ်ရသည်။)

ကိုသန်းရွှေဆိုသူသည် ပုဆိုးခါးတောင်းကျိုက်လျက် ခြံတိုင်ထိပ်တက်လျက် ညာသံပေး အော်သည်။

'ဒိုင်း ဒိုင်း ဒိုင်း'

သေနတ်ကျည်ဆန်သည် ညာသံပေး အော်နေသော ကိုသန်းရွှေဘေးနားတွင်ရှိသော အုန်းလက်အား ဝင်မှန်ရာ ဖျောင်းဆို ကျိုးပြတ်ကြသွားရာ ကိုသန်းရွှေလည်း ခြံတိုင်ပေါ်မှ ဗုန်းဆို လန့်ပြီး ပြုတ်ကျသွားသည်။

ဓားပြများသည် ဝိုင်းထားသော ရွာသားများအား သေနတ်နှင့် ကာပစ်လျက် ကိုသိန်းအောင်ဆိုင်အား ရဲတင်း

www.burmeseclassic.com



ကိုသိန်းအောင်ဆိုင်(ဝဲ)နှင့်
ကိုတင်ဝင်းဆိုင်(ယာ)မျက်နှာချင်းဆိုင်

နှင့် ပေါက်ဖွင့်သည်။ မွှေနှောက် ရှာဖွေသည်။ သေနတ်သံများကလည်း ဓားပြတိုက်သည်နှင့်မတူ တိုက်ပွဲ တိုက်နေသလား အောက်မေ့ရသည်။ သေနတ် (၁၇)ချက် ပစ်ဖောက်သည်။

သူတို့အနားသို့ ဝိုင်းအော်နေသော လူအုပ်မကပ်နိုင်ရန် ဖြစ်သည်။ ကိုသိန်းအောင်ဆိုင်မှ အထည် အနည်းငယ်သာ ယူဆောင်၍ ဓားပြအဖွဲ့များ ပြန်ထွက်သွားကြသည်။ ဝိုင်းထားသော လူအုပ်တောင့်သဖြင့် အမြန် ပြန်ထွက်သွားကြသည်။ မည်မည်ရရ ရမသွားကြ။

ကိုအေးမြင့် ခြေထောက် သေနတ်မှန်သဖြင့် ဆေးရုံတက်ရသည်။ ကိုတင်ဝင်းလည်း အရိုက်ခံရသည့် ဒဏ်ကြောင့် ဆေးရုံတက်ရသည်။

'ကိုသိန်းအောင်အစား ကျုပ်က ခံပေးရတာပါဗျာ'

ကိုတင်ဝင်းမှ ညည်းတွား ပြောရာသည်။ သူ ခံမပေးလျှင် ကိုသိန်းအောင်နှင့်ဇနီးတို့ ကံကြမ္မာမှ ပိုဆိုးနိုင်သည်။ ကိုသိန်းအောင်ဇနီးမှာ ကလေးမွေးကင်းစလေးနှင့်ဖြစ်သည်။ ဤပုံစံ ဖန်တီးယူ၍ မရနိုင်။ ကုသိုလ်ကံကြမ္မာကား မယုံနိုင်လောက်အောင် ဆန်းကြယ်သည်။

ကိုသိန်းအောင်နှင့်မိသားစုမှာ လူအချင်းချင်း နှိပ်စက်ခြင်းမှ ကင်းလွတ်ခဲ့ရသလို ပစ္စည်းဥစ္စာများအား အနိုင်ကျင့်လုယူခြင်းမှလည်း လွတ်မြောက်ခဲ့ရသည်။ ကံကြမ္မာကား အကွက်စေ့လှသည်။ သုံးကြိမ် လွတ်မြောက်ခြင်းဖြစ်သည်။

ကိုသိန်းအောင်သည် အိပ်ရာဝင်တိုင်း ပတ်ဝန်းကျင်အား မေတ္တာပို့ခြင်း၊ မေတ္တာဖြန့်ခြင်း ပြုလုပ်ပြီးမှ ဘုရားရှိခိုးသည်ဆို၏။ ဝတ်ပြုအပြီးတွင် အောက်ပါဂါထာကို နေ့စဉ် ရွတ်ဆိုပြီးမှ အမျှဝေသည်ဆို၏။

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ [(၉)ခေါက်]

ဗိတံမေ ဟောတု [(၉)ခေါက်]

ကမ္မေ သမ္ဘူ [(၉)ခေါက်]

ဗိတံမေ ဟောတု အနက်အဓိပ္ပါယ်

**မေ**–အကျွန်ုပ်အား၊ **ဗိတံ**–အောင်ခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

ကမ္မေ သမ္ဘူ၏ အနက်အဓိပ္ပါယ်

**ကမ္မေ**–ကံ၌၊ **သမ္ဘူ**–ကောင်းစွာဖြစ်၏။

[**မှတ်ချက်**။ ။ ရွတ်ဆိုသူများ ပါဠိစာလုံးများ၏ အနက်အဓိပ္ပါယ်များကို သိနိုင်ရန် ပါဠိအဃိဒိတာကြီးမှ တတ်နိုင်သမျှ ပြန်ဆို ဖော်ပြအပ်ပါသည်။]

*ဦးကျော်မိုးသိန်း*

*စာတည်းချုပ်*

နံနက်,ည တစ်နေ့နှစ်ကြိမ် ရွတ်ဆိုပူဇော်သည်ဆို၏။

ကိုသိန်းအောင် ယနေ့ထိ ဘာသာရေး၊ သာသနာရေးများကို သယ်ပိုးရွက်ဆောင်လျက်ရှိပါသည်။ မခြိမ်းကြည်သည် ဓားပြများရောက်လာစဉ်က သူ့ရင်ခွင်တွင် ပွေ့ချီပြီးပြေးခဲ့သည့် ချစ်လှစွာသော အငယ်ဆုံးမီးလေးနှင့် မိသားစုအား ရာသက်ပန် ခွဲခွာသွားခဲ့ပြီ ဖြစ်သည်။

ရွာက ပျဉ်ထောင်တွင်းရွာဖြစ်သည်။ မြို့က လပွတ္တာမြို့ ဖြစ်သည်။ ယနေ့ နာဂစ်မုန်တိုင်းအလွန်တွင် ကားလမ်း ပေါက်သွားပြီဖြစ်သဖြင့် လပွတ္တာမှ ပျဉ်ထောင်တွင်းရွာသို့ မိနစ် နှစ်ဆယ်သာ သွားရသည်။

**အရေး–ဆရာသိန်း**
**(လပွတ္တာ)**



www.burmeseclassic.com

www.burmeseclassic.com

# စောရခြေထောက်

နယ်ရှည်စာသမားတစ်ဦး



'မော်တော်က (၆)နာရီမှ ထွက်မှာ၊ လက်ဖက်ရည်သောက်ရင်း စောင့်ကြရအောင် ဆရာ'

တစ်ကိုယ်တော်စာသမားတို့အတွက် "မြိန်ရာဟင်းကောင်း ခင်ရာဆွေမျိုး" ဟူသော ဆိုရိုးကိုသာ အဖော်ပြုရလေရာ ယခုတစ်ခေါက် အထက်မင်းလှခရီးတွင် နံဘေးထိုင်ခုံမှ ခရီးဖော် မောင်ထွန်းလင်းအောင်နှင့် မိတ်ဖွဲ့ခင်မင်မိရာမှ သူနေထိုင်ရာ သာစည်ရွာကလေးသို့ အလည်အပတ်လိုက်ပါခဲ့သည်။

သာစည်ရွာသည် မင်းလှမြို့တစ်ဖက်ကမ်းတွင်ရှိ၍ ကူးတို့မော်တော်ကလေးဖြင့် (၁၀)မိနစ်မျှသာ ခုတ်မောင်းရသည်ဆို၏။

မော်တော်ဘုတ် မထွက်မီ အချိန်ရသေးသဖြင့် လက်ဖက်ရည်သောက်ကြရာ သူနှင့် အရွယ်တူ လူငယ်တစ်ဦးလည်း လိုက်ပါလာသည်။

ရင်းနှီးစွာ ပြောဆိုကြပုံအရ တစ်ရွာတည်းနေ ငယ်သူငယ်ချင်းများ ဖြစ်ကြောင်း ခန့်မှန်းရသည်။ **ထိုသူငယ်၏ လက်ဝဲခြေညှိုးမှာ ထူးခြား ကြီးမားနေသည်ကို သတိပြုမိသည်။ ခြေမထက် သုံးဆမျှ ကြီးမားနေသည်။**

လက်ဖက်ရည် သောက်ပြီးသောအခါ ထိုသူငယ်က လက်ဖက်ရည်ဖိုးကို ဦးအောင် ရှင်းပေးသည်။ မောင်ထွန်းလင်းအောင်က...

'ဒီဆရာကြီးက ငါ့ဧည့်သည်၊ ငါတို့ ရွာ့နယ်ကို လေ့လာစေချင်လို့ ဖိတ်ခေါ်ထားတာ၊ မင်း ဘာမှ မပြောနဲ့တော့'

ဟု ယတိပြတ် တားမြစ်လေမှ ပိုက်ဆံကို သူ့အိတ်တွင်း ပြန်ထည့်လိုက်သည်။

ထို့နောက် မော်တော်ဆိပ်သို့ ပြန်လာကြ၍ မကြာမီ မော်တော် ကမ်းကပ်လာသည်။ သာစည်ရွာမှ ဈေးရောင်းဈေးဝယ်သူများ လိုက်ပါလာကြသည်။

လူငယ်နှစ်ဦးက သက်ကြီးများ၏ ဝန်စည်စလယ်များကို ကူညီ သယ်ဆောင်ပေးကြသည်။ နွေနှောင်းကာလမြစ်ရေကျချိန်ဖြစ်ရာ နက်စောက်သော ကမ်းပါးကို တက်ဆင်းရသဖြင့် အလေးအပင်များကို ကူညီ သယ်ဆောင်ပေးလေ့ရှိသည်မှာ ရိုးပင်းတတ်သော ရွာဓလေ့ဖြစ်သည်။

မော်တော်ဘုတ်ပေါ်တွင် နေရာယူပြီးသောအခါ မောင်ထွန်းလင်းအောင်က တီးတိုးပြောပြသည်။

'ဒီကောင့်ခြေထောက်ကို သတိထားမိသလား၊ အဲဒါ မွေးရာပါပဲ'

'အင်း... ခြေချောင်းကလေး တစ်ချောင်းချောင်းက ထူးထူးခြားခြား ကြီးမားနေရင် "စောရခြေထောက်"လို့ ဆိုကြတာပဲ။ သူကကော ဘယ်လိုလဲ'

'ဟုတ်တယ်ဗျာ၊ သူဝင်ခိုးရင် ဘယ်သူမှ မတွေ့သလို ဘယ်တော့မှလဲ ဖမ်းမိတာ မရှိဘူး။ သူက အိမ်တစ်အိမ်ကို ဝင်ရင် လူခြေတိတ်ချိန်၊ အိမ်မှာ လူမရှိတဲ့အချိန်မှာ ဝင်တာမဟုတ်ဘူး၊ နေ့ခင်းကြောင်တောင်လဲ ဝင်ချင်ရင် ဝင်တာပဲ'

'စိတ်ဝင်စားစရာပဲ ပြောပါဦး'

'အဖော်တစ်ယောက် ခေါ်သွားတယ်၊ အိမ်နားရောက်ရင် အုတ်ကျိုးပိုင်းဖြစ်စေ၊ အနေတော် ခဲတစ်လုံးဖြစ်စေ ကောက်ပြီး နောက်ပြန်ပစ်လိုက်တယ်။ အဲဒီခဲက အိမ်နံရံတို့၊ အိမ်ခေါင်မိုးတို့ကို ထိပြီး အဖော်ဖြစ်သူက အသံကြားတယ်။

သူက မကြားရဘူးဆိုရင် ဝင်တော့တာပဲ။ လှေကားက အဝင်တံခါးမကြီး သာမန် အတိုင်း ဝင်သွားတာပဲ။ အိမ်ပေါ်၊ အိမ်နံဘေး မှာ ရှိနေတဲ့ ဘယ်သူမှ သူ့ကို မမြင်ကြရဘူး။ လိုချင်တဲ့ပစ္စည်းကိုယူပြီး ဆင်းလာရုံပဲ။

တစ်ခါတလေ အခြေအနေကို ရိပ်မိလို့ ဝိုင်းဖမ်းကြရင် အသာကလေး ငြိမ်နေတယ်။ အဲဒီအခါ ထူးခြားတဲ့ (ကြီးမားတဲ့)ခြေညှိုးက လှုပ်လှုပ်ရွရွ ဖြစ်လာပြီး သံလိုက်အိမ်မြှောင်လိုပဲ အရပ်ထောင့်တစ်နေရာကို ညွှန်ပြတယ်။

အဲဒီလမ်းအတိုင်း သွားရင် လွတ်



www.burmeseclassic.com

www.burmeseclassic.com

တာချည်းပဲ။ ခြေညှိုးက မလှုပ်ဘဲ ငြိမ်နေရင်တော့ လူကလဲ အဲဒီနေရာမှာပဲ ငြိမ်နေရတယ်။ အခွင့်သာတော့မှ လှုပ်ရှား ညွှန်ပြတဲ့ နေရာအတိုင်း ထွက်ပြေးရတယ်'

'သူ့ပုံစံကြည့်ရတာ သမ္မာအာဇီဝ လုပ်ငန်းနဲ့ အေးအေးချမ်းချမ်းနေမယ့် ပုံပဲ'

'အမြဲတမ်း ခိုးဆိုးနေတာတော့ မဟုတ်ပါဘူး။ အင်မတန် အခက်အခဲဖြစ်တဲ့အခါ ဝိသမလောဘနဲ့ ချမ်းသာနေတဲ့သူတွေဆီက ရိက္ခာထောက် သဘော ခိုးယူတာပါ။

လောင်းကစားမှုနဲ့ ကြီးပွားနေသူတွေ၊ ငွေတိုးချပြီး ချမ်းသာသူတွေ၊ လာဘ်စားပြီး မာနထောင်လွှားနေတဲ့ အရာရှိကြီးတွေဆီက ခိုးယူတာပါ။ စန်းလဲ အင်မတန် ပွင့်တယ်'

ထိုသူငယ်သည် ထူးခြားသော အတိတ်က အကျိုးကြောင့် ဤကဲ့သို့သော ဘဝအခြေအနေကို ပိုင်ဆိုင် လှုပ်ရှားနေရသည်ဟု ယူဆရ၏။


သူ၏ဘဝ တစေ့တစောင်းကို စိတ်ဝင်စားမိသော်လည်း လူမှုရေးအရ ဓာတ်ပုံရိုက်ကူးခြင်း၊ စူးစမ်း မေးမြန်းခြင်းများ မပြုခဲ့ပါ။

သူ့ဝန်တာကို လွယ်ကူစွာ ထမ်းဆောင်နိုင်ပါစေဟုသာ မေတ္တာပို့သလျက်...

**ပန်ကြားအပ်ပါသည်...**

**[မြန်မာ့ရေမြေရှိ ထူးခြား ဖြစ်စဉ်တစ်ရပ်အဖြစ် တင်ပြလိုက်ရပါသည်။ ဤဖြစ်ရပ်မျိုးနှင့် ဆင်တူသော ဖြစ်ရပ်မျိုးများရှိပါက အကျယ်တဝင့် သိရှိသူများက ဖော်ထုတ်ပေးစေလိုပါသည်။]**

**နယ်လှည့်စာသမားတစ်ဦး**



# ဝမ်းကိုက်ရောဂါအတွက်ဆေး

စာရေးသူသည် ညနေဘက်တွင် သင်္ဘောသီးဟင်းဖြင့် ထမင်းမြိန်ခဲ့ပါသည်။ နံနက် မိုးမလင်းမီ ဝမ်းမှာ ရစ်၍နာကာ အိမ်သာသို့ (၄)ခါ တက်ခဲ့ရပါသည်။ ရွာမှ ကျန်းမာရေးဆရာမထံ ဆေးဝယ်သောက်မှ ပျောက်ခဲ့ရသည်။

ထိုအကြောင်းကို စာရေးသူ၏ အစ်မကြီးအား ပြောပြရာ...

'အဲဒါ သင်္ဘောသီးက ဝမ်းအေးလို့ပေါ့ညီမရဲ့၊ ရစ်ပြီး နာတယ်ဆိုတော့ ဝမ်းကိုက်တဲ့ လက္ခဏာပဲ၊ မကြီးမှာ သက်သာပျောက်ကင်းတဲ့ ကရင်ဆေးနည်း ရှိတယ်လေ'

ဟု ဆိုရာ...

'ပြောပြပါဦး မကြီးရယ်... ညီမ အမြဲတမ်းမှတ်ထားတယ်၊ ရာသီဥတုအကူး အပြောင်းဆို ခဏခဏဖြစ်တတ်တယ်'

ဟု ပြောလိုက်သည်။

ထိုအခါ မကြီးက...

'ဝမ်းကိုက်ရင် ဘာမှ မခက်ပါဘူး။ နနွင်းမှုန့်အစစ်နဲ့ သကြားရောစပ်ပြီး ဆေးတစ်ခွက်စာ သောက်လိုက်ပါ ချက်ချင်းပျောက်ပါတယ် ညီမရဲ့'

ဟု ပြောပါသည်။

စာရေးသူမှာ နောက်တစ်ကြိမ် ဝမ်းကိုက်ပြန်ရာမကြီး၏နည်းအတိုင်း သောက်လိုက်ရာ သက်သာပျောက်ကင်းပါသည်။ စေတနာဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် စာဖတ်သူများ၏ ကျန်းမာရေးအတွက် ဖော်ပြလိုက်ရပါသည်။

*(မကြီးအား ကျေးဇူးတင်လျက်...)*

**သင်းသီရိစန်း**



www.burmeseclassic.com

www.burmeseclassic.com

# မှားမိုးတယ် အစ်မတော် မခြမ်း

ချစ်ဆိုင်



ကျွန်မနာမည်က မအေးချမ်းပါ။ နာမည်ကသာ အေးချမ်းတာပါ။ ရုပ်ရှားရှင်သန်နေရတဲ့ ဘဝကတော့ အေးချမ်းလှပါဘူး။ တစ်နည်းအားဖြင့် ကျွန်မနဲ့ နာမည်နဲ့က မလိုက်ဖက်လှပါဘူး။ အလွဲကြီးလွဲပြီး အမှားကြီး မှားနေတယ်လို့ ပြောရင်ရတယ်။

ကျွန်မ အခုနေ,နေရတဲ့ရွာက **ဆင်တဲဆိုတဲ့ရွာကလေး**မှာပါ။ ဆင်တဲရွာဆိုတာက ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ပြည်မြို့ရဲ့ တစ်ဖက်ကမ်းမှာရှိတယ်။

ပြည်မြို့နဲ့က ရောဝတီမြစ်ကြီးက ခြားထားလေရဲ့။ ပြည်မြို့က ရောဝတီမြစ်ရဲ့ အရှေ့ဘက်ခြမ်းမှာရှိပြီး ကျွန်မတို့ဆင်တဲကတော့ ရောဝတီမြစ်ရဲ့ အနောက်ဘက်အခြမ်းမှာ တည်ရှိနေတယ်။

ဟိုဘက်ဒီဘက် ကူးဖို့အတွက် နဝဒေးတံတားကြီးက ရှိနေတယ်။ သွားရေးလာရေး လွယ်ကူစေတာပေါ့။

တကယ်တော့ ကျွန်မဟာ ဆင်တဲသူ မဟုတ်ပါဘူး။ အခြားတစ်နယ်တကျေးက အရပ်သူပါ။ ဒါပေမယ့် ဆင်တဲသား ကိုထွန်းခိုင်နဲ့ အကြောင်းဆက်လို့ ပေါင်းဖက်မိတဲ့ အခါမှာတော့ ကျွန်မဟာ သျှောင်နောက် ဆံထုံးပါဘဝနဲ့ ဒီဆင်တဲကို ရောက်ခဲ့ရခြင်းပါပဲ။

ကျွန်မဟာ မိခင်နဲ့အတူ နေရသူဆိုတော့ ကျွန်မ ပြောင်းလာတော့ မိခင်ကိုပါ အပါခေါ်ခဲ့ရတာပေါ့။

ဒီရောက်ပြီး မကြာခင်မှာပဲ ကျွန်မရဲ့ ချစ်လင်ကြီး ဆုံးပါးသွားခဲ့တဲ့အခါမှာတော့ ကျွန်မဟာ သမီးတစ်ယောက်နဲ့ ကျန်ရစ်ခဲ့ရတယ်။

ရွာက ထွက်လာကတည်းက အပြီးအပိုင် ထွက်လာခဲ့သူဆိုတော့ ခုလို အခြေအနေမျိုးရောက်နေလဲ ထွက်ပြီးသားဆင်စွယ် ပြန်ဝင်တယ်လို့ ထုံးစံမရှိတဲ့အတိုင်း ကျွန်မဟာ ရွာကို မပြန်တော့ဘူး။ သမီးတစ်ယောက်နဲ့ မိခင်အိုကို လုပ်ကျွေးရင်းနဲ့ ဘဝကို ရုန်းကန်လှုပ်ရှားနေရတယ်။

လုပ်ရတဲ့ အလုပ်က ခေါင်းရွက်ဗျပ်ထိုးဈေးသယ်ဘဝပါ။ ဆင်တဲနဲ့ ပြည်မြို့ကို ဟိုဘက်ကူးဒီဘက် ပြန်လာနဲ့ ရှင်သန်နေရတယ်။

မနက်မိုးလင်းလာတာနဲ့ ပြည်ဘက်ကမ်းကိုကူးပြီး ဈေးသွားရောင်းရတယ်။ ဈေးရောက်ပြီး ပြန်အလာမှာတော့ ဒီဘက်ကမ်းမှာ ပြန်ရောင်းလို့ရမယ့် ငါးခြောက်ငါးခြမ်းမှစအစ ဟင်းချက်စရာမျိုးစုံကို ဝယ်ပြီး ပြန်လာရတယ်။

အိမ်မှာက မဖြစ်စလောက် ကုန်ခြောက်ဆိုင်ကလေးက ရှိနေတာကိုး။ အဲဒီလိုမျိုးနဲ့ ရှင်သန်နေရတာပါ။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်မဟာပြည်ဘက်ကမ်းကို အသွားအပြန်လုပ်တိုင်း လိုင်းကားကိုပဲ အသုံးများခဲ့ရတာပါ။ တစ်ခါတစ်ရံမှာတော့ ကျွန်မရဲ့ ကိုယ်ပိုင်လှေကလေးနဲ့ ကူးတဲ့အခါမျိုးလဲ ရှိတတ်ပြန်ပါတယ်။

ဒါကလဲ အခြားတင်စရာ ထွေလီကာလီတွေ များတဲ့ အခါမှာသာ သုံးမိတာပါ။ ကားနဲ့ပဲသွားသွား၊ လှေနဲ့ပဲ သွားသွား သွားတဲ့အခါမှာ ကျွန်မတို့ ဆင်တဲရွာရဲ့ မြောက်ဘက်အခြမ်းရောဝတီမြစ်ကမ်းဘေးမှာ ရှိနေတဲ့ ရွှေဘုံသာဘုရားတို့၊ ငွေဘုံသာ ဘုရားတို့ကိုလှမ်းပြီး မြင်နေရတယ်။



◆ ရွှေဘုံသာဘုရားတွင် ရှိနေသော သိုက်နန်းရှင် အစ်မတော် မမြစိမ်း၏ ရုပ်တု

ရွှေဘုံသာဘုရားကတော့ ရွှေရောင်တွေ ဝင်းနေပြီး၊ ငွေဘုံသာဘုရားကတော့ ငွေရောင်တွေ တောက်နေတာပေါ့။

ကျွန်မက အဲဒီဘုရားတွေရဲ့ နားကို တစ်ခါမှ မရောက်ဖူးပါဘူး။ ဒါကြောင့် အဲဒီဘုရားရဲ့ သမိုင်းကြောင်းကိုလဲ မသိပါဘူး။ သူများတွေ ပြောကြတာတော့ အဲဒီ **ရွှေဘုံသာဘုရားမှရော၊ ငွေဘုံသာဘုရားတွေမှာပါ သိုက်နန်းရှင် အစ်မတော်မမြစိမ်းရဲ့ ရုပ်တုတွေ ရှိနေတယ်လို့ ဆိုတယ်။**

ဒီအခါ ကျွန်မတို့ ငယ်စဉ်အခါက အသံလွှင့် ဇာတ်လမ်းတစ်ခုမှာ ကြားခဲ့ဖူးတဲ့ ကိုဘုန်းကြွယ် မမြစိမ်းတို့နဲ့များ ဆက်စပ်နေသလားလို့ တွေးမိခဲ့သေးတယ်။

မမြစိမ်းက သိုက်နန်းရှင်လေ။ အဲဒီ သိုက်နန်းရှင် အစ်မတော် မမြစိမ်းက ကျွန်မတို့လို လူသားဖြစ်တဲ့ ကိုဘုန်းကြွယ်နဲ့လာပြီး လက်ထပ်ပေါင်းသင်းလို့ နေခဲ့တာပါ။

သူတို့မှာ သားတစ်ယောက်ရပြီး ရှင်ပြုတော့မယ်ဆိုတဲ့အခါမှာ ကိုဘုန်းကြွယ်က မြို့ပေါ်ကိုတက်ပြီး သင်္ကန်းပရိက္ခရာတွေ သွားဝယ်တာပေါ့။ သင်္ကန်းပရိက္ခရာတွေဝယ်ပြီး လှေနဲ့ ပြန်အလာမှာတော့ သိုက်ဆရာတွေက ပါလာတယ်။

ကိုဘုန်းကြွယ်က သိုက်ဆရာတွေလို့ မသိခဲ့ပါဘူး။ မသိလို့ တင်ခဲ့တဲ့အခါမှာ မမြစိမ်းရဲ့ သိုက်နန်းအဖွဲ့က မမြစိမ်းကို ပြန်လာခေါ်သွားခဲ့တယ်။

နောက်ဆုံးမှာတော့ သိုက်ပစ္စည်းတွေကို လှည်းပေါ်တင်ပြီး သိုက်ပြောင်းကြရတယ်။ လူ့လောကမှာ ကျန်ခဲ့တဲ့ ကိုဘုန်းကြွယ်ကိုလဲ အစ်မတော် မမြစိမ်းက ရွှေကတစ်ပုံ၊ ငွေကတစ်ပုံ ပေးခဲ့တယ်။

ကိုဘုန်းကြွယ်က အစ်မတော် မမြစိမ်းပေးခဲ့တဲ့ ရွှေပုံ… ရွှေဘုံသာ ဘုရားဆိုပြီး… တည်တယ်။ ပေးခဲ့တဲ့ ငွေ… ပုံကို ငွေဘုံသာဘုရား… ဆိုပြီး တည်ခဲ့တယ်။ အဲ… လို ဇာတ်လမ်းလေးပါ…

ဘာပဲ ပြောပြော… အဲဒီ အခု **ဒီဆင်တဲမှာ… ရှိနေတဲ့ရွှေဘုံသာဘုရား… ငွေဘုံသာဘုရား ဆိုတာ… ကတော့အဲဒီသိုက်ဇာတ်… လမ်းနဲ့ ဆက်စပ်တာ… မဆက်တာကို ကျွန်… မပြောလိုပါဘူး။**

ကျွန်မ ပြောလိုတာ… ကတော့ အဲဒီ အသံလွှင့်… ဇာတ်လမ်းမှာပါတဲ့ ရွှေဘုံ… သာဘုရား၊ ငွေဘုံသာ… ဘုရားနဲ့ အစ်မတော် မမြစိမ်းတို့ရဲ့… ရုပ်တုတွေဟာ ဒီမှာလာပြီး ရှိနေ… တယ်ဆိုတဲ့ အကြောင်းပါ။

ရွှေဘုံသာဘုရားဘက်မှာ ရှိနေ… အစ်မတော်မမြစိမ်းရဲ့ ရုပ်တုရှေ့… တချို့လူတွေက ငှက်ပျောပွဲ၊ အုန်း… တွေပေးပြီး ပစ္စည်းဥစ္စာ အစရှိသည်… သွားတောင်းကြတယ်လို့ဆိုတယ်။

ရသူတွေ ရှိကြလို့သာ သွားတောင်း… သူ တွေရှိနေကြတာပဲလို့ ကျွန်မ… တယ်။ ရသူမရှိရင် သွားတောင်း… ဆိုတာ ဘယ်မှာ ရှိနိုင်ပါ့မလဲ။

ပြီးတော့ ပြောရဦးမယ်။ အဲ… ရောဝတီမြစ်ကမ်းဘေးရဲ့ သဲသော… တစ်လျှောက်မှာ ဒေသခံ ပြည်သူ… က ရာသီပေါ်သီးနှံတွေ စိုက်ပျိုးကြ… ပေါ့။ တစ်နေ့မှာတော့ ကလေး… ယောက်က သူ့မိဘများ စိုက်ပျိုး… တဲ့ ဖရဲသီးခင်းကို သွားကြည့်… အဲဒီမှာ ကလေးတို့ရဲ့ သ…



www.burmeseclassic.com

www.burmeseclassic.com



သူအကြိုက်ဆုံး ဖရဲသီးလေးတစ်လုံးကို သူ့မိဘတွေက ရောင်းစားပစ်မှာစိုးလို့ သဲထဲကိုတူးပြီး သူက မြှုပ်ထားလိုက်တယ်။

တစ်ပတ်ဆယ်ရက်လောက် ကြာပြီး သွားပြန်ဖော်တော့ ဖရဲသီးလုံးနဲ့အတူ ရွှေမန်ကျည်းသီးတောင့် သုံး,လေး တောင့်လောက် ပါလာသတဲ့။

ကဲ…မထူးဆန်းဘူးလား၊ ကြိုပြီး ရှိနှင့်တယ်ဆိုရင် သဲကိုစပြီး တူးစဉ်ကတည်းက တွေ့ခဲ့ရမှာပေါ့။ ခုတော့ သွားပြန်ဖော်မှ တွေ့ရတယ်။ ပြီးတော့ ဒါမျိုး ရွှေမန်ကျည်းသီးတောင့်ဆိုတာက ဒီခေတ်မှာ မရှိပါဘူး။ ဘယ်သူကမှ ဒါမျိုးလုပ်ပြီး သိမ်းဆည်းထားတာ၊ ရောင်းချကြတာမျိုး မရှိပါဘူး။

ဒီခေတ်မှာက ရွှေပြား ရွှေချောင်း ဒါမျိုးတွေနဲ့ပဲလုပ်ပြီး ရောင်းကြတာပါ။ ပြီးတော့ ဘယ်သူကကော ဒီလိုမျိုး ရွှေကို သူများရဲ့ ဖရဲသီးခင်းထဲကို လာပြီး မြှုပ်ထားကြမှာလဲ။

ရွှေမန်ကျည်းသီးတောင့် ဆိုတာ ကျွန်မ ကြားဖူးတာကတော့ သိကြားမင်း ဥစ္စာစောင့်တွေက စောင့်ရှောက်ထားတဲ့ ရွှေလို့ ကြားဖူးတာပါ။ ဒီတော့ ဒီရွှေဟာ သိကြားကပေးတဲ့ ရွှေပဲ ဖြစ်ရမှာပေါ့။

နောက်တစ်ခု ထပ်ပြီးပြောရဦးမယ်။ အဲဒါကတော့ အခုလိုပဲ ကလေးမ တစ်ယောက်က ဧရာဝတီမြစ်ကမ်း ဘေးက သဲသောင်ခုံပေါ်ကို လျှောက်ပြီးသွားနေတယ်။

ရေစပ်စပ်ကလေးရှိတဲ့ နေရာကိုလဲ ရောက်ရော ရွှေရောင်လို တဝင်းဝင်း တောက်နေတဲ့ ကလေးကစားစရာလို အရုပ်နှစ်ခုကို တွေ့ရတော့တယ်။ ကောက်ယူပြီးကြည့်တော့ နွားလှည်းနဲ့ လောင်းလှေကလေးတစ်စင်း ဖြစ်နေတာကို တွေ့ရတယ်။

သူ့အတွက်ကတော့ အထူးအဆန်း ပေါ့။ ဟုတ်တယ်လေ၊ ဒီခေတ်ကြီးမှာ ဒါမျိုးကလေးကစားစရာ အရုပ်တွေကို ဒီလိုမျိုး သတ္တုတွေနဲ့ ပြုလုပ်ပြီး မရောင်းကြပါဘူး။

အထူးသဖြင့် ပလတ်စတစ်ရုပ်၊ ကော်ရုပ် အဲဒီလိုတွေမျိုးပဲ လုပ်ပြီး ရောင်းနေကြတာပါ။

ဒီတော့ သူက တအံ့တသြဖြစ်ပြီး ဘုန်းကြီးကို သွားပြတယ်။ ဘုန်းကြီးကလဲ ရိုးလွန်းအားကြီးတော့ ရဲသား တစ်ယောက်ကိုခေါ်ပြီး အပ်လိုက်တယ်။ ဒါဟာ ရှေးဟောင်းပစ္စည်းပဲ ဖြစ်ရမယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရကို အပ်ပေးပါဆိုပြီးမှာလို့ ပေးလိုက်သတဲ့။

ရဲသားကလဲ အပ်ပေးမယ်ဆိုပြီး ယူသွားလိုက်တာ တော်တော်နဲ့ ပြန်ပေါ်မလာတော့ဘူးတဲ့။ နောက်ပိုင်းမှာ ပြန်ကြားရတာကတော့ အဲဒီရဲသားက ဒီကလေးမကို ဘာမှ လာမပေးဘဲ နေခဲ့တာပါ။

နောက်တော့မှ ဘယ်ကမှန်း မသိရတဲ့ အမျိုးသမီးတစ်ယောက်က ကလေးမဆီက ယူလာတဲ့ ပစ္စည်းရဲ့ တန်ဖိုးအချို့ကို သွားပေးပါ။ မင်းကို ပေးတာ မဟုတ်ဘူး။ ဒီကလေးမကို ပေးတာ။ သွားမပေးလို့ကတော့ မင်းကို ဒုက္ခရောက်အောင်လုပ်မယ် စသဖြင့် အိပ်မက် အပေးခံရတော့မှပဲ အဲဒီ ရဲသားက ကြောက်လန့်ပြီး ကလေးမ တို့ရဲ့ မိသားစုအတွက်ဆိုပြီး အိမ်တစ်လုံး ဆောက်ပေးခဲ့သတဲ့။

သူ့အပြောကတော့ နိုင်ငံတော် အစိုးရမှ ပြန်လည်ချီးမြှင့်ငွေနဲ့ ဆောက်ပေးတာပါလို့ပြောသတဲ့။ ဟုတ်မဟုတ်တော့ မသိဘူးပေါ့။

ပြောလက်စနဲ့ နောက်ထပ်တစ်ခုလဲ ပြောချင်ပါသေးတယ်။ အဲဒါကတော့ ဟိုတုန်းကဆိုရင် ဧရာဝတီမြစ်ကမ်း ဘေးတစ်လျှောက်မှာ တစ်ပိုင်တစ်နိုင် ရွှေကျင်သူတွေ ရှိခဲ့ကြတယ်။

တစ်နေ့မှာတော့ ရိုးသားလှတဲ့ ညီအစ်ကိုနှစ်ယောက် ရွှေကျင်ဖို့ဆိုပြီး ရွာက ထွက်လာခဲ့ကြတယ်။ ဆင်တဲ ရွာရဲ့ မြောက်ဘက် မြစ်ကမ်းဘေးက ကားလမ်းအတိုင်း လျှောက်ခဲ့ကြတာ ပေါ့။ အဲဒါနဲ့ ရွှေသွားကျင်ရမယ့် နေရာ တောင် မရောက်သေးပါဘူး။ ကား လမ်းပေါ်မှာတင် အဝါရောင် အမှုန် အမွှားလေးတွေကို တွေ့ရသတဲ့။

မိုးက နည်းနည်းလေး ရွာနေလေ တော့ တောင်ကြားထဲက စီးထွက် လာတဲ့ ရေတွေနဲ့အတူ ပါလာဟန်ရှိ တယ်။

ဒါနဲ့ အဲဒီ ညီအစ်ကိုနှစ်ယောက်က ရေစီးကြောင်းအတိုင်း ဆန်တက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ကြည့်တဲ့အခါမှ ချိုင့်ခွက်တစ်ခုထဲမှာ အဝါရောင်အမှုန်အမွှားတွေ အများကြီး တွေ့ရသတဲ့။

ဒါနဲ့ပဲ သူတို့နှစ်ယောက်က ရွှေကျင်တဲ့ဗန်းနဲ့ကျင်ပြီး ယူခဲ့ကြတာမှာ နို့ဆီဘူး သုံးဘူးစာလောက် ရခဲ့သတဲ့။

အဲဒီ အမှုန်အမွှားတွေကိုယူပြီး ရွှေပန်းထိမ်ဆိုင်မှာ သွားပြတော့ ရွှေအစစ်ဖြစ်ကြောင်း ပြောလိုက်သတဲ့။ ဒါနဲ့ပဲ ညီအစ်ကိုနှစ်ယောက်က အိမ်ကိုယူလာပြီး အိမ်ကိုရောက်တော့ တစ်ခါမှ မသောက်မစားခဲ့ဘူးတဲ့ သူတို့နှစ်ယောက်ဟာ သောက်ကြ စားကြတော့တယ်။

သောက်စားရုံနဲ့ မပြီးဘူး။ ဒီရွှေတွေကို ရောင်းပြီး မြို့ပေါ်တက်မယ်။ မြို့ပေါ်ရောက်တာနဲ့ ဟိုတယ်၊ မိုတယ်တွေဆီ သွားမယ်။ သောက်မယ်၊ စားမယ်၊ မိန်းမထည်လဲယူမယ် စသည်ဖြင့် ပြောဆိုပြီး သူတို့နှစ်ယောက်ရဲ့ အနာဂတ်ဘဝကို စီမံချက်တွေ ချကြတယ်။ ဒီအထဲမှာ လှူဖို့တန်းဖို့ တစ်ခုမှ မပါကြဘူး။

ဒါနဲ့ပဲ ညဥ့်ကြီးသန်းခေါင်ကျမှ အဲဒီ ရွှေမှုန်တွေကို သူတို့က ဒယ်အိုးတစ်လုံးထဲမှာထည့်ပြီး အရည်ကျိုကြတယ်။ ဘယ်လောက်ပဲကျိုကျို အရည်မပျော်ဘူး။

ကြာတော့ ဒယ်အိုးတစ်ခုလုံး မီးတွေ ထတောက်လာတယ်။ ပြီးတော့ ရွှေမှုန်တွေက ပေါက်ပေါက်ဖော်သလို ခုန်ပျံထွက်လာတယ်။

ဒီအချိန်မှာပဲ အိမ်အောက်ကနေပြီး အဘွားကြီးတစ်ယောက်ရဲ့ လေသံနဲ့...

'ငါ့ဟာ ပြန်ပေး... ဒါဟာ မင်းတို့နဲ့ မထိုက်တန်ဘူး'

လို့ အခါခါလာအော်သတဲ့။ အိမ်အောက်ကိုဆင်းပြီး ဓာတ်မီးတွေ



ဘာတွေနဲ့ ထိုးကြည့် ရှာကြည့်တော့လဲ လာအော်တဲ့ အသံရှင်ကို မတွေ့ရဘူးတဲ့။

အဲဒီလိုမျိုး လေး,ငါးခါလောက် အော်ပြီး လေး,ငါးခါစလုံး ဆင်းကြည့်တော့လဲ ဘာမှ မတွေ့ရဘူးတဲ့။

အဲဒါနဲ့ပဲ သူတို့ညီအစ်ကိုနှစ်ယောက်စလုံးက ကြောက်ကြောက်လန့်လန့်နဲ့ ရွှေရခဲ့တဲ့ နေရာကိုသွားပြီး ပြန်ထားခဲ့ကြရသတဲ့။ ဒီအခါကျမှပဲ ခုနက လာအော်တဲ့ အသံလဲ မကြားကြရတော့ဘူးတဲ့။

အဲဒီလိုမျိုး အခြား ထူးခြားတဲ့ဖြစ်စဉ်ဖြစ်ရပ်တွေက အများကြီးပါ။ ဒါပေမယ့် ကျွန်မ ပြောခဲ့သလိုပဲ။ မအားပါဘူး။ နည်းနည်းပါးပါး အရိပ်အမြွက်လောက်ပဲ ပြောပြနိုင်တာပါ။

အားလုံးကို ခြုံငုံပြီး ပြောရရင် ကိုဘုန်းကြွယ် မမြစိမ်းတို့ရဲ့ သိုက်သမိုင်း အသံလွှင့်ဓာတ်လမ်းထဲက ရွှေဘုံသာဘုရားတို့၊ ငွေဘုံသာဘုရားတို့ သိုက်ဆရာတွေ လှေပေါ်တင်ခဲ့တဲ့ လှေအရုပ်တို့၊ သိုက်ပစ္စည်းတွေကို လှည်းပေါ်တင်ပြီး ပြောင်းရွှေ့ခဲ့ရတယ်ဆိုတဲ့ နွားလှည်းအရုပ်တို့ဟာ ဒီမှာလာပြီး တိုက်ဆိုင်စွာနဲ့ ရှိနေကြတယ် တွေ့နေကြတယ်။

ပြီးတာ့ ရွှေမှုန်ရွှေမွှား ရွှေမန်ကျည်းသီးတောင့်တွေ။

ဒါတွေ အားလုံးဟာ ဥစ္စာစောင့်သိုက်နန်းရှင်တို့နဲ့ မကင်းဘူးလို့ ကျွန်မ ထင်တယ်။

* * *

ဒါကြောင့် ကျွန်မက ဆင်တဲကနေ ပြည်မြို့ကိုကူးတိုင်း၊ ပြည်မြို့က[...] ဆင်တဲဘက်ကို ပြန်ကူးလာတိုင်း[...] အဲဒီ ရွှေဘုံသာဘုရားတို့၊ ငွေဘုံသာ[...] ဘုရားတို့ကို လှမ်းပြီး မြင်နေရတယ်[...]

မြင်လိုက်ရတိုင်း အဲဒီဘုရားမှာ [...] တဲ့ အစ်မတော် မမြစိမ်းရဲ့ ရုပ်တု[...] စိတ်ထဲက မှန်းပြီးတမ်းတမိတယ်။

'အစ်မတော်ရယ် ညီမတော်မှာလဲ [...] လှပါတယ်။ ဖင်ပန်းလိုက်တာမှာလဲ မ[...] နဲ့တော့။ ဒါကြောင့် သူများတွေကို [...] ကယ်မပေးနေသလို ညီမတော်ကိုလဲ [...] ကယ်မပါဦး'

လို့ အမြဲတမ်းလိုလို တောင်းတ[...] တမ်းတတယ်။ အစ်မတော် မမြ[...] ဟာ ကျွန်မတို့လို သာမန်လူသား[...] ကို ချစ်တယ်လို့ ကျွန်မ ထင်တ[...]

ဒါကြောင့်လဲ သူက သာမန်လူ[...] ကိုဘုန်းကြွယ်ကို လက်ထပ်ခဲ့တာ[...] ပြီးတော့ ကူညီကယ်မတတ်သူ[...] ကျွန်မမြင်တယ်။ ဘာကြောင့်[...] တော့ ပြောခဲ့သလိုပါပဲ။ သူ[...] သွားပြီး ငှက်ပျောပွဲ၊ အုန်းပွဲ[...] သွားတောင်းကြတာကိုပဲ ကြည့်[...] ပေးလို့သာ သွားတောင်း[...] ရပေါ့။ ပြီးတော့ အခုပြောခဲ့တဲ့ [...] မန်ကျည်းသီးတောင့်တို့၊ ရွှေ[...] ရွှေလှည်းတို့၊ ရွှေမှုန်ရွှေမွှားတို့[...] သိုက်နဲ့ မကင်းနိုင်ပါဘူး။ သို[...] ပေးလို့ ရကြတာပါ။

ဒါကြောင့် ကျွန်မလဲ အစ်မ[...] ရုပ်တုတွေရှေ့အထိ ငှက်ပျောပွဲ [...] တွေနဲ့ သွားမတောင်းဖြစ်ခဲ့[...] အခုလိုမျိုး စျေးသွားစျေးပြန်လ[...] ပါးစပ်နဲ့ တောင်းရတာပေါ့။

သာမန်လူသားတွေအပေါ် [...] ကြင်နာသနားတတ်တဲ့ အစ်[...] မမြစိမ်းဟာ ဘယ်နည်းနဲ့မဆို [...] ကို တစ်နေ့နေ့ တစ်ချိန်ချိန်မှ[...]



www.burmeseclassic.com

www.burmeseclassic.com

မှာ အမှန်ပဲလို့ ကျွန်မ ယုံကြည်ထားတယ်။

* * *

ဒီနေ့မှာတော့ဖြင့် ကျွန်မက လှေနဲ့ ပြည်ဘက်ကို သွားပြီး ဈေးရောင်းတယ်။ ဈေးရောင်းပြီး ပြန်လာတဲ့အခါမှာတော့ ထုံးစံအတိုင်းပေါ့။ ဆင်တဲဘက်ကမ်းမှာ ပြန်ရောင်းဖို့ ဈေးတွေလဲ ဝယ်လာခဲ့ရတယ်။

ကျွန်မစီးခဲ့တဲ့ လှေရှိရာ ဘက်ကို ဦးတည်ပြီး လျှောက်လာတော့ ကျွန်မရဲ့နောက်ကို အမျိုးသမီးတစ်ယောက်က လိုက်လာမှန်း ကျွန်မ သိရတယ်။

သူ့ကို ကျွန်မတစ်ခါမှ မမြင်ဖူးပါဘူး။ ဒါကြောင့် ကျွန်မ မသိဟန်ဆောင်ပြီး လျှောက်လာခဲ့တယ်။

ဒီအခါ နောက်ကနေပြီး...

'ဟေး...ညီမ ခဏနေပါဦး'

လို့ ပြောလာတယ်။

ဒီအခါ ကျွန်မက ရပ်ပြီး သူ့ကို စောင့်နေလိုက်တယ်။ သူ ကျွန်မအနားကို ရောက်လာတယ်ဆိုရင်ပဲ ဖက်တစ်ခုနဲ့ ထုပ်ထားတဲ့ အထုပ်တစ်ထုပ်ကို ကျွန်မဆီ လှမ်းပေးတယ်။

ပြီးတော့...

'ဒီမှာ ညီမ... ဟောဒီအထုပ်ကို လမ်းမှာ ဖြေမကြည့်နဲ့ အိမ်ရောက်မှ ရေရှိတဲ့ အိုးထဲကို စိမ်ကြည့်'

လို့ ပြောတယ်။

ကျွန်မကတော့ဖြင့် အစပထမမှာ ကြောင်တောင်တောင်ကို ဖြစ်သွားရတယ်။ ကြည့်လေ ကျွန်မ မသိတဲ့လူတစ်ယောက်က ကျွန်မ မမြင်ရတဲ့ အရာတစ်ခုကို ဖက်နဲ့ထုပ်ပြီး လာပေးနေတာလေ။

ပြီးတော့ လမ်းမှာ ဖွင့်မကြည့်နဲ့တဲ့။ လမ်းမှာ ဖွင့်မကြည့်ရအောင်က သူ့ပစ္စည်းက ဘာပစ္စည်းကြီးမို့လို့လဲ။



ပြီးတော့ အိမ်ရောက်မှ ရေရှိတဲ့ အိုးထဲကိုထည့်ပြီး စိမ်ကြည့်တဲ့။ ပစ္စည်းတစ်ခုကို ရေထဲထည့်ပြီး စိမ်ကြည့်ရလောက်အောင်က ဘာပစ္စည်းကြီးမို့လို့လဲ။

စိမ်လိုက်ပါပြီတဲ့ ဘာကြီး ဖြစ်လာမှာမို့လဲ၊ အတော်လေးကို အူကြောင်ကြောင်နိုင်လှတဲ့ ကိစ္စကြီးပါပဲ။

သူ့ကြည့်ရတာလဲ စိတ်မနှံ့ပုံတော့ မပေါ်ပါဘူး။ ဥပဓိရုပ်က ခံ့ညားလှသလို မဟာဆန်သူတစ်ယောက်လို့ ပြောရင်ရတယ်။

အသက်အရွယ်က (၄၅-၅၀) လောက်တော့ ရှိနိုင်တယ်။ ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်တွေကတော့ဖြင့် အတော်ကလေးကို ပြေပြစ်လှပါတယ်။

ဒါကြောင့် ကျွန်မက သူ့ပြောရမှာလဲ အားနာတာနဲ့ ''ဟုတ်ကဲ့ပါ''ဆိုပြီး ပြောလို့ သူပေးတဲ့ အထုပ်ကို ကျွန်မရဲ့ ဈေးတောင်းထဲကို ထည့်လို့ ယူလာတယ်။

ကျွန်မရဲ့ လှေနားကို ရောက်ပြီး သူ့ကို ပြန်ကြည့်တော့ မတွေ့ရတော့ပါဘူး။ တကယ်ဆို ပြန်တွေ့ရလောက်နိုင်တဲ့ အနေအထားကြီးပါ။

တကယ်ဆိုကျွန်မ တွေ့ချင်တာက အစ်မတော် မမြစိမ်းကိုပါ။ အစ်မတော်နဲ့တွေ့ပြီး အစ်မတော်ဆီက ပေးတဲ့ ရွှေထုပ်၊ ငွေထုပ်ကို လိုချင်တာပါ။

ခုတော့ ဘယ်ကမှန်း မသိရတဲ့ ကြောင်တောင်တောင်လို အမျိုးသမီးနဲ့ တွေ့ရပြီး ဘာမှန်းမသိရတဲ့ အထုပ်တစ်ထုပ်ကို လာပြီး အပေးခံနေရတယ်။

လွဲမှားနေပုံများကတော့... ဒါနဲ့ပဲ ဆင်တဲဘက်ကမ်းကို ပြန်ကူးခဲ့ရတယ်။ ကူးနေရင်းနဲ့ အနောက်မြောက်ယွန်းယွန်းလောက်ကို လှည့်ကြည့်လိုက်ရင် ရွှေဘုံသာဘုရားကြီးကို အတိုင်းသား လှမ်းပြီး မြင်နေရတယ်။ ငွေဘုံသာဘုရားကိုလဲ ရှေ့တည့်တည့်လောက်မှာ မြင်တွေ့နေရတယ်။

အဲဒီဘုရားတွေမှာ အစ်မတော်ရဲ့ ရုပ်တုတွေ ရှိနေလေတော့ ခါတိုင်းလိုပဲ ကျွန်မက အစ်မတော် မမြစိမ်းရေ ညီမတော်ကိုလဲ ကယ်မပေးပါဦးလို့ လှမ်းပြီး တမ်းတလိုက်မိပြန်တယ်။ ပါးစပ်ကလေးနဲ့ ဝါယမစိုက်ပြီး တမ်းတတောင်းဆိုရတဲ့ အလုပ်ကို ကျွန်မ မပင်ပန်းပါဘူး။

တောင်းဆိုရင်း ကြာလာတဲ့အခါမှာ အစ်မတော်က နားဆူနားပူ မခံနိုင်လို့ ပေးများပေးခဲ့ရင်တော့ အမြတ်ပဲပေါ့။ ဆင်းရဲတွင်းကလဲ လွတ်ပြီပေါ့။

ကျွန်မ သိပါတယ်။ အစ်မတော် မမြစိမ်းဟာ ကျွန်မကို သနားလာပြီးတော့ ပေးလာမှာပါ။ လောလောဆယ်မှာ အချိန်မကျသေးလို့လဲ ဖြစ်နိုင်တာပေါ့။

ကျွန်မ လှော်ခတ်လာခဲ့တဲ့ လှေဟာ မြစ်လယ်ကောင် နေရာလောက်ကို ရောက်လို့လာတယ်ဆိုရင်ပဲ ခုနက အမျိုးသမီးတစ်ယောက် ပေးလိုက်တဲ့ အထုပ်ကို ဖြေပြီးကြည့်ချင်တဲ့ စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ပေါ်လာတယ်။

ဟုတ်တယ်လေ လူဆိုတာမျိုးက သူများ မမြင်နိုင်းစေချင်တဲ့ အရာကိုမှ ပိုပြီးမြင်ချင်ကြတယ်။ မလုပ်ပါနဲ့ဆိုရင် လုပ်ချင်ကြတယ်။

ခုလဲ ဒီအထုပ်ကို လမ်းခုလတ်မှာ ဖြေမကြည့်ပါနဲ့တဲ့။ အဲဒါကိုမှ ကျွန်မ ကပိုပြီး ဖြေကြည့်ချင်တဲ့ စိတ်တွေက တဖွားဖွားနဲ့ ပေါ်ပေါက်လာရတယ်။ အိမ်ရောက်တဲ့အထိ မစောင့်နိုင်တော့တာလဲ ပါတာပေါ့။

ဒါနဲ့ပဲ ကျွန်မဟာ အဲဒီအထုပ်ကို ဖြေပြီးကြည့်မိလိုက်တယ် ဆိုရင်ပဲ ကြည့်စမ်း အဲဒီ သောက်ရူးမကတော့ ကွာ ငါ့ကို ဘာများ အောက်မေ့နေလဲ မသိပါဘူး။ မီးသွေးခဲတွေကို ဖက်နဲ့ ထုပ်ပြီး ငါ့ကို ပေးလိုက်ရတယ်လို့။

ဒီကောင်မကို ပြန်တွေ့လို့ကတော့ နားရင်းပါးရင်းတွေကိုဖြတ်ပြီး ရိုက်မိဦးတော့မှာပဲ။

အစ်မတော် မမြစိမ်းဆီက ရွှေတုံး ရွှေခဲတွေ၊ ဒါမှမဟုတ် ကိုယ့်ဘဝကို အဆင်ပြေစွာ ရပ်တည်နိုင်ဖို့ တစ်ခုခုရ အောင် တောင်းဆိုနေတာကို သူက သိလို့ ငါ့ကိုများ တမင်အရွဲ့တိုက်ပြီး ရွှေတုံးရွှေခဲတွေအစား မီးသွေးခဲတွေကို ပေးလိုက်တာ ထင်ပါရဲ့။

လိုချင်တာက အစ်မတော်မမြစိမ်းဆီက ရွှေတုံးရွှေခဲတွေ။ ဟော... အခု ရခဲ့တာက မီးသွေးခဲတွေ။ ဒီမီးသွေးခဲတွေက ကျွန်မအတွက် ဘာအဓိပ္ပာယ် ရှိမှာလဲ၊ ဘာလုပ်ရမှာလဲ။

ကဲ... အိမ်ရောက်တဲ့အထိလဲ ယူမသွားနိုင်တော့ပါဘူး။ ပြီးတော့ ရေရှိတဲ့ အိုးထဲကိုလဲ သွားပြီး ထည့်မစိမ်နိုင်တော့ပါဘူး။

ကဲ...အဲဒီတော့ ဘာမှ အဖိုးမတန်တဲ့ ဟောဒီ မီးသွေးခဲတွေ အားလုံး ရေဝတီမြစ်ထဲ ဆင်းသွားကြကုန်လေ ရော့လဟယ်ဆိုပြီး ပစ်ချလိုက်တော့တယ်။

အဲဒီလို ပစ်ချလိုက်တယ်ဆိုရင်ပဲ မီးသွေးခဲတွေဟာ မြစ်ရေနဲ့ ထိတွေ့လိုက်တာနဲ့ ဝင်းခနဲ၊ ဝင်းခနဲ အရောင်တွေ ထတောက်ပြီး ရေအောက်ထဲ မြုပ်ဝင်သွားကြကုန်တယ်။

ဒီအခါ ကျွန်မက မျက်ကလူး ဆန်ပျာနဲ့ လိပ်ပြာလွင့်မတတ် ဖြစ်သွားရတယ်။ တစ်ချိန်တည်းမှာပဲ အစ်မတော် မမြစိမ်းဆိုတဲ့ အသိစိတ်တွေပါ ချက်ချင်းဝင်လာတယ်။

ပေးကားပေး၏ မရဆိုတာ ခုလို အဖြစ်မျိုးကို ပြောတာများလား။ ဝါးတစ်ပြန်မကနက်တဲ့ ရေအောက်ထဲကို ရွှေဝါရောင် အတုံးအခဲလေးတွေက ဝဲပြီး ဆင်းသွားကြတာကို ကျွန်မ မြင်နေရတယ်။

မြင်သာမြင် မကြင်ရတော့တဲ့ အဖြစ်ကိုကြည့်ရင်း သွေးရူးသွေးတန်းနဲ့ ကျွန်မ ထခုန်ပြီး အော်မိအော်ရာ အော်လိုက်မိတာကတော့...

'ကျွန်မ မှားပါတယ် အစ်မတော် မမြစိမ်းရဲ့'

ရယ်လို့...။

**[မြစ်ရပ်မှန် ဇာတ်လမ်းအား ပြောပြပေးခဲ့ပါသော အမှတ်(၁၆) အကြီးစားစက်ရုံ (ဆင်တဲ)ရှိ လက်သုံးသံပုံထောင်း အလုပ်ရုံမှ မောင်ချမ်းသာအား ကျေးဇူးတင်ရှိပါကြောင်း...]**

***အစ်မတော် မမြစိမ်းနှင့်တကွ ဇာတ်ခဲ့သူများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။***

ချစ်ဆိုင်

စာမျက်နှာ (၂၇၂)မှ အဆက်

ခြေထောက်များက ပြန့်ကားလျက် ကလေး ဆန့်ကောပိုင်းခန့်ဖြစ်ပါသည်။

ဦးခေါင်းပိုင်းရှိ အစွယ်ကြီးနှစ်ခုမှာ ကားလိုက် စုလိုက်ဖြင့် မာန်ဖီနေပါသည်။ အရှယ် အရှည် တစ်လက်မခန့် စီ ရှိပါသည်။ အစွယ်များမှ အောက်၌ ကျွန်းဖက်အရိုးကို ကိုက်ဖြတ်ထားတော တီတီပိုင်းပြတ်နေပါသည်။ ခြေထောက် (၁၀)ချောင်းခန့်ပါမည် ထင်ပါသည်။ မရေတွက်မိပါ။

နတ်သီးမွေးဟု ထင်ရသော အမွေး များလည်း ပါ,ပါသည်။ ခြေထောက် များပေါ်တွင် အမွေးအမှင်လည်း ပါ,ပါ သည်။ ချောင်းအုပ်ကြီးမှ...

'မသတ်ပါနဲ့ကွာ၊ သူ့အသား စားရ မှတ်လို့ ဖမ်းတို့ ကြည့်ရအောင်လို့ ဖမ်းလိုက်တာပါ'

ဟု ပြောကာ ဝိုင်းကြည့်ကြပြီး တုတ်ရှည်ကို ဖွပေးကာ လွှတ်လိုက်ရာ အနီးရှိ ကျွန်းပင်ကြီးပေါ်သို့ ပြေးသွား ပါသည်။

ပင့်ကူနက်ကြီးအား ကြည့်ပြီး ဦးထွန်းမောင်မှ...

'ဒီပင့်ကူမျိုးက ရှားတယ်ကွ၊ သူ့ကို တောဘုရင်ပဲ။ ပင့်ကူက မြွေနိုင်တယ်။ ဒီပင့်ကူရှိတဲ့နေရာကိုဘာမြွေမှမလာရဲဘူး။

ပင့်ကူက အခြားအကောင်ငယ် ကလေးများကို ရှာစားတယ်။ ဦးနှောက် ကို ဖောက်စားတယ်။ ငှက်ငယ်ကလေး တွေကို ရအောင်ဖမ်းပြီး စားတယ်။ မရတော့တဲ့အဆုံး မြွေတွေကိုရှာပြီး ဦးနှောက်ဖောက်စားတာပဲ။ သူ့အစွယ် က အဆိပ်ပြင်းတယ်'

ဟု ပြောပြပါသည်။ စကားပြောခင်း စခန်းသို့ပြန်ရောက်ကြရပါတော့သည်။

ဤစာစုဖြင့် **ချောင်းအုပ်ကြီး ဦးရွှေမှင့် ကိုညာထိမောင်လေးတို့ကို အမှတ်ရမိပါသည်။**

ချောင်းအုပ်ကြီးကတော့ မရှိတော့ပါ။ ကိုညာထိမောင်လေးကတော့ ... တွင် ဇနီး သားသမီး မြေးများဖြင့် အသက်ရှင် ပျော်ရွှင်လျက်ပါ...။

***အားလုံး ကျန်းမာ ချမ်းသာကြပါစေ***

ဦးသန်းစိုး(ချောင်းနက်)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ တောတွင်း အတွေ့အကြုံများတွင် လွင်ပြင်ဒေသ မြို့ကြီး ရွာကြီးများတွင် အလွန်တွေ့ရနည်းကာ၊ တောတောင် ကန္တာရ တွင်သာ များစွာ တွေ့ရသော သစ်ပင်, ဝါးပင်များ၊ ဆေးပင်, ဆေးဥများ၊ ဂမုန်းပင်များ၊ ပထဝီမြေသား ကျောက်ဓာတ်သတ္တုများ၊ တောတွင်းရှိ သားငှက် တိရစ္ဆာန်များ၊

တောတွင်း အစား အစာများကို တွေ့ကြုံ ရသည့်အတိုင်း မှတ်တမ်းတင်ကာ စာစီဖော်ပြခဲ့ပါသည်။

ယခုအခါတွင်လည်း တောတွင်းပင် ဖြစ်လင့် ကစား အလွန်တွေ့ရ နည်းသော တောတွင်း ပင့်ကူနက်ကြီး တွေ့ရပုံကို ရေးသား တင်ပြပါမည်။



ဦးသန်းမိုး
(ချောင်းနက်)

# ပင့်ကူနက်ကြီး

အချိန်က ၁၉၆၄ ခုနှစ် မိုးတွင်း ကာလပါ။ **နေရာမှာ နေပြည်တော် ပျဉ်းမနား အရှေ့ပိုင်းခရိုင်၊ ရေနီကြို့းဝိုင်းကွင်းအမှတ်(၄၉)၊ ပတ်လည်ကြီးစခန်းမှာ ဖြစ်ပါသည်။**

ထိုအချိန်က စာရေးသူက ချောင်းခေါင်းဖြစ်ကာစ တောထဲကို ရောက်ဖူးကာစဟု ဆိုရပါမည်။

## ပင့်ကူကြီးနှင့်တွေ့

နေ့ရက်ကို စာရေးသူ မမှတ်မိတော့ပါ။ တောတွင်း ဝင်ကာစနှစ် မိုးတွင်းပိုင်းကာလပါ။ တောတွင်းအလုပ်က မိုးရွာလည်းလုပ်ရသည်။ နေပူလည်း လုပ်ရပါသည်။

ထိုရက်များက ညနေပိုင်းနှင့် ညဦးပိုင်း မိုးသည်းထန်စွာ ရွာသည့်ရက်တွေပါ။ အလုပ်ကတော့ ကွင်းများလှည့်၍ ကျွန်းခြောက်များ ဖြတ်ပိုင်းပေးအလုပ် လုပ်ရပါသည်။

ချောင်းအုပ်ကြီးက ကျွန်းခြောက် သစ်ဖြတ်ပိုင်းပေး နာမည်ကြီးပါသည်။

ကျွန်းသစ်အိတ်စပို့ဝင်များတွင် ဝမ်းစတား၊ တူးစတား၊ သရီးစတားအထိ ဖြတ်ပိုင်းကောင်းကောင်း ပေးနိုင်ပါသည်။ စာရေးသူကိုလည်း ဖြတ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပေး ပိုင်နိုင်အောင် သင်ပြပါသည်။

ထိုရက်ကား **ကွင်းအမှတ်(၃၆)**ကို ဖြတ်ပိုင်းပေးရန် မိန်းရေးရွာမှ ခားခေါင်း ဦးမောင်ကိုတို့အဖွဲ့နှင့် ချိန်းပြီးသားပါ။

စာရေးသူတို့က နံနက်စောစော ထကာ ကိုညာဏ်မောင်လေး စီစဉ် ကျွေးမွေးသည့် ထမင်းကြမ်းကြော်နှင့် ရေနွေးကို အဝသောက်စားကြပါ သည်။ ပြီးမှ စခန်းမှ ကွင်းအမှတ်(၃၆) ကို ဖြတ်လမ်းအတိုင်း တောတိုးသွား ရပါမည်။

ဆင်ဦးစီး ဦးရွှေတို့ ဆင်သမားများ က ရှေ့ဆောင်သွားကြပါသည်။ စာရေး သူတို့က တံဆိပ်တုံး၊ ပေကြိုးနှင့် မှတ်စုစာအုပ်များ ယူဆောင်ခဲ့ကြပါ သည်။

တံဆိပ်တုံးများကို ကိုရွှေက သူ့ ပလိုင်းထဲ ထည့်ယူခဲ့ပါသည်။ စာရေး သူ လွယ်အိတ်ထဲတွင်ကား မိုးကာ၊ လေးခွ၊ လောက်စာလုံး၊ ဆေးလိပ်၊ မီးခြစ်များသာ ပါခဲ့ပါသည်။

နံနက်စောစောမို့ စခန်းကထွက်စ နေကွက်တစ်ပြုမှာပင် ညက မိုးနှင်း နှင့် မိုးရေစက်များက သစ်ပင် မြက်ပင် များပေါ်တွင် ရှိနေဆဲပါ။

(၃၆)ကွင်းထဲ ရောက်သောအခါ နေအတော်မြင့်သော်လည်း သစ်ပင်၊ ဝါးပင်များက နေပြောက်ပင် မထိုးနိုင် အောင် ရှိနေပါသည်။

ဖြတ်ပိုင်းစပေးရာတွင် ချောင်းအုပ် ကြီးက မှတ်စုစာအုပ်၊ ဘောလ်ပင် ကိုင်ကာ သူ ကိုင်စွဲနေကျတုတ်(ဝါးလုံး ငယ်)ဖြင့် ထောက်ပြ၏။

စာရေးသူက ပေကြိုးနှင့် တိုင်းကာ အရှည်၊ လုံးပတ် ခေါ်ပေး၏။ ခားခေါင်း ဦးမောင်ကိုက တံဆိပ်တုံးကိုင်ကာ ရိုက်ပေး၏။



ဦးထွန်းမောင် ကိုင်စွဲနေကျ တောင်ဝှေးအကြောင်း အနည်းငယ် တင်ပြပါဦးမည်။

ချောင်းအုပ်ကြီးက ဘာအလုပ်နှင့် ဖြစ်ဖြစ် တောထဲသွားတိုင်း နီးရာ ဝါးရုံမှ အနေတော်ဝါး လေးတောင်ခန့် တစ်လုံး ခုတ်ယူ၍ ကိုင်ဆောင်စမြဲပါ။

တောင်ဝှေးပမာ ထောက်၍ ထောက်၍ လမ်းလျှောက်ရပါသည်။ ဒါကလည်း ဟိုး ငယ်ရွယ်စဉ်ကတည်း က အကျင့်ပါနေတာပါတဲ့။ ပြီးတော့ တောထဲက ကျားရန်ကလည်း ကာကွယ်ပြီးသားကျသတဲ့။ **"ကျား က ထိုသို့ တုတ်ရှည်(လုံ)ပါတဲ့လူ ကို ဘယ်တော့မှ ခုန်မအုပ်ရဲဘူးတဲ့"**

ဒါကြောင့် ငယ်ကျင့်အတိုင်း တော ထဲသွားလျှင် တုတ်ရှည်တစ်ချောင်း ကိုင်ဆောင်ရသည်ဟု စာရေးသူတို့ ကိုလည်း ပြောပြဖူးပါသည်။

ယင်းသို့အားဖြင့် ချောင်းအုပ်ကြီး က ဖြတ်ပိုင်းပေးရင်း လမ်းသွားရာတွင် တုတ်ထောက်၍ လျှောက်ရသဖြင့် မယိမ်းမယိုင် ချော်လဲခြင်းမရှိပါ။

ဖြတ်ပိုင်းရိုက်၍ အပင်(၂၅)ပင်၊ (၃၀)ပင်မျှ ပြီးပါပြီ။ နေလည်း အတော် စောင်းပါပြီ။ အနောက်တောင်ဆီမှ လည်း မိုးသားတိမ်လိပ်များ တက်လာ ပါပြီ။

ထို့ကြောင့် ဖြတ်ပိုင်းရိုက် ရပ်စဲကာ စခန်းပြန်ကြပါတော့မည်။ ခားခေါင်း ဦးမောင်ကိုနှင့်အဖွဲ့က မိန်းရေးရွာဆီ ပြန်ကြ၍ ဦးရွှေနှင့် စာရေးသူတို့က တဲစခန်းဆီသို့ ဖြတ်လမ်းအတိုင်း ပြန်ကြပါသည်။

ဖြတ်ပိုင်းရိုက်သော ကွင်း(၃၆)မှ ကွင်း(၃၈)ကို ဖြတ်ရပါသည်။ ကျွန်း ပျဉ်းကတိုး၊ ကညင်ပင်ကြီးများဖြင့် ပြည့်ညပ်စွာ ပေါက်ရောက်နေပါသည်။ လမ်းဟူလျှင် မရှိပါ။

စိုထိုင်းနေသော သစ်ရွက်၊ ဝါးရွက် များပေါ် နင်း၍ လျှောက်ကြရပါသည်။ သစ်ရွက်များက စိုထိုင်းနေ၍ ချိုးချိုး ချွတ်ချွတ် မမြည်ပါ။ ဖြစ်ဖြစ်နှင့် အသံထွက်နေပါသည်။

တစ်နေရာအရောက် ကျွန်းပင်ကြီး ၏ အောက်အရောက်တွင် ကျွန်းရွက် ခြောက်များပေါ်တွင် တဖျောဖျောနှင့် မည်းမည်း အကောင်တစ်ကောင် ပြေးနေပါသည်။

ချောင်းအုပ်ကြီးက လျင်မြန်စွာ သူ့တွင် ပါလာသော တုတ်ရှည်နှင့် ထိုအကောင်ကို ဖိလိုက်ပါသည်။ နှစ်ကြိမ်မျှ ပြောင်းဖိသောအခါ ထို အကောင် မိပါပြီ။ မလှုပ်နိုင်ပါ။

ခြေထောက်များကတော့ ကန် ကျောက်နေပါသည်။ ကျွန်းဖက်များ ပေါ်တွင် "ဂျစ်၊ ဂျစ်၊ ဂျစ်၊ ဂျစ်"နှင့် အသံထွက်နေပါသည်။

စာရေးသူနှင့် ဦးရွှေက အကောင် ဆီသွားကာ ခားနှောင့်နှင့် ထုမည် အလုပ် ချောင်းအုပ်ကြီးက လက်ကာ တားပါသည်။ အနီးကပ် ကြည့်လိုက် သောအခါ ပင့်ကူအကောင်ကြီး အားလုံးမည်းနက်၍ ခြေဆ လက်ဆစ်က အဖြူရောင်ပါ။ အကော ကြီးပါသည်။

ကိုယ်လုံး လက်သီးဆုပ်ခန့်





www.burmeseclassic.com

www.burmeseclassic.com



တင်သွန်းဝင်း

# မုဆိုးလေ့ကျင့်သင်ခန်း

မုဆိုးဖေဒင်

စာရေးသူ သစ်တောကျောင်းဆင်းစ **မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ တပ်ကုန်းရွာအနီးက နန်းကြည်းလား စိုက်ခင်းမှာ** တာဝန်ကျခဲ့သည်။

မှတ်မှတ်ရရ **၁၉၆၉ ခုနှစ်၊ နှင်းလ၏ ညတစ်ည** မိုးတဖွဲဖွဲ ကျနေသည့် ညဦးကြီးသန်းခေါင်မှာ စခန်းအနီးမှ စားကျက်ထဲက ကျွဲကို ကျားဆွဲသွားသည်။ တပ်ကုန်းရွာသား အောင်ခင်နှင့် ဘိုးပုတို့က ကျွဲသေအနီးမှာ လင့်ထိုးပြီး ကျားကို စောင့်ပစ်ခဲ့သည်။

လင့်ပေါ်မှာ စာရေးသူလည်း ပါသည်။ ပါးလိုက် နပ်လိုက်သည့် ကျား နှစ်ရက်၊ နှစ်ညကြာအောင် ခွဲနှင့် စောင့်ပစ်ခဲ့ရသည်။ ကျည်ထိသွားသည့် ကျားကြီးက "ဝေါင်း"ခနဲ ဟန်ဖိအော်ဟစ်ပြီး လင့်ဆီ ခုန်တက်လာသည်။"

အတွေ့အကြုံ မရှိသေးသူ စာရေးသူက လန့်ပြီး အောက်ဆုတ်လိုက်သည်။ လင့်ပေါ်မှ ပြုတ်ကျတော့မလို ဖြစ်သွား သည့် အောင်ခင်က ဆွဲထားပေး၍သာ သည်။

လင့်ပေါ်က ပြုတ်ကျ၍ကတော့ ကျားနာခဲ၍ သေပွဲဝင်နိုင်သည်ကို တွေးပြီး ကြောက်စိတ်မပြေနိုင်အောင် ဖြစ်ခဲ့ရသည်။

ဘိုးပုက အတော်လက်ဖြောင့်သည်။ ရှူးသည်းရှိသည်။ ဘိုးပုဆီမှာ မုဆိုးပညာ သင်ဖို့ စိတ်ဝင်စားနေမိသည်။ သစ် တောကျောင်းမှာကတည်းက သေနတ် ပစ်ရသည့် မုဆိုးပညာကို စိတ်ဝင်စားခဲ့ သည်။

ဆရာဦးဟုတ်လင်း ငှက်ပစ်ထွက် တိုင်းလည်း လိုက်ကောက်ပေးခဲ့ဖူး သည်။ ဆရာဦးမောင်မောင်အေး တောလည်ရာမှာလည်း လိုက်ခဲ့ဖူး သည်။

စာသင်ခန်းမှာ...

'မင်းတို့ တောထဲသွားတဲ့အခါ မုဆိုးသွား မသွားရဘူး။ သစ်ကိုင်းသစ်ခက်ခြောက်တွေ ကို ခြေသံပြင်းပြင်း နင်းသွားရမယ်'

ဟု သင်ခဲ့ရသည်။

သို့သော် တောထဲတောင်ထဲမှာ





www.burmeseclassic.com

www.burmeseclassic.com

တိုးတိုးတိတ်တိတ်သွားမှ သားရိုင်းတိရစ္ဆာန်တွေကို တွေ့နိုင် မြင်နိုင်သည်ကိုလည်း သဘောပေါက်ခဲ့သည်။

စခန်းမှာ သေနတ်ရှိသည်။ သေနတ်က အမေရိကန်ရိုင်ဖယ်ခေါင်းတို အမဲပစ်၍ကောင်းသည့် သေနတ်ဟုဆိုသည်။ ဘိုးပုနှင့် အောင်ခင်လည်း စခန်းကို အမြဲဝင်ပြီး သေနတ်ယူကာ အမဲလည်နေကျဟု ဆိုသည်။

စနေ၊တနင်္ဂနွေရက်မှာ သူတို့ရောက်လာလျှင် စာရေးသူ လိုက်ပါပြီး မုဆိုးတို့၏အထာနှင့် မုဆိုးပညာကို စတင်လေ့လာခဲ့သည်။

နန်းကြည်းလား တောကလည်း သားကောင်တွေပေါသည်။ ချေ(ဂျီ)တို့၊ ဆတ်တို့၊ တောဝက်တို့ဆိုတာ နေရာတိုင်းမှာ အစာစားထွက်နေသည်ကို မကြာမကြာ တွေ့ရသည်။

'ဒီလို သားကောင်တွေများလို့ အသားစားတဲ့ကျားတွေ ရှိနေတာ'

ဟု မုဆိုးကြီးဘိုးပု ပြောသည်။

သစ်တောကျောင်းမှာ သင်ခဲ့ရသည့် တောရိုင်းတိရစ္ဆာန်တွေ၏ ''ဂေဟဗေဒ''စနစ်က မုဆိုးကြီးဘိုးပု ပြောပြသည့် တောသဘာဝနှင့် ထပ်တူကျနေ၍ မုဆိုးတွေ၏ အတွေ့အကြုံနှင့် သဘာဝကို သဘောကျနေမိသည်။

စိုက်ခင်းကလည်း သစ်ပင်စိုက်ပြီးသွားပြီ။ အကူလာသည့် ဝန်ထောက် ဦးအုန်းလွင်နှင့် ဦးကျော်မိုးတို့လည်း ပြန်သွားပြီ။ ကျောင်းဆင်းဖက် သူငယ်ချင်း ကိုထွန်းမြင့်ကလည်း ပြောင်းသွားပြီ။

စခန်းမှာ စာရေးသူနှင့် တောခေါင်းကြီးတွေသာ ကျန်တော့သည်။

အလုပ်နားရက်ဆိုလျှင် အောင်ခင်နှင့် ဘိုးပုကိုသာ မျှော်နေမိသည်။



နားရက်တစ်ရက်မှာ ဘိုးပု ရောက်လာသည်။

'မုဆိုးအတတ်ကို လက်ထပ်သင်ပေးဖို့'

ဟု ပြောရင်း ဘိုးပု အမဲလည်ရာနောက် တကောက်ကောက် လိုက်ခဲ့သည်။

စခန်းကနေ နန်းကြည်းလားချောင်း မြောက်ဘက်က တောကို ထွက်ခဲ့ကြသည်၊ သစ်ပင်ကြီးတွေကလည်း မြင့်မားလှသည်။ အရိပ်အာဝါသကလည်း အေးမြလှသည်။ အောက်ပေါင်းကလည်းရှင်းသည်။ တစ်ခါတစ်ခါ ဝါးရုံကြီးတွေနှင့် နွယ်ချုံပင်ကြီးတွေကို တွေ့ရသည်။

နွယ်ငန်းချုံနှင့် ဝါးရုံတစ်ရုံကို ကျော်လိုက်သည်နှင့် ဂျီ(ချေ)တစ်ကောင်ကို စတွေ့ရသည်။ ဂျီ(ချေ)က နွားနီရောင် ဝဝကစ်ကစ်နှင့် အစာငုံ့စား၍ စာရေးသူက ဘိုးပုနားကပ်ပြီး ပစ်ရန်လက်တို့လိုက်သည်။

'ဒီဂျီ(ချေ)က အမ ဗိုက်ရှိတယ်။ ဗိုက်က လုံးဖောင်းလို့ မကြာခင် မွေးတော့မှာ။ ကျုပ်က အမဆို ဘယ်တော့မှ မပစ်ဘူး'

ဘိုးပု ပြောလိုက်မှ ကျောင်းတုန်းက သင်ခဲ့ရသည့် သားငှက်ဥပဒေကို သွားပြီး သတိရမိသည်။

**''ဒရယ်၊ ဆတ်၊ ချေ(ဂျီ) ဖွန်(၁၅)ရက်မှ စက်တင်ဘာ (၃၀)ရက်ထိ လုံးဝမပစ်ရ''**ဟု တားမြစ်ထားသည်ပဲ။

ဘိုးပုက မုဆိုးဆိုပေမယ့် တကယ် စည်းကမ်းရှိသည့်မုဆိုးကြီးပါလား ဒီလိုနှင့် တစ်ပင်ကေ

တစ်ပင်ကျော် ရှေ့တစ်မျှေ ကြည့်ရင်း ခြေကို ဖွဖွနင်းကာ လျှောက်ခဲ့ကြသည်။ မြောင်တ မြောင် အရောက်မှာ ''ဖျောက်''ခ အသံကြား၍ လှမ်းကြည့်လိုက် ဂျီ(ချေ)ပေါက်ကြီးတစ်ကောင် ဆတ် ခေါင်းထောင်အကြည့် မုဆိုးဘိုးပု သူမြင် ကိုယ်မြင် မြင်နေကြပြီ။

ဘိုးပုက၊ ကျည်ထိုးမောင်းတင် ထွက်အောင် အချက်ပေးရင်း အေးအေ ဆေးဆေး လုပ်နေသည်။

စာရေးသူက အတင်းလက်တို့ ပစ်ဖို့ပြောနေမိသည်။ ဘိုးပုကတေ မပစ်သေး။ ငေးကြည့်နေသည်။ ဂျီ(ချေ ဆတ်ခနဲ လှည့်အပြေး ဘေးတိုက် ပစ်ကွင်းရောက်မှ ''ဒိုင်း''ခနဲ ပစ် လိုက်သည်။

ဂျီ(ချေ)လည်း တလိမ့်ခေါက်ကွေ လဲကျသွားသည်။ ဖြောင့်လိုက်သ လက်၊ ချေ(ဂျီ)ကို အသေပေး ပြေး ပြီးမှ ပစ်ခဲ့ပုံကလည်း ထူးခြားလှသ

သူများအသတ် သတ်ပေမ စိတ်ဓာတ်က မြင့်မြတ်လှသ သားကောင်ကို အသေပေး ပြေးအေ လုပ်ပြီးမှ ပစ်သတ်ခဲ့တာ ''တရားေ အမဲလိုက်နည်း''ပါ။ မုဆိုးတိုင်း ဒ စိတ်ဓာတ်ရှိဖို့ လိုအပ်လှသည် တွေးနေမိသည်။

ဘိုးပုက လဲသွားသည့် ဂျီ( ပေါက်ဆီ အရောက်ပြေးပြီး ခ ချောင်းကို ပေါင်းကိုင်ကာ ဒူး ကြောကို ဖြတ်လိုက်သည်။ သေနတ်ကို စာရေးသူထံအ ဂျီ(ချေ)ကိုထမ်းပြီး စခန်း သည်။ အပြန်လမ်းမှာတော့ ဘိုး



www.burmeseclassic.com

www.burmeseclassic.com

မုဆိုးသင်ခန်းစာ စ,ပါတော့သည်။

'မုဆိုးဆိုတာ တောထဲရောက်တာနဲ့ သတိရှိရှိ ဟိုကြည့်ဒီကြည့် ကြည့်ပြီး ဖြည်းဖြည်းမှန်မှန် ခြေသံလုံလုံနဲ့ သွားရမယ်။ ခလုတ်ထိမှာ ဆူးငြိမှာလဲ တွေးမပူရဘူး။

သားကောင်တွေရဲ့ သဘာဝကိုလဲ ဂဃနဏ သိထားရမယ်။ သားကောင်တွေရဲ့ အစာစားထွက်ချိန်နဲ့ နားခိုချိန်ဟာ သားကောင်တိုင်း အတူတူပဲ။ နားပါးရမယ်။ မျက်စိလျင်ရမယ်။ လက်လျင်ရမယ်။ စိတ်ရှည်ရမယ်။ ဇွဲရှိရမယ်။

တစ်ခါတစ်ခါ သားကောင်နဲ့ ကိုယ်နဲ့ သူမြင် ကိုယ်မြင် မထင်မရှား ဖြစ်နေလို့ သူကကြည့်၊ ကိုယ်ကကြည့်နဲ့ ဆုံမိကြတဲ့အခါ သားကောင်တွေဟာ မျက်လွှာမရှောင်၊ မျက်တောင်မခတ်၊ နားရွက်မခတ် လုပ်မြဲတိုင်းလုပ်ပြီး အကဲခတ်နေတဲ့အခါ ကျောက်ရုပ်လို သစ်ငုတ်လိုပဲ…

အဲ…ကိုယ်က စိတ်မရှည်တတ်လို့ မျက်တောင်တစ်ချက် ခတ်လိုက်မိတာနဲ့ ဆိုးခနဲ ဆတ်ခနဲ ပြေးထွက်သွားတတ်တာကလဲ သေနတ်ပြောင်းတန်းချိန်တောင် မရလိုက်ဘူး'

'ဒီလောက်တောင်ပဲလားဗျာ'

'ပြောရတာ ခက်လို့ပါ။ တောအုပ် ကိုယ်တွေ့ကြုံတဲ့အခါ သိမှာပါ။ ဒီလို စူးစမ်းအကဲခတ်တဲ့နေရာမှာ အလေ့အထသာလို့ ကျားရဲ့တွေရဲ့ဘေးက ပြေးလွတ်တာပေါ့'

ဒီလိုနှင့် စကားပြောရင်း ဂျီ(ချေ)အမဲ ပြန်လာကြတာ တောလမ်းဆိုတော့ ညနေချမ်းမှ စခန်းပြန်ရောက်ခဲ့ကြသည်။

စခန်းရောက်တော့ ဂျီ(ချေ)ကိုချက်ရာရှင်းပြီး ဂျီ(ချေ)ကို ဖျက်ကြသည်။ ဦးပုက ဂျီ(ချေ)ခါးချက်ဖို့ တောခေါင်းကြီး ဦးဖိုးကွန်းကိုပြောရင်း **ဂျီ(ချေ)နှင့်မျောက်တွေသည် အသီးနှင့်သစ်ရွက်နုကိုသာ စားတတ်သည့်သဘာဝချင်းတူ၍ ချေးခါးချက်၍ရတာဖြစ်ကြောင်း၊ "ဂျီ(ချေ)ချေးခါး၊ မျောက်ချေးခါး" ဆိုတာ မုဆိုးတွေ၏ အနှစ်သက်ဆုံး ဟင်းလျာဖြစ်ကြောင်း** ရှင်းပြသည်။



ထိုနေ့ညက ဂျီ(ချေ)ချေးခါးဟင်းနှင့် ထမင်းဝိုင်းဖွဲ့စားရင်း စာရေးသူတို့နှင့်အတူ စခန်းမှာ ညအိပ်ပြီးမှ ဘိုးပုပြန်သွားသည်။

ခုတလော ဘိုးပုတစ်ယောက်ရောက်မလာတာ အတော်ကြာသွားပြီ။ အောင်ခင်လည်း ရောက်မလာ၍ မျှော်နေမိသည်။

မုဆိုးနောက်လိုက် လက်သင်ဘဝ၏ အတွေ့အကြုံကိုရင်းကာ အမဲလည်ချင်စိတ်က ပြင်းပြလာသည်။ သည်လိုနှင့် သေနတ်ကိုဆွဲကာ နန်းကြည်းလား ချောင်းဖျားဘက်ထွက်ခဲ့သည်။

စခန်းနှင့် တဖြည်းဖြည်း ဝေးလာခဲ့သည်။ သစ်ပင်ကြီးတွေကလည်း တစ်ပင်ပြီးတစ်ပင် ပြိုင်ယှဉ်နေကြသည်။

ဝါးရုံကြီးတွေကလည်း တစ်ရုံပြီးတစ်ရုံ တည်နေပုံ သဘာဝအလှကိုတွေ့ရလေတော့ "စုံကနိုင် မြိုင်ယံဖျားမှ သားရိုင်းတိရစ္ဆာန်တွေရဲ့ ဂေဟာက သာယာလိုက်တာ" ဟု တွေးနေမိသည်။

သည်လိုနေရာမျိုးမှာ အစာစားထွက်နေသည့် ဂျီ(ချေ)တွေ၊ ဆတ်တွေကို တွေ့နိုင်သည်။ သေနတ်ကို ပခုံးပေါ်တင် ကိုင်လာရင်းက ညာလက်မှာ ပြောင်းကိုင်လိုက်သည်။

မာလာတောကိုဖြတ်ပြီး ဝါးရုံကိုကွယ်ကာ ချောင်းထဲဆင်းလိုက်သည်။ ချောင်းရေပါးပါးက ကြည်လင်ပြီး တသွင်သွင် စီးနေသည်။ ကျောက်တုံးလေးတွေကလည်း ညီညီညာညာနှင့် စီကာပြန့်ကာ ရှိနေသည်။

ချောင်းစပ်ရောက်တော့ ရင့်ရဲပင်တွေကြားမှ တစ်ဖက်က ချောင်းစပ်ဆီလှမ်းကြည့်မိသည်။ ခွေးလေ့းယားနွယ်ရွက်နုနုလေးတွေကို ငုံ့စားနေသည့် ဆတ်တစ်ကောင်ကို တွေ့လိုက်ရသည်။

သားကောင်ကို ချုံအကွယ်ကနေ ပက်ပင်းတွေ့လိုက်ရ၍ ရင်ထဲ "ဒိတ်" ခနဲ ခုန်သွားသည်။ စာရေးသူနှင့် ဆတ်က ရင်ဆိုင်အနေအထား ဖြစ်သည်။ ဆတ်ကတော့ အစာကို ငုံ့စားနေဆဲပါ။

စာရေးသူက စိတ်ကိုငြိမ်အောင်ထိန်းကာ သေနတ်ကို မောင်းတင်လိုက်သည်။ ဆတ်ခေါင်းပေါ်က လည်ကုပ်နှင့်ရင်အုံကို သေချာချိန်လိုက်သည်။

ပြီးမှ ခလုတ်(Tragger)ကို ဆွဲဖြုတ်လိုက်သည်။ "ဒိုင်း" ခနဲ မြည်ဟည်းသွားသော သေနတ်သံနှင့်အတူ ဆတ်မှာ ဗိုင်းခနဲ လဲကျသွားသည်။

စာရေးသူက ချောင်းရေစပ်စပ်ကို ဖြတ်ပြေးပြီး မုဆိုးကြီး ဘိုးပု လုပ်သလို လဲနေသည့် ဆတ်၏ ခြေနှစ်ဖက်က ဒူးခေါက်ကြောတွေကို ဖြတ်လိုက်သည်။ ဆတ်မှာ တုတ်တုတ်မျှ မလှုပ်။ သေနေပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝ၏

မျိုးသစ်

# အမှတ်တရ ပုတီးကုံးများ

အသက် နှစ်ဆယ့်ရှစ်နှစ်မှစ၍ နှစ်ပေါင်းများစွာ ပုတီးစိပ်ခဲ့ပါသည်။ ထိုစဉ်က စိပ်သည့်ပုတီးများမှာ မိမိ၏ ကြာသပတေးနေ့နံသား ပိတောက်ပုတီးကို လည်းကောင်း၊ ပန်းပေါင်း (သရိုးကိုင်)ပုတီးကို လည်းကောင်း၊ ကြေးပုတီးကို လည်းကောင်း စွဲစွဲမြဲမြဲ စိပ်ခဲ့သည့်တိုင် အကြောင်းကြောင်းဖြင့် ရလာသော (ရောက်လာသော) ပုတီးတို့မှာ ရှေးဟောင်း ဆွမ်းအုပ်ထဲတွင် တစ်ဝက်မကာ ရှိနေ၏။

အချို့သော ပုတီးတို့ကို စတင်ပြီး စိပ်လိုသူတို့အား ခွဲဝေလှူပေးခဲ့သည့်နောက် ကျန်ပုတီးတို့ကို တည်ဆဲတစ်ဆူဆူသောဘုရားတွင် လှူဒါန်းရန် ဆုံးဖြတ်ထားခဲ့ပါသည်။

ပစ္စည်းစုဆောင်းတတ်သူတို့ အကျင့်စရိုက်အတိုင်း တသသ တပြုပြု ရှိမနေခဲ့ပါ။ တကယ်တမ်း ပုတီးစိပ်ရန်အတွက် ပုတီးများစွာ မလိုအပ်ပေ။ သို့သော်လည်း လက်ဆောင်ရ၍ဖြစ်စေ၊ အကြောင်းကြောင်းနှင့် ရောက်လာသော ပုတီးကိုဖြစ်စေ၊ အလဟဿ စွန့်ပစ်ရရိုး ထုံးစံမရှိပေ။ ကိုယ်နှင့်အတူ မထားသော်မှ တရိုတသေ သိမ်းဆည်းရစမြဲပါ။

ကုသိုလ်ယူလိုသူတို့၏ ပုတီးများကိုမူ တစ်လကိုးသီတင်း အဓိဋ္ဌာန်ဝင်၍ပင် စိပ်ပေးခဲ့ဖူးသည်။ ချဉ်းကပ်လာ...
တစ်ပါးသူ၏ ယုံကြည်အားကို...
အလေးမထား၊ မထီမဲ့မြင်...
မေတ္တာဖြင့်သာ တုံ့ပြန်၏။ အ...
ဆုံးသော အကြံဉာဏ်များ ...

ကိုယ်တိုင်ကလည်း မိမိကို...
ထက်ထက်မြက်မြက် အဆင့်...
ရောက်နေသည်ဟု လုံးဝ မသ...
ပါ။ သာမန်လူတစ်ယောက်...
အကုသိုလ်ကင်းစွာ ကုသိုလ်...
လုပ်နေသူဟု ခံယူခဲ့သည်။

ပြောမည်ဆို သရ...
သုံးဆယ်၊ ဂုဏ်တော်ကွန်...
ပုတီးဖြင့် ထုံမွှမ်းနေသူအဖြစ်...
ဘုရားပေါ်အရောက် (...
ယောက်၏ ပြင်ဆင်ပေးမှုအ...



www.burmeseclassic.com

www.burmeseclassic.com



(**သရဏ**–ကိုးကွယ်ရာဟူ၍၊ **ဂမန**–သိသောစိတ်) ထိုသရဏဂုံစိတ် ဖြင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟူသော (အခြေခံစိပ်နည်း)ကို အဓိကကျစွာ ပုတီးစိပ်ခဲ့ရပါသည်။

**(နောက်ပိုင်းတွင် အလုပ်စခန်း ပြီးဆုံးသည့်အထိ သရဏဂုံပုတီးစိပ်က အကျိုးပေးကြောင်း သိခဲ့ရ၏။)**

ဤသို့ဤနှယ် ပုတီးစိပ်နေသော ကာလတစ်လျှောက် (ပုတီး)များ ထူးခြားစွာ ရလာသော(ရောက်လာသော) အကြောင်းရပ်ကလေးများကို တင်ပြလိုရင်းပါ။ မြတ်ဗုဒ္ဓက ဂါထာတစ်ဂါထာ ဟောခဲ့၏။

ယာဒိသံ ဝပတေဗီဇံ၊
တာဒိသံ ဟရ တေဖလံ။
ကလျာဏ ကာရီ ကလျာဏံ၊
ပါပကာရီ စပါပကံ။

ထိုအဓိပ္ပါယ်မှာ...

ချိုသောမျိုးစေ့ကိုစိုက်လျှင် ချိုသောအသီးစားရမည်။ ခါးသောမျိုးစေ့ကို စိုက်လျှင် ခါးသောအသီး စားရမည်။ ထို့အတူ ကောင်းသောအမှုကို ပြုလျှင် ကောင်းကျိုးခံစားရမည်။ မကောင်းသည့် အကုသိုလ်အမှုပြုလျှင် မကောင်းကျိုး ခံစားရမည် ဟူ၏။ သတိပြုဖွယ်ပင်။

ရွှေတိဂုံစေတီတော် ကြာသပတေးအရပ်ဖြစ်သော အနောက်ဘက်တွင် ဘယ်,ညာ နှစ်နေရာရှိနေသော်လည်း ညာဘက်ထောင့် စေတီလေးများကြား လှေကားအတက်နေရာမှာ ပုတီးစိပ်ရန် သပ္ပါယမျှတပါသည်။

ရန်ကုန်မြို့သို့ ခေတ္တရောက်ခိုက် ရွှေတိဂုံစေတီတော် ဖူးမြော်ရင်း ပုတီးစိပ်ရသည်မှာ အေးချမ်းလှပါဘိတော့။

ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့ အမျှဝေသည့် အချိန်မှာ တစ်နာရီသာသာ ရှိမည်။ တောင်ဘက်မုခ်ပေါက်မှ ဆင်း၍ မြို့ထဲသွားရန် အစီအစဉ်အရ လက်ယာရစ် တစ်ပတ်ပတ်ပြီး ဆင်းလာခဲ့၏။ ပုတီးဆိုင်များအနီးသို့ ရောက်မှ သတိရလာမိသည်။

ထိုစဉ်က ကားလမ်းမပေါက်သေးသောကြောင့် ဟသ်ာတမှ ရန်ကုန်သို့ မီးရထားဖြင့် သွားရန်အတွက် သာရဝေါကို ကူးခဲ့ရပြီး နေ့လယ် ရထားမှာ ကြည့်မြင်တိုင်ဘူတာတွင် လမ်းဆုံးသည်။

ညပိုင်း(၇)နာရီခွဲ၊ (၈)နာရီ ရထားဆိုက်ချိန်၌ အနေဝေးသော ဆွေမျိုးများအိမ်သွားရမည့်အစား ကြည့်မြင်တိုင်ရှိ ဆွေမျိုးများအိမ်တွင်သာ တည်းခိုအိမ်အဖြစ် အနေများ၏။

ရန်ကုန်ကိုမလာမီ တစ်ည ဦးပါရဲ ဘုရားပေါ်တွင် ဘုရားရှိခိုး ပုတီးစိပ်အပြီး အာလာပသလ္လာပ ပြောနေကြစဉ် ရန်ကုန်သွားမည့်အကြောင်း ရောက်သွားသည်။ ထိုစဉ်တွင် စကားပိုင်းသို့ တစ်ဦးတစ်ယောက်က ဝင်လာ၏။

'မင်း ရန်ကုန်သွားမယ်ဆို ရွှေတိဂုံက ပုတီးတစ်ကုံးလောက် ဝယ်ခဲ့ပေးပါ'

ပြောလာသူမှာ မကြာသေးမီက ဘုရားပေါ်ရောက်လာသော ဘကြီးတစ်ယောက်၊ အသက်ပိုင်းခြောက်ဆယ်ကျော်၊ ခုနစ်ဆယ် နီးနီးပေမယ့် သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ်။ ဝတ်စားပုံကလည်း ခံ့ခံ့ညားညား သပ်သပ်ရပ်ရပ်။

'ရပါတယ် ဘကြီးရယ်၊ ဘာသားနဲ့ လိုချင်တာလဲ၊ တစ်ရာ့ရှစ်လုံးပုတီးပဲ မဟုတ်လား။ ယောက်ျားစိပ် ပုတီး အရွယ်အစား ဟုတ်တယ်နော်'

'အေးကွယ်... အသားထက် ပုတီးက အနက်ရောင် ဖြစ်ရမယ်။ ကျန်တာကတော့ မင်း ပြောသလိုပါပဲ။ ရော့ဒီမှာ ပိုက်ဆံယူသွား'

ဘကြီးက ပိုက်ဆံကျပ်တန် အသစ်လေးကိုးရွက်ကို ထုတ်ပေးသဖြင့် စိတ်ထဲတွင် ပြုံးမိသည်။ ထိုအချိန်က ပုတီးတစ်ကုံးငါးဆယ်၊ တစ်ရာမို့ ပိုက်ဆံကိုးကျပ်ဖြင့် ပုတီးဝယ်ရန် မလွယ်။

ဘုရားပေါ်မှ ဓမ္မမိတ်ဆွေများကလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးစစ။ မည်သို့ပင်ဖြစ်စေ ဘကြီးမှာသည့် ပုတီးကို ဝယ်ယူလာရန်နှင့် စိုက်ပေးလိုက်ရသည့်တိုင် လှူဒါန်းမည်ဟု ကြံရွယ်ခဲ့သည်။

'ဘာလဲ မင်းစိုက်ရမယ် ထင်နေလား။ လှူဖို့လဲမလိုပါဘူး။ မင်း ဝယ်ရမှာက ပုတီးသစ်မဟုတ်ဘူး၊ ပုတီးဟောင်းပါ။ ဝယ်တော့ မင်းသိမှာပဲ'

ကျွန်တော် အံ့အားသင့်မိသည်။ ဘကြီးက ကျွန်တော့်စိတ် အတွေးများကို သိနေသကဲ့သို့ ပြောလိုက်ခြင်းပါ။ ဆန်းပင် ဆန်းသေးတော့။

'ရပါတယ်ဘကြီးရယ် ဝယ်ခဲ့ပါမယ်'

စကားကို ပြီးပြတ်အောင် ပြောလိုက်ရသော်လည်း စိတ်ထဲတွင် [illegible] မကျကြီး။

'ဒီမယ်ခင်ဗျ ပုတီး[illegible] ရှိပါသလား။ ပုတီး[illegible] တယ်။ ယောက်ျား[illegible]'

ပုတီးနှင့် နီဗ္ဗာန်[illegible]

နဂ္ဂုရွာကျောင်း[illegible]

www.burmeseclassic.com

သူ အသက်ငါးဆယ်ခန့် ပုဂ္ဂိုလ်ကြီး၏ အံ့ဩသွားသည့် မျက်နှာထားမှာ မဖုံးနိုင် မကွယ်နိုင်။

'တိုက်ဆိုင်လိုက်တာကွာ၊ မနေ့ကမှ လာအရောင်းခိုင်းထားတဲ့ ပုတီးတစ်ကုံး ရှိနေတယ်။ အရောင်ကလဲ နက်မှောင်နေတော့တယ်။

အသားက ဘာသားလို့ ပြောမသွားဘူး။ ရောင်းမယ့်ဈေးက ဆန်းဆန်းပဲ ကိုးကျပ်တဲ့။ ပြီးတော့ လာမေးတဲ့လူကို ရောင်းရမယ် ဆိုပဲ၊ ကိုယ်ကပြီး မရောင်းရဘူးတဲ့'

ကျွန်တော်က ကျပ်တန်လေး ကိုးရွက် ထုတ်ပေးလိုက်သောအခါ ရောင်းသူကြီးက ပိုက်ဆံကို တရိုတသေ ဘုရားစင်ပေါ်တင်ထားလိုက်၏။ သူက ပြုံးနေပါသည်။

'ဘာလဲ အံ့ဩနေသလား မောင်ရင်ဝယ်တဲ့ ပိုက်ဆံကို သိမ်းထားပါတဲ့၊ ဝယ်သူ့ပိုက်ဆံဟာ အကျိုးပေးမယ့်ပိုက်ဆံ အဲဒီပိုက်ဆံဟာ ပုဂ္ဂိုလ်တစ်ဦး ချီးမြှင့်တာဆိုပဲ မှာလိုက်လို့ လာဝယ်တာဖြစ်ရမယ်တဲ့ မောင်ရင်က ဝယ်ပေးရတာ မဟုတ်လား'

နောက်ရှစ်လအကြာ တစ်ခေါက် ရန်ကုန်ကို ရောက်ခဲ့သည်။ နိဗ္ဗာန်ကုန်ဆိုင်နေရာတွင် စာအုပ်ဆိုင် ဖြစ်နေပါပြီ။ ယခင် ရောင်းသူလူကြီးကို လည်း မတွေ့တော့ပါ။

ထို့ပြင် အဝယ်ခိုင်းသည့် ဘကြီး တစ်ယောက် စုန်းစုန်းမြုပ် ပေါ်မလာသဖြင့် ပုတီးမှာ **၂၀၀၆ ခုနှစ်တိုင် ဝယ်ပေးသူ ကျွန်တော်ထံတွင် ရှိနေမြဲ ရှိနေဆဲ။**

* * *

၁၉၉၀ ပြည့်နှစ် ပိုင်းလောက်က စီးပွားရေးလုပ်ငန်းများ အဆင်မပြေ လုပ်သမျှ လုပ်ငန်းတွင် အထစ်ထစ် အငေါ့ငေါ့။ စိတ်ညစ်ညစ်နှင့် သူငယ်ချင်း တစ်ဦးနှင့်အတူ ရန်ကုန်ထွက်



လာခဲ့မိသည်။

စသုံးလုံးမှ သူငယ်ချင်းတစ်ဦးနှင့် တွေ့ပြီး သူ့ကောင်းမှုကြောင့် ရန်ကင်း ကျောက်ကုန်းရှိ အိမ်တစ်အိမ်၏ ဓာတ်နန်းသို့ ရောက်ခဲ့ရ၏။

ထူးခြားချက်မှာ ထိုအိမ်ရှိ ဓာတ်နန်း အတွင်းတွင် လူသားတစ်ဦး ထိုင်နေသည့်အလား (လူတစ်ထိုင်)ခန့် အဘ **ဘိုးဘိုးအောင်နှင့် ဘိုးမင်းခေါင်** ရုပ်တုကြီးများမှာ ကြွားကြွားရွားရွား။

တစ်တောင် တစ်တောင်သာသာ ရုပ်တုများမှအပ အိမ်ရှိ ဓာတ်နန်းများ၌ အဘဆရာတော်များ ရုပ်တုကြီးကြီး မားမား မတွေ့ဘူးခဲ့ပါ။ အိမ်တွင်းထိုင် မိချိန်တွင် ဓာတ်နန်းသို့ ရောက်နှင့် နေသူ အတော်များပေပြီ။

ကိုယ်စီကိုယ်င အကျိုးအကြောင်း အဆိုးအကောင်း မေးမြန်းဖို့ ပြဿနာ လေးတွေ ပါလာပေမည်။ ကျွက်စိ ကျွက်စိ စကားပြောသံများမှာ မောင်းသံကြောင့် တိတ်ဆိတ်သွား၏။

ပုဆိုးကွက်တုံး ဆံပင်ရှည်နှင့် စွပ်ကျယ် အင်္ကျီအပေါ် ပင်နီတိုက်ပုံ ဝတ်ထားသော ပုဂ္ဂိုလ်ကြီးတစ်ဦးက ကုလားထိုင်ပေါ်တွင် လာထိုင်စဉ် အားလုံးက ပုဂ္ဂိုလ်ကြီး၏ စကားသံကို ငံ့လင့်နေပုံမျိုး။

'သားတွေ သမီးတွေ ကျန်းမာချမ်းသာကြပါစေ၊ ကျရောက်လတ္တံ့သော အန္တရာယ် အပေါင်းဘေးအပေါင်းက ကင်းလွတ်နိုင်ကြပါစေ'

ထိုပုဂ္ဂိုလ်ကြီး၏ အသံမှာ အောင်မြင်လှသဖြင့် ခန်းမတွင်း ဟိန်းထသွားစေသည်။

'ခုချိန်ကစပြီး ခုနစ်ရက်သားသမီး တွေရဲ့ တွေ့ကြုံနေရတဲ့ အခက်အခဲကို ဖြေရှင်းပေးပါတော့မယ်။ အဘ ဓာတ်ကျပြီး ခေါ်သူများကို စတင် ဟောကြားပေးမှာ ဖြစ်ပါတယ်'

တစ်ယောက်သော လူလတ်ပိုင်း ပုဂ္ဂိုလ်က ကြေညာပေးလိုက်ခြင်းပါ။

'ကဲ သမီးကြီးက စပြောစမ်း'

'အဘ သမီးလုပ်ငန်းတစ်ခု လုပ် မလို့ ရည်မှန်းထားပါတယ်။ အဲဒါ ကောင်းမကောင်း သိချင်လို့ပါ။ လုပ် သင့်မှ လုပ်မယ်လို့ ဆုံးဖြတ်ထားပါ တယ်'

'အဂ်ါနံ ဆန်၊ ဆီ၊ ဆေး၊ ဆား စက်ကိရိယာ၊ စက်ပစ္စည်းအားလုံး ရောင်းဝယ်သင့်တယ်။ သမီး ကြံထား တာလဲ ဒါပဲ မဟုတ်လား'

အမျိုးသမီးကြီးက မှန်ကန်ကြောင်း ဝန်ခံလိုက်ပြီး မျက်နှာလည်း ဝင်း သွား၏။

'သမီးတစ်ဦးတည်းလုပ်ပါ။ အစုစပ် မလုပ်လေနဲ့ မှတ်ထားနော်'

အမျိုးသမီးကြီးက ရှိခိုးကန်တော့ ပြီး ထပြန်သွားသည်။

'ဟေ့ အဘသား...လာပါဦးကွ'

ကြောင်ငေးငေး ဖြစ်နေသော ကျွန်တော့်ကို သူငယ်ချင်းက ထသွား ရန် လက်ကုတ် အချက်ပေးသည်။ ရှေ့ကုလားထိုင်ပေါ်တွင် ထိုင်နေသော ပုဂ္ဂိုလ်ကြီးက ကျွန်တော်ရှိရာ လက်ညှိုး ထိုးကာခေါ်နေခြင်းပင်။ ပုဂ္ဂိုလ်ကြီး၏ အပြုံးကြောင့် စိုးရွံ့မှုကို လျော့ပါး ထသွားမိ၏။ အားလုံးက ကျွန်တော့်ကို ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

'အဘသားက ဘာတွေ စိတ်ဆင်းရဲနေတာလဲ မှန်ပြတောင်ကို အရောက်သွားအမှန်တွေပြလိုက်မယ်။ အမှန်တွေပြရင် စိတ်ချမ်းသာပြီပေါ့ကွာ'

'ကောင်းပါပြီအဘ ကျွန်တော်သွားပါ့မယ်'

ကျွန်တော်လည်း ရှိခိုးပြီး ထပြန်လာခဲ့၏။ သွားပါမည်ဟု ကတိပေးခဲ့သည့်တိုင်(မှန်ပြတောင်)ကို ကျွန်တော် မသိရှိးအမှန်။

'ခင်ဗျား တော်တော်ကံကောင်းတယ်။ တချို့သူတွေဆို ခေါ်တာမဟုတ်ဘူး။ ခင်ဗျား မှန်ပြတောင်ဆိုတာ မသိဘူး ထင်တယ်။ ပုပ္ပါးတောင်ကလပ်ရှေ့က ပုပ္ပါးတောင်မကြီးရဲ့ တောင်ထွတ်ဟာ မှန်ပြတောင်ပဲ။

တောင်မကြီးရောက်ရင် လမ်းပြနဲ့ တက်ပေါ့။ တောင်ကလပ်ကတည်းက စီစဉ်သွားရပ်ရပါတယ်'


သို့ဖြင့် ရန်ကုန်မှ ပြန်အရောက်တွင် မိတ်ဆွေကြီး ကိုကျော်ဝင်းကို အဖော်ပြု၍ ပြည်ဘက်မှလှည့်ကာ(ပြည်ဝင်/ပြည်ထွက်) ကျောက်ပန်းတောင်းမှတစ်ဆင့် ပုပ္ပါးတောင်ကလပ်၊ ထိုမှ တောင်မကြီး တက်ခဲ့၏။

တောင်ကလပ် အဘဘိုးမင်းခေါင်စေတီတွင် ပုတီး(၁၀၈) ပတ်အဓိဋ္ဌာန်စိပ်ပြီးစဉ် ရှေ့အခင်း အဝတ်ဖြူပေါ်၌ ပုတီးတစ်ကုံးမှာ စုစုပုံပုံ၊ မည်သူထားခဲ့မှန်း လုံးဝမသိ၊ ပုတီးမှာ သစ်သစ်လွင်လွင် မဟုတ်လင့်ကစား ဟောင်းဟောင်းနွမ်းနွမ်းလည်းမမည်။

ပုတီးလုံးကြီးများမှာ ကျောက်ဒိုးအရွယ် စလွယ်သိုင်းရမည့် အနေအထား။ အလေးချိန်မှာ စီးစီးနင့်နင့်။

* * *

နိုင်ငံရေးတာဝန်အရ ခရီးသွားရစဉ်နယ်ဘက်မှ ဆေးဆရာကြီးတစ်ဦးနှင့် ခင်မင်ရင်းနှီးခဲ့ရသည်။ ဆေးဆရာကြီးတွင် သမီးတစ်ယောက်မှတစ်ပါး အခြားသားသမီး မရှိခဲ့ပါ။



သမီး၏ခင်ပွန်းက ဌာနဆိုင်ရာအရာရှိတစ်ဦး ဖြစ်သဖြင့် ကျောင်းဆရာမဖြစ်သူ သမီးမှာ ခင်ပွန်းသည် ပြောင်းရွှေ့ရာသို့ တတန်းတည်းလိုက်လံနေရသောကြောင့် မိဘအိမ်သို့ တစ်နှစ်ကြာ၍ တစ်ခါရောက်ဖို့ ခဲယဉ်းသည်။

ဆရာကြီးမှာ တပည့်တပန်းနှစ်ယောက် အကူအညီဖြင့် လှုပ်ရှားသွားလာနေရရှာပြီး အသက်အရွယ်ရပြီဖြစ်သည့် ဆရာကတော်ကြီးကိုယ်တိုင် ပတ်ဝန်းကျင် သားချင်းတစ်စများနှင့် ရပ်ဆွေရပ်မျိုးတို့ကို အားကိုးနေရခြင်းပါ။

ဆေးဆရာကြီးမှာ ဆေးပညာပဟုသုတများနှင့် ပြည့်စုံသည်သာမက စာပေပိဋကတ် နှံ့စပ်သည့်အပြင် အသက်အရွယ် ငယ်စဉ်ကပင် ပုတီးစိပ်ခဲ့သည်မှာ ယနေ့ထက်တိုင် နိစ္စဝတ်မပျက် ဆောင်ရွက်နေဆဲ။

ထိုစဉ်က ဆရာကြီး **အသက်မှာခုနစ်ဆယ်ကျော်ကျော်။ အသက်ခြောက်ဆယ့်ငါးနှစ် ပြည့်ကတည်းက** ဆရာကြီး နေ့စဉ် နဝင်္ဂသီလခံယူပြီး ဥပုသ်စောင့်လာခဲ့သည်မှာ ကြာပေပြီ။

ဆရာကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကြောင့် ခင်မင်ရင်းနှီးခဲ့ရာမှ ဆရာကြီးအိမ် အဝင်အထွက်ရှိခဲ့၏။

ဆရာကြီးတို့ရွာကို ရောက်လေတိုင်း ဆရာကြီးထံ တကူးတက စားသောက်စရာများနှင့် ရောက်စမြဲ။ ဆရာကြီးနှင့် တဆွေးတနွေး စကားစမြည် ပြောရသဖြင့် ဗဟုသုတရသည်။

စာတိုပေစလေးများ ရေးနေသူတစ်ယောက်အဖို့ (တိုင်းရက်သည့် ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့်) အဆင်ပြေနေသည်ပင်။ လုပ်ငန်းမှ အငြိမ်းစားယူခဲ့ပြီး ကိုယ်ပိုင်စီးပွားရေး လုပ်နေစဉ်အတွင်း အရောက်အပေါက် ကျဲပါးသွားသည် ဆိုရမည်။

ဆရာကြီးမှာ သာမန်အဖျားအနာထက် အရိုးကျိုးနှင့် အနာပေါက်ကုရာတွင် နာမည်ရသူမို့ ဆေးကုသသူများခဲ့သည်။ ညဥ့်အိပ်ညဥ့်နေ သွားရောက်ကုသပေးရသော လူမမာများပင် ရှိခဲ့၏။

ဆရာကြီး ကုသသော ထိပ်ကပ်နာမှာ ဆေးစားပြီး ဆေးတောင့် မှိုင်းခံရုံဖြင့် နှာခေါင်းတွင်းမှ အညစ်အကြေးတောင့်ကြီးကို ဇာဂနာနှင့် ဆွဲထုတ်လိုက်သည့်နောက် ဝေဒနာ လုံးဝပျောက်ကင်းသွားကြောင်း မျက်မြင်ကိုယ်တွေ့ပါလေ။

တစ်ည ဆရာကြီးကို အိပ်မက်မက်ခဲ့သည်။ မဝတ်စဘူး ဝတ်ထားသော အဝတ်အစား သစ်သစ်လွင်လွင်ဖြင့် ဆရာကြီးကို သူ့အိမ်ရှေ့ သစ်ရိပ်အောက် ခုတင်ညောင်စောင်းအနီးရှိ ပက်လက်ကုလားထိုင်တွင် ထိုင်လျက်တွေ့လိုက်ရ၏။

**နုတ္တရွာ ရောင်ခြည်မဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

'ဆရာကြီး ဘယ်သွားမလို့လဲ၊ အဝတ်သစ်တွေ ဝတ်လို့ပါလား'

ကျွန်တော့်စကားကြောင့် ဆရာကြီး ပြုံးသွားပါသည်။ ဆရာကြီး၏ အကျင့်မှာ အိမ်တွင်နေစဉ် အင်္ကျီဖျင်ပါးပါး (အဖြူ)ကို ကော်လံမပါ ချုပ်ထားသော အင်္ကျီနှင့် ပုဆိုးခပ်နွမ်းနွမ်းများကိုသာ ဝတ်လေ့ရှိသည်။

သို့သော် အပြင်ခရီးထွက်သည့်အခါ စွပ်ကျယ်လက်စကခံပြီး လည်ပင်းကတုံး ရှပ်လက်ရှည်ကို တိုက်ပုံ(နီညိုရောင်)နှင့်တွဲဝတ်ကာ ပုဆိုးလတ်လတ်ကလေးများ ဝတ်လေ့ရှိ၏။

အဝတ်အစား ဝတ်ရာတွင် သန့်ပြန့်သေသပ်သည်မှတစ်ပါး ထည်ဝါမှုကို ဦးစားမပေး။ စည်းကမ်းစနစ်ကြီးသည်ဟု ဆိုရမည်။

'အေး...ဟုတ်တယ် ခရီးဝေးကြီးကို ခရီးသွားမှာကွယ့်၊ မင်းအတွက် လက်ဆောင်ပစ္စည်းတစ်ခုထားခဲ့တယ်။ မင်းအဒေါ်ဆီမှာ တောင်းယူနော်'

အိမ်ထဲတွင်လည်း လူတွေ အဝင်အထွက်နှင့် အလုပ်များနေသည့် အနေအထား။ အလှူလုပ်ရန် ပြင်ဆင်နေလေသလားမသိ။

သတိဝင်လာချိန်တွင် ဆရာကြီးမှာ ကျွန်တော်အနီးတွင် မရှိတော့။ အိမ်ပြင်ထွက်ရန် ခြံဝသို့ ရောက်ရှိနေပါသည်။ ဘာမှ မပြောမဆို ထွက်သွားသဖြင့် လှမ်းခေါ်မိ၏။

'ဆရာကြီး...ဆရာကြီး'

ဆရာကြီးမှာ ခေါ်သံကို မကြား၍လေလား မကြားချင်ယောင်ဖြင့် ထွက်သွားခြင်းပေလား မပြောတတ်။ လုံးဝလှည့်စောင်းပင်မကြည့်၊ လမ်းမအတိုင်း စိုက်စိုက်စိုက်စိုက်နှင့် ထွက်သွားခဲ့ပါပြီ။

ဤတွင် လန့်နိုးခဲ့၏။ ထိုနေ့ နံနက်ရထားဖြင့် ချက်ချင်း လိုက်လာခဲ့သော်လည်း ဆရာကြီး နံနက်ငါးနာရီကဘဝတစ်ပါးပြောင်းသွားကြောင်း သိရသည်မှာအပ အသက် လုံးဝမမီလိုက်ပါ။

ထူးဆန်းသည်က ဆရာကြီး သမီးလည်း လွန်ခဲ့သည့်နှစ်ရက်က အိပ်မက်ရာမက် မကောင်းသဖြင့် ရောက်နေကြောင်း သိခဲ့ရခြင်းပင်။

ဆရာကြီးမှာ ရောဂါဝေဒနာအရ ဖျားနာခြင်း လုံးဝမရှိ၊ ကျန်းကျန်းမာမာ လန်းလန်းဆန်းဆန်းကြီးမှ နံနက် အိပ်ရာထတွင် အသက်ကုန်ဆုံးနေသူ ဖြစ်ခဲ့ရခြင်းက ပကတိ ဆန်းဆန်းကြယ်ကြယ်။

'မင်းဦးလေးဟာ သူ့ကိုယ်သူ သေမှာကို သိနေတယ်ထင်ပါရဲ့။ သူ့ရဲ့ ဆေးစာအုပ်တွေ လက်ရေးမူတွေ၊ ပေစာတွေနဲ့ ဆေးဖော်ရမယ့်ဆေးပင်ဝါးပင်တွေကအစ သူ့တပည့်နှစ်ယောက်ကို ခွဲဝေပေးခဲ့တာ လေး,ငါးရက်လောက်ပဲ ရှိဦးမယ်။

မင်းအတွက်လဲ ဟောဒီ ကတ္တီပါအိတ်နဲ့ သူ အမြဲစိပ်တဲ့ ပုတီးကို ပေးခဲ့ပါတယ်။ ရော့...ရော့...ယူပါကွယ်'

သို့ဖြင့် ဆရာကတော်ပေးသော ပုတီးအိတ်ကလေးကို တရိုတသေ လွယ်အိတ်ထဲတွင်ထည့်ကာ ယူလာခဲ့ပါသည်။

ဆရာကြီး အသက်ဖြတ်သည့်တိုင် မပြတ်နိုင်သော ခင်မင်မှု သံယောဇဉ်အရ စိပ်နေကျပုတီးကို ပေးခဲ့ခြင်းမှာ ထူးခြားဆန်းပြားသည့် အဖြစ်မို့ ယနေ့တိုင် မမေ့နိုင်သေးပါလေ။

***သစ္စေသတ္တာ ကမ္ဘသဿကာ***

**မျိုးသစ်**

**စာမျက်နှာ (၂၇၅)မှ အဆက်**

လဲနေသည့် ဆတ်သေကို သေချာကြည့်ပြီးမှ ဝမ်းသာအားရနှင့် စခန်းသို့ ပြန်ခဲ့သည်။ စခန်းရောက်တော့ ဘိုးပု ရောက်နေသည်ကို တွေ့ရသည်။

'တောအုပ် အမဲလည်ထွက်တာလား။ လူကတော့ မြောက်ကြွမြောက်ကြွနဲ့ အမဲရ,မရ မုဆိုးဗေဒင် တွက်ကြည့်ရအောင်'

'တွက်ချင်တွက် ကျုပ်ကတော့ ဗေဒင်ဆို မယုံဘူး'

ဘိုးပုက ပြောပြောဆိုဆိုနှင့် စခန်းဘေးမှ စိမ့်အိုင်နားသွားကာ **"မုဆိုးခရမ်းပင်"** ကိုရှာတွေ့ပြီး အရွက်ကလေးတွေကို တစ်ရွက်ချင်း တစ်ရွက်ချင်းလွှာကာ ခေါက်ကာ လိပ်ကာ အထပ်ထပ်ချိုးကာနှင့် အဖြေရှာနေပါတော့သည်။

'မုဆိုးဗေဒင်က အမဆို မပစ်ရ၊ အထီး... ကညင်မခဆိုပါလား။ မုဆိုးဗေဒင်တွက်နည်းက နီးခုနစ်ပင်နဲ့ တွက်တဲ့နည်းလဲရှိတယ်။ ကြက်ဥကိုမြှုတ်ပြီး တောလမိုင်းတပ်ပြီး တွက်တဲ့ နည်းလဲရှိတယ်။

ဒီနည်းတွေထဲမှာ မုဆိုးခရမ်းပင်နဲ့တွက်တဲ့ နည်းက အသေချာဆုံးပဲ။ အမဆို မပစ်ရဘူး တဲ့။ အထီးဆို ပစ်ရပေမယ့် ကညင်မထိဘူး...'

စာရေးသူက ပြုံးပြီး ဘိုးပုကို သေချာကြည့်လိုက်သည်။ ပြီးမှ ဘိုးပုနှင့် တောခေါင်းကြီးတွေကို ခေါ်ကာ အမဲထမ်းဖို့ ထွက်ခဲ့သည်။

ဟိုရောက်တော့ သေပြီဆိုပြီး ထား... သည့် ဆတ်က တမြှုန်းမြှုန်းထခုန်... အံ့သြနေမိသည်။ ဘိုးပုက မုဆိုးဗီပီဆတ်... ပေးသွားပြီး ငြိမ်အောင်လုပ်လိုက်သည်။

အားလုံးက ဆတ်ကို ထိမှန်သ... သေနတ်ဒဏ်ရာ ရှာနေကြသည်။ ဘယ်နေရာမှ ရှာမတွေ့။

'ဆတ်က အထီးလေး ခေါင်းပေါ်... ဖြတ်သွားတဲ့ ကျည်အရှိန်ကြောင့်... သွားတာ၊ ဒူးခေါက်ကြော ဖြတ်ထား... ဒီဆတ် ရတာ'

ဟု ဘိုးပုနှင့် တောခေါင်းကြီးတွေ... ဝိုင်းပြောကြသည်။

သည်တော့မှ ဗေဒင်ကို မယုံ... တတ်သူ မုဆိုးလက်သင် စာရေးသူ... **ဘိုးပု၏ မုဆိုးဗေဒင်**နှင့်ကြုံမှ မ... မနေနိုင်လောက်အောင်ဖြစ်ခဲ့ရပါသ...

**တင်ဘုန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရဲထွဋ်

# သဘက်ဆိုသည်မှာ

(နိဒါန်း)

သဘက်ဆိုသည်မှာ မကောင်းဆိုးဝါး ပရလောကသားထဲတွင် ပါဝင်၏။ သရဲ၊ တစ္ဆေဆိုသည်ကား ထိုသဘက် လက်အောက်တွင် ရှိ၏။ အနောက်တိုင်းသားများ ပြောနေကြသည့် သွေးစုပ်ဖုတ်ကောင် ဆိုသည်မှာ သဘက်ပင် ဖြစ်ပေ၏။

ထူးခြားချက်ကား သဘက်သည် သာမန်သေးငယ်သော မကောင်းဆိုးဝါးမဟုတ်။ အကောင်ကြီး၍ ကြောက်စရာကောင်း၏။

သူ၏ရုပ်သွင်မှာ နားရွက်ရှည်၏။ မျက်လုံးမှာ ထန်းသီးပမာရှိ၏။ အစွယ်ရှည်ကာ ထန်းပင်မျှရှိသော အရပ်လည်း ရှိ၏။ ***(မှန်းပြောခြင်း မဟုတ်ပါ လက်တွေ့ မြင်ဖူး၍ ဖြစ်၏။)***

သရဲ တစ္ဆေ ဝါရင့်လာလျှင် သဘက်ဖြစ်လာကြလေ၏။ ကျွတ်လွတ်သည့် လောကသားတွေကတော့ မပြောတတ်။ မကျွတ်လွတ်ဘဲ သက်တမ်းရှည်ကြာ စွဲလျှင်တော့ သရဲဝါရင့်ကာ သဘက် ဖြစ်လာကြလေ၏။

မှင်စာ၊ တစ္ဆေ၊ သရဲ၊ စုန်း၊ သဘက်

www.burmeseclassic.com

ဟူသော ပရလောကသားထဲတွင် မှင်စာမှာ အသေးဆုံး၊ အငယ်ဆုံး ဖြစ်၏။ (တချို့ မှင်စာများသည် လူကို တွေ့လျှင် စ,တတ်သည်ဟု ဆိုကြ၏။)

တစ္ဆေ၊ သရဲ၊ သဘက်တို့မှာ မကျွတ်လွတ်ဘဲ စွဲရာမှ အဆင့်ဆင့် ဖြစ်သွားကြခြင်း ဖြစ်၏။ အမျှဝေ၍ မရရှာပေ။

တချို့က ပြောကြသည်။ ဘုန်းကြီး သေရင် သဘက်ဖြစ်သတတ်။ ထို အဆိုသည် မမှန်ကန်ကြောင်း ကျွန်ုပ် ကိုယ်တွေ့နှင့် နှိုင်းယှဉ်ကာ ကန့်ကွက် ပါသည်။

ထိုဖြစ်ရပ်သည် ကျွန်ုပ်၏ ဘဝ တစ်လျှောက်တွင် မကြုံဘူးသော ဖြစ် ရပ် ဖြစ်ကာ မမေ့နိုင်သော ဖြစ်ရပ်ပင် ဖြစ်၏။

သဘက်အကြောင်းကို ကျွန်ုပ်သည် ငယ်ငယ်ကတည်းက မုဆိုးမ သားသမီး သုံးယောက်အကြောင်းကို ပုံပြင် သဖွယ် နားထောင်ရင်း သိခဲ့ရ၊ ကြားဖူး ရ၏။ မယုံကြည်ခဲ့၊ ဒဏ္ဍာရီကို ဒဏ္ဍာရီ တွင် ထားခဲ့၏။

ကိုယ်တိုင် ကြုံတွေ့ရသောအခါ သဘက်ဆိုသည်မှာ တကယ်ရှိကြောင်း သိခဲ့ရလေ၏။ ထိုဖြစ်ရပ်လေးမှာ ကျွန်ုပ်နှင့် ကျွန်ုပ်၏ မိတ်ဆွေ ကိုထွန်း ထွန်းဝင်း(တောင်တွင်းကြီး)နှင့် ယင်း၏ မိတ်ဆွေ ကိုအေးခိုင်(ငါးပုတ်လျို)တို့ ယတြာချေရန် သက်နဲဝတ်ရာမှ အစ ပြုခဲ့ခြင်းဖြစ်၏။

## ယတြာချေခိုင်းလို့

တစ်နေ့သ၌ ကျွန်ုပ်သည် ငါးပုတ် လျိုရွာရှိ ဆံသဆိုင်ဖွင့်ထားသော ကိုထွန်းထွန်းဝင်းထံ စက်ဘီးတစ်စီး ဖြင့် အလည်သွားနေ၏။

ကိုထွန်းထွန်းဝင်းသည် ငါးပုတ်လျို



ရွာသားမဟုတ်။ တောင်တွင်းကြီးမြို့ သား ဖြစ်၏။ စီးပွားရေး မပြေလည်၍ သူ၏အစ်မရှိရာ ငါးပုတ်လျိုရွာသို့ လာရောက်ကာ ဆံသဆိုင်ဖွင့်၍ အခြေချရာမှ ကျွန်ုပ်နှင့် သိကျွမ်းရ လေ၏။

ဆိုင်တွင် သူသည် လူတစ်ယောက် ကို ဆံသပေးနေသဖြင့် ကျွန်ုပ်မှာ မဂ္ဂဇင်းဟောင်းတစ်အုပ်ကို ယူဖတ် ရင်း ထိုင်နေ၏။

ထိုသို့ စောင့်နေစဉ် ဆိုင်ထဲသို့ အင်္ကျီကျောကွဲနှင့် ပုဆိုးခပ်တိုတို ဝတ် ထားသော လူတစ်ယောက်သည် ခေါင်းကုတ်လျက်ဝင်လာပြီး ကျွန်ုပ် ဘေးတွင်ထိုင်ကာ...

'ကိုထွန်းရေ... ကျွန်တော့်ကို ဆရာတော်က အဝတ်လဲရမယ်တဲ့'

ဟု ပြောလေ၏။ ထိုအခါ ကိုထွန်း ထွန်းဝင်းသည် ဆံသနေရင်းမှ...

'လဲဆို လဲလိုက်ပေါ့ ကိုအေးခိုင်ရာ၊ အို...ဒါနဲ့ ဘာဖြစ်လို့ ခိုင်းတာလဲ'

ဟု လှမ်းပေးလိုက်ပြီး လက်ထဲမှ ဆံညှပ်ကိရိယာကို တရှပ်ရှပ်နှင့် ဆံသ နေ၏။ ကိုအေးခိုင်ဆိုသူက...

'ရာဟုသက်ရောက်ထဲ ရောက်နေလို့တဲ့၊ ဒီနှစ်မှာ ငြိမ်ငြိမ်နေရမယ်၊ ယတြာလဲ ချေရ မယ်တဲ့'

ဟု ပြောပြီး ခါးကြားမှ လိပ်ထား သော ကွမ်းထုပ်ကို ဖြေကာ တစ်ယာ ယူ၍ ပါးစပ်ထဲ သွင်းလေ၏။ ဘေးရှိ ကျွန်ုပ်ကိုလည်း ကွမ်းထုပ်ကို လှမ်းပေး

ရင်း စားဦးမလားဟု မေးလိုက်၏။

ထိုအခါ ကျွန်ုပ်သည် လက်... ကာရင် ကွမ်းမစားကြောင်း ငြင်းပ... လိုက်လေ၏။ ထို့နောက် ဆံသ... သော ကိုထွန်းထွန်းဝင်းကို တစ်ယ... ပေးလိုက်၏။

ကိုထွန်းထွင်းဝင်းက...

'ဘုန်းဘုန်းက ဗေဒင်လဲ တွ... တတ်တာပဲဗျာ၊ သူတွက်ရင် ကွက်... မှန်တာ၊ ယတြာချေခိုင်းလို့လဲ ချေ... ကောင်းတယ်၊ ယတြာကျေ... ပေါ့'

ဟု ရယ်ကျဲကျဲနှင့် ပြောလိုက်... ကိုအေးခိုင်က...

'ချေတာတော့ ချေမှာပေါ့၊ ဒါပေမ... ကျွန်တော် တစ်ယောက်တည်... ကျောင်းမှာက ကျွန်တော်နဲ့ ပေါ်... နှစ်ယောက်တည်း၊ ကိုထွန်းထွ... စည်းဗျာ'

ဟု အဖော်စပ်လေ၏။ ကိုထွန်း... ဝင်းသည် ဆံသခြင်းကို အပြီးသ... လိုက်ပြီး...

'ဘာဖြစ်လို့လဲဗျ ကိုအေးခိုင်...'

'မင်း မသိဘူးနော်'

'ဘာလဲဗျ...ခင်ဗျားကလဲ'

ဟု ကိုထွန်းထွန်းဝင်းက ယင်း... တွင် ခြေဆန့်ထိုင်ရင်း အား... မေးလိုက်လေ၏။ ကိုအေးခိုင်... ပြောသင့် မပြောသင့် ချိန်ဆလိုက်... **"သရဲကြောက်လို့ကွ"**ဟု ... လိုက်လေ၏။





www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မဂ္ဂဇင်းဖတ်နေသော ကျွန်ုပ်၊ ခြေဆန့်ထိုင်နေသော ကိုထွန်းထွန်းဝင်းတို့သည် အံ့သြသွားကြလေ၏။ ယုံလည်း မယုံကြည်ပေ။ ဘုရားရှင်၏ အရိပ်အောက်မှာ အဘယ်သို့သော နာနာဘာဝက နေနိုင်ပါမည်နည်း။

ကျွန်ုပ်လည်း စိတ်ဝင်စားသွားသဖြင့် ဖတ်လက်စ စာအုပ်ကို ပိတ်ကာ စကားဝိုင်းထဲ ဝင်လိုက်လေ၏။ ကျွန်ုပ်သည် လက်တွေ့သမားပင်ဖြစ်၏။ အကြားနှင့်မယုံ၊ အမြင်နှင့်ယုံ၏။ အကြားနှင့်ယုံက မျက်ကန်းသမား၊ အမြင်နှင့်ယုံက လက်တွေ့ဟု ခံယူထား၏။ ထို့ကြောင့်...

'ဒီနေ့လို တိုးတက်နေတဲ့ခေတ်ကြီးမှာ ဒီလို အကောင်တွေ မရှိတော့ပါဘူး။ ရှိလဲ လူကို ဒုက္ခမပေးနိုင်ပါဘူး'

ဟု တိုးတိုးပြောချလိုက်လျှင် ကိုအေးခိုင်သည် ကျွန်ုပ်ကို လှည့်ကြည့်ပြီး အမှိုက်ခြင်းထဲ ကွမ်းတံတွေး ထွေးလိုက်ကာ...

'မယုံတဲ့ သူတွေက မယုံဘူးပေါ့။ ခံရတဲ့ကောင်တွေ ဒုနဲ့ဒေးပဲ'

ဟု ပြောလေ၏။ ကျွန်ုပ်သည်...

'ဘယ်လို ခံရတာလဲ'

ဟု မေးလိုက်ရာ ကိုထွန်းထွန်းဝင်းက...

'ဒီလိုကွ ကိုထွင့်ရ... မြသီတာကျောင်းရဲ့ အနောက်ဘက်ဝါးရုံပင်မှာ သဘက်ရှိတယ်တဲ့၊ ခြောက်တာ ညတိုင်း။ ဆရာတော်နဲ့ ရင်းနှီးနေလို့ အဲဒီဝါးရုံပင်မှာ ကပ်နေတာ နှစ်ပေါင်း မနည်းတော့ဘူး'

ဟု ပြောပြီးနောက် ကိုအေးခိုင်၏ ပုခုံးကို လှမ်းပုတ်ကာ...

'ကျွန်တော်လဲ စိတ်ဆေးချင်တာနဲ့ ခင်ဗျားတော်ပဲ ကျွန်တော်ပါ စည်းမယ်'

ဟု ပြောလျှင် သူသည် ဝမ်းသာသွားလေ၏။



ကျွန်ုပ်လည်း သဘက်ဆိုသည်မှာ တကယ်ရှိမရှိ သိချင်ကာ ကွင်းဆက်လေ့လာလိုသဖြင့် သူတို့နှင့်အတူ စည်းရန် ခွင့်တောင်းလေ၏။ ယင်းတို့သည် ကျွန်ုပ်အား "အဖော်ရတာပေါ့" ဟု ဆိုကာ ခွင့်ပြုလိုက်လေ၏။

ထိုစဉ် ကျွန်ုပ်၏ ထရံတစ်ဖက်ခြားတွင်ရှိ အသားမည်းမည်းနှင့် ကိုကုလားဆိုသူသည် ကျွန်ုပ်တို့ကိုကြည့်ကာ နှုတ်ခမ်းတွန့်လိုက်ပြီး "ပြေးဖော်"ဟု မကြားတကြား ပြောသွားလေရာ ကျွန်ုပ်က လည်းစိတ်ထဲမှ "ကြည့်လိုက်လေ"ဟု စိန်ခေါ်လိုက်လေသတည်း။

## သဘက်ကြီးဆိုပါလား

ထို့နောက် ကျွန်ုပ်သည် ကျွန်ုပ်၏ မိဘတွေထံတွင် ခွင့်တောင်းကာ ငါးပုတ်လျှိုရွာရှိ မြသီတာကျောင်း၌ ကိုထွန်းထွန်းဝင်းနှင့် ကိုအေးခိုင်တို့နှင့်အတူ ကိုရင်ဘဝနှင့် ကိုးရက်တိတိ နေရလေတော့၏။

ထိုကျောင်းတွင် အခြားသော သံဃာတော်များမရှိ။ ဆရာတော် ဦးမင်္ဂလ တစ်ပါးတည်းသာ သီတင်းသုံး၏။ ကျောင်း၏ ခေါင်းရင်းဘက်တွင် သိမ်ရှိ၏။ သို့သော် မပြည့်စုံ။ ကျောင်းကလည်း လေးဖက်လေးရံ မလုံ။ ကာထားသော ထရံတို့ကလည်း ကျိုးတိုးကျဲတဲ။

မြေပြင်နှင့် ကိုးပေအကွာရှိပြီး လှေကားဆင်ထား၏။ အမိုးကား သွပ်မိုးဖြစ်၏။ ပရိဘောဂတွေက မပြည့်စုံရှာ။

ကျောင်းနောက်တွင် မြောင်းလေး တစ်ခုရှိ၏။ ထိုမြောင်းလေး၏ တစ်ဖက်တွင် ဝါးရုံပင်ရှိ၏။ ထူးထူးခြားခြား ဝါးရုံပင်တစ်ပင်သာ။ ဆရာတော်က လည်း မခုတ်ခိုင်း။ ခုတ်လို့ကတော့ ကိုယ်အပြစ်နဲ့ ကိုယ်သာဟု မိန့်လေ့ရှိ၏။ ဘာကြောင့်လဲလို့ မသိ။

ကျွန်ုပ်တို့ ကိုရင်သုံးပါးကိုလည်း စိတ်ချလက်ချ သီတင်းသုံးစေ၏။ ကျွန်ုပ်နှင့် ကိုထွန်းထွန်းဝင်းသည် စ,ဝတ်ဝတ်ချင်း စိတ်ထဲကြည်နူးသလို ရှိ၏။ ကိုအေးခိုင်တစ်ပါးတည်းသာ ထိတ်နေ၏။

ညဘက်ကျိန်းလျှင် တစ်ပါးစီ မကျိန်းကြ။ သုံးယောက်ပူး ကျိန်းကြ၏။ အခြေအနေကတော့ မထူးခြားသေး။ ဒုံရင်းက ဒုံရင်း။ ကျွန်ုပ်တို့မှာ စိတ်ချလက်ချ သီတင်းသုံးနေတော့၏။

မကြာပါဘူး လေးရက်မြောက်၌ ကျွန်ုပ်တို့သုံးယောက် ကျိန်းနေစဉ် ကျောင်းပေါ်သို့ တစ်စုံတစ်ယောက် တက်လာသံကို ကြားရလေတော့၏။

"ဒုန်း...ဒုန်း...ဒုန်း" ဟူသော အသံကို ကျွန်ုပ်ကြားရလျှင် ကိုယ်တော်တစ်ပါး အောက်ဆင်း အပေါ့သွားရာမှ ပြန်လာနေရော့သလားဟု တွေးမိ၏။ ခြေသံကတော့ ပြင်း၏။

မျက်လုံးမှိတ်လျက်နှင့် ဘေးတစ်ဖက်စီကို စမ်းကြည့်တော့ ကိုယ်တော်နှစ်ပါး ခေါင်းမြီးခြုံ အိပ်နေသည်ကို သိရလေ၏။

သူတို့သည် ခေါင်းမြီးခြုံကာ အိပ်သော်လည်း အထဲတွင် အငြိမ် မနေကြ။ နှုတ်က ပွစိပွစိနှင့် တစ်စုံ



www.burmeseclassic.com

တစ်ရာကို ရွတ်နေကြ၏။

တစ်ညလုံး မီးစက်မောင်းထားသောကြောင့် [တစ်ညလုံး ဆိုသည်မှာ ည(၇)နာရီ မှ (၁၂)နာရီအထိသာ] တစ်ကျောင်းလုံး လင်းနေ၏။ ကျွန်ုပ်တို့မှာ တက်လာသည့်အသံကို ကြားရ၏။ ခြေသံကို ကြားရ၏။ အကောင်အထည် မမြင်ရ။ ကိုရင်အေးခိုင်သည် ခေါင်းမြီးခြုံထားရင်းမှ...

'တက်လာပြီ ထင်တယ်'

ဟု ပြောလိုက်စဉ်မှာပင် ကျောင်းထရံပေါ်ရှိ အရိပ်ကြီးကြောင့် ကျွန်ုပ်သည် လန့်သွားရလေ၏။ ကြောက်စိတ်တို့က တစ်မုဟုတ်ချင်း ဝင်လာလေ၏။

ထိုအချိန်မှာပင် မီးမှောင်သွားလေရာ ကျွန်ုပ်သည် "အောင်မလေး"ဟု တအားကုန်အော်ကာ စောင်ကိုလှွားခနဲ ခေါင်းအုပ်မိအောင် ခြုံလိုက်လေ၏။

အရိပ်ကား နည်းနည်းနောနော မဟုတ်။ လူသုံးရပ်စာလောက် မြင့်ကာ မျက်လုံးတို့က ထန်းသီးလုံးမျှရှိပြီ မီးခဲကဲ့သို့ ရဲရဲတောက်နေ၏။

စောင်ထဲရှိ ကျွန်ုပ်မှာ စောင်ကို အသာဟပြီး ထိုအရိပ်ကြီးကို ကြောက်ကြောက်နှင့်ကြည့်လိုက်၊ စောင်ထဲ ပြန်ဝင်လိုက် လုပ်နေ၏။

စ,တာလား၊ ကုပ်ချိုးမလို့လား ဟူသော အတွေးတို့က ဝင်လာနေစဉ် ကိုရင်အေးခိုင်က စောင်ထဲမှနေ၍...

'ကိုရင်ထွဋ် တွေ့လား... သဘက်ဆိုတာ အဲဒီကောင်ကြီးပေါ့'

ဟု ခပ်အုပ်အုပ် ပြောလိုက်လျှင် ကျွန်ုပ်သည် "သဘက်ဆိုတာ ဒါမျိုးပါလား"ဟု ကြောက်ကြောက်နှင့် တွေးကာ စောင်ကို လုစ်ခနဲ ခြုံလိုက်ပြီး မျက်စိကို မအိပ်ချင်သော်လည်း



ဖွတ်မှိတ်ထားရလေ၏။

ထိုစဉ်မှာပင် ကျောင်းအောက်မှ...

'ဟဲ့ကောင်ကြီး ကိုယ်တော်တွေကို ဘာမှ မလုပ်နဲ့ ကိုယ့်နေရာကိုယ်နေ'

ဟူသော ဘုန်းဘုန်း၏ အသံဝါကြီးကို ကြားရလေ၏။

## လူဝတ်လဲပြီ

နောက်တစ်နေ့ နေ့ဆွမ်းစားပြီးသောအခါ ကျောင်းထိုင် ဘုန်းဘုန်းအား ထိုသဘက်အကြောင်းကို မေးလျှောက်မိ၏။ ထိုအခါ ဘုန်းဘုန်းက...

'ဒီကောင်ကြီးက ကျောင်းနောက်က ဝါးရုံ ပင်ကလာတာပါ ကိုရင်ရာ၊ မွေးထားတာ မဟုတ်ဘူး။ ခေါ်လဲ မခေါ်ထားဘူး။ နေတာကြာပြီဆိုတော့ ဘုန်းဘုန်းကို ဘာမှ မလုပ်ဘူး။ ဘုန်းဘုန်းက ရဟန်းတရားပဲ အားထုတ်တာ။ အဲဒါတွေ စိတ်မဝင်စားဘူး။

အစက ဒီကျောင်းရောက်တော့ ဘုန်းဘုန်းကိုလဲ ခြောက်တယ်။ ရွာခံတွေပြောတာ ဥစ္စာစောင့်ရှိတယ်တဲ့ အခုထိတော့ မတွေ့ဘူး။ ဒီကောင်ကြီးပဲ တွေ့တယ်'

ဟု မိန့်၏။ ကျွန်ုပ်က...

'ဘုန်းဘုန်း တခြားကိုယ်တော်တွေကို ဒီလိုပဲ ခြောက်တာပဲလား'

ဟု မေးလျှောက်လျှင် ဘုန်းဘုန်းသည် ကျွန်ုပ်ကို ပြုံးပြကာ ခေါင်းညိတ်လိုက်၏။ ကျွန်ုပ်က...

'ဘုန်းဘုန်း ဒီသဘက်က ဘယ်တုံးက လာတာလဲဟင်'

ဟု မေးလျှောက်ပြန်၏။

'ကြာတော့ကြာပါပြီ၊ သူပြောတာ ဂျပန်ခေတ် လက်ရက်နဲ့ သေသွားတဲ့ လူတစ်ယောက်တဲ့'

ဟု မိန့်လိုက်ရာ ကျွန်ုပ်၏ ခေါင်းထဲ၌ စွဲနေသော ဘုန်းကြီးသေမှ သဘက်ဖြစ်သည်ဟူသော အတွေးသည် ထိုအချိန်မှာ ပျောက်သွားလေ၏။

ထိုနေ့မှာပင် ကျွန်ုပ်လည်း လူဝတ် လဲ၍ရလေတော့၏။ ရှေ့ဆက်ဝတ် ကတော့ အအိပ်ပျက်ကာ ကျန်းမာ ကို ထိခိုက်လာလိမ့်မည်။ အခုတော် တစ်ညလုံး မအိပ်ရသဖြင့် ခေါင်း မူးနောက်နောက်ဖြစ်လေ၏။ တစ် တည်းနှင့် မျက်ကွင်းတို့ ချောင်ကျ လေ၏။

ကိုထွန်းထွန်းနှင့် ကိုအေးခိုင် သည် ကိုးရက်တိတိပြည့်အော ဘုန်းဘုန်း၏ တစ်ချက်လွှတ် ကြောင့် စည်းရလေ၏။ ကိုးရက်ပြည့် လူဝတ်လဲကြသောအခါ ကိုအေး သည် ကိုရင်ဝတ်နှင့် ညဘက် မကျိန်း၊ နေ့လည်းမကျိန်း။

သေးပေါက်ရင်တောင် မပေါက်၊ အလေးသွားတာ အောင့်ထားသဖြင့် ရောဂါရ ဆေးရုံသို့ တင်ရလေ၏။

ကိုထွန်းထွန်းဝင်းသည်ကား ဆက်အိပ်မရသဖြင့် မျက် ကြောင်ကာ သရဲကပ်သည် ပယောဂဆရာနှင့် ကုရလေ၏

ကျွန်ုပ်သည်က သဘက် အကောင်ကြီးကို လက်တွေ့ မြင်လိုက်ရသဖြင့် ညတိုင်း တော့ပေ။ ထို့ကြောင့် အ ကာ အကြောအားဆေး တော့သတည်း။

**သဗ္ဗေသတ္တာ**

**ရှင်ရဲထွဋ်**



www.burmeseclassic.com

www.burmeseclassic.com



# အစွမ်းကိုယ်စီ

ရှိုးဝိုး (မတ္တရာ)

ကျွန်ုပ်သည် မွန်ပြည်နယ်ရှိ ခြေမြန်တပ်ရင်းတစ်ရင်းမှ အငြိမ်းစားယူခဲ့ပြီး ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့တွင် အခြေချနေထိုင်လျက် ရှိပါ၏။

စားဝတ်နေရေးအတွက် လက်ဖက်ရည်ဆိုင်ဖွင့်ပြီး ရှန်းကန်ခဲ့သော်လည်း အကျိုးမပေးသဖြင့် လက်ဖက်ရည်ဆိုင်ဖြုတ်လိုက်ရပြီး အမိန့်ရ အရက်ဆိုင်လေး ထပ်မံ၍ ဖွင့်ကာ ရောင်းချစားသောက်ရပါ၏။

နေထိုင်သည့် ရပ်ကွက်က အမှတ် (၂)ရပ်ကွက်ဖြစ်၍ မကြာသော အချိန်တိုအတွင်းမှာပင် သူတို့တွေနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရလေ၏။

တစ်ယောက်စကား တစ်ယောက်ကြား ဆိုသကဲ့သို့ အစွမ်းအစကိုယ်စီရှိကြသော သူတို့ကို စစ်သားတစ်ယောက် ဖြစ်ခဲ့သော ကျွန်ုပ်မှ သတိပြုမိသည်မှာလည်း မထူးခြားလှပါချေ။

ပထမဆုံးသတိပြုမိရသူက **အာဋ္ဌာဝက မောင်ငွေ**ဖြစ်၏။ ဒုတိယသတိပြုမိရသူက **မျောက်လေဗွေပေါက်စ**ဖြစ်၏။ တတိယလူကတော့ ကျွန်ုပ်၏ အရက်ဆိုင်တွင် **"မိုက်ကယ်"**လုပ်သွားသူ**"ကာယသိဒ္ဓိနှာရှူဘူးပိုင်ရှင်"**တို့ ဖြစ်ကြ၏။

ကာယသိဒ္ဓိခေါ် ပြီးဆေး အမျိုးမျိုးရှိကြရာတွင် အချို့က ပေါရိသာဒဆေးကို ထိုးကြ၏။ အချို့က အာဋ္ဌာဝက၊ မျောက်လေဗွေ၊ ဝက်ကုန်းဆေးများထိုးကြ၏။ အချို့ကလည်း ကြောင်အတက်၊ ကြောင်အဆင်းများကို ဘယ်ပေါင်၊ ညာပေါင်တို့တွင် ထိုးကြ၏။



www.burmeseclassic.com

www.burmeseclassic.com

အချို့သူများမှာ ကြောင်အတက်ဆေး အောင်သူအောင်၍ အချို့သူများမှာ ကြောင်အဆင်းအောင်သူ အောင်ကြ၏။

ကြောင်အတက်ရော အဆင်းပါအောင်သူ အချို့လည်း ရှိကြောင်းကို ကြားသိရပါ၏။

**ပထမဆုံးအဖြစ်** အာဋာဝကမောင်ငွေ၏အကြောင်းအား သိမြင်သရွေ့ တင်ပြပါမည်။ မောင်ငွေက သစ်စက်ပိုင်းဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့၏။

ယခုအချိန်တွင် သူ၏ အသက်သည် (၆၀)နီးပါး ရှိချေပြီ။ မတ္တရာမြို့နယ်သည် သစ်တောများ ပေါများသော ဒေသဖြစ်၍ ပိုင်းဆရာ မောင်ငွေတစ်ယောက် ဝင်ငွေရွှင်ခဲ့လေ၏။ သူသည် မိန်းမတစ်ယောက်ကို တူတူတန်တန်ယူပြီး တင့်တင့်တယ်တယ် ထားနိုင်ခဲ့၏။

သူငယ်ချင်းဖြစ်သူ တစ်ယောက်၏ တိုက်တွန်းမှုဖြင့် ဂိုဏ်းဆရာတစ်ယောက်ထံတွင် အာဋာဝကဆေးကို ထိုးခဲ့လိုက်၏။

ဆေးစောင့်ရှိသော အာဋာဝကဆေးသာမက သူ၏ လက်နှစ်ဖက်စလုံးနှင့် ရင်ဘတ်၊ ကျောတို့တွင် တိရစ္ဆာန်ရုပ်များ ထိုးထားသည်မှာ အပြည့်ဖြစ်၏။

နွေ၊ မိုး၊ ဆောင်း အင်္ကျီမဝတ်ပါချေ။ ခင်မင်သူများမှ သူ့ကို တိရစ္ဆာန်ရုံကြီးဟု ခေါ်ကြ၏။

မောင်ငွေသည် နောက်ပိုင်းတွင် အသောက်အစားဘက်သို့ အားသာခဲ့၏။ ပိုင်းဆရာအဖြစ် လာ၍ငှားပါက ကြိုတင်ငွေ အရင်တောင်းပြီး အလုပ်ကိုသွား၍ မလုပ်ဖြစ်သည်က များ၏။

ကြာလာတော့ သစ်စက်ပိုင်ရှင်များ



မှ မောင်ငွေကို မယုံတော့ချေ။ တစ်ခါတစ်ရံ ကျွန်ုပ်၏ ဆိုင်ကိုတောင်မှ လာ၍ ညာတတ်၏။

မည်သို့ဆိုသော် သစ်စက် မလည်ပတ်ရသော နေ့များတွင် သစ်စက်မှ ငွေမရနိုင်သော နေ့များတွင် မောင်ငွေက သူ၏ခေါင်းပေါ်တွင် လွှစာမှုန့်များ ဖြူး၍ အရက်ဆိုင်အတွင်း ဝင်လာကာ

'ဦးစိုး ဘီအီးတစ်လုံးလောက် ပေးပါဗျာ၊ ညနေပိုင်း သစ်စက်က ပြန်လာရင် ပေးပါ့မယ်'

ဟု ပြောကာ အကြွေးယူသောက်တော့၏။ ညနေပိုင်းမှာ မျှော်မနေပါနှင့်။ မောင်ငွေ ပေါ်မလာတော့ပါ။

ပိုက်ဆံ အဆင်မပြေမချင်း ကျွန်ုပ်၏ဆိုင်သို့ သူ မလာတော့ပါ။ အဲ... ငွေလေးဘာလေး အဆင်ပြေရင်တော့ သူ ပေါ်လာ၏။ အကြွေးလည်း ဆပ်ပြီး သောက်လည်း သောက်၏။

ကျွန်ုပ် ရေးချင်သည်မှာ သူ၏ အစွမ်းအကြောင်းပါပဲ။ အစွမ်းအစကတော့ သိပ်မဆိုးဟု ထင်ပါသည်။ မောင်ငွေသည် ကျွန်ုပ်၏ဆိုင်တွင် သောက်ရင်း မူးလာပါက အာဋာဝကထသည်ဟု ထင်ရ၏။

သူသည် သူ၏ခေါင်းကို အရက်ပုလင်းဖြင့် ရိုက်ခွဲခြင်း၊ မကြာမကြာ ပြုလုပ်တတ်၏။ ပုလင်းဖြင့် ရိုက်ခွင့်မကြုံပါက အမြည်းအဖြစ် အခြားသူများ ယူလာသော သီး၊သီးဖြင့် သူ့ခေါင်းကို သူရိုက်ခွဲတတ်၏။

တစ်ခါတစ်ရံ ကျွန်ုပ်၏ဆိုင်ရှေ့တွင် ရှိသော သစ်ပင်ကို ခေါင်းဖြင့် တိုက်ခြင်း၊ ဓာတ်တိုင်ကို ခေါင်းဖြင့် တိုက်ခြင်းများ ပြုလုပ်တတ်၏။ ပုလင်းသာ ကွဲမည်။ သူက ဘာမှမဖြစ်။ သီး၊သီးသာကွဲမည် သူက ဘာမှမဖြစ်။

တစ်ခါကလည်း လုံးချောအဖြစ် အခွံသင်ထားသော အုန်းသီးဖြင့် သူ့ခေါင်းကို သူရိုက်ကာ လောင်းကြေးငွေ တစ်သောင်းကျပ် ရသွားခဲ့လေ၏။

သို့သော် မူးပြီး အိမ်သို့ ပြန်သွားသောအခါ မိန်းမဖြစ်သူမှ ငရုတ်ကျည်ပွေ့ဖြင့်ထုခြင်း၊ တုတ်ဖြင့်ရိုက်ခြင်း ပြုလုပ်သော်လည်း မောင်ငွေကတော့ မဖြုံပါချေ။

နောက်ဆက်တွဲအဖြစ် သိရှိရသည်မှာ မောင်ငွေသည် အာဋာဝကဆေးကို အောင်ခဲ့သည်သာမက သူ့တွင် အံပွားပါ ရှိသည်ဟု သိရှိရပါ၏။

တစ်ခါက သူ့ကို ကားဖြင့် တိုက်မိခဲ့ရာ ကားအောက်သို့ ရောက်သွားခဲ့သော်လည်း အသက်မသေခဲ့ချေ။ ခါးတော့ နည်းနည်းစောင်းသွားခဲ့၏။

မြွေပွေး ပေါက်ခံရသော်လည်း မသေခဲ့ပါချေ။ သို့သော် သူ့မိန်းမကလည်း ထုနှက်တုန်း အာဋာဝကမောင်ငွေကလည်း သောက်တုန်းပင်။

**ဒုတိယအဖြစ်** မျောက်လေငွေ ပေါက်စအကြောင်းအား တင်ပြပါမည်။ ပေါက်စ ဟုသာ ခေါ်ရသည်။ အသက်က(၆၀)ခန့် ရှိပေပြီ။ သူသည် အရွယ်နှင့်မမျှအောင် လျင်မြန်ဖျတ်လတ်၏။

ငယ်စဉ်က ဘုန်းကြီးကျောင်း နေခဲ့

www.burmeseclassic.com

ပြီး သူ၏ဆရာဖြစ်ခဲ့သော လူပျံတော် ဆေးဆရာကြီး တစ်ယောက်မှ ဆေးများကို စုတ်ဖြင့် ထိုးပေးခဲ့လေ၏။

အာဠာဝကဆေး၊ မျောက်လေဖွေဆေး၊ ဝက်ကုန်းဆေးများ ထိုးပေးခဲ့ရာ မျောက်လေဖွေဆေး တစ်မျိုးတည်း အောင်ခဲ့၏။ ကျွန်ုပ်တို့ မျက်မြင်အဖြစ် သူသည် လမ်းလျှောက်ရာ၌ လျင်မြန်ဖျတ်လတ်ခြင်း၊ အမြင့်တက်ရာ၌ ကျွမ်းကျင်ခြင်းတို့ကို တွေ့ရ၏။

ကိုပေါက်စသည် တစ်ခါတစ်ရံ သူ၏ အိမ်ဝင်းအတွင်းရှိ သရက်ပင်၊ တမာပင်တို့ပေါ်၌ တက်၍ အိပ်တတ်၏။ တစ်ခါတစ်ရံ၌ ရပ်ကွက်အတွင်းရှိ လွန်ခဲ့သော နှစ်(၁၂၀)ကျော်က သိမ်တိုက်ပျက်ကြီးပေါ်တက်ကာ သစ်ပင်၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်း၍ ကသိုလ်ယူတတ်၏။

သိမ်ပျက်ကြီးမှာ ပြိုကျနေပြီဖြစ်၍ မည်သူမျှလည်း မတက်ရဲပါ။ ကိုပေါက်စ တစ်ယောက်တည်းသာ တက်ရဲလေ၏။

ကျွန်ုပ်၏ဆိုင်တွင် အရက်သောက်ပြီး ထပြန်သွားသည်မှာ "ဝုစ်"ဆို ပျောက်သလောက် မြန်ဆန်၏။ သူ၏ အိမ်တွင် ဇနီးဖြစ်သူ မခင်တုတ်နှင့် စကားများ ရန်ဖြစ်ပါက သူ မှားခဲ့ပါက မခင်တုတ်မှ ရိုက်လည်း ငြိမ်ခံ၏။ ဘာမှ နာကျင်ပုံမရပါ။

သူကမှန်၍ မခင်တုတ်ကို ရိုက်လျှင်လည်း မခင်တုတ်က မဖြုံပါချေ။ အဘယ်ကြောင့်ဆိုသော် မခင်တုတ်ကလည်း အံပွားနှင့်ပါခင်ဗျား။

ကျွန်ုပ်၏အခေါ် မျောက်လေဖွေ ပေါက်စ (ခ) ပေါက်ပေါက်နှင့် သူ၏ ဇနီးဖြစ်သူ မခင်တုတ် (ခ) တုတ်တုတ်တို့ကတော့ ယခုထိ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်ပါပဲ။



**တတိယအဖြစ် ကာယသိဒ္ဓိနာရှူဘူးပိုင်ရှင် "ကိုမိုက်ကယ်"**၏ အကြောင်းအား တင်ပြပါမည်။ ယခင်က သူ့ကို ကျွန်ုပ် မသိရှိခဲ့ပါ။ လမ်းကြုံ၍ ကျွန်ုပ်၏ဆိုင်တွင် အရက်ဝင်ကာ သောက်သွားခြင်းသာ ဖြစ်ပါ၏။

သူသည် အသက်အားဖြင့် (၆၀) ခန့်ပင်ဖြစ်၏။ ခြေထောက် ထော့နဲ့ထော့နဲ့ဖြင့် မျက်လုံးတစ်လုံးသာပါ၍ မျက်မှန်အနက်ကို တပ်ထား၏။

အရက်ဆိုင်တွင်းသို့ ဝင်လာကတည်းက သူ၏ စကားလုံးများက ရင့်သီးလှတော့၏။

'ဟေ့ ဘီအီးတစ်လုံး ပေးဟေ့'

'ဘာအမြည်း ရလဲ'

'အရက်ဆိုင်ကလဲ ညံ့လိုက်တာ'

'သောက်တဲ့ကောင်တွေကလဲ ငမွဲတွေချည်းပဲ'

'ဘယ်ကောင် မိုက်လဲ'

'ငါ့ကို ဘယ်လိုကောင် မှတ်သလဲ'

နှင့် ပွဲကြမ်းပါတော့၏။

ဆိုင်တွင်းရှိ လူများကတော့ အေးဆေးသမားဖြစ်၍ မည်သူကမှ ဘာမှ ပြန်မပြောကြပါ။

ထိုအချိန်တွင် ဆိုင်တွင်းသို့ ကျွန်ုပ်နှင့် ညီအစ်ကိုလို ခင်မင်သော ထွန်းဝင်း ရောက်ရှိလာ၏။ ထွန်းဝင်းက ထိုသူအား သေချာစွာကြည့်ပြီး...

'ခင်ဗျား ကိုအောင်ထွန်း မဟုတ်လား'

'အေး ဟုတ်တယ်ကွ၊ မင်းက ဘယ်သူလဲ'

'ကျွန်တော်က ခင်ဗျားနဲ့ တစ်ရွာတည်းပါ။ ခု သောက်ပြီးပြီလား၊ ပြီးရင် ကျွန်တော် လိုက်ပို့မယ်'

'ကောင်းတာပေါ့ကွာ၊ ငါ ဒီရပ်ကွက်ထဲမှာပဲ တည်းတယ်ကွ'

'ကဲ ကဲ ပြီးရင် လာဗျာ'

ဟု ပြောကာ ပိုက်ဆံရှင်းစေပြီး ယင်းညွှန့်သည်အား ဆွဲခေါ်ထုတ်သွားပါ၏။ ခဏနေတော့ ထွန်းဝင်း ပြန်ဝင်လာပြီး အရက်မှာသောက်၏။ ကျွန်ုပ်မှ...

'ထွန်းဝင်း ခုနလူက ဘယ်သူလဲကွ'

'အဲဒါ ကျွန်တော်တို့ရွာကပါ။ အရင်ကတော့ တစ်ရွာတည်းပါပဲ။ ဘယ့်နှယ်လဲ အစ်ကိုကြီး ဒီမှာ မိုက်ကယ်မှ လုပ်သွားရဲ့လား'

'အေးကွ မိုက်စကားပြောပြီး စိန်ခေါ်နေတာပဲကွ'

'ဟား ဟား ဟား ဟား ကျွန်တော်က အဲဒီလိုထင်လို့ ဆိုင်အပြင်ကို လိုက်ပို့လိုက်တာပါ။ ဘုန်းကြီးတစ်ပါး ဆီနေပြီး မီးသွေးဖုတ်တို့၊ ဗိုဆွဲတို့ တောက်တိုကူညီပြီး လုပ်ပေးခဲ့ရလို့ ဘုန်းကြီးက "ကာယသိဒ္ဓိနာရှူဘူး" တစ်ခုကို စီရင်ပေးခဲ့တယ်။ အဲဒါနဲ့ပဲ မိုက်ကယ် ဖြစ်သွားတာပါပဲ'

'ပြည့်ပြည့်စုံစုံလေး ပြောပြစမ်းပါဦးကွ'

'ဟုတ်ကဲ့ဗျာ ကာယသိဒ္ဓိနာရှူဘူး

နာရှူဘူးရောင်ခြည်

www.burmeseclassic.com

www.burmeseclassic.com

အစွမ်းကတော့ ဒီလူက သွားလေရာမှာ နှာရှူဘူးကို အမြဲဆောင်သွားတယ်ဗျ။ ရန်ဖြစ်တော့မယ်ဆိုရင် နှာရှူဘူးကိုထုတ်ပြီး ရှူလိုက်တယ်။

ရှူပြီးလို့ ဟတ်ချိုးဆိုတာနဲ့ သူ့အတွက် ကာယသိဒ္ဓိပြီးတာပဲဗျို့၊ ဓားနဲ့ကတော့ စွမ်းမစွမ်းကို မသိရပါဘူး။

မတ္တရာမြို့ အောက်ပွဲ(ဘုရားပွဲ)မှာ နှာရှူဘူးအားကိုးနဲ့ လက်ဝှေ့တက်ထိုးသေးတယ်ဗျ။ သူ့ကိုထိုးတဲ့ ပြိုင်ဘက်က ထိုးသလောက် ခံနိုင်တဲ့သူ့ကိုကြာတော့ မထိုးနိုင်တော့ဘူး။

ဒီတော့မှ သူက ပြိုင်ဘက်ကို အလဲထိုး အနိုင်ယူခဲ့တယ်ဗျ။ ရွာမှာဆိုရင်လဲ နှာရှူဘူး ရှူပြီး ဟတ်ချိုး ချေလိုက်တာနဲ့ သူနဲ့ ရန်ဖြစ်တဲ့သူတော့ အပြေးကောင်းမှ လွတ်မယ်ဆိုတဲ့ သဘောပဲဗျ။

ဒါပေမယ့် ရွာက လူမိုက်အချို့ကလဲ သူ့ကို နိုင်ကွက်ချောင်းနေကြတာပါပဲ။ ဟတ်ချိုး မချေခင်မှ အနိုင်ရမယ်ဆိုတာကို သိသွားကြတယ်ဗျ။

တစ်နေ့မှာ အဲဒီ ကိုအောင်ထူး ရွာထဲက အပြန်မှာပေါ့။ သူ့ကို ရှုံးထားခဲ့တဲ့လူတစ်ယောက်က လေးခွနဲ့ ချောင်းပစ်တာ ဘယ်ဘက်မျက်လုံး တစ်လုံး ထွက်သွားခဲ့ရတယ်။

မျက်လုံးကုပြီးလို့ အနာပျောက်တာနဲ့ သူကလဲ စိန်ခေါ်တာပဲ။ မကြာပါဘူးဗျာ တစ်နေ့ညမှာတော့ ကိုအောင်ထူးဟာ အရက်ဆိုင်ကအပြန် မိုက်နာလို့ နဘူးချုံကွယ်မှာထိုင်ပြီး နောက်ဖေးသွားနေတုန်း သူ့ရန်ဘက်တစ်ယောက်က ဓားနဲ့ဝင်ခုတ်ပြီး ထွက်ပြေးသွားခဲ့တယ်ဗျ။

ကြောက်ကြောက်နဲ့ ခုတ်တာဖြစ်မယ်ဗျ။ ခေါင်းကို မခုတ်မိဘဲ ဒူးခေါင်းကိုသာ ခုတ်မိလို့ အသက်မသေဘဲ ခြေထောက် ထော့နဲ့ထော့နဲ့ ဖြစ်သွားခဲ့ရတယ်။ သူ့ရဲ့ ပီယဆေးက ဟတ်ချိုးချေမှ ပြီးတယ်ဆိုတော့ ဟတ်ချိုးဆေးလဲ မကယ်နိုင်ပါဘူးဗျာ။

နောက်တော့ သူလဲ တခြားအရပ်ကို ပြောင်းသွားတာ ခုမှ ပြန်တွေ့ရတာပဲ။ တွေ့ရတော့လဲ အရင်စိတ်တွေ မပျောက်သေးတာ တွေ့နေရတယ်။

တစ်ခုတော့ သတိထားဗျို့၊ သူ့နှာရှူဘူးတော့ အထုတ်မခံနဲ့၊ လုချင်လုယူ၊ ဒါမှမဟုတ် လက်ဦးမှုယူပြီး အလဲအကွဲ ရိုက်ချင်ရိုက်လိုက်၊ ဒါမှသာ သူ့ကို နိုင်လိမ့်မယ်'

ဟု ထွန်းဝင်းမှ ရှည်လျားစွာဖြင့် ဟတ်ချိုးနှာရှူဘူးအကြောင်းကို ပြောပြပါသည်။ ကျွန်ုပ် စဉ်းစားမိသည်မှာ လောကကြီးမှာလည်း ဒီလိုလူတွေ ရှိသေးသကိုးဟု စဉ်းစားသုံးသပ်မိပါ၏။

အာဠာဝက မောင်ငွေ၊ မျောက်လေဖွေပေါက်စနှင့် အံ့ပွား မခင်တုတ်တို့က ကျွန်ုပ်တို့ ရပ်ကွက်တွင် အမှန်တကယ်ရှိ၍ အမှန်တကယ်လည်းပဲ အစွမ်းကိုယ်စီ ရှိကြပါကြောင်း တင်ပြလိုက်ပါသတည်း။

**(အမည်မှန်များဖြင့် ရေးသားပါသည်။)**

**ဦးစိုး(မတ္တရာ)**

# လေဖြတ်ရောဂါ မဖြစ်စေဖို့

လေဖြတ်ခြင်းဝေဒနာ မဖြစ်စေရန်အတွက် ရဲယိုရွက်ညှာတစ်ခုအား အပ်ချည်ကြိုးဖြင့်ချည်ကာ ခါးတွင် စည်းပတ်ထားခြင်းဖြင့် ကာကွယ်ပြီးဖြစ်စေသည်ဟု ကိုကျော်မြင့် (ဘီလူးကျွန်း)က ဇီဝိတဒါန ပြုလေသည်။

သူ၏ရင်းနှီးရာ ပတ်ဝန်းကျင်အတွင်း ပွဲတွေ့အောင်မြင်သည့် မိရိုးဖလာ သုံးစွဲလာသော မှန်ကိုးရာ စတိနည်း ဖြစ်သည်ဟု ဆိုလေသည်။

**ဆေးသုတေသီတစ်ဦး**




လေဖြတ်ဝေဒနာ ကာကွယ်နည်းကို ရှင်းပြသည့်ကိုကျော်မြင့်(ဘီလူးကျွန်း)



www.burmeseclassic.com

www.burmeseclassic.com



# အဘိုးတာလမွန်နှင့်

## ပိန္နဲပင်အောက်မှ မီးလုံးကြီးများ (၂)

ဝသုန်သက်လွင်

ယခင်လမှ အဆက်

ကျွန်ုပ်အိပ်ရာအနီးသို့ ရောက်ခဲ့သာ အဘိုးအိုနှင့် တူလွန်းလှသဖြင့် ကြာ လိုက်သွားမည်ပြုစဉ် ထိုဘိုးသည် ရော်ဘာတောထဲသို့ ဝင်ပြီး အရိပ်အယောင်မျှပင် မတွေ့ ပျောက်ကွယ်သွားပါသည်။

ကျွန်ုပ် နောက်ပြန်လှည့်ကာ ကျောင်းထိုင်ဆရာတော်ကို ဦးချလျက် ပဲဟင်းဆွမ်း ကပ်လိုက်စဉ်…

'ရဲဘော်က ရောင်းဒေါင်းတပ်စခန်းမှူး ထင်တယ်။ သာဓု…သာဓု…သာဓု စောစောက ပဲ "နိုင်တလမွန်"ဆိုတဲ့ ဒကာကြီးတစ်ဦး ဂုက်ပျောသီးတစ်ဖီး လာကပ်သွားတယ်။ စခန်းမှူး ရောက်လာရင် ပေးဒီပုတီးလေး ပေးလိုက်ပါလို့ မှာသွားတယ်'

ဆရာတော်၏ စကားကြောင့် ကျွန်ုပ် ပုတီးကုံးလေးကို ယူကြည့်ပြီး…

'ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးလား၊ နာမည်က နိုင်တလမွန်တဲ့လား။ ဒီအဘိုးက ဘယ်မှာ နေတာလဲဘုရား'

ကျွန်ုပ် မြင်တွေ့လိုက်ရသော အဘိုး အမည်မှာ နိုင်တလမွန်ဟု သိလိုက်ရသဖြင့် ဆက်လက် လျှောက်ထားလိုက်ရာ…

'ဒီဒကာကြီးက ဒီရွာကတော့ မဟုတ်ဘူး။ လပြည့်လကွယ်နေ့တွေဆိုရင် ကျောင်းကို မနက်အစောကြီး ရောက်ရောက်လာတတ်တယ်။

ရောက်လာတိုင်း ငှက်ပျောသီးတစ်ဖီး လှူနေကျပဲ။ နေရပ်ကို မေးကြည့်တော့ စလယ်တံခွန်တိုင်ကလိုလို၊ တောင်ဒီးရွာကလိုလို ဆရာတော်လဲ အတိအကျ မသိရဘူး'

ကျွန်ုပ်သည် နေရပ်လိပ်စာ မသိရသော ထိုအဘိုးအို ပေးခဲ့သည့် ကိုးလုံးပုတီးကို တရိုတသေ မြတ်မြတ်နိုးနိုး အိတ်ထဲ ထည့်ပြီးနောက် ဆရာတော်ကို ဦးချ၍ တပ်စခန်းသို့ ပြန်လာခဲ့သည်။

အဘိုးပေးခဲ့သော ပုတီးဖြူလေး တစ်ကုံး။

ဝတ်ဖြူစင်ကြယ်နှင့် အိပ်မက်ထဲက အဘိုး။

အိပ်မက်လိုလို၊ တကယ်လိုလို မြင်တွေ့ခဲ့ရသော အဘိုးကို ယနေ့နံနက် မျက်ဝါးထင်ထင် ရိပ်ခနဲသာ တွေ့လိုက်ရပြီး ပေးခဲ့သော ပုတီးဖြူလေးကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင်း ထိုအဘိုးသည် သူတော်စင်ပုဂ္ဂိုလ်တစ်ဦး ဖြစ်ရမည်ဟု မှတ်ယူကာ ပြန်လည် ဆုံတွေ့လိုသည့်ဆန္ဒနှင့် အတွေးများ ပျံ့လွင့်နေမိပါတော့သည်။

*　*　*

ထိုနေ့။

ထိုနေ့သည်ကား တပေါင်းလပြည့် ည ဖြစ်လေသည်။ ခါတိုင်းသောညများ ထက် ယနေ့ညမြင်ရသော မီးလုံးကြီး နှင့်ပတ်သက်သော ပုံရိပ်များသည် ပို၍ ဆန်းကြယ်နေ၏။

ည(၁၁း၃၀)နာရီခန့်တွင် ကင်းသမား တပ်သားတင်စိုး လာခေါ်သဖြင့် ကျွန်ုပ် အိပ်ရာမှ ထခဲ့ရသည်။

'ဆရာကြီး ထပါဦး ထပါဦး။ ပိန္နဲပင်ကုန်းထိပ် က မီးလုံးကြီးကို လာကြည့်ပါဦး'

ကင်းသမား တပ်သားတင်စိုး၏ ပျာပျာသလဲ အသံကြောင့် ရဲဘော်ကြီး ဦးသာလှလည်း နိုးလာပြီး ကျွန်ုပ်တို့နှင့် အတူ ဘန်ကာပြင်ဘက်သို့ ထွက်ခဲ့ကြပါသည်။ တပ်သားတင်စိုး ညွှန်ပြရာ ပိန္နဲပင်ရှိ ကုန်းထိပ်ကို ကြည့်လိုက်ရာ...

'ဟာ'

ကျွန်ုပ်တို့ ရဲဘော်တစ်စု တအံ့တသြ ဖြစ်သွားကြပါသည်။ အခါတိုင်း မြင်တွေ့နေကျဖြစ်သော အချင်းသုံးပေခန့် ရှိသော မီးလုံးနီနီရဲရဲကြီးသည် ယနေ့ (၂)လုံးဖြစ်နေသည်။

ကြည့်နေရင်းမှာပင် ထိုမီးလုံးကြီး နှစ်လုံးသည် တစ်လုံးနှင့် တစ်လုံး ပူးကပ်လာပြီး တစ်လုံးတည်း ဖြစ်သွားသည်။

တစ်လုံးတည်းဖြစ်သွားရာမှ အချင်း နှစ်ပေခန့်ရှိ မီးလုံးကြီးသုံးလုံး ဖြစ်သွားပြန်သည်။ တစ်ဖန် ပိန္နဲပင်ကြီးကို မီးလုံးသုံးလုံးက ရှေ့နောက်လိုက်ပါပြီး လှည့်ပတ်နေသည်။

ရှေ့ဆက် ဘာဖြစ်လာဦးမည်ကို စိတ်ဝင်တစား ကြည့်နေစဉ် ဘန်ကာတဲ၌ အိပ်နေကြသော ရဲဘော်များ အားလုံး ထလာကြသည်။ အချိန်ကား ည(၁၂း၀၀)နာရီတိတိ။ **(တပ်သားတင်စိုးကို ကင်းချိန်းမည့် တပ်သားကြီးမှူတူး ထလာပြီး ဘန်ကာအပြင်ရောက်သောအခါ ကျွန်ုပ်တို့နှင့် မီးလုံးကြီးများကို ထူးထူးဆန်းဆန်းတွေ့မြင်ရ၍ ရဲဘော်အားလုံးကို ထကြည့်ရန် နှိုးလျက်ခေါ်ပြခြင်း ဖြစ်ပါသည်။)**

ရောင်းဒေါင်းစခန်းတွင်း၌ ရှိကြသော ကျွန်ုပ်တို့ ရဲဘော်အားလုံး မီးလုံးကြီးများ၏ လှုပ်ရှားမှုများကို ကြည့်နေစဉ် ပိန္နဲပင်ကြီးတစ်ပင်လုံးသည် ဆလိုက်မီးများ ထိုးထားသကဲ့သို့ အလင်းရောင်များ ဖြာဝေကာ လင်းထိန်နေပါသည်။

ထိုစဉ်မှာပင် ဝတ်ဖြူစင်ကြယ် ခေါင်းပေါင်းဖြူနှင့်အဘိုးအိုတစ်ဦး ပိန္နဲပင်ကြီးရှေ့မှာ ရပ်နေသည်ကို မြင်လိုက်ကြရသည်။

အဘိုးအို၏ နှုတ်ခမ်းမွေးဖြူဖြူ မုတ်ဆိတ်မွေး ဖြူဖြူများကိုလည်း ထင်ထင်ရှားရှားမြင်ရသည်။ ထိုအဘိုး၏မျက်နှာကို ကျွန်ုပ်သေချာစွာ မျက်တောင်မခတ်ကြည့်လျက်...

'နိုင်တလမွန်ဆိုတဲ့အဘိုးပဲ ငါ့ကို စကားလာပြောခဲ့တဲ့ အဘိုးပဲ'

ကြည်နူးဝမ်းသာစိတ်များနှင့် ကျွန်ုပ် နှုတ်မှ ရေရွတ်သွားမိသည်။

'ဒီအဘိုးနဲ့ ဆရာကြီးသိလို့လား'

ရဲဘော်များက ကျွန်ုပ်ကို ဝိုင်းမေးကြသည်။ ကျွန်ုပ်မှာ ခေါင်းညိတ် ခေါင်းခါ မပြုနိုင်ပါ။ ပိန္နဲပင်ကြီးမှ ဆန်းကြယ်သော ပုံရိပ်သဏ္ဌာန်များကို စိတ်ဝင်စားဖွယ် ရုပ်ရှင်ဇာတ်လမ်းပမာ ကြည့်နေမိတော့သည်။

ခဏအကြာတွင် ပိန္နဲပင်ကြီးကို လှည့်ပတ်နေသော မီးလုံးသုံးလုံးသည် နှစ်လုံးတည်းဖြစ်ပြီး ကျွန်ုပ်တို့ စခန်းဘက်သို့ ကားလမ်းအတိုင်း လိမ့်ဆင်းလာသည်။

ထိုမီးလုံးကြီးနှစ်လုံး၏ အလယ်တွင် ဝတ်ဖြူစင်ကြယ်နှင့်အဘိုးသည် မြေပြင်မှ အမြင့်တစ်ထောင်ကျော်ခွာလျက် မီးလုံးကြီးများနှင့်အတူ တစ်လှမ်းချင်း လျှောက်လာနေသည်။

ကျွန်ုပ်တို့ စခန်းရှေ့တည့်တည့် ရောက်သောအခါ ကားလမ်းပေါ်တွင် တည်ငြိမ်စွာ ရပ်တန့်နေသည်။

ဝတ်ဖြူစင်ကြယ်နှင့်အဘိုးကို အနီးကပ် ထင်ထင်ရှားရှား မြင်လိုက်ရပြီး ၍ အိပ်မက်ထဲမှ သို့မဟုတ် အပြင်ဘက်မှာ မြင်တွေ့ခဲ့ရသော အဘိုးကို ကြည်ညို လေးစားခြင်း၊ ချစ်ခင်ခြင်း၏ စိတ်ဆန္ဒကို မတားဆီးနိုင်ကာ...

'အဘိုး...အဘိုး တလမွန်'

ကျွန်ုပ် အော်ဟစ်ခေါ်လိုက်ပါသည်။ ကျွန်ုပ်၏ ရုတ်တရက်အသံကြောင့် ရဲဘော်များလည်း သူတို့ရှေ့တွင် မြင်တွေ့နေရသော အဘိုးကို စိတ်ဝင်စားစွာ ကြည့်နေစဉ်မှာပင် မီးလုံးကြီး နှစ်လုံးသည် ပျောက်ကွယ်သွားသည်။

ထို့အတူ သူတော်စင်ပုဂ္ဂိုလ်ဟု နိုင်သော အဘိုးနိုင်တလမွန်လည်း ပျောက်ကွယ်သွားပါတော့သည်။

သည်တွင် ကျွန်ုပ်နှင့် ရဲဘော်များမှာ ထိုဆန်းကြယ်မှုဖြစ်ရပ်ကို အမျိုးမျိုး အဖုံဖုံထင်ကြေးနှင့် မှတ်ချက်ပေး ဆိုနေကြရင်း အရုဏ်ကျင်းသည့် သောက်နံနက်ခင်းသို့ ရောက်ရှိခဲ့ တော့သည်။

*　*　*

ဤသို့ဖြင့် ဆန်းကြယ်မှုစုံသည့်



www.burmeseclassic.com

www.burmeseclassic.com

ရောင်းဒေါင်းရွာတပ်စခန်း၌ ကျွန်ုပ် (၄)လကျော်ကြာမြင့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

တာဝန် ထမ်းဆောင်ခဲ့စဉ်အတွင်း ကျွန်ုပ်နှင့်ရဲဘော်များအားလုံး ဖျားနာမှုကင်းခဲ့၏။ တာဝန်ယူရသည့် လမ်းကြောင်းတစ်လျှောက် အန္တရာယ်ကင်းခဲ့၏။ ရောင်းဒေါင်းရွာ ပြည်သူလူထု၏ ချစ်ခင်မှုကို ရခဲ့၏။

ရွာသူရွာသားများက ကျွန်ုပ်တို့ မမှာမကြားဘဲ သားငါးများ၊ အသီးအနှံများကို အခါအားလျော်စွာ လာပို့ကြ၏။

ကျွန်ုပ်တို့စခန်းမှလည်း ရွာထိပ်ရှိ ဘေးမဲ့တောရ ဘုန်းကြီးကျောင်းသို့ နေ့စဉ် ဆွမ်းဟင်းဒါနပြုကာ ကုသိုလ်များ ရရှိခဲ့ကြသည်။

ထိုသို့ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် စခန်းရှိ ရဲဘော်အချင်းချင်း ချစ်ခင်ညီညွတ်ပြီး ရွာလူထုနှင့်လည်း ရင်းနှီးခင်မင်နေကြချိန်၌ ကျွန်ုပ်သည် တပ်ကြပ်အဆင့်မှ တပ်ကြပ်ကြီးရာထူးအဆင့်သို့ တိုးမြှင့်ခံရပြီး တပ်ရင်းသို့ ပြန်ရန် အကြောင်းဖန်လာခဲ့တော့သည်။

တပ်ရင်းမှ ကြေးနန်းတစ်စောင် ရောက်ရှိလာသည်။

ကြေးနန်းစာအရ မနက်ဖြန်မနက်တွင် တပ်ကြပ်ကြီးအုန်းမောင်မှ ရောင်းဒေါင်းစခန်းမှူးတာဝန်ကို ကျွန်ုပ်ထံမှ လွှဲပြောင်းယူမည်ဖြစ်ကြောင်း စခန်းရှိ လက်နက်ခဲယမ်း၊ ရိက္ခာ၊ ...င်အား စသည် လွှဲပြောင်း လက်ခံဆောင်ရွက်နိုင်ရေးအတွက် အသင့်ပြင်ဆင်ထားရန် ညွှန်ကြားလာပါသည်။

ကျွန်ုပ် ရာထူးတိုးသည့်အတွက် စခန်းရှိ ရဲဘော်များအားလုံး ဝမ်းသာ



ပျော်ရွှင်ကြသော်လည်း ကျွန်ုပ်နှင့် ခွဲခွာရမည့်အတွက် စိတ်မကောင်း ဖြစ်ကြရှာသည်။

ကျွန်ုပ် ဤစခန်းမှ မနက်ဖြန် ပြန်ရတော့မည်ဖြစ်၍ ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်ကြီး အဘိုးနိုင်တလမွန် မှာကြားထားသည့် နေ့ရက်မှစ၍ ဆွမ်းဟင်းကပ်လှူမြဲဖြစ်သော ဘေးမဲ့တောရဘုန်းကြီးကျောင်းသို့ သွားရောက်ကာ ဆရာတော်ကို လှူဖွယ်ပစ္စည်းနှင့် ကန်တော့ခဲ့သည်။

ထို့နောက် နေ့စဉ် ရေလောင်းနေကျဖြစ်သော မီးလုံးကြီးများ လိမ့်ဆင်းရာ ပိန္နဲပင်ကြီးဆီသို့ သွားရောက်ပြီး ရေတစ်ပုံးကို စိတ်ကြည်လင်စွာ ထား၍ လောင်းပေးခဲ့ပါသည်။

လုပ်ဆောင်ရမည့်ကိစ္စများ ဆောင်ရွက်ပြီး စခန်းသို့ ပြန်လာကာ ရေချိုးပြီး ဘုရားရှိခိုး ပုတီးစိပ် အမျှဝေပြီးနောက် ညနေထမင်းစားကာ ချထားသည့် ကင်းများကို စစ်ဆေးပါသည်။

**(မှတ်ချက်။ ။ ရောင်းဒေါင်းစခန်းသို့ ကျွန်ုပ်ရောက်ရှိပြီး ဘုရားရှိခိုး အမျှအတန်း ပေးဝေနေ၍ ကျဆုံးခဲ့ပြီး မကျွတ်မလွတ်ကြသည့် တပ်ကြပ်လှအောင်နှင့် တပ်သားကျော်ရှိန်တို့ သာဓုခေါ်နိုင်ကာ သုဂတိဘုံဘဝသို့ ရောက်သွားကြပြီထင်၏။ ရော်ဘာဖိနပ် တဖြတ်ဖြတ်နှင့် ခြေသံများ မကြားရတော့သည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်၏။)**

ထိုည (၁၀)နာရီကျော်ခန့်တွင် ပိန္နဲပင်အထက်သို့ မီးလုံးကြီး ပျံတက်ပြီး အောက်သို့ ထိုးဆင်းလိုက်၊ အပေါ်ပျံတက်လိုက် သုံးကြိမ်ပြုလုပ်ပြီး ထိုမီးလုံးသည် ကားလမ်းအတိုင်း စခန်းဘက် လိမ့်ဆင်းကာ စခန်းရှေ့မှ ပိန္နဲပင်ကြီးဆီသို့ ပြန်ရောက်ပြီး ပျောက်ကွယ်သွားသည်ကို တွေ့ရပါသည်။

ကျွန်ုပ်သည် ဝတ်ဖြူစင်ကြယ်နှင့် အဘိုး ပေါ်လာနိုး စောင့်မျှော်ရင်း ည (၁၂)နာရီခန့်တွင် လူစုခွဲကာ အိပ်ရာဝင်ခဲ့ကြပါသည်။

မျက်စိထဲ၌ သူတော်စင်ကြီးဟု သတ်မှတ်ထားသော အဘိုးတလမွန်ကို မြင်ယောင်ရင်း ပြန်လည် ဆုံတွေ့လိုစိတ်ဖြင့် တမ်းတနေမိပါသည်။

* * *

နောက်နေ့ နံနက်(၈)နာရီခန့်တွင် စစ်သုံး နစ်ဆန်းကားဖြင့် ဌာနချုပ်တပ်ခွဲမှ ဒုအရာခံဗိုလ်ညွှန့်လှိုင် လိုက်ပါလျက် လုံခြုံရေးစစ်သည်များ စခန်းသို့ ရောက်ရှိလာကြပါသည်။ ကျွန်ုပ်နှင့် စခန်းမှူးတာဝန် လွှဲပြောင်းလက်ခံမည့် တပ်ကြပ်ကြီးအုန်းမောင်လည်း ပါလာပါသည်။

ကျွန်ုပ် ရောင်းဒေါင်းစခန်းရှိ လက်နက်ခဲယမ်း၊ ရိက္ခာ၊ ငွေကြေးများကို တပ်ကြပ်ကြီးအုန်းမောင်သို့ စာရင်းဇယားဖြင့် လက်မှတ်ထိုး လွှဲပြောင်းပေးလိုက်ပါသည်။

ကျွန်ုပ်နှင့် တပ်ကြပ်ကြီးအုန်းမောင်မှာ ညီအစ်ကိုပမာ ခင်မင်ကြသူများဖြစ်ပါသည်။ သူသည် နေ့ည အရက်



www.burmeseclassic.com

www.burmeseclassic.com

သောက်တတ်သူဖြစ်ပြီး လက်မြန် ခြေမြန် တဖောက်ကန်း လုပ်တတ်သော အကျင့်စရိုက်ရှိသူဖြစ်၏။

တာဝန်လွှဲပြောင်းစဉ် တပ်ကြပ်ကြီး အုန်းမောင်ထံမှ အရက်နံ့ရသဖြင့် ရင်းနှီးခင်မင်စိတ်ဖြင့် တိုးတိုးတိတ်တိတ် သတိပေးလိုသဖြင့်...

'ဆရာအုန်းမောင် ဒီမှာနေရင် အသောက်အစား နည်းနည်းလျှော့ပါဗျာ၊ စခန်းတွင်းက ရဲဘော်တွေနဲ့လဲ သင့်မြတ်အောင်နေပါ။ ကျွန်တော် မေတ္တာစေတနာနဲ့ ပြောတာပါ။ စိတ်မဆိုးပါနဲ့'

ဟု ပြောသောအခါ ကျွန်ုပ်ကို သူ၏ အရက်ခိုးဝေနေသော မျက်လုံးနီကြီးဖြင့် ကြည့်ကာ...

'ငါ့အလုပ် ငါသိပါတယ်ကွာ၊ ငါလဲ တပ်ကြပ်ကြီးတစ်ယောက်ပဲ။ မင်းအရင် တပ်ကြပ်ကြီးဖြစ်နေတာ၊ ဆရာလာမလုပ်နဲ့ ငါကတော့ ခပ်ကြမ်းကြမ်းပဲ'

ခပ်ဆတ်ဆတ် ပြန်ပြောပါသည်။ ကျွန်ုပ် ဘာမှ ပြန်မပြောတော့ဘဲ ရဲဘော်အားလုံးကို နှုတ်ဆက်ပြီး ကားပေါ်တွင် တက်ထိုင်နေလိုက်ပါသည်။

ရောင်းဒေါင်းရွာ ဘေးမဲ့တောရကျောင်းနှင့် ပိန္နဲပင်ကြီးကို စိတ်ထဲမှ နှုတ်ဆက်လိုက်ပါသည်။

'ဝတ်ဖြူစင်ကြယ်နဲ့ သူတော်စင်ကြီး အဘိုးတလှမ်းရေ သားလူလေး ကျွန်တော် နှုတ်ဆက်ကန်တော့ခဲ့ပါတယ် ခင်ဗျား'

* * *

တပ်ရင်းသို့ (၁၁း၀၀)နာရီကျော်ကျော်တွင် ပြန်ရောက်သည်။

ကျွန်ုပ်ကို အနား(၃)ရက်ပေးထားသဖြင့် ဇနီးသားသမီးများရှိရာ အိမ်ထောင်သည်များလိုင်းသို့ သွားပါသည်။ တာဝန်ပေါ့သွားသဖြင့် ရေချိုးထမင်းစားပြီး အနားယူလိုက်ပါသည်။

ညနေပိုင်းတွင် မိသားစုနှင့်အတူ တပ်ပြင်ထွက်ခွင့်(Out pass) ယူကာ ရတနာပုံရုပ်ရှင်ရုံ၌ ရုပ်ရှင်ကြည့်ပြီး တပ်ရင်းအိမ်ထောင်သည်လိုင်းသို့ ပြန်လာကြသည်။

တပ်ရင်းရုံးကြီးမှ ဖြတ်၍ အိမ်ထောင်သည်လိုင်းသို့ ပြန်ခဲ့ရာ ည (၉း၃၀)နာရီခန့်ရှိနေပြီး ရုံးပေါ်၌ စစ်ကားနှစ်စီးနှင့် ထောက်လှမ်းရေးမှူး ဗိုလ်ကြီး သိမ်းအိုင်၊ တပ်ရေးဗိုလ်ကြီး တင့်ဆွေ အရာခံဗိုလ်နှင့် အကြပ်စစ်သည်များ စုရုံးနေကြသည်ကို တွေ့ရသည်။

တပ်ရေးဗိုလ်ကြီးသည် ကျွန်ုပ်ကို တွေ့သည်နှင့်...

'အတော်ပဲဆရာကြီး မိုးကျော်ရေ၊ ရောင်းဒေါင်းစခန်းမှာ တပ်ကြပ်ကြီး အုန်းမောင် သွေးအန်ပြီး အခြေအနေဆိုးနေတယ်။ လောလောဆယ် ခင်ဗျားပဲ စခန်းမှူးတာဝန် ပြန်ယူပေးပါဦး။

ခွင့်သွားနေတဲ့ ဆရာတင်ဦး ပြန်ရောက်ရင် ချက်ချင်းပြန်လဲပေးပါ့မယ်။ ကဲ လက်နက်ခဲယမ်း ကျောပိုးအိတ် ပြင်ပေတော့၊ နောက်မှ ခင်ဗျားကို နားခွင့်ပြန်ပေးမယ်'

သည်နံနက်ကပင် ကျွန်ုပ်နှင့် တာဝန် လွှဲပြောင်းယူခဲ့သော တပ်ကြပ်ကြီးအုန်းမောင် သွေးအန်ပြီး အခြေအနေဆိုးနေကြောင်း ကြားသိရသည့်အတွက် စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။

ယခု ကျွန်ုပ် ရောင်းဒေါင်းစခန်းသို့ ပြန်သွားရပေဦးမည်။ တပ်မတော်၏ အမိန့်နှင့် တာဝန်ကို ကျွန်ုပ် မငြင်းသာပါ။ အိမ်ထောင်သည်လိုင်းသို့ အပြေးအလွှားပြန်ပြီး အိပ်ရာလိပ်၊ ကျောပိုးအိတ်နှင့် ကာဘိုင်သေနတ်လွယ်ကာ ရုံးပေါ်သို့ တက်လာပြီး ရောက်ရှိကြောင်း သတင်းပို့လိုက်ပါသည်။

ကျွန်ုပ် ရောက်ရှိသည်နှင့် နစ်ဆ...
ကားသည် သံဖြူဇရပ်မှ ရောင်းဒေါ...
စခန်းသို့ မောင်းခဲ့ပါတော့သည်...
ရောင်းဒေါင်းစခန်းသို့ ရောက်သော...
အခါ ရဲဘော်များက ကျွန်ုပ်ကို ...
လျှင် ဆီးကြိုကြသည်။

တပ်ကြပ်ကြီးအုန်းမောင်ကို တပ်...
သို့ သယ်ဆောင်ရန် စောင်ကို ပု...
လုပ်၍ အသင့်ပြင်ထားသည်ကို တွေ...
သည်။ ဆရာအုန်းမောင်သည် အ...
ဖျော့သော မျက်လုံးဖြင့် ကျွန်ုပ်...
ကြည့်၍ မျက်ရည်များ ကျနေသည်...
သူ၏ ပါးစပ်မှ သွေးစများ ယိုစီးကျ...
ပါသည်။

တပ်ကြပ်ကြီး အုန်းမောင်...
ချက်ချင်းပင် ကားပေါ်သို့တင်...
နစ်ဆန်းကား ပြန်ထွက်သွားသည်...
ကျွန်ုပ်က ရဲဘော်လေး ကျော်သူ...
စခန်းအဝင်တံခါးကို ပြန်ပိတ်ခိုင်း...
သည်။ ကျွန်ုပ်၏ ကာဘိုင်သေနတ်...
စားပွဲပေါ်တင်၍ အနီးတွင် ရှိနေ...
သော ရဲဘော်ကြီးသာလှ၊ မှုတ...
ရဲဘော်များကို...

'ဆရာကြီးအုန်းမောင် ဒီမနက်...
အကောင်းပါ၊ ဘယ်လိုဖြစ်လို့ ...
အန်ပြီး အခုလို ဖြစ်သွားရတာလဲ'

ဟု မေးလိုက်ပါသည်။

**ရဲဘော်ကြီးမှုတူး** ။ ။'ဒီည (၇)...
လောက်က ...
ဆရာကြီးရယ်၊ ပိန္နဲပင်ကြီးဘ...
မီးလုံးကြီး ခါတိုင်းလိုပဲ ကား...
အတိုင်း စခန်းဘက်ကို လိမ့်ဆင်း...
ပြီး တက်လိုက်ဆင်းလိုက် လုပ်...
တယ်။

နောက် ပိန္နဲပင်ကြီးကို ရောက်...
ငြိမ်နေတာကို ဆရာကြီး အုန်းမော...
ကြည့်ပြီး ဘာမီးလုံးလဲလို့ ကျွန်...
တို့ကို မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့က မသိဘူးလို့ ပြောတော့ သူက စုန်းဖြစ်လိမ့်မယ်။ ငါတို့ကို လာစမ်းတာလား၊ အုန်းမောင် အကြောင်းသိမယ်ပြောပြီး ရဲဘော် ဝင်းမြင့်နဲ့ ကာဘိုင်သေနတ်ဆွဲပြီး ပိန္နဲပင်ရှိရာ ကားလမ်းတောင်ကုန်းကို တက်သွားတယ်။ ဆရာကြီး အုန်းမောင် တအားမူးနေတယ်။ ဝင်းမြင့်က မလိုက်ချင်ဘဲ ကြောက်ကြောက်နဲ့ လိုက်သွားရတယ်'

ထိုအချိန်တွင် မျက်နှာညှိုးငယ်စွာဖြင့် တပ်သားဝင်းမြင့်က...

'ကျွန်တော် ဆရာကြီးအုန်းမောင် နောက်က ခပ်ကုတ်ကုတ်လိုက်သွားတယ်။ ကျွန်တော်တို့ စခန်းအပြင်ရောက်တော့ ပိန္နဲပင်ကြီးအောက်က မီးလုံးကြီး ပျောက်သွားပြီ။ ဆရာကြီး အုန်းမောင် တောက်တစ်ချက်ခေါက်ပြီး ပိန္နဲပင်ကြီးဆီကို တန်းသွားတယ်။

ကျွန်တော် မလိုက်ရဲလို့ နောက်ချန်နေခဲ့တယ်။ ဆရာကြီးအုန်းမောင် ပိန္နဲပင်ကို သေးနဲ့ပန်းပြီး မိုးမွှန်အောင် ဆဲတယ်။ စုန်းတွေ တစ္ဆေတွေ ဒီမှာ မနေနဲ့၊ အုန်းမောင်ဆိုတဲ့ကောင်က ဘာမှ မကြောက်ဘူး။

မီးလုံးကြီးကို နောက်တစ်ခါ မြင်ရရင် ဒီပိန္နဲပင်ကို အမြစ်က လှန်ခုတ်လှဲပြီး မီးရှို့လိုက်မယ်ကွလို့ ကြိမ်းမောင်းတယ်။ နောက် ပိန္နဲပင်ကို ခြေထောက်နဲ့ ကန်ပြီး စခန်းဘက်လှည့်အပြန်မှာ ကျွန်တော်က ဆရာကြီးရှေ့က သွားနေတုန်း "ဖြန်း""အား"ဆိုတဲ့ ပြန်းခနဲ ကျောပြင်ကိုရိုက်သံ...

ငယ်သံပါအောင် အော်လိုက်တဲ့ အသံတွေကြားလို့ နောက်လှည့်ကြည့်လိုက်တော့ ဆရာကြီး အုန်းမောင် မှောက်လျက် လဲနေတယ်။

"ကြောက်ပါပြီ၊ ကြောက်ပါပြီ"လို့



အော်နေတာနဲ့ စခန်းမှာ ရှိတဲ့ ရဲဘော်တွေကို လှမ်းအော်ခေါ်လိုက်ရတယ်'

**ရဲဘော်ကြီးသာလှ**။။'ကျွန်တော် တို့ ရောက် သွားတော့ ဆရာကြီး အုန်းမောင် ပါးစပ်ထဲက သွေးတွေ အန်ထွက်နေတယ်။

"ကြောက်ပါပြီ၊ ကြောက်ပါပြီ မရိုက်ပါနဲ့"လို့ အထိတ်တလန့် အော်နေတာနဲ့ စခန်းကို မ,သယ်ခဲ့ရတယ်။ သွေးအန်တာများနေလို့ စိုးရိမ်ပြီး တပ်ရင်းကို အကြောင်းကြားလိုက်ရတယ်'

ရဲဘော်များ၏ ပြောကြားချက်များကို ကျွန်ုပ် ငြိမ်သက်စွာ နားထောင်ရင်း ဆရာအုန်းမောင်၏ တဖောက်ကန်းနိုင်မှု၊ အရက်သေစာသောက်စားပြီး မူးရူးကာ မဆင်မခြင် ရမ်းကားမှုကြောင့်...

သူ၏ နောက်ကျောပြင်ကို မမြင်အပ်သော ဂန္ဓဗ္ဗရနယ်မှ ပရလောကသားတို့၏ အရိုက်အနှက်ခံရပြီး သွေးအန်ရခြင်းသည် ပိန္နဲပင်ကြီးနှင့် မီးလုံးများ ပတ်သက်ဆက်စပ်မှု ရှိလိမ့်မည်ဟု ယူဆပါသည်။

မမြင်အပ်သော ပုဂ္ဂိုလ်များ၊ ပရလောကသား ပြိတ္တာတစ္ဆေများ ရှိသည်ကို အရက်သောက်ပြီး အသိတရားကင်းမဲ့ကာ ကိုယ်ထိလက်ရောက် စော်ကားခြင်း အညစ်အကြေးဖြစ်သော သေးနှင့်ပန်းခြင်း၊ ရိုင်းစိုင်းစွာ ဆဲဆိုတိုင်းထွာခြင်း၊ ပိန္နဲပင်ကြီးကို ကန်ကျောက်ခြင်းတို့ကြောင့် ဤသို့ သွေးအန်ရသည်အထိ အဖြစ်ဆိုးနှင့် ကြုံရခြင်းသည် ဘယ်သူမပြု မိမိအမှားကြောင့်ဟု ဆိုရပေပေမည်။

ကျွန်ုပ်နှင့် စခန်းရှိ ရဲဘော်များ တပ်ကြပ်ကြီးအုန်းမောင်၏ ဖြစ်ပျက်ပုံကိုကြည့်ပြီး အတွေးကိုယ်စီနှင့် ငေးငိုင်နေကြစဉ် ကုန်းထိပ် ပိန္နဲပင်ကြီးဆီမှ မီးလုံးကြီး ပေါ်လာပြန်သည်ကို မြင်လိုက်ကြရပြန်သည်။ **အချိန်အားဖြင့် ည(၁၂)နာရီခန့် ရှိနေပြီဖြစ်၏။**

ကျွန်ုပ်တို့ လှမ်းမျှော်ကြည့်နေစဉ် ထိုမီးလုံးကြီးသည် ပိန္နဲပင်ကို လှည့်ပတ်၍ ထုံးစံအတိုင်း ကားလမ်းပေါ်မှ ကျွန်ုပ်တို့စခန်းဘက်သို့ လိမ့်ဆင်းလာနေသည်။ မီးလုံးကြီးနောက်မှ လိုက်ပါလာသော အရိပ်သဏ္ဌာန်တစ်ခုကို မြင်လိုက်ရသည်။

ထိုအရိပ်သဏ္ဌာန်သည် ကျွန်ုပ်ပြန်လည် တွေ့ဆုံချင်သည့် ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်ပုဂ္ဂိုလ်ကြီး အဘိုးနိုင်တလမွန် ဖြစ်နေသည်ကို သဲကွဲစွာ မြင်တွေ့လိုက်ရပြီး မီးလုံးကြီးနှင့်အတူ အားလုံး ပျောက်ကွယ်သွားပါတော့သည်။

'မြင်အပ်၊ မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ'

ကျွန်ုပ် လိုက်လှဲစွာ မေတ္တာဝေလိုက်ပါတော့သည်။

**[တပ်ကြပ်ကြီး မိုးကျော်(အငြိမ်းစား)၏ ကိုယ်တွေ့ဖြစ်ရပ်ကို ရေးခြင်း ဖြစ်ပါသည်။ ဖြစ်နိုင်၊ မဖြစ်နိုင် ဆိုသည်ကို ကျွန်ုပ်မည်သို့မျှ မှတ်ချက် မပြုလိုပါ။ စာရှုသူများသာ ချင့်ချိန်စဉ်းစား၍ ဝေဖန်ဆွေးနွေးကြစေလိုပါသည်။ စာရေးသူ]**

**ဝသုန်သက်လွင်**



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသန်းလင်း (ဘီအေ)

ဂမ္ဘီရဆန်သော

# မြွေကွင်းဆက်

၏ နောက်ဆက်တွဲ

ဆရာဦးမင်းဇင်(ရွှေနဝင်း) ရေးသားသော မြွေကွင်းဆက်(သို့မဟုတ်) မြွေကွင်းပိတ်အကြောင်း ဆောင်းပါးတစ်ပုဒ်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်(၃၄၀)၊ စာမျက်နှာ(၁၈၂)တွင် ဖတ်ရှုရသဖြင့် မြွေကွင်းဆက်နှင့် ပတ်သက်၍ ကျွန်တော် ကြားသိထားသမျှ ရေးသားလိုက်ပါသည်။

မြွေကွင်းဆက် (ခေါ်) မြွေကွင်းပိတ်အကြောင်း ဖြစ်ပျက်ပုံ အသေးစိတ်ကို ဆရာဦးမင်းဇင်(ရွှေနဝင်း)၏ ဆောင်းပါးတွင် ရေးထားပြီးဖြစ်၍ ကျွန်တော်က ထပ်မံ၍ မရေးသားလိုတော့ပါ။

ဤသို့ မြွေကွင်းဆက် ဖြစ်ခြင်းကို **"မြွေထုံကူးသည်"**ဟု တချို့က ဆိုကြပါသည်။ မည်သို့ပင် အခေါ်အဝေါ် ကွဲလွဲစေကာမူ ဖြစ်ရပ်က တူညီမှု ရှိနေပါသည်။

ထို့ပြင် ကျွန်တော် ကြားဖူးထားခဲ့သော **"မြွေတို့တရားကျင့်သည်"** ဟူသော အခေါ်အဝေါ် သုံးနှုန်းမှုကလည်း ဤမြွေကွင်းဆက်ခြင်းကိုသာ ဆိုသည်ဟု ထင်ပါသည်။

အဟိတ်တိရစ္ဆာန်မျှသာ ဖြစ်သော မြွေက "တရားကျင့်နိုင်ပါမည်လား" ဟု မဂ္ဂဇင်းတစ်အုပ်ထဲတွင် အပြန်အလှန် ငြင်းခုံကြသော ဖြစ်ရပ်တစ်ခုသည် **လွန်ခဲ့သော (၂၅)နှစ်ခန့်က ဖြစ်ပွားခဲ့ဖူး**တာကိုလည်း ကျွန်တော် ကောင်းစွာ မှတ်မိနေပါသေးသည်။

လူသားများလို တရားမကျင့်ကြနိုင်ဦးတော့မှ အဟိတ်တိရစ္ဆာန်အမျိုးမျိုးထဲတွင် အလွန် ဂမ္ဘီရဆန်သော သတ္တဝါတစ်မျိုးဟုဆိုက လူအတော်များများ လက်ခံနိုင်ဖွယ် ရှိပေသည်။

လူ့အသက်ကို သေစေနိုင်လောက်အောင် သဘာဝတရားက အပ်နှင်းထားသော အဆိပ်ပိုင်ရှင်ဟူသော မြွေသတ္တဝါကို လူအများက ထိတ်လန့်ကြောက်ရွံ့ကြပါသည်။

လက်ဦးသူက နိုင်စတမ်းဖြစ်၍ မြွေကို တွေ့သည့်နေရာတွင် သတ်ဖြတ်သူများလည်း ရှိပါသည်။ မြွေသာ



www.burmeseclassic.com

www.burmeseclassic.com

ချက်ပြုတ်၍ နှစ်ခြိုက်စွာလည်း စားတတ်သူများ ရှိနေပါသည်။

မြွေမကြီး မရှိခိုက် မြွေဥများကို ယူဆောင်သွားပြီး ချက်ပြုတ်စားသောက်သူကို ထိုညတွင် အိပ်ပျော်နေစဉ် မြွေမကြီးက လိုက်လာပြီး ကိုက်သတ် လက်စားချေလေ့ရှိကြောင်း၊ လူပုံအလယ်တွင် မြွေဥစားထားသူ အိပ်ပျော်နေစေကာမူ ထိုသူကို မှားယွင်းမှုမရှိ ရွေးချယ်သတ်ဖြတ်တတ်ကြောင်း၊ ရေခြားမြေခြားထိ ရောက်အောင် မြွေမကြီးက လိုက်တတ်ကြောင်း ကြားသိရဖူးပါသည်။

မြွေလည်းမသတ်၊ မြွေသားလည်း မစား၊ မြွေများကိုလည်း မေတ္တာပို့ပေးလေ့ရှိသူကို (မြွေကို တက်နင်းမိသည့်တိုင်) မကိုက်ဟု ဆိုပါသည်။ ထို့ကြောင့် မြွေသည် အလွန်သစ္စာစောင့်သိသော သတ္တဝါဟု ဆိုနိုင်ပေသည်။


သာမန်အားဖြင့် မြွေကို တွန့်လိမ်ပြီးမှသာ ရွေ့လျားသွားလာတတ်သည်ကို လူတို့ မြင်တွေ့ဖူးမည်ဖြစ်သည်။ သို့သော် အချို့မြွေများသည် အလျင်လိုစွာ သွားလာချင်သည်ဖြစ်စေ၊ ရန်သူ့နောက်ကို လိုက်လျှင်ဖြစ်စေ မြေကို အမြီးနှင့်ထောက်ပြီး ခပ်ဝေးဝေးသို့ ရောက်ရှိသွားအောင် လေထဲမှာ ပျံသန်းရွေ့လျားတတ်သော မြွေလည်း ရှိတတ်သည်။*(မြွေတိုင်း ဤသို့ ပြုမူနိုင်လိမ့်မည်ဟု မထင်ပါ။)*

**မြွေတို့ ကိုယ်ဖျောက်(ပျောက်) တတ်သလော...**

ဖြစ်စဉ်[၁]

လွန်ခဲ့သော (၂၅)နှစ်ခန့် အချိန်ကာလ...

ကျွန်တော် နေထိုင်ရာ ရပ်ကွက်မှ တောင်ဘက်သို့ ထွက်လိုက်လျှင် ငမိုးရိပ်ချောင်းကို တွေ့ရမည်။ ငမိုးရိပ်



ချောင်းကို ကူးတို့လှေဖြင့် ဖြတ်ကူးလိုက်မည်ဆိုပါက အခြားတစ်ဖက်ကမ်းတွင် ရှင်တစ်ရာဘုန်းကြီးကျောင်းကို ရောက်နိုင်ပါသည်။

ကျောင်းနံဘေး ဝဲ,ယာတွင် အုန်းပင်များ အပြည့်စိုက်ပျိုးထားသော အုန်းခြံများလည်း ရှိပါသည်။ ကျောင်း၏ နောက်ဘက်တွင်ကား မျက်စိတဆုံး လယ်ကွင်းကြီးများ ဖြစ်ပါသည်။

**(ထို လယ်ကွင်းပြင်ကြီးသည် ယနေ့အခါတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)ဖြစ်နေပြီး တိုက်တာအဆောက်အအုံများဖြင့် ပြည့်နေပြီ။ ငမိုးရိပ်ချောင်းကိုဖြတ်၍ ဒဂုံတံတားကြီးလည်းပေါ်ပေါက်လာပြီ။)**

ရှင်တစ်ရာ ဘုန်းတော်ကြီးကျောင်းကို ကျွန်တော်တို့ရပ်ကွက်မှ ကိုးကွယ်သူ များပြားလှသည်။ ရှင်တစ်ရာကျောင်းသည် အသက်သတ်လွတ် စားသုံးကျင့်ကြံသော ကျောင်းဖြစ်ပြီး ဘုန်းကြီးကျောင်းသို့ ရောက်လာသူသည် အသားငါးဟင်း ယူဆောင်လာခွင့် မပြုပါ။

အခါကြီးရက်ကြီး နေ့ရက်ကာလများတွင် ဥပုသ်သီတင်းဆောက်တည်သူများကို ကျောင်းမှ အသက်သတ်လွတ်ဟင်းဖြင့် ထမင်းကျွေးလေ့ ရှိပါသည်။

ငမိုးရိပ်ချောင်းကို ဖြတ်ကူးရာတွင်လည်း ဥပုသ်သည်များကို (ရှင်တစ်ရာကျောင်းဆရာတော်၏ အစီအစဉ်ဖြင့်) ကူးတို့ခ အခမဲ့ စီးခွင့်ရသည်။

ရှင်တစ်ရာကျောင်း နေရာသည် မြွေ အလွန်ပေါများသလို ရှင်တစ်ရာ ဆရာတော်ကလည်း မြွေဆိုးများကို နိုင်နင်းသည်ဟု လူပြောများသည်။

***(ဆရာတော်ကား ပျံလွန်တော်မူခဲ့ပြီ။)***

ကျွန်တော်နှင့် တစ်အိမ်တည်း အတူနေသူ ယောက္ခမကြီးသည် ဝါတွင်းကာလတွင် ရှစ်တစ်ရာကျောင်းသို့သွားပြီး ရက်ရှည် ညအိပ် တရားစခန်းဝင်လေ့ ရှိသည်။

တရားစခန်းဝင်ဆဲတစ်ရက် နံနက်ခင်းပိုင်းအချိန်တွင် ဘုရားစင်မှ ဘုရားပန်းအိုး ရေလဲလှယ်ရန် အဖော်မိန်းမတစ်ဦးနှင့်အတူ ယောက္ခမကြီးက စီစဉ်ရာ ဘုရားစင်ပေါ်တွင် မမျှော်လင့်ဘဲ မြွေကို မြင်တွေ့လိုက်သဖြင့်...

'ဟဲ့...ဟဲ့...လာကြပါဦး။ မြွေ...မြွေ... ဘုရားပန်းအိုးကြားထဲမှာ ငန်းတော်ကျားမြွေ ဟဲ့၊ အဆိပ်သိပ်ပြင်းတယ်။ အကိုက်ခံလိုက်ရရင် မလွယ်ဘူးနော်၊ သတိထားကြ'

ဟု အော်ဟစ်ပြီး ပတ်ဝန်းကျင်ကို အကူအညီတောင်းသည်။

'ဟောတော့... ပြောရင်းဆိုရင်း မြွေက ဘယ်ပျောက်သလဲ မသိတော့ဘူး'

တစ်ဦးတည်းမဟုတ်၊ နှစ်ဦးတစ်ပြိုင်နက် မြင်ပါလျက် မြွေက မျက်စိအောက်မှာပင် ပျောက်ချင်းမလှ ပျောက်ကွယ်သွားသည်။ ဘုရားစင်သည် အုတ်ဖြင့် အခိုင်အခံ့ ဆောက်လုပ်ထားခြင်းဖြစ်ပြီး မြွေတစ်ကောင် ဝင်ထွက်နိုင်အောင် အပေါက်မရှိဟု ဆိုလေသည်။

ကုသိုလ်ရချင်၍ တရားစခန်းဝင်သော



www.burmeseclassic.com

www.burmeseclassic.com

ဝင်သူ ယောက်ျားမကြီးသည် ကိုးပါးသီလ စောင့်ထိန်းထားပြီး မဟုတ်မဟတ် အကြောင်းမဲ့ ထွင်၍ မုသာဝါဒ လိမ်ညာ ပြောဆိုနေခြင်းတော့ မဟုတ်တန်ရာပေ။

အမှန်တကယ် တွေ့ကြုံခဲ့ခြင်းသာ ဖြစ်နိုင်ပါသည်။



ဖြစ်စဉ်[၂]

တပ်ကြပ်ကြီးဂီလူးသည် တပ်မတော် (ရေ)တွင် တာဝန်ထမ်းဆောင်နေဆဲ စစ်မှုထမ်းတစ်ဦးဖြစ်သည်။ သူသည် တိုင်းရင်းသားတစ်မျိုး ဖြစ်သလို ဘာသာခြား ကိုးကွယ်သူလည်း ဖြစ်ပါသည်။

သူသည် စစ်မှုထမ်းဟောင်းတစ်ယောက်ဖြစ်သော ကျွန်တော့်အား ထူးထူးခြားခြား ခင်မင်မှုရှိကြောင်း သတိထားမိနေပါသည်။ သူနှင့် ကျွန်တော် လူချင်းဆုံမိတိုင်း စကားလက်ဆုံကျနေမြဲ ဖြစ်ပါသည်။

တပ်ကြပ်ကြီးဂီလူးသည် ရှင်တစ်ရာဘုန်းကြီးကျောင်း နံဘေးကပ်လျက် အုန်းခြံတစ်ခြံကို မိဘဘိုးဘွားပိုင်အဖြစ်မှ အမွေဆက်ခံခွင့် ရထားသည်။ များသောအားဖြင့် သူ၏ အုန်းခြံထဲကို ညပိုင်းမှာသာ သွားအိပ်လေ့ ရှိတတ်သည်။

ကျွန်တော် နေထိုင်သော ရပ်ကွက်ထဲတွင်လည်း သူပိုင် အိမ်တစ်လုံးရှိသေးသည်။ ထိုအချိန်က ဇနီးသေဆုံးပြီးနောက် သူ့သားနှင့် အတူနေထိုင်သည်။

တစ်နေ့ရုံးပိတ်ရက် နံနက်ပိုင်းတွင် အုန်းခြံရှိရာသို့ သားအဖနှစ်ယောက် အတူထွက်လာခဲ့ရာ အုန်းခြံသို့ ရောက်လုနီးနေရာတွင်…

'သား ဂဲ(ခဲ)တစ်လုံး မြန်မြန်ရှာစမ်းပါဟ၊ မနက်စာ ဟင်းစားရနေပြီကွ'

'ဘာကို တွေ့လို့လဲ အပါး(အဖေ)ရဲ့၊ ပြောဦးမှပေါ့ဗျ'

'ဟိုနားမှာ မြွေပွေးတစ်ကောင် တွေ့ထားတယ်ဟ၊ တို့သားအဖ နှစ်နပ်စာလောက် ရနိုင်တယ်။ ဟိုက်… သောက်ကျိုးနည်း မြွေက မတွေ့ရတော့ဘူး။ ရှင်းရှင်းလင်းလင်းကြီး ရှိနေတာကနေ ဘယ်ရောက်သွားလဲ မသိဘူး။ ပျောက်သွားပြီဟ'

ဖြစ်ရပ်သည် မျက်လှည့်ပမာ ဆန်းကြယ်လှပေသည်။

တပ်ကြပ်ကြီးဂီလူးသည် သူ့အတွေ့အကြုံကို ကျွန်တော့်အား စိတ်ပါလက်ပါ ပြောပြနေခြင်းဖြစ်သည်။

'ကျွန်တော် လိမ်ညာပြောနေတာ မဟုတ်ပါဘူး။ ဒီလိုပဲ မြွေကို မြင်တွေ့ပြီးမှ သတ်မလို လုပ်လိုက်ရင်း ပျောက်သွားလိုက်နဲ့ ခဏခဏ ကြုံရတယ်။ ဒီတစ်ခါ ထူးခြားတာက မြင်မြင်ထင်ထင် ရှင်းရှင်းကြီးမှာ ကြုံလိုက်ရတာ အံ့ရောဗျာ'

ကျွန်တော် ငယ်စဉ် ကျောင်းသားဘဝတုန်းက ကိုယ်ပျောက်ဝိဇ္ဇာ ပါဝင်သော နိုင်ငံခြားရုပ်ရှင်ဇာတ်ကားကို ကြည့်ရခဲ့ဖူးသည်။ စင်စစ် ထိုဇာတ်ကားသည် လက်တွေ့ဘဝတွင် လုံးဝ မဖြစ်နိုင်သော စိတ်ကူးယဉ် ရုပ်ရှင်ဇာတ်ကားသက်သက်သာ ဖြစ်ချေ၏။

ယခု လက်တွေ့ကြုံရသူများ အပြောအရ အချို့မြွေများသည် ကိုယ်ပျောက်ဝိဇ္ဇာမြွေများ ဖြစ်နေပြီလော။ အလွန်စဉ်းစားဖွယ်ရာကောင်းသော ပဟေဠိ ဖြစ်နေပါသည်။

မြွေကွင်းဆက် (ခေါ်)
မြွေကွင်းပိတ် အကြောင်း
ဆက်ပါမည်။

မြွေကွင်းဆက် လုပ်နေခြင်းကို လူတို့တွေ့ကြုံရန် ခဲယဉ်းလှခြင်း။ တွေ့ကြုံသော်မှ ဤဂမ္ဘီရနည်းလမ်းကို မသိရှိခြင်း။ သိရှိလျှင်လည်း အလွန်အဆိပ်ပြင်းထန်လှသော မြွေ၏ ကွင်းထဲသို့ လက်ထိုးထည့်ရန် မဝံ့ရဲခြင်းတို့ ကြောင့်ဖြစ်သည်။

ထိုအချိန်တွင် **"မြွေ၏အဆိပ်သည် အပြင်းထန်ဆုံး၊ အဆင့်မှာရှိသည်"**ဟု ဆိုသဖြင့် တစ်ချက်မှားလျှင် အသက်နှင့် ရင်းနှီးရမှာ သေချာပေသည်။

ထို့ကြောင့် အလွန် ဂမ္ဘီရဆန်စွာ မြွေကွင်းဆက်ဟူသော သဘာဝလွန် ဖြစ်ရပ်ကို တွေ့ကြုံခဲ့ရသည့်တိုင် မတော်လောဘနောက်သို့ မလိုက်ဘဲ သူတို့၏ ဂမ္ဘီရလောက သဘာဝတရားကို ပုံမှန်အတိုင်းသာ ဖြောင့်တန်းစွာ လည်ပတ်နိုင်အောင် မေတ္တာပို့ပေးခြင်းဖြင့် ယခုဘဝရော နောင်သံသရာပါ ကောင်းကျိုး ကျက်သရေမင်္ဂလာ ပြည့်စုံနိုင်ပါစေကြောင်းကို ဆရာဦးမင်းဇင်(ရွှေနဝင်း)နည်းတူ ဆန္ဒပြု လိုက်ပါသည်။

**စာကြွင်း။ ။ ရေတပ်စခန်း တစ်နေရာရောက် တပ်ကြပ်ကြီးဂီလူးသို့ အမှတ်တရ…။**

***သဗ္ဗေသတ္တာ ကမ္မဿကာ***

**အောင်ဆန်းလင်း(ဘီအေ)**



www.burmeseclassic.com

www.burmeseclassic.com




# ခေါင်တစ်ထမ်း

မယ်တာစ်ရွှက် (၁)

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်ထဲမှာ သနိဝချောင်းဆိုတာ ရှိတယ်။ အနောက်ရိုးမကို ချောင်းဖျားခံတယ်။ ရေဝေရေလဲ တောင်ကုန်းတောင်တန်းတွေက စီးကျတဲ့ ရေတွေ သနိဝချောင်းဖျားမှာစု။

သူ့ဘယ်ဘက် တောင်တန်းအသွယ်သွယ်က စီးကျတဲ့ ရေတွေလဲစု၊ အကြောင်းပြု ပေါင်းစုပြီး မြောက်ကနေ တောင်ကို စီးဆင်းတယ်။

ဗူးဖက်ရွာနဲ့ ရပ်သာရွာလောက်ရောက်ရင် ချောင်းပြင်က အကျယ်ကြီး။ ရေစစ်ချိန် မိုးအကုန် ဆောင်းအစ ကိုင်းမြေတွေကပေါ်ပြီ။

ကိုင်းထဲမှာ မြေပဲ၊ ပြောင်း၊ ခရမ်း၊ ခရမ်းချဉ်၊ ဘူး၊ သခွား၊ အာလူး၊ ငရုတ်၊ မုန်လာ၊ ပဲမျိုးစုံ စိုက်လို့ရသမျှ ဘာမှ မကျန်အောင် စိုက်ကြပျိုးကြတယ်။

သနိဝချောင်းဖျားမှာ မိုးကြီးပြီ... ချောင်းကျရေကလဲ ကြမ်းတမ်းပြီ။ အဲဒီလိုများ ချောင်းကျရေ ကြမ်းပြီဆိုရင် ချောင်းရေက ရေနီတွေ။ ဒိုက်သရောကအစ ဘာမှ မချန် ချောင်းရေက တိုက်စား။

ချောင်းဘေး ဝဲယာရွာတွေက တချို့ဆို အိုးပျက်အိမ်ပျက်။ တိုက်စားချက်ပြင်း...

သနိဝချောင်းဖျားမှာ သနိဝရွာလေးရှိတယ်။ ရွာကသေးသေး၊ အိမ်ခြေကနည်းနည်း။ တစ်အိမ်နဲ့တစ်အိမ် ခပ်ကျဲကျဲ။ ဒါပေမယ့် ရွာထဲကလမ်းဖြောင့်တန်း။

ဝမ်းစာအတွက် လက်လှုပ်မှ ငါးစပ်





www.burmeseclassic.com

www.burmeseclassic.com

လှုပ်ကြရ။ လက်လုပ်လက်စားနဲ့ တောင်သူလယ်သမားက အများစု။

အနောက်ရိုးမှာ အမဲလိုက်တဲ့ တောလိုက်မုဆိုးရှိတယ်။ ချောင်းရိုးဝဲယာမှာ ငါးရှာ၊ ဖားရှာ တံငါလေးတွေ ရှိတယ်။ လယ်ပိုင်၊ ချောင်းပိုင်တွေလဲ ရှိတယ်။

အသက်မွေးဝမ်းကျောင်း ကွဲပြားသလို မခွဲခြားပေမယ့် လူတန်းစားက ကွဲပြားနေတယ်။

ကိုဖိုးထိုက်နဲ့ မမယ်ဂုံတို့ကလဲ သနီဝ ရွာသားရွာသူတွေပေါ့။ သနီဝမှာမွေး၊ သနီဝမှာနေ၊ သနီဝမှာပဲ အခြေချ သေကြမယ့်သူတွေ။

ကိုဖိုးထိုက်ကို သူ့မိဘတွေက အဖိုးထိုက် အဖိုးတန် သားလှရတနာ တစ်ပါးရယ်လို့ **"မောင်ဖိုးထိုက်"**လို့ အမည်ပေး။

မမယ်ဂုံလေးကိုတော့ မျက်နှာလေးက ချစ်စရာ ခုံညင်းလေးနဲ့ တူပါဘိ။ သူ့မိဘက အသက်ပုံချစ်တဲ့ **"မမယ်ဂုံ"**။

ဖိုးထိုက်က တစ်မူထူးတဲ့ သူငယ်လေး။ ငယ်ရွယ်စဉ် ကလေးဘဝကတည်းက ဇာတိပြ။ ရွာဦးကျောင်းဆရာတော့် အဆုံးအမ ဦးထိပ်ထား။

အရွယ်ရောက်လို့ လူလားမြောက်လာတော့ သူများတကာလို ငါးမရှာ၊ ဖားမရှာ၊ ယုန်ထောင်၊ ကြောင်ထောင်၊ ချိုး,ခါမထောင်။ မသိ။ အမဲပစ်ဖို့တော့ ဝေး။ သူ့အဖေပေးတဲ့ပညာ နှီးဖြာ၊ ဝါးဖြာ၊ တောင်းရက်၊ ပလုံးရက်... အိမ်မှာရှိတဲ့...ရက်။

အိမ်မှာ မရှိတဲ့ရက် သနီဝချောင်းဖျားကိုတက်။ တောင်းရက်၊ ပလုံးရက်ဖို့ ဝါးခုတ်။ အလုပ်နဲ့လက်နဲ့ ဇယ်ဆက်မပြတ်...တရစပ်။

တစ်ခါတစ်ခါ လယ်သူရင်းငှား



အဖြစ်နဲ့ သူရင်းတိုင်အိမ်မှာဝင်တယ်။ တစ်မိုးတည်း သူရင်းငှားရင် စပါး (၂၀)။ မိုးနွေဆက်ပြီး သူရင်းငှားဝင်ရင် ကောက်ခြေတလင်းသိမ်းတဲ့ အထိ နေရတာဆိုတော့ စပါး(၄၀)ရတယ်။ ဝမ်းစာလဲထား၊ အသုံးများတာလဲ ပါတာပေါ့။

ရွာမှာတော့ မပြုမပြင် မခြယ်မသတဲ့ မမယ်ဂုံက အချောအလှ နံပါတ်(၁)။ ဒါပေမယ့် နံပါတ်(၁)ဖြစ်တော့ မလာ။ လက်လုပ်လက်စား မိဘနှစ်ပါးက သမီးအလှရတနာတစ်ပါးကို ရွှေတိုငွေစ မဆင်နိုင်ဘူး။

ဆံတောက်ကြီးဖားဖားမှာ အိမ်စိုက်ပန်းလေးပန်၊ မျက်နှာမှာ သနပ်ခါးရေကျဲလေးပွတ်၊ ဖွပ်လျှော်လို့ ကြေးကင်းစင် ဖြူလွလွ အင်္ကျီဟောင်း ထဘီဟောင်းလေးဝတ်။

ကျင့်ဝတ်မြဲ။ မနက်,ည ဘုရားရှိခိုးလို့။ ဆွမ်းတော် ပန်းတော် ရေချမ်းတော်ကပ်လို့။ ဘာသာတရားကိုင်းရှိုင်း။ ရှုလိုက်တိုင်း ယဉ်စစ သမီးအလှ မယ်ဂုံ၊ ကောက်စိုက်သမ စည်းခေါင်းဆောင်မယ်ဂုံ။

ဖိုးထိုက်တို့အိမ်က မယ်ဂုံတို့အိမ်နဲ့ (၃)အိမ်ကျော်။ မျက်နှာချင်းဆိုင်တန်း။ ဓားလွယ်ခုတ်လောက်မှာရှိတာ။ လယ်သူရင်းငှားနဲ့ ကောက်စိုက်သမ။

မိုးဖြိုင်ဖြိုင်ကျလို့ ကောက်စိုက်ကြပြီဆိုရင် ပျိုးစည်းထမ်းတဲ့ မောင်ဖိုးထိုက်၊ ကောက်စိုက် မမယ်ဂုံ မျက်နှာချင်းဆုံကြ၊ မြင်ကြ၊ တွေ့ကြ၊ စကြ၊ နောက်ကြ။

တစ်ရွာတည်းသူ တစ်ရွာတည်းသား တွေ့ပါမြင်ပါများတော့ ယဉ်ပါး။ ချစ်တတ်တဲ့ နှလုံးသား...နှစ်ပါးဂဟော။ ဘဝတစ်ခု လက်တွဲပြုဖို့အခြေ။

မိဘတွေကလဲ သဘောတူ။ ကြည်ကြည်ဖြူဖြူ ထိမ်းမြား။ ပုဆိုးတန်းတင် အကြင်လင်မယား။ ရွာဦးဘုန်းတော်ကြီးကျောင်းမှာ သင်အံလေ့ကျက်ခဲ့ရတဲ့ မယားကျင့်ဝတ်၊ လင့်ကျင့်ဝတ် မေတ္တာစစ်အချစ်နဲ့ ရန်ဖြစ်ဖို့များ မဆိုထားနဲ့။ စကားအရာတောင် တစ်ယောက်နဲ့တစ်ယောက် ကတောက်ကဆတ် အတင်အချမရှိ။

အကျင့်စိတ်ဓာတ် မြင့်မြတ်လို့ မရှိအတူ ရှိအတူ အေးအတူ ပူအမျှ အိမ်ထောင်ရေးသုခချမ်းသာ ကိုယ်စီကိုယ်င ခံစားကြ။

နှစ်ဖက်မိဘ ညိုကြ။ ဖိုးထိုက်က တစ်ဦးတည်းသောသား။ မိဘများက မခွဲနိုင်။ မမယ်ဂုံလေးခမျာ သျှောင်နောက်ဆံထုံးပါ အလိမ္မာအိမ်ပါ။ မိဘနဲ့ လဲတည့်။

သနီဝချောင်းဖျားက ဝါးတောကို ဖိုးထိုက် တက်တိုင်း တက်တိုင်း မနက်ဆို ရွာဦးကျောင်းက အုန်းမောင်း ခေါက်ရင်ထ။ တောတက်ဖို့ပြင်ဆင် မမယ်ဂုံ စီစဉ်ပေးလိုက်တဲ့ မနက်စာ ထမင်းထုပ်ကလေး လက်ကဆွဲ လက်စွဲတော် ဓားမကို ခါးမှာထိုး

www.burmeseclassic.com

ပုဆိုးစုတ်ကလေးကို ခေါင်းကစွပ်။ ကိုယ်အပေါ်ပိုင်းမှာခြုံ။ မိုးမှ မလင်းသေးဘူး လုပ်ငန်းစ။ နေဝင်မိုးချုပ်မှ အိမ်ဝကို ပြန်ဝင်။ နေ့စဉ်...နေ့စဉ်။

ခုတ်ပါများတော့ ဝါးကရှား။ ဝါးတောက ပါး...ပါးသွားတယ်။ ဝါးချောချောလိုချင်တဲ့ မောင်ဖိုးထိုက် ချောင်းဖျားအစဆီ တစ်စ တစ်စ တိုး။ တိုး...တိုး ခုတ်သွားလိုက်တာ တစ်နေ့တော့ ဝါးစခုတ်တဲ့ နေရာကနေ တောနက်ပိုင်းကို ရောက်သွားတယ်။

အဲဒီနေရာကို ဖိုးထိုက် တစ်ခါမျှ မရောက်ဖူးဘူး။ တောင်စောင်းက ခပ်ပြေပြေ ဆင်ခြေလျှော။ ခုတ်ပြီးသား ဝါးတွေ ပခုံးပေါ်ထမ်းပြီး ဆင်းလိုက်ရင် လျှောခနဲ တောင်ခြေကို ရောက်မယ့် အခြေအနေ။

တစ်ခဏ တွေပြီးစဉ်းစား ဝါးရဖို့ကတော့ အသေအချာ မြေမှာ ပေါက်ပြီးသား။ မရှား။

ဒီနှစ်ပေါက်တဲ့ဝါး ရှာရတာ ခက်တော့ အခက်သား။ ဝါးကလဲ မြောင်မှ။ နီးဖြာလို့လဲ ကောင်းမှ။ နုလွန်းလို့လဲ မဖြစ်။ ရင့်လွန်းရင်လဲ မဖြစ်။ သယ်ရပိုးရလဲ လွယ်ပါမှ။

ဖိုးထိုက် ဓားမလေး လက်ကကိုင်။ မယိုင်မလဲအောင် ကြိုးစား။ တောင်ကုန်းထိပ်ဖျားဆီ တက်သွားပြီ။

တောင်စွယ် တောင်ကုန်းထိပ်ကို ရောက်ခါနီး မော့ကြည့်လိုက်တော့

**ကျောက်ဖြူရုပ်ကြီး...**

ကျောက်ဖြူရုပ်ကြီး... ဟုတ်ပ။ မတ်တတ်ရပ်ကြီး။ ညာလက်ကို ဆန့်ထုတ် လက်ညှိုးညွှန်လို့။ ကျောက်ဖြူသားမှာ တချို့နေရာက ရေညှိတွေ အကွက်လိုက်...အကွက်လိုက်။

ဟိုတစ်ကွက်၊ ဒီတစ်ကွက် စိမ်းမြရောင်စို။ မြဟန်တော့မတူ။ နေပူရင်



ကွာကျ။ ကွာကျတဲ့နေရာက ကွာ။ တွန့်တဲ့နေရာက တွန့်။

ကြောက်ရွံ့ပြီး မောင်ဖိုးထိုက် နောက်ဆုတ်လိုက်တယ်။ လန့်လိုက်တာ။ ရင်တဒိတ်ဒိတ်နဲ့။ ကြောက်စိတ်ကြောင့် တုန်လှုပ်။ ကျောက်ရုပ်ကြီးကတော့ နေမြဲ၊ ရပ်မြဲ၊ လက်ညှိုးညွှန်မြဲ။ မျက်လုံးအစုံ အပြုံးသားနဲ့ ဖိုးထိုက်ကိုများ ကြည့်နေသလိုလို...

ဘုရားဂုဏ်တော် (၉)ပါးထဲက တစ်ပါးသော (အရဟံ) အဖန်ဖန် ရွတ်ဖတ်။ မတ်တတ်ကြီး...မေ့နေ။ အရဟံဂုဏ်တော်ကို ရွတ်လေ...စိတ်ငြိမ်လေ။ စိတ်ငြိမ်လေ... ရွတ်လေ။ ဘယ်လောက်ကြာနေပြီ မသိ။

အသိဝင်တော့ သေသေချာချာ ကြည့်။ ပီတိရုပ်သွင်ပေါ်လာ။ ပုဆိုးနဲ့... အင်္ကျီနဲ့...ခေါင်းပေါင်းနဲ့။ ဖိနပ်တော့ မပါ။ လူတစ်ရပ်သာသာအမြင့်။ (၄) တောင်ပြည့် ယောက်ျားကောင်းသဖွယ် တင့်တယ်လှပအောင် ထုထားတဲ့ အရုပ်။ ကျောက်ဖြူရုပ်။

မောင်ဖိုးထိုက် ကြောက်ကလဲ ကြောက်၊ မောကလဲမော။ မောမောနဲ့ ကျောက်ဖြူရုပ်ကြီး ခြေရင်းမှာ ထိုင်ချလိုက်တယ်။

အမောပြေတော့ ထမင်းထုပ်ကလေးကို ကျောက်ရုပ်ကြီးရဲ့ လက်ညှိုးညွှန် ညာဘက်လက်မှာ စွပ်လိုက်တယ်။ ပါးစပ်ကလဲ ပြောသေးတယ်။

'ကျောက်ရုပ်ကြီး... ကျုပ် ထမင်းထုပ်
ကလေး ခင်ဗျားကို အပ်ထား
ခဲ့မယ်ဗျာ။ ကျုပ် ဝါးသွားခုတ်ဦးမယ်။
ပြန်လာမှ ထမင်းစားမယ်'

ကျောက်ဖြူရုပ်ကြီး နောက်ဘက်ကို ဖိုးထိုက် ဝင်သွားလိုက်တော့ ဝါးတောပဲ။ ချောလိုက်တဲ့ဝါးတွေ။ ဝါးပေါတာကလဲ ကမ်းကုန်။

အစုံ အစုံ မြေမှာပေါက်။ ဝါးတစ်ရုံကို ရောက်...ငါးပင်လောက် ရွေးခုတ်။ (၂)ဆစ်စီ,(၃)ဆစ်စီဖြတ်။ ချပ်ချပ်ရပ်ရပ် စည်းနှောင်။ ဝါးစည်း(၂)စည်း ညီနှောင်။

ဝါးစည်း(၂)စည်းကို တောင်ပေါ်က နေလှိမ့်ချ။ ထမ်းပိုးအတွက် ဝါးတစ်ပင်ရဲ့ အလယ်သားအဆစ် (၅)ဆစ်လောက်ဖြတ်။ ထိပ်(၂)ဖက် သပ်။

သူ့ပါးစပ်က တောင်းဆိုနေပြီ။ ထမင်းဆာပြီ။ အူ တကြုတ်ကြုတ်မြည်။ ပြန်ပြီ...ပြန်ပြီ ကျောက်ဖြူရုပ်ကြီးဆီ။

ကျောက်ဖြူရုပ်ကြီး ညာဘက်လက်မှာ စွပ်ထားတဲ့ ထမင်းထုပ်ကလေးကို ဖြုတ် ဖြေစားတော့မည်။ ထမင်းမစားခင် ဖိုးထိုက်က ပြောတယ်...

'ကျောက်ရုပ်ကြီးရေ ကျုပ် ထမင်းစား
တော့မယ်။ လာ...စားပါဦး'

ကျောက်ဖြူရုပ်က တုတ်တုတ်မျှ မလှုပ်။

ဖိုးထိုက် လောဘတကြီးနဲ့ ဝါးတွေခုတ်နေလိုက်တာ နေကို မော့ကြည့်မိ။ ထမင်းစားပြီး ဗိုက်...လေး။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်ပြီ။ တရေးတမောအိပ်။ အိပ်ရာကနိုးတော့ နေတော်တော် စောင်းနေပါပကော။

ကသောကမျော အိပ်ရာကထ။ ထမ်းပိုးလေးကို မ။ ဓားမလေးကို ကိုင်။ ဝါးစည်းတွေရှိတဲ့နေရာ သွား။ တောင်ခြေကို မ…ရွှေ့၊ တွန်း…ချ။

ဝါး(၂)စည်းကို ထမ်းလို့ပိုးလို့ ရမယ့်နေရာ အရောက် ဝါးစည်း(၂)စည်း ကိုလှဲ့။ ထမ်းပိုးမှာ ချည်နှောင်။ မြဲအောင် တဲ။ လက်နဲ့ ဆွဲမကြည့်။ မြဲအောင် ထပ်ချည်။ ပခုံးပေါ်တင်ထမ်း။ ခြေလှမ်း စ။ မမယ်ဂုံရှိရာ သနီဝ။

တောတက်ပြီး ဝါးခုတ်တဲ့နေ့တိုင်း ကျောက်ဖြူရုပ်ကြီးရှိတဲ့ နေရာကို ဖိုးထိုက် ရောက်အောင်သွားတယ်။ ဝါးခုတ်တယ်။ ထမင်းထုပ်ကိုလဲ ကျောက်ဖြူရုပ်ကြီး ညာလက်မှာ အမြဲ ချိတ်တယ်။

လူတို့သဘာဝ ယဉ်ကျေးမှုအရ ထမင်းစားနေတုန်းများ တစ်စုံ တစ်ယောက်ကိုမြင်ရင် ''ထမင်းစား ပါဦး'' ခေါ်နေကျ။ ဖိုးထိုက်က အခုလဲ သူ့အနားမှာ သက်ရှိ လူတစ်ယောက် ရှိနေသလိုပဲ ခံစားရတယ်။

ဒါကြောင့် ထမင်းစားခါနီးတိုင်းပဲ ဖိုးထိုက်က ကျောက်ဖြူရုပ်ကြီးကို ထမင်းစားခေါ်တယ်။

ဖိုးထိုက် ကျောက်ဖြူရုပ်ကြီးကို တွေ့ပြီး (၂)လလောက်အကြာ တစ်နေ့မှာ ထမင်းစားခေါ်မြဲတိုင်း ထမင်းစား ခေါ်လိုက်တော့…

''**ယောက်ဖ**''ဆိုတဲ့ အသံကြီး ဖိုးထိုက် ကြားလိုက်ရတယ်။ ကျောက်ဖြူရုပ်ကြီးဆီက လာတာ။ ကျောက်ဖြူရုပ်ကြီးက ခေါ်တာ။

ဖိုးထိုက် ကြောက်လိုက်တာ။ ဆတ်ဆတ်တုန်။ ထခုန်မိမတတ်။ မယုံနိုင်စရာ။ အံ့လဲအံ့ဩ။ ငါးပိဖုတ်နဲ့ ထမင်းလုတ် လက်က ပြုတ်ကျသွားတယ်။

မော့ကြည့်လိုက်တော့ ကျောက်ဖြူရုပ်က မလှုပ်မရှား။ အသံသာကြားရ။ ဖိုးထိုက် ဘာမှ ပြန်မပြောနိုင်ဘူး။ နှုတ်က ဆွံ့…အ…နေ။ မေ့ပြီး အကြည့်…

''**ယောက်ဖ**''လို့ခေါ်တဲ့ အသံ ထပ်မံလို့ ကြားရပြန်တယ်။

ဖိုးထိုက် ကြောက်နေ၊ လန့်နေတဲ့ ကြားထဲက အသံကြီး တုန်တုန်ရီရီနဲ့ သူ့နှုတ်က ထွက်သွားတယ်။

'လာ ကျုပ်နဲ့အတူ ထမင်းစားပါဗျ၊ လာဗျ ဟော့လူ'

ဖိုးထိုက်အသံ မဆုံးမီ ကျောက်ဖြူ ရုပ်ကြီးက ရယ်တယ်။

'မင့်ထမင်းထုပ် ငါ မစားလောက်ဘူး။ မဝဘူး။ ငါ စားချင်တာ ဝအောင် ချက်ကျွေးမလား။ ဆန်တစ်ခွက်နဲ့ ကြက်တစ်ကောင်'

ခက်ချေပြီ။ ဖိုးထိုက် အခက်တွေ့ပြီ။ ဘယ်လို စကားပြန်ရပါ့။ မော့မကြည့်ဘူး။ လှုပ်တောင် မလှုပ်ဝံ့ဘူး။ ခေါင်းကြီးငုံ့လို့။ သူတို့မိသားစုက မရှိ နွမ်းပါး။ တစ်နေ့လုပ်မှ တစ်နေ့စား။ ဆင်းရဲသား…လေ။

ကျောက်ဖြူရုပ်ကြီးက စကား ဆက်တယ်။ ဖိုးထိုက်စိတ်ကို သိပုံရတယ်။

'မင့်ကို ငါ ငွေဒင်္ဂါး(၅)ပြား စေးသုံးပေးလိုက်မယ်။ မင့်မိန်းမ မယ်ဂုံကို ကြက်ဝယ်ပြီးချက်ခိုင်း။ မင်း ဝါးခုတ်တက်တဲ့ နောက် ရက် ချက်ဖြစ်အောင် ချက်ခဲ့။ ငါ နက်လိုက်မယ်'

တဲ့။

ပြောပြောဆိုဆို ငွေဒင်္ဂါး(၅)ပြား ဖိုးထိုက်ရှေ့ကို ကျလာတယ်။ ရတနာပုံ နေပြည်တော် ဒေါင်းတံဆိပ် မင်းတုန်း မင်းကြီးထုတ်တဲ့ ဒင်္ဂါး။ အဖွေးသား။ အညိုမသန်း။

ဘူးသီးကြော် တစ်ချပ်မှ တစ်ပြား။ မုန့်အိုးကင်းကပ် တစ်ချပ်မှ တစ်ပြား။ ပြား…ခေတ်။ ပဲ…ခေတ်။ နင့်နေအောင် တန်ဖိုးရှိတဲ့ ငွေဒင်္ဂါး(၅)ပြား။

ကြက်တစ်ကောင်နဲ့ ဆန်တစ်ခွက် ဌာန်ကုန်အောင် ချက်လိုက်စမ်း… (၁)ကျပ်တောင် မပြည့်တဲ့ခေတ်။ အဲဒီခေတ်မှာ ဖိုးထိုက် တွေးနေတာ အသပြာများလှချည့်။

'ဒီမှာတာ မင်းလုပ်ခဲ့။ အတွေးတွေ မပွား နဲ့။ နောက်လဲ ပေးသွားမှာ ချက်သာချက် ခဲ့ကွာ'

ကျောက်ဖြူရုပ်ကြီး စကားအဆုံး မှာ ဖိုးထိုက် ပါလာတဲ့ ပုဆိုးစုတ် အစွန်းတစ်ဖက်မှာ ငွေဒင်္ဂါး(၅)ပြားကို ထည့်ထုပ်လိုက်တယ်။ မိန်းမချည် (၂)ထုံး ချည်လိုက်တယ်။ ဝါးစည်းကို ထမ်း အိမ်အပြန်လမ်းကိုစ … စိတ်က တော့တွေး ငွေဒင်္ဂါး(၅)ပြားရဲ့ အရော

တဖြည်းဖြည်းနဲ့ ရွာခြေကပ်။ ဖိနပ် မပါတဲ့ ခြေဗလာနဲ့ အိမ်ကိုဝင်။ မယ် မျက်နှာလေးကိုမြင်။ မြင်မြင်ချင်း မယ်ဂုံလေး အပြေးလာ။ ဝါးစည်း



www.burmeseclassic.com

www.burmeseclassic.com

…မ။ မြေပြင်ချ။ ချွေးစလေးတွေကို သုတ်။ မောင်ဖိုးထိုက် အမောပြေဆေး ယမင်းရုပ်။

ညမိုးချုပ်လို့ အိပ်ရာဝင်ကြတော့ ဖိုးထိုက်က မယ်ဂုံကို အကြောင်းစုံ ပြောပြတယ်။

'မနက်ဖြန် သန်ဘက်ခါ နှီးဖြာ ပလုံးရက် တောင်းရက်မယ်။ ဖိန်းနွဲခါ တောတက် ဝါးခုတ်မယ်။ ကျောက်ဖြူရုပ်ကြီးမှာတာ ထမင်းချက်ပြုတ်။ သပ်သပ် တစ်ထုပ် ထုပ်။ လုပ်သွားမှဖြစ်မယ်။

ကုသိုလ်ရပါတယ်။ စားချင်နေတာ ကျွေးရမှာ။ ပေးလိုက်တဲ့ ငွေအသပြာကလဲရှိသေး။ လက်မနှေးနဲ့။ ကောင်းအောင်ချက်'

ဖိုးထိုက် တောမတက်ခင် တစ်ရက်ကြိုပြီး မယ်ဂုံက ကြက်တစ်ကောင် ဝယ်ချက်တယ်။ တောင်ပံရိုး၊ ခေါင်း၊ လည်ချောင်း၊ ခြေထောက်တွေကို သူတို့စား။ တောတက်မယ့် မနက် အင်ဖက်ကြီးကြီး(၂)ရွက် အောက်ကခံ ဆန်တစ်ခွက်ချက် ထမင်းထည့်။

ထမင်းပေါ်က ကြက်သားအသား တုံးတွေတင်။ ခြေကျင်ခရီး မယိုမဖိတ် ပြုတ်မကျအောင် ချည်နှောင်ထုပ်ပိုး ပေးလိုက်တယ်။

မောင်ဖိုးထိုက် ထမင်း(၂)ထုပ် လက်ကဆွဲ။ လက်စွဲတော် ဓားမ ခါးမှာ ထိုးလို့ ကျောက်ဖြူရုပ်ရှိရာ တောထဲဝင်ပြီ။ ရောက်တာနဲ့ ဖိုးထိုက်က ထမင်း(၂)ထုပ်ကို ကျောက်ဖြူရုပ် ညာလက်မှာစွပ်ပြီး…

'မင်းမှာတဲ့ ထမင်း ကြက်သားဟင်းနဲ့ ပါလာပြီ။ ဆာပြီဆိုစားနှင့်။ ငါ့ကို မစောင့်နဲ့။ ငါ ဝါးသွားခုတ်ဦးမယ်'

ဖိုးထိုက် ဝါးခုတ်ပြီး ဝါးတွေ စည်းနှောင်။ နိုင်အောင်ချည်။ မြေမညီတဲ့ တောင်အဆင်းလမ်း ဝါးတစ်စည်း ထမ်းပြီးကျောက်ဖြူရုပ်ကြီးဆီပြန်လာတယ်၊

ဝါးစည်းကိုချ။ ထမင်းထုပ်တွေ ကြည့်လိုက်တော့ တစ်ထုပ်တည်း တွေ့ရ။ သူ့အတွက်သာကျန်။ ကျန် တစ်ထုပ် မတွေ့ရ။ ကျောက်ဖြူရုပ်ကြီး က စားပြီးနေပြီ။ ထမင်းထုပ်တဲ့ အင်ဖက်တောင် မတွေ့ရ။ ဘယ်များ သွားပစ်လိုက်ပါလိမ့်။

ရှေ့လ ဆက်ဖတ်ပါရန်

ရွှေတောင် ကြည်မောင်အေး



◆ သစ်တိုသီးအိုးစိမ်

# သစ်တိုသီးအိုးစိမ်

အနံ့မဆိုးအောင်

'မမာအေး ပေးလိုက်တဲ့ သစ်တိုသီးအိုးစိမ်က ဆားလဲပေါ့ပြီး ပုပ်ဟောင်တဲ့ အနံ့ဆိုးလဲ မရှိဘူး။ ကောက်ဦးပေါ်စ မုန့်ဆန်းအနံ့လို သင်းသင်းကလေးကွယ့်။ ပုစွန်ခြောက်ကလေးနဲ့ငရုတ်၊ ကြက်သွန်ဆီသတ်ပြီး ကြော်စားလိုက်တာ နင့်အစ်ကိုကြီးက ခံတွင်းတွေ့လို့တဲ့'

'လိုချင်ရင် ထပ်ယူသွားလေ၊ ကျွန်မမှာ အများကြီးရှိသေးတယ်'

'နင့်စိတ်ကို ငါသိပါတယ်။ ဒါပေမယ့် ခြံထဲမှာလဲ သစ်တိုပင်တွေ အများကြီး။ အသီးပေါ်ချိန်ဆိုရင် ကြွေပုပ်ပြီး အလဟဿဖြစ်နေတာ။ ဘယ်လိုလုပ်သလဲ ပြောပြပါဦး'

'သစ်တိုသီးကို ဓားနဲ့ စိတ်ပေါက်ပြီးရင် ချက်ချင်း ဆားရည်မြုပ်အောင် စိမ်ထားရတယ်။ တစ်နာရီလောက်ကြာမှ ဆယ်ယူပြီး လေလုံဘူးထဲ ထည့်ထားရုံပါပဲ။ ရေထည့်စရာ မလိုဘူး။ သူ့ဟာသာ ထွက်လာတာ။

စားတဲ့အခါ လိုသလောက် ဆယ်၊ ခပ်ယူပြီး သိပ်ချဉ်တာ မကြိုက်ရင် အရည်များများ ညှစ်ပစ်ပေါ့။ ကြော်စားသုပ်စား ခံတွင်းမြိန်စေ တဲ့ အရန်ဟင်းတစ်ခွက်ရတာပေါ့ အစ်မကြီးရယ်'


**(သစ်တိုသီးသည် မွေး၍ ပြန့်ပွားတတ်သောရောဂါများကို ထိန်းချုပ်ပေးသည်။ အူကို တွန့်ရှုံ့စေသည်ဟု အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန် တတိယတွဲ စာ–၄၉၇ ၌ ဖော်ပြထား၏။)**

မဖြူ



www.burmeseclassic.com

www.burmeseclassic.com



ရဲညွှန့်သူ (ဗောဓိမြိုင်)
(ခေတ္တ–သစ်တစ်ပင်စခန်း)

ဘိုးတော်သိန်း ပြောပြခဲ့သော ပညာသည်အမျိုးသမီးကြီးနှင့်

# စက်မြတ်နှည်းပညာ

လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော် တိတိကျကျ ဆိုရပါလျှင် မြန်မာသက္ကရာဇ် ၁၃၃၅ ခုနှစ်ကာလလောက်က ဖြစ်ပါသည်။

မိဘနှစ်ပါးမှာ ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ တပည့်သာဝကများ ဖြစ်သည့်အလျောက် ကုန်းသတ္တဝါတို့၏ အသက်သွေးသားတို့အား ရာသက်ပန် လှူဒါန်းကြပြီး နှစ်စဉ် နွေရာသီအားလပ်ရက် စေတော်ဝင် ရွှေပေါ်ကျွန်းသို့ ရောက်မြဲဖြစ်ပါသည်။

'မောင်မြင့်တို့ ဒိုက်ဦးဘက် ရောက်ကြသေးလား'

'မရောက်ဖြစ်ကြပါဘူး အဘရယ်'

အဘသိန်းဆိုသူက ရွှေပေါ်ကျွန်းဆရာတော်ကြီးနှင့်အတူ ပါရမီဖြည့်

သာသနာပြုဓော်
ပိတ်ဖြူစင်ကြယ်
ဝတ် လူသူတော်
ဦးသိန်း ဖြစ်ပါသည်
ရွှေပေါ်ကျွန်း ဆရာတော်ကြီး
ယခင် ရဟန်းဝတ်သည်
အကြောင်းပြု
ဦးပဥ္စင်းသိန်းဟုခေါ်ဆို၍ တ
ဝေနေယျများကမူ ဘိုးတော်သိ
ဟု ခေါ်ဆိုကြပါသည်
အဘသိန်း
ပဲခူးတိုင်းဒေသကြီး
ဒိုက်ဦးမြို့နယ်၊ ကုန်းဝိုင်းကြီး
ဇာတိ ဖြစ်ပါသည်
အသက်(၃၅)နှစ်အရွယ်
ရွှေပေါ်ကျွန်းဆရာတော်ကြီး
အတူ တပည့်ရင်းအ
လိုက်ပါနေထိုင်ခဲ့
ဖြစ်ပါသည်
ဆေး
ကျွမ်းကျင်တတ်မြော
သည်ဟု ဆိုပါသ
ထူးထူးခြားခြား အဘ
ပြောပြခဲ့သည့် စကာ
ဗဟုသုတရဖွယ် ဖြစ်တော
'စုန်းဆိုတာ မောင်မြင့်တို့ ကြ
လား'

'ကြားဖူးပါတယ် အဘ'

'ဟိုမှာ မြင်နေရတဲ့ အမျိုးသ
အရင်က ပညာသည်လို့ခေါ်တဲ့
ကြီးပေါ့'

အဘသိန်း ညွှန်ပြ၍ ခပ်လှမ်း
တွင် ဘုရားညောင်ရေအိုးကို လှ
သည့် အမျိုးသမီးကြီးအား ကြည့်
မိ၏။ စုန်းဆိုသော စကားအား
ဘဝကပင် ကြားဖူးခဲ့သော်လည်း
ဆုံခဲ့ဖူးခြင်း မရှိခဲ့ပါ။

ထိုအမျိုးသမီးကြီးမှာ အ



www.burmeseclassic.com

www.burmeseclassic.com

ငါးဆယ်အရွယ် ဥပဓိရုပ်ကောင်းမွန်ပြီး အသားဖြူပါသည်။ ကျွန်တော့်အား အဘသိန်း တစ်စုံတစ်ခု ပြောလိုဟန် ရှိကြောင်း စိတ်တွင် ထင်မိပါသည်။

'မောင်မြင့်တိုး စာရေးတာ ဝါသနာ ပါတယ်ဆိုတော့ စုန်းဆိုတဲ့ ပညာသည့် အကြောင်း ဗဟုသုတ ပြောပြမယ်။ စိတ်ဝင်စားလား'

'ဟုတ်ကဲ့ပါ အဘ စိတ်ဝင်စားပါ တယ်'

'ဒီလိုကွယ့် အမျိုးသမီးကြီးဟာ စေတော်ဝင်ကျောင်း ရွှေပေါ်ကျွန်းကို ယောနယ်ဘက်က ရောက်လာခဲ့တာ။ သဘောကောင်း မနောကောင်းလဲ ရှိတာ အမှန်ပဲကွယ့်။ သူ့ရဲ့အကြောင်း ကို ရိုးရိုးသားသား ဝန်ခံပြောပြခဲ့တာ စိတ်ဝင်စားစရာပဲ မောင်မြင့်တိုး'

'ဘယ်လိုတွေလဲ အဘ'

'အဲဒီအမျိုးသမီးကြီးဟာ အသက် သုံးဆယ်မှာ အိမ်ထောင်ကျပြီး သစ်လုပ်ငန်း လုပ်ကိုင်ကြတယ်တဲ့။ သူ့ကိုယ်သူ စိတ်ဖျက်စရာနဲ့ ကြုံလာရ တာက သင်ယူတာမျိုး မဟုတ်ဘဲ အလိုလို ပါလာခဲ့တဲ့ စုန်းပညာကြောင့် ပဲ။

ဘယ်လိုတွေဖြစ်ခဲ့လဲဆိုတော့ သူနဲ့ နေ့ခင်းမှာ လုပ်ငန်းအကြောင်းကိစ္စနဲ့ ပတ်သက်တဲ့ ယောကျ်ား၊ မိန်းမတွေ ဆီ ညဘက်ဆို သူ့ရဲ့ မသိစိတ်က ရောက်သွားတတ်တာကို သတိပြုမိ တယ်ဆိုပဲ။

အဲဒီမှာမှ လုပ်ငန်းကိစ္စ လုပ်ကိုင် ပြောဆိုကြရင်း အဆင်ပြေတာမျိုး၊ အဆင်မပြေတာတွေမျိုး ကြုံရပြီး ချစ်လို့တစ်နည်း၊ မုန်းလို့တစ်ဖုံ ဘယ် လိုပဲဖြစ်ဖြစ် စိတ်စွဲတဲ့လူဆီ ညဆို စိတ်ရောက်ပြီး ဒုက္ခပေးတော့တာပဲ'

'စိတ်စွဲလမ်းလွန်းလို့လား အဘ'



'မဟုတ်ဘူး သူ့ရဲ့ မသိစိတ် ညအချိန် ရောက်သွားခြင်း ခံရတဲ့သူ တွေဟာ နောက်တစ်နေ့မှာ မကြည် မလင်နဲ့ စုန်းပြုစားခံရသလို ဖြစ်ရ တယ်ဆိုတဲ့သတင်း သူကိုယ်တိုင် ပြန်ကြားရတယ်လို့ပြောတယ်။

သူ ထပ်ပြီး ဝန်ခံပြောပြတာက...

"စမ်းသပ်ကြည့်တယ် အဘတဲ့။ အသိ စိတ်ရှိရှိ မကောင်းမှုလုပ်လိုက်ပေမယ့် အချို့လူပုဂ္ဂိုလ်တွေက ဘာမှ မဖြစ်ဘူး။ အချို့ လူတွေကျတော့ ပညာနဲ့ ပြုစားခံရ တယ်ဆိုပြီး ဟိုဆရာ၊ ဒီဆရာတွေဆီ ရောက်ကြတယ်။ ကိုယ်တိုင် ပြန်ပြီး တုံ့ပြန် ဒဏ်ခံရခဲ့တယ် အဘ"

တဲ့။ နောက်ပိုင်း ငါ့ဟာငါ စုန်းပညာ သည်ဖြစ်မှန်း သိလာသလို ပတ်ဝန်း ကျင်ကပါ ရိပ်မိလာတယ်လို့ ဆိုတယ် ကွယ့်'

'အဲလိုကြီး ဖြစ်နေတော့ ဘာ ဆက်လုပ်တယ်တဲ့လဲ အဘ'

'အဘပြောပြမယ်။ ဒီအမျိုးသမီး ဟာ သိစိတ်မှာ စိတ်ကောင်းရှိတယ်။ သဘောကောင်းတယ်။ ဘုရား၊ တရား၊ သံဃာကို ကြည်ညိုသူပဲကွယ့်။

ညညကျရင် မသိစိတ်က စိတ်စွဲ လမ်းတဲ့ လူယောကျ်ား၊ မိန်းမတွေဆီ ရောက်ပြီး မကောင်းတဲ့ စိတ်တွေ ဖြစ်လာတော့တာမို့ သူ့ကိုယ်သူ စိတ် ပျက်ပြီး မကောင်းတဲ့ ဝမ်းတွင်းပါ အကျင့်ဆိုးကို မလိုလားဘဲ ရှိရှာနေ တယ်လို့ ဆိုပါတယ်'

'ဒီလိုနဲ့ ရွှေပေါ်ကျွန်းကို ရောက်ခဲ့ တာပေါ့'

'ဟုတ်တယ်၊ ဆရာတော်ကြီး ဂုဏ်သတင်းက မြန်မာတစ်နိုင်ငံလုံး ပျံ့နှံ့နေတာကိုး။ ရွှေပေါ်ကျွန်း စေတော် ဝင်ကျောင်း ဓမ္မသာလမှာ ဆရာတော် ကြီးကို ဖူးခွင့်ရတာနဲ့ ခြေတော်ရင်းကို ဦးခိုက်ပြီး လျှောက်ထားက...

"တပည့်တော်မ မကောင်းတဲ့ စိတ်တွေ၊ မကောင်းတဲ့ပညာတွေ စွန့်လွှတ်ချင်လှပါ တယ်ဘုရား"

လို့ ငိုပြီးလျှောက်တယ်။ ပြီးတော့ **"သူ့ကို ကယ်ပါဦးဘုရား"**တဲ့'

'ရွှေပေါ်ကျွန်း ဆရာတော်ကြီးက ဘာမိန့်လဲ အဘ'

'အဘသိတာကတော့ ဆရာတော် ကြီးက ဘာမှ မမိန့်ဘူး။ ဦးပဥ္စင်းသိန်း ကိုခေါ် ဆိုတာနဲ့ အဘကို လာခေါ် တော့တာ။ အဘ ဓမ္မသာလဆောင်ကို ရောက်တော့ ဆရာတော်ကြီးက မိန့် တယ်။

"အကာမကြီးကို အကျွတ်အလွတ်ဘက် မှာ နေရာချပေးလိုက်၊ စိတ်ချမ်းသာစွာ နေပါစေ ဦးပဥ္စင်းသိန်း"

တဲ့။ ပြီးမှ ကျုပ်ခိုင်းတာ လုပ်ပေး လိုက်လို့ မိန့်တယ်။ အဲဒါနဲ့ အဘလဲ အကျွတ်အလွတ်ဘက်မှာ နေတဲ့ ယောဂီအမျိုးသမီးကြီးဆီ ပို့ပေးခဲ့တာ ပေါ့'

'ဆရာတော်ကြီးကတော့ သိနေ မှာပေါ့ အဘ'

www.burmeseclassic.com

'မသိဘဲ ဘယ်နေမလဲ မောင်မြင့်တိုး။ ရွှေပေါ်ကျွန်းဆရာတော်ကြီးဟာ တော်တော်ကြီးကို အသိထူးတွေ ရှိတယ်ဆိုတာ ယုံ။ နောက်မှ ဆရာတော်ကြီး မိန့်တာက တဝစေတီတော်ကြီး ဂြိုဟ်တိုင်တွေမှာ ဟောင်းနွမ်းနေပြီဖြစ်တဲ့ စိတ်ပုတီးတစ်ကုံးကိုရှာ။

သုံးလို့ မကောင်းတော့တဲ့ ပုတီးလုံးတွေကို ဖြုတ်ပြီး ညောင်ပင်အောက်မှာ သွားလို့ စွန့်ခိုင်းတယ်။ ပုတီးသီတဲ့ကြိုးကိုပဲယူပြီး ရေနဲ့ပြောင်အောင် သန့်စင်ခိုင်းတယ်'

'ကြိုးကို ဘာလုပ်တာလဲ အဘ'

'ပုတီးကြိုးကိုယူတဲ့ အဓိပ္ပါယ်ကို နောက်မှ အဘ သဘောပေါက်တော့တယ်။ အဲဒီပုတီးကြိုးဟာ မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေ၊ ဂုဏ်တော်တွေကို လူအများ အာရုံထားပြီး အကြိမ်ကြိမ် ပွားများထားလို့ အစွမ်းအာနိသင်ကြီးနေတဲ့ ကြိုးလို့မိန့်တယ်။

ထူးခြားစွာ အဘကို မိန့်တာက တော့…

"ဦးပဉ္စင်းသိန်း တစ်သက်တာမှတ်ပါ။ စက်ကြိုးပျက်ရန် ဆေးအမှန်ဟာ ဒုတ္တာပဲ" လို့ ခပ်ဆန်းဆန်းမိန့်တယ်။ ဆရာတော်ကြီး အဲလိုမိန့်တော့ အဘလဲ **"ပုတီးကြိုးနဲ့ ဒုတ္တာ ဘာဆက်လုပ်ရမလဲ ဘုရား"**လို့ လျှောက်တာပေါ့။

ဆရာတော်ကြီး သင်ပြစေခိုင်းခဲ့တာက သင်္ကန်းစနဲ့ ရှုံ့အိတ်ကလေး တစ်ခု ချုပ်ပြီး ဒုတ္တာ(၂)ကျပ်သားထည့် ကြိုးနဲ့ လည်ပင်းမှာ ဆွဲခိုင်းနိုင်အောင် စီမံစေတာ။ အဘကိုလဲ အဲဒီ ပညာသည် အမျိုးသမီးကြီး စက်ဖြတ်တာကို အကြောင်းပြုလို့ ဘုရားရှင်ထံ သစ္စာဆို၊ ဂုဏ်တော်(၁၀၀၀)ပွားတဲ့ **"ခင်ဗျား ပညာသည်ကြိုးပျက်အောင် ဖြတ်ပေးလိုက် ဦးပဉ္စင်းသိန်း"** လို့ မိန့်ပြီး အဘကိုပါ ပညာသင်ပေးသွားခဲ့တယ်'

'အဘ ဆရာတော်ကြီး ခိုင်းတဲ့အတိုင်း လုပ်ပေးလိုက်လား'

'လုပ်ပေးခဲ့တာပေါ့ မောင်မြင့်တိုး၊ အဲဒီအမျိုးသမီးကြီးကို **"ဗုဒ္ဓေါ မောစေယျံ"**ဆိုတာကိုပဲ နေ့ညမပြတ် ပွားများခိုင်းခဲ့တယ်။ ထူးခြားတာက ပညာသည်အမျိုးသမီးကြီး တစ်ပတ်လောက် အိပ်မပျော်ခဲ့ဘူးဆိုပဲ။ နောက်ဆုံးတော့ သူ့ရဲ့ မကောင်းတဲ့ ပညာသည်စက် အပြီးတိုင် ပျက်သွားခဲ့တယ်။

ပညာသည် စုန်းမဘဝကနေ လမ်းကြောင်းမှန်ပေါ်ရောက်ပြီး သူတော်ကောင်းဓာတ် ကိန်းဝင်ခဲ့တာကြောင့် ရွှေပေါ်ကျွန်းဆရာတော်ကြီးရဲ့ တပည့်ရင်း ဒကာမကြီး ဖြစ်ခဲ့တယ်ဆိုတာ စာရေးလို့ရအောင် ဗဟုသုတ ပြောပြလိုက်တာပါပဲကွယ်'

အထက်ပါ အကြောင်းလေးများ **ရွှေပေါ်ကျွန်းဆရာတော်ကြီးနှင့် …ပေါင်းများစွာ အတူနေထိုင်ခဲ့သူ … တိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် … ကုန်းပိုင်းကြီးရွာဇာတိ အဘသိန်း**… ပြောပြခဲ့ဖူးသည့် ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်သာ ဖြစ်ပါတော့သည်။

***ရွှေပေါ်ကျွန်း သာသနာ့မြေအ…တရ…***

ရဲမျိုးသူ(*မော်ဓိမြိုင်*)
(ခေတ္တ–သစ်တစ်ပင်စခန်း)


## နက္ခတ္တရောင်ခြည်စာအုပ်တို…ကပါ စာအုပ်များ ရရှိနိုင်ပါပြီ

BURMESE CLASSIC

၁။ **ဆေးမြီးတိုရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၃၉)ထိ] ၂။ **အင်္ဂါရတ်ရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၂၁)ထိ] ၃။ **တိုင်းရင်းဆေးသမားတော်များ၊ ဆေးဆရာများနှင့် တွေ့ဆုံခြင်း** [အမှတ် (၁)မှ အမှတ်(၁၆)ထိ] ၄။ **အံ့ဖွယ်ထူးခြား ဂမုန်းများ** [အမှတ်(၁)မှ အမှတ်(၁၀)ထိ] ၅။ **ယတြာရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၈)ထိ] ၆။ **ကျင့်စဉ်ရောင်ခြည်**[အမှတ် (၁)မှ အမှတ်(…)ထိ]
၇။ **ဂါထာမန္တန်ရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၉)ထိ] ၈။ **ပရလောကနှင့်အံ့ဖွယ်ထူးခြားဖြစ်ရပ်ဆန်းများ**[အမှတ် (၁)မှအမှတ်(…)ထိ]
၉။ **ပါရမီဘာသာရေးရာ အဖြေလွှာ** (ဆရာကြီး ဦးစံတင့်–စတုနိကာယ ကောဝိဒ) [အမှတ် (၁)မှ အမှတ်(၄)ထိ]
၁၀။ **တိရစ္ဆာန်ရောဂါကုဆေးနည်းနှင့် ဆေးမြီးတိုများ** [အမှတ် (၁)မှ အမှတ်(၅)ထိ]
၁၁။ **လက်တွေ့သီးပင်ပွင့်ပင် စိုက်ပျိုးနည်းများ** [အမှတ် (၁)မှ အမှတ်(၆)ထိ]

**မှတ်ချက်။ ။ တစ်အုပ်လျှင် စာမျက်နှာ (၁၆၀)စီ ပါပါသည်။ တစ်အုပ်လျှင် (၆၀၀)ကျပ် ဖြစ်ပါသည်။**
**စာတိုက်မှ မှာကြားလိုပါက ပို့ခ (၂၀၀)ကျပ် ကျပါမည်။ ငွေပေးချေးယူရပါမည်။**
**အမှန်တကယ် ရယူလိုသူများ အောက်ပါလိပ်စာအတိုင်း မှာကြားနိုင်ပါသည်။**

**ဆယ်သွယ်မှာကြားရန်လိပ်စာ**
**နက္ခတ္တရောင်ခြည်စာအုပ်တိုက်**
အမှတ်(၂၀၉–မြေညီ)၊ ၂၉–လမ်း(အထက်)၊ ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁–…




www.burmeseclassic.com